THOE SAUNG

# သိုးဆောင်း



# အကြင်သူသည်

"ဒီဘဝဒီခန္ဓာ ရပြီးတဲ့ နောက် ကျွန်မမှာ ဖြစ်ချင်တဲ့ ဆန္ဒ တစ်ခုပဲရှိတော့တယ် ....၊ ကျွန်မရဲ့ လုပ်အားစစ်စစ်နဲ့ တစ်ရာ့ရှစ်တောင် ဉာဏ်တော်အမြင့်ရှိတဲ့ စေတီကြီးတစ်ဆူ တည်ချင်တယ် ...၊ စေတီတော်ကို ထီးတော်တင် ရေစက်ချပြီးချိန်မှာ ဘဝအဆက်ဆက်က ကျွန်မနောက် ကပ်ငြိလိုက် ပါလာတဲ့ အထုံပါရမီ ဝဋ်ကြွေးအားလုံး ဒီဘဝ ဒီမျှနဲ့ သာ ကျေပါစေတော့ရယ်လို့ တစ်ရာ့ရှစ်ကြိမ်တိတိ ဆုတောင်းချင်မိတယ် ...."

"အင်း ...."

"အဲဒီရည်ရွယ်ချက် ပြည့်ဖို့ အတွက်လည်း ကြုံလာသမျှ ဒုက္ခအားလုံးကို ရင်စည်းခံဖို့ ကျွန်မဆုံးဖြတ်ထားပါတယ်... ..."

"ဆုတောင်းပြီးရင် ဘာဆက်လုပ်မှာ လဲ ...."

"အဟင်း ....ဆုတောင်းပြီးရင် ပြီးပြီပေါ့ ...."

*****

"အဲ့လောက်လည်း မွန်းကျပ်ခံစားမနေပါနဲ့ ယမင်းသူဇာ ....၊ မင်းလို ပါရမီမျိုးက ကမ္ဘာလောကက အမျိုးသမီး အယောက်တစ်သောင်း အကြိမ်တစ်သောင်း ဆုတောင်းလည်း ပြည့်တတ်မှာ မဟုတ်တဲ့ ပါရမီမျိုးပါ ...."

"အင်း…ကျွန်မကတော့ ဆုတောင်းမှားခဲ့တယ် ထင်တာပါပဲ"

*****

# အပိုင်း(၁)

၁

အလွန်တရာမှ အေးချမ်းတိတ်ဆိတ်လှသော မနက်ခင်းလေးတစ်ခု ဖြစ်ပါသည် ။ တောင်ကုန်းလေးတစ်ခုပေါ်သို့ မနက်ခင်း လင်းရောင်ခြည် နွေးနွေးက ပြေပြေလေး ထိုးကျပေးနေသည် ။ တောရိပ်တောင်ရိ ပ်နှင့် သစ်ကြီးဝါးကြီး ပေါရာအရပ်မို့ ဘာသာဘာဝ တွန်ကျူးနေကြသော ငှက်သာရကာတို့ ၏ နှုတ်ခွန်းဆက် တေးသီသံများကိုလည်း ဟိုမှ သည်းမှ ကြားနေရသည် ။

ကွေ့ကောက်သော လမ်းလေးမှ တစ်ဆင့် တောင်ကုန်းလေး တစ်ခုပေါ်သို့ လူငါးဦး တရွေ့ရွေ့ တက်လှမ်းနေသည် ။ တကယ်တော့ လမ်းဟု ပင် ပြောရန်ခက်သော လူသွားလမ်းလေး တစ်ခုပါ။ နှင်းရည်လူးနေသော အမို ကြ်သရိုက်များ ၊ ချုံနွယ်ပိတ်ပေါင်းများ ၊ သတိထား သွားလာနေရသည့် မြေသားချိုင့်ခွက်များကို ကြည့်ခြင်းအားဖြင့် လူသူအရောက်အပေါက် နည်းမှန်း သိသာ

ပွန်းလှပါ၏။

ဦးဆောင်သူက အသက်(၅၀)အရွယ် လူကြီးတစ်ဦး၊ အပြင်အဆင် အရပ်အမောင်းအရ ဒေသခံတစ်ဦးဖြစ်မှန်း ငြင်းဖွယ်မရှိ၊ နောက်မှ လေးဦးမှာ တော့ အနည်းငယ် ထူးခြားပါသည် ။

အသားအရေနှင့် ဝတ်စားပုံများ အရ ဒေသခံမဟုတ်တာတော့ သေချာသည် ။ ပြီးတော့ ခရီးဆောင်အိတ် ကိုယ်စီကို ကျောမှာ ပိုးထားသည့်အပြင် ရှေ့မှ လျှောက်နေသူ နှစ်ဦးမှာ ကင်မရာများကိုပင် လည်မှာ ဆွဲထားသေးသည် ။ ပုံစံများ အရ ခရီးသွားများ လိုလို (သို့) လေ့လာရေး ထွက်လာသော ကျောင်းသားများ လိုလို၊ ပို၍ ထူးခြားသည်က လေးဦးအနက် သုံးဦးမှာ ယောကျ်ားလေးဖြစ်ပြီး ကျန်တစ်ဦးမှာ မိန်းကလေးဖြစ်နေခြင်းပင်။

မနက်ခင်းပင် ဖြစ်သော်လည်း ယောကျ်ားလေးများ နှင့် ရင်ပေါင်တန်း လျှောက်လှမ်းနေရသည် မို့ မိန်းကလေးမှာ အနည်းငယ် ပင်ပန်းနေပုံရသည် ။

တောင်ပတ်လမ်းလေးအတိုင်း ငါးဦးသား တက်လာရင်းမှ ကွမ်းတစ်ယာညက်လောက် ကြာတော့ ....

ရှေ့မှ ဦးဆောင်လျှောက်လှမ်းနေသူ လူကြီးမှာ ခြေစုံကို ရပ်ပစ်လိုက်သည် ။ ပြီးတော့ ရှေ့တူရူကို လက်ညှိုးထိုးကာ တစ်ခွန်းဆိုသည် ။

"ဝေဠုဝတီ မင်းသမီးရဲ့ စံနန်းဆောင်ဆိုတာ ဟောဒါပဲ"

ကင်မရာလွယ်ထားသော ဖြူဖြူသွယ်သွယ် လူငယ်လေးမှာ ရှေ့သို့ အမြန်တိုးထွက် လာပြီး ညွှန်ပြရာကို ဂရုထားကြည့်လိုက်၏။

ဩသြ် ...."

ရင်သပ်ရှုမောဖွယ် ကောင်းလေစွ၊ သက္ကရာဇ်တို့ တိုက်စားဝါးမျိုမှုကြောင့် စံနန်းဆောင်က ဟောင်းနွမ်းပျက်စီးကာ နေချေပြီ။ သို့သော် ...သူ၏ ပုံသဏ္ဍာန်နှင့် ထုထည်မှာ မပျောက်ပျက်သေး၊ အိုမင်းမစွမ်း ဖြစ်နေသည့် ကြားမှ ပင် အလှတရားက ကျန်နေသေးသည် ။ ရှေးကျသည် ဆိုတာထက် ကြည့်နေရင်းနဲ့ အလိုလို လွမ်းမောလာရသည့် တည်ဆောက်မှုမျိုးပါ။

"တော်တော်ကြီးကို အိုဟောင်းနေပြီပဲ၊ သူ့သက်တမ်း ဘယ်လောက်ရှိပြီလဲဗျ"

ဂျင်းဘောင်းဘီစုတ်ဖွားနှင့် တီရှပ်အမည်းတစ်ထည်ကို တွဲဝတ်ပြီး မုတ်ဆိတ်မွေး ရေးရေးထားသော လူငယ်က မေးလာသည် ။

"ခန့်မှန်းခြေ နှစ်ပေါင်း(၃၀၀)အထက်ပေါ့ ဗျာ၊ ကျုပ်လည်း အတိအကျတော့ မသိဘူး"

တစ်မျိုးတော့ တစ်မျိုးပါပင်၊ ပြုပြင်ထိန်းသိမ်းခြင်းမရှိသော တန်ဖိုးတိုင်းတာမရသည့် ရှေးဟောင်းလက်ရာကြီးကိုပဲ မြင်တွေ့ရလို့ လား ... တောတောင်လျှိုမြောင်တို့ အလယ်တွင် ထီးထီးကြီးရှိနေသော ခံစားမှုကြောင့်လားမသိ၊ လေးဦးသား၏ ရင်တွင်းမှာ ဝမ်းနည်းစိတ်လိုလို၊ လွမ်းမောစိတ်လိုလိုကို ခံစားရသည် ။

မင်းသမီးတစ်ပါးရဲ့ စံနန်းဆောင် ဖြစ်သည် ကြောင့် အုတ်ရိုးမြင့်မြင့်များ ၊ ခန့်ညား ဝင့်ထည်သော တံခါးကြီးများ ၊ အဆောင့်အကြပ်ပေါင်း များ စွာဖြင့် တစ်ချိန်က စည်ကားဝန်းရံခဲ့မည် ဖြစ်သော်လည်း ယခုတော့ ....

ပြုကျပျက်စီးနေသော အုတ်ရိုးအဆွေးအမြည့်များကိုသာ တွေ့ရသည် ။ ဝင်ပေါက်မှာ လည်း ဟာလာဟင်းလင်း ....

ခန့်မှန်းရသလောက် လက်ရာက ပုဂံခေတ်လောက် ရှေးကျပုံမရသော်လည်း အမြင်မှာ တစ်မျိုးဆန်းနေသည် ။

ဒါကြီးကို ဟိုတယ်ပြန်ဆောက်မှာ ဆိုတော့ နှမြောတော့ နှမြောစရာကြီးဗျ၊ နော် .... ဆရာ ...."

ဂျင်းဘောင်းဘီစုတ်ဖွားး လူငယ်မှ ပင် ဆရာဟု ဆိုသော လူတစ်ဦးကို ဦးတည် ပြောဆိုလာသည် ။ ဆရာအခေါ်ခံရသည့်သူမှာ သူတို့ လေးဦးထဲတွင် အသက်အကြီးဆုံး ဖြစ်ပြီး .... ရှပ်အအင်္ကျီလက်ရှည်နှင့် ရခိုင်ပုဆိုးကို သေသေသပ်သပ် ဝတ်ဆင်ထား၏။ ဖိုင်တွဲအချို့ကို လက်တွင် ပိုက်ကာ ဥပမိရုပ်မှာ လည်း တည်ငြိမ်ကာနေသည် ။

"ဘယ်တတ်နိုင်မလဲကွာ၊ ငါတို့ က ဆုံးဖြတ်ပိုင်ခွင့် ရှိတဲ့ သူ တွေမှ မဟုတ်တာ၊ သူဋ္ဌေးက ဆောက်ဆိုတော့လည်း ဆောက်ရုံပေါ့၊ ဒါနဲ့ ဒီစံနန်းဆောင်နဲ့ တောင်ကုန်းကြီးကို အရင်က ရှမ်းစော်ဘွားကြီးတစ်ဦး ပိုင်ဆိုင်ခဲ့တာဆို ဗျ ....ဟုတ်လား ဦးစောမောင်"

ဦးဆောင်တက်လှမ်းလာသူ၊ ကိုယ်တိုင်ကိုယ်ကျ လိုက်လံပြသပေးသူ ဒေသခံ လူကြီးအမည်မှာ ဦးစောမောင် ဖြစ်လေသည် ။

"ဟုတ်တယ်...စပ်ဆိုင်ဖ ပိုင်တာ၊ ကြားဖူးလား စော်ဘွားကြီး စပ်ဆိုင်ဖဆိုတာ၊ လွန်ခဲ့တဲ့ နှစ်သုံးလေးဆယ်လောက် မြောက်ရှမ်းတစ်ခွင်မှ စပ်ဆိုင်ဖကို မသိသူ မရှိလောက်ဘူး၊ ကောင်းသတင်းရော ... မကောင်းသတင်းရောနဲ့ နာမည်အတော်ပေါက်ခဲ့တဲ့ သူဋ္ဌေးကြီးပေါ့ ၊ ကျူပ်အထင် လွန်ခဲ့တဲ့

ခုနှစ်ရှစ်နှစ်လောက်က စပ်ဆိုင်ဖကိုယ်တိုင် နေဖို့ ဆိုပြီး တပည့်တပန်းတွေနဲ့ ရောက်လာသေးတယ်၊ ဒါကြီးကို ပြင်ဆင်ကြဖို့ ဒီနယ်က တာဝန်ရှိသူတွေနဲ့ တောင် ညှိနှိုင်းခဲ့ ကြသေးတယ်ထင်တယ်၊ ဒါပေမဲ့ ဘယ်လိုဖြစ်တယ် မသိပါဘူး .... အဲဒီအစီအစဉ်က အကောင်အထည် ပေါ်မလာဘူး၊ ခု... မောင်ရင်တို့ သူဌေးက ဘော်ဘွားစပ်ဆိုင်ဖဆီက ဒီနေရာနဲ့ အဆောက်အဦကြီးကို ပြန်ဝယ်လိုက်တာထင်တယ်"

"ဟုတ်တယ် ...ဟုတ်တယ် .... သူဌေးဆီက ကြားခဲ့တာလည်း အဲဒီအတိုင်းပဲ"

ဦးစောမောင်က ခေါင်းကိုညိတ်ပြသည် ။

"ဒါနဲ့ ခင်ဗျားက ...."

"ဟုတ်ပါ့ ဗျို့ .... ကားပေါ်ကဆင်းဆင်းချင်း စံနန်းဆောင်ရောက်ဖို့ လာနေတာနဲ့ ပဲ ကိုယ့်ကိုယ်ကိုယ် အခုမှ မိတ်ဆက်ရတယ်၊ ကျွန်တော်က သက်ဦးပါ၊ ဒီလုပ်ငန်းကြီးတစ်ခုလုံး အကောင်အထည် ပေါ်လာဖို့ အစမှ အဆုံးတိုင် တာဝန်ယူထားရတဲ့ Project manager ပေါ့ ၊ ဒါကတော့ ကျွန်တော့်လက်ထောက် စိုးကျော်တဲ့ ...."

ဂျင်းစုတ်ဖွားနှင့်လူငယ်က ခေါင်းညိတ်ကာ ပြုံးပြသည် ။

"ဟို ကင်မရာလွယ်ထားတဲ့ ညီလေးက ဒီမှာ ဆောက်လုပ်မယ့် ဟိုတယ်ကြီးအတွက် လိုအပ်တဲ့ ဒီဇိုင်းပုံကြမ်းတွေ ရေးဆွဲပေးဖို့ တာဝန်ယူထားတဲ့ အင်ဂျင်နီယာလေးပါ ၊ နာမည်က စစ်ညီတဲ့ "

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဗျ"

စစ်ညီဆိုသော ဖြူဖြူသွယ်သွယ် အင်ဂျင်နီယာလေးက

လူငယ်ပီပီရှေ့တစ်လှမ်းတိုးကာ ဦးစောမောင်ကို လက်ဆွဲနှုတ်ဆက်သည် ။

မန်နေဂျာသက်ဦးက တစ်ဦးတည်းကျန်တော့သော မိန်းကလေးကို ထပ်မံမိတ်ဆက်ပေးဖို့ ပြင်သည် ။

"ဟို ....ညီမလေးက"

"ကျွန်တော့်ချစ်သူပါ .... နာမည်က စိမ့်တဲ့ "

"စိမ့်"

စစ်ညီရဲ့ စကား ဆုံးဆုံးချင်း ထွက်လာသော နာမည်တိုးတိုး ရေရွတ်သံသည် ကား ဦးစောမောင်ထံမှ မဟုတ်၊ မငြေနိုင်မထိုင်နိုင် စိုးကျော် နှုတ်ဖျားမှ လွတ်ခနဲ ထွက်သွားခြင်း ဖြစ်၏။ လက်ဆွဲနှုတ်ဆက်နေရာမှ စစ်ညီ ဆတ်ခနဲ လှည့်ကြည့်တော့ စိုးကျော်က ဘာရယ်မဟုတ် အားနာသလို ပြုံးပြသည် ။

"ကျွန်မနာမည်က စိမ့်ပါရှင် ....၊ ကိုညီ့ကိုကူဖို့ လိုက်လာတာပါ"

ဦးစောမောင်ကတော့ လူကြီးပီပီ အသိမှတ်ပြုသလို ခေါင်းညိတ်ပြပါသည် ။ ပြီးတော့ စံနန်းဆောင်ကြီးရှိရာဆီသို့ သိမ်ငယ်စွာ လှမ်းကြည့်ရင်း.....

."ဟိုတယ်ဆောက်မှာ ဆိုတော့ ဒီနန်းဆောင်ကြီးကို ဖျက်ရမှာပေါ့နော် ...."

မန်နေဂျာသက်ဦးက ဖာဖာထေးထေး ဝင်ပြောသည် ။

"တရားသေတော့လည်း ပြောလို့ မရပါဘူး၊ နန်းတော်ရာဟောင်းနဲ့လည်း နီးတာဆိုတော့ နိုင်ငံခြားခရီးသွားတွေကို ဆွဲဆောင်တဲ့ အနေနဲ့

နန်းဆောင်ကြီးကို ရှေးမူမပျက်ပြင်ဆင်ပြီး ဟိုတယ် လုပ်ဖြစ်ရင်လည်း လုပ်မှာပါ၊ နေရာဒေသနဲ့ ဈေးကွက်အခြေအနေအရ အထက်လူကြီးတွေဘက်က မဖြစ်နိုင်ဘူး ဆိုရင်တော့ လည်း အကုန်ဖျက်ပြီး အသစ်ဆောက်ရမှာ ပေါ့ ...."

"အင်း....နိုင်ငံခြား ခရီးသွားတွေတော့ ဒီဘက်အရောက်များ တယ်၊ နန်းတော်ရာဟောင်း နဲ့ လည်း နီးတာကိုး၊ နောက်ပြီး ဒီကုန်းပေါ်ကကြည့်ရင် တစ်မြို့လုံးကို စီးမြင်နိုင်တယ်လေ"

ဦးစောမောင်ပြောမှ ပင် လေးဦးသား နောက်လှည့်ကြည့်မိကြသည် ။

ဟုတ်၏ ....၊ သူတို့ မျက်နှာမူရာရဲ့ တောင်ဘက်အရပ်ဆီမှာ မြူခိုးဝေနေသော မြို့လေးနှင့် မှုန်ပျပျ မြစ်ပြင်ကျယ်ကို လှမ်းမြင်ရသည် ။

"နန်းတော်ရာက ဟိုမှာ လေ ...."

မြောက်ဖက်အရပ်ဆီမှာမှ သစ်ပင်ဝါးပင် အုပ်အုပ်ဆိုင်းဆိုင်း၊ ပြာသာဒ်၊ ပြအိုး၊ အပြောက်အမွှမ်းများ ဖြင့် ထီးဟန်နန်းဟန် အပြည့်ရှိသေးသော နန်းတော်ရာမှော်ကွင်းကို မြင်ရသည် ။

"ဒီ ဝေဠုဝတီ စံနန်းဆောင်ကြီးကိုသာ ဖြိုပစ်ရင်တော့ တော်တော်ကို နမြော စရာ ကောင်းမှာဗျာ၊ သို့ပေတည့် လက်ရာမပျက်ထားပြီး ဟိုတယ်ဖွင့်ဖို့ ကလည်း လွယ်တော့ မလွယ်ဂျပါဘူး"

ဦးစောမောင်က တစ်ဦးတည်းပဲ ပြီးသလိုလိုဖြင့် ခေါင်းကိုညိတ်ကာဆိုသည် ။ ပြီးကော့ တစ်စုံတစ်ရာကို သတိရသလိုမျိုး

ဦး စောမောင် မျက်နှာမှာ အနည်းငယ် လေးနက်သွားသည် ကိုလည်း မြင်ရသည် ။

"အင်း ....မလွယ်ပါဘူး"

ပြီးတော့မှ ခေါင်းကိုယမ်းရင်း ....

"ကဲပါ ....၊ အချိန်လေးရှိတုန်း ခင်ဗျားတို့ ကို နန်းဆောင်အတွင်းထဲ အထိ လိုက်ပြပေးခဲ့မယ် ... ....လာ"

ပြောပြောဆိုဆို ဦးစောမောင်က ခြေလှမ်းကျဲကျဲဖြင့် ပြိုကျနေပြီဖြစ်သော အုတ်ရိုးဝင်းကြီး၏ အလယ်ဝင်ပေါက် နေရာသို့ ဦးဆောင်ဝင်သွားသည် ။ ဘာမှန်းမသိ သူတို့ လေးဦးလည်း တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ နောက်မှ သွက်သွက်လိုက်ဝင်ရသည် ။

စံနန်းဆောင်နှင့် နီးကပ်လာချိန်မှာ တဖြည်းဖြည်း သတိထားမိလာသည် က ထုထည် အခိုင်အမာဖြင့် တည်ဆောက်ထားသော အဆောက်အဦကြီးတစ်ခုပါပင်၊ ထို့အတွက်ကြောင့်လည်း နှစ်ပေါင်း(၃၀၀)ကျော်ကို ဖြတ်သန်းအန်တုနိုင်လာသည် ထင်၏။

ထူးခြားသည် က နန်းဆောင် ဒုတိယထပ် မျက်နှာစာဟု ဆိုရမည်ဖြစ်သည့် လေဟာပြင် နေရာတစ်ခုပါ၊ လေသာဆောင်ဟု ပဲ ဆိုရမည်လား... အနားယူဆောင်ပေပဲလား (သို့) အခြားအစီပွာယ် တစ်စုံတစ်ရာဖြင့် ပြုလုပ်ထားသည့် နေရာလား မပြောတတ်၊ မြင်ဖူးသမျှ လေသာဆောင်တိုင်းလိုလိုမှာ တော့ အမိုးမပါလျှင်တောင် အကာတော့ ပါသည် ချည်းပင်။

ယခုမြင်ရသော လေသာဆောင်က အမိုးမပါ အကာမပါ ၊

အုပ်ရိုးလေးခုကိုတော့ ထောင့်လေးထောင့်မှာ စိုက်ထူထားသည် ။ ထိုလေသာဆောင်အောက်မှာ မှ နန်းဆောင်ဝင်ပေါက်။

အုတ်ကပ်ပင်တို့ အင်အားကြီး ပေါက်ရောက်နေသည် ဖြစ်ရာ နန်းဆောင်တိုင်လုံးများ မှာ သစ်မြစ်နွယ်များ ၏ ဝါးမျိုးအုပ်စိုးထားခြင်းကို ခံနေရ၏။ ရေညှိရောင်ဝနေသော အင်္ဂတေ အုတ်သားတို့ မှာ လည်း ဟိုမှ သည် မှ ကျနေသည် ။ ပြတင်းအလင်းဝင်ပေါက်တို့ ၌ ပန်းခက်ပန်းနွယ်များ ဆိတ်သုဉ်းကာ တချို့နေရာများ တွင် အတွင်းအုတ်သားများ ပါ ကျိုးပဲ့ကြေမွကာနေပါသည် ။ အဆောက်အဦ နံရံတစ်လျှောက် အက်ကွဲကြောင်းကြီးများကိုလည်း အများ အပြားတွေ့ရသည် ။ ။

ဒီအတိုင်းဆိုပါက ရှေးလက်ရာမပျက် ပြုပြင်တည်ဆောက်ဖို့ ရာ သိပ်လွယ်လှမည်မထင် ...

နန်းဆောင်ထဲ ရောက်ရောက်ချင်း သူတို့ အားလုံး တစ်ပြိုင်နက် ခံစားလိုက်ရသည် ကား.....။

"အေးချမ်းလိုက်တာဗျာ ..."

မန်နေဂျာသက်ဦးထံမှ ထွက်လာသော စကားဖြစ်သည် ။

"ဟုတ်ပ ဗျာ ....အမောတွေတောင် ပြေသွားသလိုပဲ"

စိုးကျော်က ထပ်မံအတည်ပြုလာပြန်၏။

အမှန်က သူတို့ ရောက်ရှိနေသော နေရာသည် အမိုက်သရိုက်နှင့် အမည်ခေါ်ရန်ခက်သည့် အညစ်အကြေးများ ၊ အုတ်သားအကျိုးအပဲ့များ ၊ စိုစွတ်အောက်သိုးသော အနံ့အသက်များ လှိုင်လှိုင်ထွက်နေသည့် အခန်းကျယ်တစ်ခုပါ။ မျက်မြင်အခြေအနေအရ စိတ်ချမ်းမြေ့စရာ

တစ်ခွက်မှ မရှိသော အခင်းအကျင်းဖြစ်သည် ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ သူတို့ စိတ်ထဲမှာ တစ်မျိုးတစ်မည် သာယာနေပြန်သည် ။

ဦးစောမောင်က...

"ရှေးလူကြီးတွေက ဒီနေရာကို ဝေဠုဝတီ ညည့်ခန်းဆောင်လို့ ပြောကြတယ်၊ နောက်ပြီး အောက်ထပ်မှာ မင်းသမီးရဲ့ ချိုးရေသုံးဆောင်၊ နံ့သာဆောင်၊ ပွဲတော်တည်ဆောင်တွေ ရှိတယ်တဲ့ ၊ အပေါ်ထပ်မှာက လက်ဖက်ရည်သုံးတော်ဆောင်၊ အနားယူဆောင်၊ အိပ်ဆောင်တွေရှိတယ် ပြောတယ်၊ ငယ်ငယ်ကတော့ ဒီနန်းဆောင်ကြီးပတ်ဝန်းကျင်နဲ့ အောက်ထပ်အခန်းတွေက ကျုပ်တို့ ကလေးတွေ အတွက် ဆော့စရာ ဘုံနန်းကြီးပေါ့ ဗျာ"

မြို့ပြအင်ဂျင်နီယာပီပီ လက်ရာနှင့် တည်ဆောက်မှုပုံသဏ္ဍာန်ကို ကြည့်ပြီး အံ့သြနေမိသည် က စစ်ညီ။ အနီးကပ်ကြည့်မိတော့မှ လက်ရာသည် ရှေးဆန်လွန်းသည် လည်း မဟုတ် .... ဆန်းသစ်သည် လည်း မဟုတ်၊ ထူးခြားသည် က နေရာအခင်းအကျင်းနှင့် ပစ္စည်းအထားအသို၊ အခန်း ဖွဲ့စည်းပုံနှင့် အလင်းပေးပုံ၊ ပြင်ပအလင်းကို လက်ခံပုံသဘောတရား၊ နှစ်ပေါင်းရာချီ ကြာမြင့်ပြီ ဖြစ်သော်လည်း အင်ဂျင်နီယာအမြင်ဖြင့် သူသိလိုက်သည် က ဘက်ညီမှု၊ တချို့နေရာများ တွင် ဘက်ညီမှုကို စနစ်တကျ ချိုးဖောက်ထားမှု "တည်ဆောက်ပုံက တော်တော်တော့ ဆန်းပြားတယ် ...."

"အချိန်ပေးပြီး လေ့လာနိုင်ရင် ဒီထက်ဆန်းပြားတာတွေ အများကြီးထပ်တွေ့ရမှာ ပါ"

ဦးစောမောင်စကားကို စစ်ညီ ခေါင်းညိတ်ထောက်ခံမိသည် ။

ပြီးတော့ မနေနိုင်စွာ တစ်ခွန်းမေးလိုက်မိ၏။

"ဝေဠုဝတီဆိုတာ ဘယ်လိုအမျိုးသမီး မို့လို့ လဲဗျာ"

"နှစ်ပြည်ထောင် စစ်ဖြစ်မယ့်အရေးကြောင့် မင်းတရားကြီးကိုယ်တိုင် မဖြစ်မနေ ချီးမြှင့်မြှောက်စားလိုက်ရတဲ့ ပါရမီရှင် အာဂအမျိုးသမီးပေါ့ကွာ၊ ကဲပါ ....အဲဒါတွေ ထားလိုက်ပါ၊ ပြောမယ်ဆိုရင် ပြောလို့ ဆုံးမှာ မဟုတ်ပါဘူး၊ အချိန်ရှိတုန်း ခင်ဗျားတို့ လည်း လေ့လာစရာရှိတာ လေ့လာကြပါဦး၊ ကျုပ်လည်း ရွာပြန်ပြီး ခင်ဗျားတို့ အတွက် စီစဉ်စရာရှိတာတွေ စီစဉ်လိုက်ဦးမယ်။ ဒါနဲ့ ရွာကိုတော့ ခင်ဗျားတို့ မှတ်မိရဲ့ လား"

လေးဦးသား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

ဖြတ်သန်းလာခဲ့သည် ဆိုသော်လည်း ဒေသစိမ်း ဖြစ်လေတော့ ....

"ခု ...ကျုပ်တို့ တက်လာခဲ့တဲ့ လမ်းအတိုင်း ကုန်းလေးကို ပြန်ဆင်းသွားရင် အခြေမှာ ညာဘက်ကို ချိုးဝင်ရတဲ့ လမ်းလေးရှိတယ်၊ အဲဒီအတိုင်း ငါးမိနစ်လောက်လျှောက်ခဲ့ ...၊ အနီးဆုံးမြင်ရတဲ့ အိမ်က ကျုပ်တို့ လေးအိမ်စုရွာရဲ့ ပထမဆုံးအိမ်ပဲ၊ ဘယ်လိုလဲ ဖြစ်ရဲ့ မလား"

မန်နေဂျာသက်ဦးက အဆင်ပြေကြောင်း ခေါင်းညိတ်ပြသည် ။

"အဲလိုဆိုရင် ကျုပ်သွားပြီ .... ခင်ဗျားတို့ အတွက် တောကြက်သား အရေသောက်လေး ရွာကို ချက်ခိုင်းထားလိုက်မယ်"

ဦးစောမောင်က သူတို့ ကိုထားခဲ့ပြီး နန်းဆောင်တွင်းမှ ထွက်ခွာသွားသည် ။ ခြေလှမ်းကျဲကျဲ လှမ်းသွားသော ဒေသခံ၏ ကျောပြင်ကို ကြည့်ပြီး လေးယောက်သား လတ်တလော ဘာလုပ်ရမှန်းမသိ၊ အားလုံးက ငေးသည် ...

ပြီးတော့ ဒေသစိမ်း ပတ်ဝန်းကျင်စိမ်းမှာ၊ စံနန်းဆောင်ကြီးကလည်း သူတို့ တွက် အစိမ်းသက်သက်...

နောက်ဆုံးတော့ စစ်ညီ သက်ပြင်းကိုချပြီး နီးစပ်ရာ နံရံတစ်ခုမှာ ဖင်ထိုင်လိုက်သည် ။ အလုပ်တွေ ဆက်တိုက်လုပ်လာရသည့်အပြင် တစ်ညလုံး ကားစီးလာရမှုကြောင့် သူ ပင်ပန်းနေပြီလေ။ စိမ့်ကလည်း သူ့ နံ ဘေး မှာ ဝင် ထိုင်သည် ။ သူတို့ နှစ်ဦးထိုင်တော့ မန်နေဂျာသက်ဦးတို့ ဆရာတပည့်လည်း ကျောပိုးအိတ်တွေပစ်ချရင်း မလှမ်းမကမ်း နေရာတစ်ခုမှာ ဝင်ထိုင်ကြသည် ။

တကယ်တော့ အချိန်က ခဏလေးပါ၊ နာရီလက်တံနှင့် တွက်လျှင် လက်ဆယ်ချောင်းပင် မပြည့်လိုက်၊ ဒါပေမဲ့ ထိုခဏလေးအတွင်းမှာ ပင် အဆောက်အဦကြီး၏ ထူးခြားမှုတစ်စုံတစ်ရာကို စိမ့်က စတင်ဖမ်းမိလိုက်ပါ၏ ။

"ကိုညီ...ဟိုနေရာလေးကိုကွက်ပြီး အလင်းထိုးကျနေပုံကို ကြည့်ပါဦး"

"ဟင် "

စစ်ညီ အလိုလို မတ်တတ်ရပ်မိသွားပါသည် ။ ပင့်ကူပိုးအိမ်များ ဖြင့် ရှုပ်ထွေးညစ်ပတ် နေသည် ။ အောက်ဘက်မှာ လည်း အုတ်သားအဆင့်ဆင့်များ ဖြင့် အခိုင်အမာ ပုံဖော်ထားသည် ကို တွေ့ရသည် ။

ဘုရားပလ္လင်တော့ မဟုတ်တန်ရာ၊ အလင်းကွက်ပြီး ထိုးကျနေသည် ကား ဇိုပလ္လင်လိုလို .... ကျောက်စားပွဲလိုလို ခုံမြင့်လေးတစ်ခုပေါ်မှာ ....

သွက်သွက်လျှောက်ရင်း ထိုအပေါ်သို့ စစ်ညီ လှမ်းခနဲ

ခုန်ဝင်လိုက်သည် ။ ထိုအခါ အလင်းကွက်က သူ့ ခြေအစုံမှာ လာစုသည် ။ ဒီတော့ အလင်းရောင် ဝင်ရောက်ရာ နေရာဌာနကို လေ့လာတော့ ...

"ဟင် ...."

နံရံအရှေ့၊ တောင်ဘယ်ညာ သုံးဘက်၏ နံရံတစ်ခုဆီမှာ ပန်းခက်ပန်းနွယ်များ ဖြင့် တန်ဆာဆင်ထားသော ပြတင်းတံခါးတို့ အပြင် အပေါ်ဘက်အရပ်ဆီမှာ အလင်းဝင်ပေါက် တစ်ပေါက်စီ ရှိနေသည် ။ ဒါပေမဲ့ ထိုအလင်းပေါက်များက နံရံတစ်ဖက်နှင့်တစ်ဖက် အကွာအဝေး အနိမ့်အမြင့်မတူ ....

တစ်နေ့တာခရီးကို စတင်ရန် ထွက်ခွာလာသော နေလုံး၏ အရပ်အမြင့်နှင့် ပြင်းအားအရ သူ့ ခြေအစုံကို လာစုနေသော နေရာမှာ ဘယ်ဘက်နံရံဆီမှ ဖြစ်သည် ။ မကြာခင်အချိန်အတွင်း နေမင်းသည် ဘယ်ဘက်နံရံ အလင်းဝင်ပေါက်ကို ထားခဲ့၍ ဆက်လက် ခရီးထွက်ခွာပါလိမ့်မည်။ ။

အရှေ့ဘက်နံရံဆီ ရောက်ခဲ့ပါက နေလုံး၏ အရပ်အမြင့်သည် ဘယ်ဘက်နှင့် တူမည်မဟုတ်တော့၊ ထို့အတူ အရှေ့နံရံမှ အလင်းဝင်ပေါက်မှာ လည်း ဘယ်ဘက်နံရံမှ အလင်းဝင်ပေါက်နှင့် အကွာအဝေးမတူ ....အနိမ့်အမြင့်မတူတော့၊ ညာဘက်နံရံဆီတွင် လည်း ထိုအတိုင်း .... နေမင်း ဖြတ်ကျော်လာခဲ့သော နံရံနှစ်ဖက်နှင့် သူ့ဆီမှ အလင်းဝင်ပေါက်သည် တူမည် မဟုတ်တော့ပါ။

ဒါဟာ ဘာသဘောလဲ။

သူထင်တာ မမှားဘူးဆိုပါက ဝင်ပေါက်အားလုံးမှ ထိုးကျလာမည့် အလင်းရောင်သည် သူ ရပ်နေရာ အရပ်ဆီသို့သာ ...

အလင်းဝင်ပေါက်တွေရဲ့ တစ်ခုနဲ့ တစ်ခုကြား အကွာအဝေးမှာ အစီအစဉ်တစ်ခု ရှိနေတာလား။

အတန်ကြာ ငြိမ်သက်စဉ်းစားသွားရာမှ စစ်ညီ အောက်ခုန်ဆင်းလိုက်ရင်း.....

"စိမ့် ....ကိုယ်တို့ နန်းဆောင်အပြင် ထွက်ကြည့်ရအောင်"

***

# ထိပ်ထား … သို့

သူမဟာ မိန်းကလေးတစ်ဦး ဖြစ်ပါတယ်၊
မိန်းကလေးတစ်ဦးမှာ ရှိသင့်တဲ့ အပြင်အဆင်၊ အရပ်အမောင်း၊
အရယ်အပြုံး၊ အလှအပတွေ အားလုံးလည်း ပြည့်စုံတယ်။
ဒါပေမဲ့ …. အရင်ဘဝက ဆုတောင်းမှားခဲ့တယ် ထင်ပါရဲ့၊
အလွန့်အလွန် ရှားပါးသော ….
ကံထူးသူ အချို့မှာ သာ ရရှိနိုင်သော ….
ဘုရားပေး လက်ဆောင်တစ်ခုက သူ့ရဲ့ စိတ်နဲ့ ခန္ဓာမှာ
အရိပ်တစ်ခုလို အုပ်မိုးလိုက်ပါနေတယ်။
တစ်ခါတစ်ခါ သူမဟာ ထိုလက်ဆောင်ကြောင့်
ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝင့်ကြွားနေသလို …
တစ်ခါတလေတော့လည်း စက်ဆုပ်ရွံရှာနေတတ်ပါတယ်။
ထိုလက်ဆောင်ကြောင့်ပဲ…

သူမကို အသုံးချပြီး လူတချို့ ကျိကျိတက် ချမ်းသာသွားတယ်၊

လူတချို့ချွတ်ခြုံကျအောင် ဆင်းရဲသွားတယ်၊

သူမကြောင့် လူအများကြီး ပျော်ခဲ့ရသလို

သူမကြောင့်ပဲ လူတွေအများကြီး စိတ်ဆင်းရဲခဲ့ရပါတယ်၊

ခက်တော့လည်း ခက်တယ် ....

ဆုတောင်းဆိုတာမျိုးက ကာလ၊ ဒေသ၊ ကိုယ်ကျင့်တရား၊ ကုသိုလ်

စတဲ့ အကြောင်းတရားတွေ တိုက်ဆိုင်သွားခဲ့ရင် မလိုအပ်ဘဲ

အင်အားကြီးသွားတတ်ကြောင်း စောစောစီးစီးတည်းက သူမ

ရိပ်မိခဲ့ဖို့ ကောင်းတယ်လေ ....။

( a )

တစ်နှစ်တစ်ခါ ငရဲရှာ လူရှုပ်ဘုရားပွဲ .... ဆိုတဲ့ စကားကို ဟိုးငယ်ငယ်လေးထဲက နန်းနွယ် ကြားဖူးခဲ့တယ်။ ဒါပေမဲ့... ဒါဟာ ဘုရားပွဲတစ်ခု မဟုတ်ပါဘူး၊ သူတို့ နေထိုင်ရာ သုဇလ္လဒီပတိုင်းကို အုပ်ချုပ်မင်းလုပ်တဲ့ ရွှေဘုန်းတော်ရှင်ရဲ့ အသက်ခြောက်ဆယ်ပြည့် မွေးနေ့ အလှူတော်ပွဲကြီးပါ။

ရွှေနန်းရှင်ရဲ့ ဘုန်းရိပ်ကံရိပ်ကြောင့် နေပြည်တော်မှ စပြီး တစ်တိုင်းတစ်ပြည်လုံးကို အပျော်တွေ ကူးစက်နေကြတယ်၊ သူတို့

နေထိုင်ရာ အဆောလတ်မြို့လေးဟာလည်း ရွှေနန်းရှင်ကို အမှူးထားပြီး ကောင်းချီးမင်္ဂလာတွေနဲ့ ခြိမ့်ခြိမ့်သဲ စည်ကားလို့ ပေါ့၊ သုံးရက်နဲ့ သုံးညတိုင်တိုင် ပျော်ပွဲရွှင်ပွဲကြီး ကျင်းပနေကြတယ်လေ။

မျက်စိတစ်ဆုံး ရှည်လျားတဲ့ ပွဲဈေးတန်းတွေ၊ ဇရာမ ပန်းချီကားကြီးတွေနဲ့ ချိတ်ဆွဲ ကြော်ငြာထားတဲ့ ဇာတ်သဘင်တွေ၊ မြေဝိုင်းကဇာတ်တွေ၊ မုန့်ဆိုင်တန်းတွေ၊ မပါမဖြစ် သေရည်ဆိုင် နဲ့ လောင်းကစားဝိုင်းတွေ... စတာ စတာတွေနဲ့ အဆောလတ်တစ်မြို့လုံးက ညဉ့်ဦးယံ မတိုင်မီကတည်းက ကြက်ပျံမကျ စည်ကားနေပါပြီ။

ဒါဟာ မကြုံစဖူး ထူးကဲလှတဲ့ ပွဲတော်ကြီးကို အဆောလတ် မြို့သူများများ ဝင်ရောက် ဆင်နွှဲလိုခြင်းကြောင့် ဖြစ်သလို... ပွဲငတ်နေခြင်းကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဝတ်ဆို သူတို့ သုဇလ္လဒီပ တစ်တိုင်းလုံးက ပျော်ပွဲပွဲ နည်းလှတယ်လေ၊ အနီးအနား ဒီပ ခြောက် တို င်း မှာ တော့ အပျော်တွေပါတယ်၊ အဲဒီအတွက် အကျိုးရလဒ်ကတော့ တိုင်းပြည်မှာ လူပေါ့ လူပျော့တွေ' များ လာတာပါပဲ။

သိပ်မဆိုင်လှဘူး ထင်ရပေမဲ့လည်း 'ဒီပ' ခုနစ်တိုင်းကို ပှာဉ်ကြည့်ရင်တော့ သိသာနိုင်ပါတယ်။ ပထဝီအနေအထားအရ သူတို့ နေထိုင်ရာ၊ သုဇလ္လ ဒီပတိုင်း အနီးဝန်းကျင်မှာ ....

ကဏ္ဍဒီပ၊ ဝဏ္ဏဒီပ၊ နရဒီပ၊ ရတနဒီပ၊ ဓေယျဒီပ၊ စူဠဒီပ ဆိုပြီး'ဒီပ' ခြောက်တိုင်း ရှိနေပါတယ်။ သူတို့ သုဇလ္လဒီပတိုင်းသာပါရင် 'ဒီပ' ခုနစ်တိုင်းပေါ့၊ ခုနစ်တိုင်းအနက် လူမှုရေး ၊ စီးပွားရေး၊ ကျန်းမာရေး၊ ပ ညာ ရေး တွေ မှာ သူတို့ သုဇလ္လဒီပတိုင်းက အားလုံးထက်

သာလွန်နေတာတော့ ငြင်းမရပါဘူး။ ဒါဟာလည်း အုပ်ချုပ်သူတွေရဲ့ ဉာဏ်အမြော်အမြင်ရှိမှုနဲ့ လေ့ကျင့်ပျိုးထောင် ပေးမှုတွေကြောင့်လို့ ပဲ ဆိုရပါလိမ့်မယ်၊ တိုင်းသူပြည်သားတွေရဲ့ ကိုယ်တိုင် ကောင်းမွန်သော အခြေခံတွေနဲ့ တည်ဆောက်လိုမှုကြောင့်လည်း ဖြစ်နိုင်ပါတယ်။

သို့သော်လည်း ဘာပဲပြောပြောပါ .... လူတွေ အပျော်အပါး မက်တာတော့ အဆန်းမဟုတ်ပါဘူး၊ အပြစ်တစ်ခုလည်း မဟုတ်ဘူး ၊ လူဆိုမှ တော့ သွေးနဲ့ ကိုယ် သားနဲ့ ကိုယ်လေ၊ မွန်းကျပ်မှုတွေ ရှိနေသ၍ တော့ ထွက်ပေါက်ဆိုတာလည်း ရှိနေဦးမှာ ပါပဲ။

အခုလည်း အခါအခွင့်သင့်တုန်း ပျော်ရပါးရအောင် နန်းနွယ်နှင့် စောဖြူဟူသည့် ငယ်သူငယ်ချင်းနှစ်ဦး ပွဲခင်းဘက်ဆီ ထွက်လာခဲ့ပါတယ်။

"နန်းနွယ်ရေ လူတွေမှ အားကြီးပဲကွနော်၊ ငါတို့ အဆောလတ်တစ်မြို့လုံး ကုန်ပြီလားတောင် ထင်ရတယ်"

ကြိတ်ကြိတ်တိုးနေတဲ့ လူအုပ်ကိုကြည့်ပြီး စောဖြူက ဆိုလာတယ်။

"အေး... ဒီလောက်လူများ ဖြင့် တို့ မြို့မှာ တစ်ခါမှ မမြင်ဖူးဘူး"

"ရွှေနန်းရှင်ရဲ့ အရှိန်အဝါကလည်း ကြီးပေ့ါကွာ ...."

ဟုတ်ပါတယ် .... ဒါဟာ ရွှေနန်းရှင်ရဲ့ ဘုန်းကံနဲ့ လည်း အများကြီး သက်ဆိုင်ပါလိမ့်မယ်။ သူတို့ အဆောလတ်မြို့တင် မဟုတ်ပဲ တစ်ကိုင်းပြည်လုံးနဲ့ သက်ဆိုင်တဲ့ ပြည်ထောင်စုအဆင့် ပျော်ပွဲရွှင်ပွဲ ဖြစ်နေတာကိုး ....။

စောဖြူကတော့ လူအုပ်ကြီးနဲ့ မျက်စိတစ်ဆုံး ပွဲဈေးတန်းကိုကြည့်ပြီး တောက်တခတ်ခတ် ဖြစ်နေလေရဲ့ ။

ပွဲခင်းဘက်ခုလုံးက ပုရွက်ဆိတ်အုံ တုတ်နဲ့ ထိုးထားသလို ရောင်းသံ၊ ဝယ်သံ၊ စနောက်သံနဲ့ ဇာတ်ရုံတို့ ဆီမှ ဆိုင်းသံဗုံသံများ ၊ မြေဝိုင်းကဇာတ်ဆရာတို့ ရဲ့ ဆိုသံ၊ ငိုသံစတာတွေနဲ့ ဆူဆူညံကာ တိုးမပေါက်အောင်ပါပဲ၊ ကြက်ပျံမကျ စည်ကားတယ်ဆိုတာ ဒါမျိုးကို ခေါ်တာပဲဖြစ်မှာ လို့ နန်းနွယ်စိတ်ထဲမှာ တွေးနေမိတယ်။

တစ်နေရာရောက်တော့ ....

အလွန်လှပတဲ့ မင်းသမီးတစ်ယောက်ရဲ့ ရုပ်ပုံကို ဇရာမ ပန်းချီကားကြီး တစ်ချပ်အဖြစ် အသက်သွင်းကာ မြေမှာ ဝါးနှစ်တိုင်ခတ်ပြီး ခမ်းခမ်းနားနား ကြော်ငြာထားပါတယ်။ "ယမင်းသူဇာ" ဇာတ်သဘင်တဲ့ .... နာမည်ကြီး အဖွဲ့ တစ်ဖွဲ့ ဖြစ်ဟန်တူပါရဲ့ ၊ လူတစ်ရပ်ကျော်တဲ့ ဝန်းထရံတွေခတ်ပြီးလည်း အနောက်ဘက်မှာ ဇာတ်ရုံကြီးဆောက်ကာထားတယ်။ ဆိုင်းဆရာရဲ့ လက်စွမ်းပြသံ ဆန်းဆန်းကိုလည်း အတွင်းမှ ကြားနေရတယ်၊ လူဝင်တင့်တယ်မယ့် တီးကွက်တွေ ဖြစ်လောက်ရဲ့ ...

တကယ်လည်း တခြားဇာတ်အဖွဲ့တွေနဲ့ ယှဉ်ရင် ဒီအဖွဲ့ဆီ လူတွေတဖွဲဖွဲ ဝင်နေကြတာကို မြင်ရတာမို့

"တို့ လည်း ဝင်ကြည့်ကြမလား စောဖြူ"

စောဖြူက တိုးဝှေ့ နေတဲ့ လူအုပ်ကြီးကို တစ်ချက်လှမ်းကြည့်ပြီး ...

"နေပါဦးကွ... ခုမှ အစောကြီး ရှိပါသေးတယ်၊ ပွဲခင်းကို စုံအောင်ပတ်ကြည့်ပါရစေဦး"

ဒါနဲ့ ပဲ သူတို့ နှစ်ဦး ဇာတ်ရုံရှေ့မှ ခွာကာ ပွဲခင်းဘက်ဆီ ခြေဦးလှည့်ခဲ့ပါတယ်၊ ခြေထောက်လေး နည်းနည်းညောင်းလာတော့

ထုံးစံ အတိုင်း စောဖြူက ဗိဇပြေလာတယ်။

"နန်းနွယ် သေရည်လေး တစ်ခွက်နှစ်ခွက်လောက် ဝင်သောက်ရအောင်ကွာ၊ ဒါမှ ဇာတ်ပွဲကြည့်တာ စီးစီးပိုးပိုးရှိမှာ "

သူ ငြိမ်ကာသွားတော့ စောဖြူက ထပ်ကွန့်တယ်။

"ပွဲလည်တယ်ဆိုတာလည်း သေရည်လေးနဲ့ မှ ဟန်ကျတာကွ ....၊ မဟုတ်ရင် မျက်စိညောင်း ခြေထောက်ညောင်းတာပဲ အဖတ်တင်မှာ ...."

"မင်းသောက်ချင်လည်း သောက်လေ"

ဒါနဲ့ ပဲ နှစ်ဦးသား သေရည်ဆိုင်တစ်ခုထဲကို ဝင်လိုက်ကြပါတယ်၊ မကြာပါဘူး .... သူတို့ ရှေ့ကို သေရည်အိုးနဲ့ အမြည်းတစ်ပန်းကန် ရောက်လာ။ ရောက်မဆိုက် စောဖြူက တစ်ခွက်ခပ်ကာ တစ်ကျိုက်တည်း မော့ချလိုက်ပြီး...

"ရှီး ....ခုမှ ပဲ နေသာထိုင်သာ ရှိသွားတော့တယ်ကွာ"

ပြီးတော့ .... နောက်တစ်ခွက်၊ သူကတော့ မကောင်းတတ်တာမို့ တစ်ခွက်ခပ်ပြီးတော့ပဲ ဖိမ်ဆွဲကာ သောက်နေလိုက်တယ်။ ထိုအချိန်မှာ ပဲ နောက်ပိုင်းမှ အချင်းချင်းပြောနေကြသော စကားအချို့က အားမစိုက်ပါပဲ နားတွင်းကို ဝင်ရောက်လာတယ် ....။

"ယမင်းသူဇာ... ယမင်းသူဇာနဲ့ နေပြည်တော်တစ်ခွင်မှာ နာမည်ကြီးနေတာ ဒီညတော့ ကြည့်ခွင့်ကြုံပြီပေါ့ကွာ"

"တော်တော်လှလို့ လားဟ"

"ဟ ....လှ၊ မလှ ဇာတ်ပွဲကြော်ငြာက ပန်းချီပုံကိုပဲ ကြည့်လေကွာ ...."

လုံ စဉ် မှာပဲ နောက်တစ်ယောက်က အာလေးလျှာလေးဖြင့် ဝင်ပြောတယ်။

" မဟုတ်ဘူး ... ယမင်းသူဇာ နာမည်ကြီးတာ လှလို့ မဟုတ်ဘူး ၊ အဆိုအက ကောင်းလို့ "

"မှားနေပြီ၊ မင်းတို့ မှားနေကြပြီ .... ယမင်းသူဇာ နာမည်ကြီးတာ လှ လို့ မဟုတ်ဘူး ၊ အဆိုအက ကောင်းလို့ လည်း မဟုတ်ဘူး .... ဆွဲဆောင်မှုရှိလို့ ကွ ...."

ပြာတာတာအသံဖြင့် ဝင်ပြောသော စကားစုအောက်မှာ အားလုံးငြိမ်သွားကြတယ်။

"သူ့ ရဲ့ မျက်လုံး၊ သူ့နှုတ်ခမ်း၊ သူ့ရဲ့ အဆက်အပေါက် .... အဲဒါတွေ အားလုံးက ရှာမှ ရှားပဲ ကိုယ့်လူတွေရ၊ ပြီးတော့ တစ်မျိုးပဲ ..."

"ဘာတစ်မျိုးလဲကွ"

ချင့်ချင့်ချိန်ချိန် စဉ်းစားလိုက်သလို ငြိမ်သွားပြီးကာမှ ...

"သူ့ကိုမြင်တာနဲ့ ကွာ ....၊ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ထဲမှာ ... ဘယ်လိုပြောရမလဲ"

"အင်း....."

တိုင်ပင်မထားဘဲ စကားသံတွေ တိုးသွားလေရဲ့ ၊ ပြီးတော့ ခေါင်းချင်းဆိုင်သွားသလား မပြောတတ်ဘူး စကားသံကို ပီပီသသ မကြားရတော့ပဲ တိုးတိုးအုပ်အုပ် အသံအချို့သာ ကြားလာတယ်။ ခဏကြာတော့ ...

"ဟုတ်ရဲ့ လားကွာ၊ ငါတော့ အဲ့လိုမိန်းကလေးမျိုး တစ်ခါမှ

မမြင်ဖူးပါဘူး"

ထိုစကားသံနောက်မှာ ဖောဖောပန်ပန်းနဲ့ သက်ပြင်းချသံတွေကို ကြားရပါတယ်။ ဒီတစ်ခါလည်း ပြာတာတာ အသံပိုင်ရှင်ကပဲ ဝင်ဆုံးဖြတ်သွားတယ်။

"မယုံရင် ဒီည ကြည့်ကြည့်ပေါ့ကွာ"

"ကြည့်မယ်ကွာ"

"တစ်ခုတော့ရှိတယ်၊ ဇာတ်စင်နဲ့ နီးတဲ့ နေရာရဖို့ တော့ လိုတယ်"

ဝိုင်းလေးက ခေတ္တမျှ တိတ်ဆိတ်သွားပါတယ်၊ ပြီးတော့ သိပ်မကြာပါဘူး .... ထိုင်နေသောလူငယ်တွေ ဆိုင်ထဲက အလျှိုလျှို ထွက်သွားကြတယ်။ စောဖြူကတော့ ကိုယ့်အရှိန်နဲ့ ကိုယ်မို့ ထိုစကားတွေ ကြားမယ် မထင်မိဘူး၊ သူ့မှာသာ ကြားရတဲ့ စကားနဲ့ မြင်ခဲ့တဲ့ ကြော်ငြာပန်းချီပုံကြောင့် ယမင်းသူဇာဆိုတာ ပဟေဠိတစ်ပုဒ်လို ဖြစ်သွားတယ်။

သေရည်တစ်အိုးကုန်တော့ အချိန်က တော်တော်လင့်နေပါပြီ။

စောဖြူလည်း တော်တော်ထွေနေခဲ့ပြီ။

ဇာတ်ပွဲဝင်ကြည့်ဖို့ ဆုံးဖြတ်တော့ ဘာရယ်မဟုတ်ဘဲ ခြေလှမ်းတွေက လူဝင်များ ရာအရပ်ဆီ ဦးတည်မိလျက်သား ဖြစ်သွားတယ်။ တစ်ခုတော့ ပြောစရာရှိတယ်၊ ကိုယ်ပိုင်အရည်အချင်း နည်းပြီး သူတစ်ပါးဆုံးဖြတ်ချက်ကို အားကိုးချင်တဲ့ လူအချို့ကတော့ ဘယ်အရာမဆို သူများကောင်းရင် လိုက်ကောင်းပြီး... သူများ ညံ့တယ်ပြောရင်လည်း ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားဆုံးဖြတ်မနေပဲ ညံ့တယ် လိုက်လုပ်တတ်ကြတယ်။

ယပင်းသူစာ ဓာတ်သဘင်ကို သူများကြည့်တိုင်း လိုက်ကြည့်မိလို့ ည့်တယ် ပြောရင်လည်း ခံရမှာ ပါပဲ။

အမှန်တော့ သူ့အတွက် ကံဆိုးတဲ့ ညတစ်ညက ထိုအချိန်ကတည်းက ဖြစ်မှန်းမသိ ဖြစ်နေခဲ့တာပါ။

*****

( b )

အပြင်မှာ ညမွေးပန်းတွေ အပြိုင်းအရိုင်း ပွင့်နေကြပြီ ထင်ပါရဲ့ ...၊ တကယ်တော့ သူဟာ သားရဲတွင်းထဲကို မျက်စိလည်လမ်းမှာ ပြီး ရောက်လာခဲ့တာပါ။ သားရဲတွင်းရဲ့ သဘာဝကို နားမလည်ဘူး၊ အတွေ့အကြုံလည်း လုံးဝမရှိခဲ့ဘူးလေ၊ သေချာတာကတော့ သူ့အသိအာရုံမှာ ညမွှေးပန်းရနံ့တွေ တကြူကြူ မွှေးနေတာပါပဲ။ ။

ရုံပြည်ရုံလျှံထက်ပိုပြီး ရုံကွဲမတတ်ကို ဓာတ်ပွဲကလူတွေ တအားပြည့်ကျပ်နေတာ၊ သေချာလေ့လာကြည့်တော့ ရွှေပွဲလာပရိသတ်က မိသားစုတွေ၊ မိန်းမပျိုတွေ၊ သက်ကြီးပိုင်းတွေထက် ...သူတို့လို ပျိုရွယ်သူ အမျိုးသားတွေသာ များပြားနေတယ်။ သေရည်ရှိန်ကြောင့် အများ စုရဲ့ မျက်လုံးတွေမှာ သွေးကြွနီရဲနေကြတယ်။

တော်တော်ကို တွန်းကွန်းတိုက်တိုက်တိုးမှ ဓာတ်စင်နဲ့ မလှမ်းမကမ်းမှာ သူတို့ နှစ်ဦး နေရာရတယ်၊ မကြာပါဘူး ...

ယမင်းသူဇာဆိုတဲ့ ဇာတ်အဖွဲ့ကြီးက အနီရောင်ကတ္တီပါ ကန့်လန့်ကာကြီးကို ဆွဲဖွင့်လို့ … ဆိုင်းဆရာရဲ့ ရွှေလက်သံနဲ့ ဝက်ဝက်ကွဲ စတင်လိုက်ပါပြီ။ လက်ခုပ်တီးသံ၊ လက်ခေါက်မှုတ်သံ၊ အော်ဟစ်အားပေးသံတွေနဲ့ ပွဲခင်းကြီးတစ်ခုလုံး ဆူဆူညံညံသွားတယ်။ ဆိုင်းဆရာရဲ့ ပွဲခေါ်လက်သံ တစ်ပိုဒ်ဆုံးစဉ်မှာ "ယမင်းသူဇာ" ဇာတ်သဘင်ကြီးရဲ့ အဆိုကျော်တွေ၊ မင်းသားမင်းသမီး အချောအလှတွေ စင်ပေါ်ကို အလျှိုလျှို ရောက်လာကြတော့တယ်။

သူတို့ ဝတ်ဆင်ထားတဲ့ တန်ဖိုးကြီး အဝတ်အထည်တွေက မီးရောင်အောက်မှာ တဖျတ်ဖျတ်လက်ပြီး ....ဆိုတဲ့ သီချင်း၊ ကတဲ့ ကမျိုးတွေ အလွန်တရာမှ ပန်ရလှပါတယ်။ နာမည်ကြီးမယ်ဆိုလည်း ကြီးလောက်ပါရဲ့ လို့ နှန်းနှယ်စိတ်ထဲကနေ အမှတ်ပေးနေမိတယ်၊ တင်ဆက်ကပြပုံတွေက ရွှေပွဲလာအားလုံးကို နှစ်ထောင်းအားရစေတယ်လေ၊ အားပေး လက်ခုပ်သံတွေမှ နားနဲ့ မဆံ့လောက်အောင်ပါပဲ။

ထို ခ ဏ မှာ ပဲ ရေလှိုင်းကြီးတစ်ခု လိမ့်ဆင်းလာသလို၊ စစ်တပ်ကြီးတစ်တပ် ပြုဆင်းလိုက်သလို ပွဲခင်းထဲမှာ ရုတ်ရုတ်သဲသဲ 'ဝေါခနဲ ဖြစ်သွားတယ်။ အကြောင်းကတော့ အဆိုကျော်တစ်ယောက်ရဲ့ သီချင်းသံလေးကစလိုက်တာပါ ....။

"သူဇာရေ ...သူဇာရေ ...."တဲ့ ။

"ရွှေပွဲလာကို အသုံးတော်ခံမယ့် ကြယ်စင်ခြေလှမ်းနဲ့ အပြုံးပန်းဝေ သူဇာ .... သူဇာရေ ..."တဲ့ ။

ကြည့်နေရင်းနဲ့ ပဲ ထွန်းတားတဲ့ မီးတွေအားလုံး တစ်လုံးမကျန် မှိတ်ကျသွားပါတယ်။

ပြီးတော့ ဇာတ်စင်ကြီးတစ်ခုလုံးကို အပြည့်ဖုံးအုပ်ပစ်မယ့် ကတ္တီပါလိုက်ကာကြီး ကျလာတယ်၊ တီးမှုတ်နေတဲ့ တူရိယာတွေအားလုံးကိုရပ်ပြီး ရှာသားရဲ့ ဖုံတိုလေး တချပ်ချပ်သာ ကြားနေရရဲ့ ၊ ဒါဟာ အားလုံးစောင့်မျှော်နေသော ပုရိသတွေရဲ့ ညည်သုံ:ယံကို သိမ်းပိုက်မယ့် လှပျိုဖြူလေး ယမင်းသူဇာရဲ့ ခြေလှမ်းအဝင်ပေပဲလား ....။

စောင့်ဆိုင်းနေတဲ့ ပရိသတ်တွေ မရိုးမရွ ဖြစ်ကုန်ကြပါပြီ။

မကြာပါဘူး .... အဖွဲ့ တော်သားတွေရဲ့ ကတ္တီပါ လိုက်ကာကြီးကို သံပြိုင်ဆွဲအဖွင့်၊ မီးအထွန်း ...၊ ရှာသားရဲ့ လက်သံ အားမာန်အပြည့်နဲ့ ပြန်အစမှာ ဇာတ်စင်ပေါ် ဖြူနီးခနဲ တွေ့လိုက်ရတာက ....

"ဟာ ...."

ကကြိုးတစ်ခုကို ကဗျာဆန်စွာ ဆင်ယင်တော့မယ့် ယမင်းရုပ်လေးတစ်ရုပ်၊ ပြိုးပြက်သော အဝတ်တန်ဆာတွေက နတ်သမီးလေးတစ်ပါး ကိုယ်ထင်ပြသလို စင်ပေါ်မှာ တလက်လက် ထနေတယ်၊ 'ဝေါ'ခနဲ အော်လိုက်သော အသံတွေက နားကွဲမတတ်ကို အုန်းအုန်းထသွားတယ်၊ ရုတ်ခြည်းမြင့်တက်သွားတဲ့ ပွဲအရှိန်က သူတို့ အဆောလတ်တစ်မြို့လုံးကိုပင် လွှမ်းသွားသလား ထင်လိုက်ရပါတယ်။

ပုရိသတွေ ရင်ထဲ မီးတောက်ကုန်ကြပြီ။ အံ့ဩစရာ ကောင်းလောက်အောင်လည်း ဇာတ်စင်နား ပြုတိုးသွားကြတယ်၊ လက်ခုပ်တွေ သံပြိုင်တီး၊ လက်သီးလက်မောင်းတွေတန်းလို့ ရှုပ်ရှုပ်ချွံချွံ အားပေးလိုက်ကြတာ ...

ချီးမွမ်းစကားတွေ တစ်ခုမှ မလွန်ကြောင်း သူကိုယ်တိုင်လည်း မျက်မြင်ကိုယ်တွေ့ သိလိုက်ရပြီ၊ ဒါပေမဲ့ အခြားတစ်ပါး

အမျိုးသားတွေလို သူ့ အာရုံတွေ မိးတောက်မနေဘူး၊ မြို့ရဲ့ ကျေးရတတ် သူဌေးလေးတစ်ယောက်ဖြစ်လို့ ဣန္ဒြေ ဆည်တာလည်း မဟုတ်ပါဘူး။

သူတကယ်မြင်နေတာက ညည်သုံးယံ သိမ်းပိုက်မယ့် ရွှေမင်းသမီး ဆိုတာထက် ယမင်းရုပ်လေး တစ်ရုပ်ပါ (သို့) ကြိုးဆွဲစရာ အလွန်တော်လွန်းတဲ့ ရုပ်သေးရုပ်လေး၊ ဒါမှ မဟုတ် ဘူး ဆိုရင်တော့ နတ်သမီးလေး တစ်ပါးပါပဲ။

လှတယ် .... တော်တော်ကို လှတယ်။ ခြေ၊ လက်၊ ခေါင်း၊ ခါး တစ်ခုမှ ပစ်ရက်စရာမရှိအောင်ကို လှတယ်၊ သိမ်မွေ့သော အချိုးတွေနဲ့ တစ်ခါတစ်ခါ ရက်စက်အုံ့နွေးသော ကကွက်တွေနဲ့ ....၊ ရှာသား ဆိုင်းဆရာနဲ့ အပေးအယူ မျှတစွာ ဇာတ်စင်တစ်ခုလုံးကို ရှေ့နောက်ဘယ်ညာ သိမ်းပိုက်ကာ ရွှေပွဲလာတွေကို .... အထူးသဖြင့် (ပုရိသ)တွေကို အကောင်းဆုံး အသုံးတော်ခံ တင်ဆက်ပေးသွားတယ်။

ပဝါလေး ခတ်ကာခတ်ကာ ....

ဦးခေါင်းလေး ငဲ့ကာငဲ့ကာ ...

အပြုံးချိုချို၊ အသံသာသာ...

အကြည့်စူးစူးတွေနဲ့

ကြည့်နေရင်းနဲ့ ပဲ နန်းနွယ်ရင်ထဲမှာ တစ်စုံတစ်ရာ ခံစားလာရတယ်၊

အမည်တပ်ဖို့ အစပိုင်းကာလတွေမှာ ခက်နေခဲ့တယ်၊ ဒါပေမဲ့ မကြာပါဘူး။ သီချင်းသုံးပုဒ်လောက် ဆုံးပြီးသွားစဉ်မှာ ကိုယ့်ကိုယ်ကိုယ် နားလည်သွားခဲ့ပါပြီ။

သူပေါ့ ... အဆောလတ်မြို့ရဲ့ တစ်ဦးတည်းသော

တဲ့းပစ်ယောက်ပေါ့ ...၊ ယမင်းသူဇာဆိုတဲ့ ဇာတ်သမလေးကို ထိုအချိန် ထိုကာလကစလို့ သူ နက်နက်ရှိုင်းရှိုင်း ချစ်သွားခဲ့တယ်။ ဒါဟာ အပေါ်ယံအရေပြားကိစ္စတွေ... ခန္ဓာဗေဒတွန်းအားတွေ ... ညို့အားပြင်း မျက်ဝန်းညိုညိုတွေနဲ့ မဆိုင်ပါဘူး၊ ကွေးညွတ်ကခုန်နေတဲ့ မီးရောင်အောက်က ဇာတ်သမလေးတစ်ယောက်ကို ရိုးရိုးသားသား ချစ်သွားခဲ့တာပါ။

ခက်တော့လည်း ခက်သားလား ....၊ အချစ်ဆိုတာမျိုးက ခန္ဓာကို ပူလောင်စေတဲ့ ရာဂမီးတွေနဲ့ လုံးလုံးမပတ်သက်ကြောင်း အချစ်ကို တလေးတစား တန်ဖိုးထားသူ တချို့တလေကပဲ နားလည်နိုင်ကြတာလေ။

သူမအလှည့်ပြီးတော့ ဇာတ်စင်နောက်ဝင်သွားတဲ့ ထိ သူ့ရင်မှာ နွေးပျပျပါပဲ၊ နောက်ပိုင်း ကိစ္စ တွေကတော့ ဘယ်သူတွေ စင်ပေါ်တက်ပြီး၊ ဘယ်သူတွေဆိုလို့ ဘာတွေကနေလဲ သူမသိတော့ဘူး၊ ယမင်းရုပ်လေး နောက်တစ်ကြိမ် ပေါ်လာမယ့် အရေးကိုသာ တအုံနွေးနွေးနဲ့ စောင့်နေမိတော့တယ်။

ဒါပေမဲ့လည်း လူ့ဘဝရဲ့ ထုံးစံအတိုင်းပါပဲ၊ တွေ့ချင်ရင် မမြင်ရသလို .... စောင့်နေပြန်ရင် ပေါ်မလာတော့ဘူး၊ မျှော်သာမျှော် ပေါ်မ လာလေတော့ ရင်ထဲက ရောဂါတိုးတိုးလာတာပဲ အဖတ်တင်ပါတယ်။

တော်တော်ကြီးကြာမှ တစ်ခေါက်ပြန်ပေါ်လာတယ်၊ အရဏ်တက်ချိန်တောင် ရောက်လု နေပါပြီ၊ ဒုတိယအကြိမ်ပေါ်လာလို့ ပျော်ရမလား မှတ်သော်လည်း ရင်ထဲကရောဂါသာ နှစ်ဆ တိုးပွားသွားလေရဲ့ ၊ သူမ ပါဝင်လာတာက လင်းအားကြီးပိုင်း ပြဇာတ်တစ်ပုဒ်မှာ ပါ ...။

အခံက ဇာတ်ဆောင်မင်းသမီးနေရာက ပါဝင်ကပြပြီး တွဲဖက်အနေနဲ့ ကတော့ အလွန်တစ်ရာမှ လိုက်ဖက်ညီပြီး အပေးအယူမျှလှတဲ့ မင်းသားချောတစ်ဦးနဲ့ ပါ။

ဘာမှ မဆိုင်ပါပဲ နန်းနွယ်ဆိုတဲ့ ပွဲကြည့်ပရိသတ်က တာဝန်အရ ကပြဖျော်ဖြေနေတဲ့ မင်းသားကို ဒေါသတွေ ထွက်လိုက်မိသေးတယ်၊ ယမင်းရုပ်လေးကို တစ်ခါဖက်တိုင်း သူ့ရင်ကို တစ်ခါ ဆွဲခါသွားသလို ခံစားရတယ်။ ရှုးလွန်းပါတယ် ....။

ကိုယ့်ကိုယ်ကိုယ်လည်း ဝန်ခံမိတယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ... ဘဝကံ အကျိုးပေးက ဒီအချိန်မှာ ဒါဖြစ်ရမယ်လို့ ပါ လာပြီးသားပဲ ထင်ပါရဲ့ ။

အလင်းရောင်ကျလို့ လိုက်ကာချတော့မှ သတိဝင်တယ်၊ ဒီတော့မှ နံဘေးမှာ ရှိတဲ့ စောဖြူကိုရော အိမ်ပြန်ဖို့ အရေးကို သတိရမိတယ်။

အများ နည်းတူ ဇာတ်ရုံထဲမှ တိုးဝှေ့ထွက်ရင်း စောဖြူကို စကားတစ်ခွန်း မေးမိလိုက်ရဲ့ ။

"ဇာတ်ပွဲက ဘယ်နှည ကျန်သေးလဲ စောဖြူ"

"ဒီနေ့ညနဲ့ နက်ဖြန်ည နှစ်ညကျန်ဖို့သေးတယ်"

သက်ပြင်းမောကို ချမိတယ်။

" ဩော် ...."

*****

တကယ်တော့ သူမှာ မိဘနှစ်ပါးစလုံး မရှိတော့ပါဘူး၊ လူမမည်စာမမြောက်သေးခင် အရွယ်မှာ ပဲ အမေဖြစ်သူက ကပ်ရောဂါတစ်ခုနဲ့ ဆုံးပါးသွားခဲ့တယ်။ အဖေကတော့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကမှ လူကြီးရောဂါနဲ့ သူ့ကိုချန်ပြီး လောကကြီးကိုပါ အပြီးအပိုင် နှုတ်ဆက်ထွက်ခွာသွားတာပါ။

အဖေမရှိတော့တဲ့ နောက် မိသားစုရဲ့ အမှုကိစ္စအားလုံးကို ဘဏ္ဍာထိန်းဦးတိန်နိုက တာဝန်ယူပါတယ်၊ ဦးတိန်နိုဆိုတာ အဖေရဲ့ ယုံကြည်ရသော လက်ရင်းနောက်လိုက်များ ထဲမှ စိတ်ဓာတ်၊ သက်လုံ အလွန်တရာမှ ကောင်းသာ နောက်လိုက်တစ်ဦး ဖြစ်ပါတယ်၊ ဆွေမျိုး မတော်စပ်သော်လည်း သွေးသားရင်းထက်ကို ယုံကြည်စိတ်ချရသူတစ်ဦးပေါ့ ၊ အဖေ့လိုပဲ သူ့ကို တအားချစ်ပြီး နန်းနွယ်ဆိုတဲ့ လူတစ်ယောက်ကို အများကြီးမျှော်လင့်ထားသူ တစ်ဦးပေါ့ ....။

"ကြီးပွားအောင်ကြိုးစား သား ....၊ မဟုတ်ရင် ပညာရပ်တစ်ခုခုမှာ အထူးချွန်ဆုံး ဖြစ်အောင်လုပ်၊ ဒါမှ လောကကြီးက အသိအမှတ်ပြု လက်ခံနိုင်တဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်၊ တော်ရုံအရည်အချင်းလောက်နဲ့ တော့ လောကကြီးထဲကို မဝင်စေချင်ဘူး၊ မဖြစ်ညစ်ကျယ် အရည်အချင်းနဲ့ လောကလှေကို လော်ခတ်သူအများ စုဟာ ရေလယ်ကောင်းရောက်တိုင်း တက်ကျိုးတတ်ကြတယ်၊ မလှော်ခင်တည်းက လှော်တက်ရဲ့

အရည်အသွေးကို နိုင်မာအောင် မတည်ဆောက်ထားတာဟာ ကိုယ့်ကိုယ်ကိုယ် မလေးစားခြင်း တစ်မျိုးပဲ သား ..."

တစ်ချိန်က အဖေဆုံးမခဲ့သော စကားတွေကိုပဲ ဦးတိန်ခိုက သူ့လက်ထက်မှာ ပြန်ဆုံးမတယ်၊ ခြေခင်းလက်ခင်းသာတဲ့ ည နေမျိုးမှာလည်း အဖေ့အကြောင်းတွေကို ဦးတိန်ခိုက အမှတ်ရဖွယ် ပြန်ပြောပြတတ်ပါတယ်။

အဖေဟာ အရမ်းကိုအလုပ်ကြိုးစားသူ တစ်ယောက်ပါတဲ့ ၊ တကယ်တော့ အဖေဟာ ဌာနေသားစစ်စစ် မဟုတ်ပါဘူး ... နရဒီပတိုင်းသား အဖေက ကုန်သွယ်လာရင်း သုဇလ္လဒီပတိုင်းသူ အမေနဲ့ အကြောင်းပါခဲ့ပါတယ်၊ ဌာနေသားစစ်စစ် မဟုတ်လေတော့ မျက်နှာစိမ်းတို့ အလယ်မှာ ဝင်ဆံ့ဖို့ အရေး အဖေအများကြီး ကြိုးစားခဲ့ရတယ်။ ။

အဖေရဲ့ ရိုးသားမှု၊ ကြိုးစားမှု၊ ဆုံးဖြတ်ချက် မှန်ကန်မှုတွေကြောင့် နှစ်အနည်းငယ် အတွင်းမှာ ဌာနေတိုင်းသားတွေနဲ့ အဖေ ရင်ပေါင်တန်းလာနိုင်ခဲ့တယ်၊ စိတ်ချအားကိုးထိုက်တဲ့ လက်အောက်ငယ်သားတွေလည်း ရလာတယ်၊ ဆယ်စုနှစ် အပိုင်းအခြားတစ်ခုကို ကျော်လွန်ပြီး သူ့ အရွယ်ရောက်လာစဉ်မှာ တော့ အဖေဟာ အစောလတ်မြို့ရဲ့ မြို့မျက်နှာဖုံး သူဌေးတစ်ဦး ဖြစ်လာခဲ့ပါပြီ။ ဒါပေမဲ့ အဖေရဲ့ ရှင်သန်မှုက အချိန်အကြာကြီး မရခဲ့ပါဘူး၊ ကိုယ်ထီးကိုယ်ထိုက် ...ကိုယ့်ပလ္လင်ကိုယ်ပြင်ပြီးစဉ်မှာ ပဲ နန်းမစံခင် နတ်ရွာစံသွားခဲ့ရတာပါ။

•••

အဖေဟာ တစ်ဦးတည်းသောသား သူ့ အတွက် ဥစ္စာဓနနဲ့ ပိုင်ဆိုင်မှုတွေကို လိုအပ်သည် ထက် ပိုလျှံလွန်မြောက်အောင် ထားသွားခဲ့တယ်၊ ဒါဟာ ဖခင်တစ်ယောက်ရဲ့ စွမ်းရည်နဲ့ သားသမီးအပေါ် အတိုင်းထက်အလွန် ချစ်ခင်မှုကို ပြသသွားတာဖြစ်သလို .... ငွေထုပ်ပိုက် ကျန်ရစ်ခဲ့မယ့် သားဖြစ်သူရဲ့ အရည်အချင်းကို စမ်းသပ်သွားတာလည်း ဖြစ်နိုင်ပါတယ်။

ပိုင်ဆိုင်မှုက အသပြာတစ်သိန်းထိုက်တယ်လေ၊ အသပြာတစ်သိန်း ကြွယ်ဝတဲ့ သူကြွယ်တစ်ဦး ဆိုတဲ့ အားက အဆောလတ်မြို့မှာ နန်းနွယ်ကို ထင်ပေါ်စေခဲ့တယ်၊ လူ့အသိုင်းအဝိုင်း ကို ခေါင်းမင့် အောက်ကျို့စရာမလိုပဲ ဝင်ဆံ့စေခဲ့တယ်။ မဆွတ်ခင်က ညွတ်ချင်သူတွေ ....ကိုးကွယ်လိုသူတွေ များ ပြားစေခဲ့တယ်၊ မြင့်မားသော နေရာတစ်ခုကို တိုးဝှေ့ လုယက်စရာမလိုဘဲ အလိုလိုရစေခဲ့တယ်၊ တစ်ခါတစ်ခါတော့လည်း သူ့ကို ပွဲလယ်တင့်စေခဲ့သော အဖေ့ကို လွမ်းလှပါတယ်။

"ဟာ .... သခင်လေး ပြန် လာပြီလား"

ပိုင်းထဲဝင်ဝင်ချင်း တံမြက်စည်းလှည်း နေတဲ့ သာအောင်က အရိုအသေပေးရင်း နှုတ်ခွန်းဆက်လာတယ်။

"အေး ...ပြန်လာခဲ့ပြီ မိုးညှင်းရော"

"ဈေးလှန်သွားတယ်၊ တံစဉ်လည်း ခါးကြားထိုးသွားတော့ မြားစာရိတ်ပြီးမှ ပြန်လာမယ် ထင်တယ်"

"ဪ ... အေး ...အေး"

မနက်အစောပင် ရှိသေးသော်လည်း ခြံဝိုင်းကြီးတစ်ခုလုံးက နှိုးထ အသက်ဝင်နေပါပြီ။

အိမ်ကိုရောက်တော့ မြင်းကုန်းနှီးကိုထမ်းပြီး လွယ်အိတ်ကို စလွယ်သိုင်းထွက်လာတဲ့ သတိုးနွယ်နဲ့ ဆုံတယ်၊ ပုံစံကြည့်ရတာ သတိုးနွယ်တစ်ယောက် မြင်းတစ်ကောင်နဲ့ ရွာစဉ်ပတ်ပြီး စပါးကြွေးတောင်း ထွက်တော့မယ်ထင်ရဲ့ ....

သူ့ကိုမြင်တော့ သတိုးနွယ်မှာ ကိုယ်ကိုယို့ပြီး

"သခင်လေးတောင် ရောက်ပြီပဲ၊ မီးဖိုခန်းမှာ သခင်လေးစားဖို့ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက် ဖုတ်ပေးခဲ့တယ်၊ ကျွန်တော်ကတော့ မိုးလေမဝင်ခင် ကြွေးတောင်းထွက်လိုက်ဦးမယ်ဗျာ"

"ဒီတစ်ခေါက် ကြာမှာ လား သတိုးနွယ်"

"ဆင်းရမယ့်ရွာများ တော့ တစ်ပတ်ဆယ်ရက်လောက်တော့ ကြာမယ်ထင်တယ် သခင်လေး"

"လမ်းစရိတ်ရော ငရဲ့ လား"

"ဦးနိုက အလုံအလောက် ပေးလိုက်ပါတယ်"

"အေး ...အေး"

ကိုယ်ကိုယို့လျက်မှ ပင် သတိုးနွယ် မြင်းစောင်းရှိရာဘက် ထွက်သွားပါတယ်၊ ပြီးခဲ့တဲ့ နှစ် စပါးပေါ်ချိန်တည်းက ကျန်နေသော ကြွေး မြီ များ မှာ ယခုနှစ် မုတ်သုံဝင်ကာနီးသည် ထိ မရတတ်သေးဘူးထင်ရဲ့ ၊ အေးလေ .... လယ်သမားဆိုတာကလည်း တစ်နှစ်နဲ့ တစ်နှစ် ပိုလျှံတယ် ရယ်လို့ မှ မရှိတာပဲ။

အိမ်ထဲကိုဝင်တော့ ပြတင်းတံခါးတစ်ခုရှေ့ ခုံပုလေးပေါ်မှာ ထိုင်လို့ ကျောက်တံ တတောက်တောက်နဲ့ ဦးတိန်နို စာရင်းတွက်နေတယ်။

"သား ... ညကပျော်ခဲ့ရဲ့ လား"

ကျောက်တံကိုချရင်း ကြည်လင်သောအပြုံးနဲ့ မေးလာတော့ ...။

"ဟုတ်ကဲ့... ပျော်ပါတယ် ဦးနို"

အိပ်ရေးဝလို့ လားမသိ .... ဦးတိန်နိုမျက်နှာမှာ ပြည့်တင်း လန်းဆန်းလို့ နေတယ်၊ သူ့ အဖြေစကားကြောင့် ကျေနပ်စွာလည်း ပြုံးတယ်။

"သတိုးနွယ်တော့ ရွာတွေဘက် ကြွေးတောင်းထွက်သွားတယ်၊ သားအတွက် ကောက်ညှင်းပေါင်း ထားပေးခဲ့တယ် ဆိုလားပဲ၊ ဦးနို ခူးခိုင်းလိုက်ရမလား"

"မစားချင်သေးဘူး ဦးနို၊ ကိုယ်လက်သန့်စင်ပြီး တစ်မှေးလောက် ဖြစ်ဖြစ် အိပ်လိုက်ဦးမယ်၊ အိပ်ရာနိုးမှ ပဲ စားတော့မယ်"

"ဩော် ... အေးအေး"

ဦးနိုက နားလည်စွာ ခေါင်းညိတ်ပြတယ်၊ ဒါနဲ့ ပဲ သူ့ရဲ့ အိပ်ခန်းလေးရှိရာဆီ အဆောင်ဆောင် အခန်းခန်းကို ကျော်ဖြတ်လို့ လျှောက်ခဲ့လိုက်တယ်၊ အထဲရောက်တော့ တစ်ညလုံး အနားမရသေးတဲ့ ခန္ဓာကိုယ်ကို အိပ်ရာပေါ်ပစ်တင်ရင်း စိတ်ကို လျှော့ချထားလိုက်တယ်။

ခဏချင်းပဲ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေအားလုံး ပျော့ပျောင်းသွားသလိုလည်း ခံစားမိလိုက်တယ်။ ဒါပေမဲ့ ထိုအခိုက်အတန့်ဟာ သိပ်မကြာခဲ့ပါဘူး၊ အကြောင်းကတော့ သူ့ အသိအာရုံထဲကို ကကြိုးတွေ ဝေနေတဲ့

ရွှေရောင်ယမင်းရုပ်လေးတစ်ရုပ် ရောက်လာလို့ ပါ။

ရုတ်ခြည်း.... နှင်းတွေ တသောသော ဝေလာသလို နှလုံးသားက ခံစားမိလိုက်တယ်၊ ရင်မှာ စိမ့်အေးသွားသလို အသက်ရှူလည်း လတ်ဆတ်လာပါတယ်။

အင်း ....

အိပ်ပျော်ဖို့ အရေးတော့ ခက်ချေတော့မယ်ထင်ရဲ့ ....။

*****

(၂)

"နန်းနွယ် .... ဒီည ငါတို့ မင်းသမီးနဲ့ ဝင်တွေ့ရအောင်"

"ဟေ ...."

"စင်နောက်ဝင်ပြီး မင်းသမီးနဲ့ စကားသွားပြောရအောင်ကွာ"

စောဖြူ နောက်များ နောက်နေသလား ဝေခွဲမရ ဖြစ်မိသော်လည်း ပုံစံက ထက်သန်စိတ်တွေနဲ့ တဖိတ်ဖိတ် လက်နေတာပါ။

"မဖြစ်နိုင်တာ"

"ဘာလို့ မဖြစ်နိုင်ရမှာ လဲကွ၊ တို့ က ဒီမြို့ရဲ့ သူဌေးတွေပဲ၊ ငါတို့ လာတွေ့လို့ သူတို့ တောင် ဂုဏ်တက်နေဦးမယ်"

စောဖြူက အတည်ပေါက်ကိုပြောနေသော်လည်း သူ့မှာ တော့ မယုံမရဲပါ၊ ဒါမျိုးဝင်တွေ့ လို့ ရတယ်ဆိုစည်း တစ်ခါမှ မကြားဖူးဘူးလေ။

"သူတို့ ဇာတ်ဆရာက ငွေမက်တယ် ကြားတယ်ကွ၊ အဲတော့ အဆင်ပြေမှာ ပါ"

စောဖြူစကားကို သူ နားမလည်ပါဘူး၊ ခုပုံတိုင်းဆို မနေ့ညက ယမင်းသူဇာဆိုတဲ့ ရွှေမင်းသမီးကို ရူးရူးမူးမူး စွဲလမ်းသွားခဲ့တာ သူတစ်ယောက်တည်း မဟုတ်ဘူး ပေါ့ ၊ စောဖြူလည်း ပါနေတယ်ပေါ့၊ ဘာမှ မဆိုင်ပါဘဲ ....စိတ်ထဲမှာ အလိုလို လေးသွားမိတယ်။

ဇာတ်ပွဲဆီလျှောက်နေတဲ့ ခြေလှမ်းတွေတောင် အသက်မပါတော့သလိုပါပဲ။ ဇာတ်ရုံနဲ့ နီးလာတော့ ....

"မင်းမှာ အသပြာ ဘယ်လောက်ပါလဲ နန်းနွယ်"

"နှစ်ရာလောက်တော့ပါတယ်၊ ဘာဖြစ်လို့ လဲ"

"ငါလည်း အဲလောက်ပါတယ်၊ ငါ့ကို တစ်ရာ့ငါးဆယ်ပေး"

စောဖြူက ပြောလည်း ပြော ခါးကြားမှ အသပြာအိတ်ကိုလည်း ဆွဲထုတ်လိုက်ပါတယ်၊ ပြီးတော့ ပါလာတဲ့ အသပြာတွေကို လက်ဝါးပေါ်သွန်ချရင်း ရေတယ်။ စောဖြူလုပ်ရပ်ကို ကြောင်ကြည့်နေဆဲမှာ ပဲ ....

"ဘာကြည့်နေတာလဲ ပေးလေ"

ဒီတစ်ခါလည်း နားမလည်ပြန်ပါဘူး ...၊ သို့သော်လည်း စောဖြူတောင်းတဲ့ အတိုင်း ပါလာတဲ့ အသပြာတွေထဲက တစ်ရာ့ငါးဆယ်ကိုရေပြီး စောဖြူလက်တွင်း ထည့်ပေးလိုက်တယ်၊ စောဖြူက သူပိုင် တစ်ရာ့ငါးဆယ်နဲ့ နန်းနွယ်ပေးတဲ့ တစ်ရာ့ငါးဆယ်ကို ပေါင်းပြီး ကတ္တီပါအိတ်တစ်ခုအတွင်းမှာ ထည့်တယ်၊ ပိုတာတွေကို နောက်တစ်အိတ်ထဲထည့်ပြီး ....

"ရော့ ....ပိုတာကို ငါတို့ နှစ်ယောက် ဒီညသုံးကြမယ်"

စောဖြူပေးသောအိတ်ကို ကြောင်စီစီနဲ့ လှမ်းယူမိတော့ ....

"ဇာတ်စင်နောက်ကိုဝင်ပြီး ယမင်းသူဇာကို ငါတို့ ဆုသွားချမယ်၊ အသပြာသုံးရာဆိုတာ သူတို့ နှစ်ညစာ ပွဲကကြေးထက် ပိုပါတယ်ကွာ၊ ငါတို့ နှစ်ယောက်ကို သူတို့ တွေ ဝမ်းပမ်းတသာ ကြိုဆိုကြမှာ ပါ"

ခုမှ ပဲ စောဖြူ အကြဲကို ရိပ်မိတော့တယ်၊ ဒီလိုဆိုရင်ဖြင့် မဆိုးပါဘူး .... စောဖြူအကြဲက အလုပ်ဖြစ်လောက်တယ်။

ဒါနဲ့ ပဲ တခြားသူတွေနဲ့ ရောလို့ သူတို့ နှစ်ဦး ဇာတ်ရုံတွင်း ဝင်သွားလိုက်ပါတယ်၊ ဇာတ်စင်ရဲ့ ညာဘက်အစွန်းနားမှာ က စင်နောက်ဝင်ဖို့ လိုက်ကာဆွဲထားတဲ့ ဝင်ပေါက်လေးတစ်ခု ရှိနေတယ်၊ ဒါဟာ သူတို့ ပွဲကြည့်သူတွေနဲ့ တင်ဆက်သူတွေကြား ကာရံထားတဲ့ စည်းပါးလေးပေ့ါ၊ ဝင်ပေါက်ဘေးမှာ အဆီတဝင်းဝင်းလက်နေတဲ့ သပိတ်ရောင်အသားအရေနဲ့ လူတစ်ဦးထိုင်နေတယ်၊ တည့်တည့်လျှောက်လာတဲ့ သူတို့ နှစ်ဦးကိုမြင်တော့ တာဝန်ကျေလွန်းသော ဟန်ပန်အမူအရာ တွေနဲ့ .....

"ဘယ်သူနဲ့ တွေ့ချင်လို့ လဲ"

"ကျုပ်တို့ က ဒီမြို့ရဲ့ မျက်နှာဖုံး သူဋ္ဌေးတွေပါ၊ ညတုန်းက ကပြဖျော်ဖြေသွားတဲ့ မင်းသမီးကို သဘောကျလို့ ဆုလာချတာ"

စောဖြူက အသပြာအိတ်လေးကိုပါမြှောက်ရင်း ထိုလူမြင်အောင် ပြလိုက်တယ်၊ မျက်တောင် တစ်ခတ်စာလောက်ပဲ ကြာမယ်ထင်ရဲ့ ၊ တာဝန်ကျေလွန်းသော ဟန့်ပန်နဲ့ ပုဂ္ဂိုလ်မှာ ချက်ချင်း အမူအရာပြောင်းသွားပြီး ....

"သူဋ္ဌေးမင်းတို့ ခဏပဲစောင့်ပေးပါ၊ ကျုပ် ဇာတ်ဆရာကို ခုပဲဝင်ပြောပေးပါ့မယ်"

လိုက်ကာကို မပြီး အတွင်းကို သုတ်သုတ် ဝင်သွားပါတယ်၊ စောဖြူက မချိုမချဉ်ပြုံးရင်း သူ့ကိုကြည့်လာတယ်၊ "မြင်တယ်မလားဆိုတဲ့ ပုံစံမျိုးပေ့ါ ...။ အဆင်ပြေတော့လည်း ကောင်းတာပါပဲ၊ မကြာပါဘူး...နှုတ်ခမ်းမွှေးစစနဲ့

ဇာတ်ဆရာဖြစ်ဟန်တူသူ ထွက် လာပြီး.....။

"ကျွပ် ယမင်းသူဇာ ဇာတ်အဖွဲ့ ရဲ့ ဇာတ်ဆရာ သောင်းတန်ပါ၊ သူဌေးမင်းတို့ ကြွပါခင်ဗျာ ...ကြွပါ၊ ကျုပ်တို့ ယမင်းသူဇာ ဇာတ်အဖွဲ့ကြီးကနေ သူဌေးမင်းတို့ ကို ကြိုဆိုပါတယ် ...."

လိုက်ကာကို အပေါ်ပင့်တင်ပေးရင်း ဇာတ်ဆရာဆိုသူက ဦးညွှတ်ကာ ဆိုလာပါတယ်၊ အလွန်တရာမှ ယဉ်ကျေးပျူငှာလွန်းနေတာကြောင့် သူတို့ နှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်တယ်။ အပြင်မှာ တခြားပွဲကြည့်သူတွေလည်း ရှိနေတာမို့ ဇာတ်ဆရာက အဝမှာ သိပ်ကြာကြာ ရပ်စေချင်ပုံမရပါဘူး၊ ဆုတော်လာဘ်တော် ကိစ္စကိုလည်း သိုသိုသိပ်သိပ် ဖြစ်စေချင်ပုံရတယ်။

"ကြွပါခင်ဗျာ၊ အထဲမှာ သူဌေးမင်းတို့ ကို ညွှေ့ခံဖို့ အတွက်လည်း ပြင်ထားပါတယ်"

စ ကား မ ဆုံး ခ င် မှာ ပဲ စောဖြူက အတွင်းကို ခေါင်းငုံ့ပြီး ဝင်သွားတယ်၊ ဒီလိုဆိုတော့လည်း သူ့အတွက်က လိုက်ဝင်ရုံအပြင် ပိုမရှိတော့ဘူးလေ၊ လုံးလုံးလျားလျား အတွင်းရောက်သွားစဉ် မှာ တော့ မြင်ရတဲ့ မြင်ကွင်းကြောင့် ကိုယ့်မျက်လုံးကိုယ်တောင် မယုံမကြည် ဖြစ်သွားရတော့တယ်။

အလွန်တရာမှ သေးကျဉ်းပွေလီလှသော ကမ္ဘာငယ်လေးတစ်ခု ....၊ မီးရောင်က လင်းတစ်ဝက် မှောင်တစ်ဝက်ဖြစ်နေတယ်။ အဖွဲ့ တစ်ခုလုံးရဲ့ ဝန်စည်စလယ်တွေ၊ အဆင်တန်ဆာ အသုံးအဆောင်နဲ့ အိုးခွက်ပန်းကန်တွေ၊ အိပ်ရာခင်းနဲ့ အထုပ်အပိုးတွေ၊ ချိတ်ဆွဲထားတဲ့ ပြောင်လက်လက် အဝတ်တန်ဆာတွေ၊ သီချင်းညည်းသံသဲ့သဲ့နဲ့

ကလေးငိုသံ၊ မှို နံ့၊ ချွေးနံ့ ၊ အပေါစား အမွှေးနံ့သာနံ့ ၊ ဟင်းကျန်ထမင်းကျန်နံ့ ....စတာစတာတွေနဲ့ ပိတ်လှောင်မှု ကမ္ဘာငယ်လေးထဲမှာ နန်းနွယ်အတွက် အရာရာက ညစ်ညူးဖွယ်တွေ လှိုင်လှိုင်ထွက်နေလေရဲ့ .....။ တစ်နေရာရောက်တော့ ....

"သူဌေးလေးတို့ ထိုင်ပါခင်ဗျ"

ဆိုင်းသေတ္တာကြီး သုံးလုံးကိုပူးပြီး ဖျာနွမ်းနွမ်းလေးတစ်ချပ်တင်လို့ ဧည့်ခံရာနေရာအဖြစ် ခြေခင်းလက်ခင်းသာအောင် အဖြစ်သဘောလေး ဖန်တီးထားတယ်၊ အလယ်မှာ ရေတကောင်း တစ်အိုးနဲ့ ထန်းလျက်ပန်းကန်လေးကိုလည်း ချထားရဲ့ ၊ ဇာတ်ဆရာက ဦးဆောင်ဝင်ထိုင်တော့ သူတို့ နှစ်ဦးလည်း နီးစပ်ရာမှ ဝင်ထိုင်လိုက်ရတယ်။

ထိုင်ပြီးပြီးချင်းပဲ ဆိုင်းသေတ္တာများကြား။ လိုက်ကာများကြား၊ ထရံပေါက်များကြားမှ စူးစမ်းသလို အကြည့်တွေ သူတို့ နှစ်ဦးထံ တဒိုင်းဒိုင်းရောက် လာပါတော့တယ်။ လိုက်ကာလေးလှန်လိုက် ... ခေါင်းလေးပေါ်လာလိုက်နဲ့ ....ပေါ်ပေါ်တင်တင်လည်း မဟုတ်လေတော့ သူ့ မှာ မနေတတ်မထိုင်တတ်ကိုဖြစ်လို့ ၊ နောက်ဆုံးတော့ ခေါင်းသာ ငုံ့ထားလိုက်မိပါတယ်။

ဇာတ်သူဇာတ်သားတို့ ဘဝမှာ ဒီလိုပါလားဆိုပြီးတော့လည်း စိတ်မကောင်းဖြစ်မိတယ်၊ ရွှေပွဲလာတွေဘဝင်ကျအောင် စင်ပေါ်မှာ မီးကုန်ယမ်းကုန် သည်းသည်းထန်ထန် ဖျော်ဖြေရပေမဲ့ ကန့်လန့်ကာရဲ့ နောက်ကွယ်မှာတော့ သူတို့ဟာ ပင်ပန်းလွန်းလှပါတယ်၊ ကိုယ်ချင်းလည်း စာမိတယ်။

"ဟဲ ...မိသင်း ယမင်းသူဇာကို လွှတ်လိုက်စမ်း၊ ဒီက သူဌေးလေးတို့

က သူဖျော်ဖြေတာကို သဘောကျလို့ ဆုလာ ချတယ်လို့ ...."

ခန်းဆီးစလေးတစ်စ လှပ်သွားတယ်၊ ပြီးတော့ ခြေဆောင့်သွားသံ တစ်ခုကို မသဲမကွဲ ကြားရတယ်။ ခြေသံတွေ ထပ်နေတယ်လို့ တော့ ထင်မိသား ....၊ ဘာကြောင့်မှန်းမသိ သူ့ရင်တွေ အခုန်မြန်လာပါတယ်။

ထို ခ ဏ မှာ ပဲ နူးညံ့သော ခြေသံလေးနဲ့ အတူ ရှင်မတောင် သနပ်ခါးနံ့လေးတစ်ခု အနားကို ဝေ့ဝဲရောက်ရှိလာတယ်။

" ဩော် ...."

လှပါတယ် ....မနေ့က အတိုင်းပါပဲ.....၊ အနီးကပ်တွေ့ရတော့ ပိုလို့ တောင် ရင်ခုန်ရပါသေးတယ်၊ မကြာခင် ·ပွဲစတော့မှာ မို့ ဖြိုးလိမ်းပြင်ဆင်ကာထားတယ်၊ ဒါပေမဲ့ စင်ပေါ်တက်မယ့် မင်းသမီး အဝတ်အစားနဲ့ တော့ မဟုတ်ပါဘူး၊ နယ်တကာလှည့်ပြီး ပုရိသတွေရဲ့ ညကို သိမ်းပိုက်မယ်ဆိုရင်လည်း သိမ်းပိုက်လောက်ရဲ့

နဖူး၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း.....အိုး..... အားလုံးအားလုံးက ဘယ်နေရာမှ ထောက်ချက်မရှိအောင်ကို လှနေတာပါ၊ အတန်ကြာ ငေးသွားမိသောသူ့ကို သတိထားမိသွားလား မသိပါဘူး

"ဟုတ်ကဲ့ရှင့်"[

ဒီတော့မှ ပဲ စိတ်နဲ့ လူ ပြန်ကပ်မိပြီး ရှက်ရယ်ရယ်ဖြစ်တယ်။

"အဟင်း ...."

ထိုစဉ်မှာ ပဲ ဇာဖြူရဲ့ အခန်းကဏ္ဍက စလို့ လာတယ်။

"ညက အစ်ကိုတို့ နှစ်ယောက်လုံး မိုး... မိုးစင်စင်လင်းမှ

ပြန်ကြတာ၊

နှမကတာ တော်တော်ကောင်းတယ်"

"ဟုတ်ကဲ့ ...."

"လှလည်း လှတယ် ..."

ပါး အို့ လေး နှ စ် ဖ က် မှာ လှပ်ခနဲရဲပြီး ရှက်ပြုံးနဲ့ အတူ ခေါင်းငုံ့သွားပါတယ်၊ ချစ်ဖို့ ကောင်းလိုက်တာလေ၊ ရဲတင်းလွန်းသော စောဖြူစကားကြောင့် နန်းနွယ် အားနာမိလိုက် သော်လည်း ဇာတ်ဆရာကတော့ တဟဲဟဲ ရယ်နေပါတယ်။

"နှမဖျော်ဖြေတာကို နှစ်သက်လို့ အစ်ကိုတို့ သူငယ်ချင်းနှစ်ယောက် ဆုလာချတာပါ"

လက်ထဲက အသပြာထုပ်လေး ရှေ့တိုးပေးတော့ .... အားနာဟန် အကြည့်လေးတစ်ခု နှစ်ဦးစလုံးဆီကို ရောက်လာတယ်၊ မဝံ့မရဲဟန်ပန်နဲ့ ဇာတ်ဆရာကိုလည်း လှမ်းကြည့်တယ်။

"ယူပါ ...."

စောဖြူက ထပ်မံတိုက်တွန်းပေမဲ့ သူမကတော့ ခေါင်းငုံ့ကာထားဆဲပါပဲ၊ အခြေအနေကို သဘောပေါက်တဲ့ ဇာတ်ဆရာက အတွေ့အကြုံရှိသူပီပီ ဝင်ထိန်းတယ်"

"ယူ လိုက်လေ ယမင်းသူဇာရဲ့ ၊ တို့ အနုပညာသည် ဆိုတာ ကိုယ့်ကိုချစ်လို့ ပေးသနားတာကို မငြင်းကောင်းဘူး"

"ဆုချတာပါ ..."

နန်းနွယ်ရဲ့ ချေပအပြောကြောင့် ဇာတ်ဆရာမှာ ချိုးတက္ကစာလောက်

ကြောင်အမ်းသွားတယ်၊ ပြီးမှ ပျာပျာသလဲဖြင့် ....။

"ဟုတ်ပါတယ် ....ဟုတ်ပါတယ်၊ ဒီကသူဌေးလေးပြောတာ ဟုတ်ပါတယ် .... ကျွန်တော်လည်း ယမင်းသူဇာ နေရခက်မှာ စိုးလို့ တိုက်တွန်းတဲ့ သဘော ပြောမိသွားတာပါ၊ ယမင်းသူဇာ ...သူဌေးလေးတို့ ဆုချတာကို ယူ လိုက်လေကွဲ့၊ အားနာစရာ ...."

ဒီတော့မှ သာ သက်ပြင်းလေးကိုချပြီး မယူမဖြစ်ပုံစံမျိုးနဲ့ အသပြာထုပ်ကို မဆိုသလောက်လေး သူမဘက် ဆွဲလိုက်တယ်၊ ဇာတ်ဆရာက အောက်ကျို့ အားနာစွာ သူတို့ နှစ်ဦးကို ပြုံးပြရင်း ချက်ချင်းပဲ စကားလမ်းကြောင်းကို ပြောင်းပစ်တယ်။

"သူဌေးလေးတို့ က ဒီမြို့ကပဲ ထင်တယ်"

"ဟုတ်တယ်၊ အဆောလတ်မြို့ကပဲ"

"သူဌေးလေးတို့ မြို့က ဇာတ်ပွဲကြိုက်တယ် ထင်တယ်နော် အားပေးလိုက်တာမှ ကြိတ်ကြိတ် တိုးပဲ၊ မနေ့ကထက်တောင် ဒီည လူပိုဝင်မယ်ထင်တယ် "

ဇာတ်ဆရာက ဂုဏ်ယူသလို (သို့) ကျေးဇူးတင်သလို လေသံမျိုးနဲ့ ပြောပါတယ်။

"ဇာတ်ပွဲကြိုက်တာထက်၊ ပျော်ပွဲရွှင်ပွဲရှားတာက အဓိကပါ ...."

"ကျုပ်တို့ သုဇလ္လဒီပပြည်ကြီးကိုက ပွဲတော်နည်းပါးတော့ ကြုံတုန်းဆုံတုန်း စိတ်ကို လွတ်လပ်မှုပေးကြတဲ့ သဘောပါ"

"အေးဗျာ ...ရွှေနန်းရှင်က ပြည်သူတွေ အပျော်အပါး မမက်အောင် ကြိုးဆောင်ပေမဲ့ ဒီအလုပ်နဲ့ အသက်မွေးရတဲ့ ကျုပ်တို့ တွေတော့ မလွယ်ဘူးဗျို့၊ သိတဲ့ အတိုင်းပဲ နောက်လ ကွယ်ပြီးရင်ဖြင့် မိုးကဝင်ပြီ၊

မိုးဝင်ရင် ကျုပ်တို့ ဇာတ်အဖွဲ့တွေ နားရတော့မှာ၊ နောက်နှစ် သီတင်းကျွတ် တန်ဆောင်မုန်း မိုးလေကင်းလွတ်မှ ပဲ လုပ်ငန်းပြန်စရမှာ ဆိုတော့ သုဓလ္လဒီပမှာ အပျော်ကလည်း နည်း၊ ရာသီဥတုကလည်း အကန့်အသတ်နဲ့ ဆိုတော့ ကျုပ်တို့ မှာ မလွယ်လှဘူး ဗျို့....."

ဇာတ်ဆရာက ခပ်ညည်းညည်း ဆိုလာတယ်၊ သို့သော်လည်း ဇာတ်ဆရာမျက်နှာမှာ တော့ အပူပင် ကြီးကြီးမားမားကို မတွေ့ရဘူး၊ ပြုံးလို့ ပျော်လို့ ပါပဲ။

"ဒါနဲ့ ဇာတ်အဖွဲ့ နာမည်က ယမင်းသူဇာပဲနော် ...."

"ဟုတ်တယ်ဗျို့ ၊ ကျုပ်တို့ အသိုင်းအဝိုင်းမှာ တော့ သူက နာမည်ကြီးပဲလေ၊ အဲဒါကြောင့် အဖွဲ့နာမည်ကိုလည်း ယမင်းသူဇာလို့ ပဲ ပေးလိုက်တာ၊ ကျုပ်တို့ ယမင်းသူဇာက နာမည်ကြီးမယ် ဆိုလည်း ကြီးလောက်ရဲ့ မဟုတ်လားဗျ ....ဟင်း ...ဟင်း"

ဒီတစ်ခါတော့ စောဖြူပါ ဇာတ်ဆရာနဲ့ အတူ လိုက်ရယ်တယ်၊ ယမင်းသူဇာ မသိပေမဲ့ သူကတော့ ကြားထဲကနေ မျက်နှာပူသွားမိတယ်၊ သူစိမ်းအမျိုးသား နှစ်ဦးရှေ့ ဇာတ်ဆရာ ချီးမွမ်းပုံက နည်းနည်းလွန်ကဲလွန်းတယ် ထင်မိတယ်လေ။

"ကဲပါ ...၊ သူဌေးလေးတို့ လည်း မင်းသမီးနဲ့ စကားပြောကြဦး၊ ပွဲ စ တော့ မှာ ဆိုတော့ ကျုပ်လည်း စိစဉ်စရာရှိတာတွေ သွားစီစဉ်လိုက်ဦးမယ်"

လူချည်းတွက်သွားတာတော့ မဟုတ်ပါဘူး ...၊ မင်းသမီးရှေ့က အသပြာထုပ်ကိုပါ တစ်ခါတည်း သိမ်းသွားတာပါ၊ ဇာတ်ဆရာမရှိတော့ စောဖြူမှာ ပိုပြီးအကြိုက်တွေ့ သွားပုံရကယ်။

"ယမင်းသူဇာတို့ က နက်ဖြန်တစ်ည ကဖို့ ကျန်သေးတယ်နော်"

"ဟုတ်တယ်ရှင့် သူဇာတို့ နက်ဖြန်ည ကရဦးမှာ "

ဪ ...သူဇာတဲ့ လား၊ ရင်ထဲမှာ လှိုက်ခနဲ တုန်ခါသွားတယ် ....။

ကိုယ့်ကိုယ်ကိုယ် သုံးနှုန်းသွားပုံလေးက ပကတိအခြေအနေနဲ့ လိုက်ဖက်လွန်းလိုက်တာလေ ....။

"ပြီးရင် ဘယ်ကို ပွဲဆက်ရဦးမှာ လဲ"

"ဒီနှစ်အတွက်တော့ ဒါနောက်ဆုံးပွဲပဲ ထင်တယ်၊ မိုးက ဝင်တော့မှာလေ၊ နေပြည်တော်ပဲ ပြန်ရမှာ ပါ"

"သူဇာတို့ က နေပြည်တော် ဘယ်အရပ်မှာ နေတာလဲ"

"သဘင်တန်းမှာ ပဲ နေတာပါအစ်ကို၊ နေပြည်တော်ရောက်ရင် ဝင်လည်လေ၊ ယမင်းသူဇာ ဇာတ်အဖွဲ့ ဆိုရင် သဘင်တန်းမှာ မသိသူမရှိလောက်ပါဘူး"

"လ ည် မှာ လ ည် မှာ စိတ်ချနှမ၊ မရောက်ရောက်အောင်ကို လာလည်မှာ ...ဟင်း ...ဟင်း"

စောဖြူရဲ့ စကားနဲ့ ဟန်ပန်ပုံကြောင့် သူပြုံးသွားတယ်၊ အတွေ့အကြုံဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့ ....။

"အစ်ကို့နာမည်က စောဖြူတဲ့ ၊ ဒါကတော့ နန်းနွယ်လို့ ခေါ်တယ် ... မှတ်ထားဦးနော်၊ သူဇာတို့လို နာမည်ကြီးမဟုတ်လေတော့ မေ့သွားမှာ စိုးရတယ်"

"အို ....အစ်ကိုကလည်း မဟုတ်တာ .... နာမည်ကြီး မဟုတ်ပေမဲ့ အစ်ကိုတို့ က သူဌေးတွေပါ နော်၊ အဆောလတ်မြို့သူ အပျိုချောတွေ

ပါးစပ်ဖျားမှာ တော့ အစ်ကိုတို့ က ရေပန်းစားမှာ ပါ"

ဘဝင်ပဲ လေဟပ်တာလား ... ကိုယ့်ကိုယ်ကိုယ်ပဲ ကျေနပ်သွားတာလား မသိဘူး၊ စောဖြူ တဟဲဟဲ ရယ်သွားတယ်။

"သူဇာပြောတာ ဟုတ်တယ်မလား"

"အဲလိုလည်း မဟုတ်ပါဘူး သူဇာရဲ့ ၊ ဟဲ ...ဟဲ ....မဟုတ်ပါဘူး"

မျက်စောင်းလေးထိုး၊ နှုတ်ခမ်းလေးမဲ့လို့ စောဖြူကို စနေတဲ့ ပုံစံကို ကြည့်ပြီး စိတ်ထဲမှာ မချင့်မရဲ ဖြစ်လာရတယ်။ စောဖြူကတော့ အကျေနပ်ကြီး ကျေနပ်ကာ ရယ်လို့ မဆုံးတော့ပါဘူး၊ ပြီးမှ သူ့ကို တစ်ချက်လှမ်းကြည့်ပြီး ဘယ်လိုသဘောပေါက်သွားတယ် မသိဘူး။

"ကဲ .... အစ်ကိုပြောတာတွေ များ နေပြီ၊ နန်းနွယ်နဲ့ တစ်လှည့်ပြောလိုက်ပါဦး၊ အစ်ကို ဓာတ်ဆရာဆီ ခဏသွားလိုက်ဦးမယ်"

ကောက်ခါငင်ကာ စောဖြူထထွက်သွားပါတယ်၊ မသွားခင် ယမင်းသူဇာကို ကြည့်သွားတဲ့ စောဖြူအကြည့်ကိုတော့ သူ သရိုးသရည် ဖြစ်မိတယ်။ ဒိုသော်လည်း သူနဲ့ ယမင်းသူဇာတို့ နှစ်ယောက်တည်း ထားသွားပေးတဲ့ အတွက်တော့ ကျေးဇူးတင်လို့ မဆုံးပါဘူး။

တကယ့်တကယ်ကျတော့လည်း နန်းနွယ်ခမျာ ဘာပြောလို့ ပြောရမှန်း မသိဘူးဖြစ်နေတယ်၊ ဘာရယ်မဟုတ် မော့ကြည့်မိတော့ ...သူ့ကို ပြုံးကဲ့တဲ့ကြည့်နေတဲ့ ယမင်းသူဇာအကြည့်နဲ့ ဆုံတယ်၊ ယောင်အအ သူ့ပုံစံက ပြုံးရယ်စရာ ကောင်းနေတယ်ထင်ရဲ့ ၊ ရုက်မောင် ရုက်မိသွားသလားပဲ။

"အစ်ကိုနန်းနွယ်က စကားနည်းတယ်ထင်တယ်နော်"

အလိုက်သိစွာ မင်းသမီးဘက်ကပဲ စကားစလာတော့ ....

"အင်း .... အဲ ....ဟိုဟာ .... အဲလိုဖြစ်နေတာလား"

ရယ်ချင်ပက်ကျိ အပြုံးလေးနဲ့ နှုတ်ခမ်းကိုကိုက်ရင်း ခေါင်းညိတ်ကာ...

"သူဇော့ကြောင့်လား"

ဇောချွေးနည်းနည်း ပြန်လာတယ် ထင်မိတယ်။

"ဟုတ်မယ်ထင်တာပဲ"

"ဒါဆို သူဇာက စကားမပြောရဲစရာ မိန်းမကြီးပေါ့"

"အဲလို မဟုတ်ဘူး လေ၊ ဟို ... ဘယ်လိုပြောရမလဲ... ကျွန်တော်ကိုယ်တိုင်ကိုက သူစိမ်းမိန်းကလေး တစ်ယောက်နဲ့ အခုလို နှစ်ယောက်တည်း စကားမပြောဘူးလို့ ပါ"

"ဟယ် ...တကယ်ကြီးလား"

လိမ်ပြောခြင်း မဟုတ်သည် မို့ ရိုးရိုးလေးပဲ ခေါင်းညိတ်ပြမိပါတယ်။

သူမကလည်း နာမည်ကြီး အကမင်းသမီး တစ်ယောက်လို့ မပြောရပါဘူး၊ သူ့ဟန်ပန်ကို ခဏချင်းပဲ အကဲခတ်လိုက်နိုင်တယ်။

"ဟုတ်ပါတယ်လေ ...အစ်ကို့ပုံစံက သိသာနေတယ်၊ သူဆီလာတာလည်း ဟိုတစ်ယောက် ခေါ်လို့ ပါလာတာမလား ...."

"အဲဒါတော့ နှစ်ဦးသဘောတူလာကြတာပါ ...."

"သူစိမ်းမိန်းကလေးနဲ့ နှစ်ယောက်တည်း စကားအတူမပြောဖူးတဲ့ အစ်ကိုနန်းနွယ်က သူဇော့ဆီလာတယ်ဆိုတော့ သူဇာဂုဏ်ယူရမှာ ပေါ့ နော်"

နန်းနွယ် ရယ်မိသွားသလားပဲ၊ မင်းသမီးကလည်း သဘောကျကာ တိုးတိုးရယ်တယ်၊ ပါးချိုင့်လေးနှစ်ဖက်အောက်က အပြစ်ကင်းမှုတွေပါ မြင်ရတော့ သူ့ရင်ထဲ နွေးသွားလိုက်တာလေ၊ တစ်ဆက်တည်းဆိုသလို မင်းသမီးရဲ့ ဥပဓိရုပ်နဲ့ အလုပ်အကိုင်ကိုလည်း အနည်းငယ် သံသယဝင်မိသွားတယ်။

ကျွမ်းကျင်လို့ မဟုတ်ပေမဲ့အဖေပေးခဲ့သော ပညာတွေအရ ဒီရုပ်ဒီရည်ဟာ တစ်ထီးတစ်နန်းနဲ့ စံပယ်ထိုက်တဲ့ ရုပ်ရည်မျိုးပါ၊ နဖူးနေဟန် ကောင်းတယ်၊ ဆံစပ်ရှင်းပြီး ဆင်ဦးကင်းဆန်တယ်၊ နောက်ပြီး နားရွက်တည်နေပုံ၊ လည်တိုင်ကြော့ကြော့မှ ဖြာဆင်းသွားသော ကိုယ်နေဟန်ထား .... ဒီလိုဖြစ်တည်မှုမျိုးက ဘာကြောင့်များ ပင်ပင်ပန်းပန်း ကပြဖျော်ဖြေရတဲ့ ဇာတ်မင်းသမီး ဖြစ်နေရတာလဲ၊ အတိတ်ကံ မကောင်းလို့ ပဲလား (သို့) ပစ္စုပ္ပန်ကံပဲ ပိတ်ဖုံးကွယ်ကာ နေတာကြောင့်လား ...။

မမေးသင့်ပေမဲ့ စကားတစ်ခွန်း နှုတ်မှ လှစ်ခနဲ ထွက်သွားမိတယ်။

"ဇာတ်မင်းသမီးလုပ်ရတာ သူ့ဇာပျော်ရဲ့ လားဟင်"

ကွက်ခနဲ မျက်နှာပျက်သွားတယ်။

"ငယ်ငယ်ကတော့ ပျော်တယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး မပျော်တော့ဘူး"

"ဘာဖြစ်လို့ လဲ"

ပြန်မဖြေပါဘူး၊ မျက်နှာမှာ ချက်ချင်းညှိုးရော်သွားပြီး တစ်နေရာကို ငေးသွားတယ်၊ သူမ ငေးသွားတာက စောဖြူနဲ့ စကားပြောနေတဲ့ ဇာတ်ဆရာဆီကိုပါ၊ ပြီးတော့ သက်ပြင်းတစ်ခုနဲ့ အတူ

မျက်လွှာကိုပါချပြီး ခေါင်းငုံ့သွားလေရဲ့ ....

ထို့နောက်မှာတော့ သူတို့ နှစ်ဦးကြားမှာ ပြောစရာစကားတို့ အနိုက်အတန့် မဲ့သွားပါတယ်၊ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရုံကလွဲပြီးလည်း အခြားမရှိတော့ဘူးလေ၊ ဘာကြောင့်များ သူမ စိတ်သောကရောက်စေမယ့် မေးခွန်းမျိုး မေးမိသွားပါလိမ့်။

တိတ်ဆိတ်မှုကို ဖြိုခွင်းပေးလိုက်သူကတော့ စောဖြူပါ။

"ငါတို့ ပြန်ရအောင် နန်းနွယ်၊ ရှေ့မှာ ပွဲစနေပြီ"

"ဩော် ...အေး ...သွားလေ"

တအုံ့နွေးနွေးနဲ့ ပဲ ထဖို့ ပြင်ရတယ်၊ ယမ်းရုပ်လေးကို နှုတ်ဆက်သွားချင်ပါတယ်၊ ဒါပေမဲ့ သူမ မျက်နှာမကောင်းတော့ ဘယ်ကဘယ်လို နှုတ်ဆက်ရမလဲ မသိဘူး။

"အစ်ကိုတို့ သွားတော့မယ်နော် နမ၊ နက်ဖြန်မှ ဆုံမယ်"

စောဖြူစကားကြောင့် ဝေခွဲရခက်သော ဟန်ပန်မျိုးနဲ့ ယမင်းသူဇာ ခေါင်လေးမော့လာတယ်။ ပြီးတော့ ....

"ဟုတ်ကဲ့"

တိုးလျူလွန်းလှတယ်။

လိုက်ကာအပြင်ကို ရောက်ခဲ့ပေမဲ့ နန်းနွယ်စိတ်ထဲမှာ ဘဝင်မကျဘူး၊ ဇာတ်ဆရာ ခန့်မှန်းသလို ပွဲကြည့်ပရိသတ်က မနေ့ကထက် ပိုသာရုံမဟုတ်၊ လျှံလို့ ပင် နေပါပြီ။ ။

သူတို့ သူငယ်ချင်းနှစ်ဦးသည် လည်း အိမ်ပြန်ဖို့ မတတ်နိုင်ခဲ့ပါဘူး၊

ဇာတ်စင်နဲ့ အနီးဆုံးနေရာကို မရမကတိုးဝှေ့ပြီး ယမင်းရုပ်လေး

ပေါ်အလာကို ပင့်သက်မောမော စောင့်နေမိတယ်၊ အားလုံးရဲ့ မေတ္တာကို သိမ်းကျုံးယူမည့်သူဆိုတော့ အထွက်နောက်ကျပါတယ်။

သန်းခေါင်ချိန်နီးမှ နတ်သက်ကြွေတဲ့ ကြယ်လေးတစ်လုံးလို ...ချင်းလင်း ထွက်ပေါ်လာတယ်၊ အားပေးမှုကိုတော့ အကျယ်တဝင့် ပြောပြမနေတော့ဘူး ...။

ယမင်းရုပ်လေးက သီချင်းလေးတစ်ပုဒ်နဲ့ ပရိသတ်ရဲ့ စိတ်နှလုံးကိုဆွဲဖွင့်လိုက်ပါတယ်။

သူမဟာ နယ်တကာလှည့်ပြီး သီချင်းလေးတစ်ပုဒ်နဲ့ သူမချစ်သူကို ရှာနေတာပါတဲ့ ။

အခု သူမချစ်သူကို တွေ့ပါပြီတဲ့ ။

ချစ်သူက အခု ပွဲခင်းထဲမှာ ပဲ ရှိနေပါတယ်တဲ့ ။

ဘာမှ မဆိုင်ပဲ သူ့မှာ ရင်မောလိုက်ရတာ၊ ရင်မောလိုက်ရတာလေ။

***

ဒီတစ်ညလည်း

သန်းခေါင်ကျော် နတ်မင်းကြီးက

မိန့်မှာ ကြားတယ်။

မိုးစင်စင်လင်းသည့်တိုင်

ငါးမျှားချိတ်မှာ တန်းလန်းမိစေတဲ့ ....။

တစ်မေ့းမှ မရဘဲ မိုးစင်စင်လင်းတော့ ...

သူ့မှာ

လည်ချောင်းတွေနာလို့ .....။

(e)

နန်းနွယ် ခြေလှမ်းကို သွက်သွက်လှမ်းနေမိတယ်၊ ရှေ့တည့်တည့် ကောင်းကင်ပေါ်မှာလည်း လမင်းကြီးက အတော်အတန် ဝိုင်းစက်စပြုနေပါပြီ၊ ကြယ်မှုန်လေးတွေလည်း ဟိုတစ်စက် ဒီတစ်ကွက် လင်းလက်နေကြပြီ၊ အစောလတ်တစ်မြို့လုံး ကုန်ပြီထင်ရအောင် လမ်းပေါ်မှ လူတွေ ဖွေးဖွေးလှုပ်လျက်ပါ၊ ပွဲသဘင်ရဲ့ နောက်ဆုံးရက်ဖြစ်လေတော့ ဇာတ်ပွဲကို သည်းသည်း လှုပ်အားပေးဖို့ ချီတက်နေကြပြီလေ။

ဒါပေမဲ့ နန်းနွယ်ခြေလှမ်းတွေကတော့ ပွဲခင်းရှိရာကို ဦးတည်မနေပါဘူး၊ အားလုံးနဲ့ ဆန့်ကျင်ရာကို စိတ်မောမောနဲ့ အဆောတလျင် သွားနေမိတယ်။

"စောဖြူ"

တစ်နေကုန် ပျောက်ချက်သားကောင်းနေပါတယ်၊ အရင်နေ့များ ဆို

ခုချိန် စောဖြူသူ့ အိမ်ကို ရောက်နေပြီ။ ဦးတိန်နီ တည်ခင်းတဲ့ ညနေစာကို စားလျှင်စား၊ မစားလျှင် ပွဲခင်းသွားဖို့ သူငယ်ချင်းနှစ်ဦး လမ်းပေါ်ရောက်နေကြပြီ။ အချိန်အတော်လင့်တာတောင် ရောက်မလာသေးသည် မို့ စိတ်ပူကာ စောဖြူရှိရာသို့ လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်။

သူ့ကိုမြင်တော့ စံအိမ်တော်ဝန်ထမ်းတွေက ဦးညွှတ်ကာ အရိုအသေ ပြုကြတယ်။

"သားတို့ ပြန်လာကြပြီလားကွ ..."

သလွန်ညောင်စောင်းပေါ်ထိုင်ကာ အနားယူနေသော စောဖြူဖခင်ကြီးက သူ့ကိုမြင်တော့ ဝမ်းသာအယ်လဲ မေးလာတယ်၊ သူ ဘာပြန်ဖြေရမှန်း မသိခဲ့ဘူး။

"ဒါနဲ့ မင်းသူငယ်ချင်း စောဖြူရော"

"ဗျာ ...."

ကြောင်အသွားသော သူ့ပုံစံကြောင့် စောဖြူဖခင်ကြီး မဆိုသလောက်လေး မျက်မှောင်ကြုတ် သွားတယ်။

"စောဖြူ၊ အိမ်မှာ မရှိဘူးလား"

"မနက်ကတည်းက မင်းနဲ့ အပြင်သွားမယ်ဆိုပြီး ထွက်သွားတယ်"

ဒီတစ်ခါ အံ့ဩရသူက နန်းနွယ်ကိုယ်တိုင်ပါ။

"ကျွန်တော့်ဆီ မလာပါဘူး၊ နောက်ပြီး အပြင်သွားဖို့ လည်း မပြောထားဘူး"

ဖခင်ကြီးခမျာ ရုတ်ခြည်းမျက်နှာအိုကျသွားတယ်။

"ရှင်မရေ ...ရှင်မ...."

အိမ်တွင်းကို လှမ်းအော်တော့ စောဖြူမိခင်ကြီးမှာ ရေးကြီးသုတ်ပျာ ပြေးထွက် လာလေရဲ့ ....။

"မင်း... သား အစောတော့ လှပ်လိုက်ပြန်ပြီကွာ၊ နှန်းနွယ်လာမှ ပဲ သိတော့တယ်၊ မင်းသား သူ့ဆီမလာဘူးတဲ့ ၊ အပြင်သွားဖို့ မပြောထားဘူးတဲ့ "

"ဟောတော့ ...."

"ရွှေးရွာဘက် ဟိုတစ်ခေါက်လို ကြက်ဆင်းတိုက်ပြန်ပြီ ထင်တာပဲ၊ မင်းဆီက အသပြာ တောင်းသွားသေးသလား....."

"ယူတော့ ယူသွားတယ်"

"ဘယ်လောက်လဲ"

"သုံးရာလောက်တော့ ရှိမယ်ထင်တယ်"

"ကျွတ်...."

ဖခင်ကြီးမှာ မကျေမချမ်း စုတ်သပ်ပြီး ခေါင်းကိုယမ်းတယ်။

"ကဲ ... အဲလိုဆိုလည်း ခုထိ မင်းသား ပြန်မလာသေးဘူး၊ လူလွှတ်ပြီး ရှာနိုင်းမှ ရဦးတော့မယ်၊ မတော် ....မူးရူးပြီး ပြဿနာရှာနေမှ ဖြင့် ..."

စောဖြူတို့ တစ်အိမ်သားလုံး ပျာယာခတ်သွားကြပါတယ်၊ ဘယ်လောက်ပဲ ဆိုးဆိုး ပေါင်းသင်းဆက်ဆံရေးပိုင်းမှာ စောဖြူက ခေသူမဟုတ်တာကြောင့် ဒုက္ခတော့ မရောက်လောက်ပါဘူး။ ဒီလိုဆိုတော့ စိတ်မကောင်းစွာနဲ့ ပဲ လူကြီးများကို နှုတ်ဆက်လို့ ပြန်ခဲ့ရတယ်၊ စောဖြူမိခင်ကြီးခမျာ သူ့ကို ကျေးဇူးတင်စကားတွေ

တဖွဖွပြောလို့ ...။

စောဖြူမှာ မောင်နှမသားချင်း မရှိပါဘူး၊ စိတ်ထင်ရာလုပ်တတ်တဲ့ စရိုက်ရှိတဲ့ အပြင် အသပြာကို ပေါပေါလောလောသုံးနိုင်တဲ့ သူဌေးသားတစ်ဦး ဖြစ်လေတော့ ပိုဆိုးတာပေါ့။

သူလမ်းပေါ်ရောက်တော့ ပတ်ဝန်းကျင်မှာ လရောင်ကလွဲပြီး ကျန်တာဘာမှ မရှိတော့ဘူး၊ အချိန်အနေအထားအရ ပွဲခင်းထဲ မြန်မြန်ရောက်ဖို့ လိုနေပါပြီ၊ ယမင်းရုပ်လေးရဲ့ ကကြိုးဆင်ပွဲကို ယနေ့ နောက်ဆုံး ကြည့်ခွင့်ရခြင်း မဟုတ်ပါလား။

စောဖြူမပါပေမဲ့လည်း ယမင်းရုပ်လေးနဲ့ တွေ့နိုင်မယ့်လမ်းကို သူတစ်ယောက်တည်း လျှောက်ရပါလိမ့်မယ်၊ ဇာတ်ရုံထဲမှာ က အချိန်စောပေမဲ့ လူကပြည့်နေပြီ၊ လိုက်ကာလေးရှေ့ကို ရောက်လာပြန်တော့ ကုလားထိုင်နဲ့ အစောင့်က ယနေ့ မှတ်မိပုံပါပဲ။

"ကြွပါသူဌေးလေး ...၊ မင်းသမီးရော ဇာတ်ဆရာရော အထဲမှာ ရှိပါတယ် "

လိုက်ကာရဲ့ အခြားတစ်ဖက်က မနေ့ကထက်မပိုသော ထိုင်းမှိုင်းမှုမျိုးနဲ့ သူ့ကို ဆီးကြိုနေတယ်။

"ဟာ ....သူဌေးလေးပါလား"

သူ့ကိုမြင်မြင်ခြင်း ဇာတ်ဆရာက ပျာပျာသလဲ အနားရောက်လာတယ်၊ နောက်ပြီး ဘာကြောင့်မှန်းမသိ နှစ်ကိုယ်တည်းကြားရုံလောက် လေသံမျိုးနဲ့ တိုးတိုးဆိုလေရဲ့ ....

"ယမင်းသူဇာ နေမကောင်းဘူး သူဌေးလေး၊ ဆေးသောက်ပြီး မှိန်းနေတယ်

"ဟင် .... "

ခန္တာကိုယ်ရဲ့ ဘယ်ဘက်တစ်နေရာက အလိုလိုပြုလုပ်တဲ့ ဝိရိယရှိပုံမျိုးနဲ့ စူးခနဲ အောင့်သွားတယ်။

"ဘာဖြစ်လို့ လဲ"

"ပင်ပန်းသွားတယ် ထင်ပါရဲ့ ဗျာ"

"တော်တော်ဆိုးတာလား၊ ဆေးဆရာ မပြဘူးလား"

စိုးရိမ်တကြီး မေးမိသော်လည်း ဇာတ်ဆရာပုံစံကတော့ ဝတ်ကျေတန်းကျေထက် မပိုပါဘူး။

"သိပ်တော့လည်း မစိုးရိမ်ရပါဘူး၊ ဒါမျိုးက ယမင်းသူဇာ ဖြစ်နေကျပါ"

"ဒီည ကဖို့ ကရော"

"မတတ်နိုင်ဘူးလေ ... သူ မကလို့ မှ မရတာ၊ ရုံဝင်ခတွေလည်း သိမ်းပြီးသွားပြီဆိုတော့"

တစ်ခုခုများ မှားနေသလား၊ ဇာတ်ဆရာစကားက တာဝန်မဲ့လွန်းတယ် ထင်မိတယ်၊ ရုံဝင်ခတွေ သိမ်းပြီးတာနဲ့ ပဲ ကျန်းမာရေးမကောင်းတဲ့ လူက မကမဖြစ် ထွက်ကရမယ်ဆိုတော့ ....

"ကျွန်တော် ကြည့်လို့ ရမလား"

ဇာတ်ဆရာ အနည်းငယ် အိုးတိုးအမ်းတမ်း ဖြစ်သွားပါတယ်။

ပြီးတော့မှ ....

"ရတယ်လေ ... လာပါ"

ဓာတ်ရုံမင်းသမီးအချို့ ဖီးလိမ်းပြင်ဆင်နေကြတယ်၊ လူရွှင်တော်နှစ်ဦးက ပြက်လုံးတိုက်နေတယ်၊ အဖြစ်ကာရံထားတဲ့ လိုက်ကာတွေတစ်ခုပြီးတစ်ခု ဖြတ်ကျော်ပြီးသွားစဉ်မှာ တစ်ဆောင်တစ်နန်းနဲ့နေရာလေးတစ်ခုကိုရောက်လာပါတယ်။

ဖြတ်ကျော်လာသမျှတွေထက် သပ်ရပ်သန့်ရှင်းသောယာယီအခန်းငယ်လေး တစ်ခုပါ၊ ဓာတ်ဆရာကလိုက်ကာလေးတစ်ဖက်ကိုလှပ်ပြီး အတွင်းကိုကြည့်ကာ နန်းနွယ်ကိုတိုးတိုးပြောတယ်။

"မှိန်းနေတုန်းပဲ"

စိုးရိမ်စိတ်အပြည့်နဲ့ နန်းနွယ်ကြည့်မိတော့ခုတင်လေးတစ်လုံးပေါ်မှာ ယမင်းရုပ်လေး တစောင်းလှဲနေရှာတယ်၊ အခန်းဝမှာ သူတို့ ရောက်နေတာကို သိပုံမပေါ်ပါဘူး။

"ဖြစ်နိုင်ရင် ဒီည သူ့ကို ပေးမကပါနဲ့ လားဗျာ"

"ဘယ်ဖြစ်မလဲ သူဌေးလေးရယ်၊ ကျုပ်တို့ အနုပညာသည်တွေဆိုတာ ပရိသတ်အားပေးမှုနဲ့ ရပ်တည်ရတာလေ၊ ကမယ်လို့ကတိခံပြီးမှ ထွက်မကရင် ပရိသတ်တွေ စော်ကားသလို ဖြစ်သွားမှာ ပေါ့၊ ကျုပ်တို့ ဓာတ်အဖွဲ့လည်း နာမည်ပျက်သွားလိမ့်မယ်၊ ယမင်းသူဇာကိုယ်တိုင်လည်း ပန်းကောင်းအညွှန့်ချိုး ခံလိုက်ရသလို ဖြစ်သွားမှာ ..."

အဲဒါတွေတော့ သူနားမလည်ပါဘူး၊ နားမလည်တဲ့ အတွက်လည်းပြန်လည်ချေပစရာ စကားမရှိခဲ့ဘူး။

"နောက်ဆုံးညဆိုပေမဲ့ ယမင်းသူဇာလည်းကျန်းမာရေးမကောင်းတော့ အလောတကြီးတော့

မပြန်ဖြစ်ကြဘူးမလား"

"ဟူး ... "

ဓာတ်ဆရာက သက်ပြင်းချတယ်။

"မရဘူး သူဌေးလေး၊ နေ့လယ်ကပဲ နေပြည်တော်က စာပါးလာတယ်၊ မိုးလင်းတာနဲ့ ကျုပ်တို့ ပြန်ရမှာ "

"ဟင် ...."

"အားလုံးတော့ မဟုတ်ပါဘူး၊ ကျုပ်ရယ် ယမင်းသူဇာရယ် ...သူ့ဝေယျာဝစ္စအတွက် ကလေးတစ်ယောက်ရယ်ပေါ့၊ ကျန်တဲ့ သူတွေကတော့ သိမ်းဆည်းပြီး ဖြည်းဖြည်းမှ ပြန်ကြမှာ "

"ချက်ချင်းကြီးပါလား အရေးကြီးလို့ လား၊ မနေ့က ယမင်းသူဇာ ပြောတာတော့ နောက်ပွဲလည်း မရှိဘူးဆို ...."

"ပွဲကဖို့ မဟုတ်ပါဘူး သူဌေးလေးရယ် ....တခြားကိစ္စတစ်ခုပါ ...။

နေပြည်တော်ဘက် မဟုတ်ဘူး ဧယျာဒီပတိုင်းအထိ သွားရမှာ၊ သိပ်တော့ မကြာပါဘူး ...ငါးရက်တစ်ပတ်ပေါ့ "

ယမင်းသူဇာအစား ရင်မောမိတော့တယ်၊ နေမကောင်းလျက်ကြီးနဲ့ ဘယ်လိုများ ခရီးထွက်မှာ ပါလိမ့်။

"တစ်ခါတစ်ခါ ကျတော့လည်း ကျုပ်တို့ မှာငြင်းလို့ မသင့်တဲ့ ကိစ္စမတွေ ရှိတယ် သူဌေးလေးရဲ့၊ လောကဆိုတာ ဒီလိုပါပဲ"

" ........."

"စိတ်ချပါ သူဌေးလေး၊ ယမင်းသူဇာဆိုတာ ကျုပ်ရဲ့ သမီးရင်းလေးတစ်ယောက်လိုပါပဲ၊ ဟိုး .... အရင်ကတည်းက

အကောင်းဆုံးဆိုတာတွေပဲကို ပံ့ပိုးပေးခဲ့တာပါ၊ နေပြည်တော်ရောက်ရင်လည်း ဆရာကောင်း သမားကောင်းနဲ့ ပြမှာ ပါ၊ အခုပွဲကလည်း ဘယ်လိုမှ ကို ဖျက်လို့ မဖြစ်လို့ ပါ၊ နောက်ပြီး မင်းသူဇာအကြောင်း သူဌေးလေး မသိသေးလို့ ပါ၊ ကျုပ်က နားနိုင်းရင်အောင် နားမယ့်မိန်းမသားမျိုး မဟုတ်ပါဘူး၊ ပရိသတ်ကို ကပြဖျော်ဖြေနေရရင်ကို ကျန်တာတွေအကုန်မေ့ပြီး အကျေနပ်ကြီး ကျေနပ်နေတဲ့ မိန်းမစားမျိုးလေ"

ဒါကိုတော့ ယုံပါတယ်၊ ကျေနပ်လို့ လည်း တစ်ဘဝလုံး ပေးထားတာပေါ့၊ နောက်ဆုံးတော့ ပါလာသမျှ အသပြာအားလုံးကို ဇာတ်ဆရာလက် ထည့်ပေးဖြစ်တယ်။

"ယမင်းသူဇာရဲ့ ကျန်းမာရေးအတွက် မေတ္တာလက်ဆောင်လို့ ပဲ သဘောထားပေးပါဗျာ"

ဒီတစ်ကြိမ်တော့ မနေ့ကလို ဇာတ်ဆရာမျက်နှာ အရောင်တောက်မသွားဘူး၊ အားတုံ့အားနာဟန်တွေတောင် ထူးထူးခြားခြား ပေါ်သွားသေးတယ်။

"ကျေးဇူးပါပဲ သူဌေးလေးရယ်၊ သူဌေးလေးတို့ မြို့ လာကရတာ ကျုပ်တို့ ဇာတ်အဖွဲ့ဖြင့် နတ်ပြည်ရောက်ရသလိုပါပဲဗျာ၊ အားပေးတဲ့ ပရိသတ်ကလည်း များ ၊ သူဌေးလေးတို့လို မိတ်ကောင်းဆွေကောင်းတွေလည်း တွေ့ရနဲ့ ကျုပ်တို့ ပြန်ဟယ်ဆိုပေမဲ့လည်း နေပြည်တော် ရောက်ရင် အချိန်မရွေး ကျုပ်တို့ ဇာတ်အဖွဲ့ဆီ ဝင်ပါတွက်ပါ၊ သူဌေးလေးတို့ ကို ကျုပ်တို့ တစ်ဖွဲ့လုံး အမြဲအမှတ်ရနေမှာ ပါ"

လိုက်ကာလေးကိုလှပ်လို့ ယမင်းရုပ်လေးကို နောက်ဆုံးအကြိမ်

ကြည့်မိတယ်။

"အင်း ....ခွဲရတော့မယ်ကွယ်"

***

ဇာတ်စင်နဲ့ အနီးဆုံးမှာ ရပ်ရင်း စိုးတထိတ်ထိတ်နဲ့ စောင့်မျှော်နေမိပါတယ်၊ သန်းခေါင်ချိန် နီးပါးမှ ခုနစ်တွေကကြိုးတွေနဲ့ တစ်ကွင်းလုံး သည်းသည်းလှုပ်စောင့်မျှော်နေတဲ့ မင်းသမီးလေး စင်ပေါ်တက်လာတယ်။

နေမကောင်း ဖြစ်ထားသော်လည်း ခေါင်း၊ ခါး၊ ခြေ၊ လက် အားကုန်သုံးလို့ အကောင်းဆုံး တင်ဆက်ပေးသွားခဲ့တယ်၊ လေးစားပါတယ်ကွယ်။

သီချင်းလေးတစ်ပုဒ်လည်း ဆိုသွားရဲ့ ...။

"ခွဲရတော့မယ် ...ချစ်ရသူရယ်တဲ့ "

*****

(၂)

အုံ့မှိုင်းတဲ့ မနက်ခင်းတော်တော်များများကို သူကြုံဖူးခဲ့ပါတယ်၊ ဒါပေမဲ့ ဒီနေ့မနက်လောက် ဘယ်အရာမှ လွှမ်းလွှမ်းဆွတ်ဆွတ် ရှိမနေခဲ့ပါဘူး၊ မိုးစင်စင်လင်းသွားပြီးသည့်တိုင် မြူတွေဆိုင်းနေဆဲမို့ မြင်ကွင်းက မှောင်ရီပိုးတဝါး ဆန်လွန်းနေတယ်၊ ပြီးတော့ သူ့ အထင် မိုးတိမ်အချို့တောင် တက်ဖွင့်ဖို့ ထူးထူးခြားခြား ပြင်ဆင်နေသလားပဲ။

လွန်ခဲ့တဲ့ နာရီအတော်များများကတော့ ဤအရပ် ဤနေရာဟာ အလွန်တရာမှ သိုက်မြိုက်စည်ကားခဲ့တဲ့ ပွဲခင်းကြီးတစ်ခုပါ၊ ယခုတော့ စွန့်ပစ်ပစ္စည်းများ စွာရဲ့ ကြားမှာ မသိနိုးတစ်ဝက် အိပ်မက်တွေနဲ့ အကျည်းတန်ကာ နေပါတယ်။

ပရိသတ်ကြိုက်နှစ်သက်တဲ့ ပွဲလမ်းသဘင် ဖြစ်ခဲ့သလို ရောင်းဝယ် ဖောက်ကားသူတွေလည်း အခြေလှခဲ့ကြပါတယ်၊ ဇာတ်စကားနဲ့ ဆိုရရင် အောင်ဖျာလိပ်ခဲ့ကြတယ်ပေါ့။ သို့သော်လည်း ....အောင်ဖြာမလိပ်နိုင်သူ လူတစ်ဦးတော့ ပွဲခင်းအလယ်မှာ ထီးထီးကြီး ရှိနေပါတယ်။

သူပေါ့ ....

ဇာတ်သမကို ရူးရူးမူးမူး ,,, ချစ်မိသွားတဲ့ ခုနစ်ထွေ ငမိုက်သားတစ်ယောက်ပေါ့ ...။

ဇာတ်ပွဲသိမ်းပေမဲ့သူ အိမ်မပြန်ဖြစ်သေးဘူး၊ ယမင်းသူဇာလို့ ရေးထိုးထားတဲ့ ဇာတ်ပွဲကြော်ငြာ ပန်းချီကားကြီးကို အကြောင်းမဲ့ ငေးနေမိတယ်။ ခုချိန်ဆို တစ်ညလုံး ကပြဖျော်ဖြေတင်ဆက်ခဲ့တဲ့ သဘင်အနုပညာသည် များ အိပ်စက် အနားယူနေကြလောက်ပြီ ထင်ရဲ ...၊ တချို့လည်း ယခုမှ အိပ်စက်ဖို့ ကြိုးစားနေကြတာလည်း ဖြစ်နိုင်ပါတယ်။

သူ ရဲ့ ယမင်းရုပ်လေးရော ...

အိပ်စက်နေမှာ လား (သို့) အိပ်မရအောင် နေမကောင်းဖြစ်နေမှာ လား၊ ဖြစ်နိုင်ရင်တော့ ဓာတ်ရုံနောက်ထိဝင်ပြီး ယမင်းသူ့ဓာတ်ကို သွားကြည့်ပေးချင်တာပါ၊ ဂရုစိုက်သူ ရှိကောင်းရှိနိုင်ပေမဲ့သူ စိတ်သိပ်မချချင်ဘူးလေ။

မြောက်လေအေးအေးက နှာသီးဖျားကိုလာရိုက်တယ်၊ မုတ်သုံဆန်တဲ့ လေအေးအေးကို ရှူရှိုက်ရသော်လည်း သူ့ ရင်ကို အေးမလာစေပါဘူး။

တကယ်တော့ သူ့ဆံပင်၊ မျက်နှာနဲ့ အဝတ်အစားတို့ မှာ ရာသီဥတုရဲ့ လွန်လွန်ကဲကဲ ချယ်လှယ်မှုကြောင့် အေးစက်နေပါပြီ၊ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ပြီးဘာကြောင့်ရယ်မသိ ပြုံးမိသွားပါတယ်။

"အဟင်း ...."

နံ့ ဘေး နား မှာ သူလိုကိုယ်လို ရပ်ကြည့်နေသူတွေ မရှိတဲ့ အတွက်လည်း ကျေနပ်မိတယ်၊ ယုတ်စွအဆုံး စောဖြူတောင် ရှိမနေပါဘူး၊ ဒါဟာအချစ်ဆိုတဲ့ အလံတော်တစ်ခုအောက်မှာ သူတစ်ယောက်တည်းသာ မားမားမတ်မတ်ရှိနေကြောင်း ဘယ်သူတွေ သိသိ မသိသိ ကိုယ်တိုင်သာသိတဲ့ သက်သေတွေပါပဲ။

"ချလွင် ...ချလွင် ....ချလွင် ..."

ခြသံလေးနဲ့ အတူ မြင်းခွာသံအချို့လိုလိုကို နောက်ဖက်ဆီက ကြားလိုက်ရတယ်၊ လှည့်ကြည့်မိတော့ မြူငွေ့တွေ သိုင်းနေတာကလွဲလို့ ဘာမှ မမြင်ရဘူး၊ အသံက တဖြည်းဖြည်း ရုပ်လုံးပေါ်သထက် ပေါ်လာပါတယ်၊ အတော်ကြီးကြာမှ အဖြူရောင် အုံ့မှိုင်းမှိုင်း

မြူကန့်လန့်ကာကြားကနေ တစ်ကောင်ဆွဲ မြင်းလှည်းလေးတစ်စီး ထွက်ပေါ်လာတယ်။

သပ်ရပ်သော အပြင်အဆင်နဲ့ စိတ်ကူးယဉ်စရာကောင်းတဲ့ မြင်းလှည်းလေးပါ၊ မြင်းလှည်းမောင်းသူက မျက်နှာသာဖော်ပြီး စောင်ကြီးတစ်ထည်ကို တစ်ကိုယ်လုံးလုံအောင် ခြုံထားတယ်။

မြင်းလှည်းလေးက သူနဲ့ မလှမ်းမကမ်းမှာ ရပ်သွားလေရဲ့ ၊ မြင်းကိုဇက်သတ်လို့ လှည်းနံ့တိုင်မှာ ကြိုးချည်ပြီး လှည်းဆရာ ခုန်ဆင်းလာတယ်၊ ပြီးတော့ ရပ်နေတဲ့ သူကို နားမလည်နိုင်သလို ယောင်အအကြည့်ရင်း ပွဲခင်းထဲကို သုတ်သုတ်ဝင်သွားလေရဲ့ ၊ မကြာပါဘူး ... ဝင်သွားတုန်းကအတိုင်းပဲ သုတ်သုတ်ပြန်ထွက်လာတယ်။

ပြီးတော့ လှည်းကိုလာရာ လမ်းဘက်ပြန်လှည့်ရင်း တစ်စုံတစ်ရာကို အသင့်စောင့်မျှော်နေတယ် ထင်ရတယ်။ ထင်ထားသလို မဖြစ်ပါစေနဲ့ လို့ .... ဆုတောင်းနေတဲ့ ကြားက သူ့ဆုတောင်း မပြည့်ခဲ့ပါဘူး၊ ယမင်းသူဇာဆိုတဲ့ ကြော်ငြာပန်းချီကားကြီးအောက်က ဖြတ်ပြီး လူသုံးဦး ထွက်လာနေပြီလေ။

လွယ်အိတ်ကို တစောင်းလွယ်လို့ ခေါင်းပေါင်းစကို ကျစ်ကျစ်ချည်ထားတဲ့ ဇာတ်ဆရာ၊ ပြီးတော့ ချည်ပဝါ မှို င်းမှ ိုင်းလေးတစ်ထည်ကို ကိုယ်မှာ ပတ်ရင်း လှုပ်လီလှုပ်လဲ့ ခြေလှမ်းတွေနဲ့ သူ့ရဲ့ ယမင်းရုပ်လေး၊ သူတို့ နှစ်ဦး နောက်မှာ မှ ထန်းခေါက်ဖာပိုက်ထားတဲ့ မိန်းမငယ်တစ်ယောက် ....

သူ့ကိုတွေ့တော့ ရှေ့ဆုံးမှ လျှောက်လာသူ ဇာတ်ဆရာ အံ့သြသွားတယ်။

ဓာတ်ဆရာက တစ်ခွန်းဆိုလာတယ် ....

"အချိန်တော့ ရပါသေးတယ်၊ သူ့ငွေးလေးနဲ့ တိုက်တိုက်ဆိုင်ဆိုင် ကြုံရတာ ကံထူးတယ်၊ ငါတို့ လှည်းပေါ်က စောင့်နေမယ် ယမင်းသူဇာ .... သူ့ငွေးလေးကို နှုတ်ဆက်လိုက်ပါဦး"

ဓာတ်ဆရာနဲ့ အတူ ထန်းခေါက်ဖာပိုက်ထားတဲ့ မိန်းမငယ်လေးတစ်ဦး သူ့ကို ဖြတ်ကျော်ကာသွားတယ် ...၊ ဖြစ်နိုင်ရင် ဒီနေရာမှာ ပဲ အချိန်တွေကို ရပ်ထားလိုက်ချင်တယ်ကွယ်။ တကယ်ပါ ...."

***

"ပွဲပြီးကတည်းက ဒီနေရာမှာ ပဲ ရှိနေတာမလား"

ယမင်းရုပ်လေးက သူ့ပုံစံကို တွေတွေလေးကြည့်ရင်း ဆိုလာတယ်၊ သူ မငြင်းဖြစ်တော့ပါဘူး၊ ခေါင်းပဲ ညိတ်ပြလိုက်တယ်။

"ဒီလောက် မြူခိုးတွေထဲ အိမ်မှမပြန်ပဲ ဘာလို့ များ ရပ်နေရတာလဲ ရှင်ရယ်"

ရှင်ရယ်ဆိုတဲ့ စိတ်မသက်သာဖွယ် အပြောလေးကြောင့် သူ ပြုံးမိသွားတယ်။

"အိမ်လည်း မပြန်ချင်သေးလို့ ပါ၊ ပြီးတော့ ဒီနေရာလေးမှာ လည်း ဆက်နေချင်သေးလို့ "

သက်ပြင်းချသံ သဲ့သဲ့ကို ကြားလိုက်ရတယ်။

"မနေ့ည ပွဲမစခင် ကျွန်တော် ရောက်လာသေးတယ်"

"ဆရာပြောပါတယ်"

"ခုရော သက်သာရဲ့ လား၊ ဘယ်လိုနေသေးလဲ"

"သူဇာရဲ့ ခန္ဓာကိုယ်က အရမ်းပင်ပန်းသွားရင် အဲဒီအတိုင်းပါပဲ၊ နားလိုက်ရင် သက်သာသွားရော၊ မနေ့က သူလာသွားတဲ့ အချိန် သူဇာ နားနေတာလေ၊ နှစ်နှစ်ခြိုက်ခြိုက်လည်း အိပ်ပျော်သွားတယ် ထင်တယ်၊ အဲဒါကြောင့် ညက သူဇာထွက်ကနိုင်တာ၊ ခုတော့ သက်သာနေပါပြီ"

"ဒါပေမဲ့ မပေ့ါပါနဲ့ ဦးနော်၊ အိမ်ရောက်ရင်လည်း ဆေးဆရာနဲ့ ဆက်ပြပါ၊ နောက်ပြီး..."

ပြောသင့်မပြောသင့် စဉ်းစားရသေးတယ်၊ ယမင်းရုပ်လေးရဲ့ အခြေအနေကို သုံးသပ်ကြည့်ပြီးတော့မှ ....

"သိပ်လည်း အပင်ပန်းမခံပါနဲ့ လား"

ယမင်းရုပ်လေး တိုးရှရှ ရယ်လေရဲ့ .... ဒါပေမဲ့ သူမရဲ့ ရယ်သံတွေမှာ အသက်မပါပါဘူး။

"ကျွန်မတို့ ဘဝက ရှင်တို့လို မဟုတ်ဘူး သူဌေးလေးရဲ့ ၊ ကိုယ့်ဘဝကို ကိုယ်ပိုင်တာ မဟုတ်ဘူး ၊ ပင်ပန်းလို့ ဘယ်လောက်ပဲ နားချင်နားချင် ကံကြမ္မာက နားခွင့်ပေးမလာဘူး၊ တစ်ခါတလေတော့လည်း ကိုယ့်ဘဝကိုယ် စိတ်ပျက်မိတယ်၊ ဘုရားရှေ့ ရောက်တိုင်းလည်း ဆုတောင်းဖြစ်ပါတယ်၊ ပင်ပန်းလာတာနဲ့ နားခွင့်ရသောဘဝ ရရပါလို၏ လို့ "

ကိုယ်ကိုယ်တိုင်ကပဲ ဉာဏ်နည်းလေတော့ ယမင်းရုပ်ကလေးရဲ့ ပြောစကားကို အပြည့်အဝ နားမလည်နိုင်ခဲ့ဘူး၊ သူမကတော့ သူမရဲ့

ပင်ကိုဟန်လေးအတိုင်း တွေတွေလေး ကြည့်လာပြန်တယ်။

"ဘာပဲဖြစ်ဖြစ်ပါလေ၊ ဒီမြို့လေးမှာ ကပြဖျော်ဖြေခွင့်ရခဲ့တာကိုတော့ တကယ်ပဲ ဝမ်းမြောက်မိပါတယ်၊ အဆောလတ် မြို့သူမြို့သားတွေကိုလည်း ချစ်တယ်၊ ရောက်နေစဉ်အတွင်း ကြည့်ရှုစောင်မပေးခဲ့တဲ့ သူဌေးလေးကိုလည်း တကယ်ကို ကျေးဇူးတင်မိပါတယ်"

"မဟုတ်တာဗျာ၊ ကျွန်တော်တို့ က အိမ်ရှင်ပဲ ဧည့်ဝတ်ကျေရမှာ ပေါ့။

တကယ်က ....

စ ကား မှာ တစ်ဝက်တစ်ပျက်နဲ့ ရပ်သွားပြန်တယ်၊ သူ့ဆီကဆက်ထွက်လာမယ့် စကားကို ယမင်းရုပ်လေးမှာ ငြိုး ငံ့လင့်နေပြန်တော့။

ခေါင်းကိုငုံ့ပြီးသာ နှုတ်ထွက်စကားကို တိုးတိုးဆိုမိတယ်။

"ကျွန်တော်တို့ ကို ယမင်းသူဇာ မေ့သွားမှာ ကိုပဲ စိုးရိမ်နေမိတာပါ"

ခန္ဓာကိုယ်လေးကို သွဲ့သွဲ့လှုပ်ယမ်းလို့ ရယ်ပါတယ်။

"သူဌေးလေးက စီးပွားရေးအပြင် ကဗျာတွေ စာတွေလည်း ရေးတယ်ထင်တယ်နော်"

"ဘာဖြစ်လို့ လဲ"

"အတွေးတွေက အရမ်းကဗျာဆန်နေလို့ "

ရင်ဘတ်ရဲ့ အတွင်းတစ်နေရာမှာ မဆိုသလောက်လေး အောင့်သွားမိရဲ့ ...၊ စိတ်ထဲကလည်း မချိတင်ကဲ ဆိုမိသွားတယ် ...။

•••

ကဗျာဆန်တာ မဟုတ်ပါဘူးကွယ် ....

လူသားဆန်တာပါ။

လူသားဆန်တာမှ အချစ်ကို

အချစ်လို့ ရှိုင်းရှိုင်းနက်နက် ခံစားတတ်တဲ့

ရှေးခေတ်လူသားဆန်တာပါ။

အေးလေ

ငါလိုလူမျိုးကလည်း

တစ်ခေတ်တစ်ယောက်တောင် မပေါ်တတ်လေတော့

ဘယ်သူ့ကိုမှ အပြစ်မဆိုချင်တော့ပါဘူး။

"စိတ်ချပါ၊ သူဌေးလေးကိုရော ...ဟောဒီ အဆောလတ်တစ်မြို့လုံးကိုရော သူဇာ ဘယ်တော့မှ မမေ့ပါဘူး"

ယုံယုံရဲရဲ ယုံမိပါစေလို့ ပဲ ဆုတောင်းမိပါတယ်၊ ခွဲရတော့မယ့်အရေးကြောင့် စိတ်အစဉ်မှာ တနင့်နင့် စို့တက်လာလို့ လည်းနောက်ထပ် ဘာစကားမှ မဆိုမိတော့ဘူး။

"ချလွင် ...ချလွင် ...."

လည်ဆံမွေးပဲ ခါလိုက်တာလား ... လည်ဆံမွေး မခါခါအောင်ပဲမြင်းကို တမင် လုပ်လိုက်တာလား မသိပါဘူး၊ သူတို့ ရဲ့ ကျောဘက်

မ လှ မ်း မ က မ်း မှာ ရပ်စောင့်နေတဲ့ မြင်းလှည်းလေးဆီက အသံထွက်လာတယ်၊

ယမင်းရုပ်လေးက ခေါင်းလေးငဲ့ကာ လှည့်ကြည့်ရင်း ....

"အမှန်အတိုင်း ပြောရရင်၊ ဒီမြို့လေးမှာ သူဇာဆက်နေချင်ပါသေးတယ်၊ နေပြည်တော်ကို မပြန်ချင်ဘူး၊ နောက်ပြီး ဧယျာဒီပတိုင်းကိုလည်း သူဇာမသွားချင်ဘူး၊ ဒါပေမဲ့လည်း လေ သူဇာမှာ ငြင်းပိုင်ခွင့်မှ မရှိတာ၊ သူဇာ နှုတ်ဆက်ခဲ့ပါတယ်နော်"

"သူဇာ ...."

သူ့နှုတ်ထွက်စကားကြောင့် လှမ်းလက်စခြေလှမ်းတို့ ရပ်သွားတယ်၊ အံကိုကြိတ်ရင်း တံတွေးကိုသာ မျိုချမိတယ်၊ သူ တစ်ခုခုကို လွှတ်လွှတ်ကျွတ်ကျွတ် ပြောလိုက်ချင်တယ်၊ ဒါပေမဲ့ အဲဒီစကားတွေက မချင့်မရဲစိတ်တွေနဲ့ ရင်ဝမှာ စို့နေတယ်။

ယမင်းရုပ်လေးက သူ့နှုတ်မှ ထွက်ကျလာမယ့် စကားနဲ့ အတူ ....သူ့မျက်လုံးကို စူးစိုက်စွာ စိုက်ကြည့်နေပါတယ်၊ ပြီးတော့ ....

"သူ့ဌေးလေးကို သူဇာ တစ်ခုခု နားလည်လိုက်သလိုပဲ"

ခန္ဓာကိုယ်ရဲ့ ဘယ်ဘက်တစ်နေရာက ဒိန်းခနဲ ဆောင့်ခုန်တယ်၊ နှုတ်ခမ်းကို ဖိကိုက်ရင်း ဦးခေါင်းက အလိုလိုငုံ့သွားမိတယ်။

ယမင်းရုပ်လေးက သူမရဲ့ လက်နုစ်ဖက်ကို တင်းတင်းလေးပိုက်ကာ သူ့ကိုကြည့်ရင်း.....

"သူဇာလေ ...ငယ်ငယ်က ပန်းလေးတွေပွင့်လာတာမြင်ရင် သိပ်ပျော်တာ၊ ပန်းပွင့်လေးတွေ ကိုလည်း သိပ်ချစ်တာ၊ ချစ်လွန်းလို့ ပန်းပွင့်လေးတွေ ကိုယ်နဲ့ အမြဲရှိနေအောင် သိမ်းဆည်းဖို့

ကြိုးစားခဲ့ဖူးတယ်၊ ပန်းလေးတွေကိုချိုးတယ် ...ပြီးရင် ယွန်းသေတ္တာလေးထဲထည့်ပြီး သိမ်းတယ်၊ ဒါပေမဲ့ ရက်လေး နည်းနည်းကြာလို့ ယွန်းသေတ္တာအဖုံးလေးကို ဖွင့်ကြည့်တဲ့ အခါ ပန်းပွင့်လေးတွေက အရင်လိုမဟုတ်တော့ဘူး၊ တချို့လည်း ညှိုးရော်သွားတယ် ....တချို့က ပွင့်ဖတ်ကလေးတွေ ကြွေကျကုန်တယ်၊ ငါချစ်သလို သူတို့ ငါ့ကိုမချစ်ဘူးဆိုပြီး သူ့မှာ ငယ်ငယ်က ဝမ်းနည်းလိုက်ရတာလေ၊ တကယ်တော့ သူဌေးလေးရယ် ပန်းဆိုတဲ့ အရာက အပင်ပေါ်မှာ ရှိနေတဲ့ အချိန်ဟာ အလှဆုံးပဲ၊ သူ့မှာ ကိုယ်ပိုင်လွတ်လပ်ပိုင်ခွင့်ကိုယ်ပိုင်ရှင်သန်ခွင့်နဲ့ .... ကိုယ်တိုင်ဖူးပွင့်ခွင့် ရှိတယ်လေ ...."

နန်းနွယ် တိတ်ဆိတ်စွာ ယမင်းရုပ်လေး ပြောစကားရဲ့ အဓိပ္ပာယ်ကို ဖော်နေမိတယ်။

"မညာတမ်းဆိုရရင် သူဇာဟာ ပန်းကောင်းတစ်ပွင့် မဟုတ်ပါဘူး၊ သူဌေးလေးကသာ အပင်ပေါ်မှာ သူ့အတိုင်း တင့်တယ်နေတဲ့ ပန်းလေးတစ်ပွင့်ပါ၊ သူဇာ့ကြောင့် သူဌေးလေးရဲ့ ပွင့်ဖတ်တွေ ကြွေကျသွားမှာ စိုးတယ်"

ပြောပြီးပြီးချင်းပဲ လှည့်ထွက်ကာသွားတယ်။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း ....၊

စိုးနင့်နေလျက်မှ ပဲ သင်ကြားပေးသူကို ရိုင်းပြလိုက်သော တပည့်တစ်ယောက်လို သူဆိုမိသေးတယ်။

"သူဇာ့ဆီ ကျွန်တော်လာလည်မယ်နော် ...."

ခြေလှမ်းတို့ ရပ်သွားရဲ့ ...၊ ကျောပေးလျက်မှ ပဲ တစ်ခွန်းဆိုတယ်။

"သူဇာကတော့ မလာစေချင်ဘူး"

*****

(၉)

မနက်ခင်း အလင်းရောင်အချို့က သူ့အခန်းတွင်းသို့ ပန်းချီကားဆန်ဆန် ထိုးကျနေတယ်၊ အလင်းရောင်နဲ့ အတူ အပြာရောင်အခိုးအငွေ့ တချို့လည်း တိုးဝှေ့ဝင်ရောက်လာပါတယ်၊ ဦးတိန်နီ ခြံထဲမှာ အမှိုက်ရှင်းပြီးမီးရှို့ ထားတယ်ထင်ရဲ့ ..,...။

နန်းနွယ် ခုံလေးတစ်လုံးပေါ်မှာ ထိုင်ရင်း မျက်လုံးကိုမှိတ်ထားမိတယ်၊ စစချင်းတော့ အာရုံမှာ အမှောင်ကလွဲပြီး ဘာမှ ပေါ်မလာဘူး၊ တဖြည်းဖြည်းနဲ့ အရင်ဆုံးကြားလာရတာက ဆိုင်းသံ၊ ရွာသားတစ်ယောက်ရဲ့ ကျွမ်းကျင်နိုင်နင်းသော တီးကွက်တွေအောက်မှာ ထွက်ပေါ်လာတဲ့ ဗုံတိုဗုံရှည်သံ၊ ပြီးတော့ လင်ကွင်းသံ၊ ဝါးလက်ခုပ်သံ၊ နှဲသံ၊ မောင်းသံ၊ ပတ်မကြီးသံ ...။

ထိုအသံတွေက တစ်ဆန်းချင်းဆိုသလို တဖြည်းဖြည်း ကြားလာရတယ်၊ ထိုနောက်မှာ မှ ရွှေရောင်တလက်လက်လင်းနေတဲ့ မင်းသမီးလေးတစ်ပါးက လျှပ်ပြက်သလို အာရုံပေါ်မှာ ပေါ်လာတယ်၊ မင်းသမီးလေးက ချိုလွင်သောအပြုံးနဲ့ ပဝါလေးကိုခတ်ရင်း ကကွက်တစ်ခုကို ဆင်ယင်နေတယ်။

နန်းနွယ် ကိုင်နေရာမှ အလိုလိုထရပ်မိသွားပါတယ်၊ မင်းသမီးလေးနည်းတူ သူ့ခန္ဓာကိုယ်ဟာလည်း အလိုလို

ကွေးညွတ်ပျော့ပျောင်းလာတယ်၊ ခေါင်းကိုငုံ့ရင်း လက်ကို တစ်ဆစ်ချိုးလိုက်တယ်၊ ပြီးတော့ နောက်တစ်ကွက် ....

"ဟုတ်တယ် ....ဒီအတိုင်းပဲ"

နှ လုံး သား မှာ သေချာသွားကာ မျက်လုံးကိုဖွင့်လို့ ခွက်ထဲမှ စုတ်တံကို နှိုက်ထုတ်လိုက်တယ်၊ ပြီးတော့ ဆွဲလက်စ ပန်းချီကားပေါ်သို့ ကောက်ကြောင်းတွေ ထပ်တင်လိုက်တယ်။

ဒီတစ်ကားထဲလား၊ မဟုတ်ပါဘူး .... အိပ်ရာပေါ်မှာ၊ နံရံမှာ၊ ကြမ်းပြင်မှာ၊ တံခါးအောက်ခြေမှာ ပန်းချီကားတွေ ပွနေတယ်၊ အားလုံးသောရုပ်ပုံတွေဟာလည်း မင်းသမီးလေးတစ်ပါး ကကြိုးဆင်နေဟန်ကို ရှုထောင့်မျိုးစုံကကွက်မျိုးစုံနဲ့ ဆွဲထားခြင်းသာ ဖြစ်ပါတယ်။

ယမင်းရုပ်လေး...

ဟုတ်ပါတယ် ...၊ ယမင်းသူဇာ ပြန်သွားတဲ့ နေ့ထဲက နှလုံးသားထဲက ရုပ်ပုံတွေကို ပန်းချီပုံတွေအဖြစ် ပြောင်းလဲပစ်နေမိခြင်းပဲဆိုပါတော့၊ ဘယ်လောက်ကြာသွားတယ်မသိဘူး ....ဦးတိန်ခိုစကားသံကြားမှ သတိဝင်လာတယ်။

"သား ...နန်းနွယ်"

"ဗျာ် ...ဦးခို ...."

ဦးတိန်ခိုက သူဆွဲထားသောပုံများကို အထူးအဆန်းလိုကြည့်ပြီး.....

"ဒါတွေက ...."

ပွဲတော်တုန်းက ကျွန်တော်တို့ သွားကြည့်တဲ့ ယမင်းသူဇာ

ဓာတ်အဖွဲ့က မင်းသမီးလေးရဲ့ ပုံလေ၊ လှလား ..."

"အင်း ....လှတယ် ..."

နေရာအနှံ့အပြားမှာ ကျဲလွင့်နေတဲ့ ပန်းချီပုံများကို လိုက်ကြည့်ရင်း ....

"ဒါနဲ့ သား ဘယ်တုံးက ကတတ်သွားတာလဲ"

ပိတ်ကားပေါ် လှုပ်ရှားနေသောသူရဲ့ စုတ်တံလေးမှာ မသိမသာ တုံ့နှေးသွားပြီး...

"ဦးနိုရောက်နေတာ တော်တော်ကြာနေပြီထင်တယ်"

"သား စကနေကတည်းကပါပဲ"

"မသိပါဘူး ဦးနိုရယ်၊ မင်းသမီးကသွားတဲ့ ကကွက်တွေအားလုံး မှတ်မိနေတယ်၊ ကိုယ့်ကိုယ်ကိုယ် အကသည် တစ်ယောက်လို့ စိတ်မှာ ထားပြီး သူကသွားသလို လိုက်လုပ်ကြည့်နေတာ၊ ဒီပုံတွေကတော့ ကိုယ့်မှတ်ဉာဏ် ကိုယ်မယုံလို့ ထပ်ဆွဲထားတာတွေပေါ့၊ မေ့သွားမှာ စိုးတယ်လေ"

"ပန်းချီဆွဲတတ်သွားတုန်းကလည်း ဒီအတိုင်းပဲထင်တယ်နော်"

ဦးတိန်နိုက မှတ်ချက်ပေးတယ်။

"ဘယ်လိုပြောရမလဲ ....အင်း ...."

ပြောရမှာ ခက်တော့လည်း ခက်လှတယ်။

လွန်ခဲ့တဲ့ (၄)နှစ်က သူတို့ အဆောလတ်မြို့သူ၊ သားများ ကောင်းမှုအဖြစ်နဲ့ ဘုရားစေတီ တစ်ဆူကို မြို့ကြီးမှာ တည်ကြတယ်၊ တည်ထားပူဇော်ပြီးတဲ့ နောက်မှာ အတွင်းနံရံတွေကို ဆေးရေး

ပန်းချီကားတွေနဲ့ ရေးဆွဲပူဇော်ဖို့ နေပြည်တော်မှ ပညာရှင်အဖွဲ့ တစ်ဖွဲ့ ရောက်လာပါတယ်။

ထိုရက်ပိုင်း နန်းနွယ်ဘယ်မှ မသွားဘဲ ဘုရားစေတီအနီးမှာ ပဲ ရှိနေခဲ့တယ်၊ နံရံဆေးရေးပညာရှင်များ လုပ်သမျှ ကိုင်သမျှတို့ ကို တစိုက်မတ်မတ် ကြည့်ရှုမိခဲ့တယ်ဆိုပါတော့၊ သူတို့ လည်း ပြန်သွားရော နန်းနွယ်လည်း ပန်းချီ ဆွဲတတ်သွားခဲ့တာပါပဲ။

"ငါ့သားကတော့ ဘယ်ဘဝကဖြည့်ခဲ့တဲ့ ပါရမီတွေလည်း မသိပါဘူးကွာ"

"ဘာဖြစ်လို့ လည်း ဦးနို"

"ပညာတစ်ခုကို ပင်ပင်ပန်းပန်း မသင်ယူရပဲ လွယ်လင့်တကူ တတ်မြောက်တယ်လေ"

ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်သော အကြောင်းတွေထဲမှာ ထိုအကြောင်းက ထိပ်ဆုံးမှာ ရှိနေပါတယ်၊ အဲဒါပြီးရင်တော့ ယမင်းသူဇာကို ရူးရူးမူးမူး ချစ်မိသွားတဲ့ အကြောင်းပါ။

"ဒါပေမဲ့ ဦးနိုထင်တယ်၊ ပါရမီတော်သော်လည်း ပဲ အရာရာတိုင်းကိုတော့ လိုက်ခံစားဖို့ မသင့်လောက်ဘူး"

ရင်တွင်းမှာ စိုးထိတ်မှုလေးတစ်ခုတော့ ဖြစ်သွားမိတယ်၊ ဦးနိုစကားက ယမင်းသူဇာဆီသို့များ ဦးတည်နေတာလား။

"ကျွန်တော် သိပ်နားမလည်ဘူး ဦးနို"

"ဒီလိုသား ....အရာရာတိုင်းကို လိုက်ခံစားနေတဲ့ စိတ်ဟာ တည်ငြိမ်မှုမရှိဘူးလေ၊ တည်ငြိမ်မှု မရှိရင် စိတ်ဓာတ်ဟာ မခိုင်မာဘူး၊ မခိုင်မာရင် တန်ခိုးစွမ်းအားကြီးမလာဘူး၊

စိတ်တန်ခိုးအင်အားနည်းပါးရင် ကြီးကျယ်ထင်ရှားတဲ့ အလုပ်တွေ မလုပ်နိုင်တော့ဘူးပေါ့၊

ဦးနိုက သားကို ချမ်းသာရုံတင်မဟုတ်ဘဲ၊ ရာစုနှစ်တွေ ပြောင်းသွားသည့်တိုင် သားရဲ့ အရည်အသွေး၊ သားရဲ့ လုပ်ရပ်ကို လူတွေတခုတ်တရပြောဆိုနေရတဲ့ လွမ်းဆွတ်တမ်းတနေရတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်စေချင်တာ ...."

ဦးနိုရဲ့ စကားကြောင့် နန်းနွယ်ရင်တွင်းမှာ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုလို လေးလံသွားရတယ်၊ ကိုယ်တိုင်တောင် မမက်ဖူးတဲ့ အိပ်မက်ကို ဦးနိုက မက်နေပါရောလား၊ သက်ပြင်းချရဖို့ တောင် ဝန်လေးသွားရသလိုမျိုး ....

မနက်ခင်း အလင်းရောင်ကြား မီးခိုးငွေ့တွေကြားမှာ နှစ်ဦးသား ခဏတာ တိတ်ဆိတ်သွားလေရဲ့ .....။

ထို ခ ဏ မှာ ပဲ အခန်းအပြင်ဘက်စကြံမှ အမောတကော ခြေသံတစ်ခုနဲ့ အတူ စကားအချို့ ထွက်လာတယ် ...။

"ဦးကြီးတိန်နိုနဲ့ သခင်လေး အထဲမှာ ရှိနေတာလား"

"အေး ...ရှိတယ် မိုးညှင်း ဘာအရေးကြီးလို့ လဲ"

ဦးတိန်နိုက ခတ်ဆတ်ဆတ် မေးလိုက်တော့ ....

"သခင်လေး စောဖြူ အိမ်က လူတစ်ယောက် စကားပါးလာပါတယ်၊

အရေးကြီးလို့ သခင်လေးနန်းနွယ် ခုချက်ချင်း လိုက်ခဲ့ပါတဲ့ ...."

"ဟင် ...."

*****

( ၈ )

သူ့ကိုတွေ့တော့ စောဖြူမိခင်ကြီးမှာ ပျာပျာသလဲ ပြေးလာတယ်။

"သား ...နန်းနွယ်၊ မင်းသူငယ်ချင်းကို ထိန်းပါဦးကွယ်၊ မနက်ကတည်းက တစ်ယောက်တည်း အော်ဟစ်သောင်းကျန်းနေတာ၊ နေပြည်တော်သွားမယ် တကဲကဲလုပ်နေတယ်"

"ဦးရီးတို့ လည်း ဘာမှန်းညာမှန်းမသိလေတော့ သူသွားမယ်ဆိုတိုင်း ပေးမလွှတ်နိုင်ဘူးလေ၊ အဲ့မှာ သောင်းကျန်းတော့တာပါပဲကွာ"

ဖခင်ကြီးမှာလည်း မျက်နှာပျက်ပျက်နှင့် ညည်းရှာတယ်၊ စဉ်းစားမရတာက စောဖြူ နေပြည်တော်သွားမယ်ဆိုတဲ့ ကိစ္စပါ၊ ဘာအကြောင်းများ ပါလိမ့် ...။

ဒါနဲ့ပဲ စောဖြူမိခင်ကြီး ခေါ်ဆောင်ရာနောက် နန်းနွယ် ပါလာခဲ့ရတယ်၊ လှေကားမှ တက်ပြီး အပေါ်ရောက်တော့ လှေကားထိပ်မှာ အသင့်အနေအထား ရပ်စောင့်နေတဲ့ အစောင့်များကိုတွေ့တယ်၊ အစောင့်တောင် ချထားရတယ်ဆိုတော့ စောဖြူ ဘယ်လောက်များ သောင်းကျန်းထားပါလိမ့်။ စောဖြူရှိရာ အခန်းရှေ့ရောက်လာတော့ မိခင်ကြီးက အနားကိုကပ်ရင်း

လေသံအုပ်အုပ်ဖြင့် ....

"အထဲမှာ ရှိတယ်၊ သား ဆိုရင်တော့ မောင်းမထုတ်လောက်ပါဘူး၊ ဒွေးလေး အားကိုးပါတယ်သားရယ် မင်းသူငယ်ချင်းကို ထိန်းပါဦး"

တံ ခါး မှာ ပိတ်မထားဘူး၊ စေ့ရုံစေ့ထားတာမို့ သတိနဲ့ ပဲ ခပ်ဖြည်းဖြည်း ဆွဲဖွင့်လိုက်တယ်၊ အတွင်းရောက်စဉ်မှာ ပဲ နန်းနွယ်မျက်လုံးတို့ အံ့ဩပြူးကျယ်သွားရရဲ့ ။

နန်းနွယ်အိပ်ခန်းကို စောဖြူ အချိန်မရွေး ဝင်ထွက်လည်ပတ်နေကျ ဖြစ်သလို ....စောဖြူ အိပ်ခန်းသည် လည်း နန်းနွယ်အတွက် မစိမ်းလှသော နေရာဌာနတစ်ခုပါ၊ ဒါပေမဲ့ အခု မြင်တွေ့လိုက်ရတာက ...

ကြီးမားသော ရန်ပွဲတစ်ခု ပေါက်ပေါက်ကွဲကွဲ ဖြစ်ပွားထားသလို အခန်းထဲမှာ ရှိသမျှ ပစ္စည်းပစ္စယတွေ အားလုံး ကျိုးပဲ့ပျက်စီးနေတယ်၊ စားပွဲခုံ၊ ထိုင်ခုံတွေက လောလောလတ်လတ် ရိုက်ချိုးခံထားရသော ပုံစံအပြည့်၊ ရေတကောင်း၊ ရေအိုးတို့ မှာ လည်း အကျဲကျဲလွင့်ကာ ကြမ်းပြင်မှာ နင်းရက်စရာမရှိ၊ ရေတွေလည်း တစ်ခန်းလုံးစိုရွှဲ၊ စောင်၊ ခေါင်းအုံး၊ အဝတ်အစားတွေက ဟိုတစ်စဒီတစ်စ၊ ခုတင်တိုင်တွေပါ ကျိုးပြီး အခန်းတစ်ခုလုံးက စစ်တလင်းထဲ ရောက်ထားသလို ဖြစ်နေတယ်။

အဆိုးဆုံးကတော့ စောဖြူခန္ဓာကိုယ်အပေါ်ပိုင်းမှာ အင်္ကျီမရှိတော့ဘူး၊ ချွေးသံရွှဲရွှဲနဲ့ အခန်းထောင့်မှာ ငူငူကြီး ထိုင်နေတယ်။

"စောဖြူ ...."

သူခေါ်သံကြားတော့ ငိုက်ကျနေတဲ့ ဦးခေါင်းမော့လာတယ်။

"ငါ နေပြည်တော်သွားမလို့ နန်းနွယ်"

စောဖြူစကားကြားပြီး သူ ဘာပြန်ပြောရမှန်း မသိခဲ့ဘူး။

"ဒါတွေက ...."

"ငါ့ကို ပေးမသွားဘူးလေ"

ပျက်စီးကျဲလွင့်နေတာတွေကိုကြည့်ပြီး စောဖြူခနဲ့ တဲ့ တဲ့ ဆိုတယ်။

"နောက်ပြီး ငါတောင်းတဲ့ အသပြာငွေကိုလည်း မပေးဘူး"

နန်းနွယ်စိတ်ဝင်စားရပါပြီ၊ စောဖြူဆိုတာ ထင်သလိုနေ၊ ထင်သလိုသုံးနေတဲ့ သူဌေးသားတစ်ဦး၊ ဖြစ်ချင်တာ အကုန်ဖြစ်ခွင့်ရှိပြီး ....လိုချင်တာ အကုန်ရထားတယ်၊ စောဖြူတောင်းတဲ့ အသပြာငွေကို မိဘတွေမပေးဘူးဆိုတာ နန်းနွယ် ဘယ်တုန်းကမှ မကြားမိခဲ့ဘူးတဲ့ ကိစ္စပါ၊ ဘာကြောင့်ပါလိမ့် ....။

"နေပါဦး မင်းက ဘယ်လောက်တောင်းလို့ လဲ"

"အသပြာတစ်ထောင်"

"ဟေ ...."

မျက်လုံးပြူးသွားရတယ်။

"အဲလောက် ငွေအများကြီးတောင်းပြီး မင်းက နေပြည်တော် ဘာသွားလုပ်မှာ လဲ ...."

တစ်ခွန်းတည်းပါ ...၊ စောဖြူပြန်ဖြေလိုက်တာ တစ်ခွန်းထဲ ....

"ယမင်းသူဇာနဲ့ သွားတွေ့မလို့ "

"ဟား ....ဟား ...ဟုတ်တယ် နန်းနွယ်၊ ငါ ယမင်းသူဇာနဲ့ သွားတွေ့မလို့ "

"ဘာ ...."

"ယမင်းသူဇာနဲ့ တွေ့ဖို့ က အဲလောက် ငွေအများကြီး လိုလို့လားကွာ၊ စောဖြူ မင်းဘာတွေ ပြောနေတာလဲ"

စောဖြူ အရူးတစ်ယောက်လို တဟားဟားရယ်ပါတယ်။

"ဟား ...ဟား ...ဟား ...မင်းမသိပါဘူး နန်းနွယ်ရာ မင်းမသိပါဘူးကွာ၊ နေပြည်တော်ကိုသွားမယ် ယမင်းသူဇာနဲ့ တွေ့မယ်"

နားမလည်နိုင်မှုတွေက သူ့စိတ်ထဲမှာ ပွလောင်မွှန်းကျပ်သွားတယ်။

"နန်းနွယ် သူငယ်ချင်း၊ ငါ ယမင်းသူဇာနဲ့ တွေ့ချင်တယ်ကွာ၊ ငါသူ့ကိုသိပ်လွမ်းတယ် ...."

တစ်ကိုယ်လုံးကို ဆွဲပြီး ရေထဲပစ်ချလိုက်သလိုပါပဲ၊ ခုန်အုံ့ဆဲဆဲ နှလုံးသားတစ်ခုက ကူရာကယ်ရာ မဲ့သွားတယ်။

ပြုံင်ဘက်ပေါ်လာလို့ မဟုတ်ဘူး ။

စိုးရိမ်ကြီးသွားခြင်းလည်း မဟုတ်ဘူး ။

သိမ်ငယ်သွားတာပါ၊ ယောကျ်ားတန်မဲ့ မျက်ရည်ဝဲသွားအောင်ကို သိမ်ငယ်သွားတာပါ။

ယမင်းသူဇာဆိုတဲ့ မိန်းကလေးတစ်ယောက်အတွက် စောဖြူ ရူးမတတ် ပေးဆပ်နေတယ်။

နယ်လှည့်ဖျော်ဖြေနေတဲ့ အကမင်းသမီးလေးအတွက် စောဖြူလို သူ့မကို ပေးဆပ်မည့်သူတွေ ဘယ်လောက်တောင်များ နေပြီလဲ။

***

အချစ်ဆိုတဲ့ သန္တာသားက
ယခုမှ ရှန်းကြွဖို့ ကြိုးစားဆဲပါ ....
ကံကြမ္မာ နေမထွက်သေးခင်မှာ
နေမဝင်ပါရစေနဲ့ .....။

***

ဤအရပ်သည် အာဏာတန်နိုးဖို့တည်မှီရာ၊
အာဏာတန်နိုးတို့ ရှင်သန်ရာ၊
အာဏာတန်နိုးတို့ ဖက်ပြိုင်ရာ အရပ်တစ်ခုဖြစ်သည် ။

ဤအရပ်တွင် သုဇလ္လ ဒီပ တစ်တိုင်းလုံး၏ ရှင်ဘုရင်
နေထိုင်သည် ။

ဤအရပ်တွင် သူ့ထက်ငါ အလုအယက် တန်ခိုးထက်အောင် ကြံဆောင်နေသော မိဖုရားတို့ နေထိုင်သည် ။

ဤအရပ်တွင် နီးရာစားကို ကြောက်ရသော... အမှန်တရားကို ရင်နှင့်အပြည့် လွယ်ထားရသည့် ပညာရှိအိုတို့ နေထိုင်သည် ။

ဤအရပ်တွင် ကြိုးဆွဲရာ ကရသော စစ်သူကြီးနှင့် တပ်မှူးများ နေထိုင်သည် ။

ဤအရပ်တွင် ဇာတ်ပွဲကြိုက်သော ရဲမက်ငယ်နှင့် ဇာတ်မင်းသမီးများကို နောက်ကွယ်က ခြေပုန်းခုတ် တိတ်တိတ်ပုန်း စိတ်ဝင်စားနေသော ကြောင်သူတော် ကြွက်သူခိုးများ နေထိုင်သည် ။

ပြီးတော့ ....
ဤအရပ်တွင် လောလောလတ်လတ် တင်မြှောက်ထားရသည့် အိမ်ရှေ့စံကိုယ်တော်လေးနဲ့ မယ်တော်

မြောက်နန်းမိဘုရားနေထိုင်သည်။

အိမ်ရှေ့စံကို ဖြုတ်ချ၍ သုံးနှစ်အရွယ် မိမိ၏ သား မင်းသားငယ်ကို အိမ်ရှေ့အရာ ထားချင်သည့် ဥဿာမိဖုရား နေထိုင်သည်။

ပြီးတော့ ....

ဥဿာမိဖုရား၏ အယုံကြည်ရဆုံး အားအထားရဆုံး

လက်ရုံးတစ်ဆူ (သို့) မောင်အရင်းတော်

ရွှေလှေခံတပ်ရဲ့ အဓိက တပ်မှူးငယ် သံပျဉ်မင်းသား

နေထိုင်သည်။

တကယ်တော့ ....

ဤအရပ်သည် ရာဇပလ္လင်ကို နည်းအမျိုးမျိုးဖြင့်

လုယက်ရန် ကြိုးစားနေသော အဲကွင်းကျိတ်အုပ်စုငယ်များ ဖြင့်

တန်ဆာဆင်ထားသည့် အရပ်တစ်ခုသာ ဖြစ်သည်။

နန်းရိပ်နန်းဝယ်မှ အပုပ်အစပ်နှင့် မသတီဖွယ်များကို

ပြည်သူများမှာ ဘာမှ မသိ။

ဘုန်းလက်ရုံးတောက်ချိန် စိတ်အားထက်ချိန်၌

ဒီပခုနစ်တိုင်းတွင် သုဓလ္လဒီပရယ်လို့

ပြောစမှတ်တွင် အောင် စွမ်းဆောင်ခဲ့သော

ရွှေနန်းရှင် မင်းတရားသည် လည်း ခုချိန်မှာ တော့ ....

စာပေနှင့် ဘာသာတရားတွင် သာ အလေ့ထုံတော့သည် ။

တောဘုရင်အိုလျှင် တောကောင်တွေ လက်ခမောင်းခတ်တတ်တာ

ဓမ္မတာပဲလေ။

(၂)

ရွှေနန်းရှင် မင်းတရား၊ မိဖုရား၊ မှူးကြီးမတ်ရာ၊ သေနာပတိ၊ မောင်းမ၊ မင်းလုလင်၊ ရဲမက်စစ်သည် များအားလုံး မျက်နှာတော် ဝါဝင်းလို့ အထူးတလည် တက်ကြွပျော်ရွှင်နေကြတယ်။ အပျော်ဆုံးကတော့ လောလောလတ်လတ် အိမ်ရှေ့အရာ ရရှိထားသူ ကသည်းမင်းသားနှင့် မယ်တော် မြောက်နန်းမိဖုရားရယ်ပေါ့ ။

မြို့စောင့်တပ်၊ နန်းတော်စောင့်တပ်၊ ကိုယ်ရံတော်တပ်များမှာ ဝတ်စုံခါးစည်း အသစ်တွေဆင်မြန်းလို့ ...မိဖုရားငယ်များမှာ လည်း

ရွှေငွေ လက်ဝတ်ရတနာများကို သူ့ထက်ငါ အလုအယက်ထုတ်ဝတ်လို့ ....စည်သံ၊ ခရာသင်းသံ၊ ပတ်သာသံများမှာ လည်း နန်းတော်ရဲ့ နေရာအနှံ့မှာ ဆူဆူညံလို့ ....။

ရွှေနန်းရှင်ရဲ့ မဟာပလ္လင်တော်ရှေ့မှာ အိမ်ရှေ့ဥပရာဇာ အဆောင်အယောင် အပြည့်အစုံနဲ့ ကသည်းမင်းသား ဒူးတုပ်ခစားနေတယ်၊ အခါတော်ပေး ပုဏ္ဏားက ခရာသင်းမှုတ်ပြီး ဟူးရားပညာရှိအချို့က ရွှေရည်အိုးမှ အမွှေးနံ့သာနှင့် အိမ်ရှေ့ကိုယ်တော်သစ်လေးကို ပက်ဖျန်းဆုတောင်းပေးနေကြတယ်။

မျက်စိတစ်ဆုံး တံခွန်အလံများ ၊ ထီးဖြူများ ၊ သိုင်းနှင့် ကျိုင်းများမှာ လည်း နေရောင်အောက်မှာ တလက်လက်ထလို့ ...ပန်းပေါင်းဆီ အမွှေးရနံ့များ ၊ တူရိယာသံများ ၊ ရတနာရွှေငွေ ကျောက်သံပတ္တမြားများ ၊ ပျော်ရွှင်တက်ကြွနေသော မျက်နှာများကိုကြည့်ရင်း ဥဿာမိဖုရားရဲ့ စိတ်ထဲမှာ အလိုလို မွန်းကျပ်လာရတယ်။

ဒါဟာ သူမလို နန်းရမိဖုရားကြီးတစ်ပါးအနေနဲ့ ဘယ်လိုမှ ရှောင်လွှဲမရသော ပွဲလေ၊ နံ့ဘေးမှာ က ချစ်စဖွယ်မျက်နှာထားနဲ့ သုံးနှစ်အရွယ် သားငယ်လေး " နန္ဒသူ ထိုင်နေတယ်၊ ဟူး ရား ပ ညာ ရှိ တွေ အ လ ယ် မှာ ထိုင်နေတဲ့ အစ်ကိုတော် ကသည်းမင်းသားကို ကြောင်စီစီငေးလို့ .....။

သားလေးရဲ့ နဖူးဆံစလေးကို လက်ဝါးနဲ့ ပွတ်ရင်း သူမရင်တွင်းမှာ တဆစ်ဆစ် နာနေရတယ်၊ မြောက်နန်းတို့ အုပ်စု လက်ဦးသွားချေပြီလေ၊ ပျော်မဆုံးမော်မဆုံးဖြစ်နေတဲ့ မြောက်နန်းမိဖုရားနဲ့ အပေါင်းအပါတို့ ရဲ့ မျက်နှာကြည့်ရတာ

ခါးသက်လွန်းပေစွ ...၊ သရေယုတ်လွန်းပေစွ ...။

ဥပရာဇာအပ်နှင်းပွဲ မြန်မြန်သာပြီးပါတော့လေ ....။

ဤအရပ် ဤဌာနေကနေ အမြန်ဆုံး သွားချင်လှပြီ။

*****

(၂)

အဆောင်ထဲဝင်ဝင်ချင်း သားတော်ငယ်ကို အထိန်းတော်ကြီးလက်တွင်း ထည့်ပေးလိုက်တယ်။

"ရေအေးအေးတစ်ခွက်လောက် အမြန်ဆက်လှည့်ကြစမ်း"

အပျိုတော်တွေ ပျာယာခတ်သွားကြရဲ့ ။

"စိတ်နှလုံး ပင်ပန်းလာတယ်ထင်ပ့ါ အစ်မတော်"

"စိတ်နှလုံး ပင်ပန်းရုံဟုတ်မလား သံပျဥ်၊ ပျော်မဆုံး မော်မဆုံးဖြစ်နေတဲ့ ဖြောက်နန်းမ မျက်နှာကိုကြည့်ပြီး ....ငါ ဒေါသထွက်လာတာ"

သံပျဥ်မင်းသားက နန်းဆောင်အပြင်ဘက်ကို စိတ်မလုံသလိုကြည့်ပြီး လေသံတိုးတိုးဖြင့်

"စိတ်လျှော့ပါအစ်မတော်၊ ကိုယ့်ဆောင်ကိုယ့်နန်းပင် ဖြစ်သော်ငြား အတွင်းလူ အပြင်လူကို သတိကြီးကြီးထားမှ သင့်တော်မယ့်အချိန်လေ"

ဒီတော့မှ ပဲ ဥဿာမိဖုရားမှာ မချိတင်ကဲဖြင့် စိတ်ကိုလျှော့လိုက်ရရဲ့ ၊ သို့သော်ငြား မျက်လုံး၊ မျက်ခုံးတို့ မှာ တော့ ဒေါသတွေ ရှိန်ရှိန်ဝေနေတုန်းပါ၊ အပျိုတော်နှစ်ဦးက ရွှေတကောင်းဖြင့် ရေတစ်မှုတ် ဆက်သလာတယ်၊ ရေသောက်လိုက်မှ ပဲ ဒေါသမီးဖြင့်

ပူပြင်းလောင်မြိုက်နေတဲ့ ခန္ဓာကိုယ်မှာ အနည်းငယ် ငြိမ်းချမ်းသွားရတယ် ....။

"နင်တို့ နှစ်ယောက် အဆောင်ပြင်ထွက်ကြ၊ ငါအမိန့်မရဘဲ နန်းဆောင်ထဲကို ဘယ်သူမှ မဝင်စေနဲ့ "

အပျိုတော်နှစ်ဦး ခေါင်းမဖော်ရဲဘဲ အဆောင်ပြင်ကို သုတ်သုတ်ပြေးထွက်သွားတယ်၊ ဒီတော့မှ ဥဿာမိဖုရားမှာ သက်ပြင်းကိုချရင်း အံကိုတင်းတင်းကြိတ်လျက်မှ ....

"ငါ အနှစ်နှစ်အလလ မျှော်လင့်လာတဲ့ အရာတစ်ခုကို ဒီတစ်ကြိမ်လည်း မြောက်နန်းမ လက်ဦးသွားပြန်ပြီပေါ့" .

"အဲလောက်လည်း စိုးရိမ်မနေပါနဲ့ အစ်မတော်၊ ခုဟာက တစ်ပြည်လုံးက အိမ်ရှေ့စံ မျှော်လင့်နေတဲ့ အချိန်၊ ကက္ကဒီပအရေးမှာ ကသည်းမင်းသား နာမည်ရခဲ့ချိန်နဲ့ တိုက်ဆိုင်သွားတာပါ၊ ကျုပ်တို့ ဘက် မှာ လည်း လိုအပ်တဲ့ လူသူလက်နက်၊ သစ္စာရှိကျွန်ယုံနဲ့ သွေးသောက်တွေ စုရုံးမိနေပါပြီ ..."

"ကဒူးဝါအရေးလည်း ဖြစ်ထားရက်နဲ့ ဟိုဘုရင်အိုကြီးကိုက သူတို့ ဘက် ပါနေတာလေ"

"တန်ပါအစ်မတော်၊ ဒီနေရာ ဒီအခင်းက အခုလောက်ပြောဖို့ မသင့်ဘူးထင်တယ်"

နှုတ်ရေးထက်သော မိဖုရားတစ်ပါးပီပီ ဥဿာစကားတို့ က မစောင့်မစည်း ဖွာလန်ကြဲလွှန်းလှတယ်။

ကက္ကဒီပဆိုတာ သူတို့ သုဇလ္လဒီပနဲ့ နယ်နိမိတ်ချင်း ထိစပ်နေသော တိုင်းနိုင်ငံငယ် တစ်ခုဖြစ်ပါတယ်၊ လွန်ခဲ့သော နှစ်အနည်းငယ်က

နှစ်နိုင်ငံခြား ကတိထားတဲ့ နယ်နိမိတ်စည်းကို ကျော်ပြီး ကဏ္ဍဒီပသားတို့ သွေးတိုးစမ်းသည့်သဘော သုဇလ္လဒီပ ပိုင်နက်တွင်းမှာ မြို့ရွာတစ်ခု ထူထောင်လာကြတယ်။

ကိုယ့်ရပ်ကိုယ့်ရွာ အသာကြည်ပြန်ကြဖို့ .... မင်းတရားအမိန့်နဲ့ ပြန်တမ်းလုတ်စဉ်မှာ ကဏ္ဍဒီပဘက်မှ မချေမငံ တုံ့ပြန်လာရဲ့၊ ဒီအခါမှာတော့ ကသည်းမင်းသား ဦးဆောင်သော တပ်တော်မဟာဖြင့် နယ်စပ်အရေးကို ဖြေရှင်းတော်မူတယ်။

ဘုန်းကံတက်ချိန်၊ ငယ်သွေးကြွချိန်ဆိုတော့ အသေအပျောက် အနည်းဆုံး ဓားရေးအထက်ဆုံးနဲ့ အရေးတော်မှာ အောင်မြင်လာခဲ့ပါတယ်။ ဒီလိုဆိုတော့ အောင်ပွဲအပြန်နဲ့ ဥပရာဇာရာထူးမှာ သင့်မြတ်လွန်းနေတယ်လေ။

"ဇေယျဒီပဘက်ကရော အခြေအနေ ဘယ်လိုရှိလဲ သံပျဉ်ငယ်"

"သူတို့ ဘက်ကတော့ ကျုပ်တို့ သဘောပါပဲ၊ ကျုပ်တို့ အရေးတော်ပုံ စသည် နှင့် ဇေယျဒီပက ကူညီဖို့ အသင့်ရှိနေပါတယ်"

ဒီစကားကတော့ နှလုံးဝမ်းမြောက်ဖွယ် ကောင်းလွန်းပေစွ၊ မဟာမိတ်ဆိုတာ ပွဲခံဖို့ ကြံသူထိုင်းအတွက် မရှိမဖြစ် လိုအပ်တဲ့ အရာလေ။

သံပျဉ်မင်းသားက အစ်မတော်ရဲ့ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး ပိုးအင်္ကျီကြားမှ ပေရွက်တစ်လိပ်ကို ထုတ်လိုက်တယ်။

"ဒါ အကျွန်တို့ ဘက်မှာ ရှိနေမယ့် သစ္စာရှိ သွေးသောက်စာရင်းပါ အစ်မတော်၊ အရေးတော်ပုံအောင်ခဲ့ရင် သူကောင်းပြုရအောင် ကျုပ် မှတ်တမ်းတင်ထားတာပါ"

ဆက်သသော ပေရွက်လိပ်ကို ကြည့်ရှုံသာကြည့်ပြီး လှမ်းမယူ ...

"နင်ပဲ သိမ်းထားလိုက်ပါ သံပျဉ်ငယ် ....၊ အရေးတော်ပုံ အောင်ခဲ့ရင်သာ သူကောင်းပြုဖို့ ငါ့သတိပေးပါ"

*****

(k)

ခရီးမှာ ဝေးလှရဲ့ ။

လှည်းဆွဲမြင်းလေးက ခွာသံ တဖြောင်းဖြောင်းပေး၊ မာလိန်မှူးငအေးက ကြာပွတ်ကို အကြိမ်ကြိမ်ဝင့်ရင်း မပြီးနိုင်မစီးနိုင် ခရီးဆက်ရတာပါ။

စောဖြူရဲ့ ဆန္ဒကို ဘယ်သူမှ မတားမြစ်နိုင်ကြဘူးလေ၊ မိဘများကလည်း နန်းနွယ်မပါပဲ သူ့ကိုတစ်ယောက်တည်း မလွှတ်နိုင်ကြဘူး၊ ဒီလိုနဲ့ ပဲ နန်းနွယ်မှာ နေပြည်တော်ကိုဦးတည်တဲ့ လှည်းရထားလေးတစ်စီးပေါ် ယောင်လည်လည် ပါလာရတော့တယ်။

ဟကယ်ဖြစ်သင့်တာက စပါးခင်းဝါဝါနဲ့ ဟိုးအဝေးက တောင္ဖေ့တောင်သက်ကို ရှုရှိုက်ရင်း နန်းနွယ်ရင်မှာ မွေးနေသင့်တယ် .... ယခုတော့ ရင်မှာ မမွေးပဲ လေးနေရပါတယ်၊ ပြဿနာက စောဖြူ၊ စောဖြူ ဘာဖြစ်နေတာလဲ ....။

ငယ်စဉ်ကတည်းက လက်ရည်တစ်ပြင်တည်း ကြီးပြင်းလာခဲ့တဲ့ သူငယ်ချင်း၊ ဒီလိုပုံစံမျိုးကို စောဖြူဆီမှာ နန်းနွယ်တစ်ခါမှ မမြင်ခဲ့ရဘူး၊ ယခုလည်း မည်သူ့ကိုမှ မကြည့်၊ ဘာကိုမှ လည်း အာရုံမရှိဘဲ လှ ည်း ပေါ် မှာ ငူငူကြီးပါလာပါတယ်၊ နောက်ပြီး ခိုးသားစားပြ အန္တရာယ်ကိုကြောက်လို့ လား (သို့) အခြားအကြောင်း တစ်ခုံတစ်ရာကြောင့်ပဲလား မသိ ....ခါးကြားမှာ ညှပ်ထားတဲ့ အသပြာအိတ်ကိုလည်း ခဏခဏ စမ်းသပ်နေတယ်။

ဝေးလှတာမို့ ထင်သလောက်တော့ ခရီးမပေါက်ပါဘူး၊ လှည်းဆွဲမြင်းလေးရဲ့ အင်အား ကိုလည်း ချွေတာတဲ့ သဘောနဲ့ နားသင့်တဲ့ အချိန်နား .... ခရီးဆက်သင့်တဲ့ အချိန်ဆက်နဲ့ မနက်အစောကြီးကတည်းက ထွက်လာလိုက်တာ နောက်တစ်နေ့ နေမွန်းတည့်ချိန်နီးလာမှ နေပြည်တော်ကို ရောက်တော့တယ်။

တကယ့်တကယ် နဖူးတွေ့ ဒူးတွေ့မြင်ရတော့ သူ့ခများ တအံ့တဩပါ၊ မြင်တွေ့ရသမျှ အရာရာက အထူးအဆန်း ဖြစ်ကာနေတယ်လေ။ လူလေးငါးရပ်မကသော မြို့ဝင်ပေါက်နဲ့ ရောမကျွန်းတံခါးကြီးနှစ်ချပ်၊ ထိုအရာရဲ့ နောက်ဖက်မှာ ပြားပန်းခပ် လှုပ်ရှားသွားလာနေကြသော အရှေ့ုင်အသွေးစုံလူတွေ၊ လှည်း၊ နွား၊ ဝန်စည်စလယ်တွေ၊ သူတို့ ကျေးလက်နှင့် မတူသော အဆောက်အဦ တည်ဆောက်မှုပုံစံတွေ၊ ရောင်းဝယ်ဖောက်ကား နေကြသော ပစ္စည်းအသစ်အဆန်းတွေ ...စတာတွေနဲ့ ကမ္ဘာသစ်တစ်ခုကို ရောက်သွားသကဲ့သို့ပင် နန်းနွယ် ခံစားလိုက်ရတယ်။

ဒါပေမဲ့ စောဖြူမှာ တော့

"သဘင်တန်း ဘယ်နားမှာ လဲလို့ နီးစပ်ရာလူကို မေးလိုက်စမ်း ....

ငအေး"

"ဟုတ်ကဲ့ ....သူဌေးလေး ...."

ဘယ်လောက်ပဲ ဘာတွေဆန်းကြယ်ဆန်းကြယ်၊ ယမင်းသူဇာနဲ့ တွေ့ဖို့ ကလွဲပြီး စောဖြူအာရုံမှာ ဘာမှ ရှိပုံမရပါဘူး။

အမိန့်အတိုင်းပါပဲ .... ငအေးက လှည်းကိုရပ်ကာ နီးစပ်ရာ လူတစ်ဦးအား သဘင်တန်းရှိရာ အရပ်ကို မေးလိုက်တယ်။

"ဒီအတိုင်း တည့်တည့်ဆက်သွားဗျ၊ ဇရပ်နှစ်ခုကျော်ရင် ပုဏ္ဏားကုန်းရပ်ကို ရောက်လိမ့်မယ်၊ သဘင်တန်းက ပုဏ္ဏားကုန်းအကျော်လေးမှာ တင်"

ဆက်ခဲ့ရပြန်ပါတယ် ...၊ သဘင်တန်းနီး လာပြီဆိုတော့ ဘာကြောင့်မှန်းမသိ သူ့ရင်မှာ နွေးပျပျ ဖြစ်လာတယ်၊ ယမင်းသူဇာဆိုသော ယမင်းရုပ်လေးနဲ့ တကယ်ပဲတွေ့ရဟော့မှာ လား၊ တွေ့ ရင် လွမ်းခဲ့တဲ့ ရက်တွေအကြောင်းထပ်လောင်းလို့ သူပြောဆိုခွင့် ရမှာ လား၊ ဒါမှ မဟုတ် ယမင်းရုပ်လေးရဲ့ မျက်နှာကိုပဲ တမေ့တမော နေမိမှာ လား ....။

ကွမ်းနှစ်ယာညက်လောက်တော်ငြိ• ကြာသွားမယ်ထင်ပါတယ်၊ လမ်းညွှန်သူပြောလိုက်သော ပုဏ္ဏားကုန်းဆိုတာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တယ်၊ တခြားအရပ်တော့ မဟုတ်ပါဘူး ....ပုဏ္ဏားတော် ဟူးရားဖြူဟူးရားညိုတွေ နေထိုင်ရာ အရပ်ရယ်ပါ၊ ထူးခြားသော အသွင်အပြင်နဲ့ လေးစားဖွယ် ရုပ်ရည်ရူပကာများကိုလည်း မြင်ရတယ်။
။

ထိုမှ လွန်တော့ လမ်းညွှန်မြေပုံ ကြည့်စရာမလိုသော အရပ်တစ်ခုက

သူတို့ အား ဆီးကြိုနေပါတော့တယ်။

ဒါဟာ သဘင်တန်းပါပဲ ....။

အမျိုးမျိုး အထွေထွေသော သဘင်ကြော်ငြာ၊ ဆိုင်းဝိုင်းကြော်ငြာများက လမ်းဘေးဝဲယာမှာ အစီအရီ ... ဇာတ်ပွဲသုံး အဝတ်အထည်များ လျှော်ဖွပ်နေလှန်းထားတာကိုလည်း မြင်ရရဲ့ ...၊ ဗုံတို၊ ဗုံရှည်၊ ပတ်မ စသည် တို့ ကြပ်စည်းရန်အတွက် လိုအပ်သော နွားသားရေ၊ ကျွဲသားရေများကို မြေမှာ ငုတ်ရိုက်နေလှန်းထားတာကိုလည်း တွေ့ရတယ်။

ကာလသားတချို့က ဗုံကျစ်နေတယ်၊ သဘင်အိမ်တို့ ဆီမှ အကတိုက်နေသော သဘင်သူလေးများကိုလည်း ဟိုမှ သည် မှ ရိုးတိုးရိပ်တိပ် မြင်ရတယ်။

တချို့ သဘင်အိမ်များက တောက်တောက်ပြောင်ပြောင်၊ တချို့များကျတော့လည်း သေးသေးကွေးကွေး ....။

"ဟိုမှာ တွေ့ပြီ ....၊ ယမင်းသူဇာ ဆိုင်းဘုတ်ကိုတွေ့ပြီ ....ဟိုမှာ "

လှည်းသမား ငအေးစကားကြောင့် သူတို့ နှစ်ဦးသား အရှေ့ဆီကို လှမ်းကြည့်လိုက်တော့ ....တွေ့ပါပြီ။"

အားလုံးထက် ဝင့်ကြွားခန့်ထည်သော အိမ်ကြီးတစ်အိမ်ပါ ၊ ခြံဝမှာ "ယမင်းသူဇာ"ဆိုတဲ့ ဆိုင်းဘုတ်ကို ကျွန်းတိုင်လုံးတွေနဲ့ စိုက်ဘူထားတယ်၊

ရထားလုံးကစ်စီးကိုလည်း ခြံထဲမှာ အလှဆင် ရပ်နားထားပါတယ်။ ဤအရပ် ဤနေရာမှာ ယမင်းသူဇာဆိုတဲ့ အရှိန်အဝါလည်း မသေးလှကြောင်း မြင်ရုံနဲ့ ပင် နန်းနွယ် ခံစားမိလိုက်တယ်။ ခြံဝမှာ

လှည်းရပ်တော့ အတွင်းမှ လူတစ်ဦး အူယားဖားယား ပြေးထွက်လာတယ်၊ သူတို့ နှစ်ဦးကိုမြင်တော့ ....

"ဟာ ....သူဌေးလေးတို့ ပါလား"

တခြားလူမဟုတ်ပါဘူး .... ပွဲခင်းနဲ့ ဇာတ်စင်ကြားက လိုက်ကာပါးလေးကို တာဝန်ယူရတဲ့ အစောင့်အကြပ် ပုဂ္ဂိုလ်ပါ၊ ယခုလည်း သူက ယမင်းသူဇာ ဇာတ်သဘင်အိမ်ရဲ့ တံခါးမှူးထင်ရဲ့ ။

နန်းနွယ် ပြုံးပြလိုက်တော့

"နေပြည်တော်ရောက်တုန်း ဝင်လည်ကြတာလား သူဌေးလေးတို့ "

"အဲလိုပဲ ဆိုပါတော့ကွာ"

ပုဂ္ဂိုလ်က သွားပေါ်အောင်ရယ်ရင်း ကိုယ်ကိုယ်ယို့လို့ ခရီးဦးကြိုပြုတယ်။

"ယမင်းသူဇာ ရှိလား ...."

တိခနဲ ထွက်လာသည့် စောဖြူအမေး...

"မမလေးက ဧယျာဒီပက ပြန်မရောက်သေးဘူးဗျ၊ ဒါပေမဲ့ ဆရာသောင်း ရှိပါတယ်၊ သူဌေးလေးတို့ ကို ဆရာသောင်း ဧည့်ခံပါလိမ့်မယ်၊

"ကြွပါသူဌေးလေးတို့ ...."

အစောင့်က သူတို့ နှစ်ဦးအား ခြံတွင်းသို့ ဦးဆောင်ခေါ်ယူသွားတယ်၊ ယမင်းသူဇာမရှိဘူး ကြားသည် နှင့် ငူငိုင်နေသော စောဖြူမျက်နှာမှာ အုံ့မည်းမှိုင်းညို့သွားလေရဲ့ ၊ သက်ပြင်းချသံ အကြိမ်ကြိမ်ကိုလည်း ကြားနေရပါတယ်။

ယမင်းသူစာ ဇာတ်သဘင်အိမ်ကြီးက ခြေတံရှည်အမျိုးအစားဖြစ်ပြီး အိမ်ပေါ်ကို ကျွန်းလှေကားမှ တစ်ဆင့်တက်ရပါတယ်။ သို့သော် ...ထူးခြားမှုတစ်ခုကို မကြာခင်မှာ ပဲ နန်းနွယ်စတင်မြင်တွေ့လိုက်ရတယ်၊ အိမ်သာလို့ ဧည့်လာတယ်ဆိုတဲ့ဆိုရိုးစကားအရ မြန်မာလူမျိုးများ ဟာ ဧည့်သည် ကို အလွန်တရာမှ အရေးတယူ ရှိကြတယ်။ ကောင်းသော နေရာထိုင်ခင်းကို ပေးပြီး ကောင်းသောအရာတွေနဲ့ လည်း ဧည့်ခံလေ့ရှိပါတယ်၊ အထူးသဖြင့်တော့ အိမ်ရှေ့ဧည့်ခန်းမှာ ပေါ့။

ဒါပေမဲ့ အစောင့်ဖြစ်သူ သူတို့ နှစ်ဦးအား ခေါ်ဆောင်သွားသော နေရာသည် အိမ်ဧည့်ခန်းမဟုတ်ပါဘူး၊ ခြံကိုပတ်ပြီး အိမ်ရဲ့ အနောက်ဖက်အရပ်ကို ဦးတည်သွားနေတာပါ၊ ဘယ်လိုတွေပါလိမ့်.....။

စောဖြူကို လှမ်းကြည့်မိပေမဲ့ငူငိုင်အုံ့မှိုင်းနေတာကလွဲပြီး ....ဘာထူးခြားမှုကိုမျှ မတွေ့ရဘူး။

"ခုနကတင် နန်းတွင်းက လူနှစ်ဦးရောက်လာလို့ ဆရာသောင်းတန် ဧည့်ခံနေရသေးတယ်၊ ဆရာသောင်းလည်း မအားရပါဘူးဗျာ၊ နောက်နှစ်အတွက် ပြဇာတ်အသစ် ရေးနေတယ်ဆိုလား ဘာလားပဲ"

အစောင့်ပြောစကားကို နားထဲမရောက်မိ၊ အခြေအနေနဲ့ အချိန်အခါကိုသာ ချင့်တွက်နေမိတယ်၊ တစ်နေရာရောက်တော့ ....

"ဘူငွေးလေးတို့ အထဲကိုကြွပါ ...."

ညွှန်ပြရာက အိမ်နောက်ဖေး ဝင်ပေါက်ဆီသို့ ၊ ဘာမှန်းမသိသော်လည်း ညွှန်ပြရာအတိုင်း အိမ်တွင်းဝင်လိုက်ရတယ် ....

ဘာပဲဖြစ်ဖြစ်ပါလေ၊ ယမင်းသူဇာဆိုတာနဲ့ ကိုယ့်ရဲ့ စိတ်နဲ့ ခန္ဓာက ဦးကျိုးပြီးသားရယ်ပါ ....။

အထဲရောက်တော့ ပိုလို့ ပင် အံ့သြရပါသေးတယ်၊ ထင်ထားသလို နောက်ဖေးက မီးဖိုခန်း မဟုတ်ပြန်ပါဘူး၊ စားပွဲကုလားထိုင်ကို သပ်သပ်ရပ်ရပ် ချခင်းလို့ ၊ နံရံအထက်ပိုင်းဆီမှာ လည်း ယမင်းသူဇာ ရုပ်ပုံပန်းချီကားများကို ချိတ်ဆွဲလို့ ...

"ခဏထိုင်ပါဦး သူဌေးလေး၊ ဆရာသောင်းကို အခုပဲ သွားခေါ်ပေးပါ့မယ်"

သူတို့ နှစ်ဦးအား ဦးညွှတ်အရိုအသေပေးရင်း , အစောင့်မှာ အိမ်အတွင်းဘက်ကို သွက်သွက်ဝင်သွားတယ်၊ မကြာပါဘူး ဇာတ်ဆရာ သောင်းတန်မှာ ပခုံးပေါ် တဘက်တင်ပြီး အူယားဖားယား ရောက် လာလေရဲ့ ....။

"အကြောင်းမကြား ဘာမကြားနဲ့ သူဌေးလေးတို့ ရယ်၊ ဘယ်ကဘယ်လို မျက်စိလည်ပြီး ရောက်လာကြတာလဲ၊ တန်တော့ ကျုပ်တို့ ဆီ တကူးတက လာတာတော့ မဟုတ်လောက်ဘူး၊ နေပြည်တော်ရောက်တုန်း လမ်းကြုံ ဝင်လည်ကြတယ်မှတ်တယ်"

"အင်း ...ဇာတ်ဆရာပြောသလိုပဲ ဆိုပါတော့ဗျာ"

နန်းနွယ် ထိန်းထိန်းသိမ်းသိမ်း ပြောလိုက်သော်လည်း ....

"ယမင်းသူဇာနဲ့ တွေ့ဖို့ သက်သက်ပဲ လာတာပဲ"

စောဖြူစကားကြောင့် သူကြောင်အမ်းသွားသလို ဇာတ်ဆရာလည်း မျက်နှာပျက်သွားဟယ်။ ပြီးမှ အားတုံ့အားနာဖြင့် ...

"သူဌေးလေးတို့ က ကြိုလည်း အကြောင်းမကြားတော့ ကျုပ်ဖြင့်

အားနာလိုက်တာဗျာ၊ သူ ဌေးလေးတို့ မြို့မှာ သုံးရက်ပွဲဝင်ပြီးကတည်းက ယမင်းသူဇာ ဇေယျာဒီပကို အကသွားတာ ခုထိပြန်မလာသေးဘူးလေ"

"တစ်ပတ်ဆယ်ရက်တောင် မကတော့ဘူးပဲ"

တစ်လမ်းလုံး ငြိမ်နေသည့် စောဖြူက ဒုတိယအကြိမ် သွက်လက်လာပြန်တယ်၊ သူကတော့ ဇေယျာဒီပကို အကသွားတယ်ဆိုတာကိုပဲ ဘဝင်မကျ ဖြစ်မိတယ်၊ ဆိုင်းမပါ ...ဇုံမပါ ...ဇာတ်ဆရာမပါဖြင့် သူ့ရဲ့ ယမင်းရုပ်လေးက အခြားတပါးကို အကသွားတယ်ဆိုတော့ ....။

"ဒါပေမဲ့ မပူပါနဲ့ ...နက်ဖြန်ဆို ယမင်းသူဇာ ပြန်ရောက်ပါပြီ။ ပြန်လာမယ့်အကြောင်း စာလည်း ပါး လာပြီးပြီ၊ သူဌေးလေးတို့ က ဒီမှာ ကြာဦးမယ် မဟုတ်လား"

"ဟုတ်တယ် ...ကြာဦးမှာ "

ဒီတစ်ကြိမ်လည်း စောဖြူ.....။

"ဒါ ဆိုရင်တော့ အတော်ပါပဲဗျာ၊ ရောက်တုန်း ယမင်းသူဇာနဲ့ တွေ့သွားကြပါဦး၊ သူဌေးလေးတို့ ‘ဇ်ကျူရှူးတွေက ကျုပ်တို့ ဇာတ်အဖွဲ့ အပေါ်အများကြီး ရှိပါတယ်၊ ယမင်းသူဇာ ကိုယ်တိုင်ကလည်း သူဌေးလေးတို့ နဲ့ တွေ့ချင်မှာ ပါ၊ ကျုပ်လည်း သူဌေးလေးတို့ ကိုရော အဘောလတ်တစ်မြို့လုံးကိုရော သတိတွေရနေတာပါဗျာ"

အတွင်းဝင်သွားသောအစောင့်က ရေနွေးကရားကိုင်ပြီး ပြန်ထွက်လာတယ်၊ နောက်ပြီး ထန်းလျက်ခဲ လက်ဖက်ပွဲတို့ နဲ့ လည်း ဧည့်ခံတယ်။

"သုံးဆောင်ပါဦး သူဌေးလေးတို့ "

နန်းနွယ် မတို့ ထိမိဘူး၊ နောက်ဖေးမှာ တည်ဆောက်သော အိမ်စည့်ခန်းနဲ့ ဓလေ့ထုံးစံကိုသာ စဉ်းစားနေမိတယ်၊ ဇာတ်ဆရာက ရိပ်မိတယ်ထင်ပါတယ်။

"ဩော် ...ဒီကသူဌေးလေး နန်း....နန်း"

"နန်းနွယ်ပါ"

"ဟုတ် ...သူဌေးလေး နန်းနွယ်က ဧည့်သည် ကို အိမ်ဧည့်ခန်းမှာ မတွေ့ဘဲ နောက်ဖေးမှာ တွေ့ တာကို နားမလည်ဖြစ်နေတာထင်တယ်"

"အင်း ...."

နန်းနွယ် ပြောသင့်မပြောသင့် စဉ်းစားလိုက်ပါသေးတယ်။

"အမှန်အတိုင်း ပြောရရင်တော့ တကယ်နားမလည်ဘူး၊ သဘင်သည် တွေရဲ့ ဓလေ့ထုံးစံများ ဖြစ်နေမလား စဉ်းစားမိနေတာ"

"မဟုတ်ပါဘူး ...မဟုတ်ပါဘူး ....ဓလေ့ထုံးစံ မဟုတ်ပါဘူး သူဌေးလေးရဲ့ ၊ အကြောင်းရင်းက ဒီလိုပါ ....ကျုပ်တို့ ယမင်းသူဇာ ဇာတ်အဖွဲ့က အခါကြီးရက်ကြီး , နတ်တော်တော်များများမှာ နန်းရင်းဝန် ခွင့်ပြုချက်နဲ့ နန်းတော်တွင်းထဲမှာ ကပြဖြေဖျော်ခွင့် ရတယ်လေ၊ ဆိုတော့ ....ကျုပ်တို့ အိမ်ကို မှူးကြီးမတ်ရာနဲ့ ဆွေတော်မျိုးတော်တွေ အဝင်အထွက်ရှိကြတယ်၊ ထီးရိပ်နန်းရိပ်အောက်က ပုဂ္ဂိုလ်တွေဆိုတော့လည်း သိရဲ့ မဟုတ်လားဗျာ ....၊ သာမန်နဲ့ တစ်တန်းတည်းထားရင် မကြိုက်ချင်ကြဘူး၊ ကျုပ်တို့ မှာ လည်း ရှိတဲ့ ပညာလေးနဲ့ ကပြဖြေဖျော်ပြီး တစ်ဝမ်းတစ်ခါးလုအောင် ကြိုးစားနေရတာဆိုတော့ သူတို့ ကို မပစ်ပယ်ရဲဘူးလေ၊ အဲဒါကြောင့်

ကျုပ်မှာ အိမ်ရှေ့ဧည့်ခန်းကို သူတို့ အတွက်ထားပြီး ကျန်တဲ့ ဧည့်သည်တွေ ဓာတ်ပွဲ ငှားရမ်းသူတွေလာရင် အခုလိုပဲ နောက်ဖေးခန်းမှာ ဧည့်ခံရတော့တာ၊ မသင့်တော်မှန်း သိသော်ငြား ကျုပ်မှာ ရွေးချယ်စရာ မရှိဘူးလေ"

စကားဆုံးတော့ ဓာတ်ဆရာက သက်ပြင်းကို ချတယ် ....။

"ခွဲခြားဆက်ဆံတယ်လို့ တော့ မထင်စေချင်ဘူး သူဌေးလေးတို့ရယ်၊ ကျုပ်မှာ လည်း တစ်ဖက်က အမျက်တော်ရှမှာ ကို စိုးနေရသေး၊ ဒီအတိုင်းကြီး ရေရှည်သွားဖို့ လည်း မဖြစ်နိုင်မှန်း တွေးမိပါတယ်၊ အဲတော့ ဧည့်ခန်းဆောင်ကိုပဲ နောက်တစ်ခန်းဖွင့်ရမလား စဉ်းစားမိတယ်"

သူ ဘာမှ မပြောမိတော့ပါဘူး၊ လိမ်ညာပြောနေဟန်လည်း မပေါက်တာမို့ သက်ပြင်းသာ ချမိလိုက်တယ်၊ နားမလည်ခြင်းတစ်ခုကလွဲပြီး ခွဲခြားဆက်ဆံတယ်လို့ လည်း ယောင်လို့တောင် တွေးမိထားတာ မဟုတ်ဘူး လေ။ အိမ်ရှေ့ပဲဖြစ်ဖြစ် ... အိမ်နောက်ပဲဖြစ်ဖြစ်... ခြံထဲပဲဖြစ်ဖြစ်ပေါ့ အရာအားလုံးက ယမင်းသူဇာရဲ့ အငွေ့အသက် လွှမ်းခြုံထားရာ အရပ်တွေပဲ မဟုတ်လား ....။

"ဒါနဲ့ ခုမှ နေပြည်တော် ရောက်တာဆိုတော့ တည်းဖို့ ခိုဖို့ ကိစ္စတွေရော သူဌေးလေးတို့ ဘယ်လိုစီစဉ်ထားကြလဲ"

ဓာပြုက သူ့ကို လှမ်းကြည့်လာတယ်။

"ရောက်ရောက်ချင်း ဒီတန်းလာခဲ့တာဆိုတော့ အဲဒီကိစ္စတွေ ဘာမှ မလုပ်ရသေးပါဘူး ဓာတ်ဆရာရယ်၊ ဒီကပြန်မှ ပဲ စီစဉ်ရမှာ ပါ"

"အဲဒါဆို ဒီလိုလုပ် .... ကုန်းတန်းရပ်မှာ ကျုပ်အသိအိမ်တစ်အိမ်ရှိတယ်၊ ကျုပ်တို့လို အနုပညာသမားပဲ ....လွယ်လွယ်ပြောရရင် တစ်ချိန်က ရွှေနန်းရှင်မင်းတရားကြီး ကိုယ်တော်တိုင် မြှောက်စားခဲ့တဲ့ ပန်းတမော့ပညာရှင်ကြီးပေါ့ ၊ ခုတော့လည်း အသက်ကြီးပါပြီ၊ သူ့ဆီမှာ တည်းမယ် ဆိုရင်တော့ အဆင်ပြေနိုင်တယ်၊ သူငွေးလေးတို့ ရဲ့ နေရေးစားရေးအားလုံးကိုလည်း ကျုပ်တာဝန်ယူပါတယ်ဗျာ၊ တခြားနေရာ ရှာမနေပါနဲ့ တော့ ....ကျုပ် အားလုံးစီစဉ်ပေးမယ်၊ ဘယ်လိုလဲ ဖြစ်ရဲ့ မဟုတ်လား"

သူတို့ အဖြေပြန်မပေးလိုက်မိဘူး .... မင်းနေပြည်တော် ဖြစ်တာမို့ တည်းခိုနားနေစရာ အဆောင်ဇရပ်တွေ ပေါမည်ဖြစ်သော်လည်း စုံစမ်းမေးမြန်းရမှာ ....သွားရလာရ ညအိပ်တည်းခိုရမှာ နဲ့ စာလျှင် ဇာတ်ဆရာပေးတဲ့ အကြံဉာဏ်က သင့်လျော်လွန်းနေတယ်လေ။

စောဖြူကလည်း မင်းသဘောဆိုသလို ငြိမ်၍ သာနေတယ်။

ဒါနဲ့ ပဲ ... ....

*****

ထိုထိုသောအရပ်သို့ အကြွင်းရှုသည်
အမိဗြာန်၏ ငြိမ်သက်ခြင်းမျိုးဖြင့် ရောက်တော့ခဲ့သည်။
အညစ်အကြေးသုံးပါးဖြင့် စည်ပင်သော
လောကကာ သူ့အား ဆီးကြိုနေသည်။
သူသည် အမှောင်ကို နှစ်သက်သူမဟုတ်၊
သို့သော် ကပ်ကမ္ဘာမှ အစေအပါး အရိပ်မည်းများက
သူ့ရုပ်နှင့်ခန္ဓာကို မှောင်စေတော့မည်။
အကြွင်းရှုသည် အပါယ်လေးပါးကို လိမ္မာသော်ငြား...

(l)

အနုပညာမြောက်သော တည်ဆောက်မှုတစ်ခုဆိုတာ ခပ်ဝေးဝေးထဲက သူတို့ ရိပ်မိလိုက်တယ်။ မြဝန်းတစ်ခုလုံးကို

သစ်သားတန်းတွေ အပြည့်ကာရံထားပြီး အဝင်ဝမှာ ကြေးဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားရဲ့

"အရိယတင်းကုပ်"

အံ့သြလွန်းလို့ မော့ကြည့်မိတော့ ...

"လာ ...သူဌေးလေး၊ အထဲမှာ ဆရာကြီးရှိတယ်"

ဇာတ်ဆရာကဦးဆောင်လို့ ခြံထဲကို ဝင်သွားပါတယ်၊ အတွင်းရောက်ရောက်ချင်း တွေ့လိုက်ရတာက ကျောက်ဆစ်လက်ရာ ရုပ်လုံးရုပ်ကြွကြီးများ ၊ ပြီးတော့ အရွယ်အစားမျိုးစုံ ကျောက်စာချပ်များ ၊ ဘုရားဆင်းတုတော်မှ စလို့ ကျား၊ ခြင်္သေ့ရုပ်တွေထိ · အမျိုးအစားစုံ ရှိနေတယ်၊ အပြည့်အစုံတော့လည်း မဟုတ်ပါဘူး ....တစ်ဝက်တစ်ပျက်နဲ့ လုပ်လက်စ လက်ရာတွေသာ အများ . စု ရှိနေတာပါ။

အနောက်ဘက်မှာ ထူးဆန်းသော အိမ်လေးတစ်အိမ်က ရိုးရိုးလေးနဲ့ တင့်တယ်နေတယ်၊ အပြောက်အမွမ်းတွေ မပါပါဘဲ .... အနုစိတ်သောလက်ရာတွေ မရှိပါဘဲ ....အိမ်လေးက အမြင်အာရုံကို ထူးထူးခြားခြား ဆွဲဆောင်နေတယ်။ ဒါဟာ ပုံသဏ္ဍာန်ကြောင့်လား (သို့) ခြံဝန်းရဲ့ အကျယ်အဝန်းနဲ့ အိမ်ရဲ့ တည်နေရာအထားအသို တော်တည့်မှန်ကန်နေမှုကြောင့်လား.....။ ။

အိမ်ရှေ့ ကွပ်ပျစ်ပေါ်မှာ ခေါင်းဖြူအဘိုးကြီးတစ်ဦး ပေစာတစ်ချပ်ကို သဲသဲမဲမဲ ထိုင်ကာဖတ်နေတယ်၊ ရှေ့မှာ လည်း ရေအင်တုံကြီး တစ်လုံးကို ချထားတယ်။

"ဆရာကြီး ...."

ဓာတ်ဆရာရဲ့ အသံကို ကြားပုံမပေါ်ပါဘူး။

"ဆရာကြီး အရိယ ....ဆရာကြီး"

အနီးကပ် ကျယ်ကျယ်ခေါ်တော့မှ ခေါင်းကိုမော့ပြီး သူတို့ သုံးဦးအား မမြင်ဖူးသလို ကြည့်တယ်။

"ဆရာကြီး ကျွန်တော် သောင်းတန်လေ၊ ယမင်းသူဇာ ဓာတ်အဖွဲ့က ဓာတ်ဆရာသောင်းတန်လေ မှတ်မိတယ်မလား"

မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ကြည့်တယ်၊ ပြီးတော့မှ ....

"ဪ ....အေးသောင်းတန်"

"ဟုတ်ပါတယ် ....သောင်းတန်ပါ ဆရာကြီး"

"အသက်ကကြီးတော့ ဒီလိုပဲ မေ့သကွာ"

သူတို့ နှစ်ဦးကို ကြည့်ပြီးလည်း မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြန်ပါတယ်။

"အင်း ....ကြာဦးမယ့် ပုံပါပဲ၊ ခြေညောင်းမခံနိုင်ရင် ဝင်ထိုင်ကြလေကွာ ...."

ဓာတ်ဆရာက ဖိနပ်ကိုချွတ်ပြီး ကွပ်ပျစ်ရဲ့ ဘယ်ဘက်ခြမ်းမှာ ဝင်ထိုင်တယ်၊ သူတို့ နှစ်ဦးကိုလည်း ....

"သူဌေးလေးတို့ လည်း ထိုင်ကြပါ၊ အားမနာပါနဲ့ "

"ဟာ ...မထိုင်နဲ့ ...မထိုင်နဲ့ ၊ အဲလိုထိုင်လို့ မရဘူး ...၊ အဲလိုထိုင်ရင် ကွပ်ပျစ်က ဘက်ညီမှာ မဟုတ်တော့ဘူး"

"ဗျာ ...."

သူပင်မဟုတ် စောဖြူပါ ကြောင်အသွားရရဲ့ ...။

"ညာဘက်ခြမ်းမှာ မောင်ရင်တို့ နှစ်ယောက်လုံး ဝင်ထိုင်လိုက်ရင် သောင်းတန်ထိုင်နေတဲ့ ဘယ်ဘက်ခြမ်းက ပေါ့သွားမှာပေါ့၊ အဲလိုဆို အလယ်ကထိုင်နေတဲ့ ကျုပ်အတွက် ဘယ်လိုမှ ဘက်မညီတော့ဘူး၊ ဒီလိုလုပ် ...ကျုပ်နဲ့ မျက်နှာချင်းဆိုင်မှာ တစ်ယောက်ဝင်ထိုင်လိုက်"

"ဗျာ ...ဟုတ် ....ဟုတ်ကဲ့"

စောဖြူမှာ အူလည်လည်နဲ့ ရေအင်တုံကြီးကို အလယ်တွင် ထား ....အဘိုးကြီးနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်တယ်။

"အိမ်း ....ဒီလိုမှ လူလေးယောက် ဘက်လေးဘက် ခေါက်ချိုးလည်း ညီ ဘက်လည်း ညီမပေါ့၊ မဟုတ်ရင် ကျုပ်စိတ်ထဲ တစ်ခြမ်းလေးပြီး တော်တော်နေရထိုင်ရခက်နေမှာ ...."

"ဟုတ်ကဲ့ ....ဆရာကြီး"

ဇာတ်ဆရာက ခေါင်းကိုကုတ်ပြီး မတိုးမကျယ် အဖြေပေးတယ်။

"ဒီလိုရှိတယ် ဇာတ်ဆရာရဲ့ ...၊ ကျုပ်တို့ သဘာဝလောကကြီးက ဒွိသဘောပေါ်မှာ အခြေခံထားတယ်ဆိုတာတော့ သိရဲ့ မဟုတ်လား"

ဇာတ်ဆရာက ခေါင်းလည်း မညိတ်သလို ခေါင်းလည်း မခါပါဘူး။

"အထက်နဲ့ အောက်၊ အရှေ့နဲ့ အနောက်၊ ဘယ်နဲ့ ညာ၊ အတိတ်နဲ့ အနာဂတ်၊ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း၊ လူမှာ ဆိုရင် ဘယ်ခြမ်းညာခြမ်း၊ တိရိစ္ဆာန်တွေမှာ ဆိုရင်လည်း ကဏန်းတို့ ကင်းခြေများ တို့ ကိုပဲကြည့် ... ဘယ်ဘက်ခြမ်းက ခြေလက်တွေက ညာဘက်ခြမ်းနဲ့ တည်ဆောက်ပုံရော အရေအတွက်ရော အတူတူပဲ၊

အဲဒါကြောင့်မို့လို့ သဘာဝတရားက ဒွိသဘောပေါ်မှာ အခြေခံထားတယ်၊ ဘက်ညီမှုပေါ်မှာ အားပြုထားတယ်လို့ ပြောတာ၊ အဲတော့ ဘာတွေထူးခြားလာလဲ၊ ဘက်ညီတဲ့ အရာတွေက မညီတဲ့ အရာတွေထက် လူတွေရဲ့ အမြင်အာရုံနဲ့ စိတ်ကို ထူးထူးခြားခြား ဆွဲဆောင်နိုင်တယ်၊ ခြွင်းချက်တွေတော့ ရှိတာပေါ့ကွာ ....၊ ဒါပေမဲ့ အဲဒီ ခြွင်းချက်ဆိုတဲ့ အရာတွေဟာ မလှကြဘူး"

ဓာတ်ဆရာက ခေါင်းပဲညိတ်ရမလို ခေါင်းပဲကုတ်ရမလို တံတွေးပဲ မျိုချရမလို ဖြစ်သွားတယ်၊ သူတို့ အတွက်လည်း ထူးဆန်းသွားပါတယ်၊ စိတ်ဝင်စားလို့ အဘိုးကြီးလက်ထဲက ပေရွက်ကို လှမ်းကြည့်တော့ သူတို့ နားမလည်တဲ့ ရှေးဟောင်းဘာသာစကားတစ်ခုနဲ့ ရေးထားတဲ့ အရာတစ်ခု ဖြစ်နေတယ်။

"ဒါကြီးက ဘာလုပ်ထားတာလဲ"

ရေအပြည့်နီးနီးထည့်ထားတဲ့ အင်တုံးကြီးကိုကြည့်ပြီး မေးလိုက်တယ်၊ ရေချည်း သက်သက်လည်း မဟုတ်ပါဘူး၊ သစ်သားပေတံတစ်ချောင်းကိုပါ ရေထဲထိုးနှစ်ထားတာပါ၊ အဘိုးကြီးက အင်တုံကို တစ်ချက်ငုံ့ကြည့်ပြီး ....

"အလင်းကို လေ့လာနေတာ"

ထိုးနှစ်ထားတဲ့ ပေတံကို အပြင်ဆွဲထုတ်လိုက်တယ်၊ ပြီးတော့ ....

ချက်ချင်းပဲ ရေထဲကို ပြန်ထိုးနှစ်ပြီး ....

"ကြည့်ကြည့်လိုက်၊ ရေထဲနစ်ဝင်နေတဲ့ အပိုင်းက ကွေးနေတာကို မောင်ရင်တို့ တွေ့လိမ့်မယ်"

သုံးဦးသား အင်တုံဆီ အကြည့်ရောက်သွားတယ် .... တကယ်ပါပဲ

အဘိုးကြီးပြောသလို ရေထဲနစ်ဝင်နေတဲ့ အပိုင်းက ကွေးနေပါတယ်။

"ဒါဟာ ပေတံက တကယ်ကွေးသွားတာမဟုတ်ပဲ ....ငါတို့ အမြင်အာရုံ ကသာ ကွေးပြီးမြင်ရတာ၊ ဘာကြောင့်လဲဆိုတော့ နေကနေလာတဲ့ အလင်းဟာ ပတ်ဝန်းကျင် လေထုကိုဖြတ်တယ်၊ ပြီးတော့ ရေရဲ့ မျက်နှာပြင်ကို လာရိုက်တယ်၊ အလင်းပေါက် ဝင္လာဖြစ်တဲ့ အတွက် ရေကိုပါ အလင်းက ထပ်ဖြတ်တယ်၊ ဒါပေမဲ့ လေထုရဲ့ သိပ်သည်းဆနဲ့ ရေထုရဲ့ သိပ်သည်းဆဟာ မတူဘူး၊ ရေရဲ့ သိပ်သည်းဆက ပိုကြီးတယ်၊ အဲဒါကြောင့် ... အလင်းဟာ အဖြောင့်အတိုင်း မသွားနိုင်တော့ဘဲ ယိုင်သွားတာ၊ ဒါကို အလင်းယိုင်တယ်လို့ ခေါ်တယ်၊ အရင်တုန်းကတော့ ဒါမျိုးကိစ္စတွေဟာ အမှတ်တမဲ့ပါပဲ၊ ခုမှ ပဲ သေချာသိရတော့တယ် ...."

အဘိုးကြီးက သက်ပြင်းကိုချရင်း ကောင်းကင်ကို မော့ကြည့်တယ်။

"ဟိုးအရင်နှစ်တွေတည်းကသာ အလင်းအကြောင်းကို သေချာသိခဲ့ရင် ငါ့လက်ရာတွေ အခုထက် အများကြီးထင်ရှားခဲ့မှာ ...."

စိတ်မကောင်းသလိုလေသံနဲ့ ပြောတော့ ဓာတ်ဆရာက ...

"ခုလည်း ထင်ရှားပါတယ် ဆရာကြီးရယ်၊ ထင်ရှားလွန်းလို့ .... မင်းတရားကြီး ကိုယ်တော်တိုင်ကတောင် ချီးမြှောက်ထားတဲ့ ဥစ္စာ"

အဘိုးကြီးက ခြောက်ကပ်ကပ်ရယ်ပြီး ....

"ကြာခဲ့ပါပြီလေ"

သက်ပြင်းရှည်ကြီးတစ်ခုကို ထပ်ချတယ်။

"ကဲ ...ဆိုစမ်းပါဦး ဓာတ်ဆရာ၊ မောင်ရင်ရဲ့ လာရင်းကိစ္စက ..."

မျက်နှာဖုံး သူဌေးလေးတွေပါ၊ ရွှေနန်းရှင် မင်းတရားကြီးရဲ့ သက်တော်(၆၀)ပြည့် ပျော်ပွဲရှင်ပွဲမှာ ကျုပ်တို့ ဇာတ်အဖွဲ့က အဆောလတ်မြို့ကို သွားကတယ်လေ၊ အဲဒီမှာ သူဌေးလေးတွေနဲ့ ရင်းနှီးလာခဲ့တာ၊ အခုသူဌေးလေးတွေက နေပြည်တော်ကို အကြောင်းတစ်ခုနဲ့ ရောက်တုန်း ဝင်လည်ကြတာဗျို့၊ ကျုပ်တို့ ဇာတ်သမားအိမ်ဆိုတာကလည်း သိတဲ့ အတိုင်းပဲလေ လူဝင်လူထွက်များ လေတော့ သူဌေးလေးတို့ ကို စိတ်အနှောင့်အယှက် ဖြ စ် မှာ စိုးလို့ စိတ်အေးလက်အေး တည်းခိုရအောင် ဆရာကြီးဆီ ခေါ်လာခဲ့တာပါ၊ ကဲ ... သူဌေးလေးတို့ ...ဒါ ဆရာကြီး အရှိယပဲ"

"ဟုတ်ကဲ့ ....ဆရာကြီး"

"တည်းတာတော့ ဟုတ်ပါပြီ၊ သူတို့ က ဘယ်လောက်ကြာကြာ နေကြမှာ တုံး"

"လေးငါးရက်လောက်ပါပဲ"

နန်းနွယ် သွက်သွက်ပဲ ဝင်ပြောလိုက်တယ်။

"မောင်ရင့် နာမည်က ...."

"နန်းနွယ်ပါ၊ သူက စောဖြူ"

အဘိုးကြီးက တစ်စုံတစ်ရာမှာ စဉ်းစားသလို ငြိမ်သွားတယ်။

"နာမည်လေးတွေကတော့ မဆိုးပါဘူး၊ ကျန်အင်လက္ခဏာလည်း ကောင်းပါတယ်"

"သူတို့ နှစ်ယောက်နဲ့ ပတ်သက်လို့ တော့ ဘာအကြောင်းပဲရှိရှိ ကျုပ်တာဝန်ယူပါတယ် ဆရာကြီး"

ဆရာကြီး အရိယက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ....

"အတော်ပါပဲ၊ ကျုပ်အိမ်ကလည်း တစ်ခြမ်းလေးနေတာဆိုတော့"

"ဗျာ ...."

နန်းနွယ် ကြောင်စီစီ ဖြစ်သွားရပြန်တယ်၊ တစ်ခြမ်းလေးသည် ဆိုခြင်းကြောင့် စောဖြူကလည်း နောက်မှ အိမ်ကို လှမ်းကြည့်တယ်။

"ကျု ပ် အိ မ် မှာ အခန်းလေးခန်းရှိတယ်၊ ခေါင်းရင်းနှစ်ခန်း၊ ခြေရင်းနှစ်ခန်း၊ ခေါင်းရင်း တစ်ခန်းမှာ ကျုပ်နေတယ် နောက်တစ်ခန်းမှာ ကျုပ်တပည့် မောင်ရွှေးနေတယ်၊ ခြေရင်းနှစ်ခန်းမှာ တစ်ခန်းက ပေပုရပိုက် အဟောင်းတွေ ထည့်ထားပြီး တစ်ခန်းက လွတ်နေတာ၊ ဘက်မညီဖြစ်ပြီး တစ်ခြမ်းလေးနေတာပေါ့ကွာ၊ မောင်ရင်တို့ နေမယ် ဆိုရင်တော့ မျှပါပြီ၊ ခေါင်းရင်းနှစ်ယောက် ခြေရင်းနှစ်ယောက်၊ ခေါက်ချိုးလည်း ညီသွားပြီ၊ အဲလိုမှ ပဲ ကျုပ်လည်း နေသာထိုင်သာ ရှိတော့မှာ ပေါ့၊ အိမ်က ဘက်မညီလို့ ထင်ပါရဲ့ ကျုပ်ဖြင့် နေမပျော်တာ တော်တော်ကြာနေပြီ"

ဆန်းတော့လည်း ဆန်းလှပေတယ်၊ လူနေတဲ့ သဘောတရားမှာ တောင် အိမ်က ဘက်မညီလို့ နေမပျော်ဘူးတဲ့ ။

"နေပါ ...လွတ်လွတ်လပ်လပ်သာနေ ပျော်သလောက်နေ၊ ဒါမှ ...ကျုပ်လည်း လန်းလန်းဆန်းဆန်းရှိမှာ ...."

"သူဌေးလေးတို့ အားမနာနဲ့ နော်၊ ဆရာကြီး အရိယက ကျုပ်တို့ ဇာတ်အဖွဲ့နဲ့ မိဘားစုလိုနေတာ၊ ဆရာကြီးရဲ့ ကျေးဇူးတွေ ကျုပ်တို့ ပေါ် မှာ အများကြီး၊ ယမင်းသူဇာကို မင်းသမီးတင်ဖို့ လည်း ဆရာကြီးပဲအကြံပေးခဲ့တာ၊ ပြီးတော့ ကျုပ်တို့ အဖွဲ့ ရဲ

ကားလိပ်အတင်အချ အဲဒါတွေအားလုံးကို ဆရာကြီးပဲ ကနဦး စိမံပေးခဲ့တာ၊ အဲဒါကြောင့်လည်း ကျုပ်တို့ ဇာတ်အဖွဲ့ က တခြားအဖွဲ့တွေနဲ့ မတူကွဲပြားနေတာပေါ့"

"ဪ ...."

ဒါကြောင့်မလို့ ယမင်းသူဇာ ဇာတ်အဖွဲ့ က ရှေ့ပွဲလာတွေရဲ့ စိတ်နှလုံးကို အသေးစိတ် သိမ်းပိုက်ထားနိုင်တာကိုး။

"သောင်းတန် ....မောင်ရင့်ဆီမှာ ဆရာ့ကောင်း သမားကောင်းလေးများ ရှိသလား"

ထူးဆန်းသွားတဲ့ စကားကြောင့်...

"ဘာဖြစ်လို့ လဲ ဆရာကြီး"

"ကျုပ် ညဘက်တွေ အိပ်ရတာ တစ်မျိုးပဲ"

"အိပ်မပျော်လို့ လား"

"ပျော်ပါတယ်"

"အိပ်ရေးမဝလို့ လား"

"အိပ်ရေးလည်း ဝပါတယ်၊ ဒါပေမဲ့ တစ်မျိုးပဲ"

ဇာတ်ဆရာ မျက်မှောင်ကြုတ်သွားတယ်။

"ဘယ်လိုဖြစ်လို့ လဲ ဆရာကြီး"

ဆရာကြီးက အတန်ကြာအောင် ငြိမ်သွားပါတယ်။

"တစ်မျိုးတော့ တစ်မျိုးပဲ သောင်းတန်၊ ကျုပ်လည်း သေချာတော့ မပြောတတ်ဘူး"

ဘာဖြစ်နေမှန်းမသိသော်လည်း ဇာတ်ဆရာက အလိုက်သင့်ဆုံးစကားတစ်ခုနဲ့ နှစ်သိမ့်တယ်။

"အသက်ကြီးလာလို့ သွေးလေမမှန်တာလည်း ဖြစ်မှာပါ၊ ဘာမှ မပူပါနဲ့ မြို့မှာရော နန်းတွင်းထဲမှာရော ကျုပ်အသိ သမားတော်တွေ ရှိပါတယ်"

ခေါင်းလည်း မညိတ် ခေါင်းလည်း မခါသလို ဘာစကားမှ လည်း မပြောတော့ဘူး။

ဒီလိုနဲ့ ပဲ သူနဲ့ စောဖြူ ဆရာကြီး အရိယအိမ်မှာ တည်းခိုဖို့ ဖြစ်လာတယ်။ ငအေးအတွက်ကတော့ ဇာတ်ဆရာသောင်းတန်က တာဝန်ယူပါတယ်၊ သူ့ရဲ့ ဇာတ်သဘင်အိမ်မှာ ပဲ ထားမယ်ပြောပြီး ခေါ်သွားခဲ့တယ်။

ဘာပဲဖြစ်ဖြစ်ပါ၊ သူ့အတွက်ကတော့ အကြောင်းတစ်ခုတည်းတင် ဒီမှာ နေဖို့ ကိစ္စက တန်နေတယ်လေ။

ယမင်းသူဇာကို မင်းသမီးတင်ဖို့ အကြံပေးခဲ့တာ .... ဆရာကြီး အရိယတဲ့ လေ ....

****

(၈)

ညရဲ့ ထောင့်ချိုးတစ်ခုမှာ သူ ဖျတ်ခနဲ နိုးလာခဲ့တယ်၊ မျက်လုံးကိုဖွင့်ကြည့်တော့ တဒုတ်ဒုတ် ထုရိုက်နေသံကို မနီးမဝေးအရပ်ဆီမှ ကြားရရဲ့ ထထိုင်မိတော့ နံဘေးမှာ စောဖြူရှိမနေပါဘူး၊ ဒါဟာ ပန်းတမော့ပညာရှင်ကြီး ဦးအရိယပိုင်ဆိုင်သော အိပ်ခန်းတစ်ခုတည်းတွင် သူ အိပ်စက်ခဲ့ခြင်းဖြစ်မှန်း ချက်ချင်းပဲ သတိထားလိုက်မိတယ်၊ အခန်းထောင့်မှာ ချိတ်ဆွဲထားသော မီးအိမ်လေးဆီမှ နီဝါရောင် အလင်းတန်းအချို့ဟာ အခန်းလေးထဲကို ဝိုးတဝါး ကျရောက်ပေးနေတယ်။

စောဖြူ ဘယ်မှာလဲ၊ အခုကြားနေရတဲ့ ထုရိုက်သံကရော ဘယ်ကထွက်နေတာလဲ၊ အချိန်ကရော ဘယ်လောက်ရှိပြီလဲ၊ မိုးပဲလင်းတော့မှာ လား။

အိပ်ရာမှ ထပြီး အခန်းပြင်ကို ခြေချမိတယ်ဆိုရင်ပဲ ...ထုရိုက်သံထွက်ပေါ်ရာအရပ်ကို သိလိုက်ရတယ်၊ ဆရာကြီးအရိယ အိပ်စက်ရာ အခန်းဆီမှ ဖြစ်ပါတယ်၊ အလင်းတိုင် အများ အပြားလည်း အခန်းထဲမှာ ထွန်းညှိထားပုံရတယ်၊ အလုပ်ပိတ်အခန်းတစ်ခု ဖြစ်သော်ငြား တချို့ နေရာများမှာ အလုဆင်ချိတ်ဆွဲထားတဲ့ နံရံကပ်စက္ကူကြောင့် အလင်းက အပြင်ကို လျှံကျ နေတယ်။

ထို အ လ င်း ကြား မှာ ပဲ စားပွဲပေါ်ထိုင်ပြီး တစ်စုံတစ်ရာကို စိတ်ဝင်တစား ထုရိုက်အသက်သွင်းနေတဲ့ ဆရာကြီးရဲ့ ပုံရိပ်ကိုလည်း မြင်ရတယ်၊ တစ်ရေးနိုးထပြီး အလုပ်လုပ်နေတယ်တင်ရဲ့ ၊ နန်းနွယ် ဆက်လျှောက်လာခဲ့တော့ အိမ်တံခါးမကြီးမှာ ဟင်းလင်းပွင့်ကာနေပါတယ်၊ လူတစ်ဦးက အိမ်ပြင်လရောင်အောက်မှာ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ....။

"စောဖြူ ...."

သူ့ခေါ်သံကြောင့် ကောင်းကင်ကို မော့နေသော စောဖြူ ....

ဦးခေါင်းတို့ လည် လာပြီး ....။

"ဩော် ....နန်းနွယ် တစ်ရေးနိုးတာလား"

"ဆိုပါတော့ကွာ ..."

ဆရာကြီးအရိယ အခန်းရှိရာဆီ နန်းနွယ်တစ်ချက်ငဲ့ကြည့်ရင်း ....

"ဆရာကြီးရဲ့ ကျောက်ဆစ်သံကြောင့် အိပ်မရလို့ ထွက်ထိုင်နေတာလား"

စောဖြူက ဦးခေါင်းကို ခပ်လေးလေးယမ်းတယ်။

"သူ အလုပ်ထလုပ်တာ မကြာသေးဘူး၊ ငါ့အထင် ညဦးဗဟိုရ်နှစ်ချက်တီး ကျော်ကျော် လောက်မှ ထင်တယ်၊ တစ်ခန်းလုံး မီးတွေလင်း လာပြီး

ကျောက်ဆစ်သံ ထွက်လာတာပဲ၊ ငါ ထိုင်နေတာ အဲဒါကြောင့် မဟုတ်ပါဘူး၊ ဒီလိုပဲ အိပ်မရလို့ "

"အခုက ဘယ်အချိန်ရှိပြီလဲ"

"အစောကတင် နန်းတော်က ဗဟိုရ်စည် သုံးဆယ့်သုံးချက် တီးလိုက်ပြီ"

"ဩော်...."

ညဉ့်လယ်ပဲ ရှိသေးတာပါလား ....၊ ဆရာကြီးအရိယမှာ တစ်ရေးနိုး အလုပ်ထလုပ်တတ်သည် .... အဲဒါကြောင့်လဲ ညဘက်တွေ အိပ်လို့ အဆင်မပြေတာလားမသိ ထင်သည်။

"သူ့ကို ဘယ်လိုမြင်လဲ"

စောဖြူ လှည့်ကြည့်လာတယ်၊ ပြီးတော့ မီးရောင်တွေထွက်နေသော အိမ်အတွင်းခန်းဘက် တစ်ချက်ဝေ့ကြည့်ပြီး ....

"မပြောတတ်ဘူး"

"ညနေက သူနဲ့ စကားပြောဖြစ်သေးတယ်"

"တွေ့ပါတယ်"

"သူက ကျောက်ဆစ်ပညာတင် မဟုတ်ဘူး ၊ ဗိသုကာပညာမှာ လည်း ထူးထူးခြားခြား ကျွမ်းကျင်တယ်၊ နန်းတော်တွင်းက တရားပြု လွှတ်တော်၊ နန်းဆောင်ဇရပ်နဲ့ ,ရှေ့ကန်တွေကို တစ်ချိန်က သူပဲ တာဝန်ယူတည်ဆောက်ပေးခဲ့တာ"

"ဟုတ်လား ...."

"သူ့ အိမ်မှာ နေပြီး သူ့အကြောင်းပြောရတာ သိပ်တော့မကောင်းဘူးပေါ့ကွာ၊ ဒါပေမဲ့ တော်တော်ထူးခြားတဲ့ လူတစ်ယောက်ဆိုတာတော့ သေချာတယ်"

စောဖြူက ခေါင်းကိုညိတ်တယ်။

"ငါလည်း ရိပ်မိပါတယ်၊ ညဦးတုန်းက သူ့တပည့် မောင်ရွှေဘုရားစင်ရှေ့ကနေ သူ့ကို အိပ်ခန်းထဲ ပွေ့ချီသွားတာ မြင်လိုက်ရတယ်၊ အသေကောင်ကြီးအတိုင်းပဲ တောင့်တောင့်ကြီး လက်ထဲမှာ ပါသွားတာ"

"မြင်တယ် ....၊ အခုကျတော့လည်း အကောင်းတိုင်းပါပဲ"

စောဖြူရဲ့ ပုံသဏ္ဌာန် အစစ်အမှန်ကို ပြန်ရှာတွေ့လိုက်တယ်လို့ နန်းနွယ်စိတ်ထဲမှာ ခံစားလိုက်ရတယ်၊ အကင်းပါးတယ်၊ စဉ်းစားတယ်၊ လူပေါင်းဆုံပြီး လူရည်လည်တယ်၊ လူငယ်တို့ သဘာဝ ကျန်တဲ့ ဆိုးသွမ်းမှုတွေတော့ ရှိတာပေါ့လေ၊ ဒါပေမဲ့ စောဖြူဆိုးပုံက လူကြီးဆန်ပါတယ်။

တစ်ခုပါပဲ ယမင်းသူဇာနဲ့ ခုလို မဖြစ်မနေ လာတွေ့ရလောက်အောင်ထိ စိတ္တဇဆန်တဲ့ ရူးသွပ်မှုမျိုးကို စောဖြူဆီမှာ သူ မမြင်ဖူးခဲ့တာပါ။

"စောဖြူ ငါ မင်းကို တစ်ခုလောက် မေးချင်တယ်"

ငြိမ်နေရာမှ အကဲခတ်သလို သူ အားလုမ်းကြည့် လာပြီး ...

"ယမင်းသူဇာကို အသည်းအသန် တွေ့ချင်ရတဲ့ အကြောင်းရင်းကို မင်းသိချင်နေတာ မလား"

ဟုတ်တယ်လို့ ပဲ ဖြေရမှာ ပဲ၊ မေးစရာမလိုဘဲ ဖြေမယ့်လူက မေးခွန်းကို လာပြောနေတော့ ....

"အေး ...."

အတန်ကြာအောင် စောင့်ကြည့်ပေမဲ့စောဖြူမဖြေပါဘူး။

"သူ့ကို ချစ်သွားတာလား ...."

မရဲတရဲ မေးလိုက်မိတယ်၊ တp!+ဆက်တည်း မဟုတ်ပါစေနဲ့ လို့လည်း ဆုတောင်းမိပါတယ်၊ နှလုံးသားကလည်း တဒိတ်ဒိတ် ခုန်လို့ပေါ့။

စောဖြူက ဟက်ခနဲ ရယ်လာတယ်။

"အငြိမ့်သမကို ချစ်စရာလားကွာ"

"ဟင် ...."

တော်တော်ကြီးကို ရိုင်းပြလိုက်တဲ့ အဖြေစကားတစ်ခုပါ၊ နားထဲမှာလည်း တဆစ်ဆစ် ခါးသက်သွားတယ်။

"မင်းစကားက ဘာလဲ၊ အငြိမ့်သမဆိုတာ ချစ်ရကြိုက်ရလောက်တဲ့ အမျိုးသမီး မဟုတ်ဘူး လို့ ဆိုလိုချင်တာလား၊ ဒါဆို မင်း သူ့ကို သွေးရှူးသွေးတန်း တွေ့ချင်နေတဲ့ အကြောင်းပြချက်က ဘာလဲ"

ခပ်ဆတ်ဆတ် ထွက်သွားတဲ့ စကားလုံးတွေကို ဥပေက္ခာပြုပြီး စောဖြူ မတ်တတ်ထရပ်တယ်။

"နောက်ကျ မင်းသိလာမှာ ပေါ့ကွာ"

သူ့ကိုကျော်ပြီး အိမ်ထဲကို ဝင်သွားပါတယ်၊ သူ တကယ်ပဲ နားမလည်ခဲ့ပါဘူး၊ အငြိမ့်သမကို ချစ်စရာလားကွာ ဆိုတဲ့ စကားကတော့ သူ့နားနဲ့ နှလုံးသားမှာ ခါးသက်သက် ကျန်ခဲ့လေရဲ့ .....။

။

နန်းနွယ် အကြာကြီး ထပ်စောင့်နေသေးပေမဲ့ စောဖြူ ပြန်ထွက်မလာတော့ပါဘူး။

ပြီးတော့ ဆရာကြီးအခန်းမှ ကျောက်ဆစ်သံတွေကိုလည်း မကြားရတော့ဘူး။

မိုးလည်း ငြိမ်းသွားခဲ့ပြီ။

*****

(ဂ)

"ယမင်းသူဇာ ပြန်ရောက်ပြီတဲ့ "

ဒီသတင်းကို အူယားဖားယား သယ်ဆောင်လာသူက စောဖြူ၊ ဘယ်အချိန်တည်းက အပြင်ထွက်သွားမှန်း မသိလိုက်ဘူး .... သူ့ အိပ်ရာနိုးပြီးမကြာခင်ပဲ ငအေးမောင်းသောလှည်းနဲ့ စောဖြူပြန်ရောက်လာတာပါ။

"မနက်အစောကြီးတည်းက ရောက်နေတာတဲ့ ကွ၊ အခု ခရီးပန်းလို့ နားနေတယ်ပြောတယ်၊ ငါတို့ တွေ နက်ဖြန်လောက်တော့ သွားတွေ့လို့ ရမယ် ထင်တာပဲ၊ ဟော့ ....ဟော့ ...."

စောဖြူကြည့်ရတာ တော်တော်အူမြူးနေပုံရပါတယ်၊ အမှန်အတိုင်းပြောရရင် လူမင်းတစ်စင်း သူ့ ရှေ့ သက်ဆင်းရောက်လာသလို သူလည်း ပျော်မိတယ်၊ ဒါပေမဲ့ စောဖြူ အူမြူးပုံက ဆွေမျိုးသားချင်း တစ်ယောက် မိတ်ဆွေတစ်ယောက် ခရီးဝေးသွားတာကနေ ပြန်လာလို့

ပျော်နေပုံမျိုး မဟုတ်ဘူး၊ ညကတင် အငြိမ့်သမကို ချစ်စရာလားလို့လည်း ပွပွနွေးနွေး ပြောထားသေးတော့ ....

"ဇာတ်ဆရာနဲ့ တွေ့ခဲ့တာလား"

"အေး ...."

သူ့ကိုကျော်ပြီး စောဖြူ အခန်းထဲဝင်တယ်၊ အခန်းထဲရောက်ရောက်ချင်း ခေါင်းအုံး အောက်က အရာတစ်ခုကို စောဖြူ အလျှင်အမြန် ဆွဲထုတ်လိုက်ပါတယ်၊ အဆောလတ်မြို့ကနေ တစ်လမ်းလုံး တယုတယ သယ်လာခဲ့တဲ့ အသပြာအိတ်လေးပါ၊ ထိုအိတ်လေးကို လက်နဲ့ ဆကြည့်ရင်း ....

"နန်းနွယ် မင်းမှာ အသပြာ ပါသေးတယ်မလား"

"ပါတယ်လေ ဘာဖြစ်လို့ လဲ"

"ငါ့ကို တစ်ရာ့ငါးဆယ်လောက် ခဏချေးစမ်းကွာ၊ အိမ်ပြန်ရောက်တာနဲ့ ပြန်ပေးမယ်"

"ဘာလုပ်ဖို့ လလဲ မင်းမှာ လည်း ရှိနေတာပဲဟာ"

"ယမင်းသူဇာကို ဆုချမလို့ "

"ဟော ...."

ဘုရားတောင် တမိသွားသလားပဲ၊ စောဖြူကိုင်ထားတဲ့ အသပြာအိတ်က မရှိဘူးဆိုရင်တောင် (၇၀၀/၈၀၀)ထက်မနည်းပါဘူး၊ ဒါကို သူ့ဆီကလည်း ထပ်ချေးနေသေးတယ်၊ ပြီး ...အသပြာအားလုံးကို ဆုချမယ်ဆိုတော့.....

"မင်း ...ယမင်းသူဇာနဲ့ အသည်းအသန်တွေ့ချင်နေတဲ့

ရည်ရွယ်ချက်က ဒါလား ..."

ပြန်မဖြေပါဘူး၊ အသပြာအိတ်လေးကို လက်ကကိုင်ရင်း ပြတင်းပေါက်မှာ သွားရပ်တယ်။

"ဟိုအဘိုးကြီးရော ...."

"လမ်းလျှောက်သွားတယ်ထင်တယ်၊ သူ့တပည့် မောင်ရွှေးတော့ စောစောကတင် ပန်းရန်အ လုပ်သွားတယ်"

"ဒီအဘိုးကြီးနဲ့ တည့်အောင်ပေါင်းထားမှ ဖြစ်မယ်ကွ၊ ခုပုံအတိုင်းဆိုငါ နေပြည်တော်မှာ တစ်ပတ်ဆယ်ရက်လောက် ကြာဦးမလားမသိဘူး ...ဟဲဟဲ"

စောဖြူစကားနဲ့ ဟန်ပန်ကို ဘဝင်မကျလှပါဘူး။

ဘာကြောင့်မှန်း မသိပေမဲ့ စိတ်ထဲမှာ အလိုလို လေးလာရတယ်။

*****

(၀)

ဆရာကြီး အရိယ။

သူဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ ....။

ပန်းတမော့ပညာရှင်လား (သို့) လောကီပညာရပ်များကို

လှေလာလိုက်စားနေသော ဆရာကြီးတစ်ဦးပေလား။

နန်းနွယ်ရဲ့ အသက်အရွယ်နဲ့ ဖြတ်သန်းလာရာ ဘ၀အတွေ့အကြုံအရ တရားခမ္မလိုက်စားသူ ....သီလဆောက်တည်ကျင့်ကြံသူ အများ အပြားကို မြင်ဖူးခဲ့ပါတယ်၊ ဒါပေမဲ့ ဆရာကြီး အရိယလောက် ထူးခြားတဲ့ ပုဂ္ဂိုလ်မျိုးကို မကြုံတွေ့ဖူးခဲ့တာ အမှန်ပါ။

ယခုလည်း ဆရာကြီးအရိယမှာ ဘုရားစင်ရှေ့မှာ ငြိမ်သက်စွာ ထိုင်နေတယ်၊ ငြိမ်တာမှ ကျောက်ရုပ်တစ်ရုပ်အလား တုတ်တုတ်မျှမလှုပ်အောင်ပါ၊ ဒါပေမဲ့ အာနာပါနတရားကို ရှုမှတ်နေခြင်းတော့ လုံး၀ မဟုတ်တန်ရာပါဘူး၊ မဟာပုလ္လင် ထိုင်ထားသော်ငြား ညာဘက်လက်ကို လက်ဝါးဖြန့်ကာ အပေါ်မြှောက်ပြီး ....ဘယ်ဘက်လက်က ပေါင်ပေါ်တင်ထားတယ်။

မျက်လုံးစုံမှိတ်ပြီး ထိုအတိုင်း ထိုင်နေခဲ့တာ ခုဆို လေးဗဟိုရ်လောက်တောင် ရှိနေပါပြီ၊ ရှင်းအောင်ပြောရပါက နေမွန်းမတည့်မီတည်းက ထိုအတိုင်း ထိုင်နေခဲ့တာ နေဝင်ခါတောင် နီးတော့မယ်၊ တစ်စက်ကလေးမှ တောင် မလှုပ်မရှေ့သေးပါဘူး။

အထူးဆန်းဆုံးကတော့ ဆရာကြီးရဲ့ ပုဆိုးအောက်ခြေက တရွေ့ရွေ့ စီးကျနေတဲ့ ကျင်ငယ်ရည်တွေပါ၊ အောက်အနားစတွေလည်း စိုကာရွှဲနေပြီ၊ သို့သော် ဆရာကြီးမှာ အထိုင်မပျက်သေးပါဘူး၊ ဒါဟာ ကျင်ငယ်စွန့်နေတာတောင် စွန့်မှန်းမသိတော့တာလား၊ စိတ်နဲ့ ကိုယ်က ကွဲနေတာလား ...ကပ်နေတာလား (သို့) တစ်နေရာရာမှာ မြဲနေတာလား။

အခုအကျင့်သည် က ဘာလမ်းစဉ်လဲ။

နန်းနွယ်မှာ စိတ်ဝင်စားခြင်းကြီးစွာ ဖြစ်နေမိတယ်။

ပြီးတော့ နောက်ထပ်ထူးခြားသူ တစ်ယောက်လည်း ရှိနေပါတယ်၊ သူကတော့ ဆရာကြီးအရိယနဲ့ အဆန့်ကျင်ကြီး ဆန့်ကျင်နေတဲ့ သူပါ၊ ဆ ရာ ကြီး မှာ ကျောက်ဆိုင်ကျောက်သားလို တည်ငြိမ်လွန်းနေသလောက် စောဖြူမှာ ပျာယာခတ်နေတယ်လေ။

တစ်နေကုန် အခန်းအောင်းနေသလောက် တောင်စွယ်နေကွယ်နီးချိန်မှ စလို့ စောဖြူ လှုပ်ရှားစပြုလာပါပြီ။ တင့်တယ်သေသပ်သော အဝတ်တန်ဆာကို ဆင်မြန်းပြီး ဆံပင်ကို သေချာဖြီးသင်ထားလို့ စောဖြူပုံစံက ရှင်းလင်း ကြည်လင်ကာနေပါတယ်၊ လွန်ခဲ့တဲ့ ငါးရက်လောက်က ညှဉ်းဆိုးဆိုး အမူအရာမျိုး ဒီနေ့ညနေမှာ မတွေ့ရတော့ဘူး။

အခန်းထဲနေလိုက်၊ အိမ်ပြင်ထွက်ရပ်လိုက်၊ ထိုင်ရမလို ထရမလို လမ်းလျှောက်ရမလိုနဲ့ ဂနာမငြိမ် ဖြစ်နေတယ်၊ စိတ်ဝင်စားဖွယ် အတိပြီးနေတဲ့ ဆရာကြီးအရိယကိုတောင် အာရုံမှာ ရှိမနေပါဘူး၊ ပြီးတော့ သူ့ဆီကိုလည်း မလုံမလဲအကြည့်တွေ အကြိမ်ကြိမ် ရောက်နေတယ်။

လူကဲခတ် ညံ့လောက်သူတစ်ဦး မဟုတ်တာမို့ စောဖြူမှာ သူ့အလစ်ကို ချောင်းနေကြောင်း နန်းနွယ် ကောင်းကောင်း သိတယ်၊ ခုလည်း ခြံဝမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး အခွင့်အလမ်းကို ချောင်းနေတယ်၊ သူ့ကိုထားခဲ့ပြီး တစ်နေရာကို သွားချင်နေပုံပါပဲ။

သူ သတိမထားမိတဲ့ တစ်ချိန်မှာ ပဲ စောဖြူ ခြံဝကနေ ပျောက်သွားပါတယ်၊ ခြံပမှာ စောဖြူကို မတွေ့ရတော့ဘူး၊ ဒါနဲ့ ပဲ အလျှင်အမြန် နောက်ကပြေးလိုက်တော့ လမ်းတစ်ဝက်မှာ

ပန်းရန်အလုပ်က ပြန်လာတဲ့ မောင်ရွှေးနဲ့ ဆုံတယ်။

"မောင်ရွှေး ...."

"ဟာ ...သူဌေးလေး ...."

"စောဖြူကို မြင်မိလား"

"ဟိုသူဌေးလေးတစ်ယောက်ကို ပြောတာလား"

"အေး ...."

"တွေ့တယ်လေ၊ သုဇာတာဇရပ်တန်းဘက် အပြေးလျှောက်သွားတာ တွေ့လိုက်တယ် .... တော်တော်အလျင်လိုနေတဲ့ ပုံပဲ၊ မျက်နှာချင်းဆိုင်လျှောက်တာတောင် ကျုပ်ကို သူမမြင်ဘူး"

"သုဇာတာဇရပ်တန်းဆိုတာ"

"ဒီက တည့်တည့်လျှောက်သွားရုံပဲ၊ ကျုပ်တို့ ကုန်းတန်းရပ်မှာ အဲဒီဇရပ်တန်းတစ်ခုပဲ ရှိတယ်"

"သိပြီ ...."

နှုတ်တောင် မဆက်တော့ပါဘူး၊ ချက်ချင်းပဲ ပြေးထွက်လာမိတယ်၊ နန်းနွယ် ကံကောင်းပါတယ်၊ ဇရပ်တန်းကို သူရောက်သွားချိန်မှာ စောဖြူက မြင်းလှည်းလေးတစ်စီးပေါ် ပါသွားနေပါပြီ။

* * *

ရှေ့ကသွားတဲ့ လှည်းကို နောက်ကလှည်းတစ်စီးနဲ့

မိအောင်လိုက်ရတဲ့ ကိစ္စဟာ အရမ်းကြီးခက်ခဲလှတဲ့ ကိစ္စတစ်ခုတော့ မဟုတ်ပါဘူး ...။

စောဖြူ ဘယ်သွားတာလဲ။

ပထမ နန်းနွယ်ထင်ထားတာက သူ့ကိုချန်ထားခဲ့ပြီး ယမင်းသူဇာနဲ့ တွေ့ဖို့ ဇာတ်ဆရာအိမ်ကို ခိုးထွက်လာတာ ....၊ ဒါပေမဲ့ ခရီးအနည်းငယ် ရောက်ပြီးချိန်မှာ အဖြူအမည်းက သဲကွဲလာတယ်၊ စောဖြူ ဇာတ်ဆရာအိမ်ကို သွားနေတာ မဟုတ်ပါဘူး။

လှည်းရဲ့ ဦးတည်ရာက လူရှုပ်သော ပုဏ္ဏားကုန်းရပ်၊ သဘင်တန်းရပ်လိုမဟုတ်ဘဲ ပတ်ဝန်းကျင်က တဖြည်းဖြည်း ရှင်းလင်း တိတ်ဆိတ်နေတယ်လေ၊ ဆင်ခြေဖုံးရပ်လို့ တောင် ပြောရမလားပဲ၊ လူနေအိမ်ကျဲပါးရာ အရပ်တစ်ခုပါ၊ သို့သော် မြင်တွေ့သမျှ နေအိမ်အားလုံးလိုလိုက ခန့်ညားဝင့်ထည်နေတယ်။

"ဒါ ဘယ်နေရာလဲဗျ"

လှည်းဆရာက မြင်းကို ကြိမ်တို့ ရင်း တိုးတိုးဆိုတယ်။

"သူကြွယ်ကုန်း ...."

မျက်မှောင်ကြုတ်ရင်း သံယောင်လိုက်သွားမိရဲ့ ။

"သူကြွယ်ကုန်း ..."

စောဖြူလိုက်ပါလာသောလှည်းက ရေနံချေးရောင် ဝနေသော အိမ်ကြီးတစ်အိမ်ရှေ့မှာ ရပ်သွားခဲ့ပြီး စောဖြူ၊ လှည်းပေါ်မှ ဆင်းလာတယ်၊ လှည်းလေးက စောဖြူကိုထားခဲ့ပြီး ဆက်မောင်းထွက်သွားတယ်၊ ဒါ ဘယ်သူ့အိမ်လဲ ....၊ တံခါးတွေ အလုံပိတ်ထားပေမဲ့အထဲမှ အလင်းရောင်ဝါဝါက အပြင်လျှံကျနေလို့

လူရှိတာတော့ သေချာတယ်။

မကြာပါဘူး ....၊ ခြံအတွင်းဘက်ထောင့် တစ်နေရာကနေ တရွေ့ရွေ့ လျှောက်လာတဲ့ မည်းမည်းသဏ္ဌာန် လူရိပ်တစ်ခုကို တွေ့ရတော့ နန်းနွယ် မနေနိုင်တော့ဘူး။

"စောဖြူ....."

သူ့အသံကြောင့် သရဲသဘက် တွေ့လိုက်ရသလို စောဖြူခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားတယ်။

"နန်းနွယ် ....မင်း ....မင်း ဘယ်လိုလုပ်ပြီး"

"ချလွှင် ...."

တုန်ခါသွားသော ခန္ဓာကိုယ်ကြောင့် စောဖြူခါးကြားမှ တစ်စုံတစ်ရာလည်း အောက်ပြုတ်ကျသွားပါတယ်၊ အသပြာအိတ်လေး ...၊ ဒါပေမဲ့ မနက်ကတွေ့ ထားသလို ပြည့်ပြည့်ဖောင်းဖောင်းတော့ မဟုတ်ဘူး ။

"ဒါ ဘယ်သူ့အိမ်လဲ"

ပြန်မဖြေပါဘူး ...၊ မဖြေတဲ့ အပြင် စောဖြူစကားတွေက အဆမတန် မာထန်သွားတယ်။

"ဒါ ငါ့ကိစ္စပါ ...မင်းနဲ့ မဆိုင်ပါဘူး၊ မင်းကဘာဖြစ်လို့ ငါ့ကို နောက်ယောင်ခံ လိုက်လာတာလဲ"

"ငါမေးတာသာဖြေပါ၊ ဒါ ဘယ်သူ့ အိမ်လဲ.....၊ မင်းဘယ်သူနဲ့ လာတွေ့တာလဲ"

ပြုတ်ကျသွားတဲ့ အသပြာအိတ်လေးကို ဆတ်ခနဲ ကောက်ယူပြီး

ခါးကြားမှာ ထိုးတယ်။

"ငါပြောပြီးပါပကော ...ဒါ ငါ့ကိစ္စပါလို့ ...၊ ငါ့ ကိစ္စငါလုပ်မယ် ...မင်းကိစ္စမင်းလုပ်၊ အခုလောလောဆယ် အကောင်းဆုံး မင်းလုပ်သင့်တာကဒီအရပ်ကနေ လှည့်ပြန်သွားဖို့ ပဲ"

"သူဌေးလေးတို့ ...."

"ဟင် ...."

ဇာတ်ဆရာ ....၊ ဟုတ်ပါတယ် ...မှောင်ရိပ်ထဲမှ ထွက်လာသူမှာ ဇာတ်ဆရာ သောင်းတန်ပါ၊ သူတို့ နှစ်ဦးရဲ့ အချေအတင် စကားများကြောင့်လား ဒါမှ မဟုတ် အခြားအကြောင်း တစ်ခုကြောင့်ပဲလား မသိဘူး ဇာတ်ဆရာမှာ သိသိသာသာ မျက်နှာပျက်ယွင်းနေတယ်၊ နန်းနွယ် အံ့ဩသွားရသလောက် စောဖြူကတော့ ဇာတ်ဆရာနဲ့ ပတ်သက်ပြီး လုံးလုံးအံ့ဩဟန် မပြပါဘူး။

"မင်းပြန်တော့ နန်းနွယ်၊ ငါ ဇာတ်ဆရာနဲ့ နှစ်ယောက်တည်း စကားပြောစရာရှိတယ် ...."

စောဖြူ သူ့ ကိုကျော်ခိုင်းသွားတယ် ...၊ သူ ခါးထောက်လိုက်ချိန်ခါကျမှ ထိုးထားတဲ့ အသပြာအိတ်က လှစ်ခနဲ ပေါ်သွားတော့ ....ဇာတ်ဆရာ မျက်လုံးတွေ အဓိပ္ပာယ်တစ်မျိုးနဲ့ အရောင်တောက်သွားရဲ့ ။

"ကျွန်တော့်ကို ပြန်ခိုင်းမလို့ လား ဇာတ်ဆရာ ...."

နန်းနွယ်အမေးကြောင့် ...

"ဟာ ...မဟုတ်တာဘဲ သူဌေးလေးရယ် မပြန်ခိုင်းပါဘူး၊

သူဌေးလေးတို့ နှစ်ယောက်လုံးက ကျုပ်တို့ ရဲ့ ကျေးဇူးရှင်တွေဆိုလည်း မမှားတာပဲဗျာ ဘယ်သူ့ကိုမှ မပြန်နိုင်းပါဘူး၊ ခြံဝကြီးမှာ စကားပြောရတာ သူဌေးလေးတို့ အနေနဲ့ လည်း မသင့်တော်ပါဘူး၊ လာပါ ....အိမ်ထဲကိုကြွပါ ..."

ဇာတ်ဆရာက ခြံတံခါးကို ဖွင့်ပေးတယ်၊ စောဖြူကတော့ တင်းမာသော မျက်နှာထားနဲ့ ရပ်နေတုန်းပါ။

"လာပါ ....သူဌေးလေးရယ် စိတ်ထဲမထားပါနဲ့ ၊ တခြားလူတွေမှ မဟုတ်ဘဲ ...သူဌေးလေး နှန်းနွယ်ပဲဟာ၊ ကျုပ်တို့ အတွက် ကိစ္စမရှိပါဘူး၊ အထဲမှာ ယမင်းသူဇာလည်း ရောက်နေပါပြီ"

ယမင်းသူဇာဆိုတဲ့ အသံကြောင့်လား (သို့) ဇာတ်ဆရာကပဲ လက်ဆွဲခေါ်မတတ် ပြောလို့ လား မသိပါဘူး ....စောဖြူ ဆတ်တောက်ဆတ်တောက်နဲ့ အတွင်းဝင်သွားတယ်။

သူ့ အ တွ က် မှာ တော့ အိမ်မည်းကြီးကိုကြည့်ရင်း ရင်တွင်းမှာ နွေးပျလှုပ်ရှားသွားလေရဲ့ ....

အထဲမှာ ယမင်းသူဇာ ရောက်နေတယ်တဲ့ ....၊ ဘာတွေပါလိမ့် ....။

ရင်တွေ တဒိတ်ဒိတ် ခုန်လာပါတော့ယ် ...။

ဇာတ်ဆရာက ဦးညွတ်ရင်း သူ့ကို ခရီးဦးကြိုပြုတယ်။

အိမ်ကြီးက မည်းမည်းမှောင်နေတယ်။

ထို့အတူ သူ့ရင်ထဲမှာ လည်း မည်းတစ်ဝက် မှောင်တစ်ဝက်.....။

***

သူဌေးလေးတို့ နှစ်ယောက်လုံးက ကျုပ်တို့ ရဲ့ ကျေးဇူးရှင်တွေဆိုလည်း မမှားတာပဲဗျာ ဘယ်သူ့ကိုမှ မပြန်နိုင်းပါဘူး၊ ခြံဝကြီးမှာ စကားပြောရတာ သူဌေးလေးတို့ အနေနဲ့ လည်း မသင့်တော်ပါဘူး၊ လာပါ ....အိမ်ထဲကိုကြွပါ ..."

ဇာတ်ဆရာက ခြံတံခါးကို ဖွင့်ပေးတယ်၊ စောဖြူကတော့ တင်းမာသော မျက်နှာထားနဲ့ ရပ်နေတုန်းပါ။

"လာပါ ....သူဌေးလေးရယ် စိတ်ထဲမထားပါနဲ့ ၊ တခြားလူတွေမှ မဟုတ်ဘဲ ...သူဌေးလေး နှန်းနွယ်ပဲဟာ၊ ကျုပ်တို့ အတွက် ကိစ္စမရှိပါဘူး၊ အထဲမှာ ယမင်းသူဇာလည်း ရောက်နေပါပြီ"

ယမင်းသူဇာဆိုတဲ့ အသံကြောင့်လား (သို့) ဇာတ်ဆရာကပဲ လက်ဆွဲခေါ်မတတ် ပြောလို့ လား မသိပါဘူး ....စောဖြူ ဆတ်တောက်ဆတ်တောက်နဲ့ အတွင်းဝင်သွားတယ်။

သူ့ အ တွ က် မှာ တော့ အိမ်မည်းကြီးကိုကြည့်ရင်း ရင်တွင်းမှာ နွေးပျလှုပ်ရှားသွားလေရဲ့ ....

အထဲမှာ ယမင်းသူဇာ ရောက်နေတယ်တဲ့ ....၊ ဘာတွေပါလိမ့် ....။

ရင်တွေ တဒိတ်ဒိတ် ခုန်လာပါတော့တယ် ...။

ဇာတ်ဆရာက ဦးညွှတ်ရင်း သူ့ကို ခရီးဦးကြိုပြုတယ်။

အိမ်ကြီးက မည်းမည်းမှောင်နေတယ်။

ထို့အတူ သူ့ရင်ထဲမှာ လည်း မည်းတစ်ဝက် မှောင်တစ်ဝက်.....။

* * *

အထဲရောက်တော့ ပိုလို့ ပင် အံ့သြရပါတယ် ....၊ ဘာကြောင့်မှန်းမသိ အိမ်ထဲမှာ ဝိုးတဝါး အလင်းရောင်လေးကိုပဲ မမီမကမ်း ထွန်းညှိထားတယ်။

"ထိုင် ...သူငွေးလေးတို့ ..."

ဇာတ်ဆရာက ဦးဆောင်ကာ ဝင်ထိုင်တယ် .... သူနဲ့ စောဖြူ၊ ဇာတ်ဆရာရဲ့ ဟိုဘက်သည် ဘက်မှာ ဝင်ထိုင်လိုက်ကြတယ်၊ အ လ ယ် မှာ ရေနွေးကြမ်းအိုးနဲ့ စားပွဲလေးတစ်လုံး ရှိနေပါတယ်၊ ဖန်မီးအိမ်လေးကိုတော့ သူတို့ ထိုင်နေရာနဲ့ ,မလှမ်းမကမ်း ရက်မတန်းဆီမှာ ချိတ်ဆွဲထားတယ်၊ ဒါပါပဲ ....။

ဒါပေမဲ့ နန်းနွယ်ထိုင်နေရာနဲ့ မျက်စောင်းထိုး အရပ်လောက်မှာတော့ မီးထွန်းထားတဲ့ အခန်းလေးတစ်ခန်း ရှိနေပါတယ်၊ ပိတ်ထူထူကို တင်းစေ့ကာရံထားတဲ့ အခန်းနံရံအနေအထားကြောင့် အထဲမှ အရိပ်အချို့ကိုလည်း မြင်ရတယ်။

ဘာရယ်မသဲကွဲသော်လည်း သလွန်ညောင်စောင်းတစ်ခု (သို့) ခုတင်တစ်လုံး ဖြစ်ပုံရတယ်၊ ထိုအပေါ်မှာ လူတစ်ဦး လှဲအိပ်နေသယောင်လည်း ထင်ရပါတယ်။ ပိတ်ဖြူပေါ်မှာ ခြယ်မှုန်းထားတဲ့ နံရံဆေးရေးပန်းချီများကြောင့် အတိအကျကြီးလည်း မပြောရဲပါဘူး၊ ဇာတ်သဘင် အိမ်တစ်အိမ် မဟုတ်ဘူး ဆိုတာတော့ သေချာသလောက် ရှိပါတယ်၊ အဆိုအကနဲ့ ပတ်သက်တာ ဘာတစ်ခုမှ ရှိမနေဘူးလေ။

ထိုစဉ်မှာ ပဲ ဇာတ်ဆရာရဲ့ ဆော်ဩသံတစ်ခုက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တော့တယ်။ -

"ယမင်းသူဇာ၊ ဒီမှာ သူဌေးလေးတို့ ရောက်နေပြီ"

အိမ်အတွင်း တစ်နေရာမှာ ရိုပ်ခနဲ လှုပ်ရှားသွားပါတယ်၊ သူတို့ မျက်လုံးတွေ လှုပ်ရှားမှု တစ်စုံတစ်ရာဆီ ဝေ့ခနဲ ရောက်သွားမိတော့ ....

အခြားလူတစ်ဦး ဆိုရင်တော့ သေချာပေါက် အသက်ရှူရပ်သွားမှာပါ။ မီးထွန်းထားတဲ့ အခန်းဆီမှ အရိပ်လေးတစ်ခုက ဝိုးတဝါး ဖြစ်နေရာမှ သိသာထင်ရှားလာတယ် ...၊ သလွန်ညောင်စောင်းပေါ် လှဲအိပ်နေဟန် ထင်ရတဲ့ ကောက်ကြောင်းလေးတစ်ခုက ပျောင်းနွဲ့ ညင်သာသောဟန်ပန်နဲ့ ထထိုင်လာတယ်လေ။

နောက်ပြီး ဆင်မယဉ်သာသော ခြေလှမ်းမျိုးနဲ့ တစ်ချက်ချင်းလှမ်းရင်း ခြုံထည်တစ်ခုကို ဆွဲယူလို့ ခန္ဓာကိုယ်ပေါ် ခြုံလွှမ်းလိုက်တယ်၊ တင်းရင်းကွေ့ ကောက်သော ခန္ဓာကိုယ်ကောက်ကြောင်းက သူမရဲ့ လှုပ်ရှားမှုတိုင်းလိုလိုမှာ တိမ်းညွတ်ယစ်မူးဖွယ် ကောင်းလှရဲ့ ၊ သွေးသားဆိုင်ရာ ဘာသာဗေဒတစ်ခုက သူ့အတွက် ပြောပြလောက်အောင် ထင်ရှားမလာသော်လည်း စောဖြူကတော့ ကောက်ကြောင်းအရိပ်မှာတင် မျက်လုံးကျွတ်ထွက်မတတ်ပါ၊ နောက်ပြီး သူ့မျက်လုံးတွေက အဓိပ္ပာယ်တစ်မျိုးနဲ့ လည်း တောက်စူးကာနေတယ်။ မကြာပါဘူး ...

ခြေသံဖွဖွလေးတစ်စုံကို အရင်ဆုံးကြားလိုက်ရရဲ့ ၊ ပြီးတော့ ဝိုး တ ဝါး မီး ရော င် အော က် မှာ သဏ္ဌာန်လေးတစ်ခုက သိသာထင်ရှားလာတယ်။

"လွမ်းလိုက်တာကွယ် ...."

ရ င် မှာ တိုးတိုးလေး ဆိုညည်းမိလိုက်တယ်၊ သူမက

ခြုထည်ပဝါလေးကို မခို့တရို ဆွဲရင်း သူတို့ နှစ်ဦးကို ဦးညွတ်နှုတ်ဆက်တယ်။

"ထိုင် ....သူဇာ"

စောဖြူတော့ အရှင်လတ်လတ် နတ်ပြည်ရောက်သွားပြီ ထင်ရဲ့ ၊ ယမင်းသူဇာထိုင်ဖို့ ဇာတ်ဆရာ ညွှန်ပြလိုက်တဲ့ နေရာက စောဖြူဘေး နေရာလွတ်မှာ ပါ၊ တိမ်းမူးဖွယ် ကိုယ်သင်းနံ့နဲ့ အတူ သူမက မထိတထိ (ထိုင်တယ်ဆိုရုံလောက်လေး) ဝင်ထိုင်ပါတယ်၊ စောဖြူ နှုတ်ခမ်းကိုက်သွားတာကိုလည်း မထင်မရှား တွေ့လိုက်ရတယ်။

တကယ်က သူ့ဘေးမှာ လည်း နေရာလွတ်ရှိနေပါတယ်၊ သို့သော် ဇာတ်ဆရာ တင်ဆက်ပုံက တမျိုးတစ်ဘာသာ ဖြစ်နေတယ်လေ။ ရှူးနေသူကိုသေရည်တစ်မျိုး ထပ်တိုက်လိုက်သလိုမျိုး ခေါင်းကို တွင် တွင် ငုံ့ထားသော်လည်း စောဖြူ စိတ်တွေ ယောက်ယက်ခတ်နေတယ်ဆိုတာ တွေးကြည့်ဖို့ ပင်မလိုလောက်ပါဘူး။

"သူဌေးလေးတို့ ရောက်နေတယ်လို့ ဆရာပြောတော့ သူဇာဖြင့် အံ့ဩသွားလိုက်တာ၊ ဒီလောက်မြန်မြန်ကြီး ရောက်ဖြစ်လိမ့်မယ် မထင်ဘူးလေ"

မချိတင်ကဲလေးပဲ ပြုံးမိလိုက်တယ်။ ။

"နောက်ပြီး သူဌေးလေး တကယ်ရောက်လာလိမ့်မယ်ကို မထင်မိတာ ...."

နန်းနွယ်အာရုံမှာ လွှန်လေပြီးသော မြူဆိုင်းတဲ့ မနက်ခင်း တစ်ခုဆီကို ပြန်ရောက်သွားတယ် ထင်ပါရဲ့ 'သူဇာကတော့ မလာစေချင်ဘူး"လို့ ယမင်းရုပ်လေးကိုယ်တိုင် ပြောသွားခဲ့တာလေ။

"အလည်သက်သက်ပဲလား"

"အင်း ....အလည်ပါပဲ"

"သူဇာ မနက်ကမှ ပြန်ရောက်တာ၊ ခရီးပန်းလာတော့ တစ်နေ့လုံးအနားယူနေရတယ်၊ ကိုယ်လက်တွေကတော့ ခုထိ ညောင်းညာနေတုံးပါပဲ၊ ပင်ပန်းခဲ့တော့ အနားယူပေမဲ့လည်း အမောက ခုထိမပြေပါဘူး"

ခပ်ညည်းညည်း ပြောရှာတော့ သနားမိသွားတာ အမှန်ပါ၊ ဇာတ်ဆရာကတော့ သူနဲ့ သိပ်မဆိုင်သလို အေးအေးသက်သာပါပဲ။

"ဇေယျာဒိပကို ဖျော်ဖြေဖို့ ပဲ သွားတာလား"

"အင်း ...."

"ကျန်တဲ့ အဖွဲ့ သားတွေ မပါပဲ သူဇာတစ်ယောက်တည်းပေါ့ ...."

"မိသင်းနဲ့ မိညက်တော့ ပါပါတယ်၊ ဟိုမှာ က အဆိုအတီး အားလုံးရှိတယ်လေ ...၊ သူဇာက ဟိုက သဘင်သည် တွေနဲ့ ပေါင်းပြီး ဖျော်ဖြေရတဲ့ သဘောပေါ့"

"ဒီလို သူဌေးလေးရေ၊ အမှန်အတိုင်း ဆိုရရင်တော့ ယမင်းသူဇာက ဇေ ယျ ဒီ ပ မှာ သာမန်ပွဲသဘင်တစ်ခုအနေနဲ့ ဖျော်ဖြေဖို့ သွားတာ မဟုတ်ဘူး ၊ ဇေယျာဒိပ အိမ်ရှေ့စံကိုယ်တော်တိုင်က စာချွန်ပို့ပြီး တခုတ်တရ ဖိတ်ခေါ်တာ၊ နန်းတော်အပြင်မှာ လ ည်း မဟုတ်ဘူး .... နန်းတွင်းထဲမှာ ပဲ အဆောင်အယောင် အခမ်းအနား အပြည့်အစုံနဲ့ သူတို့ ဘက်က အတီးအမှုတ် ပညာသည် တွေနဲ့ ပေါင်းပြီး ကပြဖျော်ဖြေရတာ၊ အဲလိုဆိုတော့ စိုးရိမ်စရာလည်း မရှိဘူးလေ၊ အိမ်ရှေ့စံကိုယ်တော်တိုင်ရဲ့ အာဏာစက်ကလည်း ရှိနေတာမဟုတ်လား၊ ဟိုမှာ သူ့ကို

ဆောင်ရနန်းရ မိဖုရားတစ်ပါးလိုကို ထားတာပါ"

"ဘုရားရေ ...."

နန်းနွယ် ဘုရားတမိသွားတယ်။

ဓာတ်ဆရာစကားက ကာယကံရှင်ရှေ့မှာ စည်းဘောင်လွတ်လုချည်လား။

"လွန်ခဲ့တဲ့ ရာသီက ကျုပ်တို့ အဖွဲ့ ဧေယျဒိပကို သွားကြတယ်လေ၊ အဲမှာ တည်းက ယမင်းသူဇာနာမည်က မြို့သူ၊ မြို့သားကြား တော်တော်ရေပန်းစားသွားခဲ့တာကလား၊ အဲဒါရဲ့ အကျိုးဆက်လို့ ပဲ ဆိုရမှာ ပေါ့ သူ့ငွေးလေးရယ်၊ အခုတော့ ကျုပ်တို့ ရဲ့ ယမင်းသူဇာက အိမ်ရှေ့စံကိုယ်တော်တိုင် ဖိတ်ခေါ်အသုံးတော်ခံတဲ့ အဆင့်ကို ရောက်သွားခဲ့ပြီ"

( ဓာတ်ဆရာက ဂုဏ်ယူသလို ပြောလာပြန်ပါတယ် ....၊ သူ့မှာ တော့ အသက်ရှုတောင် မဝတော့သလိုပါပဲ။

ယမင်းရုပ်လေးရယ် ထင်ရှားလုချည်လားကွယ် ....။

ထို ခ ဏ မှာ ပဲ ထင်မှတ်မထားတဲ့ စကားတစ်ခုကို သူမနှုတ်မှ ဆိုတယ်၊ သက်ပြင်းရှိုက်သံ သဲ့သဲ့နဲ့ ပါ။

."ကျွန်မ နားတော့မယ်လေ ..."

ဒီတစ်ခါတော့ ဘယ်သူ့ကိုမှ မကြည့်တော့ပဲ သိမ်မွေ့စွာ ထရပ်တယ်၊ ပြီးတော့ ကွက်ပေါ်ရာ အရပ်ဆီသို့ တစ်လှမ်းချင်း လျှောက်ဝင်သွားပါတယ်။ တစ်ချိန်လုံးငြိမ်နေတဲ့ စောဖြူ ...ယမင်းသူဇာ ထအရပ် သူ့မျက်လုံးများကလည်း အပေါ်အမော့ ....

ပြီးတော့ လျှောက်လှမ်းသွားသော ယမင်းသူဇာရဲ့ နောက်ပိုင်းအလှ တစ်ခုမှာ ရမ္မက်ခိုးဝေနေတဲ့ အကြည့်တွေ ပါသွားတယ်၊ စောဖြူမျက်လုံးနဲ့ ဟန်ပန်ကိုကြည့်ပြီး ရင်ထဲမှာ ခါးသက်ရှုံ့ရှာသွားရတယ်။

အရူးအမဲသားတွေ့သလို ဆိုတဲ့ စကားပုံဟာ ဒီနေရာမှာ ရိုင်းတယ် မထင်မိတော့ဘူး၊ ဒါနဲ့ မပြီးသေးပါဘူး.....နှုတ်ခမ်းကိုကိုက်ပြီး ဇာတ်ဆရာဆီလှည့်ကြည့်လာတော့ ....

ဇာတ်ဆရာက ခေါင်းတစ်ချက် ဆတ်ပြလိုက်တာကို မြင်ရတယ်၊ စောဖြူ အချိုးတွေပြောင်းကုန်ပါပြီ၊ ဝင်းဝါပျော့ရွှင်သွားသော အကျည်းတန်မျက်နှာနဲ့ ခါးကြားမှ အသပြာအိတ်ကို ဆွဲထုတ်ကာ ....

ဇာတ်ဆရာရှေ့ ခပ်သွက်သွက်ချပေးပြီး ....

"ရော့ ...ဇာတ်ဆရာ ကျုပ် ဝင်လိုက်တော့မယ်"

မပြေးရုံတမယ် ထွက်သွားတဲ့ စောဖြူလုပ်ရပ်ကြောင့် သူ့ မျက်လုံးပြူးသွားတယ်။

စောဖြူ့စောဖြူလိုက်ဝင်သွားတဲ့ နေရာက ....

အခန်းလွတ်တစ်ခု မဟုတ်ပါဘူး၊ အိမ်ပြင်ထွက်ရန် တံခါးမကြီးဆီသို့လည်း မဟုတ်ဘူး ၊ ယမင်းသူဇာရှိနေသော မီးတွန်းထားတဲ့ အခန်းလေးဆီသို့ ....၊

သလွန်ညောင်စောင်းထက်မှာ ယမင်းသူဇာ တစောင်းလေး ထိုင်နေပါတယ်၊ ကြည့်နေတုန်းပဲ စောဖြူ အရိပ်က ယမင်းသူဇာရှိရာဆီ တစ်လှမ်းချင်းတိုးကပ်သွားတယ်၊

နန်းနွယ် တစ်ကိုယ်လုံး တောင့်မတ်၊ လည်ချောင်းတို့

ခြောက်ကပ်သွားရပြီ။

"ဇာတ်ဆရာ ....ဒါ ...ဒါက ...."

ခပ်တည်တည်ပါပဲ၊ လုံးလုံးမပျက်ယွင်းသောမျက်နှာနဲ့ ဇာတ်ဆရာသောင်းတန်က ရှေ့မှ ရေနွေးတစ်ခွက်ကို သောက်တယ်။

ကြ ည့် နေ စ ဉ် မှာ ပဲ စောဖြူက ယမင်းသူဇာအနီး သလွန်ညောင်စောင်းမှာ ဝင်ထိုင်လိုက်ပါပြီ၊ ပြီးတော့ ....ခြုံလွှမ်းထားတဲ့ ယမင်းသူဇာကိုယ်ပေါ်မှ ပဝါကို တစ်လွှာချင်း ချွတ်ယူလိုက်တယ်။

သူမဘက်မှ ငြင်းဆန်ခြင်း အလျှင်းမရှိဘူး၊ ခြုံထည်ပဝါလေးက ခဏအတွင်း သလွန်ညောင်စောင်းအောက် လျှော့ကျသွားတယ်။

ပြီးတော့ ...

ထွန်းထားတဲ့ မီးလေးက မတင့်တယ်သော မြင်ကွင်းကို မကြည့်ချင်သည့်အလား "ဟု ပ်ခနဲ ငြိမ်းသွားလေရဲ့ ၊ အခန်းလေးထဲမှာ အသက်ရှူသံတွေမှ တစ်ပါး အမှောင်အတိကျသွားတော့တယ်။

ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့ ဖိကိုက်ထားသော နှုတ်ခမ်းက သွေးစိမ်းရှင်ရှင် ထွက်နေပြီ။ လည်ချောင်းက တားတစ်ချောင်းနဲ့ ထိုးခွဲခံထားရသလို ကြမ်းရှအက်ကွဲ ခံပြင်းစိတ်ကြောင့် တစ်ကိုယ်လုံးလည်း တဆတ်ဆတ်တုန်နေတယ်။

စားပွဲပေါ်က အသပြာအိတ်ကိုကြည့်ရင်းနဲ့ မျက်ရည်တို့ တစ်ပေါက်ချင်း စီးကျလာတယ်။

ဝမ်းနည်းလို့ကကာလေ ...။

လုပ်ရက်လိုက်ကြတာ ...။

"သူဌေးလေး ....ကျုပ်တို့ အိမ်ပြင်ထွက်ပြီး အညောင်းပြေ အညာပြေ လမ်းလျှောက်ရအောင်"

အသားတွေ တဆတ်ဆတ် တုန်နေလို့ တံတွေးတောင် တော်တော်နဲ့ မျိုချမရဘူး ...။

"ဒီအိမ်ကြီးကို ကျုပ်ဌားပေးထားရတာလေ၊ စရိတ်က မနည်းဘူးဗျ"

လက်သီးကိုဆုပ်ရင်း ...သူ့နှုတ်မှ တစ်ခွန်းတည်း ထွက်လာတဲ့ စကားက ...

"ခင်ဗျား.....ဗျာ ...."

*****

## အပိုင်း (၂)

။

အဝေးဆီမှ ရေစီးသံ တဝေါဝေါကို ကြားနေရသည် ။ ပတ်ဝန်းကျင်က ကျေးငှက်သာရကာတို့ ၏ တွန်ကျူးသံများ နဲ့ အေးစက်စိမ်းပြာကာ နေပါ၏။ အရှေ့ဆီမှ ရေစီးနဲ့ အလည်ရောက်လာသော အရွယ်စုံ အာလူးကျောက်များက မြေမှာ ခင်းထားသော ကြယ်တာရာ အစုအဝေးများ လို ချောင်းစပ်တစ်လျှောက် အတုံးအရုံးလဲဖျာလို့ ....

သူတို့ ကိုလွန်လျှင် ....အနက်ဖျော့ပြီး အနံကျယ်သော တောင်ကျချောင်းလေးတစ်ခုကို တွေ့ရမည်ဖြစ်သည် ။ ချောင်းစပ်တွင် ရေချိုးနေကြသော ချစ်သူနှစ်ဦး ရေမှုန်ရေမွှားများ ဖြင့် ဖျန်းပက်နောက်ပြောင်ရင်း တစ်ဦးခိုက်တစ်ဦး ကလူကျီစယ်နေကြ၏။

အ မျိုး သ မီး မှာ တော်တော်လှသည် ။ စိတ်ဓာတ်မခိုင်သော ယောကျ်ားလေးတစ်ဦး ခဏချင်း အရည်ပျော်ကျသွားနိုင်သော အဆစ်အပေါက်မျိုး ....

စိုးကျော် ပင့်ကိုင်ထားသော သစ်ကိုင်းလေးကို မသိမသာ ချလိုက်တော့ မြင်ကွင်းက ဝေဝါးကာသွားသည် ။ သက်ပြင်းချလိုက်မိစဉ်မှာ ပဲ ....

"မင်း ဒါဘာလုပ်နေတာလဲ စိုးကျော် ...."

"ဟာ ....ဆရာ ...."

သူခိုးလူမိသလို စိုးကျော်မှာ အိုးတိုးအမ်းတမ်း ....

"ရေချိုးတာကို ချောင်းနေတာလား"

"ဟာ ...မဟုတ်၊ မဟုတ်ပါဘူးဆရာ"

ငြင်းလိုက်သော်လည်း စူးစူးရဲရဲ ကြည့်နေသော သက်ဦးမျက်လုံးနဲ့ ဆုံသည် ။ စိုးကျော် ချက်ချင်းပင် ခေါင်းငုံ့ သွားရ၏ ။ ဆရာသက်ဦး အကြည့်များကို သူ ရင်မဆိုင်ရဲ ...။

"စိုးကျော် ...လောကမှာ လူ့စည်းဘီလူးစည်း ဆိုတာရှိတယ်၊ တချို့ကိစ္စတွေက စည်းကျော်ဖို့ မပြောနဲ့ ကွ စည်းနားတောင် မသီသင့်ဘူး၊ အခုမင်းလုပ်နေတဲ့ ကိစ္စမျိုးတွေပေါ့ "

စိုးကျော် ပြန်ဖြေရန် စကားမရှိ။

"မင်းလည်း မြင်နေတာပဲ၊ ကောင်မလေးမှာ တရားဝင်ချစ်သူရှိနေတယ်၊ သူ့ချစ်သူလည်း ငါတို့ နဲ့ ရေရှည်အလုပ်တွဲလုပ်မယ့် ပုဂ္ဂိုလ် ,..., မျက်နှာပျက်ရမယ့် ကိစ္စမျိုးတွေ မင်းဘာလို့ လုပ်ချင်ရတာလဲ"

"ခွင့်လွှတ်ပါ ဆရာ"

စိုးကျော်ထံမှ တောင်းပန်သံထွက်လာသော်လည်း သက်ဦး လျှော့ပေးလိုက်ရန်မရှိ၊ စိုးကျော်အကြောင်းကို သူသိသည် ။ ရုပ်ရည်နှင့်မလိုက်အောင် အင်မတန်မြာပွေသူ၊ အလုပ်တွင် အထိခိုက်မရှိသော်လည်း ကခြားဝန်ထမ်းတွေမှ တစ်ဆင့်

"မင်း ဒါဘာလုပ်နေတာလဲ စိုးကျော် ...."

"ဟာ ....ဆရာ ...."

သူခိုးလူမိသလို စိုးကျော်မှာ အိုးတိုးအမ်းတမ်း ....

"ရေချိုးတာကို ချောင်းနေတာလား"

"ဟာ ...မဟုတ်၊ မဟုတ်ပါဘူးဆရာ"

ငြင်းလိုက်သော်လည်း စူးစူးရဲရဲ ကြည့်နေသော သက်ဦးမျက်လုံးနဲ့ ဆုံသည် ။ စိုးကျော် ချက်ချင်းပင် ခေါင်းငုံ့ သွားရ၏ ။ ဆရာသက်ဦး အကြည့်များကို သူ ရင်မဆိုင်ရဲ ...။

"စိုးကျော် ...လောကမှာ လူ့စည်းဘီလူးစည်း ဆိုတာရှိတယ်၊ တချို့ကိစ္စတွေက စည်းကျော်ဖို့ မပြောနဲ့ ကွ စည်းနားတောင် မသီသင့်ဘူး၊ အခုမင်းလုပ်နေတဲ့ ကိစ္စမျိုးတွေပေါ့ "

စိုးကျော် ပြန်ဖြေရန် စကားမရှိ။

"မင်းလည်း မြင်နေတာပဲ၊ ကောင်မလေးမှာ တရားဝင်ချစ်သူရှိနေတယ်၊ သူချစ်သူလည်း ငါတို့ နဲ့ ရေရှည်အလုပ်တွဲလုပ်မယ့် ပုဂ္ဂိုလ် ,.., မျက်နှာပျက်ရမယ့် ကိစ္စမျိုးတွေ မင်းဘာလို့ လုပ်ချင်ရတာလဲ"

"ခွင့်လွှတ်ပါ ဆရာ"

စိုးကျော်ထံမှ တောင်းပန်သံထွက်လာသော်လည်း သက်ဦး လျှော့ပေးလိုက်ရန်မရှိ၊ စိုးကျော်အကြောင်းကို သူသိသည် ။ ရုပ်ရည်နှင့်မလိုက်အောင် အင်မတန်ပြာပွေသူ၊ အလုပ်တွင် အထိခိုက်မရှိသော်လည်း ကခြားဝန်ထမ်းတွေမှ တစ်ဆင့်

စိုးကျော်အကြောင်းများကို သူ တစ်စွန်းတစ်စ ကြားဖူးသည် ။

ဒီကောင်မလေးနှင့် ကားဂိတ်မှာ စဆုံကတည်းက စိုးကျော်အကြည့်များကို သူမကြိုက်၊ ဒါတောင် ချစ်သူစစ်ညီတစ်ယောက်လုံးက ကောင်မလေးအနားရှိနေတာ၊ ဒီလိုကိစ္စမျိုးနှင့်တော့ သူ တာဝန်ယူထားသည့်အလုပ်တွင် မျက်နှာအပျက်မခံနိုင်။ အလုပ်က စလုံးရေပင် မစရသေး ...။

"ဒါ နောက်ဆုံးပဲဖြစ်ပါစေ စိုးကျော် ....မဟုတ်ရင် အိမ်ပြန်ဖို့ မင်းအထုပ်သာ ပြင်ထားလိုက်တော့"

သက်ဦး လက်မှာ ကိုင်လာသည့် ရေလဲပုဆိုးကို ပခုံးပေါ်ပြောင်းတင်ရင်း စမ်းချောင်းတွင် ဆင်းခဲ့လိုက်သည် ။ အာလူးကျောက်များက အချင်းချင်းတိုက်စားမှုကြောင့် ချောပြောင်နေသည် ဖြစ်ရာ သတိတော့ ထားရပါသည် ။

စိုးကျော်က ခေါင်းကိုငုံ့ရင်း သူ့နောက်မှ လိုက်ပါလာသည် ။

ကမ်းစပ်နားနီးလာတော့ စစ်ညီကို သက်ဦး လက်လှမ်းပြလိုက်သည် ။ စစ်ညီကလည်း ရေစပ်မှ ပင် သူ့ကို ပြန်ကာနှုတ်ဆက်သည် ။ လူငယ်စုံတွဲ၏ လွတ်လပ်ပျော်ရွှင်မှုကို မနှောင့်ယှက်ချင်သည် မို့ ချောင်း၏ အပေါ်ဘက်သို့ သက်ဦးလျှောက်လာခဲ့သည် ။

ကမ်းစပ်ကိုရောက်တော့ တသွင်သွင်စီးနေသော စမ်းချောင်းကိုကြည့်ပြီး သက်ဦး အတန်ကြာ ငြိမ်သွား၏။ တောင်ကျချောင်း ဖြစ်သည့်အပြင် လောဘသားတို့ ၏ ရန်မှ ကင်းဝေးထားရ၍ ရေမှာ ကြည်လင်လွန်းလှ၏။ ရှူရှိုက်ရသော ရေရနံ့ကပင် လတ်ဆတ်လွန်းနေသည် ။

ရေလဲပုဆိုးကို ကျောက်တုံးတစ်ခုပေါ်တင်ရင်း သက်ဦး ရေတွင်းသို့ဆင်းခဲ့လိုက်၏။

"မင်းရော မချိုးဘူးလား"

ရပ်ကျန်နေသော စိုးကျော်ကို လှည့်ကာမေးတော့ ....

"ဟုတ် ....ချိုးမှာ ဆရာ ...."

"စိုးကျော်သည် အပေါ်အင်္ကျီကို ကမန်းကတန်းချွတ်ကာ ရေတွင်းကိုဆင်းလာပါ၏။ လတ်ဆတ်အေးမြသော ရေထဲတွင် သူတို့ နှစ်ဦး အတန်ကြာစိမ်နေမိကြသည် ။

"ခုန သူဌေး ဖုန်းဆက်လာတယ်"

"ဟုတ်လားဆရာ ဘာတဲ့ လဲ"

"စံနန်းဆောင် အခြေအနေ ဘယ်လိုရှိလဲမေးတာ၊ သူတော့မသိဘူး ငါတော့ ဒါကြီးကိုဖြိုပြီး ဟိုတယ်ဆောက်ရမှာ နှမြော နေတယ်၊ စံနန်းဆောင်ကြီးက တစ်မျိုးပဲ .... ထိန်းသိမ်းသူမရှိ ပြုပြင်သူမရှိဆိုတော့ အနုစိတ်လက်ရာမှန်သမျှက ပျောက်သလောက်ဖြစ်နေပြီ၊ ဒါပေမဲ့ ငါ ဒါကြီးကို ဖျက်ပစ်ရမှာ နှမြောနေတယ်"

"ဟုတ်တယ်ဆရာ ကျွန်တော်လည်း အဲလိုခံစားမိတယ်၊ ကျွန်တော်တို့ လည်း အဆောက်အဦပေါင်းများ စွာ ဆောက်နေတာပဲ ဆရာရယ် .... အဟောင်းပြင်ဆောက်ခဲ့တဲ့ project တွေ နည်းမှ မနည်းပဲ ... ဒါပေမဲ့ ဒီစံနန်းဆောင်ကြီးကတော့ တစ်ခုခုထူးခြားနေတာ သေချာတယ်၊ ကျွန်တော့်အကင်တော့ ဆောက်လုပ်ခဲ့တဲ့ လက်ရာထက် သူ့ရဲ့ တည်ဆောက်မှုပုံသဏ္ဍာန်ကြောင့် ဖြစ်မယ်ထင်တယ်"

နိုးကျော်စကားကို စဉ်းစားချင့်ချိန်ရင်း သက်ဦးခေါင်းကို ညိတ်မိလိုက်သည်။

"နောက်တစ်ခုက ငါတို့ မနက်ကဝင်ကြည့်ခဲ့တဲ့ အခန်းတွေက တစ်ခန်းနဲ့ တစ်ခန်း မတူဘူး၊ ပုံသဏ္ဌာန်ကို ပြောတာ မဟုတ်ဘူး ... သူတို့ တစ်ခုချင်းစီရဲ့ စိတ်ခံစားမှုကိုပြောတာ၊ တစ်ခန်းစီ တစ်ခန်းစီမှာ ခံစားမှုတစ်မျိုးစီကို ခံစားနေရသလိုပဲ"

"ဧည့်ခန်းဆောင်ကို ဝင်လိုက်တော့ ကျွန်တော်တို့ စိတ်မှာ အေးချမ်းသွားတာကို ပြောတာလား"

"ဟုတ်တယ် တခြားအခန်းတွေလည်း အဲ့လိုပဲ , ... ဒါပေမဲ့ အခန်းတိုင်းက အေးချမ်းတော့လည်း မဟုတ်ပြန်ဘူး"

"ဟုတ်လား.....ကျွန်တော် အဲလိုတော့ သတိမထားမိခဲ့ဘူး"

"မနက်ဖြန် သေချာသတိထားကြည့် .... စိတ်ထဲမှာ အလိုလို ထူးခြားလာလိမ့်မယ်"

သက်ဦး စကားကို ဆက်သည်။

"ဦးစောမောင်ကတော့ ဝေဠုဝတီ မင်းသမီး စံနန်းဆောင်ကြီးနဲ့ ပတ်သက်ပြီး အဘိုးကျေးသာညို အတော်များများ သိထားတယ် ပြောတယ်"

"ပုံပြင်လိုလို ... ဒဏ္ဍာရီလိုလိုပဲဆို ..."

"ခေတ်တွေအများကြီး ခြားသွားပြီဆိုတော့ ဒီလိုပဲ ပြောကြတာပေါ့ကွာ၊ အမှန်မဟုတ်ရင် ပြောတဲ့ လူက အမှားဖြစ်ဦးမှာ ကိုး ...၊ ဒါပေမဲ့ အကြောင်းအရာတိုင်းမှာ သူ့ရဲ့ ပင်ကိုသဘာဝ ရှိပါတယ် ...."

"ဆရာလာတော့ အဘိုးကျေးသာညို ဘာလုပ်နေလဲ"

မို ဝင်းညို့နေသော တောင်တန်းကြီးကို သက်ဦး ကာကြည့်လိုက်သည်။

"ဆေးတံခဲနေတယ်"

*****

III

အဘိုးကျေးသာညို ....

သက်တမ်းက နှစ်(၇၀)ကျော်ခဲ့ပြီ။ သို့သော် .... အသက်(၇၀)ကျော် အဘိုးအိုတစ်ဦးတွင် ရှိသင့်ရှိအပ်သော အိုမင်းရင့်ရော်မှုမျိုး သူ့ထံတွင် မတွေ့ရသေး။ ကျန်းမာရေးပဲ လိုက်စားတာလား ...ရှုပ်ထွေးမှုကင်းသော ကျေးလက်ဒေသ၏ ရိုးသားအေးဆေးမှုတွင် နေထိုင်ရှင်သန်ရလို့ လားမသိ၊ ယခုအချိန်ထိသန်မာနေဆဲ....။

အဘိုးကျေးညို၏ နေအိမ်က သက်ကယ်မိုးထရံကာ သာမန်အိမ်လေး တစ်လုံးမျှသာဖြစ်သည် ။ အိမ်ခြေရင်းမှ မဆလာဇန်းများ နှင့် ခေါင်းရင်းထရံတွင် ထိုးထားသော သံလျက်များက အဘိုးကျေးသာညို၏ ပြယုဂ် ....၊ သူ၏ ဘဝဖြတ်သန်းမှု၊ ပန်းရန်လုပ်ငန်းသည့် သူတို့ ဘိုးစဉ်ဘောင်ဆက်တည်းက လုပ်ကိုင်လာခဲ့သော အသက်မွေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။

လိုပညာကို သူချစ်သည်။

ချစ်သည့်အတွက်လည်း အသက်(၇၀)ကျော်သည့်တိုင် သားဖြစ်သူနှင့် လုပ်ငန်းခွင် ဝင်နေတုန်း၊ အဘိုးကျေးသာညိုဆိုပါက ဒီနယ်တစ်ကျောတွင် မသိသူမရှိလောက်၊ မရှိလောက် အောင်လည်း ဤမြို့ ဤနယ် ရပ်ဝေးရပ်နီးမှ ဘုရား၊ ကျောင်းကန်၊ ဇရပ်အဆောက်အအုံများမှာ (အားလုံးနီးနီး)မှာ အဘိုးကျေးသာညို၏ လက်ရာတွေချည်းပင် အလုပ်လုပ်သလောက် ဘာသာတရားလည်း အလွန်ကိုင်းရှိုင်းလှသည်။ တစ်ခုပဲ ဆိုစရာရှိသည်။

"အဟွပ် ....အဟွပ် ... အဟွပ်"

ချောင်းတဟွပ်ဟွပ်ဆိုးခြင်းနဲ့ ဆေးတံသောက်ခြင်းက အဘိုးကျေးသာညိုနဲ့ လုံးလုံး ခွဲမရသော ကိုယ်ပိုင်ဟန်၊ ယခုလည်း ... ချောင်းတဟွပ်ဟွပ် ဆိုးနေရာမှ ပင် ဘုရားမီးပူဇော်ဖို့ အဘိုးကျေးသာညို ကြိုးစားနေသည်။

"အဟွပ် ...အဟွပ် ...."

ချောင်းဆိုးလိုက်သည့် လေအရှိန်ကြောင့် တောက်လုလု မီးခြစ်ဆံလေးမှာ ယိမ်းနွဲ့ ပျောက်ကွယ်သွားသည်။ အငွေ့တလူလူသာ ကျန်တော့သော မီးခြစ်ဆံချောင်းလေးကို ကြမ်းပေါက်သို့ ပစ်ချရင်း နောက်တစ်ချောင်း ဆွဲထုတ်လိုက်သည် ။ မီးစာချပ်နှင့်ထိကာ အားဖိပွတ်ဆွဲလိုက်တော့ "ရှဲခနဲ မြည်သံနှင့်အတူ ပြာလဲ့လဲ့ မီးတောက်လေး နောက်တစ်ကြိမ် ဖြစ်တည်လာသည်။

ဖ ယော င်း တို င် မီး စာ မှာ အလျှင်အမြန်ညှိတော့ စင်ပေါ်မှ ဗုဒ္ဓရုပ်ပွားတော်လေးက မီးအရောင်ကြောင့် လင်းချင်းဝင်းပသွား၏။ ဗုဒ္ဓရုပ်ပွားတော်နဲ့ အရှေ့ဆီမှာ အလျားနှစ်ပေ အနံတစ်ပေခွဲ ရှိသော

ကျောက်ပြားလေးတစ်ချပ်ရှိနေသည် ။

နှစ်ပေါင်းမည်မျှကြာအောင် ဆီမီးအောက်ခံအဖြစ် အသုံးပြုထားသည် မသိ၊ ဖယောင်းချေးတို့ စွဲကာ မျက်နှာပြင်က ချိုင့်ခွက် အနိမ့်အမြင့်များ နဲ့ သုံးလက်မလောက်ထိပင် ထုတက်နေပြီ။ ယခုလည်း အဘိုးကျေးသာညိုမှာ ဖယောင်းတိုင်ကို ထိုအပေါ်မှာ ပင် ထပ်မံစိုက်သွင်းလိုက်သည် ။ ပြီးတော့နောက်တစ်တိုင်

ဘုရားစင်၏ နိမ့်သောအရပ်မှာ လည်း အခြားစင်ငယ်လေးများ နှင့်မျိုးနွယ်စုဆိုင်ရာ အထွဋ်အမြတ်ထားသော ဘာသာရေးရုပ်တုများ ရှိနေသည် ။ သူတို့ ရှေ့မှာ လည်း ဆီမီးအောက်ခံအဖြစ် အလျားနှစ်ပေ အနံတစ်ပေခွဲ ရှိသော ကျောက်သားချပ်လေး ထပ်ရှိနေပြန်သည် ။

"အဟွပ် .... အဟွပ် ...."

အားလုံးပြီးစီးသွားပြီး နောက်မှာ လည်ချောင်းတစ်ချက် ရှင်းရင်း ဘုရားစင်ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်၏။ ထို့နောက် ကြီးမြတ်သော ဂုဏ်ကျေးဇူးတော်တို့ ကို အာရုံပြုကာ ဘုရားရှိခိုးမှု စတင်သည် ။

သို့သော် ချောင်းဆိုးသံများကတော့ မပျောက် ...

"အဟွပ် ....အဟွပ် ...."

* * *

အရှေ့ဆီမှ ကြားနေရသည့် ချောင်းဆိုးသံများကြောင့်

အဘိုးကျေးသာညို၏ သမီးဖြစ်သူ မအဲပန်းမှာ မတ်ခွက်အတွင်း လက်ဖက်ခြောက်များ ထည့်နေရာမှ ဆူဆူအောင့်အောင့်ပြောသည် ။

"အဲဒါကြောင့် ဒီဆေးတံကို မသောက်ပါနဲ့ ပြောတာ ...ဘယ်လောက်ပြောပြော မရပါဘူး၊ အစ်ကိုကျေးညို အဘကိုလည်း ကြည့်ကျက်ပြောပါဦးတော်၊ ဒီပုံအတိုင်းသာဆို ကြာရင် ခက်တော့မယ်"

"အဲပန်းရယ် ငါလည်း ပြောတာပါပဲဟာ၊ ဒါပေမဲ့ အဘကိုယ်တိုင်က ဆေးတံကို ဒီလောက်ကြိုက်နေတာ ဘယ်လိုတားရမလဲ၊ နောက်ပြီး ... နင်လည်း သိနေတာပဲ တို့ နှစ်ယောက် လုံးက အဘကိုလွန်ဆန်နိုင်တာမှ မဟုတ်တာ"

အစ်ကိုဖြစ်သူရဲ့ စကားကြောင့် မအဲပန်းမှာ နှုတ်ခမ်းကိုမဲ့ရင်း မသိမသာ သက်ပြင်းချသည် ။ ပြီးတော့ မီးဖိုပေါ်မှ ကျိုက်ကျိုက် ဆူနေပြီဖြစ်သော ရေနွေးအိုးကိုလည်း လက်နှီးဆုပ်ဖြင့်မကာ မတ်ခွက်များ တွင်းကို လောင်းထည့်၏။ ထို့နောက် သူတို့ ရှေ့သို့ လက်ဖက်ခြောက်ခတ်ပြီးသား ရေနွေးခွက်များကို ချပေးသည် ။

သူတို့ ဆိုသည် ကား ....

သက်ဦး၊ စိုးကျော်၊ စစ်ညီနှင့်‚‚ စိမ့်၊ ပြီးတော့ ဦးစောမောင်၊ အဘိုးကျေးသာညို၏ သား ကိုကျေးညိုတို့ မောင်နှမ...

သူတို့ အားလုံး ဆောင်းရာသီ၏ အအေးဒဏ်ကို မီးဖိုလေးရှေ့တွင် ဝိုင်းတိုင်ကာ အန်တုနေကြသည် ။ လေးအိမ်စုရွာ ဆိုသော်လည်း အိမ်ခြေနှစ်ဆယ် ပတ်ဝန်းကျင်လောက် ရှိမည်ထင်ရပါသည် ။ အား လုံး မှာ သက်ကယ်မိုး ထရံကာအိမ်များ ဖြစ်ရကာ ထိုအထဲတွင် အဘိုးကျေးသာညို အိမ်မှာ အကြီးဆုံး၊ ထို့အတွက် ဦးစောမောင်က သူတို့ လေးယောက်ကို အဘိုးကျေးသာညိုအိမ်တွင် နေရာချပေးထားခြင်း

ဖြစ်သည်။

တစ်အိမ်နှင့်တစ်အိမ်မှာ လည်း လှမ်းသည် မို့ အအေးဓာတ်မှာ စိုးစိုးပိုးပိုးရှိလှသည်။ ဝါးထရံကြားမှ တိုးဝင်လာသောလေက ရေခဲတမျှ ....၊ စိမ့်တစ်ယောက် လက်ဝါးလေးနှစ်ဖက်ကို ပွတ်ရင်း အချမ်းပြေလိုပြေငြား ကြိုးစားနေမိသည်။

ရှေ့ရောက်လာသော ရေနွေးခွက်ကို စစ်ညီလှမ်းယူကာ စိမ့်လက်တွင်းသို့ ထည့်ပေးလိုက်ရ၏။ စိမ့်မှာ အငွေ့တထောင်းထောင်းထနေသော မတ်ခွက်လေးကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကိုင်ရင်း တဖူးဖူး မှုတ်သောက်နေသည်။

ဦးစောမောင်က ...

"ဒီလို အဲပန်းရေ၊ ဝေဠုဝတီ စံနန်းဆောင်ကြီးထဲ ရောက်ပြီးသွားတဲ့ လူတွေရဲ့ ထုံးစံအတိုင်းပေါ့ဟာ၊ သူတို့ တွေလည်း စံနန်းဆောင်ကြီးအကြောင်းကို သိချင်နေကြပြီ"

"အဲဒါတော့ အဘကိုသာမေး တော်ရေ၊ ဆေးတံလေး တစ်ဖွာဖွာနဲ့ မမောမပန်း ပြောပြပါလိမ့်မယ်"

"ငါလည်း ပြောထားပါတယ်၊" အဘိုးကျေးသာညိုက တို့ ငယ်ငယ်တည်းက လသာတဲ့ ညတွေမှာ သုဓလ္လဒီပ နန်းရေးခင်းရေးအကြောင်းတွေ ....ဝေဠုဝတီ စံနန်းဆောင် အကြောင်းတွေကို ပြောပြနေကျလို့ "

"အဲဒါကတော့ အဘအလုပ်တစ်ခုလိုပါပဲဗျာ၊ ကျုပ်တို့ ငယ်ငယ်ကတည်းက ခုချိန်ထိ အကြောင်းသင့်တိုင်း ပြောနေတာ၊ ဒီနန်းဆောင်ကြီးကိုလည်း သူတော်တော် သံယောဇဉ်ကြီးပုံ ရတယ်၊

ဒီလောက် အသေးအဖွဲ့ရွာလေးမှာ မပြောင်းမရွှေ့ နေထိုင်တာပဲ ကြည့်ပါတော့၊ လေးအိမ်စုရွာ ဆိုတာဟိုးအရင်က တကယ်ပဲ အိမ်လေးလုံးသာ ရှိတာဗျ၊ ခုမှ တခြားက ပြောင်းရွှေ့လာတဲ့ မိသားစုတွေရယ် ဒီကရှိပြီးသား ပေါက်ဖွားလာတဲ့ အဆွယ်အပွားတွေရယ်နဲ့ ဟိုတစ်စု ဒီတစ်စုလေး ဖြစ်လာတာ"

"အဘသံယောဇဉ်ရှိတာ ထားလိုက်ဦး၊ ကျုပ်တို့ တောင် ဒီမှာ မွေး ...ဒီ မှာ ကြီးဆိုတော့ နန်းဆောင်ကြီးကို ချစ်ကြသား၊ ငယ်ငယ်ကဆို အဲဒီထဲပြေးလွှားကစားနေကျ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်တော့ .... အဘက နန်းဆောင်အပေါ်ထပ်ကို တက်တာ လုံးလုံးမကြိုက်ဘူး၊ တက်တာနဲ့ အရိုက်ခံရတာပဲ"

"ဟုတ်ပဗျာ ...ဟုတ်ပ၊ ကျုပ်ဆို ငယ်ငယ်က အတော်အရိုက်ခံရတာ"

ကိုကျေးညိုတို့ မောင်နှမက ငယ်ငယ်က သူတို့ အဖြစ်များကို ဝမ်းသာအယ်လဲ ပြောပြသည် ။

"ဘာလို့ နန်းဆောင်အပေါ်ထပ်ကို မတက်ခိုင်းတာပဲဗျ ...."

စစ်ညီ စိတ်ဝင်တစား မေးလိုက်တော့ .... ။

"မသိပါဘူးဗျာ၊ မင်းသမီးရဲ့ " လက်ဖက်ရည်သုံးတော်ဆောင်၊ အိပ်ခန်းဆောင်တို့ ကို ရှေးအစဉ်အဆက်က အန္တရာယ်ရှိတယ် ပြောကြတာပါပဲ"

ထိုစဉ်မှာပဲ အရှေ့ခန်းဆီမှ ချောင်းတဟွပ်ဟွပ် ဆိုးသံနဲ့ အတူ သာစုခေါ်သံကို မပီမသကြားရသည် ။ အဘိုးကျေးသာညို ဘုရားရှိခိုး ဆုံးတော့မည်ထင်၏။

"ဆရာလေးတို့ က တကယ်ပဲ နန်းဆောင်ကြီးကိုဖျက်ပြီး

ဟိုတယ်ဆောက်ကြမှာ ပေါ့နော် ...."

ဒီတစ်ခါတော့ သက်ဦးက ဝင်ရောက်ပြောကြားသည် ။

"မသိသေးပါဘူးဗျာ ....၊ ကျွန်တော်တို့ ကလည်း ဝန်ထမ်းဆိုတော့ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ လူတွေ မဟုတ်ပါဘူး၊ သူဌေးဆုံးဖြတ်ချက်အတိုင်း လုပ်ရမှာ ပဲ ...."

"ကျုပ်ကတော့ နှမြောတယ်တော် ...."

"ဘယ်တတ်နိုင်မလဲ အဲပန်းရယ် ...."

ကိုကျေးညိုက နှစ်သိမ့်ရှာသည် ။

ထို ခ ဏ မှာ ပင် ဝါးကြမ်းခင်းကို နင်းလျှောက်လာသောခြေသံ တကျွိကျွိကို ကြားရ၏။ အဘိုးကျေးသာညို ဝင်လာချေပြီ။

ကိုကျေးညိုက ထိုင်နေရာမှ ကိုယ်ကို အနည်းငယ်တိမ်းရင်း ဖခင်ဖြစ်သူအတွက် နေရာပေးသည် ။ အဘိုးကျေးသာညိုလက်ထဲမှာ ထုံးစံအတိုင်း ဆေးအပြည့်ဖြည့်ထားသော ဆေးတံတစ်လက် ပါလာပါ၏။ မအဲပန်းက လက်ဖက်ခြောက်နိုင်နိုင်ခတ်ထားသော ရေနွေးခွက်ကို ဖခင်ဖြစ်သူရှေ့ တရိုတသေ ချပေးသည် ။

အဘိုးကျေးသာညိုမှာ ရေနွေးကို အရင်မသောက် .... မီးဖိုတွင်းမှ ထင်းတစ်ချောင်းကိုဆွဲကာ ဆေးတံကို အရင်မီးညှိသည် ။ ပြီးတော့ ပါးစောင်များ ခွက်ဝင်သည် အထိ စုပ်သွင်းရင်း ဆေးကို တရှိုက်မက်မက်ဖွာသည် ။

မကြာပါ ....။

ချော င်း မှာ ဟပွပ်ပွပ် ဆိုးလာတော့၏။ ကွယ်ရာတွင် သာ

ဖခင်ဖြစ်သူကို ဆေးတံပေးမသောက်ဖို့ တားမြစ်နေကြသော်လည်း တကယ့်တကယ်မှာ မောင်နှမနှစ်ဦးလုံး မပြောရဲကြ။

အတော်ကြာမှ ဦးစောမောင်က မရဲတရဲ စကားစသည်။

"အဘိုး ....ဧည့်သည် လေးတွေက စံနန်းဆောင်အကြောင်းကို သိချင်ကြလို့ တဲ့ "

ဆေးငွေ့များကို တလူလူ ရှိုက်ထုတ်ရင်းနဲ့ မှ.....

"ငါ့ မှာ လည်း အဲဒီအကြောင်းတွေကို ပြောလာခဲ့တာ၊ အကြိမ်ရာထောင် မကတော့ပါဘူး"

ဆေးတံကို ဆက်ဖွာသည်။

"ခုနှစ်ပိုင်းထဲကို ငါပြောခဲ့တာ အခေါက်ရေ တော်တော်များ ပြီ ..."

ဖခင်ဖြစ်သူရဲ့ စကားကို ကိုကျေးညိုက ဝင်ရောက်ရှင်းလင်းသည်။

"ဒီနှစ်ပိုင်း စံနန်းဆောင်ကို လာကြည့်သူ တော်တော်များ တယ်၊ လာသမျှ ဧည့်သည် တွေကလည်း ရွာမှာ ခဏတဖြုတ်နားကြတော့ တစ်ယောက်စကား တစ်ယောက်နားနဲ့ အဘဆီရောက်လာကြတာပါပဲ၊ ရွာမှာ ရှေ့မီနောက်မီက အဘတစ်ဦးပဲ့ ကျန်တော့တာလေ ..."

" ဪ...."

စစ်ညီ သဘောပေါက်လိုက်သည်။

"ဆိုတော့ ...မောင်ရင်တို့ အားလုံး စံနန်းဆောင်ကို ရောက်ပြီးခဲ့ပြီပေါ့ "

"ဟုတ်ကဲ့ ... ရောက်ပြီးပါပြီ အဘိုး ..."

စစ်ညီနဲ့ သက်ဦး သံပြိုင်ထွက်သွားသည်။

"အဲလိုဆို ဘာထူးခြားမှုတွေ တွေ့ခဲ့လဲ"

ဒီတစ်ခါတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကုန်သည်။

"အလင်းဝင်ပေါက် ...၊ အလင်းဝင်ပေါက်တွေ ထူးခြားတယ်အဘိုး"

စစ်ညီ စကားဆုံးတော့ ....

အဘိုးကျေးသာညိုက အပြုံးတစ်ခုနဲ့ ဝဲကာကြည့်လာ၏။

"မောင်ရင်တို့ တွေ့ အာရုံငါးပါးဆိုတာကို သိကြမှာ ပေါ့ ..."

"အဆင်း... အသံ ...အနံ့... အရသာ ...အတွေ့ ..."

မန်နေဂျာသက်ဦးက ချက်ချင်းပင် အဖြေပေးလာသည်။

အဘိုးကျေးသာညိုက ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ....

"တို့ လူသားတွေမှာ ပေါ့ ...၊ အတိတ်ဘဝက ဆုတောင်းကောင်းခဲ့သူအများ စုဟာ အာရုံငါးပါးအနက် တစ်ပါးပါးမှာ ထူးချွန်နေတတ်ကြတယ်၊ တချို့က အဆင်းလှတယ်၊ တချို့က အသံကောင်းတယ်၊ တချို့တော့ရှူချင်စဖွယ် ရနံ့မျိုး ရှိနေကြတယ်၊ ဒါပေမဲ့ ဝေဠုဝတီ မင်းသမီးလေးကတော့ အားလုံးထဲမှာ ရှာမှ ရှားပဲ၊ သူ့လိုဆုတောင်းက တော်တော်ရှားတယ် ...၊ ဒါမှ မဟုတ် ဆုတောင်းမှားခဲ့လေသလားတောင် မပြောတတ်ပါဘူးကွယ်"

"ဘာဖြစ်လို့ လဲ အဘိုး"

"သူက အတွေ့ အရမ်းကောင်းတယ်"

"အတွေ့....."

"ဟုတ်တယ် အထိအတွေ့ ..."

"ဟင် ...."

"သူက အတွေ့ အရမ်းကောင်းတာ ...."

ဘာမှ မဆိုင်ပါပဲ နိုးကျော်မျက်လုံးတွေ စိမ့်ထံသို့ ဖျတ်ခနဲ ရောက်လာ၏။

* * * * *

အတွေ့.....

အတွေ့.....

အတွေ့.....

ပါရမီတော်ပြည့် ထိုအတွေ့ကြောင့်

ပုရိသအစုံ ရှုကြကုန်လော။

( a )

"အတွေ့က တော်တော်ကိုထူးတာ နန်းနွယ်ရေ .... တော်တော်မှ တော်တော်ပါကွာ၊ ငါလည်း မိန်းကလေးတွေ အများကြီးနဲ့ ပျော်ပါးဖူးပါတယ်၊ ဒါပေမဲ့ ...ယမင်းသူဇာနဲ့ တော့ ....လုံးလုံးမတူဘူးလားမောင်.....

မိုးနဲ့ မြေ ဆိုနဲ့ ရေပဲ၊ ယမင်းသူဇာရဲ့ အတွေ့က တစ်ခါထိဖူးရုံနဲ့ တစ်သက်လုံး စွဲသွားစေမယ့် ခံစားမှုမျိုး ...၊ တကယ့်ကို အရသာထူးတဲ့ မိန်းကလေးပါကွာ ...ဒါမျိုးက ရှားမှ ရှားပဲ၊ တစ်ရာမှာ တစ်ယောက် ၊ တစ်ထောင်မှာ တစ်ယောက် တစ်သိန်းမှာ တစ်ယောက်ပဲ၊ ငါတောင် ကံကောင်းပြီး မြည်းစမ်းခွင့် ကြုံခဲ့လို့ ပေါ့ ....ဟား....ဟား...."

တကယ်တော့ သူ တစ်ညလုံး အိပ်မရခဲ့ပါဘူး။

ဇာတ်ဆရာသောင်းတန်က အိမ်အပြင်ထွက်ပြီး လမ်းလျှောက်ဖို့ ခေါ်ချိန်မှာ လက်သီးကို တင်းတင်းဆုပ်လို့ သာ သူထွက်ခဲ့လိုက်တယ်၊ ဒီ နေ ရာ မှာ သူ ဆက်မနေချင်တော့ဘူး၊ ရင်ခွင်တစ်ခုလုံးက ပိတုန်းအကောင် (၁၀၀၀) ဝိုင်းတုတ်ခံလိုက်ရသလို ထူအမ်းပူလောင်နေတာပဲ သိတော့တာလေ။

ဝမ်းနည်းတယ်၊ ခံပြင်းတယ်၊ ပြီးတော့ .... ဘာကိုမှန်းမသိ ဒေါသတွေ ထွက်နေမိတယ်၊ မထိရက်မကိုင်ရက် အဝေးကကြည့်ပြီးတောင် တလေးတစား တန်ဖိုးထားရတဲ့ သူ့ရဲ့ ယမင်းရုပ်လေးသည် ကား...

"ဟို မြို့ကို သူတို့ အဖွဲ့ လာကတုန်း နောက်ဆုံးနေ့ ငါပျောက်သွားတာ မှတ်မိတယ်မလား၊ အဲဒါ ....ယမင်းသူဇာကို ငါ ခေါ်ထုတ်သွားတာ ....ဟေ့ကောင်ရေ၊ ဇာတ်ဆရာပဲကွာ မြွေမြွေချင်း ခြေမြင်ပြီးသားပဲဥစ္စာ ....ငွေပေးရင် ဘာမဆိုဖြစ်ပါတယ်၊ ဒါပေမဲ့

သူလေးက သိပ်နနယ်တယ်ကွ၊ ငါ သတင်းပြန်ကြားပါတယ်. ....ငါ့ဆီကအပြန် နေထိုင်မကောင်းဖြစ်လို့ မင်းတောင် ဆေးကုစရိတ် ပေးလိုက်သေးတယ်ဆိုလား၊ ငါကတော့ နတ်ပြည်ရောက်သွားလိုက်တာ ဘာမှန်းတောင် မသိတော့ပါဘူးကွာ ....ဟား ....ဟား...."

ခုမှ ပဲ သဘောပေါက်တော့တယ်၊ အခန်းကျဉ်းလေးရဲ့ ခုတင်လေးတစ်လုံးပေါ်မှာ တစောင်းလေးလှဲရင်း အနားယူ မှ ဝန်းအိပ်နေရှာတဲ့ ယမင်းရုပ်လေးရဲ့ ပုံလွှာက မျက်လုံးတွင်းမှာ ရေးရေးလေး ပေါ်လာတယ်။

"နတ်ပြည်ရောက်ပြီး နောက်နေ့ထဲက ငါ့မှာ ယမင်းသူဇာကို အစွဲကြီးစွဲသွားလို့ အရူးတစ်ပိုင်း ဖြစ်နေခဲ့တာ ခုမှ ပဲ ဆန္ဒပြည့်တော့တယ်၊ ဒီညလည်း ထပ်လာခဲ့မယ်လို့ ဇာတ်ဆရာကို မှာ ခဲ့သေးတယ်ကွ၊ ခုတော့ ပင်ပန်းပြီကွာ ....အိပ်လိုက်ဦးမယ်"

စောဖြူက သူ့ရဲ့ ရွှံ့ရာဖွယ်ခန္ဓာကြီးကို အိပ်ရာပေါ် ပစ်လှဲရင်းမကြာခင်မှာ ပဲ အိပ်ပျော်သွားပါတယ်၊ ဘာလုပ်ရမှန်းမသိ နှုတ်ခမ်းကိုကိုက်ရင်း ငူငူကြီးကျန်ခဲ့သူက နန်းနွယ် ...။

နား ထဲ မှာ စောဖြူပြောသွားတဲ့ "ဒီည ထပ်လာခဲ့မယ်" ဆိုတဲ့ စကားကထပ်တလဲလဲ ကြားယောင်နေတယ်။

သူ ဘာလုပ်ရမလဲ ....။

သူ့ရဲ့ ချစ်လှစွာသော ယမင်းရုပ်လေး ....

သူ ဘာလုပ်ရမလဲ ....။

အသေကောင်ကြီးတစ်ခုလို စောဖြူကို မသတိဗွာ ကြည့်နေမိရာမှ နလုံးသားရဲ့ အသံတစ်ခုက အာရုံကို မသိမသာ လှုပ်နှိုးလိုက်တယ်။

အစားကောင်းစားရချိန်မှာ ချစ်သူကို သတိရတတ်ကြတယ်တဲ့ ....
သူကတော့ ချစ်သူဒုက္ခရောက်ပြီးမှ သာ ကယ်တင်ဖို့ သတိရခဲ့သူပါ ....။

ချက်ချင်းပဲ အိမ်မှ ထွက်ခဲ့လိုက်တော့တယ် ...။

.....

(b)

"ရော့ ...သူဇာ၊ ဒါဟာ ညကအတွက် မင်းရသင့်တဲ့ အနုပညာကြေး"

အနုပညာကြေးတဲ့ ၊ သူမ နာကြည်းစွာ ပြုံးမိလိုက်တယ်၊ မသက်ဆိုင်လိုက်ပုံများ ...၊ သို့သော်လည်း ဓာတ်ဆရာကမ်းပေးတဲ့ အသပြာထုပ်ကို သူမလှမ်းယူလိုက်ပါတယ်၊ ပြီးတော့ အိတ်လေးအပေါ် လက်တင်လို့ အတွင်းမှ အသပြာလေးများကို ကိုင်ကြည့်နေမိတယ်။

"ဘယ်လောက်လဲ"

"အသပြာသုံးဆယ်"

သက်ပြင်းလေးတစ်ခု ချမိလိုက်သလားပဲ၊ နံဘေးမှ အံဆွဲလေးကိုဖွင့်လို့ အသပြာအိတ်လေးကို ထောင့်တစ်နေရာမှာ ထည့်လိုက်တယ်၊ အံဆွဲထဲမှာ အခုလိုပဲ အသပြာအိတ်လေးတွေ အစီအရီ ရှိနေပါတယ်၊ တချို့လည်း တကယ်ကလို့ ရတဲ့ အနုပညာကြေးဖြစ်သလို တချို့ကျတော့လည်း အခုလိုရတဲ့ အသပြာငွေကြေးလေးတွေပေါ့ ။

အများကြီးရယ် မဟုတ်ပါဘူး၊ ယမင်းသူဇာဆိုတဲ့ ဇာတ်မင်းသမီးတစ်ယောက် ခေါင်းဆောင်မင်းသမီးတစ်လက် တစ်ညကလို့ ရတဲ့ အနုပညာကြေးက ငွေဒင်္ဂါးဆယ့်ငါးပြားထက် မပိုသလို .... အခုလိုညမျိုးမှာ တော့ နှစ်ဆတက်ပြီး အပြားသုံးဆယ်အထိ ရတတ်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် သူမဒီအသပြာလေးတွေကို တန်ဖိုးထားပါတယ်၊ သံယောဇဉ်လည်း ရှိတယ် ....။

"သူဇာ ခုလိုချိန်မှာ မင်းနဲ့ ငါ တစ်ခုခုကို သေချာတိုင်ပင်ဆုံးဖြတ်ကြဖို့ လိုပြီထင်တယ်"

"ဆရာ ဘာကိုပြောတာလဲ"

"မင်း ဒီထက်ပိုပြီး အသပြာများများ မလိုချင်ဘူးလား"

ဇာတ်ဆရာမျက်နှာကို သူမ ဖျတ်ခနဲ ကြည့်မိလိုက်တယ်။

"တစ်ချိန်က မင်း ငါ့ကို ပြောခဲ့တဲ့ စကား မှတ်မိသေးလားသူဇာ၊ မင်းရဲ့ လုပ်အားစစ်စစ်နဲ့ တစ်ရာ့ရှစ်တောင် ဉာဏ်တော်အမြင့်ရှိတဲ့ စေတီကြီးတစ်ဆူ တည်ချင်တယ်၊ အဲဒီအတွက်လည်း ကြုံလာသမျှ ဒုက္ခအားလုံးကို ရင်စည်းခံဖို့ ဆုံးဖြတ်ထားတယ်ဆိုတာလေ"

"သိပ်မှတ်မိတာပေါ့၊ အဲဒါကြောင့်လည်း ရသမျှအသပြာအားလုံးကို တစ်ပြားမကျန် ကျွန်မ စုနေတာပေါ့၊ ကျွန်မခန္ဓာ ကျွန်မသိပ်မုန်းတာ"

"ဒီလိုတော့ရှိတယ်သူဇာ၊ ငါတို့လို လယ်မရှိ ကိုင်းမရှိ ဘာမန်လူတွေအဖို့ တစ်ရာ့ရှစ်တောင်အမြင့်ရှိတဲ့ စေတီကြီးတည်ဖို့ ဆိုတာ ဘယ်လိုမှ မလွယ်ဘူး၊ အရင်ဆုံး မြို့ဝန်ဆီမှာ မြေနေရာတောင်းရမယ်၊ ခုခေတ် မြေဈေးကလည်း

Press Back Again To Close Book!

ဘယ်လောက်ခေါင်နိုက်နေတယ်ဆိုတာ နင်အသိပဲလေ၊ မြေနေရာရပါပြီပဲထား ဘုရားတည်ဖို့ ကုန်ကျစရိတ်၊ ပညာရှင်ငှားရမ်းရမယ့်စရိတ်၊ ပေးဆပ်ရမယ့်အချိန် ... ငွေကြေး၊ တော်တော်ကို မလွယ်တာပါ၊ နင်ကလည်း ကိုယ့်လုပ်အား စစ်စစ်နဲ့ ပဲ တည်ချင်တယ်ဆိုတော့ ခက်သား၊ ငါ့အမြင် နင်ဒီလိုပဲ ရသလောက်လေးသာ ဆက်စုသွားလို့ ကတော့ သက်တမ်းသုံးပုံနှစ်ပုံကျိုးရင်တောင် ရည်ရွယ်ချက်ပြည့်ဖို့ မလွယ်ဘူး ...."

"ဆရာ ....ဘာကိုဆိုလိုချင်တာလဲ"

"ငါ တစ်ခုစဉ်းစားမိတယ် သူဇာ၊ တို့ တွေရဲ့ သုဇလ္လဒီပြည်ကြီးက အပျော်အပါးနည်းလေတော့ တစ်နှစ်ကုန်လို့ မှ ငါတို့ တွေ ပွဲများများစားစား မရတတ်တာ နင်အသိပဲ၊ မကြာခင်မှာ ပဲ မိုးဝင်တော့မယ်၊ မိုးဝင်ရင် တစ်တွင်းလုံး ငါတို့ ထိုင်နားနေရမှာ၊ အဲတော့ ...နားရမယ့်အတူတူ တစ်နှစ်ကို ပွဲလက်မခံဘဲ တစ်ရာသီလောက် ငါတို့ ဒီအတိုင်းလေး အထိုင်မပျက် နေသွားကြမလား"

တအံ့တသြ သူမ မော့ကြည့်မိလိုက်တယ်၊ စကားလှအောင် ပြောပေမယ့် ဇာတ်ဆရာရဲ့ တစ်ရာသီနားပြီး အထိုင်မပျက် သွားကြမလား ဆိုတဲ့ စကားကို သူမ နားလည်လိုက်ပါတယ်။

"နင်က နာမည်ကြီးပြီးသားပါ သူဇာ၊ တစ်ရာသီလောက် နားရုံနဲ့တော့ ယမင်းသူဇာဆိုတဲ့ ဂုဏ်သတင်းက မှေးမှိန်သွားမှာ မဟုတ်ပါဘူး ....။

ပွဲဝင်ချင်တဲ့ အချိန် အချိန်မရွေး ပြန်ကလို့ ရပါတယ်"

သူမ မျက်ရည်တွေ အလိုလို ဝဲလာမိတယ်၊ အချိန်ပိုင်း ဘဝကနေ ....အချိန်ပြည့် ဘဝဆီသို့ ဇာတ်ဆရာ ပွန်းပို့နေတာပါလား။

"အရမ်းကြီးလည်း မတိုက်တွန်းပါဘူး သူဇာ ....၊ ငါက နင့်အတွက် စဉ်းစားပေးတာပါ၊ တစ်ရာသီဆိုလည်း တစ်ရာသီ ဆိုသလောက် မြိုးမြိုးမြက်မြက် စုဆောင်းနိုင်တာပေါ့ ၊ ငါလည်း နင့်ကို အခုထက်ပိုပေးမှာပါ၊ အသပြာများများ ရလေ နင့်ရည်ရွယ်ချက် မြန်မြန်ပြည့်လေပဲ မဟုတ်ဘူး လား"

နှုတ်ခမ်းကို ကိုက်ထားလျက်မှ မျက်ရည်တို့ တားမရနိုင်စွာ စီးကျလာတယ်၊ ဇာတ်ဆရာက စိတ်မကောင်းသလို ပုံစံဖမ်းပြီး သက်ပြင်းကိုချတယ်။

"စဉ်းစားပါလေ ...၊ တစ်တက်စားလည်း , ကြက်သွန် ...နှစ်တက်စားလည်း ကြက်သွန်ပါပဲ၊ ငါလည်း နင်မြန်မြန်နားရဖို့ အတွက် ပြောတာပါ"

"......"

"ကဲကဲ ...ငါသွားလိုက်ဦးမယ် သူဇာ"

ဇာတ်ဆရာ ထိုင်နေရာမှ ထထွက်သွားတယ် ....၊ ဖိကိုက်ထားတဲ့ နှုတ်ခမ်းကို လွှတ်ချတော့ မျက်ရည်တွေ သည်းသည်းလှုပ် လိမ့်ဆင်းလာတော့တယ်။

အံဆွဲလေးဆီ အကြည့်ရောက်မိတော့...

အစီအရီရှိနေတဲ့ အသပြာအိတ်လေးတွေက သူမကို လှောင်ပြောင်နေသလို။

• • •

ခရီးရောက်မဆိုက်ပါပဲ ရှာနေတဲ့ ပုဂ္ဂိုလ်ကို ညွှန်ခန်းမှာ ပင်ထင်ထင်ရှားရှား မြင်လိုက်ရတယ်။

နန်းတွင်းသူ၊ သားများ ရောက်ပေါက်ခဲ့ရင် လက်ခံစကားပြောရတယ်ဆိုတဲ့ ညွှန်ခန်းမှာ ပါ။ အခုလည်း ဓာတ်ဆရာက သားသားနားနားဝတ်ဆင်ထားတဲ့ လူရွယ်တစ်ဦးနဲ့ စကားပြောနေတယ်၊ မင်းညီမင်းသားလား ...မှူးမတ်သေနာပတိလား ...အိမ်ရှေ့စံလားသူ မဝေခွဲနိုင်တော့ဘူး၊ ကျွန်းလှေကားမှ တစ်ဆင့်ချက်ချင်းပဲ အိမ်ပေါ်တက်သွားလိုက်တယ်။

"ဓာတ်ဆရာ ...."

"ဟာ ....သူဌေးလေး ...."

သူ့ကိုတွေ့တော့ ပြာပြာသလဲ ဖြစ်သွားတယ်၊ နန်းနွယ်ပြောလိုက်တာက စကားတစ်ခွန်းပါ ....။

"ယမင်းသူဇာအတွက် ခင်ဖျားတစ်ညကို ဘယ်လောက်သတ်မှတ်ထားလဲ""

"ဗျာ ...."

ဓာတ်ဆရာသောင်းတန် မျက်နှာပျက်သွားရဲ့ ၊ ချက်ချင်းပဲ ရှေ့မှ ပုဂ္ဂိုလ်ကိုလည်း မလုံသလို ပျာယီပျာယာ လှမ်းကြည့်တယ်။

"ပြောပါ၊ ယမင်းသူဇာအတွက် ခင်ဖျား တစ်ညကို ဘယ်လောက်သတ်မှတ်ထားလဲ"

"ဟာ ...မပာတ်ပါဘူး သူဌေးလေးရဲ့ ၊ ဟို ....ဟာ ...."

"ကျုပ် ခင်ဗျားကို အသပြာ(၂၅၀)ပေးထားတယ်နော် ကိုသောင်းတန်"

ဇာတ်ဆရာထံမှ မထွက်လာသော်လည်း ရှေ့မှ သူကောင်းသားက ထိုင်ခုံနေရာဦးတဲ့ ဟန်မျိုးနဲ့ မာဆတ်ဆတ် ပြောလာတယ်။

" ဩော် ...."

ဒီတော့မှ ပဲ နန်းနွယ်လည်း . လောကတစ်ခုရဲ့ မာယာအတိမ်အနက်ကို ကောင်းကောင်း သဘောပေါက်လိုက်ရတယ်၊ အဝတ်အစားတွေ တောက်ပြောင်နေသော်လည်း ....စောဖြူကဲ့သို့ ညှံ့ဖျင်းသော ....အသွေးအသားကို , ကိုးကွယ်သူ ကျေးကျွန်တစ်ယောက်ပါလား၊ ဒီလိုဆိုတော့လည်း လှည်းထမ်းပိုးအကျိုးကိုကြည့်ပြီး နွားကောင်းလား မကောင်းလား ဝေခွဲနေစရာ မလိုတော့ဘူးလေ။

"ကျုပ် တစ်ညကို (၃၀၀)ပေးမယ်၊ တစ်သက်လုံး ယူမယ်"

"ဟင် ...."

"ဗျာ ...."

နားမလည်မှာ စိုးလို့ ထပ်ပြောလိုက်တယ်။

"ယမင်းသူဇာအတွက် တစ်ညကို အသပြာ(၃၀၀)နဲ့ တစ်သက်စာ ခင်ဗျားဈေးတွက်ထားလိုက် ....ကျုပ် အပိုင်ဝယ်မယ် ...."

"အဲ .... အဲလိုတော့ မဖြစ်လောက်ဘူးထင်တယ် သူ ဌေးလေး ...."

"ဘာကြောင့်လဲ"

ဇာတ်ဆရာက ပတ်ဝန်းကျင်ကို မလုံသလို ကြည့်လာတယ်၊

ဝတ်ကောင်းစားလှနဲ့ ငနဲသားကို အားနာနေပုံပါပဲ။

"ပြောရမယ် ဆိုရင်တော့ အများကြီးပေါ့ဗျာ၊ ဒါပေမဲ့ လောလောဆယ် အခြေအနေမှာ ပြောဖို့ အဆင်မပြေလို့ ပါ၊ သူဌေးလေးတောင်းဆိုသလို တစ်သက်လုံး အပိုင်ဝယ်ဖို့ ကိစ္စကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ပြီးတော့ယမင်းသူဇာ ကိုယ်တိုင်ကလည်း ...."

ဆက်မပြောပဲ ဇာတ်ဆရာစကားတို့ တစ်ဝက်တစ်ပျက်နဲ့ ရပ်သွားတယ်၊ ခဏတစ်ဖြုတ် လောက်တော့ နန်းနွယ် အခြေအနေကို သဘောပေါက်လိုက်တယ်၊ အဲဒါကြောင့် ...

"ကောင်းပြီလေ၊ အဲလိုဆို ခင်ဗျားပြောတဲ့ လောလောဆယ် အ ခြေ အ နေ မှာ ပဲ ယမင်းသူဇာကို ဆယ်ညလောက်တော့ ကျုပ်အပိုင်ဝယ်လို့ ရရဲ့ မဟုတ်လား"

ဒီတစ်ကြိမ်တော့ ဇာတ်ဆရာထံမှ စကားသံတို့ ထွက်မလာပါဘူး၊ နန်းနွယ် မထိတရိပြုံးရင်း ပါလာတဲ့ အသပြာအိတ်ကို စားပွဲပေါ် ပစ်တင်ပေးလိုက်တယ်။

"ရော့ ဒီမှာ ပိုက်ဆံ၊ ယမင်းသူဇာကို ကျုပ် ဆယ်ညတိတိယူမယ်၊ လိုတဲ့ အသပြာ နက်ဖြန်ညမတိုင်မီ အတိအကျရစေရမယ် ...."

တစ်စခန်းထလာတာက ဇာတ်ဆရာရှေ့မှ ဒုတိယစောဖြူ ....

"ရောင်းရင်း ....ဒါ ဘာသဘောလဲ"

"မြင်နေပြီပဲလေ၊ အနက်ဖွင့်ပေးဖို့ လိုလို့ လား"

ပုဂ္ဂိုလ်က နန်းနွယ်ပစ်ချပေးလိုက်သော အသပြာထုပ်ကို ကြည့်ပြီး မီးဝင်းဝင်းတောက် မျက်လုံးများ နဲ့ အံကိုတင်းတင်းကြိတ်ပါတယ်။

"ကျုပ်က အရင်ရောက်တာလေ၊ ဇာတ်ဆရာနဲ့ အဦးဆုံး စကားပြောနေတာလဲ ကျုပ်ပဲ၊ အနိမ့်ဆုံးအဆင့် လူ့ဝတ္တရားသဘောကို ရောင်းရင်း လေးစားသင့်တယ် ထင်မိတယ် ...."

ဟားတိုက်မရယ်မိအောင် နန်းနွယ် မနည်းထိန်းလိုက်ရတယ် ...၊ အမျိုးသမီးတစ်ယောက်နဲ့ တိတ်တိတ်ပုန်း ပျော်ပါးဖို့ ဈေးစကားလာပြောတဲ့ လူက လူ့ဝတ္တရားသဘောတွေ ကြီးကြီးကျယ်ကျယ်ပြောလို့ ....။

"လူ့ဝတ္တရား ဟုတ်လား၊ ခင်ဗျားက ဇာတ်ဆရာဆီ ဘုရားတည်ဖို့ လာပြောနေတာမှ မဟုတ်တာ"

ပုဂ္ဂိုလ်လေး မျက်နှာမှာ ပြုံတော့မည့် မိုးသားများ လို အုံ့မှိုင်းမည်းညိုသွားရဲ့ ။

"ဈေးလည်း ပြောထားပြီးသားလေ"

တကယ်တော့ အသွေးအသားတွေနဲ့ ဖွဲ့စည်းဖြစ်တည်နေတဲ့ လူသားမျိုးနွယ် မိန်းမသားတစ်ဦးကို ယောကျ်ားရင့်မကြီးတွေက အသပြာငွေကြေးနဲ့ တန်ဖိုးဖြတ်နေတဲ့ ကိစ္စမှာ အလွန်တရာမှ အော့နလုံးနာဖွယ် ကောင်းလှတယ်၊ ဝမ်းနည်းဖို့ ကောင်းသလို ကိုယ့်မျက်နှာကိုယ် မီးလောင်တိုက်သွင်းပစ်ရလောက်အောင် ရှက်ဖို့လည်းကောင်းပါတယ်။

လူသားတစ်ဦးရဲ့ ဖြစ်တည်မှုက ဒါလားလေ ...။

ဒါပေမဲ့လည်း မတတ်နိုင်ပါဘူး၊ ဒီလိုမှ မလုပ်ရင် ယမင်းသူဇာကို သူတစ်ပါးလက်တွင် ထည့်ပေးရတော့မယ်၊ ဖြစ်နိုင်မယ်ဆိုရင် မျက်တောင်တစ်ခတ် ...အသက်တစ်ခါရှူစာ လေးမှာ တောင် သူ့ ရဲ့

ရှိနေစေချင်တာပါ၊ ဒါဟာ တန်ဖိုးထားမှု ဆိုရင်တောင် ရင်ထဲကအချစ်နဲ့ယှဉ်ရင် အရမ်းကြီးကို သေးငယ်လွန်းပါတယ်။

"ဟုတ်တယ် မိတ်ဆွေပေးတဲ့ ဈေးထက်လည်း ကျုပ်ပိုပေးထားတယ်လေ၊ မိတ်ဆွေ မကျေနပ်ရင် ကျုပ်ထက်ပိုပေးပေါ့"

"တောက် ... တစ်ချက် ပြင်းပြင်းခေါက်သံကို ကြားရတယ်၊ ပြီးတော့ တဝုန်းဝုန်း ခြေလှမ်းများ နဲ့ အိမ်ပေါ်မှ ဆင်းသွားပါတယ်၊ ဒီအသက် ဒီအရွယ်ဒီအရည်အချင်းနဲ့ သူဌေးတစ်ဦးထက် သူဌေးသားတစ်ဦးသာ ဖြစ်နိုင်မှန်း သူ့အစောကြီးထဲက ကြိုတင်တွက်ဆထားတယ်လေ။

ထို့နောက်မှာ တော့ ခြံဝမှာ ရပ်စောင့်နေတဲ့ ငအေးကို နန်းနွယ် လှမ်းခေါ်လိုက်တယ်။

"အမိန့်ရှိပါ သူဌေးလေး ..."

"မင်း ခုချက်ချင်း အဆောလတ်မြို့ကိုပြန် ....၊ ဦးတိန်ခိုဆီကနေ

အသပြာနှစ်သောင်း(၂၀၀၀၀)ရယ် သတိုးနွယ်အပါအဝင် ကျွန်ယုံငါးဦးရယ်တောင်းလာခဲ့"

ထင်မှတ်မထားသော အမိန့်စကားကြောင့် လှည်းသမားငအေး ခေတ္တဆွံ့အသွားတယ်။

"ဘကြီးတိန်ခိုက မေးလာရင် ကျွန်တော် ဘယ်လိုပြောလိုက်ရမလဲ"

"ဘာမှ ပြောစရာမလိုဘူး၊ ငါလိုချင်တာသာယူခဲ့"

တစ်ခါမှ မကြားဖူးသော လေသံ၊ တင်းမာသော ကိုယ်ဟန်နှင့် ပြတ်သားသော စကားများကြောင့် ငအေးလည်း အနည်းငယ် လန့်ဖျပ်သွားပါတယ်။

"အမိန့်အတိုင်းပါ သူဌေးလေး"

"မနက်ဖြန်ညမတိုင်မီ ငါလိုချင်တယ်"

"ဟုတ်ကဲ့ ..."

နန်းနွယ် သက်ပြင်းကို ချလိုက်ရင်း ....

"သွားတော့....."

မကြာလိုက် ယမင်းသူဇာ ဇာတ်သဘင်အိမ်ရှေ့မှ ဒုန်းစိုင်းထွက်သွားသော မြင်းလှည်းတစ်စီးကို တွေ့ လိုက်ရတယ်။

ဇာတ်ဆရာက မဝံ့မရဲ ဆိုလာပြန်တယ်။

"သူဌေးလေး စောဖြူကိုရော ဘယ်လိုလုပ် ..."

"ဘာမှ လုပ်စရာမလိုဘူး၊ ဖြစ်လာတဲ့ ပြဿနာ ကျုပ်အားလုံးရှင်းမယ်၊ နောက်ပြီး ခင်ဗျား တစ်ခုခုစဉ်းစားထားပါ ဇာတ်ဆရာ၊ ယမင်းသူဇာကို ကျုပ်၊ ဆပိုင်လိုချင်တယ်၊ ဘယ်လိုနည်းနဲ့ ပဲဖြစ်ဖြစ်....."

* * * * *

(၆)

ယမင်းသူဇာနဲ့ တွေ့ရင် သူ ဘာပြောမှာ လဲ။

ယမင်းရုပ်လေးနဲ့ တွေ့ဖို့ အရေး တစ်နေကုန် ရင်ခုန်နေခဲ့တယ်ဆိုတာကို ငြင်းဖို့ အလျှင်းမရှိပါဘူး၊ ဟုတ်ပါတယ် ....မနေတတ် မထိုင်တတ် တအုံနွေးနွေးနဲ့ ကို ရင်ခုန်နေခဲ့တာပါ။

ဒါပေမဲ့ ထိုရင်ခုန်မှုကို ဆန်းစစ်ကြည့်လျှင် သွေးသားဆန္ဒတွေနဲ့ လုံးလုံးမပတ်သက်သော နှလုံးသားပွင့်လင်းမှုတစ်ခု ဆိုတာကို သူ ရဲရဲကြီးအာမခံပါတယ်။ ယမင်းရုပ်လေးရဲ့ အရယ်အပြုံး၊ မျက်တောင်လေး တစ်ချက်အခတ်၊ မျက်လုံးလေး တစ်ချက်အဝင့်၊ ပါးမို့လေး တစ်ချက်အရဲ၊ နှုတ်ခမ်းလေးနှစ်လွှာ ပွတ်တိုက်လို့ ထွက်လာမယ့် တိုးတိုးလျှလျှ စကားသံ ...စတာတွေအားလုံးက အရှိန်းသက်သက် သူ့ရင်ကို မထိခလုတ် ထိခလုတ်နဲ့ အခုန်မြန်စေပါလိမ့်မယ်။ သူကလည်း ကြီးမားတဲ့ မေတ္တာတော်တွေနဲ့ ချစ်စွာသော ယမင်းရုပ်လေးကို ရိုးရိုးလေး ကြည့်နေလိမ့်မယ်၊ ဒါနဲ့ မှ နှလုံးသားက ရှေ့ဆက်ဖို့ ရည်ညွှန်းရင်း အမြင့်ဆုံးအဆင့်အနေနဲ့ သူမနဖူးပြင်ကို ဖွဖွလေးနမ်းမိလိမ့်မယ်။

ဒါပါပဲ ...၊ ဒီထက် နည်းနည်းမှ ပိုလာမှာ မဟုတ်ပါဘူး။

ဘာတွေပဲ ဖြစ်နေနေ ....ဘယ်လိုတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ပါ.....။

မကျေနပ်လို့ အကြိမ်ကြိမ်အခါခါ ထပ်မေးလည်း ချစ်တာကတော့ ချစ်တာပါပဲ။

အခုဆိုရင် ပတ်ဝန်းကျင်က .... အလင်းရောင်ကို အနောက်ဒေးရုပ်ပစ်ပေါက်လို့ အမှောင်ထုကို ပင့်ဖိတ်ထောပနာပြုနေပြီ၊

သူကိုယ်တိုင်လည်း မြို့စွန်က စံအိမ်ကြီးထဲကို ရောက်နေပြီ၊ ယမင်းသူဇာ ရောက်မလာသေးပါဘူး၊ ထို့အတူ လူ့အသိဉာဏ်ထက် မတော်လောဘ အနိုးအငွေ့တွေ ဖုံးလွှမ်း ရစ်အူနေသော ဇာတ်ဆရာသောင်းတန်လည်း ရှိမနေဘူး။

မနေ့ညက ထိုင်ခဲ့သောနေရာမှာ ပဲ သူထိုင်နေတယ်၊ ဒါပေမဲ့ ....မနေ့ကနဲ့ လုံးလုံးမတူတဲ့ ခံစားမှုမျိုးနဲ့ သူ ရှင်သန်နေတယ်။

ကြုံကြိုက်ဖြစ်ခဲ့ရင်တော့ မေးခွန်းအချို့ကို မေးချင်ပါတယ် ယမင်းသူဇာ ....

ဇာတ်ဆရာရဲ့ အဖြေစကားက ....သူ့နားလည်မှုမှာ အပြည့်အဝ အားမရနိုင်ဘူးလေ။

"အဲလိုတော့ မဖြစ်နိုင်ဘူးထင်တယ် သူဌေးလေး....."

"ဘာကြောင့်လဲ ခင်ဗျားသတ်မှတ်တဲ့ ဈေးကို ကျုပ်ပေးမှာ ပါ"

"ဘယ်လောက်ပဲ ပေးပေး ကျုပ်ရဲ့ ပိုင်ဆိုင်မှုထဲကနေ ယမင်းသူဇာဆိုတဲ့ ရတနာတစ်ပါးကို ဘယ်တော့မှ ထွက်သွားခွင့်ပြုမှာ မဟုတ်ဘူး "

"ဘာကြောင့်လဲ ...."

"ယမင်းသူဇာကို ကျုပ်ပိုင်တယ်၊ သူ့ရဲ့ အဖေအမေ ဆွေမျိုးအားလုံးကိုလည်း ကျုပ်ပိုင်ထားတယ်၊ ယမင်းသူဇာဆိုတာ မ ကြာ ခ င် မှာ ကျုပ်ကိုတစ်နေ့ ရွှေဥတစ်လုံး ဥပေးတော့မယ့် ငန်းမလေးပါ ...၊ သတ်ပစ်ဖို့ ကျုပ်အစီအစဉ်မရှိဘူး"

"တောက် ...."

တောက်ခတ်သံ ကျယ်သွားတော့ မျက်နှာပျက်ခြင်း အလျှင်းမရှိပါပဲဇာတ်ဆရာက ဦးညွှတ်အရိုအသေပေးပါတယ်၊ လူရည်လည်လွန်းပေစွ။

"နောက်ပြီး သူဌေးလေးကို တစ်ခုလည်း သတိပေးချင်ပါတယ်၊

သွေးသားဆန္ဒ ဖြေဖျောက်ရုံသက်သက် ယမင်းသူဇာနားကို ချဉ်းကပ်လာတယ် ဆိုရင်တော့ မပြောလိုပါဘူး၊ ဒါပေမဲ့ အခြားတစ်နည်းနဲ့ ချဉ်းကပ်လာတယ် ဆိုရင်တော့ အခုထဲက နောက်ဆုတ်ဖို့ ကျုပ်အကြံပေးချင်တယ်"

"ဘာကြောင့်လဲ"

"ယမင်းသူဇာရဲ့ စိတ်အစဉ်ကို အပိုင်ရထားသူက သံပျဉ်မင်းသား ကိုယ်တော်တိုင် ဖြစ်နေလို့"

"သံပျဉ်မင်းသား"

သူ လုံးလုံးမသိခဲ့ဘူး .... ဇာတ်ဆရာ ထပ်ပြောတယ်။

"သူဌေးလေး နာကျင်ရလိမ့်မယ်"

ခန္ဓာအရေပြားထဲ စိုက်ဝင်သွားသော အရာကို ဆူးဟု ခေါ်လျှင် နှလုံးသားမှာ စိုက်ဝင်သွားတဲ့ အရာတစ်ခုကို မည်ကဲ့သို့ အမည်တပ်မည်နည်း၊ သံပျဉ်မင်းသား ဟူသော ဆူးလေးတစ်ချောင်းက ယိုအချိန် တိုကာလကတည်းက သူ့နှလုံးသားနက်နက်မှာ စိုက်ဝင်သွားခဲ့တာပါ။

အမှန်အတိုင်းပြောရရင် သံပျဉ်မင်းသား မည်သူမှန်း သူမသိခဲ့ဘူး၊ ဒါပေမဲ့ လက်ရှိအခြေအနေမှာတော့ သိချင်စိတ်ထက် ယမင်းရုပ်လေးနဲ့ တွေ့ဖို့ အရေး မျှော်မတွေးရင်ခုန်နေစိတ်က ပိုလို့ သာနေပါတယ်။

ဟော ...ခြံဝမှာ ခြေသံတွေ ကြားလိုက်ရပြီ။

ယမင်းသူဇာ ရောက်လာခဲ့ပြီထင်ရဲ့ ...

တကယ်ပါပဲ၊ မကြာသောကာလတစ်ခုမှာ တင့်တယ်သော ခြေလှမ်းတွေနဲ့ ယမင်းသူဇာ အိမ်တွင်းဝင်လာတယ်၊ လက်ဖွဲ့တော် မိသင်းလည်း ထက်ကြပ်မကွာ ပါလာပါရဲ့ ၊ တည့်တည့်ဆိုင်ဆိုင်တွေ့ရတော့ ရင်ခုန်လှိုက်မောထားတဲ့ အရှိန်နဲ့ သူမှာ ထိုင်ရမလို ထရမလို၊ ယမင်းရုပ်လေးကတော့ ဒီနေရာမှာ မင်းသမီးပီသလှပါတယ်၊ ဟန်ဆောင် မျက်နှာဖုံး အဖြုတ်အတပ်မရှိပဲ အေးအေးသက်သာပင် ခုံမှာ ဝင်ထိုင်တယ်။

"သူဌေးလေး ရောက်တာကြာပြီလား"

"အင်း ...သိပ်မကြာသေးပါဘူး"

"မြို့ဦးစေတီဘက် ခဏသွားတာ ...၊ ဘုရားပန်းလဲရင်း ဆုလည်း တောင်းရင်းပေါ့"

"သူဇာက ဘာဆုတောင်းတာလဲ"

"ဆုတောင်းများခဲ့တာတွေ ....ဒီဘဝ ဒီမျှ ကျေဖို့ ပေါ့လေ"

မိသင်းက ရေတစ်ခွက်ယူပြီး သူမကိုတိုက်တယ် ...၊ လည်ပင်းမှ အကြောစိမ်းလေးများ ယှက်သိုင်း သွယ်စင်းသွားပုံကို ကြည့်ရင်း .... သူမှာ အသက်ရှူ မမှားရအောင် မနည်း ထိန်းလိုက်ရပါတယ်။

"ဇာတ်ဆရာကို မတွေ့သလိုပဲ"

"ဆရာက ဒီမှာ နေတာ မဟုတ်ဘူး လေ၊ ဒီမှာ က သူဇာရယ် သူတို့ ရယ်ပဲရှိတာ"

"....."

နန်းနွယ် ချက်ချင်းပဲ သဘောပေါက်လိုက်တယ်၊ အသပြာတွေရပြီးပြီဆိုတော့ အလိမ်ခံရမှာ မပူတော့ဘူးထင်ရဲ့ ၊ မနေ့ညကတော့ စောဖြူထံမှ အသပြာမရသေးလို့ အိမ်တိုင်ရာရောက် လာလိုင်စောင့်တယ် မှတ်တယ်၊ ထူးတော့လည်း ထူးဆန်းပါတယ် ....ဖွတ်ထွက်နေတဲ့ တောင်ပို့မှန်းသိလျက်နဲ့ ဇာတ်ဆရာသောင်းတန်အပေါ် ရှိသေလေးစားနေဆဲဖြစ်ကြောင်း ယမင်းသူဇာရဲ့ ဟန်အမူအရာတို့ မှာ မြင်နေရတယ်။

ပြီးတော့ သူတို့ နှစ်ဦးကြားမှာ ပြောစရာစကားတို့ မရှိတော့ပြန်ပါဘူး၊ မိသင်းက ဖန်မီးအိမ်များကို လိုက်ထွန်းညှိနေတယ်၊ မီးရောင်လေးအောက်မှာ မနေ့ကအတိုင်းပဲ သူမ လှနေပြန်ပါတယ်၊ မီးအလင်းတို့ ဆုံချေတော့ အစိပ္ပာယ်တစ်မျိုးနဲ့ သူမ ကြည့်လာရဲ့ ။

အလွန်တရာမှ ခံရခက်တဲ့ အကြည့်မျိုးပါ။

မဟုတ်ဘူး ယမင်းသူဇာ၊ မင်းထင်သလို လုံးဝမဟုတ်ရပါဘူးကွာ၊

မင်းကြုံဖူးနေကျ သွေးသားကို ရှေ့တန်းတင်တဲ့ ခပ်ညံ့ညံ့ယောကျ်ားပျက်တွေထဲမှာ ငါ့မပါဘူး။

အဖြူထည်သက်သက်သာ ချစ်နေခြင်းဖြစ်မှန်း သူမသိအောင်ဘယ်လို ရှင်းပြရမလဲလေ၊ တကယ်တော့ ရင်ထဲမှ စကားတွေပင် အဆုံးမသတ်လိုက်ရပါဘူး။

"သူဇာ ဝင်နှင့်မယ်နော်"

တာဝန်ကျေလှန်းလိုက်တာကွယ် ယမင်းရုပ်လေးရယ် ...၊ စိတ်မကောင်းလိုက်တာ.... ... ကိုယ့်နှုတ်ခမ်းသာ

ကိုယ်ဖိကိုက်ထားမိလိုက်တော့တယ်။

ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတစ်ခု မဟုတ်ကြောင်း ရှေးလူတွေရှေ့မှာ ငါ စာလုံးပြန်ပေါင်းချင်လိုက်တာလေ။

တစ်အောင့်ကြာတော့ လက်ဆွဲတော်မိသင်း ရောက်လာတယ်။

"သူဌေးလေး ....မမလေးသူဇာက ဝင်လာလို့ ရပါပြီတဲ့ "

***

သူ့ရဲကောင်းတွေက ဆောင်စားကိုဝင့်ရင်း

တိုက်တိုင်းအောင်ကြောင်း သက်သေပြခဲ့တယ် ...။

ယောက်ျားမြတ်တွေက သီလကိုခြုံရင်း

သီလလုံကြောင်း သက်သေပြခဲ့တယ် ...။

သူ့အတွက်ကတော့ ရင်ဘတ်ကိုဖွင့်ရင်း

အချစ်ဟာ စစ်ကြောင်း

အဲဒီညက သက်သေပြခွင့် ရခဲ့ပါတယ် ....။

အဲဒီညကပေါ့ ....။

(d)

"သူဇာ ထင်သလို မဟုတ်ရပါဘူး၊ သူဇာနဲ့ တစ်ညတာပျော်ပါးဖို့ ကျွန်တော် ဒီကိုရောက်လာခဲ့တာ မဟုတ်ဘူး "

ယမင်းရုပ်လေးရဲ့ မျက်နှာမှာ အံ့ဩနားမလည်ရိပ်တို့ စွန်းထင်းသွားတယ်၊ တွေတွေလေးလည်း သူ့ကိုကြည့်လာပါတယ်၊ နန်းနွယ်နားလည်လိုက်မိရဲ့ ၊ အထက်ပါ စကားတစ်ခွန်းနဲ့ ပတ်သက်ပြီး အဖြေတစ်စုံတစ်ရာကို သူ့မျက်လုံးထဲမှာ ရှာဖွေနေတာပါ။

"ဒီတစ်ညအတွက် စိတ်အေးချမ်းသာစွာ အိပ်စက်လိုက်ပါ သူဇာ၊ ကျွန်တော်တစ်ယောက်လုံး အနားမှာ စောင့်ရှောက်ပေးနေမယ့်အတွက် သူဇာ့အိပ်စက်မှုကို နှောင့်ယှက်မယ့် အန္တရာယ်အပေါင်းမှ လည်း ကင်းဝေးနေပါလိမ့်မယ်"

သူ့စကားကို နားထောင်ပြီးနောက်မှာ တစ်ခွန်းချင်း ဆိုလေရဲ့ ...။

"သူဇာ သိပ်နားမလည်ချင်ဘူး"

"ရှင်းပါတယ် သူဇာ၊ အခြားသောယောကျ်ားတွေက သူဇာနဲ့ ပျော်ပါးဖို့ ဒီအခန်းထဲကို ရောက်လာတယ် ...။ ကျွန်တော်ကတော့ သူဇာကို ကာကွယ်ဖို့ ရောက်လာတယ် ....ဒါပါပဲ"

"သူဌေးလေး တကယ်ပြောနေတာလားဟင်"

ရင်ခွင်ရဲ့ ဘယ်ဘက်ခြမ်းက မဆိုသလောက်လေး အောင့်သွားရတယ်။

"ကျွန်တော့်မျက်နှာမှာ လိမ်ညာမှုတွေများ မြင်မိလို့ လား သူဇာရယ်"

သူ့မျက်လုံးကို ဒုတိယအကြိမ် စိုက်ကြည့် လာပြီး သူမ ငြိမ်ကသွားတယ်၊ မယုံကြည်နိုင် ဖြစ်နေပုံပါပဲ။

နန်းနွယ်ရပ်နေရာမှ သလွန်ညာဘက်ခြမ်းမှာ ရှိတဲ့ ထိုင်ခုံလေးဆီ သွားထိုင်လိုက်တယ်၊ တစ်ခန်းလုံးက တန်ဖိုးကြီး ကတ္တီပါပိတ်ဖဲများကို အသုံးပြုထားလို့ ဖိတ်ဖိတ်လက်နေပါတယ်၊ တော်ရုံအခင်းအကျင်း မဟုတ်တာကြောင့် နောက်ကွယ်မှ ရည်ရွယ်ချက်ရဲ့ ရေရှည်ခံမှုကိုလည်း ချင့်တွက်မိတယ်၊ ပြီးတော့တစ်ခန်းလုံးကလည်း ညွတ်နူးဖွယ် မွှေးရနံ့တွေ လှိုင်လှိုင်ထွက်နေတာမို့ ....

"သူဇာ့အတွက် အပန်းမကြီးရင် ကျွန်တော် ပြတင်းတံခါးတွေ

ဖွင့်လိုက်ချင်တယ်"

"သူဇာ ဖွင့်ပေးမယ် ...."

သလွန်ပေါ်မှ သွက်သွက်ဆင်းပြီး ပိတ်ထားသော ပြတင်းတံခါးများကို ဖွင့်ပေးတယ်၊ ဖွင့်ဖွင့်ချင်း ဝင်ရောက်လာတဲ့ ငွေစန္ဒာ လရောင်ပြာကြောင့်အခန်းလေးက တစ်မျိုးတစ်ဖုံ ခမ်းနားတင့်တယ်သွားရဲ့ ...။

ဝ င် သ က် ထွ က် သ က် မှာ လည်း ခုမှ တကယ်ရှိုးစင်းလွန်းသွားပါတယ်၊ ယမင်းသူဇာက ပြတင်းပေါက်များ ဆီမှ လှျောက် လာပြီး ခုတင်စွန်းမှာ ခုနအတိုင်း ငြိမ်ငြိမ်လေး ဝင်ထိုင်တယ်။ ပြီးတော့.....

"သူဇာ့ကို သူဌေးလေး အရမ်းအထင်သေးနေမှာ ပေါ့ နော်"

"ဘာအတွက်လဲ သူဇာ"

"သူဇာရဲ့ ဇာတ်စင်ရှေ့ဘဝနဲ့ ဇာတ်စင်နောက်ဘဝက ပြဒါးတစ်လမ်းသံတစ်လမ်းလေ"

"သူဇာက ဝန်ခံလိုက်တဲ့ သဘောလား"

"ရှင် ...."

"ဒီလိုရှိတယ်သူဇာ၊ လူအများ စုဟာ ကိုယ့်ရဲ့ လုပ်ရပ်တစ်ခုအပေါ်မှာ မရဲရင့်နိုင်ကြဘူး၊ လောကသဘောအရ ဘာအတွက်ပဲဖြစ်ဖြစ် အသပြာနဲ့ ခန္ဓာလဲရင် အဲဒါ ခန္ဓာသည် ပဲ၊ သူဇာဟာ ခန္ဓာသည် တစ်ယောက် ဖြစ်ပါတယ်လို့ ဝန်ခံလိုက်တဲ့ သဘောလား"

ယမင်းရုပ်လေးရဲ့ မျက်နှာ ချက်ချင်းညှိုးရော်ကျသွားတယ်၊ နှုတ်ခမ်းကိုက်လိုက်တာလား ...ဝေ့ဝဲတက်လာတဲ့ မျက်ရည်ဥလေးများကို မျက်တောင်နဲ့ ပုတ်ခတ်သိမ်းဆည်လိုက်တာလား သူမသဲကွဲလိုက်သေးခင်မှာ ပဲ။

သက်ပြင်းချသံ သဲ့သဲ့လေးနဲ့ အတူ ...

"အများ အမြင်မှာ တော့ သူဇာက မီးရောင်အောက်မှာ ကပြဖျော်ဖြေရတဲ့ ဇာတ်မင်းသမီးပေါ့ လေ"

စကားလေးက တိုးညင်းလွန်းစွာ ရပ်တန့်သွားတယ်၊ နှုတ်ခမ်းလေးနှစ်လွှာက နှုတ်မရဲသလို တဆတ်ဆတ် တုန်နေပါတယ်၊ ငိုသံလေးများ တောင် စွက်နေသလား။

"အဟင်း ... ငြင်းလည်း အမှန်တရားတစ်ခု ဖြစ်လာမှာ မှ မဟုတ်တာ သူဇာမငြင်းပါဘူး၊ ဟုတ်ပါတယ် ... သူဇာဟာ ခန္ဓာသည် တစ်ယောက်ပါ"

ချစ်ဖို့ ကောင်းလိုက်တာလို့ ပဲ သိလာခဲ့သမျှ ခုမှ ပဲ လေးစားဖို့ ပါကောင်းမှန်း သိသွားရတယ်။

"အဲလို ဆိုရင်တော့ ... သူဇာအပေါ်မှာ အထင်သေးစရာ မြူမှုန်လေးတစ်စက်တောင် မရှိပါဘူး၊ ကိုယ့်လုပ်ရပ်ကို ကိုယ်ဖုံးကွယ် ... ကိုယ့်ကိုယ်ကိုယ် အယုံသွင်းပြီး သူတော်ကောင်းယောင် ဆောင်နေသူတွေကပဲ အထင်သေးစရာပါ၊ လူအချို့အတွက် သူတို့ ရဲ့ အနောက်ဖက်မျက်နှာက တအားညစ်ပတ်နေတတ်တာ သူဇာရဲ့ "

မျက်လုံးတွင်းမှ ပင် မျက်နှာအချို့ကို ပြေးမြင်မိတယ်၊ မတတ်နိုင်ပါဘူး အမှန်တရားက အမှန်တရားပဲလေ။

"ဒါပေမဲ့ တစ်ခုတော့ နားမလည်ဘူးသူဇာ၊ [illegible]
ရှန်းမထွက်တာလဲဟင် ...."

တိုးညင်းညင်းရယ်တယ်။

"တချို့ဘဝတွေက မျဉ်းဖြောင့်တအားဆန်တယ် သူဌေးလေးရဲ့ ၊ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားမှာ အနိမ့်အမြင့် အတက်အကျ မရှိကြဘူး၊ အထူးသဖြင့် အဲဒီမျဉ်းဖြောင့်က ကိုယ်ကိုယ်တိုင်ဆွဲတဲ့ မျဉ်းဖြောင့်မဟုတ်ဘဲ တခြားလူဆွဲပြီးသား မျဉ်းဖြောင့်မှာ ကိုယ်က ဝင်ရောက်ဖြတ်သန်းရတဲ့ အခါမျိုးမှာ ပေါ့"

သူ နားမလည်မိဘူး။

"သူ နဲ့ မျက်နှာ မှာ ပျော်နေတဲ့ အရိပ်အယောင်တော့ မမြင်ရပါဘူးနော်"

"မမြင်ရပါဘူး .... ဒါပေမဲ့ စင်ပေါ်မှာ ကတဲ့ အချိန်တော့ အပြစ်ကင်းတဲ့ ကလေးလေး တစ်ယောက်လို ပြုံးရယ်နေတတ်တာ"

"ဟုတ်တယ် စင်ပေါ်မှာ ကနေတဲ့ အချိန်က သူဇာရဲ့ အပျော်ဆုံးအချိန်တွေပါပဲ၊ ကနေရင် သူဇာ အားလုံးကို မေ့ထားနိုင်တယ်၊ ကဲပါလေ ...အဲဒါတွေထားလိုက်ပါ မေ့လက်စနဲ့ မေ့ထားတာကောင်းပါတယ်၊ သူဇာ့ဘဝ၊ သူဇာ့ကံကြောင့်လို့ သာ သဘောထားလိုက်ပါတော့ ...."

တစ်ခါတလေကျတော့လည်း ကံဆိုတာကြီးကို ကိုယ့်ရဲ့ လုပ်ရပ်ဆုံးဖြတ်ချက်တွေနဲ့ ပြောင်းလဲပစ်လို့ ရကြောင်း သူဇာသိအောင် ပြောပြချင်လိုက်တာ ....။

တိုစဉ်မှာပဲ သူဇာက ထင်မှတ်မထားတဲ့ မေးခွန်းတစ်ခုကို

မေးလာတယ်။

"သူဇာ့ကိုသာ မေးနေတယ်၊ သူဌေးလေးကရော ဘာလို့ သူဇာ့ကိုကာကွယ်ပေးချင်ရတာလဲ"

အရိုက်တည့်တည့်ကို လာထိသွားတဲ့ မေးခွန်းပါ၊ အမှန်အတိုင်းပြောရရင်တော့ ရင်ခွင်က ဗရမ်းဗတာ ဆန်သွားတယ်။

"တချို့စကားတွေက ဖွင့်ပြောရင် ...တန်ဖိုးကျသွားတတ်တယ်သူဇာရဲ့ "

"ရှင် ...."

"အမှန်အတိုင်း ပြောရရင် သူဇာကို ပြောချင်တဲ့ စကားတွေ ကျွန်တော့်ရင်ထဲမှာ ပြည့်နေတယ်၊ ဒါပေမဲ့ အဲဒါတွေကို ကျွန်တော် ထုတ်မပြောချင်ဘူး၊ စကားလုံးအဖြစ် ပြောင်းလိုက်တော့မှ ရင်ထဲကတန်ဖိုး ကျသွားမှာ ကိုကျွန်တော် မလိုလားဘူး"

အဓိပ္ပာယ်ဖော်တဲ့ မျက်ဝန်းလေးနဲ့ သူဇာ သူ့ကိုကြည့်လာတယ်။

"မပြောဘဲထားတော့ တစ်ဖက်ကလူက သိပ့်မလားဟင်"

"မြင်အောင်ကြည့်ရင် သိပါတယ့် သူဇာ"

"တချို့လူတွေက စကားနဲ့ ပြောတာထက် လုပ်ရပ်နဲ့ အပြုအမူတွေပေါ်မှာ သက်သေပြတတ်ကြတယ် ...."

"ဪ ...."

"သံပျှဉ်မင်းသားကရော အပြောသမားလား အလုပ်သမားလား"

သူမ လုံးဝကို အံ့ဩသွားတာပါ၊ သူ့ဆီက ဒီလိုမေးခွန်းမျိုး ထွက်လာမယ်လို့ မျှော်လင့်ထားပုံ မရပါဘူး၊ သံပျှဉ်မင်းသား ဆိုတာကို

နန်းနွယ်သိနေတဲ့ အတွက်လည်း အံ့ဩသွားပုံရပါတယ်။

ပြတင်းတံခါးမှ ဝင်ရောက်လာတဲ့ ပြာလဲ့လဲ့အလင်းရောင်လေးကိုကြည့်ရင်း လမင်းဆန်ဆန် ပြုံးတယ်။

"သူကလား ... ..."

တကယ်တော့ သူသိချင်ခဲ့တာ သံပျဉ်မင်းသားရာဇဝင်နဲ့ ယမင်းရုပ်လေးနဲ့ ပတ်သက်မှုပါ၊ အကယ်၍ သာ သူ ကံကောင်းခဲ့မယ်ဆိုရင် (သို့) ယမင်းရုပ်လေးကိုယ်တိုင်က စိတ်လိုလက်ရ ရှိခဲ့မယ်ဆိုလျှင် သိချင်တဲ့ အကြောင်းအရာတွေကို (အနည်းဆုံး) ယေဘုယျသာသာလောက်တော့ ကြားခွင့်ရခဲ့မယ်ထင်တယ်၊ ဒါပေမဲ့ ကံကြမ္မာက သူ့ကို အဲလောက်ထိ မျက်နှာသာ မပေးခဲ့ဘူး။

ချက်ချင်းဆိုသလိုပဲ ခြံဝမှ အသံကြီးတစ်ခု ဟိန်းထွက်လာတယ်။

"နန်းနွယ် ...နန်းနွယ် ..."

"ဒုန်း ...ဒုန်း ..."

"အခုချက်ချင်း တံခါးဖွင့်စမ်း ...."

"ဒုန်းဒုန်း ..."

"နန်းနွယ် ...."

ဧတာဖြူရဲ့ အော်သံက ခြံဝမှ တစ်ဆင့် သူတို့ ရှိရာ အခန်းထဲသို့ တိုင်ဟိန်းထွက်လာတယ်၊ ခြံစောင့်ရဲ့ တားမြစ်သံ ခပ်အုပ်အုပ်ကိုလည်း ကြားရတယ်။

"ဟေ ...ဘာသူဌေးလဲ ကျုပ်လည်း သူဌေးသားပဲကွ၊

ဘာပတ်ဝန်းကျင်ကိုမှ ဂရုမစိုက်ဘူး၊ နန်းနွယ် မင်းထွက်ခဲ့မလား၊ ငါ ဝင်လာခဲ့ရမလား....."

မဖြစ်ချေတော့၊ ဒီအတိုင်းဆက်ထားရင် အခြေအနေက ပိုဆိုးရုံသာရှိတော့မှာမို့ အိမ်ထဲကနေ နန်းနွယ် သွက်သွက်ထွက်ခဲ့လိုက်ပါတယ်။

ခတ်ဝေးဝေးထဲက သေရည်နံ့တထောင်းထောင်းကို ခံစားမိတယ်။

စောဖြူ တော်တော်မူးနေပုံပါပဲ။

သူ့ကိုတွေ့တော့ ....။

"ဩော် .... ရောက် လာပြီပေါ့ ၊ ဘယ်လိုလဲ အပေါ်မှာ တော်တော်မှ အဆင်ပြေ ချောမွေ့ခဲ့ရဲ့ လား၊ ဟား ....ဟား ... နန်းနွယ် ....နန်းနွယ် ....အစကတော့မင်းကို သိလလုံတဲ့ ယုန်သူငယ်လေးလို့ ထင်ထားတာ၊ အခုမှ ပဲ အစာမကြေချင်ယောင်ဆောင်နေတဲ့ ဝံပုလွေမှန်း သိတော့တယ်၊ ဇာတ်သမနဲ့ ပျော်ချင်တာများ ငါ့ဆီက ယောက်ျားဆန်ဆန်တောင်းလည်း ရပါတယ်ကွာ၊ အခုလိုမျိုး မိန်းမကျင့် မိန်းမကြံနဲ့ နောက်ကွယ်က အပိုင်ချိုင်ဖို့ မလိုပါဘူး"

"ယမင်းသူဇာက မင်းအပိုင်မှ မဟုတ်ပဲ စောဖြူ"

"ဒါပေမဲ့ ဒီည ငါထပ်လာခဲ့မယ်လို့ ဇာတ်ဆရာကို ပြောထားပြီးသားလေ၊ ဘာလဲ အခုတော့ ဇာတ်သမကောင်းမှန်း သိသွားပြီပေါ့ ...ဟား.....ဟား"

စောဖြူစကားတွေက နားတွင်းသို့ ချော်ရည်ပူတွေလို တိုးဆင်းလာတယ်။

"မင်း မူးနေပြီ စောဖြူ၊ အိမ်ကိုသာ ပြန်ပါ"

"ဟား ....ဟား ....ငါ့ကို ပြန်နိုင်းပြီး မင်းက အပေါ်တက် ပျော်ပါးတော့မယ်ပေါ့၊ ဓာတ်သမရဲ့ မဟာအတွေ့ထူးမှာ သာယာတော့မယ်ပေါ့ ...ဟုတ်လား"

"အဲဒီအပျော်ကို ငါမကြိုက်ဘူး စောဖြူ၊ အသွေးအသားတွေ ပေါင်းစပ်ပြီးမှ ရလာတဲ့ သာယာမှုကိုလည်း ငါ မုန်းတယ်၊ ငါအခု ဒီ နေ ရာ မှာ ရပ်နေတာ ယမင်းသူဇာနဲ့ ပျော်ပါးဖို့ မဟုတ်ဘူး ၊ ယမင်းသူဇာဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ကာကွယ်ပေးဖို့ ဆိုတာ မင်းနားလည်ထား ...."

"ကာကွယ်ဖို့ ...ဟာဟ ... ကာကွယ်ပေးဖို့ ၊ တယ်ဆိုတဲ့ စာပါလားကွ ... ဟေ၊ မင်းက သူ့ကို ဘယ်လိုကာကွယ်ပေးမှာ လဲ အသပြာကို ခန္ဓာနဲ့ လဲနေတဲ့ ခန္ဓာသည် တစ်ယောက်ကို မင်းက ဘယ်လိုကာကွယ်ပေးမှာ လဲ"

နန်းနွယ် အံကိုဖိကြိတ်ထားလိုက်တယ်၊ ပြီးတော့ တစ်ချိန်က စောဖြူ သူ့ကိုပြောဖူးခဲ့တဲ့ စကားတွေကိုပဲ တစ်လုံးချင်း ပြန်ပြောလိုက်တယ်။

"ဒါ ငါ့ ကိစ္စပါ စောဖြူ၊ ငါ့ကိစ္စ ငါလုပ်မယ် ... မင်းကိစ္စ မင်းလုပ်၊ အခုလောလောဆယ် အကောင်းဆုံး မင်းလုပ်သင့်တာက ဒီအရပ်ကနေ လှည့်ပြန်သွားဖို့ ပဲ"

မြင်နိုင်ကြားနိုင်သေးရင်ပေါ့လေ။

*****

ငအေးရဲ့ လှည်းဆိုက်ဆိုက်ချင်း သတိုးနွယ် အလျှင်အမြန်ဆင်းလာကာ သူရှိရာအရပ်မှာ ဦးခိုက်တယ်။

"ကျွန်တော်တို့ ရောက်ပါပြီ သခင်လေး ...."

သတိုးနွယ်နောက်မှာ သာအောင်၊ မိုးညွှင်းနှင့် အခြားသုံးဦးလည်း ပါလာတယ်။

"ဦးတိန်နိုရော ကျန်းခန့်သာလို့ မာရဲ့ လား"

"အရာရာ အဆင်ပြေပါတယ် သခင်လေး ...."

"ငါ့ကိုရော ဘာစကား ပါးလိုက်သေးလဲ"

"ထွေထွေထူးထူးတော့ မရှိပါဘူး၊ သခင်လေး အမှာ ဆင့်လိုက်တဲ့ အသပြာငွေကြေးရယ်၊ ကျွန်တော်တို့ ငါးဦး သခင်လေးအတွက် လိုလေသေးမရှိအောင် ဝတ်ကြီးဝတ်ငယ် ပြုစုပေးဖို့ ရယ်၊ နေပြည်တော်ရောက်တုန်း သခင်လေးပျော်သလောက် ဆက်နေဖို့ ရယ်ပဲ စကားပါးလိုက်ပါတယ်"

"နေ ပြ ည် တော် မှာ ဆက်နေဖြစ်တဲ့ အကြောင်းရင်းကိုရော ငအေးဟဲမေးသံ ကြားမိသေးလား"

"အဲလိုလည်း မကြားမိပါဘူး အရှင်"

နန်းနွယ် ပြုံးမိလိုက်တယ်၊ သစ္စာရှိ ဘဏ္ဍာထိန်းတစ်ဦး ပီသလှလေရဲ့ ၊ သတိုးနွယ်၊ သာအောင် ၊ မိုးညွှင်းတို့ မျက်နှာမြင်ရတော့ ဘာရယ်မဟုတ် ဦးတိန်နိုကို သတိရမိတယ်၊ သားတစ်ဦးကဲ့သို့

ချစ်ခင်မျှော်လင့်ထားသူဖြစ်သည် ကြောင့် ဦးတိန်နိုမှာ လည်း သူ့ကို သတိရနေမှာ သေချာပါတယ်။

"ကဲ ဒီလိုဆိုလျှင်ဖြင့် တို့ တွေနေထိုင်ဖို့ နေပြည်တော်မှာ အိမ်တစ်လုံးအမြန်ရှာကြမှ ဖြစ်မယ်၊ သွားရေးလာရေးအတွက်လည်း လှည်းတစ်စီးလိုတယ်၊ ငအေးလှည်းကိုတော့ စောဖြူပဲ ဆက်သုံးပါစေ"

"မှန်ပါ သခင်လေး၊ ကျွန်တော် ဦးဆောင်ပြီး စီစဉ်လိုက်ပါ့မယ် ...

သခင်လေး လိုချင်တဲ့ ရက်ကိုသာ ပြောပါ"

"လိုချင်တာကတော့ အခုပဲ"

ဒါနဲ့ ပဲ အဆောလတ်မြို့ရဲ့ သူဌေးလေးနန်းနွယ် နေထိုင်ဖို့ စံအိမ်တော်တစ်လုံးကို အသည်းအသန် ရှာဖွေလိုက်ကြတယ်၊ နောက်လိုက်နောက်သားတွေ ရောက်လာလို့ ဆိုတာထက် စောဖြူနဲ့ အတူမနေချင်တော့တာပါ၊ ဒီတစ်ခါတော့ မည်သူ့ အကူအညီကိုမှ မယူတော့ပါဘူး၊ ဓာတ်ဆရာရဲ့ အကူအညီမယူသလို ဆရာကြီး အရိယကိုလည်း အကူအညီ မတောင်းဖြစ်ဘူး၊ ယုတ်စွ

အဆုံး ဆရာကြီးတပည့်ဖြစ်သူ မောင်ရွှေးကိုတောင် နေပြည်တော်ရဲ့ ဘာသာဘာဝကို မမေးစမ်းတော့ပဲ ကြိုးစားခိုင်းလိုက်ကြတယ်။ ။

သတိုးနွယ်အရည်အချင်းကို သူ ယုံတယ်လေ၊ ဒီလိုနဲ့ ပဲ နေ မ စော င်း ခ င် မှာ နေထိုင်ရာ စံအိမ်တော်တစ်ခုလုံးနဲ့ မြင်းနှစ်ကောင်ကသော လှည်းလေးတစ်စီးကို သတိုးနွယ်က ဆောင်ကြဉ်းပေးလာတယ်။

အင်း ...ဒီလှည်းလေးနဲ့ ပဲ ယနေ့ညအဖို့ ယမင်းရုပ်လေးရှိရာဆီ သွားရတော့မယ်ပေါ့ ။

* * *

အချစ်ဆိုတာ မြေဆိမြေဩဇာမလိုဘဲ နှလုံးသားက သူ့အလိုလိုရှင်သန်လာတဲ့ ကျွန်းသစ်ပင်လေးတစ်ပင်ပါကွယ်၊ သူဟာ သိပ်တန်ဖိုးကြီးတယ်၊ သူ့အရိပ်မှာ ခိုနားလို့ ရတယ်၊ သူ့အကိုင်းကို ထင်းချိုးလို့ ရတယ်၊ သူ့ရဲ့ အသွေးအသား ပင်စည်ကိုတော့ လိုအပ်သလို ထွင်းထု အသုံးပြုနိုင်ပါတယ်။

သူဟာ နှလုံးသားမှာ သန္ဓေတည်ကတည်းက ရယူဖို့ ဆန္ဒဟာ လုံးလုံးရှိမနေခဲ့ပါဘူး၊ သူ ရှင်သန်ကြီးထွား လာလေ များများ ပေးဆပ်နိုင်လေဖြစ်တာမို့ မိုးသောက်တဲ့ မနက်တိုင်းနဲ့ ရောင်နီသိမ်းတဲ့ ညနေတိုင်းမှာ သူဟာပျော်နေခဲ့တာလေ။

အကယ်၍ အသွေးအသားတွေနဲ့ ဖြတ်တောက် ကာရံထားတဲ့ ခြံစည်းရိုးတစ်ခု ဖြစ်ခဲ့မယ် ဆိုရင် အထဲက ယမင်းရုပ်လေးကို အသူရာနတ်တစ်သောင်းပင် လာတောင်းပါစေ တစ်လက်မမှ အရွှေ့မခံပဲ သူခုခံတိုက်ပွဲဝင်နေမိမှာပါ။

သို့မဟုတ် ကျွန်းအိမ်ကြီးတစ်လုံး ဖြစ်ခဲ့မယ် ဆိုပါကလည်း ... အနားယူမှေးဆက်မယ့် ယမင်းရုပ်လေးအတွက် ညတိုင်းဟာ နတ်ဖန်တီးတဲ့ ဘုံဆောင်နန်းလေး ဖြစ်နေစေရမယ်၊ မနက်တိုင်းဟာလည်း ချမ်းသာစွာနိုးထမယ့် ကျေးငှက်သံ ချိုချိုလေးတွေကို ဆောင်ကြဉ်းပေးနေရမယ်။

ဒါဟာ အချစ်ပါပဲ သူဇာ ...။

နန်းနွယ်ဆိုတဲ့ လူတစ်ဦးက သူ့ရဲ့ နှလုံးသည်းပွတ်ဇကေရီကို မထိရက်မကိုင်ရက် ချစ်တဲ့ အချစ်မျိုးပါ။

မင်းဟာ ဇာတ်မင်းသမီး တစ်လက်လား၊ ရတယ် ....ချစ်ပါတယ်၊ ခန္ဓာသည် တစ်ဦးပဲလား၊ ဒါလည်း ပဲ အဆုံးစွန်ထိ ချစ်နေတုန်းပါပဲ၊ ဒါပေမဲ့ ငါ့အချစ်တွေကိုတော့ ဘယ်တော့မှ ဖွင့်ပြောဖြစ်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲ .... တန်ဖိုးကျ မခံနိုင်လို့ ပါ၊ ချစ်တယ်လို့ ပြောမယ့်သူတွေ မင်းအနားမှာ ဒုနဲ့ ဒေး ရှိနေမယ်ဆိုတာ သိနေတယ်လေ။

သတိုးနွယ်မောင်းတဲ့ လှည်းလေးက ချူသံ တချွင်ချွင်နဲ့ တရိပ်ရိပ်ပြေးနေတယ်၊ သူ့နံဘေးမှာ အတန်အသင့် ပြည့်ဖောင်းနေတဲ့ အသပြာအိတ်လေးလည်း ရှိပါတယ်။ ။

ဒီအသပြာထုပ်ကို မကြာခင်မှာ ဇာတ်ဆရာလက်ကို ပေးအပ်ရတော့မယ်။ တစ်ခြမ်းမှောင်ပြီး တစ်ခြမ်းလင်းတတ်တာ လူ့သဘာဝပဲ ပြောရမလား၊ ကြည့် ...သူတို့ သွားနေတဲ့ လမ်းကလေးတောင် လရောင်ထိရာအရပ်မှာ လင်းပြီး အရိပ်ကျရာ ဘက်ခြမ်းမှာ မှောင်နေတယ်။

ဇာတ်ဆရာရော ....

သူသည် လည်း တစ်ခြမ်းလင်းပြီး တစ်ခြမ်းမှောင်နေတာပါပဲ။

"ဘယ်ဘက်လမ်းထဲကို ချိုးဝင်လိုက် သတိုးနွယ် ...."

လှည်းလေးက မှောင်ရိပ်ကျသော လမ်းချိုးလေးထဲကို ခဏချင်းပဲ ရောက်သွားပါတယ်၊ အတူပါလာသော သတိုးနွယ်၊ သာအောင်၊ မိုးညွင်းတို့ မှာ ပတ်ဝန်းကျင်ရဲ့ အရိပ်အခြည်ကို မသိမသာ

အကဲခတ်နေကြတယ်။

"မင်းတို့ ငါ့ကို အထင်သေးနေကြပြီလား....."

သူ့ အမေးစကားကြောင့် လှည်းမောင်းနေရာမှ သတိုးနွယ် ခေါင်းယမ်းတယ်။

"သခင်လေးက ကျွန်တော်တို့ ရဲ့ စံပြပုဂ္ဂိုလ်ပါ ...ကြည်ညိုလွန်းလို့ သတိုးဝေဆိုတဲ့ နာမည်ကနေ သခင်လေး· နာမည်ပါ အောင် သတိုးနွယ်လို့ ဖွတ်ပြောင်းထားတာ ကြည့်ပါတော့ဗျာ ...၊ အခုကိစ္စမှာ လည်း သခင်လေးမှန်တယ်လို့ ကျွန်တော် အကြွင်းမဲ့ယုံပါတယ်၊ နောက်ပြီး သခင်လေး အချစ်ကိုလည်း လေးစားတယ်"

"သခင်လေးလို အချစ်မျိုးက တော်တော်ရှားသွားပြီနော်"

သာအောင်က ဝင်ပြောလာတယ်။

"နောက်ဆို ပိုတောင်ရှားလာဦးမှာ ပါ သာအောင်ရာ"

နန်းနွယ် ကြည်ကြည်နူးနူး ပြုံးလိုက်မိတယ်၊ ဘဝဆိုတာ ကိုယ်ယုံကြည်တဲ့ အရာတစ်ခုကို ရဲရဲဝံ့ဝံ့ လုပ်ပြနေနိုင်တာကိုက ကြည်နူးစရာတစ်ခုပဲလေ။

ကွယ်ဝှက်ထားစရာလည်း မရှိတာမို့ သူ အားလုံးကို ပြောပြထားပါတယ်၊

ယခု သွားတွေ့မယ့်သူဟာ ခန္ဓာသည် တစ်ဦး ဖြစ်ကြောင်းနဲ့ ထိုမိန်းကလေးကိုသူ သေအံ့မူးမူး ချစ်နေတဲ့ အကြောင်းပေါ့။

မိုးညှင်းကတော့ ....

"ကျွန်တော်ကတော့ သခင်လေးခွင့်ပြုရင် .... ယမင်းသူဇာဆိုတဲ့

မိန်းကလေးကို တစ်ခါလောက်ဖြစ်ဖြစ် မြင်ဖူးသွားချင်တယ်ဗျာ"

"မြင်ရမှာ ပါ၊ မကြာခင်ကို မင်းတို့ မြင်ရမှာ ပါကွယ်"

ဒီလိုနဲ့ ပဲ သိပ်မကြာလှသော အချိန်အပိုင်းအခြားတစ်ခုမှာ လှည်းလေးက ရေနံချေးရောင် ဝနေသော စံအိမ်ကြီးတစ်လုံးရှေ့ကို ရောက် လာလေရဲ့ ။

"ရပ်လိုက် သတိုးနွယ် ဒီစံအိမ်ပဲ"

နန်းနွယ် လှည်းပေါ်မှ ဆင်းလိုက်တယ်၊ သူဆင်းတော့ မြင်းနှစ်ကောင်ကို ဇက်သတ်ပြီး သတိုးနွယ်တို့ လည်း လိုက်ဆင်းလေရဲ့ ...၊ ခြံဝန်းကြီးက အရင်ညတွေကအတိုင်း တံခါးပိတ်ထားပါတယ်၊ အိမ်ထဲမှ လျှံထွက်လာတဲ့ မီးရောင်လဲ့လဲ့ကိုလည်း လှမ်းမြင်ရတယ်။

ယမင်းရုပ်လေး ရောက်နေပြီ ထင်ပါတယ်၊ ထိုစဉ်မှာ ပဲ ခြံအတွင်းထောင့် မှောင်ရိပ်ထဲမှ လူတစ်ဦး ကမူးရှူးထိုး ပြေးထွက်လာတယ်။

"သူဌေးလေး ...."

"ဟင် ....ဓာတ်ဆရာ ...."

ကြားယုံလောက် လေသံမျိုးနဲ့ ....။

"အထဲမှာ သံဖျဉ်မင်းသား ရောက်နေတယ်"

"ဟင် ...."

"ဒီညတော့ သူဌေးလေးအတွက် အဆင်မပြေလောက်ဘူး"

"ဘာ ... ...

သူ့အသံ ကျယ်လောင်သွားတော့ ....

"တိုးတိုး သူဌေးလေး ...တိုးတိုး"

မျက်နှာကို ငရဲမီးနဲ့ အပက်ခံလိုက်ရသလို စပ်ဖျဉ်းပူလောင်သွားတယ်၊ သတိုးနွယ်၊ သာအောင်နှင့် မိုးညှင်းတို့ က နားမလည်သော မျက်လုံးကိုယ်စီနဲ့ သူ့ကို ဝိုင်းကြည့်နေကြတယ်၊ နောက်လိုက်နောက်ပါတွေ ရှေ့မှာ အပယ်ခံလိုက်ရတာက တစ်ကြောင်း၊ အမျှော်ကြီး မျှော်လင့်ထားခဲ့သော စိတ်အစဉ်ကို ရိုက်ချိုးခံလိုက်ရတာက တစ်ကြောင်းတို့ ကြောင့် ....။

"ကျုပ် ဆယ်ရက်တိတိပဲ ယူမယ်ပြောပြီးသားလေ၊ အဲဒီအတွက်လည်း အသပြာထုပ် တစ်ခါတည်းပါလာတယ်"

"ဟုတ်ပါတယ် သူဌေးလေးရယ်၊ ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ၊ ကျုပ်လည်း ဘယ်လိုမှ လွန်ဆန်မရလို့ ပါ၊ သံပျဉ်ကိုယ်တော်ကလည်း ညတိုင်းလာမှာ မဟုတ်ပါဘူး၊ မနက်ဖြန်ခါဆို သူဌေးလေး ကျေနပ်ရပါစေမယ်၊ သူဌေးလေးရဲ့ အသပြာကိုလည်း နက်ဖြန်ခါမှ ပဲယူပါရစေ"

"သံပျဉ်မင်းသားဆိုတာ ဘယ်သူလဲ၊ သူက ဘယ်လောက်တောင် အစွမ်းထက်လို့ ကျုပ်က နောက်ဆုတ်ပေးရတာလဲ"

"သံပျဉ်မင်းသားဆိုတာ ဥဿာမိဖုရားရဲ့ မောင်တော်အရင်းခေါက်ခေါက်ပဲ သူဌေးလေး၊ နောက်ပြီး သုဇလ္လဒီပတိုင်းရဲ့ ဓားရေးထက်သော တပ်မှူးတစ်ယောက် ...."

"ကျုပ် ဝင်တွေ့လို့ ရမလား ...."

ဇာတ်ဆရာပင်မဟုတ်၊ သတိုးနွယ်တို့ ပင် မျက်ကလူးဆန်ပြာ ဖြစ်ကုန်တယ်။

"တိုးတိုး သူဌေးလေး ...တိုးတိုး"

မျက်နှာကို ငရဲမီးနဲ့ အပက်ခံလိုက်ရသလို စပ်ဖျဉ်းပူလောင်သွားတယ်၊ သတိုးနွယ်၊ သာအောင်နှင့် မိုးညှင်းတို့ က နားမလည်သော မျက်လုံးကိုယ်စီနဲ့ သူ့ကို ဝိုင်းကြည့်နေကြတယ်၊ နောက်လိုက်နောက်ပါတွေ ရှေ့မှာ အပယ်ခံလိုက်ရတာက တစ်ကြောင်း၊ အမျှော်ကြီး မျှော်လင့်ထားခဲ့သော စိတ်အစဉ်ကို ရိုက်ချိုးခံလိုက်ရတာက တစ်ကြောင်းတို့ ကြောင့် ....။

"ကျုပ် ဆယ်ရက်တိတိပဲ ယူမယ်ပြောပြီးသားလေ၊ အဲဒီအတွက်လည်း အသပြာထုပ် တစ်ခါတည်းပါလာတယ်"

"ဟုတ်ပါတယ် သူဌေးလေးရယ်၊ ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်ဗျာ၊ ကျုပ်လည်း ဘယ်လိုမှ လွန်ဆန်မရလို့ ပါ၊ သံပျဉ်ကိုယ်တော်ကလည်း ညတိုင်းလာမှာ မဟုတ်ပါဘူး၊ မနက်ဖြန်ခါဆို သူဌေးလေး ကျေနပ်ရပါစေမယ်၊ သူဌေးလေးရဲ့ အသပြာကိုလည်း နက်ဖြန်ခါမှ ပဲယူပါရစေ"

"သံပျဉ်မင်းသားဆိုတာ ဘယ်သူလဲ၊ သူက ဘယ်လောက်တောင် အစွမ်းထက်လို့ ကျုပ်က နောက်ဆုတ်ပေးရတာလဲ"

"သံပျဉ်မင်းသားဆိုတာ ဥဿာမိဖုရားရဲ့ မောင်တော်အရင်းခေါက်ခေါက်ပဲ သူဌေးလေး၊ နောက်ပြီး သုဓမ္မဒီပတိုင်းရဲ့ ဓားရေးထက်သော တပ်မှူးတစ်ယောက် ...."

"ကျုပ် ဝင်တွေ့လို့ ရမလား ...."

ဓာတ်ဆရာမင်မဟုတ်၊ သတိုးနွယ်တို့ ပင် မျက်ကလူးဆန်ပြာ ဖြစ်ကုန်တယ်။

"ဟာ ...မလုပ် ... မလုပ်ပါနဲ့ သူဌေးလေးရယ်၊ ဥဿာမိဖုရားက နန်းတွင်းမှာ တန်ခိုးထက်ထက်နဲ့ ကျုပ်တို့ ကြိုးစင်ဝင်ရအောင်တော့ မလုပ်ပါနဲ့ ..... ပြီးတော့ ဟိုးမှာ ..."

ဇာတ်ဆရာက ကိုယ်ကိုကိုင်းပြီး မျက်လုံးနဲ့ ညွှန်ပြလာတယ်၊ ခြံအနီးမှောင်ရိပ်ထဲမှာ ဆောင်ဓားကိုင် အစောင့်တစ်ယောက်ပါ၊ အခြားမှောင်ရိပ်တို့ ဆီမှာ လည်း ဓားကိုင်ရဲမက်တို့ ကို တစ်စွန်းတစ်စ မြင်ရတယ်။

သူတို့ လုံးလုံးမရိပ်မိခဲ့ပါဘူး၊

နန်းနွယ် အံကို တင်းတင်းကြိတ်လိုက်မိပါတယ်၊ အားမတန်လို့ မာန်လျှော့လိုက်တာလား၊ မာနအရောင်ကို ညိုးငယ်စိတ်က သင်းကွပ်လိုက်တာလား၊ လှည့်ပြန်ဖို့ ပြင်လိုက်တော့ ....

"နောက်ပြီး ယမင်းသူဇာ ကိုယ်တိုင်ကလည်း သူဌေးလေး ဝင်တွေ့မယ့်အရေးကို အလိုရှိမယ် မထင်ဘူး"

"ဘာကြောင့်လဲ ...."

ခြေလှမ်းက တုံ့ခနဲရပ်ပြီး ဆတ်ခနဲ မေးမိသွားတယ်၊

"ကျုပ် ပြောပြီးပါပကော၊ သံပျဉ်မင်းသားဆိုတာ ယမင်းသူဇာရဲ့ စိတ်အစဉ်ကို အပိုင်ရထားသူပါလို့ "

ကမ္ဘာကြီး ချာချာလည်သွားတယ်ဆိုတာ ဒါမျိုးကိုပြောတာ ထင်ပါရဲ့ ။

ဝမ်းနည်းတာလား.....၊

ခံပြင်းတာလား ....

ရှက်တာလား၊

ဘာမှန်းမသိသော စိတ်တွေက နှလုံးသားကို အင်အားပြင်းပြင်းနဲ့ ဝင်ဆောင့်တယ်။

အောင့်သွားလိုက်တာ ဆိုဖွယ်မရှိတော့ပါဘူး၊ မျက်ရည်ကျမလာခင် လှည်းဆီ အရောက်လှမ်းလိုက်တယ်၊ ဒါပေမဲ့ ...

"သတိုးနွယ် ...."

"ဟုတ်ကဲ့ ....သခင်လေး"

"အသပြာတွေ ဓာတ်ဆရာကို တစ်ခါတည်း ပေးခဲ့လိုက်ပါကွယ်"

* * * * *

(f)

"သင်အရမ်းချစ်ရတဲ့ ချစ်သူက သူ့အရမ်းချစ်ရတဲ့ ချစ်သူအကြောင်း တခမ်းတနား ပြောပြတာမျိုး သင်ကြုံဖူးပါသလား၊ ကြုံဖူးခဲ့ရင် ဘယ်လိုခံစားရပါမည်လဲ ...။

နန်းနွယ်ကတော့ ယောကျ်ားတစ်ယောက်ရဲ့ သိက္ခာကြောင့် မရယ်မပြုံး တိုင်နေရသော်လည်း နှလုံးသားတစ်ခု အနိုးခံလိုက်ရသလို ခံစားသွားရဟယ်။

"မောင်တော် သံပျဉ်က တည်ငြိမ်ပြီး ယောကျ်ားပီသတယ်၊ စားရေးထက်ပြီး ပွဲစားများ စုအပေါ် လွှမ်းမိုးနိုင်စွမ်းရှိတယ်၊ ဒါပေမဲ့

စိတ်နှလုံးက တအားနူးညံ့တာ၊ နှလုံးရည်ရော လက်ရုံးရည်ရော ပြည့်စုံလွန်းတဲ့ ယောကျ်ားပါသူဌေးလေးရယ်၊ မောင်တော်လိုလူမျိုးက တော်တော်ရှားပါတယ်"

ဩော် ... မောင်တော်တဲ့ လား ...

"ညက ဘာပြောတယ်မှတ်လဲ ...၊ သူဇာ့ကို သတိရလို့ လာတွေ့တာပါတဲ့ "

ပြည်တန်ပတ္တမြားကို အပိုင်ရသလိုမျိုး သူမ ပြုံးရယ်နေတယ်။

"မောင်တော်က အလုပ်တအားများ တာ၊ မနက်ပိုင်းမှာ ညီလာခံဝင်ရတယ်၊ နေ့ပိုင်းကျတော့ စစ်သည် ·ရဲမက်တွေကို ဓားရေးလှံရေး လေ့ကျင့်ပေးတယ်၊ ညပိုင်းရောက်ပြန်တော့ ယုံကြည်ရင်းစွဲ ငယ်ကျွန်တွေနဲ့ တိုင်းရေးပြည်ရေး တိုင်ပင်တယ်၊ စစ်မက်ထွက်ရပြီ ဆိုရင်လည်း မောင်တော်ဦးဆောင်တဲ့ တပ်က ရှေ့ဆုံးက၊ ဒီလောက် အလုပ်မအားလပ်တဲ့ ကြားက သူဇာ့ကို သတိရပေးတယ်ဆိုတော့ ... ဟင်း....ဟင်း ... သူဇာလေ ပျော်လွန်းလို့ ကိုယ့်ကိုယ်ကိုယ်တောင် မေ့သွားတယ်"

သိပါတယ်ကွယ် ... ဒီမျက်လုံး ဒီအရယ်အပြုံးတွေကို မြင်ရုံ ကြားရုံနဲ့ တင် သိပါတယ် ....။

"မောင်တော်အတွက်ဆို သူဇာဘာပဲဖြစ်ဖြစ် လုပ်ရဲတယ်၊ ဘာမဆိုပေးရဲတယ်၊ အို ... အလုံးမှ အားလုံးပါပဲ၊ ပေးနိုင်တာထက်ကို ပိုပေးချင်တာပါ"

"အဲလောက်တောင်ပဲလား ယမင်းရုပ်လေးရယ် ...." လို့ သာ စိတ်က တိုးတိုးဆိုမိတော့တယ်၊ ပြောစရာတွေ များ လွန်းလို့ ပြောစရာစကား

မရှိတော့တာ ဒါမျိုးကို ခေါ်တယ်ထင်ရဲ့ ...

ကိုယ့်အရှိန်နဲ့ ကိုယ် ပြောနေပြီးတော့မှ တိတ်ဆိတ်နေတဲ့ သူ့ကို သတိထားမိပြီး ယမင်းသူဇာမျက်နှာမှာ အားနာရိပ်တို့ ပေါ်သွားတယ်၊ ခေါင်းလေးကိုငုံ့ပြီး အားနာသလို တိုးတိုး မေးလာပါတယ်။

"ဆရာသောင်းတန် ပြောတယ်၊ ညက သူဌေးလေး လာသေးတယ်ဆို... ခေါင်းသာ ညိတ်ပြမိတော့တယ် ...၊ ဝမ်းနည်းကြောင်း တေးထပ်အလင်္ကာတွေ ဖွဲ့သီမနေချင်တော့ဘူးလေ၊ သူမကိုချစ်တာ အသနားခံချင်လို့ မှ မဟုတ်တာ ...။

"သူဌေးလေးလည်း မောင်တော်သံပျဉ်နဲ့ , အတူတူပါပဲ၊ သူဌေးလေးတို့ က တစ်ယောက်နဲ့ တစ်ယောက် မတူသော်ငြား နှစ်ယောက်စလုံးက တကယ်ရှားတဲ့ ပုဂ္ဂိုလ်တွေပါ၊ ပြီးတော့ သူဌေးလေးက သူဇာ့ရဲ့ ကျေးဇူးရှင်တစ်ဦးပါ၊ သူဌေးလေးကြောင့်ပဲ ခုနောက်ပိုင်း သူဇာရဲ့ ညတွေ ချမ်းသာစွာ အိပ်စက်ခွင့်ရနေတာလေ"

တစ်ခါတလေတော့လည်း အခုလိုမျိုး စိတ်လိုလက်ရ ရှိတဲ့ အ ခါ မျိုး မှာ သူမဟာ သူမဘဝဇာတ်ကြောင်းကို အမှတ်မထင် လှစ်ပြလာတတ်တယ်။

"တကယ်တော့ သူဇာဟာ ကျွန်အမျိုးအနွယ်တစ်ဦးပါ သူဌေးလေး"

"ကျွန် ...."

"ဟုတ်တယ်၊ သူဇာတို့ ရဲ့ မျိုးရိုးစဉ်ဆက်ဟာ ဇာတ်ဆရာ သောင်းတန်တို့ ရဲ့ ဘိုးဘွားတွေဆီမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ သစ္စာရှိ ကျွန်ယုံတွေပေါ့ ၊ သူဇာတို့ ရဲ့ အဘိုး အဘွားလက်ထက်မှာ ဇာတ်ဆရာသောင်းတန်တို့ မိသားစုဟာ သူကြွယ်နွယ်ဝင်

ဖြစ်လောက်တဲ့ ထိ ချမ်းသာခဲ့ကြတယ်၊ ဒါပေမဲ့ အဲဒီကြွယ်ဝမှုဟာ အချိန်နဲ့ အမျှ စည်ပင်မလာခဲ့ဘူး၊ ဆရာသောင်းတန်ရဲ့ အဖေလက်ထက်မှာ စီးပွားတစ်ရှိန်ထိုး ကျဆင်းသွားခဲ့တယ်၊ ဒါဟာလည်း သူဇာ့အဖေ၊ ဦးရီးတော်တို့ ရဲ့ အလုပ်အကိုင် မကျွမ်းကျင်မှု မှားယွင်းမှုတွေကြောင့်လည်း ပါပါတယ်၊ အဲဒီဒဏ်တွေကို သူဇာ အခု ပြန်ဆပ်ပေးနေရတဲ့ သဘောပေါ့ ...."

"ဇာတ်ဆရာတို့ မိသားစုအတွက် ဆုံးရှုံးသွားတဲ့ စီးပွားဥစ္စာတွေကို ပြန်လျော်ပေးပြီး သူဇာ့ကို ကျွန်ဘဝကလွတ်အောင် ကျွန်တော် စွမ်းဆောင်ပေးမယ် ဆိုရင်ရော"

ယဲ့ယဲ့လေးပြုံးရင်း တည်ငြိမ်စွာ ခေါင်းယမ်းရဲ့ ။

"သူဇာ သစ္စာရှိချင်တယ်၊ လူချမ်းသာတွေအတွက် ငွေကြေးကဘဝဆိုရင် ...လူဆင်းရဲတွေ အတွက်တော့ သစ္စာဟာ ဘဝပဲ၊ အရင်ဘဝက အကြောင်း မကောင်းခဲ့လို့ ဒီဘဝ ဒီခန္ဓာမှာ အခုလောက် ဆင်းရဲဒုက္ခတွေခံစားနေရတာ၊ ဒီဘဝပါမကောင်းရင် နောင်ဘဝအတွက်တော့ သွားပြီပေါ့"

"အဲလိုရယ်လည်း မဟုတ်ဘူး လေ သူဇာရဲ့ ဘိုးဘေးတွေက ကျွန်ဖြစ်ခဲ့လို့ ကိုယ့်လက်ထက်မှာလည်း ကျွန်ပဲ ဆက်ဖြစ်ရမယ် ဆိုတာမျိုးမှ မဟုတ်တာ၊ လွတ်မြောက်ခြင်း မမြောက်ခြင်းဆိုတာ ကိုယ့်ပေါ်မှာပဲ မူတည်တာပါ၊ မဟုတ်ရင် သူဇာနောက်မှာ ကျန်ခဲ့မယ့် အဆက်အနွယ်တွေလည်း ဇာတ်ဆရာရဲ့ ကျွန်ပဲ ဆက်ဖြစ်နေမှာ ပေါ့"

"သူဇာမျိုးဆက်မှာ သူဇာဟာ နောက်ဆုံးပဲ၊ သူဇာ မရှိတော့ရင် အားလုံးပြီးသွားပြီလေ၊ အားလုံးပြီးသွားနိုင်အောင်လည်း သူဇာ ကြိုးစားနေပါတယ်၊ ဒီဘဝအတွက် သူဇာ့မှာ

ရည်ရွယ်ချက်တစ်ခုပဲရှိတယ်၊ အဟင်း ....

ခန္ဓာသည် တစ်ဦးအနေနဲ့ အမြင့်ဆုံး မျှော်လင့်ချက် တစ်ခုပေါ့၊ သူဇာ လုပ်အားစစ်စစ်နဲ့ တစ်ရာ့ရှစ်တောင် ဘုရားတော်အမြင့်ရှိတဲ့ စေတီကြီးတစ်ဆူ တည်ချင်တယ်၊ ပြီးရင် ဝဋ်ကြွေးအားလုံး ဒီဘဝ ဒီမျှနဲ့ သာ ကျေပါစေကြောင်း တစ်ရာ့ရှစ်ခေါက်တိတိ ဆုတောင်းချင်တယ်၊ ဒါပါပဲ ...."

လေးစားသွားမိတာလား ... ကျေနပ်သွားမိတာလား မသိပါဘူး၊ စိတ်နှလုံးမှာတော့ ငြိမ်းအေးသွားမိခဲ့တာ အမှန်ပါ၊ တစ်ည အသပြာသုံးရာပေးပြီး ကာကွယ်ထားမိတဲ့ ကိုယ့်ကိုယ်ကိုယ်တောင် ပါရမီဖြည့်ဖက်တစ်ဦးအဖြစ် ဂုဏ်ယူသွားမိသလို ....

ယမင်းရုပ်လေးက ဆက်ပြောလာပြန်တယ်။

"လူတွေ စိတ်နှလုံးချမ်းမြေ့အောင် ကပြဖျော်ဖြေရတဲ့ အကမင်းသမီးဘဝကိုတော့ သူဇာ တကယ်ပဲ နှစ်သက်ပါတယ်၊ အဲဒီအကကြောင့်ပဲ မောင်တော်သံပျဉ်နဲ့ ဆုံဆည်းခွင့် ရခဲ့တာကိုး"

မကြားချင်ဆုံး စကားတွေက မတောင်းဆိုပါပဲ ရောက်လာတော့တယ် ...။

ဥဿာမိဖုရားရဲ့ သားတော်ငယ် နန္ဒသူမင်းသားလေးရဲ့ သက်တော်နှစ်နှစ်ပြည့် အထိမ်းအမှတ်ပွဲမှာ သူဇာတို့ ဇာတ်အဖွဲ့ အတွင်းတော်မှာ ဝင်ရောက် ဖျော်ဖြေခွင့်ရခဲ့တယ်လေ၊ အဲဒီအချိန် အဲဒီအရပ်မှာပဲ ရွှေလှေခံတပ်ရဲ့ အဓိကတပ်မှူး ဥဿာမိဖုရားရဲ့ မောင်အရင်းတော် သံပျဉ်မင်းသား ဆိုတာကို သူဇာစတင်မြင်တွေ့ခွင့် ရခဲ့တာပါ၊ မရှက်တမ်း ဝန်ခံရရင် ကောင်းကင်နှင့် မြေကြီးတမျှ အလှမ်းဝေးပါသော်လည်း သံပျဉ်ကိုယ်တော်ကို အဲဒီအချိန်ကတည်းက

သူဇာ မေတ္တာသက်ဝင် သွားခဲ့တယ်၊ သူဇာ ကံဇာတာ ဘယ်လောက်များ တက်သလဲဆို ဖျော်ဖြေပွဲပြီးတဲ့ နောက် ဇာတ်သူဇာတ်သားတွေအားလုံး ကိုယ့်ဌာနေ ပြန်ရပေမဲ့သူဇာကတော့ ပြန်ခွင့်မရခဲ့ဘူး ...."

နန်းနွယ် စိတ်ဝင်စားသွားမိတယ်။

"သူဇာ ကကြိုးတွေကို သူက နှစ်သက်တယ်တဲ့ လေ၊ ဘယ်သူမှ မရှိတဲ့ သံပျဉ်ကိုယ်တော်ရဲ့ စံနန်းဆောင်မှာ သူဇာတစ်ဦးတည်း ထပ်မံဖျော်ဖြေခွင့် ရခဲ့တယ်"

"ဩော် ..."

ဒီဘဝ ဒီအခြေအနေနဲ့ ဒီလိုဖြတ်သန်းမှုမှာ ယမင်းသူဇာရဲ့ နှုတ်ထွက်စကားတွေက သူမအတွက် ဆန်းလှမည်မဟုတ်သော်လည်း သူ့ အတွက်ကတော့ ....

"အဲဒီကအပြန် သူဇာ လက်ဆောင်ပဏ္ဏာတွေ အများကြီး ရခဲ့တယ်၊ နန်းတွင်းထဲမှာလည်း သူဇာတို့ ဇာတ်အဖွဲ့ အတော်နာမည် ရခဲ့တယ်ထင်ပါတယ်၊ နောက်ရက်တွေကစပြီး .... မင်းညီမင်းသား မှူးကြီးမတ်ရာတွေက ပေးသနားတဲ့ လက်ဆောင်ပဏ္ဏာတွေ သဘင်အိမ်ကို တဖွဲဖွဲ ရောက်လာတယ်၊ အိမ်ကိုလည်း နန်းတွင်းအဆွယ်တော်တွေ အဝင်အထွက်များ လာတယ်၊ ပထမတော့ ဆရာသောင်းတန်က သူဇာ့ကို ကာကွယ်ဖို့ အတတ်နိုင်ဆုံး ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ ဝင်ထွက်လာတဲ့ ပုဂ္ဂိုလ်တွေထဲမှာ တချို့ ရာထူးကြီးတဲ့ သူတွေပါနေတော့ ငြင်းမရခဲ့ဘူး၊ တစ်ဦးတည်း ဝင်ရောက်ဖျော်ဖြေရတဲ့ ညကာလတွေ တစ်ခေါက်စနှစ်ခေါက်စ ဆိုသလို ရောက်လာခဲ့တယ်.... ...အဟင်း"

ဘာကြောင့်မှန်းပသိ ... ယမင်းရုပ်လေးက မချိတင်ကဲ

ရယ်သံပြုတယ်။

"ဒါပေမဲ့ ဘာကြောင့်ရယ်မသိဘူး၊ သူဇာနဲ့ တစ်ခေါက်ဆုံပြီးသွားရင် သူတို့ တွေ အရှုံးအမှူး ဖြစ်သွားကြတာ၊ အဲသဘင်အိမ်ကိုလည်း လက်ဆောင်ပဏ္ဏာတွေ ရောက်သည် ထက် ရောက်လာ တော့တယ်လေ"

နာကြည်းစွာ ပြုံးနေရာမှ . သူမမျက်နှာလေး အရောင်တောက်လာပြန်တယ်။

"ဒီကြားထဲမှာ သံပျဉ်ကိုယ်တော်နဲ့ လည်း ထပ်ဆုံဖြစ်ပါသေးတယ်၊ ဒါပေမဲ့ သူက ထူးဆန်းတယ်၊ တခြားသူတွေလို သူဇာရဲ့ အထိအတွေ့မှာ အရှုံးအမှူးမဖြစ်ဖူး၊ အဲဒါကိုပဲ သူဇာ လေးစားမိနေတာ၊ ပြီးတော့ ဆရာသောင်းတန်ပေါ့ ....၊ အထိအတွေ့အရာမှာ သူဇာ ဒီလောက် သတင်းကြီးနေပေမယ့် ကျွန်တစ်ယောက်အပေါ်မှာ အံ့ဩလောက်အောင် စောင့်စည်းနိုင်တယ် ....။ ဒါလည်း သူဇာက ကျွန်မျိုးနွယ်ဖြစ်လို့ နေမှာ ပေါ့လေ၊ ဒါမှ မဟုတ်လည်း သူ့ အာရုံမှာ အသပြာငွေကြေးပဲ ရှိတော့လို့ နေမှာ ပေါ့"

စကားကိုရပ်ရင်း သူ့မျက်နှာကို စေ့စေ့ကြည့်လာပါတယ်။

"သူဇာ အလေးစားဆုံးကတော့ သူဌေးလေးကိုပဲ၊ မတို့ မထိရုံ မဟုတ်ဘူး ၊ သူဇာရဲ့ ညတွေကိုပါ ကာကွယ်ပေးနေတဲ့ အတွက်ကြောင့်လေ"

ထင်မှတ်မထားပါဘူး။

လုံးဝထင်မှတ်မထားတဲ့ ကိစ္စတစ်ခုကို သူမ ပြုလုပ်လိုက်ပါတယ်။

အဲဒါက ...

ခုတင်စွန်းမှာ သူ့ကို အကျအန ထိုင်နိုင်းပြီး ပဆစ်တုပ်လို့ ယမင်းရုပ်လေးက သူ့ကို ထိခြင်းငါးပါးနဲ့ ကန်တော့တာပါ၊ သူဇာ့ကျေးဇူးရှင်တဲ့ ...။

ညတွေမှာ ချမ်းသာစွာ အိပ်စက်ခွင့် ရစေသူတဲ့ ...။

ပီတိဖြစ်လိုက်ရတာလေ ....၊

ယမင်းရုပ်လေးကိုလည်း . ဆတက်ထမ်းပိုးတိုးပြီး ချစ်ခင်လေးစားသွားရတယ်၊ မှတ်မှတ်ရရလည်း မေးခွန်းလေးတစ်ခုကို နှုတ်မှ အလိုလိုမေးမိသွားရဲ့ ။

"သံပျဉ်မင်းသားကိုရော ဒီလိုကန်တော့ဘူးလား သူဇာ ...."

မျက်လုံးလေး မှေးကျဉ်းလို့ သူမ စဉ်းစားသွားတယ်၊ ပြီးတော့မှ ရှက်ရယ်လေးရယ်ရင်း ...

"ဟင့်အင်း.....ဒီလိုတော့ တစ်ခါမှ မကန်တော့မိဖူးဘူး ...."

ပြီးပြီလေ ...

ပြီးသွားပြီပေါ့။ ဒီတော့မှ ပဲ ကိုယ်နဲ့ သူဟာ ဘယ်လိုမှ နှိုင်းမရအောင် ကွာခြားမှန်း ထင့်ထင်ရှားရှား မြင်လိုက်ရတယ်၊ ကျေနပ်လွန်းရပါတယ်။ သံပျဉ်အတွက် စိတ်တောင်မကောင်းမိလိုက်ဘူး ....။

သန်းခေါင်ချိန်တိုင်တော့ သူမက သလွန်ရဲ့ ဘယ်ဘက်အရပ်မှာ ချမ်းသာစွာ အိပ်စက်တယ်၊ သူမ အိပ်တဲ့ ထိ စံပယ်ရနံ့တွေဝေအောင် သူထိုင်ကြည့်နေဖြစ်တယ်။ ပိုးမွှား၊ ခြင်၊ ယင်မှ အစ ဘာအန္တရာယ်မှ သူမအိပ်စက်မှုကို မနှောင့်ယှက်အောင် ကိုယ့်ကိုယ်ကိုယ် ကွန်ချာလိုရုံရင်း သူမကို ခြံပေးနေမိတယ်။

အရက်တက်ချိန်မှာ ယမင်းရုပ်လေးရဲ့ နဖူးကို ဖွဖွလေး တစ်ခါနမ်းတယ်။ ဒါပါပဲ ....။

အရမ်းရိုးရှင်းပါတယ်။

***

ယင်းသည် ပြာသိုလပြည့်ကျော် တစ်ဆယ့်သုံးရက်နေ့

ညဉ့်သန်းခေါင်သို့ မဝင်မီ တစ်နာရီနှင့် နှစ်ပိုဒ် အချိန်၌

ပူဇော်ခံရခြင်း အဖြစ်ကို စတင်ရရှိခဲ့၏။

အကြင်သူသည် အရာအားလုံးကို

စွန့်လွှတ်ထားသူ ဖြစ်ခဲ့၏။

သူ၏ စွန့်လွှတ်မှုသည် ရည်ရွယ်ချက် သိမ်ဖျင်းသော်ငြား

ပါရမီဖြည့်သူနှင့်မခြား။

လောကကို အတ္တဖြင့် အစိုးရသူတို့သည် ထွန်းလင်းသော

သူ၏ရောင်ဝါတို့ကို မှေးမှိန်စေအံ့တော့မည်။

မော်ဝင်အနုပညာသည် တို့ ရဲ့ ရှားပါးလက်ရာပစ္စည်းများကို တန်ဖိုးထား လေးစား စေချင်သောငှာ ရောင်းချထားသောအခါမျိုး၊ သမိုင်းဝင်ရှေးဟောင်းပစ္စည်း (သို့) ထူးခြားသော တန်ခိုးသိဒ္ဓိတစ်မျိုးမျိုး ကိန်းဝပ်ပျော်ဝင်နေသော ပစ္စည်းများကို နောင်းလူတို့ ဆက်လက်ထိန်းသိမ်း အသုံးပြုစေချင်သောငှာ လူစုလူဝေးဖြင့် ပင့်ဖိတ်ရောင်းချသော အခါမျိုးမှာ လေလံပွဲဆိုတာကို ရွေးချယ် အသုံးပြုခဲ့ကြတယ်လို့ သတိုးနွယ် ရိုးတိုးရိပ်တိပ် ကြားဖူးခဲ့တယ်။

ဒါပေမဲ့ အခု သူရောက်နေတဲ့ နေရာကတော့ တကယ်မှ ကိုထူးခြားဆန်းပြားလွန်းလှပါတယ်၊ ယမင်းသူဇာ ဇာတ်သဘင်အိမ်ရဲ့ နောက်ဖေးဧည့်ခန်းထဲမှာ ပါ၊ ရောက်စက ဘာမှန်းမသိပေမဲ့အခုမှ ပဲ နောက်ဖေးဧည့်ခန်းရဲ့ အဓိပ္ပာယ်ကို ကောင်းကောင်း သိတော့တယ် ...။

စား ပွဲ ထိ ပ် မှာ ဇာတ်ဆရာသောင်းတန် ထိုင်နေတယ်၊ လက်ယာဘက်ခြမ်းမှာ ပိုးဖဲကတ္တီပါ တန်ဖိုးကြီးအဝတ်အထည်များကို ကျကျနနဝတ်ဆင်ထားတဲ့ သူဌေးနှစ်ဦး၊ လက်ဝဲဘက်ခြမ်းမှာ က အဆောလတ်မြို့ရဲ့ သူဌေးလေး စောဖြူ၊ ပြီးတော့ သတိုးနွယ် ...။ သခင်လေး နန်းနွယ်ရဲ့ ဆန္ဒကို အပြီးတိုင် ဖြည့်ဆည်းပေးဖို့ ရာ သတိုးနွယ် ရောက်ရှိနေတာပါ။

"ကဲ ...ဇာတ်ဆရာ ကျုပ်တို့ ကတော့ စကားကို ရှည်ရှည်ဝေးဝေး မပြောတတ်ဘူး၊ အဆောလတ်သူဌေးလေး နန်းနွယ်က ယမင်းသူဇာကို တစ်ည ဘယ်လောက်နဲ့ ခင်ဗျားထံက ဝယ်ထားလဲသာပြောပါ ...."

ဇာတ်ဆရာက သတိုးနွယ် မျက်နှာကို လှမ်းကြည့်လာတယ်၊ ပြီးတော့ တည်တည်ငြိမ်ငြိမ်ပါပဲ။

"တစ်ည အသပြာ သုံးရာပါ"

"ကျုပ် လေးရာပေးမယ်"

ထိုသူဌေးမှ ပင် ရဲရဲဝံ့ဝံ့ ဈေးစဖွင့်လိုက်တယ်။

"ကျုပ် ငါးရာပေးမယ် ...."

သတိုးနွယ်လေသံ ပြတ်သားသွားသလား၊ မလောက်လေး မလောက်စားလေးက ဘာသဘောလဲ ဟူသည့်သဘော .... သူဌေးနှစ်ဦးရဲ့ မျက်လုံးတို့ သူထံရောက်လာတယ်၊ နှုတ်ခမ်းမွေးစစဖြင့် အသက်အနည်းငယ်ကြီးပုံရသော သူဌေးက ....

"ကျုပ် တစ်ည ခြောက်ရာပေးမယ်"

"ခုနစ်ရာပေးမယ် ...."

နှစ်ဦးစလုံး မျက်နှာ ကွက်ခနဲ မည်းသွားကြလေရဲ့ ၊ ဒါပေမဲ့ ထူးခြားလွန်းနေသူ တစ်ဦးလည်း ရှိနေပါတယ်၊ တုတ်တုတ်မျှမလှုပ်ပဲ ခေါင်းငုံ့လျက် ထိုင်နေသူက စောဖြူ။

နှုတ်ခမ်းမွေးနဲ့ သူဌေးမှ ပင် ခန္ဓာကိုယ်ကို တစ်ချက်ပြင်မတ်ရင်း

"တစ်ရာထပ်တိုးမယ် ...ရှစ်ရာပေးမယ်ဗျာ"

"ကျုပ် တစ်ညကိုးရာနဲ့ ဆယ်ညတိတိယူမယ် ...."

"ဟင် ...."

"ဟေ ... "

သတိုးနွယ် နောက်ဆုတ်ဖို့ အရေး မတွေးမိတော့ဘူး၊ ထိုသို့ မတွေးမိအောင်လည်း သခင်လေးနန်းနွယ်က မိုးအဆုံး မြေအဆုံး မိန့်မှာ ပြီးသားလေ။

သူဌေးနှစ်ဦးရဲ့ အံ့ဩသော အကြည့်တွေကို မသိယောင်ပြုရင်း သတိုးနွယ် ထပ်ပြောလိုက်တယ်။

"တစ်ညကို အသပြာကိုးရာနဲ့ ဆယ်ညတိတိယူမယ်"

တစ်မြို့တည်းနေ သူဌေးလေးစောဖြူရဲ့ မီး၀င်း၀င်းတောက် အကြည့်တွေကို ရင်ဆိုင်လိုက်ရတယ်။

* * *

(၈)

"မင်းရူးသွားပြီလား နန်းနွယ်၊ သည်းခြေပျက်ပြီး အရူးကြီးတစ်ပိုင်း ဖြစ်သွားပြီလား၊ ယမင်းသူဇာဆိုတာ ဇာတ်သမ အပျက်မကွ၊ အသပြာနဲ့ ခန္ဓာကိုယ် လဲစားနေတဲ့ ခန္ဓာသည်၊ ဒီလို မိန်းမတစ်ယောက်ကို တစ်ည အသပြာကိုးရာပေးပြီး ပျော်ပါးရအောင် မင်းရူးသွားပြီလား၊ တစ်ည အသပြာကိုးရာ ... ဆယ်ညဆို ကိုးထောင်၊ အသပြာကိုးထောင်တစ်သောင်းဆိုတာ ငါတို့ အဆောလတ်မြို့တစ်ဝက်လောက်ကိုတောင် ဝယ်ပစ်လို့ ရတယ်ဆိုတာ မင်းမသိဘူးလား"

နန်းနွယ်ရဲ့ စံအိမ်တော်အသစ်လေးထဲမှာ တစ်မြို့တည်းသား စောဖြူရဲ့ မချိတင်ကဲ ပြစ်တင်သံတွေ ပေါက်ကွဲထွက်လာတယ်။

"ငါလည်း ကိုယ့်တိုင်ကိုယ်ကျ ပျော်ပါးဖူးခဲ့တဲ့ လူပါ ၊

အတွေ့ကိုစွဲလမ်းလွန်းလို့ အရူးတစ်ပိုင်း ဖြစ်ခဲ့ရတာလဲ မင်းအမြင်ပဲ၊ ဒါပေမဲ့ မင်းလောက်တော့ အသိဉာဏ်မမဲ့ဘူးကွ၊ တော်လှပါချည်ရဲ့ ဆိုတဲ့ မင်းရဲ့ ဆင်ခြင်တုံတရားတွေ ဘယ်ရောက်သွားပြီလဲ၊ ဇာတ်သမရဲ့ အတွေ့ထူးက မင်းကိုအားလုံး ဖုံးလွှမ်းပစ်လိုက်ပြီလား"

"ငါ ခုချိန်ထိ မင်းသူဇာကို လက်ဖျားနဲ့ တောင် မတို့ ဘူး စောဖြူ"

"ဘာ ...."

"တစ်ညကို အသပြာကိုးရာပေးပြီးဝယ်တာ၊ ယမင်းသူဇာနဲ့ ပျော် ပါးဖို့ မဟုတ်ဘူး ၊ ယမင်းသူဇာကို ကာကွယ်ပေးဖို့ ၊ မင်းတို့လို တဏှာရူး ရာဂရူးတွေရဲ့ ရန်ကနေ ကာကွယ်ပေးဖို့ ကွ ....သိရဲ့ လား"

စောဖြူ ခဏတာ ကြောင်အမ်းသွားလေရဲ့ ၊ ပြီးတော့....တဟားဟားအော်ရယ်တယ်။

"ဟား ...ဟား ...နန်းနွယ် ...နန်းနွယ်၊ ငါက မင်းကို သွေးလေချောက်ချားတယ်ပဲ အောက်မေ့တာ၊ လက်စသတ်တော့ တကယ်ရူးသွားတာကိုး"

"ဟုတ်တယ် .... ယမင်းဇာကို သိပ်ချစ်လွန်းလို့ ရူးသွားတာ"

"ဟင်း ...ဟင်း ...ရူးပါ ...ရူးခွင့်ရှိပါတယ်၊ ဒါပေမဲ့ မင်း ဘယ်လောက်ကြာကြာ ရူးနိုင်မှာ လဲ၊ သမင်ကို ကျားချောင်းချောင်းနေတဲ့ မုဆိုးတွေအလယ်မှာ မင်းဘယ်လောက်ကြာကြာ ဆက်ကာကွယ် ပေးနိုင်မှာ လဲ၊ မင်းပိုင်ဆိုင်ထားတဲ့ ငွေကြေးတွေက တစ်နေ့မှာ မကုန်သွားတော့ဘူးလား၊ မင်းဘဝရော ဒီအတိုင်းပဲ ဆက်ရှိနေမှာ လား၊ မပြောင်းလဲတော့ဘူးလား....."

ဒီတစ်ခါ ရယ်ပစ်လိုက်သူက နန်းနွယ်ကိုယ်တိုင် ....။

"မပြောင်းလဲရင် စီးဆင်းတယ် ဘယ်ခေါ်တော့မှာ လဲကွာ၊ လူဆိုတာကောင်းတာပဲဖြစ်ဖြစ် ဆိုးတာပဲဖြစ်ဖြစ် စီးဆင်းနေဖို့ လိုတယ်၊ အဲတော့မှ အဓိပ္ပာယ်ရှိတာ၊ ဘဝပီသတာ ...."

စောဖြူက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ နှုတ်ခမ်းတွန့်ကွေးရင်းပြုံးတယ်။

"ကောင်းပါလေ့ကွာ၊ အဲလိုဆိုလည်း မင်းရဲ့ စည်းစိမ်တွေ သူများလက်ထဲ စုံးစုံးမြုပ်သွားတဲ့ ထိ ဆက်စီးဆင်းလိုက်ပေါ့၊ ဘာမဟုတ်တဲ့ အောက်တန်းစား မိန်းမတစ်ယောက်ကို ဆက်ကာကွယ်ပေးလိုက်ပေါ့"

"စိတ်ချပါ ငါဆက်ကာကွယ်သွားမှာ ပါ၊ စည်းစိမ်ကုန်သွားရင် အသွေးအသားနဲ့ ကာကွယ်မယ် ...၊ အသွေးအသားတွေ ခန်းသွားရင် စိတ်ဝိညာဉ်နဲ့ ကာကွယ်မယ် ...."

နန်းနွယ် ကျောခိုင်းခဲ့လိုက်တယ်၊ ခြေလှမ်းလှမ်းပြီးကာမှ စောဖြူကြားအောင် နောက်ဆုံးစကားကို ဆက်ဆိုတယ်။

"အဲဒါ ငါ့ရဲ့ သစ္စာပဲ ...."

* * *

"ကျုပ် တစ်ညကို အသပြာတစ်ထောင်ပေးမယ်၊ ဘယ့်နှယ်လဲ ...."

ဓာတ်ဆရာက နောက်မှာ ထိုင်နေတဲ့ သတိုးနွယ်မျက်နှာကို လှမ်းကြည့်လာတယ်။

"တစ်ညကို အသပြာတစ်ထောင့်တစ်ရာနဲ့ ဆယ်ညတိတိ ကျူပ်ယူမယ် ...."

* * *

"မျက်နှာမသာမယာနဲ့ ဘာစိတ်မချမ်းမြေ့စရာ ကြုံနေရလို့လဲသတိုးနွယ် .... ငါ့ကို ဟုတ်မှန်သည့်အတိုင်း ပြောလို့ ရပါတယ်"

သတိုးနွယ် သက်ပြင်းကိုချတယ်။ ။

"အမှန်အတိုင်းပြောရရင် မမလေး ယမင်းသူဇာအတွက် သုံးစွဲနေတဲ့ အသပြာငွေကြေး၊ ဤစံအိမ်တော်ကြီး ငှားရမ်းရတဲ့ အခွန်အခ၊ သူ့ဌေးလေးအတွက် လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်း ဝယ်ယူစားရိတ်၊ အထွေထွေ ကုန်ကျစားရိတ်တွေနဲ့ ကျွန်တော့်လက်ထဲမှာ အသပြာနည်းနေပါပြီ အရှင်၊ ဒီတစ်ကြိမ် တစ်ပတ်နဲ့ သုံးရက်လွန်လျှင်ဖြင့် ဇာတ်ဆရာနဲ့ ဆုံရဦးမည့်အရေးကို တွေးပြီး ကျွန်တော် စိတ်မအေးနိုင် ဖြစ်နေတာပါ ...."

နန်းနွယ် အဝေးတစ်နေရာကို အတန်ကြာအောင် သွားမိရဲ့ ၊ ပြီးမှ သက်ပြင်းတစ်ခုကိုချရင်း ...

"အေးလေ ....အဲလိုဆိုလျှင်လည်း ငါ စာရေးပေးလိုက်မယ် ... ... နင် အဆောလတ်မြို့ကို ပြန်ပြီး ဦးတိန်ခိုဆီက အသပြာသုံးသောင်း ထပ်တောင်းလာခဲ့ချေ"

*****

(၂)

"သံပျဉ်ကိုယ်တော် ကြွချီလာပါပြီ"

လုံရှည်ကိုင် အကြပ်တစ်ဦးရဲ့ စကားနောက်မှာ သူတို့ တစ်ဆောင်လုံး သည်းသည်းလှုပ်သွားကြတယ်၊ တံခါးစောင့် မိသင်း၊ မိညက်၊ ဇာတ်ဆရာသောင်းတန်နဲ့ ယမင်းသူဇာ၊ အဆိုးဆုံးကတော့ ယမင်းသူဇာ ကိုယ်တိုင်ပေါ့၊ မောင်တော်သံပျဉ် သူမထံ ကြွလာတယ်တဲ့ ဝမ်းသာလိုက်တာလေ၊ ထုတ်ဖော်ပြောပြလို့ မတတ်နိုင်အောင်ကို ဝမ်းသာမိသွားတာပါ။

ကြွချီလာလိမ့်နိုးနဲ့ ညစဉ်ရက်ဆက် မျှော်လွမ်းဆွတ်နေရသမျှ ယခုတစ်ခါတော့ နေရာကျလာခဲ့ပြီ၊ မောင်တော်မရောက်တာ ကြာပေမယ့် အကျွန်ုပ်နှလုံးသားကတော့ အရင်အတိုင်း ရှိနေဆဲပါ မောင်တော်ရယ်၊ မောင်တော်ကိုချစ်သော သွေးတွေနဲ့ လည်ပတ်အသက်ရှင်နေဆဲပါ။

ဝိုပြီး ကျေနပ်စရာကောင်းတာက အိမ်ခြံဝမှ တိုင် ဒူးတုပ်ခစားနေကြသူ အားလုံးကို ကျော်လွန်လို့ အကျွန်ုပ်ရှိရာဆီ တန်းတန်းမတ်မတ် ကြွလှမ်းတော်မူလာခဲ့တာကိုပါ ၊ အလျှင်အမြန် ခင်းလိုက်ရလို့ သလွန်ညောင်စောင်းနဲ့ ကဇ္ဇော်ပါဖုံက သူမ စိတ်နှလုံးတော်ကျ မဟုတ်သော်လည်း မောင်တော်က အပြစ်တစိုးတစိမျှမဆိုကာ ခန့်ညားစွာ ဝင်ထိုင်တယ်၊

မော်ဖူးလိုက်တော့ တည်ကြည်စွာ ပြုံးပြရဲ့ ....။

ပြေပြစ်ကျယ်ဝန်းသောနဖူး၊ ထင်ရှားသောမျက်ခုံး၊ ဖြောင့်စင်းသောနှာတံ၊ ပိရိသေသပ်သော နှုတ်ခမ်း စတာတွေက တစ်ခုချင်းစီမှာကို အပြစ်ဆိုစရာမရှိအောင် မင်းပေါက်စိုးပေါက် သဏ္ဍာန်နဲ့ တင့်တယ်ကာနေတယ်....၊ အထင်ရှားဆုံးကတော့ သိမ်းငှက်ဆန်သော အရှိန်အဝါမျိုးက မျက်လုံးတော်တွေ ဆီမှာ တဖိတ်ဖိတ် လက်နေပြန်တယ်။

အားကောင်းသောလည်တိုင်၊ ကျယ်ပြန့်သောပခုံး၊ စွင့်ကားသောရင်အုံ၊ ထိုအပေါ်မှာ ကိုမှ ပိုးအင်္ကျီကိုယ်ကျပ်နဲ့ ရွှေဖလားတောင်ရှည် အချိတ်ပုဆိုးကို ဝတ်ဆင်ထားတယ်၊ မော်ဖူးမိသော ကိုယ့်ကိုယ်ကိုယ်တောင် အားနာမိသွားသလားပဲ။

"ကျန်းခံ့သာလို့ မာပါစ နှမတော်"

"မာကြောင်းပါ မောင်တော်၊ ဆောင်တော်မကူးတာကြာတော့ ၏ နန်းရေး ၊ ခင်းရေး၊ အမှုတော်ရေးတွေနဲ့ မောင်တော်ဘုရားဖြင့် နှမတော့်ကိုမေ့သွားချေပြီတောင် ထင်မှတ်ထားတာပါ"

"အေးကွယ်၊ ခုနေခါမှာ၊ လူသူလက်နက်စုဝေးရ၊ အတွင်းသတင်းနားထောင်ရ၊ တွေးရကြံရနဲ့ အရေးတော်များ လှတယ်၊ သို့ပေတည်း နှမတော်ကိုတော့ မေ့မထားရက်ပါပေဘူး၊ မောင်တော်သတိရပါတယ်"

"ဒီစကား ကြားရတာကိုပဲ နှမတော်စိတ်ဝမ်းမှာ ချမ်းမြေ့မဆုံး ဖြစ်မိပါတယ်မောင်တော် ... ..."

ဟုတ်သော်ရှိ မဟုတ်သော်ရှိပေါ့လေ၊ သူမနှလုံးအိမ်မှာ တော့

ချမ်းမြေ့သွားမိတာ အမှန်ပါ၊ ဒူးတုပ်လျက်မှ ပင် အရှေ့ကို ရွှေ့ရွှေ့တိုးပြီး မောင်တော်ရဲ့ ဖိနပ်ပါးကို တယုတယ ချွတ်ပေးမိတယ်၊ ထူးထူးခြားခြားပါပဲ ...စစ်ချီချိန်လေ့ကျင့်ချိန်ကလွဲပြီး အစဉ်သဖြင့် သန့်ရှင်းနေတတ်တဲ့ မောင်တော့်ခြေထောက်မှာ သဲမှုန့်အချို့ ကပ်ငြိနေတယ်၊ အတန်ငယ် တုံ့ဆိုင်းသွားတဲ့ သူမလက်များကို အကင်းပါးလွန်းတဲ့ မောင်တော်က ချက်ချင်းရိပ်မိလေရဲ့ ....။

"နန်းဆောင်က တန်းကြွလာတာ မဟုတ်ဘူး နှမတော်၊ လယ်ကိုင်စာရေးဝန် မြောက်ထောင့်မှာ အဆောင်ကိုင် သုံးဦးနဲ့ သတ်ပုတ်လာခဲ့တာ"

"ရှင်..."

"ဟိုသုံးယောက်တော့ တော်တော်အထိနာသွားမယ် ထင်ချေတယ်၊ တစ်ဦးကတော့ သေသလား ရှင်သလားပဲ၊ တော်ပါသေးရဲ့ ကျုပ်ဘယ်သူဆိုတာ သူတို့ သိမသွားခဲ့ဘူး"

ရုတ်ခြည်းပူသွားသောရင်က ဆောင်းညလေအေး အလွှမ်းခံလိုက်ရသလို ခဏချင်းတော့ အေးသက်သွားပါတယ်၊ ဒါပေမဲ့ ခဏပါပဲ ....။

"အတွင်းရေး တော်တော်ရှုပ်နေလားဟင် ...."

"ဟုတ်သပေါ့ ၊ အတွင်းတော်မှာ အိမ်ရှေ့စံမြောက်ပြီးကတည်းက မယ်တော် မြောက်နန်းမိဖုရား တန်ခိုးထက်လာရုံ မဟုတ်ဘူး ၊ သူနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း နန္ဒပျံချီ အမတ်မင်းကြီးတို့ အုပ်စုပါ ဩဇာတက်နေတော့ ကျုပ်တို့ မှာ တော်တော်သတိဝိရိယ ထားနေရတယ် နှမတော် ...."

"ဒါဆို ကသည်းမင်းသားက သေချာပေါက် နန်းရမှာ ပေါ့နော်"

မောင်တော်ဘုရားက မချိတင်ကဲပြုံးတယ်။

"မြောက်နန်းမိဖုရားက လက်ရှိဘုရင်အိုကြီးကိုပယ်ပြီး သူ့သားတော် ကသည်းမင်းသားကို နန်းမြှောက်ချင်နေတာတော့ ကြာပြီ၊ သို့ပေမဲ့ ပန်းတောင်းနယ်အရေးက မသေသေးတော့ ရွှေပိုင်းမှာ သူတို့ အခက်တွေ့နေတာ၊ ပန်းတောင်းမိး မသေအောင်လည်း ကျုပ်တို့ ကပဲ ကြိုးကိုင်ထားတာကိုး၊ ခုတော့ အိမ်ရှေ့စံအရာ ရသွားပြီဆိုတော့ သူတို့ ရည်ရွယ်ချက် အောင်မြင်တယ် ဆိုရမှာ ပေါ့"

ပန်းတောင်းနယ်တွင် ပုန်ကန်ခြားနားမှုပေါ်၍ ခေါင်းဆောင် ကဒူးဝါးနှင့် အပေါင်းအပါများ လက်ရဖမ်းဆီးပြီး ကွပ်မျက်ထားခဲ့တာ လွှန်ခဲ့သော မိုးနှောင်းကပင်လေ၊ ခေါင်းဆောင် ကဒူးဝါးက မြောက်နန်းမိဖုရားရဲ့ ဆွေမျိုးတော်တစ်ဦး ဖြစ်ချေတော့ ထိုအဖြစ်အပျက်က နန်းတွင်းအာဏာလုပွဲမှာ လာပြီး အကျိုးသက်ရောက်တယ် ထင်ပါရဲ့ ။

"ခက်တာက ကက္ကဒီပတိုင်းနဲ့ နယ်စပ်အရေးမှာ ကသည်းမင်းသား နာမည်ရခဲ့ချေတော့ မင်းတရားက မြောက်နန်းသားတော်ကို သဘောကျပြီးအိမ်ရှေ့အရာ ပေးလိုက်တယ်၊ တိုက်ရည်ခိုက် ရည်လည်း ရှိ ပြည်သူ ပြည်သားတွေနဲ့ လည်း လက်ပွန်းတတီးရှိနေတော့ ကသည်းမင်းသား အိမ်ရှေ့ဥပရာဇာဖြစ်ရေးကို ပြည်သူပြည်သားတွေကလည်း အလိုရှိကြတယ်၊ ခု နန္ဒပျံချီတင် မဟုတ်ဘူး ...ရွှေလောင်းဝန်ကြီး၊ သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်၊ ယောအတွင်းဝန် အားလုံးပါပဲ"

"မောင်တော်တို့ နန်းတွင်းရေးက အရှုပ်သားနော် ...."

"အဓိကကတော့ မိဖုရားခေါင်ကြီး သားသမီးရတနာ မထွန်းကားတာနဲ့ ဘုရင်အိုကြီးက အိမ်ရှေ့ဥပရာဇာကို အတိအလင်း မတင်မြှောက်သေးတာကြောင့်ပါ၊ သူမလည်း အခက်တွေ့နေတယ် ထင်ပါရဲ့ ၊ ဘေးနားက ဝန်အိုကြီးတွေနဲ့ ပညာရှိအမတ်တွေက မြှောက်စားပင့်စားဖို့ ကလွဲပြီး အားမကိုးရဘူးလေ၊ ခုတော့လည်း အစ်မတော်မျှော်လင့်ထားတဲ့ အိမ်ရှေ့မင်းနေရာက ကသည်းမင်းသား ဖြစ်သွားပါပြီ"

"ကသည်းမင်းသား နန်းရသွားရင်ရော"

သူမကိုပဲ ယုံကြည်လို့ လား (သို့) ရင်တွင်းမှ မွန်းကျပ်မှုတွေကို ဖွင့်ထုတ်ချင်လို့ လား မပြောတတ်၊ သံပျဉ်မင်းသား ကြွချီလာတတ်သောညများ တွင် ယခုကဲ့သို့ နန်းတွင်းအကြောင်းစုံကို အခွင့်ရှိသလောက် သူမကို ပြောပြတတ်ပါတယ်၊ သို့သော်လည်း အလှမ်းက ဝေးလေတော့ အကြောင်းစုံကို သဘောပေါက်နားမလည်ခဲ့။

"ကသည်းမင်းသား နန်းရသွားရင် မောင်တော်တို့ တော့ မရှုမလှခံရပြီပဲလေ၊ ဘာကြောင့်ဆိုတော့ အိမ်ရှေ့စံရဲ့ ဆွေမျိုးတော် ကဒူးဝါးကို မင်းတရားကြီးအမိန့်နဲ့ မောင်တော်ကိုယ်တိုင် ကွပ်မျက်ခဲ့တာကိုး၊ အမှတ်သည်းခြေကြီးလွန်းတဲ့ မြောက်နန်းမိန်းမ ....သဟာကို မေ့ထားလိမ့်မယ် မဟုတ်ဘူး "

သူမရင်တွင်းမှာ လေးပင်သွားမိတယ်။

"ဟုတ်သားနော်၊ မဖြစ်ပါဘူး မောင်တော်တို့ အရေးတော်ပုံ အောင်မှ ကို ဖြစ်မှာ ပါ ...."

"ကြိုးစားနေတာပါပဲ၊ ခက်တာက အစ်မတော်ရဲ့ သား မောင်တော်ရဲ့ တူတော် နန္ဒသူမင်းသားက ခုခါမှ သုံးနှစ်ခွန်းရုံရှိချေတော့ အစ်မတော်နဲ့

မောင်တော် အာဏာစက်ပျံ့ရာ အရပ်တွေကို လူသူစုရုံးနိုင်ပေမဲ့ ပြည်သူတွေယုံကြည်ဖို့ ရာ ခက်နေတယ်၊ ခုလည်း ရွှေလောင်းဝန်ကြီး အိမ်တော်မှာ ကသည်းမင်းသားဘက် ယိမ်းသူတွေ တိတ်တဆိတ် စုဝေးတိုင်ပင်နေတဲ့ သတင်း အတိအကျရလို့ ရွှေလောင်းဝန်းထဲ တိတ်တဆိတ် ခိုးဝင်ပြီး စံအိမ်တော်အောက်ကနေ ဝင်ထောက်လှမ်းလာခဲ့တာ နမတော် ...၊ အဲ့ကအပြန် လယ်ကိုင်စာရေးဝန် မြောက်ထောင့်မှာ အဆောင်ကိုင် သုံးဦးနဲ့ တိုးပြီး ပွဲဖြစ်ခဲ့တာပဲ"

"မောင်တော်လို့ တော့ ဘယ်သူမှ မရိပ်မိခဲ့ဘူးမလား ...."

"ကျုပ်က တပ်မှူးပါလေ၊ ဒီလောက်တော့ ပိရိလျက်ပါ၊ သို့ပေတည့် နန်းရရေးအတွက် အလွန်အကျူး စိုးရိမ်ဖွယ်တော့ မရှိပါဘူး၊ ကျုပ်တို့ ဘက် တိမ်းသူနည်းသော်ငြား ရရှိထားတဲ့ သွေးသောက်တွေအားလုံးက အစိကလူတွေချည်းပါပဲ၊ အချိန်အခါလေးတစ်ခု စောင့်ဖို့ ပဲလိုတာပါ၊ အရေးတော်ပုံအောင်မြင်ပါလိမ့်မယ်"

သူမ သက်ပြင်းလေးလေးသာ ချမိလိုက်ပါတယ်၊ ဒါကလွဲပြီးလည်း ဘာမှ မလုပ်တတ်ဘူးလေ။

"အရေးတော်ပုံကြီး အောင်သွားရင် မောင်တော် သူဇာ့ကို မေ့သွားမှာ ပေါ့ နော်"

သံပျဉ်မင်းသား ဟက်ဟက်ပက်ပက် ရယ်ပါတယ်။

"စိုးရိမ်ရန်ကော သူဇာရယ်၊ မောင်တော်ရဲ့ စိတ်နဲ့ ခန္ဓာကို အပန်းပြေစေတဲ့ သူက ဒီတစ်တိုင်းလုံးမှာ သူဇာတစ်ယောက်တည်း ရှိတာပါကွဲ့ .... မေ့လို့ ဖြစ်ပါ့မလား ...၊ သူဇာ့အတွက်လည်း စဉ်းစားထားပါတယ်"

သူမ ညှိုးညှိုးနွမ်းနွမ်းသာ ပြုံးမိလိုက်တယ်။

"မောင်တော် မေ့မသွားရင်ကို ကျေနပ်ပါပြီလေ၊ သူဇာ ဘာမှ မမျှော်လင့်ပါဘူး၊ သူဇာနဲ့ တွေ့ချိန်ခဏမှာ မောင်တော်ရဲ့ စိတ်နဲ့ ခန္ဓာ အပန်းဖြေခဲ့တယ်ဆိုရင် ဒါ သူဇာ မျှော်လင့်ထားနိုင်တဲ့ အမြင့်ဆုံးဆုလာဘ်ပါပဲ ...."

"ဩော် ...သူဇာရယ်၊ ဒီလို . အပြောအဆိုတွေနဲ့ အပြုစုအယုယတွေကြောင့်ပဲ မောင်တော်မှာ မေ့မရဖြစ်နေတာပါ"

ခဏချင်း အခန်းလေးမှာ သူတို့ နှစ်ဦးရဲ့ အသက်ရှူသံမှ တစ်ပါး တိတ်ဆိတ် ငြိမ်သက်လို့ သွားတယ်။

နလုံးခုန်သံတွေက သလွန်ညောင်စောင်းထက်မှာ ... ဇာခန်းဆီးလိုက်ကာပေါ်မှာ ပြေးလွှား ဆော့ကစားကာနေရဲ့ ... ထွန်းထားတဲ့ မီးရောင်မှာ လည်း တဖြည်းဖြည်း ငြိမ်သက်ကာသွားတယ်။

"သူဇာရယ် ...."

နန်းနွယ် လက်သီးကိုဆုပ်ပြီး အံကို တင်းတင်းကြိတ်ထားမိတယ်။ အမှောင်ဖုံးသွားသော အခန်းလေးကို ကြည့်ပြီး မချိတင်ကဲ ခံစားမှုတွေနဲ့ မျက်ရည်တွေ တသွင်သွင် စီးကျလာတယ်။

မှောင်ရိပ်ထဲက လူတစ်ယောက် အမှောင်ဖုံးသွားတဲ့ အခန်းလေးကို အဝေးကကြည့်ပြီး နှုတ်ခမ်းကိုက် ခံပြင်းနေတာကိုတော့ ဘယ်သူမှ သိလိမ့်မယ် မဟုတ်ပါဘူး။

အသံမထွက်ပဲ ကျိတ်ငိုမိတော့ ....၊

ဘာကြောင့်မှန်းမသိ ...၊ သစ်ပင်ပေါ်နားနေတဲ့ ငှက်လေးတွေ တဖျတ်ဖျတ် ထပြန်သွားကြတယ်။

ရင်ထဲမှ အပူက ....အထက်အရပ်သို့ တိုင် အရောင်ဟပ်သွားတယ်ထင်ရဲ့ ....။

*****

## (၂)

ဒီနေရာလေးကိုတော့ ပုဏ္ဏားကုန်း ဇရပ်တန်းရယ်လို့ အခေါ်ရှိကြတယ်။ ခရီးသွားတွေ၊ ဈေးရောင်းဈေးဝယ်တွေ၊ ရှေ့ဖြစ်ဟော ပုဏ္ဏားတွေ၊ ဆွမ်းခံကြွကိုယ်တော်တွေ၊ ပြေးလွှား ဆော့ကစားနေကြသော ကလေးသူငယ်တွေနဲ့ နံနက်ခင်းဈေးမကွဲခင် အချိန်ပိုင်းတွေမှာ တိုးတိုးကြိတ်ကြိတ် စည်ကားရာ အရပ်ဒေသလေး တစ်ခုရယ်ပေါ့ ။

ယခုလည်း ဈေးစည်ချိန်ဖြစ်လေတော့ မှူးကြီးမတ်ရာ အရာရှိကြီးများ ရဲ့ သားသမီးတို့ အပြင် သုဇလ္လဒီပ မင်းနေပြည်တော်ရဲ့ သူကြွယ်ကြီး၊ သူကြွယ်လတ်၊ သူကြွယ်ငယ်တို့ ရဲ့ သမီးလုရတနာ၊ သားလုရတနာများ ၊ နေပြည်တော်သူ ပျိုဖြူချောနဲ့ ကာလသားဘာဝ လူရေးပြ လမ်းလျှောက်လာသူ

အသီးသီးတို့ နဲ့ ပုဏ္ဏားကုန်း ဇရပ်တန်းမှာ စည်ကားကာနေပါတယ်။

ထိုအထဲကမှ အပြောက်အမွှမ်းတွေ ခြယ်သထားသော ဇရပ်တစ်ဆောင်ရဲ့ တံစက်မြိတ်အမိုးအောက်မှာ နေပြည်တော်ရဲ့ တန်းဝင်သူကြွယ်လူငယ်တွေ စုရုံးကာ ထိုင်နေကြတယ်။ တစ်ဦးက ဇရပ်ရှေ့မှ ဖြက်လျှောက်သွားသော အပျိုတော်တစ်ယောက်ကို လှမ်းငေးရင်း စကားကိုစတယ်

"တကယ်တော့ မိန်းမတစ်ယောက်ကို တစ်ည အသပြာတစ်ထောင် ပေးပြီး ပျော်ပါးရတဲ့ ကိစ္စက ဘယ်လိုမှ မဖြစ်သင့်တဲ့ ကိစ္စပဲ၊ ရောင်းရင်းတို့ တော့ မသိဘူး ကျုပ်ကတော့ လုံးလုံးမတန်ဘူး ထင်မိတယ်"

"အဲလိုတော့လည်း ပြောမရဘူးပေါ့ ဗျာ၊ ကျုပ်တို့ အရောင်းအဝယ် လောက မှာ တင် ဝယ်သူများ ပြီး ကုန်ပစ္စည်းရှာရင် အလိုလို ဈေးတက်တဲ့ သဘောမှာ ရှိနေတာပဲ၊ အခုလည်း အဲလိုပေါ့ ...ငှားယူပျော်ပါးချင်သူတွေကများ ၊ ယမင်းသူဇာက တစ်ယောက်တည်း ... အဲတော့ ဈေးက ကြီးပြီပေါ့"

ပထမပြောသူက မကျေမချမ်း တုံ့ပြန်လာတယ်

"ကြီးကြီးစမ်းပါဦးဗျာ ... ခန္တာသည် က ခန္တာသည် ပါပဲ နတ်သမီးလည်း မဟုတ် မင်းမိဖုရားလည်း မဟုတ်၊ ကျုပ်တို့ နေ ပြ ည် တော် မှာ အချောဆုံး၊ အလှဆုံး၊ ပညာအစုံဆုံး ခန္တာသည် မျိုးတောင် အသပြာတစ်ရာထက်ပိုမပေးရဘူး၊ သူက ဘယ်လိုမိန်းမမျိုးမလို့ လဲ ... ..."

ဒီတစ်ခါတော့ ခေါင်းငုံ့စောင်းလျက် ရီဝေဝေ ငေးငိုင်သူ သူဌေးသားတစ်ဦးက ကယ်တင်ရှင်နှင့် အခုမှ တွေ့သလို ကမူးရှူးထိုးဝင်ပြောလာတယ်။

"ဘယ်လိုမိန်းမမျိုးလဲဆိုတော့ ဟောဒီ ဘဒ္ဒကမ္ဘာအရာမှာ အထူးကဲဆုံး မိန်းမတစ်ဦး ဖြစ်နေလို့ ပေါ့ ဗျာ"

သူ့စကားနှင့် ဟန်ပန်ကြောင့် အားလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။

"ခင်ဗျားက ယမင်းသူဇာနဲ့ ပျော်ပါးဖူးလို့ လား

"ဟာ ...ဟ ...ပျော်ခဲ့ဖူးပေါ့ ဗျာ၊ ယမင်းသူဇာရဲ့ အတွေ့အရာမှာ ရူးခဲ့မူးခဲ့ဖူးပေါ့ ၊ တော်တော်ကောင်း ...သိပ်ကောင်း၊ ဘယ်သူမှ လိုက်မမိအောင်ကောင်း၊ သူနဲ့ တွေ့ပြီးကတည်းက နေပြည်တော်က မိန်းမ မှန်သမျှ အကုန် ဖွဲနဲ့ ဆန်ကွဲချည်းပဲ"

"အဲလောက်တောင်ပဲလားဗျာ"

"အဲထက်တောင် ပိုသေးတယ်မောင်ရေ ... ဟာ .... ဟ"

ပြီးတော့ ဘာကို သဘောကျမှန်းမသိ တခွီးခွီး ထရယ်နေတယ် ...

တစ်အောင့်ကြာတော့ အဆိပြန်နေတဲ့ မျက်နှာကို လက်မောင်းအိုးနဲ့ အကြိမ်ကြိမ် သုတ်ရင်း ကြောင်တောင်တောင် မျက်လုံးတွေနဲ့ .....

"ယမင်းသူဇာရေ ...သူဇာရဲ့ .ချစ်သောသူဇာလေးရဲ့ ... အဟက်ဟက် ဟား .... ဟား ...."

ယမင်းသူဇာနာမည်ကို အကြိမ်ကြိမ်ရွတ်ရင်း ဇရပ်ပေါ်မှ ဆင်းကာသွားတယ်၊ ကျန်နေသူများမှ ဘာကိုနားလည်ရမှန်းမသိ၊ တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီးသာ ဝေခွဲမရ ဖြစ်ကြလေရဲ့ ။

"ကျုပ်ကတော့ ထောက်ခံတယ်ဗျာ၊ အကြောင်းမဲ့တော့ အချိန်တိုအလေးအတွင်း နာမည်ဒီလောက်ကြီးမလာဘူး၊ ခုနတစ်ယောက် ပြောသွားသလို အတွေ့ထူးရင်ထူး မဟုတ်ရင် ပညာအတော်စုံလို့ ပဲ ဖြစ်ရမယ်"

"တန်ပါ ကိုရင်တို့ ရယ်၊ ဝတ်ကောင်းစားလှတွေဝတ်ပြီး ရွှေငွေတွဲလဲတွေနဲ့ ခန့်ခန့်ညားညား တစ်ဦးအကြောင်းကို အာပေါင်အာရင်းသန်သန်ပြောနေကြတာ ကြားလို့ မှ

သင့်မယ်မထင်ပါဘူး"

"အိုဗျာ ...သန္ဒီသူကြွယ်လေးနှယ် ဒါမျိုးကိစ္စတွေဆိုတာက ရှယ်တူကာလသားတွေ ဆုံမှ ပဲ ပြောဖို့ ကောင်းကြတာ မဟုတ်လားဗျ၊ အိမ်မှာ အမေရှေ့ ပြောလို့ သင့်တဲ့ အကြောင်းတွေမှ မဟုတ်ချေပဲ"

သန္ဒီသူကြွယ်လေးဆိုသူက ဘဝင်မကျသလို ခေါင်းကိုယမ်းတယ်။

ထောက်ခံစကား ဆိုထားသူမှ ပင် ....။

"ဒီလောက်သတင်းကြီးနေလှတာ တစ်ခေါက်တစ်ခါတော့ မရောက် ရောက်အောင် စွမ်းဆောင်ဦးမယ်ဗျာ"

"မလွယ်ဘူးကိုရင် ... ခုတင်ပဲ အဆောလတ်မြို့က သူ့ကြွယ်ဆိုသူက ဇာတ်ထောင် တောင်းသလောက်ဈေးကို တစ်လုံးတစ်ပြားမျှ မဆစ်ဘဲ ညစဉ်ရက်ဆက် ငှားရမ်း ပျော်ပါးနေတယ်တဲ့ ၊ စောင့်ကြည့်သူတွေ ပြောတာတော့ ယမင်းသူဇာဆိုတာ သူပိုင်လိုလိုတောင် ဖြစ်နေတယ်ဆိုလား"

နားတောင်းပန်ထားသော သူဌေးသားလေးတစ်ဦးက သူသိရသလောက်ကို ဝင်ပြောပြန်တယ်၊ ထောက်ခံထားသူရဲ့ မျက်နှာမှာ ချက်ချင်းရော်ကျသွားတယ်။

"ဒါဖြင့် ကျုပ်တို့ အဖို့ အခွင့်မသာနိုင်တော့ဘူးပေါ့ ...."

ဒီ အ ချိ န် မှာ ပဲ တစ်လျောက်လုံးငြိမ်နေတဲ့ သူကြွယ်တစ်ဦးက သူ့အမြင်ကို ဖွင့်ထုတ်လိုက်တော့တယ်။

"မပူပါနဲ့ အခွင့်ရမှာ ပါ ....၊ မရမဖြစ်ကို ရမှာ ပါ၊ သူကြွယ်ဆိုတာ ရေမြေသနင်း ပြည့်ရှင်မင်းမှ မဟုတ်တာပဲလေ"

သူစကားကို မည်သူမှ နားမလည်ကြ။

"ရှင်းပါဦးဗျ၊ ကျုပ်တို့ ဖြင့် နားမလည်လှဘူး"

"ဒီလိုလေဗျာ၊ ဘာတဲ့ အဆောလတ်မြို့ သူဌေးလေး ဟုတ်စ ...၊ သူ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ကျုပ်ဖြင့် အဟုတ်မသိချေပါဘူး၊ သို့ပေတည်း တစ်ည အသပြာတစ်ထောင်ကျော် သုံးနေတဲ့ ဘဏ္ဍာ တစ်နေ့ ကုန်မသွားတော့ဘူးလားဗျာ၊ ကျုပ်တို့ ဘဝရှင်မင်းတရားကြီးတောင် သူလိုသုံးပါဦး၊ နေရတဲ့ သက်တမ်း ကြာလျှင်ဖြင့် ရွှေနန်းတော်တိုက် တစ်နေ့ပေါက်မှာ ပဲလေဗျာ၊ ပေါက်တဲ့ အခါ ကျုပ်တို့ အလှည့် ရောက်လာတော့မှာ ဧကန်ပဲပေါ့"

ဟုတ်တော့ဟုတ်နေတယ်၊ ဘယ်လောက်စည်းစိမ်ရှိရှိ ဒီလိုသုံးပုံမျိုး တစ်နေ့ကုန်မှာ မုချပဲလေ။

"ရောင်းရင်းတို့ ကြည့်ရတာ ဟိုအဆောလတ် သူဌေးလောက်တော့ အသိဉာဏ် နန့်နဲ့ ပုံ မပေါ်ပါဘူး၊ ဘယ့်နှယ့် ....ဘယ်လောက်အထိ အတွေ့သာစေဦး တစ်ည အသပြာတစ်ထောင် ပေးလို့ တော့ မပျော်ပါးချင်ကြဘူးမလား"

သူကြွယ်များ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြတယ်၊ ကိုယ်တိုင်ပဲ အထိအတွေ့ကို မမြည်းစမ်းဖူးသေးလို့ လားမသိ၊ အသပြာငွေကြေးကို သူတို့ နှမြောမိကြတယ်။

"နှုတ်ကသာ ပြောနေတာပါ၊ တကယ်တမ်းတော့လည်း အဲလောက်များ တဲ့ အသပြာ မပေးဝံ့ပါဘူး"

"ဒီပိုက်ဆံတွေက ကျုပ်တို့ အလကားပဲတင်း ရထားတာ မဟုတ်ဘူး လေဗျာ၊ သွေးနဲ့ ချွေးနဲ့ ရှာထားရတာတွေ"

"ဟုတ်ပြီ အဲလို ဆိုရင်တော့ ကျုပ်မှာ နည်းရှိတယ်"

အကုန်လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြတယ်။

"လုပ်စမ်းပါဦး အမြင့်မြို့စား သူကြွယ်လေးရ"

"ကျုပ်တို့ မှာ လုပ်စရာနှစ်ခုရှိတယ်၊ ပထမတစ်ခုက အဆောလတ်မြို့ သူဌေးလေးကို မြန်မြန်မွဲအောင်လုပ်ဖို့ ၊ နောက်တစ်ခုက ကျုပ်တို့ သူကြွယ်တွေ ညှိနှိုင်းတိုင်ပင်ပြီး ကျုပ်တို့ပေးတဲ့ အနည်းဆုံးဈေးနဲ့ ဇာတ်ထောင်ဆရာဆီက ယမင်းသူဇာကို ငှားရမ်းရဖို့ ၊ ပထမတစ်ခုအတွက်ကတော့ လွယ်ပါတယ်၊ ခုချိန်မှာ ကျုပ်တို့ အသပြာ ဘယ်လောက်ပေးပေး ကျုပ်တို့ ထက်သာအောင် ပိုပေးပြီး ယမင်းသူဇာကိုရအောင် အဆောလတ်သူဌေးလေး စွမ်းဆောင်မှာပဲ၊ အဲဒီအတွက် ကျုပ်တို့ က မဖြစ်နိုင်တဲ့ ငွေကြေးပမာဏကို ယမင်းသူဇာကို များများ ပေးဖို့ လိုတယ်၊ ကျုပ်တို့ များများ ပေးလေ ကျုပ်တို့ ထက်သာအောင် သူလိုက်ပေးလေ ....မြန်မြန်မွဲလေပဲ"

အမြင့်မြို့စား သူကြွယ်ရဲ့ စကားကို နားလည်လိုက်သလိုမျိုး ခေါင်းညိတ် အသိအမှတ် ပြုကြတယ်။

"ဒုတိယတစ်ခု အတွက်ကတော့ ကျုပ်တို့ သူကြွယ်တွေအားလုံး စည်းလုံးဖို့ လိုတယ် ...စိတ်ရှည်ဖို့ လိုတယ်၊ အဆောလတ်သူဌေးလေး မွဲသွားပြီးတဲ့ နောက် ကျုပ်တို့ နေပြည်တော်သူကြွယ်တွေ စုပေါင်းပြီး ယမင်းသူဇာအတွက် ဈေးတစ်ခု သတ်မှတ်ကြမယ်၊ ပြီးရင် အဲဒီအတိုင်းပဲ ဇာတ်ထောင်ဆရာကို ပေးမယ်၊ အခုတောင်းနေတဲ့ ဈေးနဲ့ လုံးလုံးမသက်ဆိုင်တဲ့ အနိမ့်ဆုံးဈေးပေါ့၊ ပြီးရင် သူ့ထက်ငါ အလုအယက်မဟုတ်ပဲ အလှည့်ကျစီ ယမင်းသူဇာကို

ငှားရမ်းပျော်ပါးမယ်"

သ နှံ့ သူ ကြွ ယ် လေး မှာ ကြားရတဲ့ စကားများကြောင့် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရတယ်၊ အသွေးအသားနဲ့ ဖွဲ့စည်းထားတဲ့ လူတစ်ဦးကို သူကြွယ်တွေပိပိ ရောင်းကုန်တစ်ခုလို သဘောထားနေကြတယ်လေ၊ စကားတွေက ခါးလိုက်တာ ...။

"အဲဒါတော့ ဖြစ်နိုင်မယ်မထင်ဘူး၊ ကျုပ်တို့ ပေးတဲ့ ကြေးကို ဇာတ်ဆရာက လက်ခံပါ့မလား"

"အနိမ့်ဆုံးကြေးဆိုတာကလည်း သူတို့ ဇာတ်ကလို့ ရတဲ့ ကြေးထက်ပိုဖို့ တော့ လိုတာပေါ့ "

သွေးအေးအေး ပြေကြားလိုက်တဲ့ အမြင့်မြို့စားစကားကြောင့် မေးသူမှာ နှုတ်ဆိတ်သွားတယ်။

"ဒါပေမဲ့ မပူပါနဲ့ ၊ ငါတို့ ပေးသလောက်ကို ဇာတ်ဆရာက လက်ခံမှာပါ၊ သက်သက်သာသာ အသပြာရဖူးတဲ့ လူတွေက ခက်ခဲတာကို မလုပ်ချင်ကြတော့ဘူးလေ"

သူတို့ ပြောနေတဲ့ စကားများကို မလှမ်းမကမ်း ဇရပ်ထောင့်မှာ တိုင်ရင်း နားထောင်နေသူတစ်ဦးလည်း ရှိနေပါရဲ့ ။ ။

အရပ်ရှည်ရှည်၊ ကိုယ်ဖန်ကောင်းကောင်း ၊ အစိမ်းရောင် ဇာပဝါကိုလည်မှာ စည်းထားတယ်။

သူက ခရီးသည် ....

*****

"အချိန်တောင် အတော်လင့်နေပြီ သတိုးနွယ်၊ အသပြာထုပ်ကိုင်ပြီး ဘာတွေ ငိုင်တွေနေတာလဲ၊ ခုချိန်ဆိုလျှင်ဖြင့် ဓာတ်ဆရာအိမ်မှာ ဈေးပေးဖို့ သူကြွယ်တွေ စုဝေးနေကြလောက်ပြီ"

သတိုးနွယ် ကိုယ်ကိုယ်ရို့ရင်း အရှိအသေပေးလျက်မှ ဖြည်းဖြည်းဆိုတယ်။

"သူတစ်ပါး ကုန်းမြေမြင့်ဖို့ အတွက် .... ကျွန်တော်တို့ ကျင်း ကျွန်တော်တို့ တူးပြီး မြေဖို့ ပေးသလိုများ ဖြစ်နေပြီလား မသိပါဘူး သခင်လေးရယ်"

"မင်း ဘာကိုဆိုလိုတာလဲ သတိုးနွယ်"

"ဒီအသပြာတွေကို ကျွန်တော် တဖြည်းဖြည်းနဲ့ နမြောမိတယ် ....၊ ဒါတွေဟာ ကျွန်တော်ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေလည်း မဟုတ်ပါဘူး၊ ဒီဘဝမပြောနဲ့ နောက်ဘဝထပ်ပေါင်းပြီး ရှာဖွေစုဆောင်းရင်တောင် ဒါလောက် အသပြာငွေကြေးရရှိဖို့ မမြင်ပါဘူး၊ သို့သော်လည်း အခု ကျွန်တော်တို့ ရှေ့မှာ ပုံမပျက်ရှိနေတဲ့ အသပြာထုပ်က မကြာခင်အချိန်အတွင်း တစ်ပါးသူလက်ထဲ လျှောခနဲ ရောက်သွားတော့မယ့် အရေးကိုတွေးပြီး နမြောနေမိတာတော့ အမှန်ပဲ၊ ဝမ်းလည်း နည်းတယ်"

နန်းနွယ် သဘောတကျ ပြုံးမိလိုက်ပါတယ်။

"မမြဲခြင်းသဘောဆိုတာ လောကရဲ့ အမှန်ဆုံး နိယာမတစ်ခုပါပဲ

သတိုးနွယ်၊ ဒါတွေကို အခု မဆုံးရှုံးရလည်း နောင်ဆုံးရှုံးရမှာ ပဲ၊ ဒီအတိုင်း မြဲနေတယ်ထား ....ခန္ဓာပျက်ပြီး ထွက်သွား ချိန်မှာ တော့ အားလုံးကို ချန်ထားခဲ့ရမှာ ပဲလေ၊ အဲတော့ .... ပျက်စီးဆုံးရှုံးတာတွေအားလုံးက အချိန်မြန်တာနဲ့ နှေးတာပဲ ကွာတာပါ၊ အားလုံးက အတူတူပါပဲ"

"ဒါပေမဲ့လည်း သူ့ငွေးလေးရယ်"

သတိုးနွယ်ရဲ့ မချိတင်ကဲ ရေရွတ်သံ ထွက်လာတယ်၊ ဆက်တော့မဆိုလာပါဘူး၊ သတိုးနွယ်ဆိုတာ ဘယ်တုံးကဖြစ်ဖြစ် သူ့စကားတစ်ခွန်းကို ကမ္ဘာတည်သလို ကိုးကွယ်လာတဲ့ သူပါ၊ အပြစ်လည်း မမြင်ပါဘူးလေ၊ ခုကိစ္စက သိကြားမင်းဆင်းပြောလည်း သူ့ အမှားက သူ့ အမှားပါပဲ၊ သူကိုယ်တိုင်လည်း သိပါတယ်။

"ပေးတယ်လို့ သဘောမထားပဲ လှူတယ်လို့ သဘောထားလိုက်ပါ"

သတိုးနွယ် တည်ငြိမ်ကာနေတယ်၊ တွေးတွေးချင့်ချင့်နဲ့ သူဆက်ဆိုဖြစ်တယ်။

"ပါရမီဖြည့်တယ်လို့ သဘောထားရင်လည်း ဖြစ်ပါတယ်လေ"

ထို့နောက်တော့ သူတို့ စကားမဆက်မိကြတော့ပါဘူး၊ နေလုံးမှာ တဖြည်းဖြည်း မြင့်တက် လာလေရဲ့ ၊ နန်းနွယ် သက်ပြင်းကိုချရင်း ....

"ကဲပါ ....ဘာမှ နှမြောမနေပါနဲ့ ၊ စိတ်မကောင်းလည်း ဖြစ်မနေနဲ့ ၊ အရင်အတိုင်းပဲ ဇာတ်ဆရာအိမ်ကိုသွားပါ၊ ယမင်းသူဇာကို သူများ ပေးတဲ့ ကြေးထက် ပိုပေးပြီး ရအောင်ယူလာခဲ့ပါ၊ သူ့အတွက် မဟုတ်သော်မှ ငါ့အတွက် ပါရမီဖြည့်တယ်လို့ ပဲ သဘောထားလိုက်ပါကွယ်"

သတိုးနွယ် လှုပ်ရှားမလာပါဘူး၊ မျက်လုံးတွေ ရှိဝေပြီး နှုတ်ခမ်းကိုလဖိကိုက်ထားမှုကြောင့် မေးရိုးနဲ့ လည်ပင်းကြောတွေ ယောက်ျားပီပီ တင်းရင်းနေတယ်။

"တစ်ည ဘယ်လောက်ပေးမယ်ဆိုပြီး ကျွန်တော့်နှုတ်က ထွက်နိုင်တော့မယ် မထင်တော့ပါဘူးဗျာ"

နန်းနွယ် သက်ပြင်းကို ချလိုက်ရဲ့ ...

"အေးကွယ် .... အဲလိုဆိုလျှင်ဖြင့်လည်း ငါကိုယ်တိုင် လိုက်ခဲ့ပါ့မယ်။

အရာအားလုံးအတွက် ငါ ကိုယ်ချင်းစာပါတယ်လေ"

ဒီလိုနဲ့ ပဲ မကြုံစဖူးသော လူလေလံပွဲသို့ နန်းနွယ်ကိုယ်တိုင် ရောက်ရှိဖို့ ဖြစ်လာတယ်လေ၊ လမ်းခရီးတစ်လျှောက် နှောက်ကျူမှာ စိုးသောကြောင့် နန်းနွယ် ဆော်ဩမိတော့ .... ။

"မပူပါနဲ့ သခင်လေး၊ ဇာတ်ဆရာအကြောင်း ကျွန်တော်ကောင်း ကောင်းသိပါတယ်၊ ကျွန်တော်တို့ မလာမချင်း သူ ပွဲမစပါဘူး"

သတိုးနွယ်စကားမှာ တကယ်လည်း မှန်လှရဲ့ ...၊ လှည်းရပ်ရပ်ချင်း နန်းနွယ်ကို မြင်လိုက်ရတော့ ဇာတ်ဆရာသောင်းတန်မှာ အအံ့ဩကြီး အံ့ဩကာသွားတယ်၊ ပြီးတော့ အူးယားဖားယား ပြေးထွက် လာပြီး ခရိုးဦးကြိုပြုတယ်။

"ဟာ ....သူဌေးလေး နန်းနွယ်ကိုယ်တိုင် ကြွလာတာပါလား၊ ကြွပါသူဌေးလေး ကြွပါ၊ သူဌေးလေးကိုယ်တိုင် ချီးမြှင့်ပံ့ထောက်တော့ ဇာတ်သမား သောင်းတန်တစ်ယောက် ကံဇာတာတွေ တက်နေပြီ ထင်တယ်ဗျို့ ဟဲ ...ဟဲ"

နန်းနွယ် တွေတွေထူးထူး ဘာမှ ပြောမနေတော့ပါဘူး၊

ယဉ်ကျေးမှုဌာနစွာ ပြုံးပြရင်း အိမ်ပေါ်ကိုသာ လှမ်းတက်လိုက်တယ်၊ ထို အ ခါ မှာ ရှုးစမ်းရိသဲ့သော အကြည့်မျိုးစုံကို ရုတ်ခြည်း ရင်ဆိုင်လိုက်ရပါတယ်၊ အိမ်ပေါ်မှာ လူတွေစုံလှရဲ့ ၊ အားလုံးက သပ်ရပ်တောက်ပြောင်သော အဝတ်အထည်များကို ဆင်မြန်းလို့ .... တချို့လည်း ဘော်ကြယ်ရွှေချည်ငွေချည်များကြောင့် တဖျတ်ဖျတ်လင်းလို့ ...

အရွယ်တူတွေများ သော်လည်း သက်ကြီးပိုင်းအချို့ကိုပါ တစ်ခွန်းတစ်စ မြင်ရတယ်၊ သူဌေးသားတွေ၊ သူကြွယ်ငယ်တွေ၊ မထင်မရှား မြို့စားနယ်စားတွေတောင် ပါလိမ့်မယ်ထင်ပါတယ်။

အားလုံးရဲ့ အကြည့်တွေက နန်းနွယ်ခန္ဓာကိုယ်ကို တိုးလျှိုပေါက် ဖြတ်ပြေးနေကြတယ်၊ ထိုလူတွေထဲမှာ အကြံအစည်တစ်ခုနဲ့ ရောက်နေကြသော အမြင့်မြို့စားနဲ့ အပေါင်းအပါတစ်စုလည်း ရှိနေပါတယ်။

သားရဲတွင်းထဲကို ဝင်လာသူတစ်ဦးဖြစ်မှန်း ကိုယ့်ကိုယ်ကိုယ် သတိမမူမိတဲ့ နန်းနွယ်မှာ ဦးခေါင်းကို ငုံ့လျက်ပဲ သင့်လျော်ရာနေရာမှာ ဝင်ထိုင်လိုက်ပါတယ်၊ အကြည့်တွေကတော့ ထောင့်ချိုးပေါင်းစုံမှ သူ့ကို လာထိ နေဆဲပါ။

မကြာပါဘူး ...၊ ဇာတ်ဆရာ စကားစတယ်။

"အားလုံးလည်း သိပြီးသား ဖြစ်နေတော့ ဒီနေရာမှာ ခုလိုစုဝေးရတဲ့ အကြောင်းခြင်းရာကို ကျုပ် အကျယ်ချဲ့ပြီး မပြောတော့ပါဘူး၊ ပြီးခဲ့တဲ့ တစ်ခေါက်က ဟောဒီက အဆောလတ်သူဌေးလေး နန်းနွယ်တို ဘြက်ကနေ ယမင်းသူဇာရဲ့ အတွေ့ အရသာထူးကို ခံစားဖို့ အတွက် တစ်ညကို အသပြာ၊

တစ်ထောင့်တစ်ရာပေးပြီး ငှားရမ်းထားပါတယ် ...အခု ...."

ဖာတ်ဆရာ စကားမဆုံးလိုက်ပါဘူး၊

"တစ်ထောင့်သုံးရာပေးမယ်"

"တစ်ထောင့်လေးရာ"

"တစ်ထောင့်ငါးရာ"

"တစ်ထောင့်ခြောက်ရာ"

ဟိုမှ သည် မှ ဈေးပေးသံတွေ သူ့ထက်ငါ အပြိုင်အဆိုင် ထွက်ပေါ်လာတယ်၊ အသံတစ်ခါထွက်တိုင်း နှလုံးကို ဓားဦးချွန်နဲ့ တစ်ခါထိုးသကဲ့သို့ နန်းနွယ် ခံစားနေရတယ်၊ ရင်နာလိုက်တာလေ ... ရွှံရှာဖွယ် ကောင်းလိုက်တာ။

သက်မဲ့ပစ္စည်းမဟုတ် ယုတ်စွအဆုံး တိရိစ္ဆာန်တစ်ကောင်ကိုပင် မလုပ်သင့်သော အပြိုင်ဈေးပေးနည်းစနစ်နဲ့ တစ်ညတာ ပျော်ပါးဖို့ အတွက် မိန်းမငယ်တစ်ဦး၊ အနုပညာသည် တစ်ဦးကို အပြိုင်ဈေးပေးနေလိုက်ကြတာ ...။

ယောကျ်ားဆိုတဲ့ ဝေါဟာရကိုမှ အားမနာ၊ လူကုံထံတွေတဲ့ .... သူဌေးသူကြွယ်ငယ်တွေတဲ့ ၊ ယောကျ်ားမြတ်အင်္ဂါ ရှိဖို့ ဝေးစွ သူတို့ နှုတ်ထွက်စကားတွေနဲ့ ပင် နန်းနွယ် တလှိုက်လှိုက် ပို့တက်လာရတယ်။ ပြီးတော့ သူတို့ အပြိုင်ဈေးပေးပြီး တစ်ညတာပျော်ပါးဖို့ ငှားရမ်းနေတဲ့ ခန္ဓာပိုင်ရှင်က သူ့ရဲ့ နှလုံးသည်းပွတ် ယမင်းရုပ်လေး။

ထို ခ ဏ မှာ ပဲ မထင်သလိုလေသံနဲ့ ဈေးပေးသူတစ်ဦး ထွက်ပေါ်လာတယ်။

"ကျူပ် တစ်ထောင့်ရှစ်ရာပေးမယ်"

အမြင့်မြို့စား၊ ကြိုတင်တိုင်ပင်ထားတဲ့ အပေါင်းအပါ နောက်တစ်ဦးက…

"တစ်ထောင့်ကိုးရာ ...."

"နှစ်ထောင်ဗျာ"

တစ်ခန်းလုံး ခေတ္တတိတ်ဆိတ်သွားပါတယ်။

"နှစ်ထောင့်နှစ်ရာ"

အမြင့်မြို့စားမှ ပင် အကဲစမ်းသည့်သဘော ထပ်တိုးပေးလိုက်ပြန်တယ်၊ မကြာပါဘူး ....၊

"နှစ်ထောင့်သုံးရာ"

ထို့နောက်မှာ တော့ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြလေရဲ့ .... အမြင့်မြို့စား ကိုယ့်ကိုယ်ကိုယ် သံသယဝင်စပြုလာတယ်၊ သူမျှော်လင့်ထားတဲ့ အဆောလတ်သူဌေးမှာ ခုချိန်ထိ တုတ်တုတ်မျှ လှုပ်မလာသေးပါဘူး၊ ဘယ်လိုဖြစ်တာလဲ ...၊ ဘယ်လောက်ပဲ ထူးကဲတဲ့ မိန်းမတစ်ဦးပင် ဖြစ်ပါစေဦး ဈေးကွာကုန်နေပါပြီ။

ပိုဆိုးသွားတာက နှစ်ထောင့်သုံးရာ ပေးလိုက်တဲ့ အပေါင်းအပါသူဌေးသား၊ ဒီအတိုင်းပြီးသွားပါက အသပြာ နှစ်ထောင့်သုံးရာနဲ့ ယမင်းသူဇာကို ဒီည ရရှိတော့မည်။ သို့သော် ထိုအသပြာကို မည်သို့ပေးမည်နည်း။ အသပြာနှစ်ထောင့်သုံးရာဆိုသော ငွေကြေးက ကိုယ်တိုင်သူဌေးမဟုတ်သော သူတို့လို သူဌေးသားများ အတွက် ဘယ်လိုမှ မမျှော်မှန်းနိုင်သည့် ငွေကြေးထိုခဏမှာပဲ သူ့စိုးရိမ်မှုကို အမြင့်မြို့စားမှ ပင် ဖျောက်ဖျက်ပေးလိုက်တယ်။

"နှစ်ထောင့်ငါးရာပေးမယ်"

လမ်းဆုံးချေပြီ၊ အားလုံးရဲ့ ထူဆန်းအံ့ဩသော အကြည့်များကလည်း အမြင့်မြို့စားထံမှာ စုပြုံသွားခဲ့ပြီ၊ နှုတ်ခမ်းကိုက်ထားလျက်မှ တံတွေးမျိုချရင်း ထပ်ပြောလိုက်တယ်။

"ကျုပ် နှစ်ထောင့်ငါးရာပေးမယ်"

အားလုံးနဲ့ ဆန့်ကျင်နေသူတစ်ဦးလည်း ရှိနေပါတယ်၊ သူက ဇာတ်ဆရာ၊ အများ နည်းတူ ဇာတ်ဆရာ အကြည့်များက အမြင့်မြို့စားထံမှာ ရှိမနေပါ၊ ဘယ်လိုလဲ"ဟူသည့် သဘောမျိုးနဲ့ နန်းနွယ်ထံကို ရောက်နေတယ်၊ ပြီး "လက်လျှော့တော့မှာ လား"ဟူတဲ့ အဓိပ္ပာယ်မျိုးကိုလည်း မျက်လုံးထောင့် တစ်နေရာမှာ တစ်စွန်းတစ်စ တွေ့လိုက်ရတယ်။

နန်းနွယ် သက်ပြင်းကို ချလိုက်ပါတယ်။

သူ ပွဲသိမ်းသင့်ပြီထင်ရဲ့ ။

ကျောမှီထိုင်နေရာမှ ကိုယ်ကို အနည်းငယ် မတ်လိုက်ရင်း ...

"တစ်ညကို အသပြာသုံးထောင်ပေးမယ် ...၊ ကျုပ် ဆယ်ညတိတိ ယူမယ်"

"ဟာ ..." "ဟယ် ...." "ဟင် ...."

အာမေဋိတ်သံတွေ တစ်ခဲနက် ထွက်ပေါ်ကာသွားတယ်၊ သရဲတစ္ဆေတစ်ကောင်ကို ကြည့်သလိုမျိုး ထိတ်လန့်သော အကြည့်တွေလည်း အပြိုင်းအရိုင်း လွင့်စဉ်ကာသွားတယ်၊ နန်းနွယ်ဆိုသော လူသားတစ်ဦးက သူတို့ ရှေ့မှာ တဏှာရာဂတွေ မှန်ယိုနေသော အထူးအဆန်း သတ္တဝါကြီးတစ်ကောင်လိုမျိုး ....၊

သတိုးနွယ်လက်ထဲမှ အသပြာထုပ်ကို လှမ်းယူလို့ ရှေ့မှ စားပွဲပေါ်တင်ပေးရင်း နန်းနွယ် အပြတ်ဖြတ်လိုက်ပါတယ်။

"ဒီ မှာ အသပြာသုံးသောင်း တစ်ပြားတစ်ချပ်မှ မလျော့ဘူး၊ ဒီနေ့ကစပြီး နောက်ဆယ်ည တိတိ ယမင်းသူဇာကို ကျုပ်ပိုင်တယ်"

ပြီးတော့ ထိုင်နေရာမှ ထရင်း အလွန်တရာမှ ညစ်နွမ်းနိမ့်ပါးသော အရပ်ကနေ တစ်လှမ်းချင်း ထွက်ခဲ့လိုက်တယ်။

သူဌေးသူကြွယ် ဆိုသူတွေက အသပြာသုံးသောင်းထုပ်ကို မမြင်ဖူးသလို ငေးကြည့်နေကြတယ်။

အမြင့်မြို့စားနဲ့ အပေါင်းပါများကတော့ သူတို့ အကြံအောင်သဖြင့် တစ်ဦးနဲ့ တစ်ဦးကြည့်ရင်း ရိသဲ့သဲ့ပြုံးလို့ .....

ဇာတ်ဆရာ သောင်းတန်မှာ တော့ မျက်လုံးတွေ အရောင် တဖျတ်ဖျတ်လက်လျက် စိတ်တွင်းမှ ... ဟဟားဟား အော်ရယ်နေမိတော့တယ်။

*****

# အပိုင်း (၃)

## (ａ)

"ဟား ....ဟား ....ဟား ....ဟား ...."

"ရယ်လှချေလား ဆရာသောင်းတန်ရဲ့ ယတ္တန်းရုံထဲက ထွက်ကတည်းက ရယ်လာလိုက်တာ အခုဆို ဘယ်နှခေါက်များ တောင် ရှိနေပြီ မသိတော့ဘူး"

"ရယ်ရမယ်လေ သာဒင်ရဲ့ ...ရယ်ရမယ်လေ ....၊ ခုဆို မင်းဆရာ သောင်းတန်က ယတ္တန်းရုံ သုံးရုံကြီးများ တောင် ပိုင်ခဲ့ပြီလေကွာ၊ အရောင်းအဝယ် ကတိကဝတ်မှာ့မှင်းကိုယ်တိုင်ပဲ သက်သေသာဓက ဝင်လုပ်ပေးခဲ့တာ မဟုတ်ဘူး လား၊ နေပြည်တော်မှာ လည်း ငါ တိတ်တိတ်ပုန်းဝယ်ထားခဲ့တဲ့ စံအိမ်တော်ကြီးတွေ မနည်းဘူး၊ မြို့စွန် ဆင်ခြေဖုံးနဲ့ တခြားမြို့ရွာတွေမှာ လည်း ငါပိုင်လယ်ကေတွေ လက်ညှိုးထိုးမလွဲ ရှိနေပြီ၊ နက်ဖြန်ခါလည်း ပုံတော်ဖိနပ် လုပ်ငန်းရှင်တွေနဲ့ အချိန်းအချက် လုပ်ထားသေးတယ် ....။ ကြိုက်ဈေးရ လုပ်ငန်းရောင်းမယ်ဆိုပဲ၊ ဒီလောက် အဆင်သင့်လှတာ မင်းဆရာသောင်းတန် မရယ်လို့ ဘာလုပ်ရလေမလဲကွယ်၊

သူဌေးဖြစ်ခဲ့ပြီ သာဒင်ရေ ... မင်းဆရာသောင်းတန် သူဌေးကြီး ကေန်ဖြစ်ပြီကွ၊ အဘိုးလက်ထက်မှာ လက်လွတ်ခဲ့ရတဲ့ မျိုးရိုးစဉ်ဆက် သူဌေးရာထူး ငါ့လက်ထက်မှာ ပြန်ပိုင်ပြီပေါ့ ကွာ၊

"ဟား ...ဟား ....ငါ့လက်ထက်မှာ ပြန်ပိုင်ပြီပေါ့"

နွားနှစ်ကောင်ကို ကြိမ်တို့ ရင်း သာဒင် စဉ်းစားသွားမိတယ်၊ တချို့တွေများ ဘဝအနိမ့်အမြင့် မြန်လွန်းပေစွ။

"ဆရာ့ဘုန်းကံကလည်း ကြီးပေါ့ဗျာ၊ ကျုပ်ဖြင့် တစ်သက်နဲ့ တစ်ကိုယ် ဒီလိုမျိုး မမြင်ဖူးခဲ့ပါဘူးဗျာ"

သောင်းတန် တဟားဟား ထပ်ရယ်လိုက်ပါတယ်။ ဒီတစ်ခါ ရယ်သံကတော့ သွေ့ခြောက်ခြောက်ပါ။

"ငါ့လိုမျိုး ကံကောင်းချင်သလား သာဒင်၊ ဒီလိုဆိုလျှင်ဖြင့် တစ်နေ့ရွှေဥတစ်လုံး မဟုတ်ဘူး ... ရွှေဥဆယ်လုံး ... အလုံးတစ်ရာလောက် ဥပေးတဲ့ ယမင်းသူဇာလို ငန်းမျိုးမလေး ရှာထားလေ"

"မလွယ်ပါဘူး ဆရာရယ်၊ ဒါမျိုး ရတနာကလည်း ဘုန်းကံကြီးသူတွေနဲ့ ပဲ ထိုက်တာပါ ဗျာ၊ ကျုပ်တို့လို ကံ နိ မ့် ပါး သူ တွေ မှာ တော့ ဒီဘဝမပြောနဲ့ နောက်ဘဝတောင် ပိုင်ဆိုင်ခွင့်မရနိုင်ပါဘူး ..."

ရယ်ပြုံးနေရာမှ ဇာတ်ဆရာသောင်းတန် မျက်နှာအနည်းငယ် တည်ကာသွားတယ်။

ဟုတ်တယ် ... ယမင်းသူ ဇာဆိုတာ ရတနာတစ်ပါးပဲ၊ ထိုရတနာလေး သူ့ထံပါး ကြာကြာပြဖို့ အတွက်ကိုတော့ သေသေချာချာ

ကြိုးစားရမယ်။

***

"အခုပဲ လူတစ်ယောက်နဲ့ တွေ့လာခဲ့တာ ယမင်းသူဇာ၊ မြို့ဝန်မင်းထံတော်ပါးထိ ပေါက်ရောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပေါ့ ၊ ဘုရားတည်ဖို့ ကိစ္စအတွက် အစစအရာရာ သူ အားလုံးစီစဉ်ပေးမယ်တဲ့ "

"ဟယ် ....တကယ် ..."

သူမ လှိုက်ခနဲ ဝမ်းသာသွားမိတယ်။

"မြေနေရာ ပေးသနားဖို့ အတွက်ရော ... ဘုရားတည်ခွင့် ပေးဖို့ အရေးရော ... ကျန်တဲ့ လိုအပ်တဲ့ အကူအညီတွေရော မြို့ဝန်မင်းထံကရဖို့ သူ ကြိုးစားပေးမယ်တဲ့ ၊ နာမည်က ဦးကိတ္တိတဲ့ ၊ မြို့ရဲ့ ခေါင်းကြီးပိုင်းထဲမှာ ပါတယ်"

ကျေးဇူးတင်လိုက်တာလေ၊ နာမည်ပင် အခုမှ ကြားဖူးသော်လည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာစေကြောင်း မေတ္တာတွေ အကြိမ်ကြိမ် ပို့ပေးလိုက်မိတယ်။

"အဲဒီကိစ္စအတွက် စိတ်ပူမနေပါနဲ့ တော့ ... ကောင်းတာလုပ်ဖို့ အတွက်ပဲလေ ကောင်းကျိုး ရမှာ မလွဲပါဘူး၊ ခွင့်ပြုမိန့်ကျခဲ့ရင် ငါတို့ဘက်က အဆင်သင့် ဖြစ်နေဖို့ ပဲ လိုတာပါ"

ထိုကိစ္စအတွက်တော့ သူမ စိုးရိမ်သွားမိတယ်၊ ဘုရားကြီးတစ်ဆူ

တည်လောက်တဲ့ ငွေကြေးပမာဏ သူမတံပါးမှာ ရှိမနေသေးဘူးလေ၊ ဇာတ်ဆရာက ရိပ်မိတယ် ထင်ပါရဲ့ ။

"အမှန်အတိုင်း ပြောရရင်တော့ နင့်အလှူထဲမှာ ငါလည်း တစ်တပ်တစ်အား ပါဝင်ချင်တာပါ၊ နင့်ကို ဝန်မပိစေချင်ဘူး၊ ဒါပေမဲ့လည်း နင်က ကိုယ့်လုပ်အားစစ်စစ်နဲ့ ပဲ အလှူပြုချင်တယ်ဆိုတော့ ....အင်း....."

သက်ပြင်းကို ချတယ်။

ဝမ်းသာဖွယ် သတင်းစကားကို ကြားရသော်ငြား သူမစိတ်ထဲမှာ လည်း မောသွားမိပါတယ်။

"အဲဒါလည်း ပူမနေပါနဲ့ လေ ....၊ တို့ ဆရာတပည့်နှစ်ယောက် အလုပ် ပိုကြိုးစားကြတာပေါ့၊ ငါ နင့်ကို အနုပညာကြေး ပိုပေးမှာ ပါ".

*****

(၂၃)

"ပဥ္စပါဝိ သတို့ သမီး ဆိုတာကို ကြားဖူးလား သူဇာ"

"ဟင့်အင်း .... သူက သူဇာတို့လိုပဲ ကချေသည် လားဟင်"

နန်းနွယ် ပြုံးလိုက်မိတယ်။

" မဟုတ်ဘူး သူဇာ ပဥ္စပါပီဆိုတာ ဟောဒီကမ္ဘာလောကကြီးတစ်ခုလုံးမှာ အတွေ့အာရုံနဲ့ ပတ်သက်ပြီး ခံ့မင်စရာအကောင်းဆုံး မိန်းမပေါ့ "

"ဟင် ....ဒါဆို သူဇာလိုမျိုး နောက်တစ်ယောက် ရှိနေသေးတာပေါ့ ....ဟုတ်လား"

"ရှိနေသေးတာ မဟုတ်ဘူး သူဇာ၊ ရှိခဲ့တာပါ"

ချစ်စဖွယ်အမူအရာနဲ့ မသိနားမလည်သူလေးကို ကြည့်ပြီး နန်းနွယ်ရှင်းပြဖို့ ကြိုးစားလိုက်တယ်။

"အာ ရုံ ငါး ပါး မှာ ဖောဋ္ဌဗ္ဗာ(အတွေ့) အာရုံနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်က ဟောပြောခဲ့ဖူးတာရှိတယ်၊ ဟိုးရှေးရှေး ဗာရာဏသီပြည်မှာ တစ်ချိန်တုံးက ပဥ္စပါပီလို့ အမည်တွင်တဲ့ သတို့ သမီးတစ်ယောက် ရှိခဲ့ဖူးတယ်တဲ့ သူဇာ၊ သူဟာ ရုပ်အဆင်းမှာ အလွန်တရာမှ ဆင်းရဲလှတယ်၊ မိဘနှစ်ပါးကလည်း အသပြာငွေကြေး ချို့တဲ့ လေတော့ သူ့ကို အခေါ်အပြော လုပ်မယ့်သူတောင် မရှိသလောက်အောင်ပါပဲ၊ တစ်ရက်တော့ ဗာ ရာ ဏ သီ ပြ ည် မှာ ပွဲတော်ကြီးဖြစ်တယ် သူဇာ၊ ပြည်သူပြည်သားတွေဟာ တစ်ညဥ့်ပတ်လုံး သဘင်ခံကြတယ် ...၊ ဘုရားလောင်းဖြစ်တဲ့ ဗာရာဏသီမင်းဟာ အဋ္ဌရသသိပ္ပနဲ့ ပြည့်စုံတော်မူလို့ နောက်လိုက်နောက်ပါ မပါဘဲ သဘင်ပွဲကို တစ်ဦးတည်း ကြည့်လေတယ်၊ ပဥ္စပါပီ သတို့ သမီးလေးကလည်း အများ နည်းတူ သဘင်ပွဲကြည့်တာနဲ့ သွားကြတယ်၊ ဘုရားလောင်း ဗာရာဏသီမင်းဟာ သဘင်ပွဲကြည့်နေခိုက် ပဥ္စပါပီ သတို့ သမီးကို အမှတ်မထင် လက်နဲ့ သွားစမ်းမိလိုက်တယ်၊ အသားကို ထိမိပြီးပြီးချင်း

အကြိမ်တစ်ရာစေအောင် ဖတ်အပ်ပြီးတဲ့ ဝါဠမ်းဟာ ဆိအိုးမှာ ကျနစ်နူးညံ့သွားသလိုမျိုး အလွန်တရာမှ နူးညံ့တဲ့ အထိအတွေ့ကို ဇာရာဏာသိမင်း ခံစားလိုက်ရတယ်၊ အဲဒီခံစားမှုကြောင့်ပဲ စိတ်ကိုချုပ်တည်းဖို့ မတတ်နိုင်တော့လို့ ...."

"အရှင်မ လင်ရှိသလော"

"မရှိပါ သခင် ...."

"ယင်းသို့သော်ကား မိဘအိမ်သို့သွားကာ သင့်ကို ငါ ဆောင်ယူပါအံ့"

"ဒါနဲ့ ပဲ ပဠပါပီ သတို့ သမီးအိမ်ကို ဇာရာဏာသိမင်းဟာ လိုက်ပါသွားခဲ့တယ်၊ အမိအဖတို့ ဆီရောက်တော့ ..."

"သင်တို့ သမီးမြတ်ကို ငါ သားပြုပါအံ့၊ ငါ့ကို ခွင့်ပေးပါလေ"

"မစွံတဲ့ ကုန်နဲ့ တူတဲ့ သမီးကို ခုလိုမျိုး တောင်းရမ်းသူ ရှိလာတော့ အမိအဖတို့ ဟာ ဝမ်းသာသွားကြတယ်၊ ဒါနဲ့ ပဲ တောင်းရမ်းသူနဲ့ မိမိတို့ သမီးကို သဘောတူ ဆောင်ကြဉ်း ပေးလိုက်ကြပါတယ်၊ ဘုရားလောင်းဟာ သတို့ သမီးနဲ့ မွေ့လျော်ပြီးမှ အကြံဖြစ်တယ်တဲ့ သူဇာ"

"ဘယ်လိုအကြံဖြစ်တာလဲဟင်"

"ပဠပါပီဟာ အလွန်တရာမှ ရုပ်ရည်ဆင်းရဲလေတော့ ဒီလို သတို့ သမီးကို နန်းတော်သို့ ဆောင်ယူပြီး မိဖုရားမြှောက်လိုက်ရင် ပဠပါပီရဲ့ စွမ်းရည်ထူးကို မသိသော မှူးမတ်အပေါင်းတွေ သူ့ကို ပြက်ရယ်ပြုကြမှာ ကို သိနေတယ်၊ ဒါနဲ့ ပဲ ဘုရားလောင်းဟာ နန်းတော်ကို ပြန်ပြီး ရွှေခွက်အုပ်နဲ့ စားတော်ပွဲတွေ အပြည့်သယ်ပြီး ပဠပါပီ သတို့ သမီးကို ပေးသနားခဲ့တယ်။ ပြီးတော့မှ

ဘုရားလောင်းဟာ နန်းတော်ကို တစ်ဦးတည်း ပြန်လာခဲ့တယ်"

"ဟင် ....ဒါဆို သတို့ သမီးလေးကို ထားခဲ့တာပေါ့"

"ထားခဲ့တာပေါ့၊ သူ့မှာ အကြံရှိတယ်လေ၊ နောက်တစ်နေ့ မိုးသောက်တော့ ရွှေခွက်အုပ် ပျောက်တာကို ရှာကြဖို့ နဲ့ တွေ့ခဲ့ရင် အိမ်သခင်ကို ခေါ်လာခဲ့ဖို့ နန်းတော်တစ်ခုလုံးကို အမိန့်ပေးလိုက်တယ်၊ မကြာပါဘူး ... မင်းစေလုလင်တွေဟာ ပဋ္ဌပါဝီ သတို့ သမီးအိမ်မှာ မင်းတရားကြီးရဲ့ ရွှေခွက်အုပ်ကိုရှာတွေ့ လိုက်ကြတယ်၊ ဒါနဲ့ ပဲ ပဋ္ဌပါဝီ သတို့ သမီးကို မင်းတရားရှေ့မှောက် ဆောင်ကြဉ်းလာကြတယ်ပေါ့"

မင်းကြီးလည်း အမတ်များ ရှေ့မှာ ပဲ မေးတော်မူတယ်။

"ဟယ် ....မိန်းမ အဘယ်ကြောင့် ဤရွှေခွက်ကို ခိုးသနည်း"

"အကျွန်ုပ် မခိုး၊ အကျွန်ုပ်အိမ်သို့ လုလင်တစ်ယောက်သည် အမြိန်အရသာနှင့်တကွ ဤရွှေခွက်အုပ်ကို လာ၍ ပေးသွားခဲ့ပါသည် "

"ဟယ် ....သတို့ သမီး သင်သည် ပို့လာသောသူကိုမြင်လျှင် သိမည်လော ...."

"ယင်းလုလင်သည် ညအချိန်ပို့လာတာ ဖြစ်သည် ကြောင့် မသိနိုင်ပါချေ...."

မင်းကြီးသည် အမတ်အပေါင်းတို့ ကို သတို့ သမီးရဲ့ အတွေ့မှာ ညှံ့သက်ခြင်း စွမ်းရည်ထူးကို သိစေလိုတာနဲ့ အကြံအစည်နဲ့ မေးခွန်းတစ်ခု ထပ်မေးလိုက်ပြန်တယ်၊ အဲလိုဖြစ်ဖို့ လည်း မင်းကြီးက သတို့ သမီးနဲ့ အိပ်ခဲ့သောအခါက မိမိလက်မှာ အမာရွတ်ရှိကြောင်းကို ပဋ္ဌပါဝီကို အမှတ်ပေးခဲ့တာကိုး.....

"ဟယ် ....မိန်းမငယ်၊ ဤရွှေခွက်အုပ် ပို့လာသူရဲ့ လက်မောင်းကို

သင်စမ်းမိသည် ရှိသော် သိမည်လော"

သတို့ သမီးလည်း လုလင်လက်မောင်းမှ အမာရွတ်ကို သတိရသွားပြီး ...

"ငါ လက်ကိုစမ်းရသော် သိပါမည် ...."

ဒါနဲ့ ပဲ ဘုရားလောင်းဟာ မင်းတို့ ရဲ့ မာယာနဲ့ တင်းတိမ်အထပ် များစွာကို ကာရံစေပြီး သတို့ သမီးကို အထဲဝင်စေတယ် ...၊ တင်းတိမ်ကို လက်ရုံးဆန့်တန်းရုံလောက်သာ ဖောက်ပြီး အမတ်မင်းတွေရဲ့ လက်ကို တင်းတိမ်ပေါက်တွင်း တစ်ယောက်ချင်း သွင်းစေပြီး သတို့ သမီးကို စမ်းစေလိုက်တယ်။

သတို့ သမီးလည်း လက်မှာ အမာရွတ်မရှိသည် ကိုသိပြီး ...

"ဤလက်သည် ကျွန်ုပ်လင်မဟုတ်"

"သည် လက်ဟူသ၍ လည်း ကျွန်ုပ်လင်၏ လက်မဟုတ် ...."

သတို့ သမီးလက်နဲ့ စမ်းသပ်မိတဲ့ အမတ်ဟူသမျှရဲ့ လက်တို့ ဟာ နူးညံ့သိမ်မွေ့လွန်းတဲ့ အထိအတွေ့ကို ခံစားမိပြီး စိတ်နလုံးထိန်းချုပ်ဖို့ မတတ်နိုင်ကြတော့ဘူး၊ အရူးတွေလို မင်းတရားကြီးကို လျှောက်တင်ကြတယ်။

"အရှင်မင်းကြီး ရွှေခွက်အုပ်ခိုးသူမှာ ကျွန်တော်မျိုး ဖြစ်ပါတယ်"

"ဤသတို့ သမီးကို ကျွန်ုပ်အားပေးတော်မူပါ၊ ရွှေခွက်အုပ် ခိုးမိတဲ့ ပြစ်ဒဏ်ကို ကျွန်ုပ် ကျခံပါရစေ...."

ဒါပေမဲ့ မင်းကြီးဟာ ဘယ်သူ့ကိုမှ ခွင့်မပြုဘူး၊ နောက်ဆုံးမှ မင်းကြီးလက်ကို တင်းတိမ်အပေါက်တွင်း သွင်းလိုက်တယ်၊ ပဥ္စပါပီ

သတို့ သမီးလည်း အမှာရှုတ်အမှတ်ကို ချက်ချင်းသိပြီး ...

"ဤလက်က ငါ့ခင်ပွန်းလက်တည်း၊ ဤသူသည် ရွှေခွက်အုပ်နှင့် အမြိန်အရသာကို ထည့်၍ လာပို့သူ မှန်ပေ၏ "

ဒီတော့မှ မင်းကြီးလည်း အမတ်အပေါင်းကို မိန့်တော်မူတယ်။

"သတို့ သမီးရဲ့ ညှဲ့သက်ခြင်းကျေးဇူးကို မသိသူတို့ သည် ငါ့အား အပြစ်တင်မည်စိုး၍ သတို့ သမီးအား အလိုစမ်းသည် သာ၊ ဤသတို့ သမီးသည် ကား ငါ၏ မယားပင် ဖြစ်ပေသည် ။

မိန့်တော်မူပြီးနောက်မှာ ချက်ချင်းပဲ ပဥ္စပါပီ သတို့ သမီးကို ဘိသိက်မြှောက်ပြီး မိဖုရားကြီးအရာ ထားပေတယ်တဲ့ ..."

" ဪ ...."

"မြတ်စွာဘုရားဟာ ဤဇာတ်ဝတ္ထုကို ဟောတုန်းအခါက ပန်းသီတာ ဝါးခြမ်းစိတ်သည် ပန်းသီသဖြင့် မြတ်သောဦးခေါင်းထက်၌ တည်သကဲ့သို့ နိဒါန်းချီခဲ့တယ်၊ ဆိုလိုရင်းကတော့ အဆင်းမလှသော်လည်း ညှဲ့သက်သိမ်မွေ့သော ကျေးဇူးရှိက မြတ်သောအဖြစ်သို့ ရောက်ရာ၏ တဲ့ "

ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေရာမှ ယမင်းရုပ်လေး သက်ပြင်းကို ချတယ်။

"ပဥ္စပါပီ သတို့ သမီးလေးဟာ တော်တော်ပဲ ထူးဆန်းတယ်နော်"

"သူ့ဇာက ပိုထူးတာပေါ့၊ ပဥ္စပါပီက ရုပ်အဆင်းမလှဘူးလေ၊ သူ့ဇာကတော့ ရုပ်အဆင်းပိုင်းမှာ ယှဉ်မရအောင် လှနေပြန်တယ်၊ အတွေ့အရာမှာ လည်း ပဥ္စပါပီနဲ့ ထပ်တူဆိုတော့ကာ ...."

သာမန်မိန်းမတစ်ယောက်အဖို့ ဒီလိုစွမ်းရည်ထူးမျိုး ပိုင်ဆိုင်ထားရခြင်းသည် ဂုဏ်ဝင့်စရာ ....အလှမာန်တက်စရာ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ယမင်းသူဇာကတော့ ထိုသို့မဟုတ်ပါဘူး၊ ယမင်းသူဇာဆိုတာ သာမန်ထက်မကတဲ့ မိန်းမတစ်ဦးဖြစ်ကြောင်း သူမရဲ့ စိတ်အစဉ်က သက်သေခံနေတယ်လေ။

"ပဥ္စပါပီတော့ မသိဘူး .... သူဇာကတော့ ဒီလိုခန္ဓာမျိုး ရထားတာ တအားဆင်းရဲတယ်၊ သူဇာမှာ မှ ဘာလို့ ဒါမျိုးတွေ လာဖြစ်ရလဲမသိဘူးနော်"

"ဘဝအဆက်ဆက်က သူဇာပြုခဲ့တဲ့ ကုသိုလ်တွေပေါ့ကွယ်၊ သိသည် ဖြစ်စေ မသိသည် ဖြစ်စေ သူဇာ ဖြည့်လာခဲ့တဲ့ ပါရမီတွေကြောင့်လည်း ဖြစ်မှာ ပါ၊ ဒါမှ မဟုတ် ဘဝတစ်ခုမှာ ကုသိုလ်တစ်ခုကို အရင်းပြုပြီး ဒီလိုဘဝမျိုးရရပါစေကြောင်း ဆုတောင်းခဲ့လို့ လည်း ဖြစ်မှာ ပေါ့"

"အင်းနော် သူဇာကိုယ်တိုင်ကိုယ်က မကောင်းခဲ့တာ ဖြစ်မှာ ပါလေ"

နန်းနွယ် သက်ပြင်းကို ချမိလိုက်ပါတယ်။

"ကျွန်တော့်မှာ လည်း စွမ်းရည်ထူးတစ်ခု ရှိတယ်သူဇာ"

"ဟုတ်လား ဘယ်လိုမျိုးလဲဟင် ...."

"ပညာရပ်တစ်ခုကို စိတ်နှလုံးနှစ်ပြီး ခဏလေး သင်ကြားလိုက်ရုံနဲ့ အလုံးစုံ တတ်မြောက်သွားတတ်တာမျိုး၊ တတ်မြောက်တာကလည်း အပေါ်ယံသာဘော မဟုတ်ဘူး သူဇာ၊ ဟိုး .... အတွင်းထဲထိ တိုးဖောက်သိမြင်သွားတတ်တာ၊ သူများ တွေ ပန်းချီဆွဲတာကိုကြည့်ပြီး သူတို့ ထက်သာတဲ့ လက်ရာမျိုးနဲ့ ကျွန်တော် ခဏချင်း

တတ်မြောက်သွားဖူးတယ်၊ နောက်ပြီး သူဇာယုံမလားတော့ မသိဘူး၊ ကျွန်တော် ကလည်း ကတတ်တယ်"

"ကတာ ...."

"ဟုတ်တယ် သူဇာ ကတတ်တဲ့ အကမျိုး....."

နန်းနွယ် ရှက်မနေတော့ပါဘူး၊ အထုံပါရမီကို စိတ်ပျက်နေသောသူမအတွက် သူ သက်သေပြပေးဖို့ လိုတယ်လေ၊ ထိုင်ရာမှ ထပြီး မျက်လုံးမှိတ်လိုက်ပါတယ်၊ နားထဲမှာ ဆိုင်းဆရာရဲ့ လက်သံကို အာရုံခံတော့ ခဏချင်းပဲ ပြတ်သားထင်ရှားလာတယ်၊ ပြီးတော့ ထိုဆိုင်းသံနဲ့ အတူ သူ့ရဲ့ ခေါင်း၊ ခါး၊ ခြေ၊ လက်များကို ကကြိုးအဖြစ် အသွင်ပြောင်းပစ်လိုက်တယ်။

"ဟောတော့ ...."

ယမင်းရုပ်လေး ပါးစပ်ဟောင်းလောင်း ပွင့်သွားလေရဲ့ ...

"ဒါ ကျွန်တော် လေ့ကျင့်ထားတာ မဟုတ်ဘူး သူဇာ၊ သူဇာကနေတဲ့ ပုံရိပ်ကို အာရုံမှာ မြင်ယောင်ပြီး စိတ်နှလုံးနှစ်လိုက်တာနဲ့ သူ့ အလိုလို ဖြစ်သွားတာ ....

အအံ့သြကြီး အံ့သြသွားရာမှ ...

"သူဇာ ယုံပါတယ်၊ လေ့ကျင့်တယ်ဆိုရင်တောင် ဒီလောက် အချိန်လေးအတွင်း ဒီလိုအဆင့်မြင့်တဲ့ ကကွက်တွေကို သေသေသပ်သပ် ကနိုင်မှာ မဟုတ်ဘူး ၊ သူဌေးလေးကလည်း အထူးအဆန်းပဲနော်"

"ဒါပေမဲ့ ပညာရပ် အလုံးစုံရယ်တော့လည်း ဒီလိုမဖြစ်လောက်ဘူး ထင်ပါတယ် ... .. ကျွန်တော်မွေ့လျော်ရာ ပညာရပ်တွေလောက်ပဲ

တတ်မြောက်ဖို့ များမှာ ပါ၊ ပါရမီဆိုတာ ဒါမျိုးပဲလေ"

"သူဇာ နားလည်အောင် ရှင်းပြပါလားဟင် ...."

"လူ တွေ မှာ ရုပ်နဲ့ နာမ်ဆိုပြီးတော့ရှိတယ် သူဇာ ...၊ ရုပ်ဆိုတာ ပျက်စီးမယ့်အရာ၊ နာမ်ဆိုတာ မပျက်စီးနိုင်တဲ့ အရာ၊ ဘဝအဆက်ဆက် သင်ကြားလေ့လာခဲ့တဲ့ ပညာ၊ ပြုလုပ်ခဲ့တဲ့ အရာတွေဟာ နာမ်မှာ သွားစုတယ်၊ ရုပ်ပြောင်းလဲသွားပေမဲ့သူတို့ ဟာ မပျက်စီးဘူး ...မပြောင်းလဲဘူး၊ ခန္ဓာ ပျက်စီးသွားတဲ့ အခါမှာ နာမ်ဟာ နောက်ခန္ဓာသစ် ဘဝသစ်တစ်ခုကို ပြန်ရတယ်၊ နာမ်မှာ ရှိနေတဲ့ အရင်ဘဝက ပညာတွေ၊ သင်ကြားခဲ့တာတွေ ၊ ပျော်မွေ့ခဲ့တာတွေဟာ ခန္ဓာသစ်မှာ ခဏလေး ပြန်လေ့လာလိုက်ရုံနဲ့ အစမှ အဆုံးတိုင် ပြန်ပေါ်လာတယ် .... ဒီသဘော ပါပဲ၊ ကျွန်တော်လည်း အရင်ဘဝတွေက အနုပညာနဲ့ ပတ်သက်တဲ့ အရာတွေ မွေ့လျော်အားကြီးခဲ့လို့ အခုဘဝမှာ လည်း လွယ်လင့်တကူ ပြန်ရနေတာ နေမှာ ပေါ့"

"လူဝင်စားဆိုတာ အဲလိုမျိုးကို ခေါ်တာလားဟင် ...."

"ဖြစ်နိုင်ပါတယ် သူဇာ၊ ခန္ဓာသစ်မှာ က လူသေပြီး လူပြန်ဖြစ်တာရှိသလို ...တိရစ္ဆာန်သေပြီး လူဖြစ်လာတာတွေ ...နတ်ပြည်က ဆင်းလာတာတွေ ဒါမှ မဟုတ် ငရဲပြည်က တက်လာတာတွေ .... အစုံဖြစ်နိုင်ပါတယ်၊ အခု သူဇာဆိုရင်လည်း ပဥ္စပါပီသေပြီး ပြန်ဝင်စားတာ ဖြစ်ရင်ဖြစ်မှာ ပဲလေ"

"အဟင်း ....ဟင်း ...."

သူဇာက တိုးညင်းစွာ ရယ်ဟယ် ....။

"ဒါမှ မဟုတ်လည်း နတ်ပြည်က နတ်သမီးလေးတစ်ပါး စုတေလာတာ ဖြစ်မှာ ပေါ့"

ယမင်းရုပ်လေးမှာ ရက်စနိုးအမူအရာနဲ့ ခေါင်းငုံ့သွားပြန်ပါတယ်၊ ချစ်ဖို့ ကောင်းလိုက်တာလေ။

လို စဉ် မှာပဲ ထင်မှတ်မထားတဲ့ ဆူညံသံတွေက ခြံဝန်းတံခါးမကြီးဆီမှ ထွက်လာပါတော့တယ်၊ ပြတင်းတံခါးရှိရာသို့ နန်းနွယ် အလျင်အမြန်ထကြည့်လိုက်တော့ ...

"ဟင် ..."

လူတစ်ယောက်ကို သတိုးနွယ်၊ မိုးညွှင်းတို့ အုပ်စု ဝိုင်းဝန်း ထိုးကြိတ်နေကြတယ်၊ အထိနာသူ လူငယ်မှာ အတုံးအရုံး လဲပြိုနေပါတယ်၊ ဘာဖြစ်တာလဲ။

နန်းနွယ် ချက်ချင်းပဲ အိမ်အောက် ပြေးဆင်းခဲ့လိုက်တယ်၊ ရှုပ်ထွေးလှသော အခြေအနေကြောင့် ယမင်းရုပ်လေးလည်း သူ့နောက်မှ အပြေးလိုက်လာတယ်။

"သတိုးနွယ် ရပ်စမ်း ...."

သူ့ တားမြစ်သံကြောင့် ထိုးကြိတ်လုလုလက်တွေ လေမှာ တန့်သွားတယ်၊ အမှောင်ရိပ်ထဲမှာ မှို့ လဲပြိုနေသူကို မည်သူဖြစ်မှန်း သူ မမြင်ရပါဘူး။

"ဘာဖြစ်ကြတာလဲ"

"ကျွန်တော်တို့ တားနေတဲ့ ကြားက အစ်မလေး ယမင်းသူဇာနဲ့ ဝင်တွေ့မယ်ဆိုပြီး အတင်းလုပ်နေလို့ "

ကြည့်နေစဉ်မှာပဲ အပြေးလိုက်လာတဲ့ ယမင်းသူဇာက သူ့နောက်ကျောကို ရောက်လာပါတယ်၊ ယမင်းသူဇာကို မြင်တယ်ဆိုရင်ပဲ မြေမှာလဲကျနေတဲ့ လူငယ်ဟာ ဆတ်ခနဲခုန်ထပြီး မျက်နှာကို လက်နဲ့ ကွယ်လို့ မှောင်ရိပ်တွင်း ပြေးဝင်သွားပါတော့တယ်။

"ဘာဖြစ်ကြတာလဲ၊ သူကရော ....ဘယ်သူလဲ"

ထိုခဏမှာပဲ မိုးညှင်းက မြေမှာလဲကျနေတဲ့ အရာတစ်ခုကို ဆွဲယူလို့ သူ့လက်တွင်း လာပေးတယ်။

အစိမ်းရောင် ဇာပဝါတစ်ထည်။

ဇာပဝါကို မြင်လိုက်သည် ဆိုလျှင်ပဲ ယမင်းသူဇာမှာ တုန်လှုပ်သွားရလေရဲ့ ။

"ဘုရားရေ ...."

ဒါ ....ဒါ ....သူမရဲ့ ...

"သူ့ကို သိနေတာလား သူဇာ"

တုန်လှုပ်သွားသောမျက်နှာကို အလျှင်အမြန်ပြင်လိုက်ရင်း ....

"ဟင့်အင်း မသိပါဘူး"

မဖြစ်မနေ လိမ်ညာလိုက်ရသော်လည်း သူမစိတ်တွင်းမှာ ဆုတောင်းမိနေတာက ...

"ဘုရား ....ဘုရား ...ထင်ထားသလို မဟုတ်ပါစေနဲ့ ...."

*****

## (၄)

အာကာသ ဟင်းလင်းပြင်တစ်ခုလုံး မိုးသားတိမ်လိပ်တွေနဲ့ အုံ့မှိုင်းကာနေတယ်၊ အနောက်တောင်အရပ်ဆီမှာ လျှပ်စီးတွေ အပြိုင်းအရိုင်း လက်နေကြပြီ၊ အဆောလတ်မြို့လေးဟာ မိုးဦးကျ အစပိုင်းနေ့ရက်များကို ရင်ဆိုင်ဖို့ အဆင်သင့် မဖြစ်သေးဘူးထင်ရဲ့ ၊ မကြာခင် ကျရောက်လာတော့မယ့် မိုးစက်မိုးပေါက်များကို ရင်ဆိုင်ကာကွယ်ဖို့ သူ့ထက်ငါ အပြိုင်အဆိုင် ကြိုးစားနေကြတယ်။ ဒါပေမဲ့ စံအိမ်တော်တစ်ခုကတော့ အားလုံးနဲ့ ကွဲလွဲကာနေပါတယ်၊ လွန်ခဲ့သော ကာလတစ်ခုဆီက ဤအရပ် ဤဌာနေလေးဟာ အလွန်တရာမှ စည်ကားသိုက်မြိုက်ခဲ့ရာ နေရာလေးတစ်ခုပေါ့ ။

ဥဒဟို ဝင်ထွက်သွားလာနေတဲ့ စပါးကျီလှည်းတွေ၊ ကုန်သည်ပွဲစားတွေ၊ တက်ညီလက်ညီ ပေါင်းစုလုပ်ကိုင်နေကြတဲ့ အလုပ်သမားလုလင်ပျိုတွေ၊ ဈေးဖြတ်သံ တာလီမှတ်သံတွေနဲ့ အလွန်မှ ကို စည်ကားခဲ့တာပါ။ ခုတော့စံအိမ်တော်ကြီးမှာ ထိုအရာတွေ မရှိတော့ဘူး၊ တစ်ချိန်က ဝင့်ကြွားခဲ့မှုတွေကသူနဲ့ မသက်ဆိုင်တော့သလိုပါပဲ။

မိုးသားတိမ်လိပ်အောက်မှာ တစ်ထီးတည်း ရပ်တန့်တည်ရှိနေပုံက ဝမ်းနည်းဖွယ် ကောင်းလွန်းလှတယ်၊ သူကိုယ်တိုင်လည်း ဟိုအတိတ်ဘဝကိုလွမ်းနေပါလိမ့်မယ်။

"သခင်လေးက အသပြာ ထပ်တောင်းနိုင်းလိုက်ပြန်ပြီပေါ့ "

"ဟုတ်ကဲ့ ....ဦးနို"

သတိုးနွယ် ကိုယ်ကိုယ့် ရင်း တိုးညင်းစွာ အဖြေပေးမိတယ်။

"မင်းတို့ မဖျောင်းဖျကြဘူးလားကွယ်"

"ကျွန်တော်တို့ မှာ သခင်လေးကို ဖျောင်းဖျနိုင်တဲ့ အသိဉာဏ်ဘယ် မှာ ရှိပါ့မလဲလေ၊ သခင်လေးနန်းနွယ်ဆိုတာ ဖျောင်းဖျစရာမလိုအောင် အသိဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ယောက်မှန်း ဦးနိုသိနေတာပဲ"

ဦးတိန်နို သက်ပြင်းကိုချတယ်၊ ပြီးတော့ ခေါင်းရင်းဘက် အရပ်ဆီကို အကြည့်ရောက်မိတယ်။ အိမ်ရဲ့ ခေါင်းရင်းမှာ ပိုးပုဆိုးအကွက်ကျဲ၊ ကတ္တီပါတိုက်ပုံ၊ မောင့်ကျက်သရေ ခေါင်းပေါင်းအုပ်အုပ်နဲ့ အလွန်တရာမှ တင့်တယ်သော ကိုယ်နေဟန်ဖြင့် ပုံတူပန်းချီကားကြီးတစ်ချပ် ရှိနေတယ်။

တခြားလူတော့ မဟုတ်ပါဘူး၊ ဤအဝန်းအဝိုင်းတစ်ခုလုံးရဲ့ အထွဋ်အမြတ်ထားရာ .... လေးစားကိုးကွယ်ရာ စံအိမ်ရှင် သခင်ကြီးပေါ့၊ ကိုယ်ထီးကိုယ်စိုက် ကိုယ့်ပလ္လင်ကိုယ်ပြင်ပြီးမှ နန်းစံခွင့်မရခဲ့တဲ့ ပုဂ္ဂိုလ်ကြီးဆိုလျှင်လည်း မမှားပါဘူး၊ ပြီးတော့ သူဟာ သခင်လေးနန်းနွယ်ရဲ့ ဖခင်ကြီးလည်း ဖြစ်နေတယ်လေ။

"သခင်ကြီးသာ ခုချိန်ထိရှိနေရင် ငါ့ကို ဘာပြောမလဲမသိဘူးနော်၊

သခင်လေးနန်းနွယ်ကို မဖျောင်းဖျရကောင်းလား ဆိုပြီး ငါ့ကို ဆူပူကြိမ်းမောင်းနေမှာ သေချာတယ်"

ဦးတိန်နိုက ပြုံးရိပ်မှာနဝင့်နေတဲ့ သခင်ကြီးရဲ့ မျက်နှာကို

နိုးတထိတ်ထိတ် လှမ်းကြည့်ရင်း ပြောတယ်။

"ဒီအခြေအနေအထိ ဖြစ်လာဖို့ သခင်ကြီးနဲ့ ဦးနိုတို့ ဘယ်လောက်တောင် ကြိုးစားခဲ့ရတယ်ဆိုတာ ကျွန်တော်တို့ အားလုံး သိပါတယ်၊ ဒီစံအိမ်တော်ကြီးက သစ်ပင်ကြီးတစ်ပင်ဆိုရင် ... အဲဒီသစ်ပင်ကြီး အစဉ်မပျက် ရှင်သန်ကြီးထွားနေဖို့ လက်ချင်းချိတ် ကြိုးစားနေကြတဲ့ အရာတွေထဲမှာ ကျွန်တော်လည်း သစ်မြစ်လေးတစ်မြစ်အဖြစ် ပါဝင်ခွင့်ရဖို့ အသည်းအသန် လုံ့လပြုခဲ့ဖူးတယ်၊ ဒါပေမဲ့ ဦးနိုရယ် ....ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်းနေတဲ့ ဒီသစ်ပင်ကြီးရဲ့ အရိပ်ကို ကျွန်တော်တို့ သခင်လေးက မစံပယ်ရပဲ အခြားသူတွေက ဝင်ရောက်စံပယ်နေပြီလေ၊ ဘာအလုပ်မှ မည်မည်ရရမလုပ်ပဲ စားပွဲမှာ အခန့်သားထိုင်ပြီး သခင်လေးရဲ့ စည်းစိမ်တွေကို အလကားယူနေတဲ့ ဓာတ်ဆရာဆိုတဲ့ လူကို ကျွန်တော် သိပ်မုန်းတယ်ဗျာ"

သတိုးနွယ် အံကိုတင်းတင်း ကြိတ်ထားလိုက်မိတယ်။

"ဦးနိုကိုယ်တိုင် နေပြည်တော်ကို ကျွန်တော်နဲ့ လိုက်ပြီး သခင်လေးကို ဖျောင်းဖျပါလားဗျာ"

ဦးတိန်နို စကားမဆိုမိပါဘူး၊ သခင်ကြီး ရုပ်ပုံလွှာအားကြည့်နေတဲ့ အကြည့်ကိုလည်း ခုချိန်ထိ မဖယ်ရှားမိသေးဘူး၊ သခင်ကြီးထံမှ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ တောင်းခံနေသလိုပါပဲ။

"သတိုးနွယ် ....တို့ သခင်လေးရဲ့ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားကို မင်းယုံလား ...."

"အကြွင်းမဲ့ပါပဲ ဦးနို"

"ငါလည်း ယုံတယ်၊ တစ်ချိန်ချိန်မှာ သခင်လေး အမုန်ကို မြင်လာပါလိမ့်မယ်၊ တချို့ အမုန်တရားတွေက နောက်ကျပြီးမှ ရောက်လာတတ်တာ သတိုးနွယ်ရဲ့ ၊ အဲဒီအချိန်ကို ငါတို့ ဆက်စောင့်ကြတာပေါ့"

သခင်ကြီးရဲ့ မျက်နှာကို ကြည့်နေရာမှ တစ်စုံတစ်ရာကို သိမြင်လိုက်သလိုမျိုး ဦးတိန်နီ ပြုံးတယ်။

"သခင်လေးဆီမှာ လည်း ဒီလိုအခြေအနေနဲ့ ပတ်သက်ပြီး နိုင်လုံတဲ့ အကြောင်းပြချက်တစ်ခု ရှိနေမှာ ပါလေ၊ မင်းတို့ တွေ သခင်လေးကို စိတ်နဲ့ တောင် မပြစ်မှားပါနဲ့ "

"စိတ်ချပါဦးနီ ဘဝရဲ့ နောက်ဆုံးအချိန်အထိ သခင်လေးနန်းနွယ်ဟာ ကျွန်တော်တို့ ရဲ့ ထာဝရသခင်ပါ"

ဒီတော့မှ ပဲ ဦးတိန်နီမှာ အပြုံးနွမ်းနွမ်းနဲ့ အတူ သတိုးနွယ်ရှိရာဘက်လှည့်လာတယ်။

"ကဲ ....သခင်လေးက ဘယ်တော့ပြန်လာဖို့ မင်းကိုမှာ လိုက်လဲ"

"နက်ဖြန်ညနေ အရောက်ပြန်ရမှာ ဦးနီ ...."

"ဒါဆို မကြာခင် မင်းသွားရတော့မှာ ပေါ့၊ မိုးတောင်ရွာတော့မယ် ဖြစ်ရဲ့ လား... ..."

"ဖြစ်ပါတယ် ဦးနီ၊ သခင်လေးအတွက်ဆို အရိုးကြေကြေ အရေခန်းခန်း တာဝန်ထမ်းဖို့ အသင့်ပါ"

ဒီတစ်ခါ အပြုံးကတော့ ဦးတိန်နီရဲ့ အပီပြင်ဆုံးအပြုံးလို့ ပဲ သတ်မှတ်ရပါတော့မယ်၊ ဦးနီ ခေါင်းတဆတ်ဆတ် ညိတ်ရင်း သတိုးနွယ်ကို ကျောခိုင်းလို့ အပေါ်ထပ်ကို တက်ခဲ့လိုက်တယ်။

လျှပ်စီးရောင် တဝင်းဝင်းက ပြတင်းတံခါးများကို ဖြတ်ပြီး အိမ်ထဲသို့ပါ ရောက်လာနေပါတယ်။ အခန်းတံခါးကို ဆွဲဖွင့်တော့ .... သခင်လေးရဲ့ အငွေ့အသက်တွေက ရင်ကိုလာရိုက်တယ်။

ဩော် ....လွမ်းလိုက်တာ သားလေးရယ်။

သခင်လေး ရှိခဲ့တဲ့ နေရာ၊ သခင်လေး အိပ်ခဲ့တဲ့ အခန်း၊ သခင်လေးထိုင်ခဲ့တဲ့ စားပွဲ၊ သခင်လေး ဆွဲခဲ့တဲ့ ပန်းချီကားများ .... အခန်းလေးကိုကြည့်ရင်း နွေးတလှည့် အေးတလှည့်နဲ့ ရင်မှာ နို့နင့်နင့်ကြီး ခံစားသွားရတယ်။

ပြန်လာပါတော့ကွယ် ...

ဒီစံအိမ်တော်မှာ စံမြန်းပြီး ဦးနိုတို့ အားလုံးကို ဦးဆောင်ပါတော့ ....၊ သက်ပြင်းလေးလေးကိုချပြီး အခန်းတံခါးလေးကို ပိတ်လိုက်တယ်။ ပြီးတော့ လိုက်ကာလေးကိုမလို့ ဘုရားခန်းတွင် ဝင်ခဲ့ပါတယ်၊ အခန်းလေးရဲ့ ထောင့်တစ်နေရာမှာ သော့ခတ်ထားတဲ့ သေတ္တာတစ်လုံး ရှိနေတယ် ...။

တစ်ချိန်ကတော့ သူဟာ အင်မတန်မှ အင်အားပြည့်ဝခဲ့တဲ့ ဘဏ္ဍာသေတ္တာပေါ့ ၊ ခုတော့ ,တုန်ယင်လှသောလက်နဲ့ ဦးတိန်နို သေတ္တာကို ဖွင့်လိုက်တယ် ...။

"ဟော ...မိုးစက်တွေတောင် ကျလာကြပြီ"

* * *

ဘဝအမည်တပ် သံသရာရဟတ်သည်

ထူးဖွင့်သည့်သွင် မာန်ဟု နိပြင်နှင့်

မုန်ယိုရစ်သိုင်း တောဆင်ရိုင်းကဲ့သို့

* * *

ဇေယျဒိပ ပြည်ထောင်စုရဲ့ အရှင် သကျမုနိစေတီတော် ဒါယကာ

မင်းတရားကြီးဘုရားရဲ့ တောမြို့စစ်ကဝန်

သီဟရတနာတပ်မတော်၏

ဗိုလ်မင်းချုပ် မဟာမင်းလှစည်သူမှ စာလွှာပါးလိုက်သည် ။

အကြည်တို့ သုဇလ္လဒိပနှင့် ကျွန်ုပ်တို့ ဇေယျဒိပ

ပြည်ထောင်စုသည် ကံတော်ကုန်လွန်ပြီးသော ဘိုးတော

တော် ဘဝရှင်မင်းတရားကြီး လက်ထက်မှ စ နှစ်ပြည်

ထောင် အရေးတို့ တွင် သံကြီးတမန်ကြီး ပိသစ္စာ ချစ်ကြည်

မဟာမိတ်ပြုခဲ့သည် ကို သိအပြီး ဖြစ်ပါသည် ။

သို့ပါလတ်ငြား ....။

ကျွန်ုပ်တို့ ၏ ရေမြေသနင်း တရားမင်း၏ သားတော်

အိမ်ရှေ့ဥပရာဇာသည်   သုဇလ္လဒီပ ပြည်တော်တွင်

ဝင်ရောက်လည်ပတ်သည့်အခိုက် သင်တို့ ပြုလိုက်သော

မတရားမှုသည် အရှင်ဧကရာဇ် မင်းစင်စစ်တို့ ၏

အခွင့်အာဏာကို ထိပါးလိုက်သည့် သဘောအရာသာ

ဖြစ်တော့သည် ။

ထိုအမှုကိစ္စအတွက် ....

သီဟရတနာတပ်မတော်၏ ဗိုလ်မင်းချုပ်

အကျွန်ုပ်ကိုယ်တိုင် နောက်ဆုံးစကားကို ဆိုလိုသည် ။

သင်တို့ ပြည်ထောင်စုရဲ့ အတုမရှိသော

မိန်းမလှရတနာ ယမင်းသူဇာအား ကျွန်ုပ်တို့ ရဲ့ ရေမြေသနင်း

ပြည့်ရှင်မင်းရဲ့ အရိုက်အရာ ဆက်ခံသူ

အိမ်ရှေ့ဥပရာဇာထံ ဆက်သစေလိုသည် ။

မဟုတ်သော်ကား စစ်သော်ပြုစေလိုသည် ။

နှစ်ပြည်ထောင် ရင်ကြားစေ့ရေး အခွင့်အာဏာအတွက်

အကျွန်ုပ်ပြုလုပ်နိုင်သည် မှာ ထိုမျှသာ ဖြစ်တော့သည် ။

တောင်ငူမြို့ စစ်ကဲဝန် သီဟရတနာ တပ်မတော်၏
ဗိုလ်မင်းချုပ် မဟာမင်းလှစည်သူ ဆင့်သည့်စာ ....။

* * * * *

( ၆ )

"ဒါက ဘယ်လိုဖြစ်ရတာလဲ သောင်းတန်"

နန္ဒပုံချို အမတ်မင်းကြီးရဲ့ မေးခွန်းထုတ်သံက ခန်းမကြီးတစ်ခုလုံးကို ဟိန်းထွက်သွားတယ်၊ ဓာတ်ဆရာ သော င်း တ န် မှာ နဖူးနှင့် ကြမ်းပြင်ထိမတတ် ငုံ့ပြီး တုန်တုန်ယင်ယင်ဖြင့်...

"ကျွန်တော်မျိုး ဘာမှ မသိပါဘူးအရှင်၊ ဒီစာချွန်လွှာနဲ့ ပတ်သက်ပြီးလည်း တကယ်ကို နားမလည်မိတာပါ"

"နားမလည်ဘူး ဟုတ်စ၊ နင်ကသာ နားမလည်တယ် ငါတို့ သုဓမ္မ ၊ ဇေယျဒိပ နှစ်ပြည်ထောင် စစ်ခင်းရမယ့်အရေးက ပိုကဲတော့မယ်၊ လွှန်ခဲ့တဲ့ ရက်က ဇေယျဒိပနဲ့ အိမ်ရှေ့စံကိုယ်တော်လေး နင့်ရဲ့ ဓာတ်မင်းသမီး ယမင်းသူဓာထံ အလည်လာသည့်ကိစ္စ နင့်ရဲ့ လက်အောက်ငယ်သားတွေက ခြံဝမှာ ရိုက်ပုတ် လွှတ်လိုက်ကြတယ်ဆို ...."

"ဗျာ ...."

ဇာတ်ဆရာ သောင်းတန်မှာ အကြီးအကျယ် အံ့သြသွားလေရဲ့ ........

"မ ... မဟုတ်ဘူး ထင်ပါတယ် ဘုရား၊ အဲဒီကိစ္စကို ဘုရားကျွန်တော်မျိုး လုံးလုံးမသိပါ ဘုရား ...."

"ဟယ် ...အရပ်သားနှင့် ခြဝန်းရှေ့ ဖြစ်ပျက်တဲ့ ကိစ္စ နှင်မသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား၊ တော်တည့်မှန်ကန်စွာ ဖြေပါလေ၊ ဒီအရေး ဘယ်လောက်လေးနက်တယ်ဆိုတာ နှင်သိရဲ့ မဟုတ်လား သောင်းတန်"

"သိ .... သိပါတယ်ဘုရား .... သို့ပေတည့် ... ဖြစ်ပွားရာ အကြောင်းရင်းမှန်ကို ကျွန်တော်မျိုး အမှန်မသိကြောင်းပါ၊ ကျွန်တော်မျိုးရဲ့ လက်အောက်ငယ်သားတွေ အချင်းများကြတယ်ဆိုရင်လည်း ဒါဟာ ဇေယျဒီပရဲ့ အိမ်ရှေ့စံကိုယ်တော်မြတ်ဖြစ်ကြောင်း မသိလို့ သာ ဖြစ်ပါလိမ့်မယ်ဘုရား၊ ကျွန်တော်မျိုးတို့ မှာ အဲလောက်ထိ သွေးမရှိပါဘုရား၊ သွေးမရှိပါဘုရား ...."

"ဒါဆို နှင် တကယ်ပဲမသိဘူးပေါ့"

"ကျွန်တော်မျိုးမှာ အမတ်မင်းကို လိမ်ပြောရဲတဲ့ သတ္တိ မရှိပါဘုရား၊ ထားရင်လည်း နေရပါ့မယ် သတ်ရင်လည်း သေရပါ့မယ်၊ ဟုတ်မှန်သည့်အတိုင်း လျှောက်တင်ပါတယ်၊ ကျွန်တော်မျိုး အမှန်ပင် မသိကြောင်းပါ"

နန္ဒပျံချီ အမတ်ကြီးမှာ ငြိမ်ကျသွားတယ်၊ သာမန်အရပ်သားတွေအနေနဲ့ အခုလောက်ထိ စွန့်စားရဲတဲ့ သတ္တိ မရှိမှန်းလည်း သိထားတယ်လေ။

"အေးလေ ဒါဆိုလည်း ရှိစေတော့ အလှည့်ကျမြင်းကင်းတွေလည်း ငါ စစ်ပေးပြီးပြီ၊ ဓေယျဒီပမှာ ရှိတဲ့ အထောက်တော်တွေဆီကလည်း သတင်းရပြီးပြီ၊ အိမ်ရှေ့စံကိုယ်တော်ကို မောက်မာရိုင်းပျတဲ့ အရေးနဲ့ ပတ်သက်ပြီးဓေယျဒီပ နန်းတော်တစ်ခုလုံး တောက်တခေါက်ခေါက် စစ်တပြင်ပြင် ရှိနေကြတယ်တဲ့ ရာဇသံပို့ပြီး ချက်ချင်း စစ်ချီမလာတာ ကံကောင်း၊ တော်ပါသေးရဲ့ ...အခု စာချွန်လွှာတောင် အိမ်ရှေ့စံကိုယ်တော်နဲ့ ဘုန်းတော်ကြီးဘုရားထံတိုက်ရိုက် မရောက်ပါပဲ ငါ့လက်တွင်း ရောက်လာပေလို့ ၊ မဟုတ်ရင် ဒီအရေးတော်တော်မသေးဘူး"

ဇာ တ် ဆ ရာ မှာ ထိတ်လန့်လွန်းသည် ကြောင့် တစ်ကိုယ်လုံး တုန်ရီနေပါတယ်၊ အခုအရေးက သူ နဲ့ တိုက်ရိုက်ပတ်သက်နေတာလေ။

"ကျွန် ...ကျွန်တော်မျိုးတို့ ဘာလုပ်ကြရပါ့မလဲဘုရား ...."

"ဘာ လု ပ် ရ မှာ လဲ၊ သူတို့ တောင်းဆိုတဲ့ အတိုင်း နင့်ဇာတ်မင်းသမီးကို ဓေယျဒီပတိုင်း ဆက်သရမှာ ပေါ့"

"ဗျာ ...."

ဇာတ်ဆရာသောင်းတန်ရဲ့ ၊ အသိအာရုံတွေ မူးမေ့မတတ် ဖြစ်သွားရတယ်၊ ယမင်းသူဇာကို ဓေယျဒီပတိုင်း ဆက်သရမယ်တဲ့ ၊ ယမင်းသူဇာမရှိတော့ရင် သူ့ရဲ့ စည်းစိမ်ဥစ္စာတွေ ဆထက်တပိုး တိုးတက်ရန် မရှိတော့ပဲရပ်တန့်သွားတော့မှာ ပေါ့.....။

"ဒီလိုဆိုလျှင်ဖြင့် ယမင်းသူဇာအပေါ် အားပြုနေရတဲ့ ကျွန်တော်မျိုးတို့ ဇာက်တစ်ဖွဲ့လုံး ...."

"ဟဲ့ ...သောင်းတန် ငါ လုပ်ပေးနိုင်တဲ့ အခွင့်အာဏာ ဒါအကုန်ပဲ၊

မဟုတ်ရင် နင်တို့ တစ်ဖွဲ့လုံး ကွပ်မျက်ခံရမယ့်အရေးသာ ရှိတော့မယ်"

သောင်းတန် နှုတ်ဆိတ်ရချေပြီ၊ သူ ဘာမှ မတတ်နိုင်တော့ဘူးလေ၊ ရွေးချယ်ခွင့်ပေးသော ချိန်ခွင်လျှာနှစ်ဖက်မှာ သူ့အတွက် ခက်ခဲလွန်းပေစွ၊ လိုစဉ်မှာ ပဲ သူ့နံဘေးကို ချပ်ဝတ်တန်ဆာ အပြည့်အစုံနဲ့ ဗိုလ်မင်းတစ်ဦး အခစားရောက်လာတယ်။

"အမတ်မင်းရဲ့ ဆင့်ခေါ်မှုအရ ကျွန်တော့်မျိုး နေမျိုးမင်းခေါင် အခစားရောက်ကြောင်းပါ"

"အိမ်း ....ဗိုလ်မင်းခေါင်၊ နက်ဖြန်နံနက် အရုဏ်တက်ချိန်မှာ သင်ဦးဆောင်ပြီး ဖေယျုဒိပတိုင်းအရောက် ပဏ္ဏာဆက်သွားရမယ်၊ ဆင်တစ်ဆယ်၊ မြင်းနှစ်ဆယ်၊ ရဲမက်သုံးရာယူစေ၊ လိုအပ်ရာအရပ် ပဏ္ဏာရောက်ရေးမှာ သင့်တာဝန်၊ ကျန်တာဝန်များ ခွဲဝေယူစေ ...၊ မိမိတာဝန်မှ လွတ်သူ တာဝန်ခံသေဒဏ်ပြန်စေ ...."

* * *

(၉)

"ဒါ ကျုပ်တို့ အတွက် သတင်းကောင်းပဲ အစ်မတော်၊ ကျုပ်တို့ စောင့်မျှော်နေတဲ့ အချိန်ဆိုတာ ဒါပဲ"

"ငါ့ကို သေချာလျှောက်တင်စမ်း သံပျဉ်ငယ်၊ နင် ဘာကိုဆိုလိုတာလဲ ...."

"ယမင်းသူဇာကို ပဏ္ဏာအဖြစ်နဲ့ ဓေယျဒီပတိုင်း ဆက်သတော့မယ်ဆို..."

"အတွင်းတော်မှာ တော့ အဲဒီအတိုင်း သတင်းထွက်နေတယ်"

သံပျဉ်မင်းသား ယုံ့ယုံ့လေး ပြုံးမိသွားတယ်၊ စောင့်မျှော်နေတဲ့ အချိန်ဆိုတာ ဒါပဲလေ၊ ဒီထက်ကောင်းတဲ့ အခွင့်အခါမျိုး နောက်နောင်ရရှိဖို့ မလွယ်တော့ဘူး၊ . ကြောင်တစ်လှည့် ကြွက်တစ်ခုန်ဆိုတာ ဒါမျိုးထင်ရဲ့ ....။

"ဓေယျဒီပ နေပြည်တော်ထဲကနေ ယမင်းသူဇာကို ကျုပ်ရအောင် နိုးထုတ်မယ်၊ ပြီးရင် သူရှိခဲ့တဲ့ နေရာမှာ သုဓလ္လဒီပရဲ့ အမှတ်အသားအချို့ ချန်ခဲ့မယ်၊ ဓေယျဒီပရဲ့ အခွင့်အာဏာကို လွန်ဆန်ပြီး သုဓလ္လဒီပက မိမိပြည်သူ မိမိပြန်ခေါ်ထုတ်သွားတယ် ဆိုတဲ့ သဘောမျိုး သက်ရောက်စေရမယ်၊ ဒါပေမဲ့ ယမင်းသူဇာကို နေပြည်တော် ပြန်ခေါ်လာမှာ မဟုတ်ဘူး ၊ ကဏ္ဏဒီပတိုင်းနဲ့ နယ်နိမိတ်ချင်းဆက်လျက် မောက်မယ်နယ်ကို ခေါ်သွားမှာ၊ မောက်မယ် စော်ဘွားကလည်း နန္ဒသူ မင်းသားငယ်ကို နန်းတင်ဖို့ အရေး ကျုပ်တို့ သစ္စာကို ခံယူထားတာမို့ ကျုပ်သဘောအတိုင်း ရှိလိမ့်မယ်၊ မောက်မယ်နယ်မှာ ယမင်းသူဇာရှိကြောင်း ကဏ္ဏဘုရင်သာ သိသွားပါစေ၊ ယမင်းသူဇာရဲ့ အထိအတွေ့ကို သကာရည်အိုးထဲကျတဲ့ ပျားပိတုန်းလို စွဲလမ်းဖူးထားတဲ့ ဘုရင် နေနိုင်မယ်မထင်ပါဘူး၊ တပ်တော်ချီပြီး မရအရသာ သိမ်းမှာ ပါ ၊ ရှေ့တိုးမယ့်ဆင် နောက်တစ်လှမ်း ဆုတ်ဆိုတာ ဒီနေရာမှာ အသုံးဝင်လိမ့်မယ် အစ်မတော်၊ ယမင်းသူဇာကို ကျုပ်တို့ အသာတကြည် ပေးလိုက်မယ်"

"အဲဒီတော့ ...."

မြောက်နန်းမိဖုရားက မျက်မှောင်ကိုကျုံ့ရင်း မေးလာရဲ့ ...

"ကဏ္ဍဘုရင် အသာယာကြီး သာယာနေတဲ့ အချိန်မှာ သူတို့အလစ်အငိုက်ကို စောင့်ပြီး သုဇလ္လဒီပရဲ့ ရွှေလေ့ခံတပ်တပ်မှူးတစ်ယောက်အနေနဲ့ ကျုပ်ကိုယ်တိုင် ယမင်းသူဇာကို နေပြည်တော်အရောက် တရားဝင် ပြန်ခေါ်လာခဲ့မယ်"

"တိုက်နိုက်ပြီး ခေါ်လာမှာ ကို ပြောတာလား"

"အသာတကြည် ပေးမှာ တော့ မဟုတ်ဘူး လေ ..."

"အဲလိုဆို နှစ်နိုင်ငံအရေး တင်းမာကုန်မှာ ပေါ့ ...."

မိဖုရားမှာ ရှေ့ရေးကိုတွေးပြီး စိုးရိမ်တကြီး ပြောလာပါတယ်။

"ကျုပ်တို့လိုချင်တာ အဲဒါပဲလေ"

"......"

"ဓေယျဒီပ၊ ကဏ္ဍဒီပ နှစ်နိုင်ငံလုံးက ရာဇသံစေလာရင် ကဏ္ဍဒီပအရေးအတွက် အောင်ပွဲခံရင်းဆွဲရှိသူ အိမ်ရှေ့စံကသည်းမင်းသားကိုပဲ မင်းတရားကြီးက စေလွှတ်လိမ့်မယ်၊ မောက်မယ်နယ်အထိ ရိုင်းပျစော်ကားထားတဲ့ အရေးကိုလည်း ခွင့်လွှတ်လိမ့်မယ် မထင်ဘူး၊ ငယ်ရွယ်ချိန် ပွဲတိုင်းကိုအောင်လံစိုက်ချင်ချိန်ဆိုတော့ ကသည်းမင်းသားကလည်း လက်ခံမှာ ပဲ ...ဒါပေမဲ့ ဓေယျဒီပ အရေးတွက်ကိုတော့ မင်းတရားကြီး စဉ်းစားသွားနိုင်တယ်၊ အင်အားတောင့်တင်းပြီး သူရဲကောင်းပါတဲ့ ဓေယျဒီပနဲ့ စစ်မက်ပြုလိုလိမ့်မယ် မထင်ဘူး၊ စစ်မပြုချင်လို့ လည်း နန္ဒပုံရှိ တို့ ဘက်က ယမင်း သူဇာကို စိတ်အေးလက်အေး ဆက်သတာပဲလေ၊ အဲဒီအတွက် သံတမန်နည်း မဟာမိတ်နည်းနဲ့ ပဲ

ဧယျဒိပအရေးကို ဖြေရှင်းလိမ့်မယ်၊ ဧယျဒိပနဲ့ စစ်ရေးအရရော သံခင်းတမန်ခင်းအရရော ချစ်ကြည်ရင်းဆွဲ ရှိထားတာက ကျုပ်ဆိုတော့ အဲဒီကိစ္စအတွက် ကျုပ်ကိုစေလွှတ်ဖို့ တော့လိုတယ်၊ ကျုပ်မဟုတ်လဲကျုပ်ပဲဖြစ်အောင် မင်းကြီးမိန့်မှာ ရေးအတွက် အစ်မတော် တာဝန်ယူပေးပါ"

"တာဝန်ယူတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ယမင်းသူဇာကို နင်ပဲနိုးထုတ်၊ နင်ပဲ ချစ်ကြည်ရေးပြန်လုပ်ဆိုတော့ ...."

အစ်မတော်စကားကြောင့် သံပျဉ်မင်းသား ပြုံးမိလိုက်ပါတယ်.....။

"အစ်မတော်ရယ် ယမင်းသူဇာကို ဧယျဒိပက နိုးထုတ်ဖို့ အရေး

ကျုပ်ကိုယ်တိုင် လုပ်ပါ့မလား၊ မောက်မပဒ်စော်ဘွားကိုပဲ ခိုင်းမှာ ပဲ၊ ကဏ္ဏဘုရင်ထံ ခစ်ဟန်ပြပြီး အသာတကြည်ပေးဖို့ လည်း သူပဲလုပ်ရမှာ ၊ အဲဒါတွေ ကျုပ်လုပ်လို့ မဖြစ်ဖူးလေ"

အဓိကကတော့ ကစားကွက်ကို ခင်းကျင်းနေသူမှာ သူဖြစ်ကြောင်းယမင်းသူဇာ သိသွားလို့ မရတာပါ၊ ယမင်းသူဇာကို ပုံစံမပျက် ဆက်အသုံးပြုဖို့ အခန်းကဏ္ဍတွေ ရှိနေသေးတယ်လေ၊ ဧယျဒိပမှ ပို့လိုက်သော ,စာချွန်လွှာ အကြောင်းလည်း သူကြားပြီးသွားပြီ ...၊ အပြန်အလှန် စောင့်ရှောက်လက်တွဲကြရန် ကတိစကားထားထားသော ဧယျဒိပရဲ့ မှူးကြီးမတ်ရာအချို့ ဩဇာကျနေကြောင်းလည်း တစ်စွန်းတစ်စ သိထားခဲ့ပြီ၊ ဒါကြောင့်လည်း ဩဇာ

တက်လှသူတို့ သဘောအတိုင်း ရာဇသံဆန်ဆန် စာချွန်လွှာ ရောက်လာတာပါ။

"နောက်တစ်ခုက ယမင်းသူဇာကို ကဏ္ဍဒီပက ကျုပ် ပြန်ခေါ်လာတဲ့ အခါ မင်းတရားကြီး အမျက်တော်မရှဖို့ လည်း အစ်မတော်ပဲ တာဝန်ယူပေးရလိမ့်မယ်၊ ဒါမှ ဇေယျဒီပကို ကျုပ် သွားခွင့်ရမှာ လေ ..."

ဥ သာ မိ ဖု ရား မှာ ယခုချိန်ထိ နားလည်သေးပုံ မရပါဘူး ...၊ သံပျဉ်ငယ် လျောက်တင်တာတွေက တစ်ခုစီ ကျဲပြန့်နေတုန်းလေ။

"ကိုယ့်ပြည်သူတစ်ယောက် မတရားသိမ်းပိုက်ခံရလို့ ဇာတိသွေးအရမဖြစ်ဖြစ်အောင် ပြန်ခေါ်လာခဲ့တယ်ဆိုတဲ့ အကြောင်းပြချက်ကောင်းတစ်ခုတော့ ရှိပါတယ်လေ၊ အစ်မတော် လုပ်နိုင်မှာ ပါ"

"ငါလုပ်ပေးပါပြီတဲ့ ဘာဆက်ဖြစ်မှာ လဲ"

"ကသည်းမင်းသားဟာ တပ်တော်ကြီးချီပြီး ကဏ္ဍဒီပကို သွားလိမ့်မယ်၊ ကျုပ်က ဇေယျဒီပကို သွားရလိမ့်မယ်၊ ဒါပေမဲ့ ကျုပ်သွားတယ်ဆိုတာ စေ့စပ်ညှိနှိုင်းဖို့ အရေးဖြစ်သလို ဇေယျဒီပနဲ့ နောင်အနာဂါတ်အတွက်ကတိသစ္စာ ထပ်ယူဖို့ လည်း ဖြစ်တယ်၊ နောက်တစ်ခုက သုဇဏ္ဏာဒီပ တန်တလျားမှာ ရှိနေတဲ့ ကျုပ်တို့ ရဲ့ သစ္စာခံ သွေးသောက်တပ်တွေကို စုရုံးဖို့ ပြီးတာနဲ့ မိုးမိတ်နယ်ကစပြီး တောင်ညိုနယ်၊ တိုင်းတာနယ်တို့ ကနေ ကသည်းမင်းသားနေပြည်တော် ပြန်ဝင်မရအောင် ဟန့်တားမယ်၊ ကသည်းမင်းသားနဲ့ သူ့တပ်တော် မရှိမှ တော့ နေပြည်တော်မှာ ကျုပ်ရဲ့ ရှေ့လှေတပ်ရင်းကို ယှဉ်နိုင်သူမရှိတော့ဘူးလေ၊ လိုအပ်ရင် လက်နက်ကိုင်ပြီး ရာဇပလ္လင်ကို အပိုင်သိမ်းလိုက်ရုံပါပဲ"

စကားဆုံးတော့ ဥသာမိဖုရား ငြိမ်ကာသွားတယ် ...၊ လေးလေးနက်နက် စဉ်းစားသွားပုံပါပဲ။

"ဖြစ်ပ့ါမလား သံပျဉ်ငယ်၊ အစီအစဉ်ကောင်းပေမဲ့ အမှားခံမရဘူးနော် ...."

"ဒါမျိုးအခွင့်အရေး နောက်တစ်ကြိမ် ပြန်ရဖို့ ကလည်း မဖြစ်နိုင်တော့တာပဲလေ၊ ကြီးမားတဲ့ အောင်မြင်မှုတိုင်းမှာ လိုအပ်တဲ့ စတေးမှုတွေရှိရတယ်ဆိုတာ အစ်မတော် သိပြီးသားပါ"

မိ ဖု ရား မှာ သက်ပြင်းကိုချတယ်၊ သူ့ရင်မှာ အုံ့နွေးလေးပင်လှပါတယ်၊ အလျော်အစားမှာ ကြီးလွန်းလှရဲ့ .....။

"အင်း ....ကျုပ်ရဲ့ တူတော်လေးတော့ ဘုန်းကံတောက်ချိန်ရောက်လုပြီ ထင်တာပဲ အစ်မတော်"

* * *

အာဃာတသည် မီးနှင့်တူ၏။
သူတပါးကို လောင်မြိုက်စေရန်အတွက်
ကိုယ်ကိုယ်တိုင် အရင်ဆုံး လောင်ကျွမ်းခံရသည့်
ရှားပါးမီးတစ်မျိုးလည်း ဖြစ်သည်။
ထိုမီးကို ကိုးကွယ်သော အမျိုးတို့သည်
ကွေ့ကောက်ကြကုန်၏။
ရက်စက်ကြကုန်၏။
သူတို့ ရှေးရှုရာသည်
ချွန်သော ဆောက်ညိုးသာဖြစ်၍
ကျန်အရာများကို စတေးပစ်ရန် ဝန်မလေး။
မိန်းမငယ်သည် ချစ်ရေးရှုလာခဲ့ပြီး
မြွေသိုက်နှင့်တူသော နောက်ကွယ်မှ
အငြိုးအတွေးများကို ဘာမျှမသိခဲ့။
အကြင်သူသည်လည်း ကိုယ်ကျိုးလာ....

ဒါက အသပြာသေတ္တာ ... ဒါက သူ့ကြွယ်ကုန်းရပ်မှ စံအိမ်တော်နှစ်လုံးအတွက် ပိုင်ဆိုင်မှု အထောက်အထား၊ ဒါက ပုဏ္ဏာကုန်းရပ်၊ သပြေတန်းရပ်တို့ မှ ခြံဝန်းကျယ်နှင့် စံအိမ်တော်သုံးလုံးတို့ အတွက် မိမိပိုင်ဆိုင်ကြောင်း အသိအမှတ်ပြုထားမှုများ ၊ ဒါက ရက်ကန်းရုံ သုံးရုံအတွက် မူလပိုင်ရှင်မှ မိမိလက်သို့ လွှဲအပ်ရောင်းချထားသည့် ကတိကဝတ်စာချုပ်၊ ဒါက နေပြည်တော် ဆင်ခြေဖုံးများ တွင် ဝယ်ယူထားသည့် လယ်မြေဇကေ ပိုင်ဆိုင်မှုများ ၊ ဒါကသုလ္လဒီပတိုင်း အနှံ့ လက်လှမ်းမီသလောက် မိမိဝယ်ယူထားသည့်မြေယာအထောက် အထားများ ...။

အဖုံးကိုဖွင့်တော့ ဖိတ်ဖိတ်လက်နေတဲ့ အသပြာများက သေတ္တာအပြည့် ရှိနေတယ်၊ အသပြာနှင့် မိမိပိုင်ဆိုင်မှုများကိုကြည့်ပြီး ဇာတ်ဆရာသောင်းတန် အံကိုကြိတ်ထားလိုက်မိတယ်၊ တဆက်တည်းဆိုသလို ဝမ်းနည်းစိတ်က အုံနဲ့ ကျင်းနဲ့ ဝင်ရောက်လာပါတယ်။

သူ့ရဲ့ ကြွယ်ဝမှုတွေအားလုံး ဤ၍ ဤမျှနဲ့ သာ ရပ်တန့်သွားပြီလေ၊ ယမင်းသူဇာ သူ့ အနီးအပါးမှာ မရှိတော့တာ တစ်ပတ်နီးနီးပင် ရှိခဲ့ပြီ မဟုတ်ပါလား၊ ဗိုလ်မင်းခေါင် ဦးဆောင်တဲ့ ပဏ္ဏာပို့အဖွဲ့ တောင် ပြန်ရောက်ကြောင်း သတင်းသဲ့သဲ့ ကြားရရဲ့ ၊ တစ်နေ့ ရွှေဥတစ်လုံး ဥပေးနေတဲ့ သူ့ရဲ့ ငန်းဖြူမလေးဟာ မင်းအမိန့်နဲ့ သိမ်းပိုက်ခံရပြီး အခြားသူလက်တွင်းကို ရောက်သွားခဲ့ပြီ။

"တောက် ...."

ထိုခဏမှာ ပဲ အခန်းဝမှ တံခါးခေါက်သံနှစ်ချက်ကို ကြားလိုက်ရရဲ့

"ဒေါက် ....ဒေါက် ...."

"ဘယ်သူလဲ"

"ကျုပ်ပါဇာတ်ဆရာ သာဒင်ပါ"

"ပြော ....သာဒင် ...ဘာကိစ္စရှိလို့ လဲ"

"အောက်ထပ် မှာ အဆောလတ်သူဌေးလေး နန်းနွယ် ရောက်နေပါတယ် "

နန်းနွယ်ဆိုသောနာမည်က နားအုံကို မီးစနဲ့ ထိုးလိုက်သလို ဖျတ်ဖျတ်ခါအောင် ပူလောင်သွားရတယ်၊ ဒင်းကြောင့် သူ့စီးပွားတွေ ရပ်တန့်ကုန်ရတာ၊ ဒင်းနဲ့ နောက်လိုက်တွေ မဆင်မခြင် လုပ်လိုက်လို့ ယမင်းသူဇာ တိုင်းတစ်ပါးလက် သက်ဆင်းသွားရတာ။

အသပြာသေတ္တာကို ဇာတ်ဆရာ ဝုန်းခနဲ ဆွဲပိတ်လိုက်တယ်၊ ပြီးတော့ အခန်းတွင်းမှ ခြေလှမ်းကျဲနဲ့ ထွက်ရင်း အောက်ထပ်ကို ဆင်းခဲ့လိုက်ပါတယ်၊ တင်းမာခက်ထန်နေသော ဇာတ်ဆရာ မျက်နှာထားကြောင့် တပည့်ဖြစ်သူ သာဒင်မှာ လည်း ကိုယ်ကိုယ့်ရင်း နောက်မှ ကုပ်ကုပ်လိုက်သွားရတယ်။

အိမ်ရှေ့ခန်းရောက်တော့ ထိုင်ရာမှ ထလိုက်တဲ့ မဖြင့်ချင်ဆုံးမျက်နှာကို မြင်လိုက်ရပါတယ်။

"ခင်ဗျား ဘာလာလုပ်တာလဲ"

"ယမင်းသူဇာရဲ့ သတင်းလေးများ ...."

"ခင်ဗျားရဲ့ နောက်လိုက်တွေ ကောင်းမှုကြောင့် ဇေယျဒီပ အိမ်ရှေ့စံဆီ ယမင်းသူဇာ ပဏ္ဏာဆက်ခံလိုက်ရတယ်လို့ ရှေ့အခေါက်တွေထဲက ကျုပ်ပြောပြီးသားလေ"

"ဟုတ်ပါတယ် ....၊ ခုဟာက ယမင်းသူဇာထံက သတင်းစကားလေးများ ရမိသလား လာမေးတာပါ"

န န်း နွ ယ် မှာ မိမိကိုယ်ကို အလွန့်တရာမှ နိမ့်ချရင်း ကျိုးနွံစွာစကားဆိုသလောက် ဇာတ်ဆရာသောင်းတန်မှာ တော့ ...

"ကျုပ် မနှစ်မြို့မှန်းသိရက်နဲ့ မျက်နှာပြောင်တိုက်ပြီး လာရဲသေးတယ် ....ခင်ဗျားဗျာ ...."

"ခင်ဗျား ဘာစကားပြောတာလဲ"

န န်း နွ ယ် မှာ ခံနိုင်ပေမဲ့ နောက်တော်ပါးမှာ ရပ်နေသည့် သတိုးနွယ်မှာ မခံနိုင်တော့ ...၊

"ဘာစကားပြောတာလဲ ဟုတ်လား၊ ဘာစကားပြောတာလဲဆိုတော့ အမှန်တွေ ပြောနေတာပေါ့ကွ၊ မင်းတို့ တွေ မလေ့လာ မစူးစမ်းပဲ ဇေယျဒီပအိမ်ရှေ့စံကို ရိုက်နက်လိုက်ကြလို့ ခု ယမင်းသူဇာ တိုင်းတစ်ပါးလက်တွင်း ရောက်သွားရပြီ၊ ငါနဲ့ တစ်ဖွဲ့ လုံးလည်း အမျက်တော်ဘေးသင့်ရပြီ၊ ကံသီပေလို့ အသတ်မခံရတယ် ...."

"ဟ ....အိမ်ရှေ့စံဆိုပြီး နဖူးမှာ စာထိုးထားတာမှ မဟုတ်တာ ....၊ ကျုပ်တို့ လည်း သိမလားဗျ၊ ကျုပ်တို့ ကတော့ သခင်လေးရဲ့ ညရေးညတာကို လာနှောင့်ယှက်ရင် ဘယ်သူမဆို သင့်တော်သလို ဆုံးဖြတ်လုပ်ကိုင်ရမှာ ပဲ"

"သတိုးနွယ် ...."

နန်းနွယ် လှမ်းတားလိုက်ရတယ်၊ သူ့စကားကြောင့် ပြေးနေသော ဆင်ကို ထူးအုပ်လိုက်သည့်အလား သတိုးနွယ်လည်း ကိုယ်ရှိန်ရပ် နှုတ်ဆိတ်သွားပါတယ်။ သို့သော် ....

"ဩော် ....ခုချိန်ထိ မင်းတို့ က ကိုယ့်အမှားကိုယ် မသိပဲ ရန်တွေ့ကောင်းနေတုန်းပေါ့၊ တကယ် ရိုင်းပျခဲ့ကြတာက ဘယ်သူတွေလဲ၊ ငါသာအမှန်အတိုင်း ဖွင့်ဟပြောလိုက်ရင် မင်းတို့ တွေ ထောင်သွင်းအကျဉ်းချပြီး ကွပ်မျက်ခံရမယ်ဆိုတာ မသိဘူးလား၊ ငါ့အပေါ်ရှိဖူးတဲ့ မင်းတို့ သူဌေးလေးရဲ့ ကျေးဇူးသစ္စာကြောင့် ငါနဲ့ တစ်ဖွဲ့လုံး ဒုက္ခရောက်ခဲ့ပြီး ရေငုံနှုတ်ပိတ် နေခဲ့တာဆိုတာ မမေ့ပါနဲ့ "

နန်းနွယ် သက်ပြင်းချမိလိုက်တယ်၊ အဖြစ်အပျက်က ကြည်သာမှာ မဟုတ်မှန်း သိရက်နဲ့ ယမင်းရုပ်လေးရဲ့ သတင်းစကားလေး တစ်ခုတလေလောက်ကို ကြားချင်မိနေတဲ့ မိမိကိုယ်ကိုသာ အပြစ်တင်ရတော့မယ်လေ။

"ကျွန်တော် တောင်းပန်ပါတယ် ဇာတ်ဆရာ၊ ကျွန်တော်တို့ အမှားကိုလည်း ကျွန်တော်တို့ သိပါတယ်၊ ခုလိုမျိုး ကျေးဇူးသစ္စာကို စောင့်သိပေးတဲ့ အတွက်လည်း လေးစားမဆုံး ဖြစ်မိပါတယ်၊ သတင်းစကား မရှိဘူးဆိုရင်လည်း ကျွန်တော်တို့ ဆက်နေဖို့ မသင့်တော့ဘူးလို့ ထင်ပါတယ်၊ ကဲ ...သတိုးနွယ် တို့ တွေပြန်ကြအောင်ကွယ်"

သတိုးနွယ်ကိုခေါ်ပြီးတော့သာ အိမ်ပေါ်မှ ဆင်းလိုက်ပါတယ်၊ သူ့ကိုကြောက်လွန်းလို့ သာ ငြိမ်နေရပေမဲ့ သတိုးနွယ်မျက်နှာမှာ အခဲကျေပုံမရသေးပါဘူး၊ ထို့အတူ ဇာတ်ဆရာ သောင်းတန်မှာ လည်း ....

"ကျုပ်အပေါ်ရှိဖူးတဲ့ ခင်ဗျားရဲ့ ကျေးဇူးတွေကြောင့် ခုလို လက်ခံတွေ့ဆုံတယ်လို့ သာ သဘောထားလိုက်ပါ"

* * *

(၅)

အချစ်နဲ့ ပတ်သက်တဲ့ ပုံပြင်လေးတစ်ပုဒ် ငါ ကြားခဲ့ဖူးတယ် သူဇာ၊ ဟိုးရှေးရှေး တုန်းကပေါ့ကွယ် ... တိုင်းပြည်ရဲ့ ကျေးတောအရပ်မှာ အလွန်တရာမှ လှပချောမောတဲ့ မိန်းမငယ်လေး တစ်ယောက် ရှိတယ်တဲ့ ၊ တစ်နေ့ တိုင်းခန်းလှည့်လည်တဲ့ ဘုရင်ကြီးဟာ မိန်းငယ်လေးကိုတွေ့ပြီး မြင်မြင်ချင်း ချစ်ခင်စုံမက်လို့ တော်ကောက်လိုက်တယ်။

ခက်တာက မိန်းမငယ်လေးမှာ ချစ်ရတဲ့ ချစ်သူ ရှိနေကယ်တဲ့ ....၊ ဒါပေမဲ့လည်း မင်းရဲ့ အမိန့်အာဏာဆိုတော့ သူတို့ တွေ ဘာမှ မတတ်နိုင်ခဲ့ဖူးလေ၊ အစပိုင်းမှာ ချစ်သူကို သတိရပေမဲ့ တကယ်တမ်း မင်းစည်းစိမ်ကို ခံစားရတဲ့ အခါမှာ မိန်းမငယ်လေးဟာ ချစ်သူကို မေ့သွားတယ်တဲ့ ၊ ကျေးတောအရပ်မှာ ကျန်ခဲ့တဲ့ ချစ်သူအမျိုးသားကတော့ အဲလို မဟုတ်ဘူး ၊ မိဖုရားဖြစ်သွားတဲ့ ချစ်သူကို လွမ်းလွန်းလို့ ညတိုင်းငိုရင်း ကြာတော့ မျက်လုံးကန်းသွားရတယ်တဲ့ ....။

ငါလည်း အဲလိုဖြစ်တော့မလားတောင် မသိပါဘူး ယမင်းရပ်လေးရယ်၊ ငိုရလွန်းလို့ မျက်ရည်တောင် မရှိတော့ပါဘူးကွယ်၊ ခက်တာက လွမ်းလွန်းလို့ ဘာ ငိုနေပေမဲ့မင်းနဲ့ ငါက ချစ်သူတွေ မဟုတ်ကြဘူးလေ၊ အဲတော့လည်း ကိုယ့်အပြစ်နဲ့ ကိုယ့်ဒဏ် ခံရုံပဲ

ရှိတော့တာပေါ့ ....။

တို့ ဆီမှာ မိုးတွေရွာနေပြီ သူဇာရဲ့၊ မင်းတို့ ဆီမှာ ရော ရွာလားဟင်၊ နေရေးထိုင်ရေးကအစ အဆင်ပြေရဲ့ လား၊ မင်းရဲ့ ညအချိန်တွေ ခက်ခဲနေလိမ့်မယ်ဆိုတာတော့ အလိုလို သိနေတယ်ကွယ်၊ အိမ်ရှေ့မင်းပင် ဖြစ်လင့်ကစား မင်းကိုချစ်လို့ တော်ကောက်ခဲ့တာမဟုတ်မှန်း စိတ်နာနာနဲ့ သိနေခဲ့တယ်လေ။

အဲဒီအတွက် မင်းမရှိတော့တဲ့ ရက်ကစပြီး ငါ့ရဲ့ ညအချိန်တွေလည်း ခက်ခဲနေခဲ့တာပေါ့၊ တွေးမိတိုင်း ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မဆုံး ဖြစ်မိတယ် ယမင်းရုပ်လေးရယ် ....။

ချစ်ရသူတစ်ယောက်အနေနဲ့ အချစ်ရဲ့ ဘက်တော်သားတစ်ယောက်အနေနဲ့ မင်းအတွက် လုံခြုံသောကာကွယ်မှုတွေ မပေးစွမ်းနိုင်ခဲ့ဘူးလေ၊ အထူးသဖြင့် အခုလိုမျိုး ညအချိန်တွေမှာ ပေါ့ ...။

ဟော ....သတင်းသဲ့သဲ့ ကြားရတယ်၊ ဧယျဒိပတိုင်းကနေ လူတစ်စုက ယမင်းသူဇာကို ခိုးထုတ်သွားတယ်တဲ့ ...၊ ဝမ်းသာမိလို့ မှ မဆုံးသေး ...၊

ထပ်ကြားရပြန်တယ်၊ သူတို့ လက်ကနေ ကဏ္ဍဒိပဘုရင်က ယမင်းသူဇာကို သိမ်းပိုက်လိုက်တယ်တဲ့ ။

ခက်ချေပြီကွယ် ယမင်းရုပ်လေးရယ် ...၊

ခက်ချေပြီ ...။

*****

အဲဒီနေ့ နံနက်က သူတို့ သုဇလ္လဒီပရဲ့ အထင်ကရနေရာတွေကို ငွေမှိုင်းဖြူတွေ အုပ်စုဖွဲ့ လာနားကြတယ်၊ ဒါဟာ ကောင်းတဲ့ နိမိတ်လား ဆိုးတဲ့ နိမိတ်လား မသိပေမဲ့ သူ့အတွက်တော့ သတင်းကောင်းတစ်ခုကို နံနက်ခင်းက ဆောင်ကြဉ်းလာပါတယ် ....။

ယမင်းသူဇာ ပြန်ရောက် လာပြီတဲ့ ။

ခေါ်ဆောင်လာတဲ့ သူမှာ သံပျဉ်မင်းသား ကိုယ်တော်တိုင် ဖြစ်ပါသတဲ့ ...၊ မုန်ယိုယစ်မူးလှတဲ့ ကဏ္ဍဒီပ ရှင်ဘုရင်ထံပါးကနေ တရားသောနည်းလမ်းနဲ့ ကိုယ့်ပြည်သူသားတစ်ယောက်ကို ပြန်လည်ရယူလာခဲ့တာပါတဲ့ ။

ကြားကြားချင်း ကိုယ့်နားကိုယ် မယုံမိဘူး၊ ဟုတ်ရဲ့ လားလို့ လည်း သတင်းသယ်ဆောင်သူကို အကြိမ်ကြိမ် မေးနေမိတယ် ...။

နောက်ဆုံးတော့ လှည်းယာဉ်ကို အမြန်ဆင်လို့ ယမင်းသူဇာ ဇာတ်သဘင်ရှိရာဆီ ထွက်ခဲ့လိုက်တယ်။

အိမ် ရှေ့ မှာ လူတွေ စုရုံးနေပါတယ်၊ ဘာကြောင့်မှန်းမသိပဲ အိမ်အတွင်းပိုင်းရှိရာဆီ အကြောင်သားနေကြတယ်၊ ဘာမှ တော့ မတွေ့ရပါဘူး ....။

ဒါပေမဲ့ သူ သိလိုက်ပါပြီ။

ဟုတ်ပါတယ် ...၊ တကယ်ပဲ ယမင်းသူဇာ ပြန်ရောက်နေပါပြီ။

ဘာကြောင့်လဲဆိုတော့ ယမင်းသူဇာရဲ့ အငွေ့အသက်ကို သူ့နှလုံးသားက အလိုလို သိနေတယ်လေ ...

မင်္ဂလာပါကွယ် ....

ယမင်းရုပ်လေးရယ် ....

*****

နောက်ဆက်တွဲ သတင်းတစ်ပုဒ်လည်း ကြားရပါတယ်။

ထိုသတင်းကတော့ ....၊

သူတို့ သုဇလ္လဒီပ ပြည်သူ ၊ ပြည်သားများ အားလုံးကို

တုန်လှုပ်ချောက်ချားသွားစေတဲ့ အဓိပ္ပာယ်တော်တွေ

ပြည့်နှက်လို့ ပေါ့ ....

ဇေယျဒီပ၊ ကက္ကဒီပ နှစ်တိုင်းလုံးက

သုဇလ္လဒီပကို စစ်ကြေညာလိုက်ပြီတဲ့ ...၊

(၊)

နန်းတော်တွင်းမှာ လူစုံနေပြီ။

အခမ်းအနားတစ်ခု မဟုတ်သော်လည်း အခမ်းအနားတစ်ခုကဲ့သို့ ကြီးလေးသော တာဝန်များကို ကိုယ်စီကိုယ်င ထမ်းရွက်ထားရသည့် အမှုထမ်းအရာထမ်း အားလုံးနီးနီး စုဝေးရောက်ရှိနေကြပြီ။

ရာဇပလ္လင်၏ လက်ဝဲအရပ်တွင် ရှိသော ကတ္တီပါ အနီကွက် သင်ဖြူးခင်းပေါ်တွင် စံပါယ်နေသော အိမ်ရှေ့ကိုယ်တော်မှ စ ...မင်းသားကြီး(၉)နေရာ၊ မင်းသားလတ်(၉)နေရာ၊ မြင်းမှူးမင်းသား(၉)နေရာ၊ စစ်သူကြီး(၁)နေရာ၊ စော်ဘွားကြီး(၁၂)နေရာ၊ နေရာလွတ်(၃)နေရာ၊ စော်ဘွားကြီးနောက် မှူးကြီးမတ်ကြီး(၁၂)နေရာ။

ထို့အောက်တွင် တော်ချွန်(၁)နေရာ၊ သူဌေးကြီး(၁)နေရာ၊ စော်ဘွားကြီးတို့ နောက်နေ မှူးကြီးမတ်ကြီးတို့ နေရာအောက် (၂၄)နေရာ၊ ထို့အောက်မှာ ဒူး(၂၄)နေရာ၊ စနည်း(၂၄)နေရာ၊ အတွင်းဘဝေါ(၂၄)နေရာ၊ အပြင်ဘဝေါ(၂၄)နေရာ၊ ထိုနေရာငါးသွယ်အပြင် သူဌေးနေရာ(၁၆)၊ သူကြွယ်နေရာ(၁၂)၊စသဖြင့် ရှိသင့်ရှိအပ်သော နေရာတို့ မှာ ရှိသင့်ရှိအပ်သော အမှုထမ်းများ အစုံအညီ ရှိနေကြပြီး

ရာဇပလ္လင်၏ ညာဘက်ခြမ်းတွင် လည်း အိမ်ရှေ့မင်းမပါ၊ လက်ဝဲခြမ်းမှ နေရာတော်များ အတိုင်း ...ရာထူးကြီးငယ်အတိုင်း အသီးသီး ရောက်ရှိစားနေကြပြီ၊ သူတို့ အားလုံးရဲ့ အရှေ့ဆီမှာ တော့ ....ရာဇပလ္လင်ထက်ဆီမှ ဘဝရှင် မင်းတရားကြီးကိုယ်တော်၊ မိဖုရားခေါင်ကြီး၊ ထိုမှ အောက် လက်ဝဲလက်ယာမှာ က

သလွန်အသီးသီးနဲ့ ဥဿာမိဖုရား၊ မြောက်နန်းမိဖုရား၊ အလယ်နန်းမိဖုရား စသည် ဖြင့် မိဖုရားလေးပါးလုံးလည်း အပျိုတော်ကိုယ်စီနဲ့ ရှိနေပါတယ်။

ဤမျှ အစုံအညီ တက်ရောက်ပုံအရ၊ တိုင်းရေးပြည်ရေးနဲ့ ပတ်သက်သော အရေးကြီးအမိန့်တော်တစ်ခု ချမှတ်တော့မယ်ဆိုတာ အားလုံးရဲ့ စိတ်ထဲမှာ လည်း အလိုလို သိနေကြပါတယ်။ ပြီးတော့ အမိန့်တော်နဲ့ ပတ်သက်ပြီးလည်း ဖြစ်တန်ချေတို့ ကို တွေးပြီး နိုးရွံ့နေကြတယ်။ ။

ဇေယျဒီပနဲ့ ကက္ကဒီပမှ ပို့လွှတ်လိုက်သော ရာဇသံနှစ်ဆောင်မှ အစပြုခဲ့တာလေ ….။

ထိုကိစ္စအတွက် သက်ဆိုင်သူများအားလုံး နံနက်ညီလာခံ၊ နေ့ညီလာခံ၊ ညညီလာခံတို့ မှာ သုံးရက်တိတိ ဆွေးနွေးငြင်းခုံပြီးခဲ့ကြပြီ၊ သို့သော်တိကျသေချာသော အဖြေကို ရရှိမလာခဲ့ …။ ဇေယျဒီပမှ ပို့လွှတ်လိုက်သောရာဇသံသည် ပြင်းထန်လွန်းပေစွ၊ အရင်ပို့လွှတ်လိုက်သော စာလွှာကဲ့သို့မဟုတ် …၊

တိကျတယ်၊ ပြတ်သားတယ်၊ မောက်မာလွန်းလှတယ်၊ ရေမြေသနင်း ပြည့်ရှင်မင်းတစ်ပါး၏ အခွင့်အာဏာကို စော်ကားနေသလိုတောင် ထင်ရတယ်။ သို့သော် တောင်းဆိုမှုက တစ်ခုတည်း မဟုတ်ချေတော့ ….၊

ယမင်းသူဇာကို ပေးစေလိုသည် (သို့) စစ်သော် ပြုစေလိုသည် ။ ပြီးတော့ တစ်ဖက်သတ်တောင်းဆိုမှုတွေ အများ ပြား ပါဝင်လာခဲ့ပြီ၊ သည် တစ်ကြိမ်သည် သွေးတိုးစမ်းသည့်သဘော စာချွန်လွှာမဟုတ်တော့ ရာဇသံစစ်စစ် ဖြစ်နေပြီလေ။

ကက္ကုဒီပမှာ ရော ....

ကက္ကုဒီပရာဇသံသည် ထို့ထက်ပင် မောက်မာလွန်းလှတယ်၊ နယ်စပ်အရေးတွင် မကျေလည်ခဲ့သော မီးတစ်စက ယခုတော့ မီးလောင်တိုက်အသွင်မျိုးထိ ဆောင်လာခဲ့ပြီလေ၊ အမျက်ပြင်းထန်မည်ဆိုလည်း ပြင်းစရာပင်၊ သူ့နေရာ သူ့ပိုင်နက်တွင်းထိအောင် ထိုးဖောက်ဝင်ရောက်ပြီး သံပျဉ်မင်းသား၊ ကိုယ်တော်တိုင် ယမင်းသူ့ဇာကို ဆောင်ယူလာခဲ့တာကိုး ....

ထိုကိစ္စနဲ့ ပတ်သက်လို့ တော့ ရွှေနန်းရှင် မင်းတရားမှာ သံပျဉ်ကိုယ်တော်လို အမျက်ထွက်မလာခဲ့။ ဒါဟာ ဥသာမိဖုရားရဲ့ စကားပရိယာယ် ကောင်းခြင်းကြောင့်ဖြစ်သလို အခြားအကြောင်း တစ်ခုကြောင့်လည်း ဖြစ်နိုင်ပါတယ်၊ ယခုတော့ တိကျသော အမိန့်တော်တစ်ရပ် ထုတ်ပြန်ဖို့ အချိန်ရောက်လာပါပြီ။

အိမ်ရှေ့မင်း၏ အနောက်ဖက်အရပ်တွင် ခစားနေသော သံ ပျ ဉ် မ င်း သား မှာ အစ်မတော်ရှိရာဆီ အကြည့်ရောက်မိတယ်၊ ဥသာမိဖုရားကိုယ်တိုင်မှာ လည်း စိတ်လှုပ်ရှားမှုကို ချုန်းအုပ်ရင်း တည်ငြိမ်အောင် ကြိုးစားနေရတယ်၊ ထွက်ပေါ်လာမယ့် အမိန့်တော်စကားအတွက် စိုးတဲထင့်ထင့် ဖြစ်နေတယ်ထင်ရဲ့ ၊ မျှော်လင့်ထားသလို ဖြစ်မလာရင် ဘာဆက်လုပ်ကြမှာ လဲ၊ ဒါဟာ ဥသာမိဖုရားနှင့် သံပျဉ်မင်းသားတို့ ရဲ့ စိတ်အစဉ်ကို အင်အားပြင်းပြင်း ဝင်ရောက်ထိုးနှက်နေတဲ့ မေးခွန်းတစ်ခုပါ။ ။

ထိုစဉ်မှာ ပဲ အားလုံးရဲ့ စိတ်ဝင်စားမှုကို နာခံတော်ရဲ့ လုပ်ရပ်က အဆင့်မြင့် တင်ပေးလိုက်တယ်၊ နာခံတော်အမတ်ကြီးမှာ စာချွန်တစ်ခုကို ကိုင်ရင်း ဘဝရှင်မင်းတရားကြီးကို ဦးသုံးကြိမ်

ချပါတယ်၊ ပြီးတော့ အိမ်ရှေ့မင်း ရှိရာဘက်ကိုလှည့်ပြီး ဦးသုံးကြိမ်ထပ်ချတယ်၊ ထို့နောက်မှာတော့ ခစားနေသော မင်းညီမင်းသား၊ မှူးကြီးမတ်ရာများ ရှိရာဘက်သို့ မျက်နှာမူပြီး အမိန့်တော်ကို ဖွင့်ဖတ်လိုက်တော့တယ်။

"အမိန့်တော် ...."

နန်းတော်ခန်းမကြီး တစ်ခုလုံးက အပ်ကျသံမျှ မကြားရအောင် တိတ်ဆိတ်သွားလေရဲ့ ....

"မင်းညီမင်းသား၊ မှူးကြီးမတ်ရာ သေနာပတိနှင့်တကွ တိုင်းဝန်၊ မြို့ဝန်၊ ဗိုလ်မင်း၊ တပ်မင်း အပေါင်းတို့ ....

ဇေယျဒီပ၊ ကဏ္ဏဒီပ နှစ်ပြည်ဌာနမှ စ၍ တိုင်းပြည် အစိုးအပွား ခလေ့ထုံးစံများကို လွှန်ကျူးရန် အကြောင်း၊ သုဇလ္လဒီပ အမျိုးဂုဏ်သရေ ယုတ်ညံ့ ရန်အကြောင်း၊ သုဇလ္လဒီပ ရဲ့ မိန်းမလှရတနာ ယမင်းသူဇာအား ဆက်သရန် အကြောင်းများကို တင်းမာစွာပြောဆို ၍ ပြည်တော်ကို ရန်ပြုမည်ကဲ့သို့ ဟိတ်ဟန်ပြသ အကြံအစည် ပြုလုပ်လျက်ရှိသည် ကို သိအပြီး ဖြစ်ကြသည် ...

သို့ပါသော်ငြား ....တိုင်းအရှယ်ဌာနေကို စည်ပင်ဝပြောရန် ကြိုးစားအားထုတ်နေသည့် အခါသမယ၊ ကိုယ့် စည်းရိုးကိုယ်လုံ ရန်ကာနေသည့် အခါသမယတို့ တွင် စစ်မက်ဖြစ်ပွားခြင်း အမှန်ပင်မပြုလုပ်လို၊ တိုင်းကြီးပြည်ကြီး ခလေ့ထုံးစံနှင့် အညီ ငြိမ်းချမ်းသောနည်းလမ်းဖြင့်သာ ရာဇပရိယာယ်ပြု ဆက်ဆံလိုသည် ...."

သံဖျဉ်မင်းသား ခေါင်းထောင်သွားရပြီ၊ သူပင်မဟုတ် ဥဿာမိဖုရားမှာ ဂည်း ထိုအတိုင်း.....

"သို့ ပါသောကြောင့် ပြည်သူ ပြည်သားတို့ မှ သွေးဆာသူအပေါ် ရန် လို စိုးရိမ် ကြောက်ရွံ့ခြင်းမရှိ၊ စစ်ဖြစ်မည့် အရေးတွေးပြီး ပြည်တော်အပ ထွက်သွားရှောင်ရှားခြင်းကို မပြုလုပ်ရ၊ ငြိမ်ဝပ်စွာ လုပ်ကိုင်ရောင်းဝယ် စားသောက် နေထိုင်မြဲ နေထိုင်ကြရမည်၊ မြို့ရွာတွင် အကြီးအအုပ်တို့ ကလည်း ကိုယ့်မြို့ကိုယ့်ရွာတွင် ငါဘုရားအမိန့်တော်ဖြင့် ငြိမ်းချမ်းစေရမည်၊ သူ ခိုးဓားပြဘေး၊ ရာဇဝတ်တော်ဘေး ကင်းလွတ်လုံခြုံအောင် အသီးသီး အုပ်ထိန်း စည်းကြပ် စောင့် ရှောက်ရမည် ....

အမှန်စင်စစ် နှစ်တိုင်းနှစ်ဌာနအပြိုင် ယမင်းသူဇာအား တောင်းရမ်းခြင်းသည် ခက်လှချေသည် ၊ တစ်တိုင်းကို ဆက်သပါက ကျန်တစ်တိုင်းသည် သဘောကျနှစ်ခြိုက် လိမ့်မည်မဟုတ်၊ ဆက်သခြင်းနည်းလမ်းသည် စစ်ဖြစ်မည့် အငံရေး ရှေ့ပြေးနိမိတ်သာဖြစ်ကြောင်း သက်တော်ရှည်ပညာရှိ အမတ်မင်းတို့ လျှောက်တင်စကားကို ငါ ယုံ ကြည်တော်မူသည် ....။

မဆက်သလတ်ပြား နှစ်တိုင်းနှစ်ဌာနမက ခုနစ်တိုင်းထိပင်ယမင်း သူ ဇာဂုဏ်သတင်း ပျံ့နှံ့နေပြီ ဖြစ်ရကား သူ့ထက်ငါအပြိုင် တောင်းရမ်းမည့် အရေးက စစ်ဖြစ်မည့်အရေးထိ ရှေးရှုလာမည်မှာ ဧကန်ဖြစ်ချေသည် ၊ ယခုပင် ပြည်တွင်း၌ ယမင်းသူဇာ ခေါ်တွင် ဇာတ်မင်းသမီးကြောင့် အမျိုးသားချင်း မသင့်မမြတ်ဖြစ်လှကြောင်းငါ နားတော်သို့ ရောက်ရှိတော်မူသည် ....

ယမင်းသူ ဇာသည် လူပင်ဖြစ်သော်ပြား ရတနာတန်းဝင် ကျောက်သံပတ္တမြားတွေထက် ထူးကဲသော ပါရမီရှင် ရတနာစင်စစ် ဧကန်ပင်ဖြစ်သည် ။

ကိုယ့်ပြည်ရတနာမှန်ကို တိုင်းတစ်ပါးထံ မရောက်စေရ ...၊

ထို့ အတွက် အကြောင်းကြောင်းကို ထောက်ချင့် ၍ ငါအမိန့်တော် မှတ်သည် ...... ..."

ရှိနေသူအားလုံးရဲ့ ဦးခေါင်းများ ငြိမ်သက်သွားကြပြီ၊ ထွက်ပေါ်လာမည့် အမိန့်တော်ကို ရင်တထိတ်ထိတ်နဲ့ နားစွင့်သွားကြပြီး ...

"အမိန့်တော် ... ..."

* ယနေ့မှ စ ယမင်းသူ ဇာခေါ်တွင် သတို့ သမီးငယ်သည် ပြည်၏ တန်ဆာ ပြည့်တန်ဆာအရာ ရောက်စေ ....၊

* ဝတီဘွဲ့ခံလျက် ဝေဠုဝတီ မင်းသမီးအဖြစ် ထင်ရှားစေ၊

* မိဖုရားတစ်ပါးနှင့်အညီ ရပိုင်ခွင့်အစုံဖြင့် အဆောင်တော်နန်း စံမြန်းစေ။

*သတ်မှတ်ရာ စည်းကမ်းချက်များ နှင့် အညီ ဝေဠုဝတီမင်းသမီးအနား အမျိုးကောင်းသားတို့ ပျော်ပါးစံစားစေ၊

* အတိုင်းတိုင်း အပြည်ပြည်ကြား ဝေဠုဝတီခေါ်တွင် ရတနာဂုဏ်အင်ကြောင့် သုဇလ္လဒီပ ဂုဏ်သတင်း တိုးတက်စေ ....

"...အမိန့်တော် ..."

*****

## IV

တံစက်မြိတ်အောက်မှ ထိုးကျလာသော နေရောင်ခြည် အလင်းတန်းများကို ကြည့်ပြီး ဖွာရှိုက်ထားတဲ့ ဆေးလိပ်ငွေ့များကို နိုးကျော် ဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်သည် ။ မီးခိုးများမှာ သူ့နှုတ်မှ ထွက်စတွင် အားပြင်းကျစ်လျစ်သလောက် အလယ်အရောက်မှာ အနည်းငယ် ဖာလွှင့်ပွရောင်းသွားသည် ကိုတွေ့ရ၏။

ပြီးတော့ နေရောင်ခြည် အလင်းပေါက်များ အောက်သို့ ဖြတ်သန်းစဉ် စီးကရက်မီးခိုး၏ မူလအရောင်မှာ ပြောင်းလဲကာသွားသည် ။ ထို့နောက် ဘေးဘယ်ညာသို့ တိုးဝှေ့ဝင်ရောက်ရင်း တဖြည်းဖြည်း ပျောက်ကွယ်ကာသွားပါသည် ။ အဘိုးကျေးသာညီပြောတဲ့ လူ့ဘဝဆိုတာ ဒါမျိုးလား၊ ယမင်းသူဇာဆိုတဲ့ ဇာတ်မင်းသမီးလေးရဲ့ ဘဝကရော့ ယခု မီးခိုးငွေ့များ ရဲ့ ဘဝဖြတ်သန်းမှု သမားစဉ် အတိုင်းပေပဲလား။

သာမန်မထင်မရှား ဇာတ်မင်းသမီးလေးတစ်ဦး၊ ထိုမှ ထင်ရှားသောမင်းသမီးဘဝ၊ ထူးခြားဆန်းကျယ်သော ပါရမီကြောင့် နန်းတွင်းလောကနဲ့ သူကြွယ်လောကမှာ တိုးတိုးတိတ်တိတ် ထင်ရှားလာသူ၊ ထိုမှုပင်မကသေးပဲ ပြင်ပတိုင်းနိုင်ငံများ ထိပါ ဂုဏ်သတင်းရောက်ရှိသွားသူ၊ သူမကို မရပါက စစ်မက်ပြုလုပ်မည့် အရေးထိ ရာဇသံပို့ တောင်းခံလာသည် အထိ တန်ဖိုးကြီး၊ သူ၊

တိုင်းတပါးသို့ အပါမခံပဲ ရှင်ဘုရင် ကိုယ်တော်တိုင်က ပြည်ရတနာကို ပြည့်ဝမ်းမှာ ပဲထားပြီး ရာဇပရိယာယ်ဖြင့် ဝတီဘွဲ့ခံ မိဖုရားတစ်ပါးရဲ့ အဆောင်အယောင်ပေး၊ ပြည့်တန်ဆာ ရာထူးမြှောက်ပြီး အတိုင်းတိုင်းအပြည်ပြည်ကို နှစ်သိမ့်စေလိုက်နိုင်သူ ....။

ကံကြမ္မာရဲ့ အထားအသိက ထင်ရက်ဖွယ်မရှိအောင် ဆန်းကြယ်လွန်းပါပေ့၊ ဘာပဲဖြစ်ဖြစ် ပုရိသတစ်ဦးအနေနဲ့ ယမင်းသူဇာဆိုတဲ့ မိန်းကလေးကို စိတ်ဝင်စားမိနေတာတော့ အမှန်၊ သူမရဲ့ အထိအတွေ့က အတိုင်းတိုင်းအပြည်ပြည် စစ်မက်ပြု တောင်းဆိုရအောင် ထင်ရှားခဲ့သည် ဆိုတော့ ...

"...ဟူး... ..."

....စိုးကျော် သက်ပြင်းကိုချရင်း လက်ကျန်ဆေးလိပ်ကို အဆုံးအထိဇွာရှိုက်လိုက်ပါသည် ။ နာရီကိုကြည့်တော့ မနက် ခုနစ်နာရီ ထိုးတော့မည်။ သူနိုးလာတည်းက ဆရာသက်ဦးကို မတွေ့ရသေး၊ ထို့အတူ အဘိုးကျေးသာညိုကိုလည်း မတွေ့၊ သားဖြစ်သူ ကိုကျေးညိုကတော့ အိမ်ရှေ့ ခြံထောင့်မှာ ခါးတောင်းကို မြောင်အောင်ကျိုက်ရင်း ထင်းခွဲနေသည် ။ ကုန်သွားပြီဖြစ်သော ဆေးလိပ်မီးကိုသတ်ရင်း မျက်နှာသစ်ရန် စိုးကျော် အိမ်ပေါ်မှ ဆင်းခဲ့လိုက်တော့၏။

ရေတွင်းသည် က အိမ်ရဲ့ ခေါင်းရင်းအရပ်မှာ ရှိတာမို့ အိမ်ကိုပတ်ရင်း ထွက်လိုက်တော့...

"... အင့် ..."

"... အို .. ..."

အိထွေးနူးညံ့သော တွန်းတိုက်မှုတစ်ခုကို သူ့ရဲ့ ဘယ်ဘက်ရင်အုံဆီမှ ခံစားလိုက်ရသည် ။ ထို့နောက်မှာ အနည်းငယ် လန့်ဖျပ်သွားသော မျက်လုံးလေးတစ်စုံ၊ မြေသို့ လွတ်ကျသွားသော ရေခွက်၊ မျက်နှာသစ်ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံနှင့်တကွ၊ မိန်းကလေးတစ်ယောက်ရဲ့ အလှအပဆိုင်ရာ တန်ဆာပလာများ ...

အံ့အားသင့်သွားရာမှ စိုးကျော် သတိဝင်ဝင်လာခြင်း ....

"ဆော ...ဆောရီးပါ ဗျာ ...."

မှဆိုးဒူးထောက် ထိုင်ချရင်း မြေမှာ ကျဲလွင့်သွားသော အရာများကို ကောက်ပေးလိုက်မိသည် ။ ထို့အတူ တစ်ဖက်မှ လည်း ...

"ရပါတယ် ...."

လူတစ်ယောက်လုံးကိုတောင် မမြင်မိသည့် မိမိကိုယ်ကိုယ်သာ စိမ့် အပြစ်တင်လိုက်မိတော့သည် ။ လွတ်ကျသွားသည် များကို ကောက်ယူဖို့ ပြင်တော့ ....

"ရပါတယ်ဗျ၊ ကျွန်တော်ပဲ ကောက်လိုက်ပါ့မယ်"

စိုးကျော် မြေမှာ ကျဲလွင့်နေသည် များကို စုံအောင်ကောက်ရင်း ရေခွက်တွင်းသို့ ထည့်ကာ ....

"ရော့ ...."

စိုးကျော် ကမ်းပေးတော့ ...စိမ့်က ခေါင်းငုံ့လျက်မှ ပင် ရေခွက်ကိုလှမ်းယူသည် ။ ထိုအခါမှာ မသိစိတ်ရဲ့ စေ့ဆော်မှုအရ၊ ထင်မှတ်မထားသောအရာတစ်ခုကို စိုးကျော် လုပ်မိလိုက်သည် ။ ရေခွက်သို့ ထိကိုင်လာသော စိမ့်လက်ချောင်းလေးများ ပေါ်သို့ မိမိလက်ချောင်းလေးများကို တို့ ထိအုပ်ကိုင်လိုက်တာပါ ။

ထင်မှတ်မထားသော အပြုအမူကြောင့် အလန့်တကြား မော့ကြည့်လာသည့် စိမ့်ရဲ့ မျက်နှာလေးကို မြင်ရသည် ။

ထို ခ ဏ မှာပဲ အနောက်ဘက်အရပ်ဆီမှ ကျယ်လောင်ပြတ်သားသော အသံတစ်သံကို ကြားလိုက်ရပါ၏။

စိုးကျော် လက်ကို ဖျတ်ခနဲ ရုပ်ပြီး နောက်ကို လှည့်ကြည့်လိုက်တော့

"ဩော် ....ကိုညီ နိုးပြီလားဗျ"

သူ့အမေးစကားကို မဖြေ၊ စစ်ညီမျက်နှာမှာ ခက်ထန်မာကျောနေပြီး စိမ့်ကိုသာ စူးစူးရဲရဲ ကြည့်နေ၏။

"အဲမှာ ဘာရပ်လုပ်နေတာလဲ၊ လာ ...သွားမယ် ...."

ပြင်းထန်သော အမိန့်စကားကြောင့် စိမ့်မှာ သူ့ကိုကျော်ပြီး စစ်ညီအနီးသို့ အပြေးလေး ရောက်သွားရပါသည် ။ အနားရောက်လာသော စိမ့်လက်ကို စစ်ညီ ခပ်တင်းတင်းဆွဲကာ သတိပေးသောမျက်လုံးတွေနဲ့ သူ့ကိုတစ်ချက်ကြည့်သည် ။

ထို့နောက် အိမ်ကိုပတ်ပြီး စိုးကျော်မျက်လုံးတို့ လွတ်ရာအရပ်ဆီသို့ ချစ်သူစိမ့်အား ဆွဲခေါ် သွားတော့၏ ။ ပြေပြစ်ချောမောသော ကျောပြင်လေး တစ်ခုကိုကြည့်ပြီး စိုးကျော် ပခုံးတွန့်လိုက် ပါသည် ။

ရင်ဘတ်ကို အုပ်ကိုင်တော့ ....

ခုနရရှိခဲ့သည့် နူးညံ့အိထွေးသော အထိအတွေ့ လိုလိုကို ခံစားရသည် ။

"ဟာဟ ....ရှုးချင်စရာပဲ"

***

ဝေဠုဝတီ စံနန်းဆောင်ကြီးရှေ့တွင် ရပ်ပြီး စိုးကျော်တစ်ယောက် စိတ်တွင်းမှ ခံစားချက်များကို အဓိပ္ပာယ် ဖော်နေမိသည် ။ အရင်ဆုံးကတော့ ဤအဆောက်အဦကြီးနှင့် ပတ်သက်ပြီး သူ့စိတ်သည် အပေါ်ယံမျှသာ ဖြစ်၏။

သို့သော် နောက်ကွယ်မှ အကြောင်းအရာအချို့ကို သိပြီးနောက်မှာ အရင်လိုမဟုတ်တော့ ....၊ တစ်ခုခု ပြောင်းလဲလာတာတော့ သေချာသည် ။

ယမင်းသူဇာ (ခေါ်) ဝေဠုဝတီ မင်းသမီးကိုပဲ စိတ်ဝင်စားသွားမိတာလား (သို့မဟုတ်) စံနန်းဆောင်အတွင်းမှာ ရှိနေသော အဆောင်ဆောင် အခန်းခန်း အကြောင်းကိုပဲ စိတ်ဝင်စားမိတာလား၊ သို့တည်းမဟုတ် ဤစံနန်းဆောင်ကြီး ဆောက်လုပ်ထားရခြင်း၏ နောက်ကွယ်မှ ရည်ရွယ်ချက်ကိုပဲ စိတ်ဝင်စားမိနေတာလား ....တစ်ခုခုတော့ တစ်ခုခုပင် ဖြစ်သည် ။

တစ်ချိန်က ဆရာသက်ဦး ပြောဖူးသော စကားတစ်ခုက နားတွင်းသို့ ဝင်ရောက်လာသည် ။ စံနန်းဆောင်အတွင်းမှ အခန်းများ သည် တစ်ခန်းနဲ့ တစ်ခန်း ခံစားချက် မတူဘူးတဲ့ ၊ တစ်ခန်းချင်းစီမှာ ခံစားချက်တစ်မျိုးစီ ရှိနေပါတယ်တဲ့ ။

ဘာသဘောပါလဲ ....။

ပြီးတော့ အဘိုးကျေးသာညိုက နန်းဆောင်အပေါ်ထပ်ကိုတက်တာ လုံးလုံးမကြိုက်ဘူးတဲ့ ၊ မင်းသမီးရဲ့ လက်ဖက်ရည်သုံးတော်ဆောင်

....အိပ်ခန်းဆောင်တို့ ဆိုတာ ရှေးအအစဉ်အဆက် တည်းက အန္တရာယ်ရှိခဲ့တာတဲ့ ၊ စိတ်ဝင်စားဖို့ တော့ အကောင်းသား၊ စိတ်ဝင်စားလို့ လည်း နန်းဆောင်ကြီးရှေ့ တစ်ဦးတည်း ရပ်ကြည့်နေတာ အချိန်အတော်ကြာခဲ့ပြီလေ။

နေ ရော င် အော က် မှာ အဆောက်အဦကြီး၏ တည်ရှိနေပုံက ပဟေဠိပေါင်းများ စွာ မြှုချထားသော သက်ရှိပုဇ္ဆာကြီးတစ်ပုဒ်လိုလို၊ သူ့ကိုပဲ သရော်တော်တော် ငုံ့ကြည့်နေသလိုလို၊ နောက်ဆုံးတော့ သက်ပြင်းကိုချရင်း တစ်ဦးတည်းပင် ဖြစ်လင့်ကစား စိုးကျော် နန်းဆောင်ကြီးအတွင်းသို့ ဝင်ခဲ့လိုက်တော့သည် ။

ဝင်ဝင်ချင်း ခံစားလိုက်ရတာက အေးချမ်းမှု ...

ဟုတ်ပါ၏ ...။ ဒါဟာ ဝေဠုဝတီမင်းသမီးရဲ့ ဧည့်ခန်းဆောင်ပင်လေ...။

စိုးကျော် ခြေစုံကိုရပ်ပြီး မျက်လုံးကို မှိ တ်ဆင်းလိုက်ပါသည် ။ ပြီးတော့ ပတ်ဝန်းကျင်က ထွက်ပေါ်လာမည့် ခံစားမှုကို စိတ်ဖြင့် အမိဖမ်းကြည့်မိသည် ။ တကယ်ပဲ တရိပ်ရိပ် အေးချမ်းလာခဲ့ပါ၏။

နောက်တစ်ခန်းက ပွဲတော်တည့်ဆောင် ....။

အဆောင်တွင်းကိုဝင်ရင်း ရှေ့ကအတိုင်း ခြေစုံရပ်ကာ အာရုံခံကြည့်မိပါသည် ၊ ဒီအခန်းကတော့ အနည်းငယ် ထူးခြားပါ၏ ၊ ကာရံထားသော နံရံတို့ ပဲ ပြိုကျပျက်စီးနေလို့ လား ...ပြင်ပမှ အုတ်ကပ်နွယ်ပင်တွေပဲ ဝင်ရောက်ဖျက်ဆီး ပေါက်ရောက်နေလို့ လားမသိ၊ ထူးထူးခြားခြား ခံစားမှုကို မပေး ...၊ ထိုမှ လွန်တော့ နံရံမှာ ခပ်နက်နက်ရေးထိုးထားသည့် အက္ခရာတစ်ခု။

"နံ့သာဆောင် ..."

အကျောအခြင်များ ထိတိုင် မွှေးပျံ့သွားတာ သေချာသည် ။

ရှင်မတောင် သနပ်ခါးနံ့လား၊ ကုံကော်နံ့လား၊ စံပယ်နံ့လား မသဲကွဲ ၊ မသေချာတာက အာရုံပြုလေ တစိမ့်စိမ့် မွှေး လာလေ ဖြစ်သည် ။

ထူးခြားပါရဲ့ ...၊ ဘယ်လိုတွေများ တောင်လဲ ....။

"ချိုးရေသုံးဆောင် ..."

ဒီတစ်ခန်းကတော့ ရင်ဖိုစရာပါ၊ ပြင်ပအလင်းတွေက ပေးထားသော ဝင်ပေါက်တွေမှ တစ်ဆင့် အခန်းထဲမှာ ပြန့်ပြန့်ပြူးပြူး ရှိနေသည် ။ ဟိုတစ်ချိန်မတော့ ထိုအလင်းဝင်ပေါက်တို့ ဆီမှာ ဝေဠုဝတီရဲ့ သိက္ခာတော်အတွက် ခန်းဆီးလိုက်ကာတွေ (သို့) ဓာလွှာအထပ်ထပ်တွေ ရှိနေပါလိမ့်မည်။ ပြီးတော့ အပေါ်နှင့်အောက် စိုက်ထူထားသော တိုင်လုံးတွေက အချိုးကျပြီး မျက်လုံးတွင်းမှ ပန်ရနေသည် ။ ထိုတိုင်လုံးတို့ အလယ်မှာ လူတစ်ယောက် ချိုးရေသုံးရန်အတွက် လုံလုံလောက်လောက် ကျယ်ဝန်းသော ရေကန်ငယ်လေး ရှိနေပါ၏ ။

ခုတော့ ခြောက်သွေ့ အက်ကွဲလို့ ပေါ့ ....။

တစ်ချိန်ကတော့ ဝေဠုဝတီ မင်းသမီးလေးဟာ ရေကန်မှာ ပျော့ပျော့မှိုင်း ရေစိမ်တော် မူနေလိမ့်မည်၊ အပျိုတော်တွေက သူမနှစ်ခြိုက်အလိုရှိရာ အတိုင်းအဆအတိုင်း ရေနွေး၊ ရေအေး စပ်လိမ်းပေးထားလိမ့်မည် .... ကန်ပတ်ပတ်လည်မှာ အလွန်တရာမှ ပျံ့သင်းမွှေးကြူတဲ့ ပန်းအလက်ာပေါင်းစုံနဲ့ ၊ ချိုးရေတော်သုံးပြီးချိန် နွေးထွေးစေဖို့ ရေလဲတော်ကိုင် စောင့်ကြပ်မယ့် အပျိုတော်အပေါင်းနဲ့

....

"အင်း ....ဒီအခန်းကလည်း ရှုးချင်စရာပါပဲ"

စိုးကျော် တစ်ဦးတည်းပြောရင်း အခန်းအပြင် ထွက်ခဲ့လိုက်သည် ။

ဒါပေမဲ့ သူမသိလိုက်တာတစ်ခုလည်း ရှိနေခဲ့ပါသည် ။ အပေါ်မျက်နှာကြက်ဆီမှ တဝေါဝေါစီးကျနေဟန် မပီဝိုးတဝါး ပန်းချီကားကြီးတစ်ချပ် ရှိနေသေးသည် ဆိုတာကိုပါ။

ဝင်ပေါက်ရဲ့ ညာဘက်ခြမ်းမှာ အပေါ်သို့တက်သော လှေကားကြီးတစ်ခုက ရှိနေသည် ။ ဒါဟာ .... အန္တရာယ်ရှိသော အရပ်သို့ ပေါင်းကူးပေးထားသည့် အရာတစ်ခုလား၊ ဘယ်လိုပဲဖြစ်ဖြစ် အပေါ်သို့ တက်ရန်အတွက်သူ့ ခြေလှမ်းများက အဆင်သင့်ဖြစ်နေပြီလေ .... ။

လှေ ကား ကြီး မှာ အိုမင်းရင့်ရော်နေပြီး တချို့နေရာများမှာ အောက်ထပ်သို့တိုင် တိုးလျှိုပေါက် အပေါက်အပြဲများကို တွေ့ရ၏။ အပေါ်ရောက်ရောက်ချင်း အံ့အားသင့်မိသည် ကား မျက်နှာချင်းဆိုင်မှ နံရံတစ်ချပ်၊ အင်္ဂတေတို့ အက်ကွဲနေပြီ၊ ဒါပေမဲ့ ထိုအအက်အကွဲများကြားမှ ပင် သဘာဝအတိုင်း၊ ကျန်ရှိနေသေးသော မူလလက်ရာအချို့ပါ။

နံရံများ တွင် အမည်ဖော်ရန် ခက်ခဲသော နတ်ရုပ်များ ၊ အကောင်ဗလောင်များကို ရုပ်ကြွသဘောမျိုး ထွင်းထုပုံဖော်ထားသည် ။ ထူးခြားသည် ကတော့ နတ်ရုပ်များ ပါပင်၊ ပုံသဏ္ဌာန်အမျိုးမျိုး အရွယ်အစားအမျိုးမျိုး၊ပြီးတော့ အဓိပ္ပာယ်အမျိုးမျိုး၊ တစ်ခါတစ်ရံ နတ်ရုပ်ဟု နာမည်အလွယ်တပ် လိုက်သော်လည်း သေချာကြည့်ပါက မိစ္ဆာကောင် မာန်ဖီနေသလို (သို့) မကောင်းဆိုးဝါး ဆန်နေသလို ...

ပို၍ ထူးခြားသည် က နံရံတစ်ချပ် အပြည့်ရှိနေသော ယမမင်းစစ်တပ်ရုပ်တုများ ၊ ယမမင်းက ရောက်ရှိလာသော အပြစ်သားများကို စစ်မေးနေပုံ သဘောမျိုး ဖြစ်သည် ။ သို့သော် တ ချို့ ရု ပ် တု များ မှာ ကျိုးကြေလျက် ရှိချေပြီ၊ တချို့လည်း အက်ကွဲနေကြပြီ၊ တစ်နေရာတွင် ကျောက်သားထက် နစ်ဝင်နေသော အက္ခရာတစ်ခုကို တွေ့ရသည် ။ ။

"လက်ဖက်ရည် သုံးတော်ဆောင်တဲ့

လာချေပြီတကား၊ ညွှန်ပြရာအတိုင်းလိုက်ခဲ့တော့ ခန်းမတစ်ခုတွင် ဆုံးသွား၏။ ဒါပေမဲ့ ထိုအရာသည် ခန်းမတစ်ခုမဟုတ်၊ အလွန်တရာမှ မှောင်မည်းမွန်းကျပ်နေသော အခန်းကျဉ်းလေးတစ်ခုပါ။ လက်ဖက်ရည် သုံးတော်ဆောင်ဆိုတာ ဒါလား ...။

ဝင်ပေါက်မှ လာရိုက်သော အလင်းနည်းနည်းမှ လွဲ၍ အ ခ န်း တွ င်း မှာ ဘာအလင်းမှ မရှိ၊ ပြီးတော့ လူနှစ်ယောက် လမ်းယှဉ်လျှောက်လို့ ပင် မရအောင်အခန်းက ကျဉ်းမြောင်းနေသည် ။ ကျဉ်းသည့်အထဲမှာ မှ အောက်ခြေကြမ်းပြင် မှ ခေါင်မိုးထိတိုင်အောင် အပြည့်အကျပ်ရှိနေသော ရုပ်တုကြီးတစ်ရုပ်ပါ၊

မည်းမှောင်နေသဖြင့် ဘာရုပ်မှန်း သေချာမသဲကွဲ၊ ပြီးတော့ ထိုရုပ်တု၏ အရှေ့အ ရပ်ဆီမှာ ကျောက်စားပွဲတစ်လုံး ရှိနေသည် ။

ရုပ်တုကြီးကို ထိကိုင်ကြည့်တော့ အေးစက်တင်းမာသော အထိအတွေ့ ကို ခံစားရသည် ။

ဘာကြောင့်မှန်းမသိ စိုးကျော်စိတ်မှာ ချောက်ချားမှုတို့ ဝင်လာ။ မှောင်မည်းနေလို့ လား၊ ကျဉ်းမြောင်းနေလို့ လား (သို့)

တစ်ယောက်တည်းမလို့ လား၊ ဘာကိုမှ မဝေခွဲနိုင်ခင် စိုးကျော် ပြန်ထွက်ဖို့ အပြေးအလွှားဝင်တော့ ...။

"ဟင် ...."

အလင်းလေးတစ်စ ....

ထိုအလင်းလေးက နံရံမှ တစ်ဆင့် အောက်ခြေကြမ်းပြင်ကို ထိုးကျနေသည် ။ ဟိုဘက်မှာ နောက်တစ်ခန်း ရှိနေတာလား၊ ထွက်ဖို့ ခြေလှမ်းကိုရပ်ရင်း အလင်းဝင်နေရာ နံရံရှိရာကို စိုးကျော် လျှောက်လှမ်းသွားလိုက်သည် ။

အမှောင်ထဲမှာ ပင် နံရံကို ထိကိုင်ကြည့်တော့ ....

"ဟာ ...."

ဒါဟာ နံရံတစ်ခု မဟုတ်ပဲ တံခါးတစ်ချပ်ပါလား ...။

စိုးကျော် စိတ်ဝင်စားသွားရချေပြီ၊ ချက်ချင်းပဲ တံခါးကိုတွန်းကြည့်တော့ အနည်းငယ် လှုပ်ခတ်သွားသည် ကို တွေ့ရ၏။ ပိတ်ထားတာ မည်မျှကြာပြီမသိ၊ အပေါ်ဘက်ဆီမှ ဖုန်နှင့် သဲမှုန့်များ ကျဆင်းလာသည် ။

အနည်းငယ် အားစိုက်ကာ ထပ်တွန်းကြည့်လိုက်တော့ ....

"ကျွီ.... ကျွီ. ..."

ပွင့်ဟသွားသော တံခါးချပ်နှင့်အတူ အလင်းများ လည်း ဝင်လာပါမတော့၏။ တံခါးပွင့်ပွင့်ချင်း သူတွေ့ လိုက်ရတာက ....

"ဩော်...."

*****

## အိပ်ခန်းဆောင် (သို့)

## ဝေဠုဝတီမင်းသမီးရဲ့ ပါရမီတော်တို့ ကွန့်မြူးရာအဆောင်

ထိုအရာမှ လွဲပြီး ကျန်တာ မဖြစ်နိုင်တော့ပါ၊ အပြင်အဆင် အခမ်းအနားက ဤစံနန်းဆောင်ကြီးအတွင်းရှိ ရှိသမျှအခန်းအားလုံးထက် တင့်တယ်တော်မူနေတယ်လေ၊ ပြည့်တန်ဆာဆိုတော့လည်း ဤအရပ် ဤနေရာကို အတင့်တယ်ဆုံး ပြင်ဆင်ထားရမှာ ပေါ့၊ ဒါဟာ သဘာဝကျပါသည် ။

အထဲရောက်ရောက်ချင်း ပထမဆုံးတွေ့ မိတာက အခန်းအလယ်တည့်တည့်တွင် ရှိနေသော ခုတင်ကြီး၊ ပြီးတော့ ခုတင်ကြီးကို ပတ်ဝိုင်းကာရံထားသည့် နံရံလေးဖက်တို့ ဆီမှ ဆေးရေးပန်းချီကားများ အချိန်ကြာညောင်းခဲ့မှုကြောင့် ဆေးသားတို့ ကျိုးပျက်နေပြီ၊ တချို့လည်း ကွဲအက်ကွာကျနေပြီ၊ သို့သော် ....ပုံသဏ္ဌာန်နှင့် ကောက်ကြောင်းကိုတော့ ရေးရေးမျှ ဖမ်းယူနိုင်ပါသေးသည် ။ နံရံလေးခုအနက် သူ၏ စိတ်အာရုံကို အဓိကဖမ်းယူနိုင်လိုက်သည် ကား ခြေရင်းဘက်နံရံရှိ ပန်းချီကားကြီး ....

မင်းသမီးလေးတစ်ဦး (အထူးသဖြင့်) ဓာတ်မင်းသမီးလေးတစ်ဦး ကွေးညွတ် သွယ်ပျောင်းသော ဟန်အမူအရာနဲ့ ကကြိုးဆင်ကာနေသည် ၊ အုတ်သားအက်ကွဲကြောင်းတို့ အလယ်မှာ ပင် ရေးရေးမျှပေါ်တော့သောဆေးသား အဆွေးအမြည့်အောက်မှာ ပင်

သူမရဲ့ အလှတရားက သိသာထင်ရှားကာနေတော့ ....၊

"ဒါ ယမင်းသူဇာလား ...."

အသက်ရှူရပ်မတတ် ရင်မှာ လှိုက်မောသွားမိသည် ။ ပြီး ....အခြားနံရံတို့ ဆီလည်း အကြည့်ရောက်သွားမိတော့ ခေါင်းရင်းနံရံမှာ သိ မ်း ၄ က် ကြီး ညာ ဘ က် ခြ မ်း မှာ က လည်ဆံမွေးကိုခါလို့ ခြသေ့်ကြီးတစ်ကောင်၊ ဘယ်ဘက်ခြမ်းမှာ တော့ ဦးချိုကို ငုံ့ကိုင်းရင်း ဝေ့တော့မည့်ဟန် နွားကြီး...

ကြည့်ရင်းနဲ့ စိုးကျော် ကြက်သီးတို့ ထသွားမိသည် ။ မျက်လုံးကို မှ ိတ်ကာ ရရှိသောခံစားမှုကို လေ့လာတော့ ဘာမှန်းမသိသော အချိန်တွေသူ့နှလုံးသားကို လာရိုက်သည် ။

တော်တော်ဆန်းလှတဲ့ အခန်းပါလား၊ ဘာမှန်း ရေရေရာရာသိအောင် ကြိုးစားပေမဲ့ ခံစားမှုကို အမည်တပ်မရ။ ။

မျက်လုံးကိုပြန်ဖွင့်တော့ ကကြိုးဆင်နေတဲ့ ယမင်းရုပ်လေးတစ်ပါးက သူ့ကို ပြုံးကြည့်ကာနေသည် ။ နံရံဆီသွားရင်း ဆေးသားတို့ ကို လက်ဖြင့်တို့ ထိကြည့်တော့ ...

"အဟင်း ....ရှူးချင်စရာပါပဲ ...."

ရိုထော့ထော့ဆိုရင်း ကျောက်ခုတင်စွန်းမှာ ဝင်ထိုင်လိုက်သည် ။ ကျောက်သား၏ အေးစက်မှုက သူ့အသားကိုပင် ကျုံ့သွားစေ၏။

စိုးကျော် ပခုံးတွန့်လိုက်ပါသည် ။

သူမရဲ့ ထူးကဲသောပါရမီနဲ့ လာရောက်ပျော်ပါးသူ ပုရိသများကို ဖျော်ဖြေပေးရာအရပ်ပေါ့ ....

"ဟာ ....ဟ ..."

ရှေ့တည့်တည့်မှ ပန်းချီကားကြီးကိုကြည့်ပြီးလည်း စိတ်မှာ ဘာကြောင့်မှန်းမသိ လှိုက်မောလာတယ်၊ ပကတိ ယမင်းသူဇာကပဲ သူ့ရှေ့မှာ ကိုယ်ထင်ပြလာသလို ခံစားသွားမိတယ်။ အကြည့်၊ အပြုံး၊ ကိုယ်နေဟန်ထားမှာ တပ်မက်ဖွယ် ကောင်းလွန်းလှပေစွ။

သူမရဲ့ ကောက်ကြောင်းတွေမှာ ရော . အနက်အဓိပ္ပာယ်တွေ ရှိနေတာလား။

ဤအရပ် ...ဤနေရာမှာ ...ပုရိသဘယ်နှယောက်လောက် နတ်ဘုံနတ်နန်း စံမြန်းသွားပါလိမ့်။

***

(a)

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး… …"

"တစ်ရာ့ခြောက်၊ တစ်ရာ့ခုနစ်၊ တစ်ရာ့ရှစ်၊ တစ်ရာ့ကိုး ……."

"နှစ်ရာနှစ်ဆယ့်ရှစ်၊ နှစ်ရာနှစ်ဆယ့်ကိုး၊ နှစ်ရာ့သုံးဆယ်… နှစ်ရာ့သုံးဆယ်နှစ်ရာ့သုံးဆယ် … …."

ဘယ်လိုပဲ ပြန်ရေရေ အိတ်ထဲမှ အသပြာမှာ (၂၃၀)အရောက်တွင် ရပ်သွားရသည့်ကိစ္စက တော်တော်မှ ကို ဝမ်းနည်းစရာ ကောင်းလွန်းလှပါတယ်၊ ဒီလောက် အသပြာငွေကြေးနဲ့ ယမင်းရုပ်လေးကို ဘယ်လိုကာကွယ်ရမလဲလေ၊ သူသာ မကာကွယ်နိုင်ရင် ယမင်းရုပ်လေးရဲ့ ညတွေ ပင်ပန်းခက်ခဲရတော့မှာ ….

လွန်ခဲ့သောရက်ပိုင်းက မိုးတွင်းပင်ဖြစ်သော်ငြား သူတို့ နေ ပြ ည် တော် မှာ ထူးထူးခြားခြား မိုးခေါင်ခဲ့ပါတယ်၊ ထိုမိုးခေါင်ကာလမှာ ပဲ လူတစ်ယောက်ရဲ့ ဇာတာအပြောင်းအလဲဟာ ပဥ္စလက်ဆန်လွန်းလှလေရဲ့ ……။

ယမင်းသူဇာဆိုတဲ့ တိုင်းသိပြည်သိ အမျိုးသမီးတစ်ယောက်ဟာ ဇာတ်သမတစ်ဦး မဟုတ်တော့ပါဘူး၊ ဝေဠုဝတီခေါ်တွင် သူ ဝတီဘွဲ့ခံ မင်းသမီးတစ်ယောက် ဖြစ်သွားပါပြီ၊ ဒါပေမဲ့ မိဖုရားတစ်ပါးရဲ့ အဆောင်အယောင် ပေးသနားခံထားရလို့ မင်းသမီးတစ်ယောက်

မဟုတ်ပြန်ပါဘူး၊ မင်းတရားကြီး ကိုယ်တော်တိုင် တော်ကောက် ဘိသက်ခံထားတာ မဟုတ်တဲ့ အတွက်လည်း မိဖုရားတစ်ပါး မဟုတ်ပြန်ဘူး။

ပြည်ရဲ့ တန်ဆာ ပြည့်တန်ဆာတစ်ဦးအဖြစ် ....မိဖုရားတစ်ပါးရဲ့ အဆောင်အယောင်နဲ့ တပင်တိုင်နန်း စံပါယ်ခွင့် ရရှိထားတဲ့ ထူးထူးခြားခြား မိန်းမငယ်တစ်ဦးပါ။ ခက်တော့လည်း ခက်လှပါတယ် ....၊ သူမရဲ့ အလှည့်အပြောင်းဟာ စိတ်ဝင်စားဖို့ လည်း ကောင်းလွန်းလှတယ်၊ ပိုပြီး စိတ်ဝင်စားဖို့ မကောင်းတာက သူမစံပျော်ဖို့ 'ဝေဠုဝတီ စံနန်းဆောင်ကြီးကို ဦးစီးဆောက်လုပ်မယ့် ပညာရှင်က ဆရာကြီး အရိယကိုယ်တိုင် ဖြစ်နေပါသတဲ့ ....။

လောလောဆယ်တော့ သူမဟာ သူကြွယ်ကုန်းက စံအိမ်တော်မှာ ပဲ အစောင့်အကြပ်ပေါင်း များ စွာနဲ့ ယာယီစံပါယ်နေတယ်၊ ရေနံချေးရောင်နေတဲ့ အိမ်မည်းကြီးက အရင်လိုမဟုတ်တော့ပါဘူး၊ အဆောင်ကိုင်၊ လှံကိုင်ရဲမက်တွေနဲ့ ရံရွေတော်တွေ၊ အပျိုတော်တွေနဲ့ သူမကျန်းမာရေးကို ခုနစ်ရက်တစ်ခါ စစ်ဆေးကုသပေးမယ့် သမားတော်တွေနဲ့ မင်းခမ်းမင်းနားကဲ့သို့ အလွန်တရာမှ တိုးတက်စည်ကားသွားတာပါ။

ဒါတင်မဟုတ်သေးပါဘူး၊ အမျိုးကောင်းသားတို့ သူမနဲ့ ပျော်ပါးရန် အဖိုးအခအဖြစ် တစ်ည အသပြာ(၃၀၀)ကိုလည်း ငွေခွန်မှူးက သတ်မှတ်ပေးထားပါတယ်၊ ရရှိသော အသပြာကိုလည်း ယမင်းသူဇာကသာ အပြည့်အဝခံစားရမှာ ဖြစ်ပါတယ်၊ ထိုကိစ္စအတွက်တော့ ပျော်ပါးလိုသူ ပုရိသတွေအတွက် အလွန်တရာမှ အခက်တွေ့ လှပါတယ်၊ အသပြာ(၃၀၀)ဆိုတဲ့ ငွေကြေးက

ပြည်တွင်းပြည်ပ သူဌေးသူကြွယ်၊ မင်းညီမင်းသားတို့ အဖို့ မပြောပလောက်လေတော့ သူ့ထက်ငါ အလုအယက် ရန်ငြိုးပွား အချင်းများ ရတဲ့ ထိ ဖြစ်သွားနိုင်ပါတယ် ....။

ထိုအခါမျိုးမှာ ယမင်းသူဇာနဲ့ ပျော်ပါးခွင့်ရသူဖြစ်ဖို့ စိစစ်ခွင့်ရှိသူမှာ ယမင်းသူဇာရဲ့ ယခင်အကြီးအမှူး ဇာတ်ဆရာသောင်းတန်သာ ဖြစ်သွားတော့တယ်၊ သူနိုးကို ဘဏ္ဍာတိုက်သော့ အပ်လိုက်သလိုပါပဲ၊ ယမင်းသူဇာနဲ့ ပျော်ခွင့်ရဖို့ ငွေခွန်မှူးသတ်မှတ်ထားသော အသပြာ(၃၀၀)အပြင် ဇာတ်ဆရာကို သူ့ထက်ငါ အပြိုင်လာဘ်ထိုးရပါတယ်၊ ထိုအထဲကမှ အများ ဆုံး လာဘ်ထိုးသူကို တစ်ညတာ ပျော်ပါးခွင့်ရသူအဖြစ် ရွေးတော်သွင်းတယ် ...။

အမှန်တော့ ထိုကိစ္စဟာ ရာဇဝတ်မှု မြောက်သော်လည်း ငွေခွန်မှူးနဲ့ သောင်းတန်တို့ အပေးအယူ နားလည်မှု ရှိနေတာကြောင့် ကြီးကြီးမားမား တစ်စုံတစ်ရာ ဖြစ်ပေါ်မလာခဲ့ပါဘူး၊ ယမင်းသူဇာကတော့ ထိုအခြင်းအရာများကို ထုံးစံအတိုင်း ဘာမှ မသိဘူးထင်ရဲ့ ....။ ။

ဒါပေမဲ့ ယမင်းသူဇာထံမှာ အထူးအခွင့်အရေးတစ်ရပ်တော့ ရရှိနေပါတယ်၊ အဲဒါက သူမနဲ့ ပျော်ပါးမယ့် အမျိုးသားဟာ သူမ သဘောကျနှစ်သက်တဲ့ သူ ဖြစ်ရပါမယ်။ နှုနာဝဲစွဲ ...စသဖြင့် ကျန်းမာရေး တစ်ခုခုကြောင့်လည်းကောင်း၊ ပိုးမွှားရောဂါ မသန့်စင်သောကြောင့်လည်းကောင်း၊ စိတ်မနှံ့သောကြောင့်၎င်း၊ မူးရူးရမ်းကား သွေးဆိုးသောကြောင့် လည်းကောင်း၊ ရသေ့ရဟန်း သူတော်စင် ဖြစ်နေသောကြောင့်လည်းကောင်း စသဖြင့် ခွင့်မပြုနိုင်သော ဖြစ်ပျက်တစ်စုံတစ်ရာ ရှိနေပါက

ငြင်းပယ်နိုင်ပါတယ်။ ဒါဟာ သာမန်ခန္ဓာသည် များ အဖို့ လွန်ဆန်မရနိုင်သော အခက်အခဲများ ဖြစ်နိုင်သော်လည်း ဝတ်ိဘွဲ့ခံ မင်းသမီးတစ်ပါး ဖြစ်နေတာဆိုတော့ အထူးအခွင့်အရေး ရရှိထားတဲ့ သဘောပါ။ ပြီးတော့ ....သူမဟာ ပြည်ရဲ့ ရတနာတစ်ပါးလေ၊ အမြဲတမ်း ရောဂါဘယကင်းဝေးပြီး ရွှင်ပြုံးကျန်းမာနေဖို့ လိုတယ်လေ ....။

ထိုအခွင့်အရေးကြောင့်ပဲ နန်းနွယ်ဆိုတဲ့ သာမန်အရပ်သားတစ်ဦးဟာ မိုးခေါင်ပြီးနောက် မိုးဖြိုင်ဖြိုင်ကျသော ညပေါင်းတော်တော်များများမှာ ယမင်းသူဇာနား နေခွင့်ရခဲ့ပါတယ်၊ ယမင်းသူဇာလေးရဲ့ ညတွေကို ငြိမ်းငြိမ်းချမ်းချမ်း ကာကွယ်နိုင်ခွင့် ရခဲ့ပါတယ်။ ဇာတ်ဆရာသောင်းတန်က မကြည်တော့သော်လည်း ယမင်းသူဇာ နှစ်သက်သည် ကြောင့် စည်းမျဉ်းစည်းကမ်းအတိုင်း မိုးသည်းညများ စွာမှာ ယမင်းသူဇာကို ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။

ဇာတ်ဆရာသောင်းတန်ကတော့ အပိုလာဘ်ထိုးငွေမရလေ သူ့ကိုမကြည်လေပဲပေါ့။

ဒါပေမဲ့ ....အခုတော့ ....

(၂၃၀)သာရှိတော့သော အသပြာအိတ်လေးကိုကိုင်ပြီး နန်းနွယ် သက်ပြင်းကိုသာ ချမိလိုက်တယ် ...၊ တစ်စုံတစ်ယောက်ကိုလည်း လည်ဆန့်ဆန့်နဲ့ မျှော်နေမိပါတယ်။

အဆောလတ်မြို့ဆီ အသပြာတောင်းရန် ထွက်သွားသော သတိုးသတိုးနွယ် ဒီညအမီ ရောက်နိုင်ပါ့မလား ...၊

မရောက်ရင် သူ ဘာလုပ်ရမလဲ ....။

သူ မရှိရင် ယမင်းသူဇာရဲ့ ညကွေကို ဘယ်သူအပိုင်ယူမှာ လဲ ....။

*****

(b)

"မျက်နှာလည်း မကောင်းပါလား မောင်တော်၊ အလုပ်တွေ တအားပင်ပန်းနေလို့ လားဟင် ...."

သံပျဉ်မင်းသားမှာ သက်ပြင်းကိုချတယ်၊ ပြီးတော့ ....ယမင်းသူဇာ ဆက်သလာတဲ့ ရေနွေးတော်ကို တစ်ငုံငုံသောက်ရင်း...

"ဟုတ်တယ် နှမတော် ခုတလော အတွင်းတော်မှာ တစ်ဖက်နဲ့ တစ်ဖက် အာဏာမီးတွေ အတွင်းကြိတ် လောင်နေကြတယ်၊ မြောက်နန်းမိဖုရားတို့ ဖက်က မောင်တော်တို့ ခြေလှမ်းတွေကို တစ်စွန်းတစ်စ ရိပ်မိသွားတယ်ထင်ပါတယ်၊ မောင်တော်တို့ မှာ လှုပ်မရအောင် ဘေးကျပ်နံကျပ် တွေ ဖြစ်နေတယ်၊ အစ်မတော်လည်း အဲဒီကိစ္စတွေကြောင့် စိတ်နှလုံး မသာမယာ ဖြစ်နေရှာတယ်၊ အခုက မင်းတရားကြီး ရွှေနားတော် ပေါက်ကြားမှာ စိုးလို့ သာ နှစ်ဖက်လုံး ငြိမ်နေကြတာ၊ ဒါပေမဲ့ သူ့ သဘော ကိုယ့်သဘောတွေတော့ မြေအရေခွံလဲသလို ဘွင်းဘွင်းကြီး ပေါ်နေကြပြီ၊ ခုချိန်မှာ ခြေလှမ်းမှားလို့ မဖြစ်ဘူး၊ ခြေလှမ်းတစ်ချက်မှားတာနဲ့ တစ်ဘဝစာ ပြီးပြီပဲ၊ အဲဒီအတွက်ကြောင့်ပဲ နှမတော်ဆီ မောင်တော်လာခဲ့တာ ..."

မောင်တော်အား မော်ဖူးနေရာမှ သူဇာ မျက်မှောင်လေးကြုတ်သွားပါတယ်။

"သူဇာက ဘာလုပ်ပေးနိုင်မှာ မလို့ လဲဟင်...."

သံပျဥ်မင်းသားက ရင်ကွဲအပေါ်ရုံအင်္ကျီအောက်မှ ပေရွက်လိပ်လေးတစ်ခုကို ထုတ်လိုက်ပါတယ်။

"ဒီပေရွက်လိပ်က မောင်တော်တို့ အရေးတော်ပုံအတွက် အသက်မျှ အရေးကြီးတယ် သူဇာ ...၊ ဒီပေရွက်လိပ်လေးကို မောင်တော့်အတွက်သူဇာ သိမ်းထားပေးနိုင်မလား"

သံပျဥ်မင်းသား ကမ်းပေးသော ပေရွက်လိပ်လေးကို သူမ မဝံ့မရဲလှမ်းယူရင်း ...။

"အဲ့လောက်တောင် အရေးကြီးတယ်လား မောင်တော် ...."

"ဟုတ်တယ်သူဇာ၊ ထိန်းသိမ်းပေးရမယ့်အရေးကို တွေးပြီး သူဇာကြောက်သွားတာလား"

သူ ခေါင်းကို တွင် တွင် ယမ်းလိုက်တယ်၊ နှုတ်ခမ်းကို ဖိကိုက်ထားလိုက်တဲ့ အတွက် ဆုံးဖြတ်ချက်မှာ လည်း ပြတ်သားသွားပါတယ်။

"စိတ်ချပါ မောင်တော်၊ မောင်တော့်အတွက် အသက်တမျှ အရေးကြီးရင် ဒီပေရွက်လိပ်ကို သူဇာ အသက်နဲ့ ရင်းပြီး ကာကွယ်စောင့်ရှောက်သွားပါ့မယ် "

သူမရဲ့ နှုတ်ထွက်စကားကြောင့် မောင်တော်မှာ ပြုံး လာလေရဲ့ ....။

ပြီးတော့ သူမရဲ့ နဖူးဆံစလေးများကို လက်ချောင်းထိပ်နဲ့ ဖွဖွထိရင်း ....

"အဲဒီလောက်တောင်ပဲလား နှမတော်ရယ်"

"အဲဒီထက်တောင် ပိုပါသေးတယ် မောင်တော် ..."

*****

(၆)

တစ်နေ့ဝင်လို့ တစ်မိုးသောက်ခဲ့ပြီ။ နန်းနွယ်ကတော့ ခုထိ အသပြာအိတ်လေးကိုကိုင်ရင်း ....အိမ်ပေါက်ဝကို မျှော်ကြည့်ရင်း တစ်စုံတစ်ယောက်ကိုစောင့်နေဆဲပါ၊ သတိုးနွယ် ဘာလို့ နောက်ကျနေတာလဲ၊ လမ်းမှာ တစ်ခုခုများ ဖြစ်နေတာလား။

စို့တက်လာသော စိုးရိမ်စိတ်ကို အတင်းအကန်မျိုချရင်း နန်းနွယ်ခေါင်းကို ခါယမ်းလိုက်တယ်၊ မဖြစ်နိုင်ပါဘူး။

ပြီးတော့ မဖြစ်နိုင်မှန်းသိလျက်နဲ့ အိတ်ထဲမှ အသပြာများကို စားပွဲပေါ် ပုံချလိုက်ပါတယ်၊ ထို့နောက် တုန်ယင်သောလက်နဲ့ တစ်စေ့ချင်း ထပ်ရေမိတယ်၊ ဘုယ့်လိုပဲရေရေ (၂၃၀)အရောက်မှာ ကုန်ဆုံးသွားပြန်တဲ့ ကိစ္စဟာတော်တော်တော့ ဝမ်းနည်းဖို့ ကောင်းလွန်းလှပါတယ်။

ဒါနဲ့ ပဲ နောက်တစ်ကြိမ် ထပ်ရေဖို့ လုပ်ရပြန်တယ် ...။

"တစ် ....နှစ် ....သုံး ...ငါးဆယ် ....ငါးဆယ့်ငါး ...."

ဒါပေမဲ့ ငါးဆယ့်ငါး အရောက်မှာ ထင်ရှားတဲ့ အသံလေးတစ်သံကို ခြံဝဘက်ဆီမှ ကြားလိုက်ရရဲ့ ....။

"ချလွင် ...."

"ဟော ...."

ငုံ့ကိုင်းထားရာမှ ဦးခေါင်းတို့ ဆတ်ခနဲ မော့သွားတယ်၊ တဆက်တည်းဆိုသလို လှည်းရပ်သံ တစ်ခုကို ကြားလိုက်ရတော့ ...

"သတိုးနွယ်လား ...."

နှုတ်မှ တိုးတိုးရေရွတ်ရင်း နန်းနွယ်တစ်ယောက် အိမ်ဝင်ပေါက်ဆီ ပြေးထွက်သွားလိုက်ပါတယ်။

တကယ်ပါပဲ သူ တမေ့တမော စောင့်မျှော်နေတဲ့ သူ့ရဲ့ ကျွန်ယုံရင်း သတိုးနွယ်တစ်ယောက် တကယ်ပဲ ရောက်လို့ လာခဲ့ပါပြီ။

"သတိုးနွယ် ...."

သူ့ခေါ်သံကြားတော့ ....

"ဟာ ....သခင်လေး ...."

လှည်းပေါ်မှ အပြေးအလွှားဆင်း လာပြီး သူ့ခြေထောက်ကို ဦးတိုက်လို့ သတိုးနွယ်မှာ ဂါရဝပြုပါတယ်။

"ဘာလို့ များ ကြာနေရတာလဲကွဲ့ယိ"

သတိုးနွယ် ဆံစကိုပွတ်ရင်း အမေးစကားဆိုတော့ ဦးခေါင်းကိုငုံ့ယိုင်လို့ လှည်းရှိရာဆီ ညွှန်ပြတယ်၊ အကြည့်ရောက်ရောက်ချင်း သူတွေ့လိုက်ရတာက ....

ဟုတ်ပါတယ်၊ တည်ငြိမ်သောကိုယ်ဟန်၊ ဂရုဏာလွှမ်းသက်သော အကြည့်တွေနဲ့ ရပ်နေသူက ဦးတိန်နို၊ အနှစ်နှစ်အလလက ပျောက်ဆုံးသွားသော သားတစ်ဦးကို ပြန်တွေ့ရသလိုမျိုး.

....ဖခင်ရင်ငွေ့မှ တောင်ပံခတ်ရင်း ပျံသန်းသွားတဲ့ သားငယ်လေးကို သစ်ခြောက်ပင်ကြီးတစ်ပင်ထက် အထီးကျန်စွာ ပြန်တွေ့လိုက်ရသလိုမျိုး ...ဦးခိုမျက်ဝန်းတွေက မေတ္တာနဲ့ လွမ်းဆွတ်မှုတွေခိုသီးဝေဝါးနေပါတယ်။ ။

နန်းနွယ် ဣန္ဒြေ ပင် မဆည်နိုင်တော့ပဲ ဦးတိန်ခိုကို တအားပြေးဖက်လိုက်တယ်။

"လွမ်းလိုက်တာ ဦးခိုရယ်"

"အတူတူပါပဲ သားရယ်၊ ဦးခိုလည်း သားကို လွမ်းနေတာပါ"

* * *

ဦးတိန်ခိုကတော့ အရင်အတိုင်းပါပဲ ....၊ ပြန်ရှာတွေ့တဲ့ သားတစ်ယောက်အတွက် ကိုယ်တိုင်ကိုယ်ကျ ဈေးဝယ်ပြီး ကိုယ်တိုင်ပဲ ချက်ပြုတ်ကျွေးမွေးပါတယ်၊ ဦးတိန်ခိုတည်ခင်းတဲ့ ထမင်းဝိုင်းကြီးမှာ သူရယ်၊ သတိုးနွယ်ရယ်၊ သာအောင်နှင့် မိုးညှင်းရယ်၊ ပြီးတော့ ဦးခိုရယ်၊ ငါးယောက်သား တပျော်တပါး လက်ရည်တစ်ပြင်တည်း စားသောက်ကြတယ်၊ ထမင်းစားပြီးတော့ သူရယ်၊ ဦးခိုရယ် အညောင်းအညာပြေ လမ်းလျှောက်ထွက်တယ် ...။ တကယ်ကို ကြည်နူးဖွယ်ကောင်းတဲ့ မမေ့နိုင်စရာ အမှတ်တရလေးတွေပေါ့ ....

ယခုတော့ ရောင်ခြည်တော်ခုနစ်သွယ်နဲ့ တောက်ပခဲ့သော နေမင်းကြီးမှာ အနောက်ဖက် ကောင်းကင်အောက်သို့ ငုတ်လျှိုးပျောက်ကွယ်သွားခဲ့ပြီ။

ဒါပေမဲ့ မှောင်မိုက်သွားချိန်ဟာ ခဏပါ၊ နေရဲ့ ရင်ငွေ့ကို နိုလှုံထားသော လမင်းရဲ့ အေးချမ်းမှုက ဩကာသလောကတစ်ခွင်ကို ပြန်လည်ထွန်းလင်းပေးနေပြီလေ။

သူနဲ့ ဦးနို ထိုင်နေသော အပေါ်ထပ်ဝရန်တာဆီသို့ လမင်းရဲ့ အလင်းရောင်က ပြာလဲ့လဲ့ ဖြာကျပေးနေတယ်၊ သူတို့ နှစ်ဦးအလယ်မှာ စားပွဲတစ်လုံးနဲ့ ရေနွေးကရားတစ်အိုး ရှိနေပါတယ်၊ ပြီးတော့ အပြည့်ဖြည့်ပြီး တစ်စက်တော်မသောက်ရသေးတဲ့ ရေနွေးနှစ်ခွက်လည်း ရှိနေတယ်။

သူတို့ ထိုင်နေတာ တော်တော်ကြာနေပါပြီ၊ တိတ်ဆိတ်နေမိတာလည်း စထိုင်ကတည်းက ဆိုတော့ တော်တော်ကြာပြီလို့ ပြောရပါလိမ့်မယ်၊ ဘာကြောင့်ရယ်မသိပဲ တိတ်ဆိတ်နေမှုက တော်တော်မှ နေရထိုင်ရ ခက်လှပါတယ်၊ ဦးတိန်နိုကြည့်ရတာ သူ့ကို တစ်ခုခုပြောချင်နေပုံပါပဲ၊ ပြီးတော့ မပြောမထွက်ပုံ လည်း ရနေတယ်။

"ဦးနို သားကို တစ်ခုခုပြောချင်နေတာလား"

လမင်းကြီးကို အကြောင်းမဲ့ ငေးနေရာမှ ဦးနို သင်ပြင်းကိုချတယ်။

"ယမင်းသူဇာဆိုတဲ့ ကလေးမက တော်တော်လှလား သား ...."

ထင်မှတ်မထားသောစကားကြောင့် အနည်းငယ်တော့ ကြောင်အမ်းသွားရတယ်။

"အင်း ....လှတယ်၊ အကလည်း တော်တယ်"

"ဒီ ....သူက သာမန်ဇာတ်မင်းသမီးတစ်လက် မဟုတ်တော့ဘူးဆို"

"ဟုတ်တယ်ဦးနို ....ရွှေနန်းရှင် မင်းတရားကြီးကိုယ်တိုင်

မြှောက်စားထားတဲ့ မင်းသမီးတစ်ပါး ဖြစ်သွားပြီ၊ ဘွဲ့ အမည်က ဝေဠုဝတီတဲ့ "

"ဩော် ....သူ့ အလုပ်က ဘာလဲသား....."

ဂုဏ်ယူဝင့်ကြွားစွာ ဖြေနေသော သူ့ စကားတွေ ဦးနိုရဲ့ နောက် မေး ခွ န်း တ စ် ခု မှာ တုံ့ဆိုင်းသွားရတယ်၊ မျက်လွှာကို အောက်ချရင်း နှုတ်ခမ်းကိုက်လို့ သာ ဖြေကြားဖြစ်ပါတယ်။

"ပြည့်တန်ဆာပါ"

"သားရယ် ...."

ဦးနိုရဲ့ မချိတင်ကဲ ညည်းတွားသံက တိုးညင်းညင်း ထွက် လာလေရဲ့၊ မတတ်နိုင်ပါဘူး .... အမှန်ကို အမှန်အတိုင်း ပြောရဲဖို့ လောက်တော့ သူ သတ္တိရှိရမယ်လေ။

"ခန္ဓာသည် တစ်ဦး၊ ပြည့်တန်ဆာတစ်ဦးကို ချစ်ကြိုက်မိလို့ ဦးနိုသားကို အပြစ်ဆိုချင်နေတာလားဟင် ..."

ဦးက မချိပြုံးပြုံးရင်း ခေါင်းယမ်းရဲ့ ...၊

"အပြစ်မပြောပါဘူးသား၊ ပြည့်တန်ဆာပဲဖြစ်ဖြစ် ... နူနာသည်ပဲဖြစ်ဖြစ် ...တောင်ရမ်းသူပဲဖြစ်ဖြစ် ဘယ်သူမဆို သားချစ်ခွင့်ရှိပါတယ်၊ ဒါဟာသားရဲ့ လွတ်လပ်ခွင့်ပါ၊ ဒါပေမဲ့ သားရယ် ....သားရဲ့ ချစ်ပုံချစ်နည်းက နည်းနည်းများ လွဲနေသလား"

"ဦးနို ဘာကိုဆိုလိုတာလဲ ....သား နားမလည်ဘူး"

"သား ...အဲဒီမိန်းကလေးကို တရားဝင် ထိမ်းမြားရဲလား"

"ရဲတာပေါ့ ...."

"ဒါဆို ထာဝရပိုင်ဆိုင်ဖို့ အရေးအတွက် မကြိုးစားဘဲ တစ်ညကို အသပြာ ရာထောင်ပေးပြီး ခဏတာပိုင်ဆိုင်ဖို့ အရေးကိုပဲ ဘာလို့ ကြိုးစားနေလဲဆိုတာ ဦးနို နားမလည်ဖြစ်မိနေတာပါ"

နန်းနွယ် ပြုံးမိလိုက်တယ်၊ စိတ်မကောင်းမှုတွေ ရှိနေတဲ့ အတွက် သိပ်ပီပြင်မယ်တော့ မထင်ပါဘူး။ ။

"ယမင်းသူဇာဟာ ကျွန်တစ်ယောက်ပါ ဦးနို၊ သူ့ရဲ့ မျိုးရိုးစဉ်ဆက်ဟာ ဇာတ်ဆရာ သောင်းတန်တို့ ရဲ့ မိ ဘ ဘိုး ဘွား တွေ ဆီ မှာ တာဝန်ထမ်းဆောင်လာခဲ့တာပါ၊ မိဘတွေလက်ထက်က တင်ကျန်ခဲ့တဲ့ ကြွေးမြီတွေကို ဇာတ်စင်ပေါ်တက် မမောမပန်း ကပြဖျော်ဖြေရင်း ဇာတ်ဆရာသောင်းတန်ထံ ဆပ်နေရတဲ့ မိန်းကလေးတစ်ယောက်ပါ"

"ဒါဆိုလည်း သူ့ရဲ့ ကြွေးမြီတွေကို သားကဆပ်ပေးပြီး သူ့ကို အပြီးအပိုင် ခေါ်ထုတ်ပေးလို့ မရနိုင်ဘူးလား ...."

နောက်တစ်ကြိမ် ထပ်ပြုံးမိလိုက်တယ်"

ကြိုးစားခဲ့တာပေါ့ ...၊ အကျေအလည်ကို ကြိုးစားခဲ့တာပေါ့ ...

အတင်းဖွတ်မှိ တ် မေ့ပစ်ထားတဲ့ ညတစ်ညက မတူးဆွပါပဲ အလိုလိုပြန်ပေါ်လာရတော့တယ်။

အဲဒီညကပေါ့ ....

*****

(d)

နန်းတော်ဆီမှ ရွှေဗဟိုရ်စည်သံများကို စည်းချက်မှန်မှန်ကြားနေရတယ်၊ ဗဟိုရ်စည်းချက်နဲ့ အတူ နန်းနွယ်နလုံးသားမှာ လည်း တသိမ့်သိမ့်လှုပ်ခါ နေရပါတယ်။

"သူဇာ...."

"ပြောလေ သူဌေးလေး ..."

"သူဇာဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလားဟင် ...."

"သူဌေးလေး ဘာကိုပြောတာလဲဟင် ...."

"ဇာတ်ဆရာ သောင်းတန်ဆီမှာ ပဲ တစ်သက်လုံး ကျွန်အဖြစ်နဲ့ နေသွားမယ့်အရေးကို ပြောတာပါ၊ သူဇာကြွေးမြီအားလုံးကို ကျွန်တော် ဆပ်ပေးနိုင်ပါတယ်၊ ဒါကိုမှ,,, သူဇာကို ဇာတ်ဆရာ လက်မလွှတ်နိုင်သေးရင် သူတောင်းသလောက် အသပြာငွေကြေးကို ကျွန်တော် ထပ်ပေးနိုင်တယ်၊ သူဇာ ...ကျွန်တော်နဲ့ သာ အဆောလတ်မြို့ကို လိုက်ခဲ့ပါ၊ ကျွန်တော့်ကို လက်ထပ်ပါ၊ ကျွန်တော့်ကို လက်ထပ်ရင် ကျွန်တော်ပိုင်သမျှ စည်းစိမ်ချမ်းသာအားလုံး သူဇာ ပိုင်ရလိမ့်မယ်၊ ဒါဆို ...တစ်ရာ့ရှစ်တောင်ပြည့် စေတီကြီးကိုလည်း ကိုယ့်ငွေနဲ့ ကိုယ် အေးအေးချမ်းချမ်း သူဇာ တည်နိုင်ပါလိမ့်မယ်"

သူ့ပြောစကားများကို စိတ်ဝင်တစား နားထောင်နေရာမှ

ယမင်းရုပ်လေးက သက်ပြင်းကို ချပါတယ်၊ ပြီးတော့ တွေတွေ ငေးငေးလေးနဲ့ အတန်ကြာအောင်လည်း စဉ်းစားသွားတယ်။

"ခက်တော့လည်း ခက်တယ် သူဌေးလေးရယ်"

"မခက်ပါဘူး သူဇာရဲ့ ၊ အဖြေဆိုတာမျိုးက တစ်ခါတစ်ရံ ကိုယ့်အနီးအနားမှာပဲ ရှိတာပါ၊ အဲဒီအဖြေကို မမြင်ရအောင် ကိုယ့်အတွေးအခေါ်ကပဲ ကိုယ့်စိတ်ကို ပြန်ဖုံးအုပ်ထားတဲ့ သဘောပါ"

နှုတ်ခမ်းကို ကိုက်လျက်မှ ယမင်းရုပ်လေး ခေါင်းကိုယမ်းတယ် ....

"သူဇာ အဖြေကိုမြင်ပါတယ်၊ သူဌေးလေးရဲ့ မေတ္တာနဲ့ စေတနာကိုလည်း နားလည်ပါတယ်၊ ဒါပေမဲ့ သူဌေးလေး ပြောသလိုတော့ သူဇာလုပ်နိုင်မှာ မဟုတ်ဘူး ၊ အထူးသဖြင့် သူဌေးလေးနဲ့ လက်ထပ်ရမယ့် အရေးကိုပေါ့ ..."

"ဘာဖြစ်လို့ လဲသူဇာ၊ သူဇာက ခန္ဓာသည် တစ်ယောက် ဖြစ်နေလို့ လား"

ငုံ့ထားသော ဦးခေါင်းလေး ဖြည်းဖြည်းချင်း မော့လာတယ် ....။

" မဟုတ်ဘူး ...."

သူ့မျက်ဝန်းကို ငေးကြည့်လျက်မှ ....နောက်ဆက်တွဲစကားကို တစ်လုံးချင်းဆိုတယ်၊ အမိန့်ဒီဂရီများ လို ပြင်းထန်လွန်းလိုက်တာလေ။

"သူဇာမှ သူဌေးလေးကို မချစ်နိုင်တာ"

ဟာ ...ခနဲကို ဖြစ်သွားရတာပါ၊ အဖြေကိုသိလျက်နဲ့ မေးမိလိုက်တဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အကြီးအကျယ် နောင်တရမိသွားတယ်၊ ပြောထွက်ရက်တဲ့ ယမင်းရုပ်လေးရဲ့ နှုတ်ခမ်းအစုံကို ကြည့်ပြီးလည်း

ရင်ထဲကစကားတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရပါတယ်၊ ထိုင်နေရင်းနဲ့ နန်းနွယ်ဆိုတဲ့ လူတစ်ယောက် အလိုလို ပျောက်ကွယ်သွားသလိုပါပဲ။

ကိုယ့်ကိုယ်ကိုယ် သတိထားမိတော့ ယမင်းရုပ်လေးကို အကြောင်သား ငေးနေလျက်နဲ့ မျက်လုံးအိမ်မှာ မျက်ရည်တွေ သွင်သွင်စီးကျနေပြီ၊ ချက်ချင်းပဲ ခေါင်းကိုငုံ့လိုက်ရတယ်၊ သူ့ကြောင့် ယမင်းရုပ်လေး တစ်စုံတစ်ရာစိတ်မကောင်းဖြစ်သွားမှာ ကို မလိုလားဘူးလေ။ ။

"အဟင်း ...."

စီးကျလာတဲ့ မျက်ရည်များကို လက်ခုံနဲ့ ပင့်သုတ်ရင်း နန်းနွယ် ခြောက်ကပ်ကပ် ရယ်မိတယ်။

"ကျွန်တော် ဘာလုပ်ရမလဲ ဦးနို၊ ယမင်းသူဇာကို ကာကွယ်ပေးနိုင်အတွက် အခု ကျွန်တော်လုပ်နေတာက အကောင်းဆုံးနည်းလမ်းပဲ မဟုတ်ဖူးလားဗျာ"

ဦးတိန်နိုဆီမှ ပြန်ဖြေသံကို မကြားရပါဘူး၊ ဒါပေမဲ့ အသပြာအိတ်လေးတစ်အိတ်တော့ စားပွဲပေါ် ရောက်လာပါတယ်။

"ဒါဟာ အဆောလတ်အိမ်တော်မှာ ရှိတဲ့ သခင်ကြီးထားခဲ့တဲ့ သခင်လေးလက်ထက် ပြန်ပွားတိုးတက်ခဲ့တဲ့ အသပြာအားလုံးရဲ့ နောက်ဆုံးလက်ကျန်ပါ၊ ဘဏ္ဍာသေတ္တာထဲမှာ အသပြာတစ်ပြားတစ်ချပ်မှ မကျန်တော့ပါဘူး၊ ဒီလောက်ဆိုရင်လည်း အတိုင်းတာတစ်ခုထိတော့ ယမင်းသူဇာကို သခင်လေး အကာအကွယ်ပေးနိုင်မယ် ထင်ပါတယ်"

လ ရော င် အော က် မှာ ရှိနေတဲ့ အသပြာအိတ်လေးကိုကြည့်ရင်း ....နန်းနွယ် ဝမ်းနည်းလာရတယ်၊ သခင်ကြီးထားခဲ့တာ ဒါအကုန်တဲ့လား၊ သူ့လက်ထက်မှာ စည်ပင်ခဲ့သမျှရဲ့ နောက်ဆုံးလက်ကျန်တဲ့ လား အသပြာတစ်သိန်းတိတိ ချမ်းသာတယ်ဆိုတဲ့ သူဌေးလေးနန်းနွယ်ဆိုတာ ဟိုးအတိတ်မှာ ပဲ ရှိတော့တာပေါ့၊ ဦးတိန်နိုမျက်နှာအား မကြည့်ရဲတော့လောက်အောင်ကို ဖြစ်သွားရတယ်၊ တလှိုက်လှိုက် · စို့တက်လာသော ဝမ်းနည်းမှုတွေကြောင့် မျက်ရည်တွေလည်း ဖြေမဆည်နိုင်အောင် ကျလာရပါတယ်။

နှုတ်ခမ်းကို ဖိကိုက်ရင်း ငိုသံတစ်ဝက်နဲ့ တင်

"ယမင်းသူဇာကို ချစ်မိတာ အပြစ်တစ်ခုများ ဖြစ်နေပြီလားဗျာ"

ဦးနိုက သက်ပြင်းကိုချတယ်။ ။

"အပြစ်မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီနည်းလမ်းနဲ့ ယမင်းသူဇာကိုအမြဲတမ်း အကာကွယ် မပေးနိုင်ဘူးဆိုတာ သခင်လေး လက်ခံနိုင်ဖို့ သာလိုတာပါ"

*****

ဦးတိန်နို ပါလာတဲ့ ပိုက်ဆံဟာလည်း သိပ်အကြာကြီး မခံခဲ့ပါဘူး၊ တစ်ပတ်ဆယ်ရက် မပြည့်ခင်မှာ ပဲ မို၊ င်းကုန်သွားတဲ့ မီးပုံးပျံတစ်လုံးလိုတရိပ်ရိပ် အမှ ည့်ကြွေ ကြွေသွားခဲ့ရတယ်။ ထို ကာ လ မှာ သူသိခဲ့တာတစ်ခုလည်း ရှိနေပါတယ်၊ ဝေဠုဝတီ မင်းသမီးလေးရဲ့ တောင်းဆိုချက်အတိုင်း မြို့တော်ဝန်က မြေနေရာသတ်မှတ်ပြီး ဘုရားတည်ခွင့် ပြုလိုက်ပါပြီတဲ့ ....။ တာဝန်ယူ တည်ထားမယ့် ပညာရှင်ဟာလည်း ဆရာကြီး အရိယကိုယ်တိုင်ပဲဖြစ်ပါသတဲ့ ။

ထိုအမိန့်စကားအတွက် ယမင်းသူဇာကို အပိုင်သိမ်းပြီး ကိုယ်ကျိုးရှာနေသူ တစ်စုံတစ်ယောက်မှာ တော်တော်ကိုမှ စိတ်ကသိကအောက်ဖြစ် သွားနိုင်ပါတယ်၊ ဒါပေမဲ့လည်း ယမင်းသူဇာဆိုတာ မင်းတရားကြီး ကိုယ်တော်တိုင် မြှောက်စားထားတဲ့ မင်းသမီးတစ်ပါး ဖြစ်နေပြီဆိုတော့ လာဘ်ထိုးငွေကို စောင့်မျှော်ရုံကလွဲပြီး သူ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး လေ။

နောက်ဆက်တွဲ သတင်းတစ်ပုဒ် ထွက်လာတာက စံနန်းဆောင်ဆောက်လုပ်ရန် မြေနေရာကို ရှာတွေ့ပါပြီတဲ့ ၊ ထူးခြားတာက ထိုနေရာမှာ သူအရောက်အပေါက်နည်းသော တောတန်းနဲ့ တောင်ကုန်းတစ်ခု ဖြစ်နေတယ်၊ နန်းတော်နဲ့ လည်း တော်တော်မှ အလှမ်းဝေးလှပါတယ်၊ ဘာကြောင့်

ရယ်တော့ မသိပါဘူး။

နောက်ဆုံးတော့ ဟိုးအရင်ရက်တွေကအတိုင်း အသပြာတစ်ဘိန်းတိတိချမ်းသာတဲ့ သူဌေးလေးတစ်ဦးဟာ ....

"တစ်နှစ် သုံး ...ခြောက် ...ခုနစ် ...တစ်ရာ့သုံး ....တစ်ရာ့လေး ....

တစ်ရာ့ငါး..........."

မကျေနပ်လို့ နောက်တစ်ကြိမ် ပြန်ရေလည်း အသပြာက တစ်ရာ့ကိုးဆယ်အရောက်မှာ အဆုံးသတ်သွားတယ်၊ အဆောလတ်မြို့မှလည်း ထပ်ရောက်လာစရာ မရှိတော့တာမို့ သူပိုင်ဆိုင်သမျှဟာ ဒါအကုန်ပါပဲ ...။ ဟုတ်ပါတယ် ...သူ့ငွေးလေးနန်းနွယ် ပိုင်သမျှဟာ အသပြာ တစ်ရာ့ကိုးဆယ်တိတိပါ။

ပြီးသွားခဲ့ပြီပေါ့၊ ယမင်းသူဇာကို ကာကွယ်ဖို့ ဆိုတဲ့ သူ့ရဲ့ ရည်ရွယ်ချက်ဟာ ဒီအချိန် ဒီနေရာမှာ ပဲ အဆုံးသတ်သွားရပြီပေါ့ ။

နှုတ်ခမ်းကို ကိုက်မိတော့ မချင့်မရဲ ဖြစ်မှုတွေနဲ့ မျက်လုံးအိမ်မှာ မျက်ရည်တို့ ဝေသီလာတယ်။ ဦးတိန်နီမျက်နှာ၊ သတိုးနွယ်၊ သာအောင်၊ မိုးညှင်းနဲ့ သူ့ရဲ့ နောက်လိုက်နောက်ပါအားလုံးရဲ့ မျက်နှာကို မြင်ယောင်ပြီးလည်း အားနာလာရတယ်။

ဒါနဲ့ ပဲ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတယ်။

ပြီးတော့ ... ...

အိမ်မှ ထွက်ခဲ့လိုက်တယ်၊ နေပြည်တော်ဆိုတာ အင်မတန်မှ အပြောကျယ်လှရဲ့ ၊ ဒါပေမဲ့ သူ့ခြေလှမ်းရဲ့ ဦးတည်ရာက များများစားစား မရှိပါဘူး ...၊ ယမင်းသူဇာ ဇာတ်သဘင်အိမ် (သို့) ဝေဠုဝတီမင်းသမီးရဲ့ ယာယီစံနန်းဆောင် ...။

ဟုတ်ပါတယ်၊ သေချာတွက်ကြည့်မှ နှစ်ခုတည်းရယ်ပါ။

* * *

"ဘုန်း"ခနဲ ပြုတ်ကျလာတဲ့ အသပြာအိတ်ကြောင့် နန်းနွယ် ထိတ်လန့်သွားမိတယ်။

"ဘာလို့ မဖြစ်နိုင်တဲ့ ကိစ္စကို လာပြောနေရတာလဲ၊ အသပြာလေးတစ်ရာ့ကိုးဆယ်နဲ့ ယမင်းသူဇာကို လိုချင်တယ်ဟုတ်လား၊ ခင်ဗျား အရှက်တရား မရှိတော့ဘူးလားဗျာ ...ဟေ ..."

ဇာတ်ဆရာရဲ့ အော်ငေါက်သံက အခန်းထဲမှာ ဟိန်းသွားပါတယ်၊

ခပ်ကြမ်းကြမ်း ပစ်ချခံရမှုကြောင့် တစ်ရာ့ကိုးဆယ်တန် အသပြာအိတ်လေးကလည်း သူ့ကို ဝမ်းပန်းတနည်း မော့ကြည့်နေရှာတယ်။

"ဟုတ် ....ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်မှာ လည်း ပိုင်ဆိုင်တာဆိုလို့ ဒါပဲရှိတော့လို့ ပါ၊ အဲဒါကြောင့် ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ မျက်နှာတွေကိုထောက်ပြီး တစ်ညလောက်ဖြစ်ဖြစ် ..."

"ရမလားဗျ ယမင်းသူဇာက ကျုပ်အပိုင်မှ မဟုတ်တော့တာ ....မင်းတရားကြီးအပိုင်၊ မင်းမိန့်နဲ့ သတ်မှတ်ထားတဲ့ နှုန်းထားကို ကျုပ်က ဘယ်လိုလျှော့ပေါ့ပေးရမှာ လဲ၊ ခင်ဗျား ဦးနှောက်မှ ကောင်းသေးရဲ့ လား"

"ဘယ်လိုပဲဖြစ်ဖြစ် ဇာတ်ဆရာက အခုချိန်ထိ ယမင်းသူဇာရဲ့ ဦးစီးဦးကိုင်ပါဗျာ၊ ဇာတ်ဆရာခွင့်ပြုရင် ...

"ကျုပ် ခွင့်မပြုနိုင်ဘူး၊ သတ်မှတ်ထားတဲ့ ကြေး ခင်ဗျားမပေးနိုင်ရင်ပေးနိုင်တဲ့ လူကို ကျုပ် ခွင့်ပြုရမှာ ပဲ ...."

ဇာတ်ဆရာရဲ့ စကားတွေက ဓားဦးချွန်ချွန်နဲ့ တစ်ချက်ချင်း ထိုး သ လို နှ လုံး မှာ အောင့်သွားရတယ်။ တကယ်ဆို ဇာတ်ဆရာဘဝကနေ ဇာတ်မကပဲ နေနိုင်စားနိုင်ဖို့၊ သုံးနိုင်ဖြုန်းနိုင်ဖို့၊ ဘဝအဆမြင့်ပြီး သူကြွယ်စာရင်းနိုင်ဖို့ အဓိကပံ့ပိုးပေးခဲ့သူက သူကိုယ်တိုင်ပါ။ ထိုကျေးဇူးသစ္စာကို တစ်ခေါက်တစ်ခါတော့ စောင့်သိကောင်းရဲ့ ဆိုတဲ့ စိတ်နဲ့ ပဲ သူလာခဲ့တာပါ၊ ဒါပေမဲ့ ...

"ကျုပ်သဘောထားကို အရင်တစ်ခေါက်ထဲက ခင်ဗျားသိပြီးသားပါဗျာ၊ အမှန်ဆို ဒီကို မလာသင့်တော့ဘူး၊ ကျုပ် စိတ်ကောင်းလေးဝင်နေတုန်း ခင်ဗျားရဲ့ မဖြစ်စလောက် အသပြာအိတ်ကိုယူပြီး ပြန်ပါတော့ ...."

ရင် ထဲ မှာ အောင့်သွားလိုက်တာ မြင်လို့ တောင် မကောင်းဘူး၊ မဖြစ်လောက် အသပြာတဲ့ ၊ နှုတ်ခမ်းကိုကိုက်ရင်း လက်သီးကိုဆုတ်ရင်း ကိုယ့်ကိုယ်ကိုယ် ထိန်းကွပ်ဖို့ ကြိုးစားနေစဉ်မှာပဲ ...

"ဇာတ်ဆရာ သောင်းတန် ရှိလား ..." .

အိမ်ဝမှ အသံတစ်သံ ပေါ်လာတယ်၊ သူ့ကို အထင်သေးတဲ့ မျက်လုံးမာနဲ့ ကြည့်နေသော ဇာတ်ဆရာ အိမ်ဝပြေးထွက်သွားပြီး ...

"ကျုပ် ဇာတ်ဆရာသောင်းတန်ပါ"

စိန်စီထားသော ခေါင်းပေါင်းနဲ့ မြစိမ်းရောင် ကိုယ်တော်တစ်ပါးထွက်ပေါ်လာတယ်။

"ကျုပ် ရတနာဒီပကိုင်းက ခဝဲမြို့စားပါ၊ ယမင်းသူဇာအရေးနဲ့ ပတ်သက်ပြီး မင်ဗျားနဲ့ ညှိနှိုင်းရအောင် လာခဲ့တာ ...."

လပြည့်ည လမင်းကြီးလို သောင်းတန်ရဲ့ မျက်နှာ ဝင်းပသွားတယ်၊

ချက်ချင်းပဲ ပျာပျာသလဲဖြင့်

"ဟာ ...မြို့စားလေး ....ကြွပါ.ကြွပါ မြို့စားလေး"

ဣန္ဒြေ မဆည်နိုင်အောင် ပျာယာခတ် ပင့်ဖိတ်ရင်း.....။

"သာဒင်ရေ တို့ ဆီကို ရတနာဒီပက ခဲဝဲမြို့စားလေး ကြွလာတယ်ဟေ့ ...၊ မြို့စားလေးထိုင်ရအောင် ကံတ္တီပါဖုံ ယူခဲ့စမ်း ...."

ထို့နောက်တော့ ဆရာတပည့်နှစ်ဦး ဘုရားသခင် ကြွချီလာသလို ခဲဝဲမြို့စားဆိုသူကို အတင်းအစမ္မ ခရီးဦးကြိုပြုကြပါတယ် ...၊ မြို့စားက ထိုင်တော်မူပြီး နောက်မှာ အခန်းထောင့်မှာ ကျုံ့ကျုံ့လေးထိုင်နေတဲ့ သူ့ကိုရောစားပွဲပေါ်မှ အသပြာအိတ်နွမ်းနွမ်းလေးကိုရော စူးစမ်းသလို ကြည့်လာတယ်။

သခင်တစ်ပါး မဟုတ်သေးပါဘူး၊ သို့သော်.....သောင်းတန်ကတော့ သခင်အားရ ကျွန်ပါးဝလိုက်တော့တယ်။

သူ့ ရှေ့တည့်တည့်မှာ ခါးထောက်ရပ်လာရင်း ...

"ဒီလောက်ဆို ခင်ဗျား ရုက်တတ့်ဖို့ ကောင်းပြီထင်တယ် နန်းနွယ်"

*****

နန်းကျဘုရင်တစ်ပါးအဖို့ ဘယ်လိုခံစားရမည် မသိသော်လည်း နန်းကျသူကြွယ်တစ်ဦး အတွက်တော့ တော်တော်မှ ကို ခက်ခဲလှပါတယ် ...၊ တစ်ချိန်က ကိုယ့်ကို ပျာပျာသလဲ ခစားခဲ့တဲ့ လူတွေက ခုတော့ ရင့်ရင့်သီးသီး မောင်းထုတ်နေပြီလေ၊ အသပြာငွေကြေးက လူတစ်ယောက်ရဲ့ ဘဝနဲ့ အတွေးအမြင်ကို အဲလောက်တောင် ပြောင်းလဲပစ်လိုက်တယ်လား၊ စည်းစိမ်ဥစ္စာနဲ့ ချမ်းသာမှု ဆိုတာတွေက အာဏာရဲ့ အမည်ကွဲတစ်မျိုးပါလား ....။

ဘာကြောင့်များ အသိနောက်ကျခဲ့ရတာပါလိမ့် ....။

တကယ်ဆို အံကိုတင်းတင်းကြိတ် လက်သီးကို ကျစ်ကျစ်ဆုပ်ရင်း ကိုယ့်အိမ်တော်ကိုယ် ပြန်ခဲ့ဖို့ ကောင်းတယ်၊ ဒါပေမဲ့ သူ့ရဲ့ ခြေလှမ်းတွေက ထိုသို့လုပ်ပစ်ရန် မစွမ်းဆောင်နိုင်ခဲ့ပါဘူး၊ ရင်မှာ ဘယ်လောက်ပင် ခံပြင်းနာကျင်နေရသော်လည်း ဝေဠုဝတီမင်းသမီးလေး ယာယီစံပျော်ရာ သူကြွယ်ကုန်းအရပ်သို့ သာ အလိုလို ဦးတည်မိနေတယ်။

ကိုယ်တိုင်ကိုယ်ကျ ကာကွယ်မပေးနိုင်သော်လည်း သူမအနီးဝန်းကျင်မှာ သူရှိနေတယ်ဆိုတဲ့ အသိက သူမရဲ့ ညတွေကို နည်းနည်းလေးဖြစ်ဖြစ် ရဲရင့်စေလိမ့်မယ်လို့ ရူးရူးမိုက်မိုက် သူထင်မိနေတယ်လေ။

ရူးလွန်းပါရဲ့ ....။

စံအိမ်တော်အနီး ရောက်လာတော့ သစ်ပင်ကွယ်လေးတစ်ခုနားရပ်ပြီး ပြတင်းတံခါးလေးရှိရာကို မေ့မေ့မောမောမျှော်ငေးနေမိတယ်၊ သူမများ ထွက်ပေါ်လာမလား

မျှော်လင့်စိတ်လေး တစ်ခုရယ်နဲ့ ပါ။

ဒါပေမဲ့ သူ့ရဲ့ ရွေးချယ်မှုက ကိုယ့်ကိုယ်ကိုယ် သတ်ခြင်းတစ်မျိုးဖြစ်ကြောင်း မကြာခင်မှာ ပဲ သိလိုက်ရပါတယ်။

"ဟော ...."

မကြာခင်က ဓာတ်ဆရာအိမ်မှာ တွေ့ခဲ့တဲ့ ခဝဲမြို့စားနဲ့ နောက်လိုက်နောက်ပါတွေ ကြွချီလာကြပြီလေ၊ အဆီးအတားမရှိပါပဲ စံအိမ်တော်ဝင်းထဲကို သက်သောင့်သက်သာ ဝင်ရောက်လို့ သွားတယ်။

တံခါးစောင့်တွေပင် ဦးညွှတ်အရိုအသေ ပေးကြသလား ကွဲကွဲပြားပြားသူ မတွေ့မိပါဘူး။

ရင်ခွင်တစ်ခုလုံးလည်း မီးလောင်တိုက်သွင်း ခံထားရသလိုပေါ့လေ။

ဟော ....ယမင်းရုပ်လေး ထွက်ပေါ်လာနိုး အရဲကိုးစောင့်မျှော်နေတဲ့ ပြတင်းတံခါးလေးက ပိတ်ကာသွားခဲ့ပြီ ....။

*****

(၅)

ဒီလိုနဲ့ ပဲ တစ်မိုးသောက်လို့ တစ်နေ၀င်ခဲ့ပြန်ပါတယ်၊ ခုထိ နန်းနွယ် အိမ်မပြန်ရသေးပါဘူး၊ တစ်မှေးမှ လည်း မအိပ်ရသေးဘူး၊ ယမင်းရုပ်လေးတည်ရှိရာ စံအိမ်တော်အနီး၀န်းကျင်မှာ လှည့်ပတ်နေလိုင်ရင်း အစောင့်ရဲမက်တို့ မမြင်အောင် ချောင်းမြောင်းပုန်းနိုရင်း ယမင်းရုပ်လေးရဲ့ မျက်နှာကို ပေါ်လာလိမ့်နိုးနဲ့ စောင့်မျှော်နေမိတယ်။

ဘာပဲဖြစ်ဖြစ် ယမင်းရုပ်လေးရဲ့ မျက်နှာကို တစ်ကြိမ်တစ်ခါလောက်ပဲ မြင်ရလျှင်တောင် သူ့ခန္ဓာကိုယ်မှာ ဖြစ်ပျက်နေတဲ့ ပြောင်းလဲမှုတွေ ...ပင်ပန်းနွမ်းနယ်မှုတွေ တိုက်စား ပျောက်ကွယ်သွားနိုင်ပါတယ်၊ ယမင်းရုပ်လေးရဲ့ အပြုံးတစ်ပွင့်နဲ့ သွေးသစ်လောင်းပေးသလို ခန္ဓာကိုယ်က အသစ်တစ်ဖန်ပြန်လည်ရှင်သန်လာလိမ့်မယ်။

ဒါပေမဲ့ သူ့ဆုတောင်းတွေ မပြည့်ခဲ့ပါဘူး၊

နေမပင်ခင် စံအိမ်တော်အနီး ရောက်ရှိလာတဲ့ ထင်မှတ်မထားသူတစ်ဦးကြောင့်ပါ။

"ဘယ်လိုလဲ အချစ်သူ့ရဲ့ကောင်းကြီးရဲ့ ချောင်းလို့ မြောင်းလို့ ပါလား၊

မှန်းစမ်း ...ကောင်း အသပြာတွေ ပုံပေးပြီး ဒီညအပျက်ယမင်းသူဇာကို ကာကွယ်ဖို့ ကြံစည်နေတာထင်တယ်၊ ဟုတ်လား ...."

"စောဖြူ ..."

"ဟုတ်ပ့ါ ဗျာ စောဖြူပါ၊ အဆောလတ်မြို့ရဲ့ မျက်နှာဖုံးသူဌေးလေးစောဖြူပါ၊ ဟာဟ ...."

စောဖြူရဲ့ ရိသဲ့သဲ့စကားနဲ့ ဟန်ပန်ကြောင့် တစ်ခုံတစ်ရောကိုစိုးရိမ်သွားရပြီး ....

"မင်း ....ဒီကို ဘာလာလုပ်တာလဲ ...."

"ဘာလုပ်ရမလဲကွ၊ အပျက်မရှိတဲ့ နေရာ လာပါတယ်ဆိုမှ အပျက်မနဲ့ ပျော်ပါးဖို့ ပေ့ါ၊ သတ်မှတ်ထားတဲ့ တစ်ညတာကြေး အသပြာသုံးရာအပြင် နောက်ထပ်သုံးရာကိုပါ လောဘအိုးဇာတ်ဆရာမျက်နှာကို ပစ်ပေါက်ထားခဲ့လိုက်တယ်၊ အသပြာခြောက်ရာဆိုတာ ငါ့ အတွက် ဘာမှ မဟုတ်ဘူး လေ၊

တစ်ညလုံး ဇာတ်သမနဲ့ စိတ်ကြိုက်ပျော်ပါးမယ်၊ ဘယ်လိုလဲ မင်းရဲ့ ယမင်းသူဇာက အသပြာခြောက်ရာ ပေးရကျိုးတော့ နပ်ရဲ့ မဟုတ်လား၊ ဟား ....ဟား"

စောဖြူ ဟက်ဟက်ပက်ပက် ရယ်နေပါတယ်၊ သူ့မှာ တော့ အံကိုသာ တင်းတင်းကြိတ်ထားမိတယ်၊ ပြောစရာစကားလည်း မရှိဘူးလေ။

"ငါတစ်ခု စဉ်းစားထားတယ်ကွ နန်းနွယ်၊ ဒီကပြန်ရင် သမိုင်းဆရာတစ်ယောက်ကို တို့ မြို့ ခေါ်သွားမလို့ ၊ တခြားတော့ မဟုတ်ပါဘူးကွာ အပျက်မတစ်ယောက်ကို ရူပ်ရူပ်ချွဲချွဲ ချစ်မိလို့ မွဲသွားတဲ့ သူဌေးတစ်ယောက်အကြောင်းကို မှတ်တမ်းတင်ခိုင်းမလို့ ပဲ၊

နောင်လာနောက်သားတွေလဲ ရှောင်ကျဉ်ရကာပေါ့"

ထို့နောက် စောဖြူက ပုစွန်ဆီရောင်သန်းနေတဲ့ ကောင်းကင်ကိုမော့ကြည့်ပါတယ်၊ သူ့ကိုကျော်ပြီး ဝေဠုဝတီ ယာယီစံနန်းဆောင် ရှိရာအရပ်ကိုလည်း လှမ်းကြည့်တယ်။ ။

"ကဲ.အချိန်လေးရှိတုန်း တိုင်းကျော်ပြည်ကျော် ဝေဠုဝတီလေးဆီ သွားလိုက်ဦးမယ်ကွ၊ သူ့ ရဲ့ အထိအတွေ့နဲ့ ဝေးနေတာ ကြာပြီ၊ ဒီမှာ ရပ်ပြီးအချိန်ကုန် မခံနိုင်ဘူး"

စောဖြူက ခြေလှမ်းစဖို့ ပြင်တော့ နန်းနွယ် ရှေ့မှာ ပိတ်ရပ်လိုက်ရင်း.....

"မင်း မသွားရဘူး ....စောဖြူ....."

စောဖြူက သူ့အား အံ့သြသလို ကြည့် လာပြီး ....

"ငါ့ ကို တားတယ် ဟုတ်စ၊ မင်းမှာ တားနိုင်လောက်တဲ့ ဩဇာရောရှိသေးလို့ လား၊ နန်းနွယ် .... နန်းနွယ်ဦးအပါအဝင် မင်းရဲ့ နောက်လိုက်မနောက်ပါ အမှုထမ်းတွေအားလုံးကို သနားတယ်ကွာ၊ သုံးစားမရတဲ့ သခင်ကြောင့် မကြာခင်အချိန်အတွင်း သူတို့ လည်း စားစရာ နေစရာမရှိတဲ့ ဘဝကို မရောက်ရတော့မယ် ...."

စောဖြူက အလွန်တရာမှ သနားနေသလို မျက်နှာလေးနဲ့ သူ့ပခုံးကိုသုံးချက်ပုတ်လာတယ်။

"ခင်လို့ အကြံတစ်ခု ပေးခဲ့မယ်၊ လောကမှာ ကိုယ်ဘာလဲဆိုတာသိပြီး ကိုယ့်အလုပ်ကိုယ် လုပ်ဖို့ အလွန်အရေးကြီးတယ်ကွ၊ သံဃာက သံဃာအကျင့် ကျင့်ရတယ်၊ ရှင်ဘုရင်က ရှင်ဘုရင်အကျင့် ကျင့်ရတယ်လေ၊ အေး

...သူကြွယ်ကလည်း သူကြွယ်အကျင့်ပဲ ကျင့်ရတယ်ကွ၊ သူကြွယ်က အောက်ချင်းငှက်လို သွားကျင့်လို့ မရဘူး၊ အောက်ချင်းငှက်လို သွားကျင့်ရင် ဘာဖြစ်မလဲ

သိလား ..."

"မွဲပြီး သေသွားမှာ ပေါ့ ကွ ....ဟား ... ...ဟား ....ဟား ...."

*****

(၇)

အဲဒီညက မိုးတွေ သဲကြီးမဲကြီး ရွာခဲ့တယ်၊ ရွာတာမှ တားမနိုင်ဆီးမနိုင်ပါပဲ၊ မနက်ခင်း အလင်းရောင် ပျိုးခါနီးတော့မှ မိုးနတ်မင်းကြီးမှာ အကြောအခြင် ပြေသွားတယ်ထင်ရဲ့ ၊ တဝုန်းဝုန်း ရွာနေတဲ့ မိုးများကို တဖွဲဖွဲစဲပေးပြီး နောက်ဆုံး တိတိပပ တိတ်ပေးသွားခဲ့တယ်။ မိုးတိတ်သွားသော်လည်း တစ်ညလုံး အမိုးအကာမရှိ နေခဲ့ရတဲ့ နန်းနွယ်မှာ တော့ စိုးစိုးမြုပ်လုလုပါပဲ၊ ချမ်းလိုက်တာလည်း မပြောပါနဲ့ ၊ ဒါပေမဲ့ အိမ်ပြန်ဖို့ အရေးကိုတော့ ယောင်လို့ တောင် မတွေးမိသေးပါဘူး၊ ယမင်းရုပ်လေးရှိရာအရပ်မှာ ဘယ်လိုပဲဖြစ်ဖြစ် ဆက်နေချင်သေးတယ်။

ဒါပေမဲ့ သူဆုတောင်းတွေ မပြည့်ခဲ့တာ နှစ်ရက်နဲ့ နှစ်ညတိတိရှိနေပါပြီ၊ သို့သော်လည်း မမြင်ချင်တဲ့ မျက်နှာကိုတော့ မကြာခင် မြင်ရတော့မှာ ဖြစ်ကြောင်း အခြေအနေအရ

သဘောပေါက်ထားတယ်၊ ငအေးမောင်းနှင်လာသော မြင်းလှည်းက ဝံအိမ်တော်ရှေ့နား ရောက်နေပြီလေ ....။ အဆောလတ်မြို့ရဲ့ သခင်ကိုယ်တော်တစ်ပါးကို လာရောက်စောင့်မျှော်နေပြီ။

ထင်ထားသလိုပါပဲ၊ မကြာခင် အချိန်တွင်းမှာ တိုက်ပွဲအောင်ထားသော စစ်သူကြီးတစ်ပါးရဲ့ မျက်နှာမျိုးနဲ့ စံအိမ်တော်တွင်းမှ စောဖြူထွက်လာတယ်၊ နန်းနွယ် ချက်ချင်းပဲ သူ့ခန္ဓာကိုယ်ကို သစ်ပင်နဲ့ ကွယ်လိုက်ရတယ်။

စောဖြူကတော့ ဝင့်ကြွားသော ကိုယ်ဟန်နဲ့ မြင်းလှည်းပေါ် တက်ထိုင်ပါတယ်၊ ပြီးတော့ ဆိုက်ကပ်ထားသော မြင်းလှည်းလေးမှာ ငအေးရဲ့ ကျာပွတ်သံ တစ်ချက်နဲ့ အတူ မနှေးမမြန် ထွက်ခွာသွားလေရဲ့ ။ လှည်းပေါ်မှာ ပါသွားတဲ့ ပုဂ္ဂိုလ်မှာ တစ်ချိန်က သူနဲ့ အတူ ကစားခုန်စားခဲ့သော ...ပညာအတူသင်ခဲ့သော .... အထူးသဖြင့် သူ့နောက်မှာ အမြဲရှိခဲ့သော လူတစ်ယောက်ဖြစ်ကြောင်း ....တစ်ညလုံး နှိပ်စက်ခဲ့တဲ့ မိုးနတ်မင်းကြီးများ သိရင် သူ့ကို ရယ်နေလား။

ဒါပေမဲ့ တကယ့်ပြဿနာက စောဖြူပြန်သွားပြီးမှ စတာပါ၊ ရပ်နေရင်းနဲ့ သူ့ခေါင်းတွေ တရိပ်ရိပ် မူးလာပါတယ်၊ ဦးခေါင်းမှ ခြေဖျားတိုင်အောင် သူ့တစ်ကိုယ်လုံးလည်း ပူလောင်လာသလို ခံစားလာရတယ်၊ မျက်ခမ်းမောစပ်ပြီး အာခေါင်တွေလည်း ခြောက်ကပ်လာတယ်၊ နှလုံးခုန်သံတွေလည်း အရင်ကထက် အနည်းငယ် မြန်လာသလိုပဲ ...

တစ်ညလုံး မိုးမိထားတဲ့ ဒဏ်ကြောင့် သူဖျားတော့မှာ လား၊ ဟုတ်တော့ မဟုတ်လောက်ဘူးထင်ပါတယ် ... ... ကောင်းကင်ကို မော့ကြည့်တော့နေမှာ ကျဲကျဲပူနေပြီး၊

ဟုတ်ပါတယ်၊ နေပူရှိန်ကြောင့်ပဲ ဖြစ်မှာ ပါ၊ ဒီလောက်တော့ သူ့ခန္ဓာကိုယ် အားမပျော့လောက်ပါဘူး။

"အဟင်း ...."

ဘာလို့ မှန်းမသိ၊ သဘောတကျ ရယ်လိုက်မိသေးတယ်၊ ထိုစဉ်မှာ ပဲ တမေ့တမော စောင့်မျှော်နေသူ ယမင်းရုပ်လေးမှာ ပြတင်းတံခါးလေး တစ်ခုဆီမှ ထွက်ပေါ်လာတယ်။

"ဟာ ....သူဇာ ...."

ရင်တွေ ဗရမ်းဗတာ ခုန်သွားမိတယ်၊ အမြင်များ မှားလေသလား၊ သေချာကြည့်မိတော့ ဟုတ်ပါတယ် ...ယမင်းရုပ်လေးပါ၊ ပြ တ င်း တံ ခါး ပေါ က် မှာ မေးထောက်ရင်း တစ်နေရာကို တွေတွေငေးငေးလေး ကြည့်နေတယ်၊ ပင်ပန်းနွမ်းလျှဟန်တွေလည်း မျက်နှာပေါ်မှာ အထင်းသား ...

ယမင်းရုပ်လေး ဘယ်သူ့ကို စောင့်မျှော်နေတာလဲ ....၊ ထိုအတွေးရမိတော့ ရင်မှာ လှိုက်ခနဲ ပျော်ရွှင်သွားရတယ်၊ သူ့ကိုပဲ စောင့်မျှော်နေတာဖြစ်မှာ ပါ၊ သူမရဲ့ ညတွေကို ကာကွယ်မှုပေးနိုင်တဲ့ တစ်ဦးတည်းသောပုဂ္ဂိုလ် နန်းနွယ်ဆို့တဲ့ လူတစ်ယောက် .... အချစ်ရဲ့ ဘက်တော်သား တစ်ယောက်ကို စောင့်မျှော်နေတာပဲ ဖြစ်မှာ ပါ။

"သူဇာရေ ...."

အကျယ်ကြီး အော်ခေါ်လိုက်ပေမဲ့အသံက တစ်ဝက်တစ်ပျက်တိမ်ဝင်သွားတယ်၊ မီးစနဲ့ အတို့ ခံထားရသလို လည်ချောင်းတွေ လောင်နေလို့ အသံလည်း ထင်သလောက် ထွက်မသွားပါဘူး၊ သူမ မြင်ကွင်းရှိရာအရပ်ကို ပြေးထွက်ဖို့ လုပ်တော့

ခေါင်းထဲမှာ မိုက်ခနဲ တစ်ချက်ဖြစ်သွားပါတယ်။

လဲကျမသွားအောင် နီးစပ်ရာ သစ်ကိုင်းကိုကိုင်ပြီး အမြန်ထိန်းလိုက်ရတယ်၊ မျက်လုံးကို ဖွင့်ကြည့်တော့ ဝေဝေဝါးဝါးကြားမှာ သူမ ရှိနေသေးတယ်၊ ဒါနဲ့ ပဲ ခြေလှမ်းကို လှမ်းတယ် ....၊

တစ်လှမ်း ....နှစ်လှမ်း ...သုံးလှမ်း ....

"ဒိန်း ...ဂျလိမ်း ..."

ဝင်းခနဲ လျှပ်စီးလက်သံနဲ့ အတူ မိုးခြိမ်းသံကြီးတစ်ခုကို အနီးကပ်ကြားလိုက်ရတယ်၊ ပြီးတော့ ....မိုးတွေ တဝေါဝေါ ရွာသွန်းချလာပါတယ်၊ အေးချမ်းသော မိုးစက်တွေက ပူလောင်သော သူ့ ခန္ဓာကိုယ်ပေါ် တစ်ပေါက် ပြီးတစ်ပေါက် ....။

ကြည့်နေ ၈ ဉ် မှာ ပဲ အပျိုတော်တစ်ဦးက ယမင်းရုပ်လေးကို တွဲခေါ်လို့ ပြတင်းတံခါးကို ဆွဲပိတ်လိုက်တယ်။

အလှမ်းဝေးလွန်းသည် မို့ တံခါးပိတ်သံ မကြားရပေမဲ့ သူ့ရင်ထဲမှာ တော့ အကျယ်ကြီး အော်မြည်သွားခဲ့တယ်၊ အလိုလိုလည်း ဒူးထောက်ကျသွားရပါတယ်။

အမှတ်မထင် ကျရောက်လာသော မိုးစက်တွေကြောင့် တံခါးစောင့်အဆောင်ကိုင်၊ လှံကိုင် ရဲမက်များ မိုးလွတ်ရာအရပ်ကို ရွှေ့ပြောင်းပုန်းခိုကြတယ်၊ မိုးရေထဲမှာ အကာအကွယ်မရှိ ရှိနေသူကတော့ နန်းနွယ်တစ်ယောက်ထဲပါ။

သစ်ပင်အောက်ရောက်မှ သစ်ကိုင်းနဲ့ သစ်ရွက်များ ဆီ ခိုတွဲကျလာမသော မိုးပေါက်တို့ က ပိုအေးနေသလိုပါပဲ၊ ခန္ဓာကိုယ်ကို

တရွေ့ချင်းတိုးလို့ ပင်စည်အနီးကို တိုးကပ်လိုက်ပါတယ်၊ သစ်မြစ်စုံကို ခေါင်းမှီလို့ တစ်လှပ်လှပ်ခုန်နေတဲ့ ရင်ကို ဖိထားမိတယ်။

ခေါ င်း ထဲ မှာ အတွေးတွေ ရှုပ်ယှက်ခတ်နေတယ်၊ မနေ့က စောဖြူပြောသွားတဲ့ စကားတွေကိုလည်း နားထဲမှာ ကြားယောင်လာတယ်၊ ပြီးတော့ ဇာတ်ဆရာ သောင်းတန်စကား၊ ခဏတစ်ဖြုတ်လေး မြင်လိုက်ရသော ယမင်းရုပ်ကလေးမျက်နှာ၊ ပြီးတော့ ဦးခို ....

မျက်လုံးတွေ တဖြည်းဖြည်း ပြာဝေလာတယ်။

မိုးစက်တွေ အထိန်းအကွပ်မရှိ သူ့ခန္ဓာကိုယ်ပေါ် တလိမ့်လိမ့်ကျဆင်းလာတယ်။

သူ..........။

ဘာမှ မသိတော့ပါဘူး..........။

***

"သခင်လေး .... သခင်လေးနန်းနွယ် .... သခင်လေး ...."

မျက်လုံးကို ဖွင့်ကြည့်တော့ သတိုးနွယ်၊ မိုးညှင်းအပါအဝင် နိုးရိမ်တကြီး ကြည့်နေကြတဲ့ မျက်လုံးများကို မြင်ရတယ်။

"ရှာလိုက်ရတာ သခင်လေးရယ် ...တစ်မြို့လုံးလည်း နှံ့နေပြီ၊ အရင်နေ့တွေကလည်း ဒီအနီးဝန်းကျင် ရောက်လာသေးတယ် .... သခင်လေးကိုမတွေ့ဘူး"

သတိုးနွယ် ဘာတွေပြောနေတာလဲ၊ ကြောင်တောင်တောင်နဲ့ သူငေးကြည့်နေမိတော့ ....။

"သခင်လေး ကျွန်တော် သတိုးနွယ်လေ၊ တစ်ကိုယ်လုံးလည်း မိုးတွေရွှဲလို့ ၊ ဘုရားရေ ... ကိုယ်တွေလည်း ချစ်ချစ်တောက်ပူနေပါလား၊ လာ ...မိုညွှင်း၊ ငါတို့ သခင်လေးကို လှည်းပေါ်တင်ရအောင်"

သတိုးနွယ်နဲ့ မိုညွှင်းက သူ့ကို တစ်ဖက်တစ်ချက်မှ တွဲထူတယ် ...၊

ကမ္ဘာမြေပေါ် ခြေစုံရပ်မိပြီးပြီးချင်းပဲ ပထမဆုံး သတိရတာက ယမင်းရုပ်လေး၊ ပတ်ဝန်းကျင်ကို ဝေ့ကြည့်တော့ ဒါဟာ ဝေဠုဝတီ စံနန်းဆောင် အနီးတစ်နေရာဆိုတာ တွေ့ရတယ်။

ဒါ ...ဒါဆို သူ ပြန်လိုက်ဖို့ မဖြစ်သေးဘူးပဲ။

"ဟာ ....သတိုးနွယ်၊ ငါ ပြန်လိုက်လို့ မဖြစ်သေးဘူး၊ ငါ ဒီမှာ နေရဦးမယ်၊ ယမင်းသူဇာကို အကာအကွယ် ပေးရဦးမယ်၊ မဖြစ်ဘူး ....ငါ ပြန်လိုက်လို့ မဖြစ်ဘူး၊ ငါ မရှိရင် သူဇာကို သူတို့ နှိပ်စက်မှာ ၊ သူဇာကို တစ်ညလုံး နှိပ်စက်ကြမှာ ...ဟုတ်တယ် ...ငါ မပြန်ဘူး၊ ငါ ပြန်လိုက်လို့ မဖြစ်ဘူး သတိုးနွယ်"

ဝမ်းနည်းပက်လက်နဲ့ နှုတ်ခမ်းဖိကိုက်လိုက်သော သတိုးနွယ်ကို တွေ့ရတယ်၊ မိုးညွှင်းမှာ လည်း မကြည့်ရက်သလို မျက်နှာကိုလွှဲပြီး အံကြိတ်နေတယ်။

"ဟုတ်ပါတယ် သခင်လေးရယ် ... ကာကွယ်ပါ၊ သခင့်လေးသိပ်ချစ်တဲ့ မမလေး ယမင်းသူဇာကို ကာကွယ်ပါ၊ ဒါပေမဲ့ ခုလောလောဆယ်တော့ သခင်လေး အိမ်ပြန်လိုက်မှ ဖြစ်မယ်၊ သခင်လေး အပြင်းဖျားနေပြီ၊ အိမ်ပြန်လိုက်ပြီး ဆေးကုခံမှ ဖြစ်မယ်"

"ဟာ .... မဟုတ်ဘူး သတိုးနွယ်ရဲ့ ၊ ငါ ဘာမှ မဖြစ်ပါဘူး.....မင်းတို့ အထင်မှားတာပါ၊ ငါ ဘာမှ မဖြစ်ဘူး၊ ငါ နေကောင်းပါတယ်"

သူရူးတစ်ယောက်လို ခြေစုံကိုကန်ရင်း တတွတ်တွတ် သူပြောနေမိတယ်၊ သူ ဘယ်လိုပြောပြော မရတော့ပါဘူး၊ သတိုးနွယ်နဲ့ မိုးညှင်းကသူ့ကို အတင်း လှည်းပေါ်ဆွဲတင်တယ်။

"ဟာ ....မလိုက်ဘူး၊ ငါ ဒီမှာ ဆက်ရှိနေမှ ဖြစ်မယ်၊ ငါ ယမင်းရုပ်လေးကို ဆက်ကာကွယ်ရမှာ သတိုးနွယ်၊ ငါ ယမင်းရုပ်လေးကို ဆက်ကာကွယ်ရမှာ ...

စံနန်းဆောင်ရှိရာဆီ လှမ်းကြည့်ပြီးလည်း အော်ပြောလိုက်မိတယ်။

"သူဇာ ကျွန်တော်ရှိတယ်နော် ...မကြောက်နဲ့ သိလား၊ ဒီနားမှာ ကျွန်တော်ရှိနေတယ်"

ထိုအခြင်းအရာအားလုံးကို တစ်နေရာမှ ရပ်ကြည့်ပြီး မျက်ရည်တွေ သွင်သွင်စီးကျနေသူတစ်ဦးလည်း ရှိနေတယ်။

သူက ....

ဦးတိန်ခို ....

မြင်ရတဲ့ မြင်ကွင်းက သူ့နှလုံးသားကို ထိုးခွဲနေသလိုပါပဲ။

ယခု အဖြစ်အပျက်များအားလုံးကို စံနန်းဆောင်မှာ တာဝန်ကျနေ ရဲမက်အချို့ မြင်တွေ့ ကောင်း မြင်တွေ့နိုင်ပါတယ်။

ဒါပေမဲ့ ဘာဆိုတာတော့ သူတို့ သဲသဲကွဲကွဲ သိရမှာ မဟုတ်ပါဘူး။

သိချင်စိတ်ရှိလျှင်ပေါ့ သိဖြစ်အောင် ပြောပြချင်ပါသေးတယ်။

ပြည့်တန်ဆာတစ်ယောက်ကို အချစ်ကြီးချစ်မိလို့ သူ့ခမျာ

အရှုံးတစ်ပိုင်း ဖြစ်နေရရှာတာပါကွယ် ....။

*****

(၂)

အဲဒီနောက်ပိုင်း နန်းနွယ်အပြင်းဖျားတယ်၊ ဖျားတာမှ အသိလုံးလုံးမရှိတော့တဲ့ အထိကို ဖြစ်သွားတာပါ၊ သမားတော်တွေ ခေါ်ယူကုသပါသော်လည်း ခံစားနေရတဲ့ ဝေဒနာကို လောလောလတ်လတ် သက်သာအောင် မစွမ်းဆောင်ပေးနိုင်ကြပါဘူး။

ကယောင်ကတမ်းတွေ ပြောတယ်၊ အံကြိတ်လိုက် တောက်ခေါက်လိုက် မကျေမချမ်း အမူအရာတွေ လုပ်တယ်၊ ငိုလိုက ငိုနေတယ်.....။

"ယမင်းသူဇာကို ကာကွယ်မှ ,, ရမယ်၊ မဟုတ်ရင် သူတို့ နှ ပ် စ က် ကြ တော့ မှာ "ဆိုတဲ့ စကားတစ်ခွန်းကိုတော့ နှုတ်ခါးပတ်တော်တစ်ခုလိုကို အမြဲမပြတ် ပြောနေတာပါ။ ။

သခင်ဖြစ်သူရဲ့ အခြေအနေကိုကြည့်ပြီး လက်အောက်ငယ်သားတို့မှာ ဝမ်းနည်းပက်လက် ဖြစ်ရပါတယ်၊ အဆိုးဆုံးကတော့ ဦးတိန်နိပေါ့ ...၊ သမားတော်တွေကို အမြဲမပြတ် တွန်းအားပေးသလို ကိုယ်တိုင်လည်း ဘုရားစင်ရှေ့က မခွာတော့ပါဘူး။

ဒါပေမဲ့ သုံးရက်မြောက်နေ့မှာ ချစ်ချစ်တောက် ပူနေတဲ့ ခန္ဓာကိုယ်က တစ်ဝက်နီးနီး လျော့သွားတယ်၊ မျက်နှာလည်း သွေးရောင်ပြန်လွှမ်းပါတယ်၊ ကယောင်ကတမ်းလည်း မပြောတော့ဘူး၊ ဒီတော့မှ ပဲ အားလုံးသက်ပြင်းချနိုင်တော့တယ်၊ ငါးရက်မြောက်နေ့မှာ တော့ အဖျားလုံးလုံးမသေသေးသော်လည်း အသိတော့ ကောင်းကောင်း ရှိနေပါပြီ၊ ထူထူထောင်ထောင် ပြန်ဖြစ်နိုင်တဲ့ အလားအလာကိုလည်း မြင်နေရပြီ။

စိတ်ချရတဲ့ အနေအထားတစ်ခု ရောက်တော့မှ ဦးတိန်ခိုမှာ သာအောင်ကိုခေါ်ရင်း အဆောလတ်မြို့ သို့ တိတ်တဆိတ် ထွက်သွားခဲ့တယ်။

အ ဆော လ တ် မှာ သာအောင်တစ်ယောက် ခုနစ်ရက်တိတိ ကြာခဲ့ပါတယ်။

ခုနစ်ရက်ပြီးလို့ နောက်တစ်ရက်မှာ ပဲ ... မြင်းလှည်းလေးကိုမောင်းလို့ မနပြည်တော်သို့ သာအောင်တစ်ဦးတည်း ပြန်ရောက်လာတယ်။

သာ အော င့် လ က် ထဲ မှာ အတော်အတန် ကြီးမားတင်းပြည့်တဲ့ အသပြာတစ်အိတ်နဲ့ စာလေးတစ်စောင် ပါလာတယ်၊ ဦးတိန်ခိုကိုတော့ မတွေ့ရပါဘူး။

ရောက်ရောက်ချင်း သာအောင် မေးမိတဲ့ စကားက ...

"သတိုးနွယ် ....သခင်လေး သက်သာလား"

"အေး ....သက်သာတယ်၊ စောစောလည်း အိပ်တယ်၊ အစားလည်း ပုံမှန်စားတယ်၊ အဖျားတော့ လုံးလုံးမရှိတော့ဘူး၊ ဒါနဲ့ ဦးခိုရော ...."

သာအောင်က နှုတ်ခမ်းကို ဖိကိုက်ရင်း စိတ်မကောင်းသလို ခေါင်းကိုယမ်းတယ်၊ ပုံစံကြည့်ရတာ ကြီးမားတဲ့ အပူမီး တစ်စုံတရာကို လွယ်ပိုးထားရသလိုမျိုးပါ၊ ပြီးတော့ လက်ထဲမှ အသပြာအိတ်နဲ့ စာလေးတစ်စောင်ကိုထောင်ပြရဲ့ ....။

"ငါ သခင်လေးနဲ့ ဝင်တွေ့မှ ဖြစ်မယ် ...."

* * *

သား ...နှုတ်ဆက်ခွင့် ....

"မိမိကိုယ်သာကိုးကွယ်ရာ" ဆိုတဲ့ စကားကိုသားရဲ့ လက်အောက်ငယ်သား၊ အမှုထမ်း အားလုံးကို ဦးခို သေချာသင်ပေးထားခဲ့တယ် သား၊ သူတို့ အတွက် နောက်ဆံမတင်းပါနဲ့၊ ဦးခို အတွက်လည်း စိတ်မပူနဲ့ .....၊

ရောင်းချရသမျှ အသပြာအားလုံးကို စာရင်းနဲ့ တကွဦးခို ထည့်ပေးလိုက်တယ်၊

သားပိုင်ငွေဖြစ်တဲ့ အတွက်လိုအပ်သလိုသာ အသုံးပြုနိုင်ပါတယ်၊

သခင်ကြီးရဲ့ ပုံတူပန်းချီကားကိုတော့ ဦးခိုနဲ့ အတူ တစ်ပါတည်း ယူဆောင်သွားတယ်၊

ဦးခိုသိပ်ချစ်ရတဲ့ သားလေး ရောက်ရာအရပ်မှာ သူတစ်ပါးထက်သာသောနေရာ၊ တစ်ဆင့်မြင့်သောနေရာမှာ

အမြဲရှိနေပါစေကွယ် ...။

ဦးခို ဆုတောင်းပေးပါတယ် ....။

တစ်ခါကဘဏ္ဍာတော်ထိန်း

ဦးခို

စာဆုံးဆုံးချင်း သတိထားမိတာ ရင်ဘတ်တွေ ပေါက်ထွက်သွားမတတ် အောင့်တက်သွားတာပါ၊ လောကရဲ့ အပြင်ဘက် ရောက်သွားသလိုလည်း စိတ်မှာ ခံစားလိုက်ရတယ်။

"ဦးခို ဘယ်မှာ လဲ ...."

"မြို့ဦးကျောင်း ဆရာတော်ထံပါးမှာ ဝေယျာဝစ္စလုပ်ရင်း နေရစ်တော့မယ်ပြောပါတယ်"

"ငါ ....ငါတို့ စံအိမ်တော်ကြီးကရော ...."

"မမလေး ယမင်းသူဇာကို သခင်လေး ဆက်ကာကွယ်ပေးနိုင်ဖို့ အတွက် ဦးခိုရောင်းပေးလိုက်ပါပြီ၊ အိမ်တင်မဟုတ်ပါဘူး ... သခင်လေး ပိုင်ဆိုင်သမျှ အိမ်၊ ခြံ၊ မြေ၊ ဧယ်ယာအားလုံး ကျွဲနွားပါမကျန် ရောင်းပေးလိုက်တာပါ ...."

"ဟယ် ...."

ယာခုမှ ကိုယ့်အပြစ်ကိုယ်မြင်သော သူရူးတစ်ယောက်လို အာမေဋိတ်စကား ထွက်သွားပါတယ်။

"နေ ....နေစရာမရှိတော့ရင် ကျန်တဲ့ အမှုထမ်းတွေ ဘယ်လိုလုပ် ...."

"တချို့လည်း ကိုယ့်နယ်ကိုယ် ပြန်ကြတော့မယ် ပြောပါတယ်၊ တချို့ကျတော့လည်း တခြားအလုပ်ရှင်ထံမှာ ခိုလှုံခွင့်ရဖို့ ကြိုးစားနေကြတယ် "

"ဘုရား ....ဘုရား ...."

သာအောင့်စကားတွေ ဆက်မပြောနိုင်တော့သလို အဆုံးပိုင်းမှာ တိမ်ဝင်သွားတယ်၊ သတိုးနွယ်ကို ကြည့်မိတော့ ခေါင်းကိုငုံ့ပြီး မျက်ရည်စီးကျနေရဲ့ ....။

နား ထဲ မှာ လက်အောက်ငယ်သားတွေရဲ့ ကယ်ပါယူပါ တောင်းပန်သံတွေကို ကြားလိုက်ရသလို ....ဘယ်လောက်များ သူတို့ ဝမ်းနည်းဒုက္ခ ရောက်ရှာနေလိုက်ကြမလဲ၊ တစ်သက်တာပတ်လုံး ပြုစုထိန်းသိမ်းခဲ့သော စံအိမ်တော်ကြီးကို ကြည့်ပြီး နမြောတသ ငိုကြွေးနေလိုက်ကြမလဲ။

ဟုတ်ပါတယ်၊ သူ့မျက်ဝန်းအိမ်မှာ လည်း မျက်ရည်တွေ အလိုလိုစီးကျနေပါပြီ။

"ဒါ ....ဦးခိုပေးလိုက်တဲ့ ရောင်းရသမျှ အသပြာအာလုံးပါ သခင်လေး ...."

သူ မကြည့်ချင်တော့ပါဘူး၊ နှုတ်ခမ်းကိုက်ပြီးသာ ခေါင်းကို တွင် တွင်

ငုံ့ထားမိတယ်။

"ငါ တ◌ယောက်တည်း နေပါရစေကွယ် ...."

နောက်တစ်နေ့နံနက် မိုးသောက်ချိန်မှာ တော့

အရာအားလုံးက ပဋ္ဌလက်ဆန်စွာ

ပြောင်းလဲသွားခဲ့ပါပြီ ...၊

စံအိမ်တော်အတွင်းမှာ နန်းနွယ်ရှိမနေတော့ပါဘူး ...။

သို့သော် ....

နန်းနွယ်ကိုယ်စား စာလေးတစ်စောင်တော့

ကျန်နေရစ်ခဲ့တယ်။

ပြီးတော့.....

မတို့ မထိရသေးသည့် အသပြာအိတ်တစ်လုံး

ရယ်စရာပေါ့........

ချစ်ရပါသော မိသားစုဝင်များ သို့ ...

အဆောလက်စံအိမ်တော်ကိုပြန်ရွေးပါ။

အဘပန်းချီကား မူလနေရာမှာ ပဲ ရှိပါစေ။

အမှုထမ်းအားလုံး အသိုက်မပျက်ပါစေနှင့်

ကွဲနွားမှန်သမျှ တစ်ကောင်မကျန် ခြံတွင်းပြန်ဝင်ပါစေ။

ရှေးယခင်အတိုင်း ဦးတိန်ခို စကားမြဲပါစေ။

နေပြည်တော်မှ အဆောလတ်သို့ အမြန်ပြန်ပါ။

လုပ်ငန်းဆောင်တာဟူသမျှ ရှေးမူမပျက် လုပ်ဆောင်ပါ။

ငါ့ကို လုံးလုံး လိုက်မရှာပါနှင့်။

ပ ညာ သ င် ချိ န် မှာ အကောင်းဆုံးသင်၍ ချစ်တတ်ချိန်မှာ အကောင်းဆုံးချစ်ခဲ့သော လူတစ်ယောက် ....

ကာ ကွ ယ် ချိ န် မှာ အကောင်းဆုံးကာကွယ်နိုင်ဖို့ ဆက်လက်ကြိုးစားပါဦးမည်။

နန်းနွယ် ....

*****

## အပိုင်း (၄)

နေ ပြ ည် တော် မှာ အရှူးတစ်ယောက် ပေါ်တယ်တဲ့ ၊ မျက်မြင်ကိုယ်တွေ့ သိခဲ့သူများကတော့ အရူးဟု ခေါ်ရန် ခက်ခဲတဲ့ လူတစ်ဦးလို့ လည်း ဆိုကြတယ်၊ သူ့ကို သူကြွယ်ကုန်းဝန်းကျင် (အထူးသဖြင့်) ညအချိန်တွေမှာ ရိုးတိုးရိပ်တိပ် တွေ့ရတတ်တယ်။

တချို့လည်း ဆောက်လုပ်ဆဲ ဝေဠုဝတီ စံ န န်း ဆော င် အ သ စ် ကြီး အ နီး မှာ တွေ့တယ်လို့ ဆိုကြတယ်၊ တချို့ကျတော့လည်း မြေနေရာရှင်းလင်း အုတ်ပန္နက်ချပြီးပြီဖြစ်တဲ့ စေတီတော် ဆောက်လုပ်လုလု ကုန်းမြေပေါ်မှာ ညရေးညတာ ရှိနေတတ်တယ်လို့ ပြောတယ်၊ ထိုသုံးနေရာကလွဲပြီး ကျန်နေရာများမှာ မရှိတတ်တာတော့ ထူးဆန်းလွန်းလှပါတယ်။

တစ်ခါတလေ သူ့အနားမှာ ကလေးတွေ ဝိုင်းနေတတ်တယ် ....။

ကလေးတွေရဲ့ ပုံတူပန်းချီကို ဆွဲပေးနေတာပါတဲ့ ၊ တစ်ခါတလေကျတော့လည်း သစ်ရွက်ကလေးတွေချိုးပြီး ဆင်ရုပ်၊ မြင်းရုပ်လေးများ လုပ်ပေးနေတတ်တယ်။

ပုံသဏ္ဌာန်နဲ့ နေပုံထိုင်ပုံအရ သူရူးတစ်ယောက်ဟု ထင်နိုင်စရာရှိသော်လည်း နူးညံ့သော စိတ်ထားနှင့် ကရုဏာသက်သော အပြုအမူတွေအရ မြင်တွေ့ရသူများမှာ အထူးအဆန်းလည်း ဖြစ်ရတယ်၊ သေချာတာက သူဟာ အန္တရာယ်မပြုတတ်ပါဘူး၊ အထူးသဖြင့် ကလေးများကို ပိုလို့ တောင် မပြုဘူး။

ဆံပင်က ကုပ်ပိုးအထိရှည်ပြီး ဖုန်တွေသဲတွေနဲ့ ဖွာလန်ကြဲနေပြီ၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ထူလပျစ်နဲ့ အဝတ်အစားတို့ မှာ လည်း

ဖြူစင်ရိုးသားမှုတွေကို ကွက်ကွက်ကွင်းကွင်း မြင်နေရတယ်၊ ဒါကြောင့်လည်း ကလေးတွေ သူ့အနီးအနား ရှိနေတာကို မြို့သူမြို့သားတွေ စိတ်အေးလက်အေး ထားနိုင်ကြတာထင်ပါရဲ့ ။

တချို့လည်း သူ့နောက်ကြောင်းကို သိချင်နေကြပါတယ်။

ဟုတ်ပါတယ် ....

သူပါ .... တက်ကုန်ရွက်ကုန်မိုက်ခဲ့တဲ့ . မိုးအပြည့်လေအပြည့် ချစ်ခဲ့တဲ့ တစ်ချိန်က သူဌေးသားလေး တစ်ဦးရယ်ပါ။

သူ့နာမည်ကို ခုချိန်ထိလည်း "နန်းနွယ်"လို့ ပဲ ခေါ်နိုင်ပါတယ်။

***

သူဟာ တစ်ချိန်က သူဌေးသားလေးတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။

လက်အောက်ငယ်သား အမှုထမ်းအရာထမ်း များ စွာကိုလည်း ပိုင်ဆိုင်ခဲ့ဖူးတယ်။

စောဖြူဆိုတဲ့ သူငယ်ချင်းတစ်ဦးနဲ့ ဇာတ်ပွဲများကိုလည်း နှစ်သက်ခဲ့ဖူးပါတယ်။

ပြီးတော့ ယမင်းသူဇာဆိုတဲ့ ဇာတ်မင်းသမီးလေးကို ရူပ်ရှပ်ချွဲချွဲချစ်ခဲ့တယ်။

ထိုမင်းသမီးလေးရဲ့ ညပေါင်းများ စွာကိုလည်း အကာအကွယ်ပေးခဲ့ဖူးပါတယ်။

[illegible] အကာအကွယ်ပေးနိုင်ဖို့ ကြိုးစားနေတုန်းပါ၊

ဒါပေမဲ့လည်း ပင်ကိုအသိဉာဏ်ပဲ နန့်နဲ့ ခဲ့လေသလား မသိပါဘူး၊ ပိုင်ဆိုင်အားလုံး စွန့်လွှတ်ပြီးတဲ့ နောက်ပိုင်း အချိန်အတော်ကြာတဲ့ အထိ ယမင်းသူဇာကို ကာကွယ်နိုင်ဖို့ အရေးကို ....သူ စဉ်းစားမရခဲ့ဘူး။

ရိုးရိုးလေးသဘောနဲ့ သူ စဉ်းစားကြည့်မိတာတွေတော့ ရှိပါတယ်၊ ယမင်းရုပ်လေးကို ကာကွယ်နိုင်ဖို့ အတွက် နည်းလမ်းနှစ်ခုကို သွားမြင်တယ်၊ ပထမတစ်ခုက လက်ရှိနေရာကနေ ယမင်းရုပ်လေးကို ခေါ်ထုတ်နိုင်ဖို့ ၊ ထိုအရေးအတွက် ဖုံရှုပိုင်းတစ်လျှောက်လုံး ယမင်းသူဇာကို အကြိမ်ကြိမ် အရေးဆိုခဲ့ပြီးပြီ၊ ဒါပေမဲ့ သူမ လက်မခံခဲ့ပါဘူး၊ ဒါဆို အတင်းအကျပ် ခေါ်ထုတ်ခဲ့ရင်ရော၊ အထပ်ထပ်တည်ရှိနေတဲ့ အစောင့်ရဲမက်များကို ကျော်လွှန်ပြီးယမင်းသူဇာကို သူ ခိုးထုတ်နိုင်ခဲ့လျှင်တောင် သူမအတွက် နန်းနွယ်ဆိုတဲ့ သူဟာ မုန်းတီးစရာလူတစ်ဦး ဖြစ်သွားနိုင်ပါတယ်။ .

သူမဘဝရဲ့ အမြင့်မားဆုံး ရည်ရွယ်ချက်ဖြစ်သော တစ်ရာ့ရှစ်တောင်ပြည့် စေတီတော်ကြီးက စတည်နေပြီလေ၊ ထိုစေတီတော်ကိုထားပြီး သူမဘယ်အရပ်ကိုမှ လိုက်မှာ မဟုတ်ပါဘူး၊ ပိုပြီး ခိုင်မာတဲ့ အချက်တစ်ခုက သံပျဉ်မင်းသားပါ၊ သံပျဉ်မင်းသားနဲ့ ဝေးရာအရပ်ဟာ သူမအတွက် ဆူးခင်းတောတစ်ခု ဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်၊ ပြီးတော့ အတင်းအကျပ် ခေါ်ဆောင်မယ့် နန်းနွယ်ဟာ သူမ ချစ်နေတဲ့ အမျိုးသားတစ်ဦး မဟုတ်ဘူး လေ၊ အဲဒီအတွက် ဘယ်လိုမှ အဆင်မပြေနိုင်ပါဘူး။

ဒါဆို ဒုတိယနည်းလမ်းရော ...

ဒုတိယနည်းကတော့ သူမထံ ညစဉ်ညတိုင်းလိုလို အပျော်လာရာကြမယ့် တဏှာကျွန် ငမိုက်သားတွေကို တားမြစ်ဖို့ ပါ၊

ဒါကလည်း သူ့အတွက် မဖြစ်နိုင်ပါဘူး၊ လောလောဆယ် အခြေအနေအရ တားမြစ်နိုင်တဲ့ ဩဇာနဲ့ ငွေကြေးချမ်းသာမှု သူ့မှာ မရှိတော့ဘူးလေ၊ လှုံ့ဆော်မှုနည်း သုံးပြီး တားမြစ်ရအောင်လည်း ကြုံရာအိပ် ကြုံရာစားရတဲ့ ဘဝမှာ သူ့ခန္ဓာကိုယ်ရဲ့ အင်္ဂါ အစိတ်အပိုင်းတွေ အားအင်တို့ ချည့်နဲ့ နေခဲ့ပြီလေ။

ဒီလိုဆိုတော့လည်း ခက်လှပါတယ် ...၊

လူမသိသူမသိ နေထိုင်ရင်း ကိုယ့်ကိုယ်ကိုယ် ဇာတ်မြှုပ်ရင်း ကာကွယ်နိုင်မယ့် နည်းလမ်းကို စဉ်းစားရင်း နေပြည်တော်တစ်ခွင် နေထိုင်လာခဲ့တာ အချိန်တွေပင် ကြာလာခဲ့ပေါ့ ။

ခုဆို သူတို့ သုဓလ္လပဒီပတိုင်းကြီးက မိုးရာသီကုန်လွန်လို့ ဆောင်းသီပင် ကျော်လွန်ခဲ့ပြီ၊ နွေနေ့လယ်ခင်းတွေက ပူပြင်းလှပါတယ်၊ ထို ထို နေ့ လ ယ် ခ င်း တွေ မှာ သူဟာ အရပ်လေးမျက်နှာတစ်ခွင် တလူလူလွင့်နေတဲ့ ဖုန်တွေကို ငေးကြည့်နေမိတတ်တယ်။

ဖုန်ပူလေပူတွေ အောက်မှာ ထိုင်ရင်း ...သူ့ရဲ့ မူလရည်မှန်းချက် အောင်မြင်ဖို့ တွေးတောကြံဆနေမိတယ်။

လျှောက်ပါများ လမ်းဖြစ်တယ်လို့ ပဲ ပြောရမလား ...၊ ဘွန်သင်တာများ လို့ လိမ္မာတယ်ပဲ ပြောရမလား၊

ခြောက်သွေ့သော နွေမနက်ခင်းတစ်ခုမှာ ကံကြမ္မာက သူ့ကို မျက်စပစ်ပြခဲ့ပါတယ်။

အဲဒီနေ့ မနက်ကပေါ့ ။

ဆောက်လုပ်ဆဲ ဝေဠုဝတီ စံနန်းဆောင်သစ်ကြီးအနီး စိတ်လွတ်ကိုယ်လွတ် အိပ်ပျော်သွားမိတာကြောင့်လည်း

ဖြစ်နိုင်ပါတယ်။

****

(၆)

လှုပ်နိုးလိုက်တဲ့ အရှိန်ကြောင့် လူက လန့်ဖျပ်ကာ ထထိုင်လိုက်မိတယ်၊ မျက်လုံးဖွင့်ဖွင့်ချင်း တိုးလျှိုပေါက် ဝင်ရောက်လာတာက စူးရဲလင်းတောက်တဲ့ နေရောင်ခြည်တွေပါ၊ ဘယ်လိုမှ တောင့်မခံနိုင်တာနဲ့ ချက်ချင်းပဲ ပြန်မှိတ်လိုက်ရတယ်၊ ပြီးတော့မှ ဖြည်းဖြည်းချင်း မျက်လုံးကို ပြန်ဖွင့်တော့ ...ဝေဝါးနေတဲ့ အမြင်အာရုံမှာ ပုံရိပ်တစ်ခု ထင်ရှားလာပါတယ်။

"သူဌေးလေး ....သူဌေးလေး နန်းနွယ်မလား၊ ဟုတ်ပါတယ် သူဌေးလေး နန်းနွယ်ပါ၊ သူဌေးရှုလေး ကျွန်တော်လေ ....ကျွန်တော် မောင်ရွှေးလေမှတ်မိလား ...."

"မောင်ရွှေး ...." စိတ်မှာ တိုးတိုး ရွတ်ဆိုလိုက်မိတယ်၊ စံနန်းဆောင်အနီးအနား အိပ်ပျော်သွားမိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်လိုက်မိပါတယ်၊ ဟုတ်ပါတယ် ....ဆရာကြီး အရိယရဲ့ တပည့် မောင်ရွှေးပါ၊ ပုံမှန်အားဖြင့် ဤအရပ် ဤအနီးဝန်းကျင်ကို ညအချိန်မှာသာ ရောက်လေ့ရှိတာမို့ လူသူသံ ... အဆောက်အဦ တည်ဆောက်သံတို့နဲ့ ဝေးပြီး ကင်းပတိတ်ဆိတ်လေ့ ရှိပါတယ်။

အခုတော့…

မေးခွန်းကို ပြန်မဖြေဘဲ ကိုင်ထားတဲ့ မောင်ရွှေးလက်ကို ပုတ်ချပြီး နန်းနွယ် ပြေးထွက်လိုက်တယ်။ ဒါပေမဲ့ အာဟာရပြတ်လပ်မှု၊ ဆာလောင်မှုမကွာကြောင့် ခြေလှမ်းတို့ က အရင်လို သွက်လက်မှုကို မစွမ်းဆောင်နိုင်ဘူး။

မောင်ရွှေးက သူ့နောက် အပြေးလိုက်လာတယ်၊ မြေမှာ တရွတ်တိုက်ဆွဲနေတဲ့ ခြေလှမ်းတွေကြောင့် နန်းနွယ်နောက်မှာ ဖုန်တွေ လုံးလုံးထနေတယ်၊ သိပ်အကြာကြီး မသွားလိုက်ရပါဘူး၊ ခြေလှမ်းငါးဆယ် မပြည့်မီမှာ ပင် …သူ ဒူးထောက်ကာ ကျသွားတော့တယ်၊ ပြီးတော့ ဖုန်ထူသော လှည်းလမ်းကြောင်းပေါ်သို့ ….၊

"အဟွပ် …အဟွပ် အဟွပ် …."

မောင်ရွှေးမှာ အလျှင်အမြန်ရောက် လာပြီး သူ့ကို ပြေးပွေ့လိုက်ရဲ့ ၊ ဖုန်အလိမ်းလိမ်း ပေကျံနေတဲ့ ခန္ဓာကိုယ်မှာ …ချောင်းတွေ တဟွပ်ဟွပ်ဆိုးနေတယ်။

သူ…

ဘာမှ မသိတော့ပြန်ဘူး။

• • •

အိပ်မက်မက်နေတာလား ဒါမှ မဟုတ် အိပ်တစ်ဝက် နိုးတစ်ဝက်နဲ့ အသံတွေကို ကြားနေရတာလား ....၊ ပြောနေသူမှာ လွှမ်းမိုးနိုင်စွမ်းရှိသော အသံသြဇာ ပိုင်ရှင်ဆိုတာ သေချာပါတယ်၊ ပြီးတော့ ထိုအသံကို သူ ကြားဖူးသလိုလည်း ရှိတယ်။

"အဆောက်အဦ တစ်ခုထဲကို ဝင်လိုက်တာနဲ့ မွှမ်းကြပ်တဲ့ ခံစားမှုမျိုး၊ ဝမ်းနည်းအားငယ်တဲ့ ခံစားမှုမျိုး၊ မလွတ်လပ်တဲ့ ခံစားမှုမျိုးကို ကြုံဖူးလား"

"ဟင့်အင်း မကြုံဖူးဘူး၊ အဲလိုအဆောက်အဦမျိုးရော ရှိလို့ လား"

"ရှိတာပေါ့ ...."

ဆရာကြီး အရိယက အပြုံးတစ်ခုနဲ့ အတူ စကားကိုဆိုတယ်။

"ပေါ်က္ကံပြည်ဆိုတာ ကြားဖူးလား"

"မကြားဖူးဘူး"

"ငါတို့ သုဇလ္လဒီပရဲ့ အရှေ့ဖျားမှာ ရှိတယ် ....ခရီးအလွန်ဝေးတယ်၊ ငယ်ငယ်ကတော့ တစ်ခေါက်ရောက်ဖူးခဲ့ပါတယ်လေ၊ အလွန်တရာမှ ရှုးကျအုံ့အရပ်၊ အလွန်တရာမှ အနုစိတ်လက်ရာတွေ ရှိတဲ့ အရပ်၊ အလွန်တရာမှ ယဉ်ကျေးမှု ထွန်းကားခဲ့တဲ့ အရပ်၊ အလွန်တရာမှ ဂုဏ်ယူဂမ်းမြောက်စရာ အကောင်းဆုံး အရပ်ပေါ့၊ အဲဒီမှာ ခမ်းနားကြီးကျယ်လွန်းလှတဲ့ အံ့သြဘနန်း ဖြစ်လောက်ဖွယ် ကောင်းလွန်းလှတဲ့ စေတီပုထိုးတွေနဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေရှိပါယ်၊ ရောက်ဖူးခဲ့စဉ်က သုဇလ္လဒီပ

မပြန်ချင်ရလောက်အောင်ထိကို နိုးမိုးသွားခဲ့တာ၊ အံ့ဩဖွယ်များ စွာထဲကမှ မန္တလာဆိုတဲ့ ဘုရားစေတီကြီးဟာ ငါ့ကို အနိုးမိုးဆုံးပဲ၊ မင်း ယုံကြည်ဖို့ တော့ ခက်ကောင်းခက်လိမ့်မယ်၊ ဒါပြောတဲ့ ခံစားမှုတွေကို မန္တလာဘုရားထဲကို ဝင်ဝင်ချင်းပဲ အပြည့်အဝခံစားခဲ့ရတာ ....

"တကယ်ပဲလားဗျာ ...."

"တကယ်ပဲပေါ့ ...."

ဆရာဖြစ်သူရဲ့ မျက်နှာကိုကြည့်ပြီး မောင်ရွှေး တအံ့တဩ ဖြစ်သွားမိတယ်၊ အပိုလုပ်ပြောနေပုံကို တစ်စွန်းတစ်စမှ မတွေ့ရပါဘူး၊ အရိယဆိုတာ လုပ်ပြောတတ်သူတစ်ဦးလည်း မဟုတ်ဘူး လေ။

"အံ့ဩစရာပဲနော်၊ ဘာလို့ အဲလောက်ထိ ဖြစ်ရတာလဲ ...၊ သူ့ရဲ့ တည်ဆောက်မှုပုံစံက ဘာတွေ ထူးခြားနေလို့ လဲ ဆရာကြီး"

"ထူးခြားတယ်၊ ရိုးရိုးလေးနဲ့ ကို ထူးခြားနေတာ၊ နောက်ပြီး သူ့ရဲ့ မိုင်းကြောင်းကလည်း စိတ်ဝင်စားဖို့ ကောင်းတယ်"

"ဟုတ်လား ...."

ဆရာကြီး အရိယမှာ ဦးခေါင်းကိုညိတ်ရင်း စကားကို ဖြည်းဖြည်းဆိုတယ်။

"အဲဒီအချိန်တုံးက ပေါက္ကံပြည်ကြီးမှာ ငါတို့ ရဲ့ ဗုဒ္ဓသာသနာ မတွန်းကားသေးဘူး၊ ပေါက္ကံပြည့်ရှင် အနော်ရထာမင်းဟာ ဗုဒ္ဓသာသနာရဲ့ အဆီအနှစ် ပိဋကတ်သုံးပုံကို သူ့ရဲ့ တိုင်းပြည်မှာ အလွန်တရာမှ ပင့်ဆောင်ကိုးကွယ်ချင်တယ်၊ ဒါနဲ့ ပိဋကတ်သုံးပုံ ရှိတော်မူတဲ့ သထုံပြည် မနူဟာမင်းထံကို ပင့်ဆောင်ကိုးကွယ်ခွင့်ပေးဖို့ လျှောက်ထားတယ်ပေါ့၊ မနူဟာမင်းက ပင့်ဆောင်ခွင့်မပေးတဲ့ အပြင်

မချေမင် ပြောဆိုလှုတ်လိုက်တယ်တဲ့၊ ဒါနဲ့ ပဲ အနော်ရထာဟာ စစ်သည် အင်အား အလုံးအရင်းနဲ့ သထုံကို တိုက်ခိုက်သိမ်းပိုက်တော်မူတယ်၊ ပြီးတော့ ပိဋကတ်သုံးပုံကို ပေါက္ကံပြည်ကြီးဆီ ပင့်ဆောင်လာခဲ့တယ်၊

မနူဟာဘုရင်ကိုလည်း အကျဉ်းသားဘဝနဲ့ ခေါ် လာပြီး ပေါက္ကံမှာ အိမ်နိမ့်စံ အဖြစ်နဲ့ ထားတယ်၊ မနူဟာဘုရားဆိုတာ အကျဉ်းသားအဖြစ် ပေါက္ကံမှာ နေခဲ့ရတဲ့ မနူဟာမင်းကြီးရဲ့ ကောင်းမှုတော်တစ်ခုပေါ့ ..."

"ဩော်..."

"မနူဟာမင်းက ကုသိုလ်ကောင်းမှု ပြုလုပ်လိုလို့ ဘုရားတစ်ဆူ တည်ခွင့်ပြုဖို့ အနော်ရထာမင်းကြီးကို လျှောက်ထားတယ်၊ ခွင့်ပြုတော်မူခြင်း၊)သူ့ လက်မှာ ဝတ်ထားတဲ့ နန်းစဉ်လက်စွပ်ကို မြင်ကပါသူဌေးတစ်ဦးထံ ရောင်းချပြီး တည်ထားကိုးကွယ်ခဲ့တာ၊ ပေါက္ကံစေတီပုထိုးများ စွာထဲကမှ မနူဟာဘုရားဟာ ငါ့အတွက်တော့ ရသအမြောက်ဆုံးပဲ၊ ဘုရားထဲကို ဝင်လိုက်တာနဲ့ မနူဟာဘုရင်ရဲ့ ရင်ဘတ်ထဲ ရောက်သွားသလိုကို ခံစားလိုက်ရတာ၊ အိမ်နိမ့်စံဘဝရဲ့ မွမ်းကျပ်ပိတ်လှောင်မှု၊ စစ်ရှုံးရတဲ့ ဝမ်းနည်းသိမ်ငယ်မှု၊ ဖြတ်သန်းရတဲ့ နေ့ရက်တိုင်းအတွက် စိတ်အစဉ်မှာ ဆင်းရဲဒုက္ခရောက်မှု၊ အဲဒါတွေကို တပြိုင်တည်းတွေ့ရတယ် ...."

"အဲလောက်တောင်ပဲလားဗျာ၊ အဲလိုဖြစ်အောင် သူ ဘယ်လိုများ တည်ဆောက်ခဲ့တာလဲဟင် ..."

ဆ ရာ ကြီး အ ရိ ယ မှာ သက်ပြင်းကိုချရင်း တစ်ချိန်က အတိတ်ကိုပြန်ဖော်နေသလိုမျိုးလည်း ငြိမ်သွားပါတယ်။

"ကုလားကျောင်းခံ ပိုဏ်ဂူဘုရားပဲ၊ စတုရန်းပုံနှစ်ထပ် ...ဟုတ်တယ်၊ အပေါ်ထပ်လိုဏ်က အောက်ထပ်ထက် ငယ်တယ်၊

ပ ခ္စ ယာ အ ထ က် မှာ ....ဇာတိပက္ခိယတရား(၃၇)ပါးကို ရည်ရွယ်ပြီး စေတီငယ်(၃၇)ဆူ တည်ထားတယ်၊ ဂူဘုရားရဲ့ အတွင်းအရှေ့ဘက်မှာ ဘူမိဖဿမုဒြာအနေအထားပုံမျိုးနဲ့ တင်ပျဉ်ခွေ ဆင်းတုတော်တစ်ဆူ၊ ဘေးတစ်ဖက်တစ်ချက်မှာ အရန် ဆင်းတု တော်တစ်ဆူစီရှိတယ်၊ လိုဏ်ဂူအနောက်ဘက်မှာက မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုဟန် လျောင်းတော်မူ ဆင်းတုတော်ကြီးတစ်ဆူ တည်ထားတယ်၊ ဒီအထိကမထူးဆန်းသေးဘူး၊ ထူးဆန်းတာက ဘုရားဆင်းတုတော်တွေရဲ့ အရွယ်အစား..."

"အရွယ်အစား ...."

"ဟုတ်တယ် အရွယ်အစား ...၊ ဘုရားဆင်းတုတော်တွေရဲ့ အရွယ်က အလွန်တရာမှ ကို ကြီးမားတာ၊ ဂူအပြည့်နီးနီး ဖြစ်လောက်တဲ့ အထိပဲ။ ဘုရားဆင်းတုတော်ကြီးတွေဟာ မလှပ်သာ မလှည့်သာတဲ့ ပမာ ကျပ်ကျပ်တည်းတည်း ဖြစ်နေတယ်၊ နောက်တစ်ခုက ထိုင်တော်မူ ရုပ်ပွားတော်တွေရဲ့ ရင်ဘတ်တော်ဟာ တအားကို မို့မောက်နေတယ်၊ ဘုရားရှေ့ထိုင် လက်အုပ်မိုးရှိခိုးမိရုံနဲ့ မနူဟာမင်းကြီးရဲ့ ရင်ထဲက မွန်းကျပ်မှုတွေကို အတိုင်းသား မြင်နေရတာကလား၊ အရွယ်အစားကကြီး ...ဂူကကျဉ်း ....ဖူးမြော်တဲ့ လူတွေတောင် မလှုပ်သာမလွန့်သာ ကျပ်ကျပ်တည်းတည်း ဆိုတော့ မနူဟာမင်းကြီးရဲ့ မလွတ်လပ်မှုတွေ ကျဉ်းကျပ်မှုတွေ သိမ်ငယ်မှုတွေကို ကိုယ်တိုင်ကို ဝင်ခံစား ရတော့တာ၊ ကယ်တော့ မနူဟာမင်းကြီးဟာ သူ့ရင်ထဲက ခံစားရမှုတွေကို ဘုရားတည်ပြီ၊ သမိုင်းမှာ တွင် ကျန်အောင် ဆောင်ရွက်ခဲ့တဲ့ သဘောပဲ ...."

" ဪ ..."

မောင်ရွှေးမှာတော့ အံ့သြပြီး အံ့သြနေရတော့တယ်၊ ကြားရုံနဲ့ တင်မွန်းကျပ်နေပါပြီ။

"တကယ်တော့ သူ အသုံးပြုခဲ့တဲ့ နည်းဟာ အလွန်တစ်ရာမှ ရိုးရှင်းပြီး ထိရောက်လှတယ်၊ အရွယ်အစားရယ် ....အထားအသိုရယ် ...ခံစားမှု စိတ်ဓာတ်အဟုန်ရယ်ကို အချိုးညီညီ သုံးသွားခဲ့တာ၊ အခုလည်း ....လုပ်ခွင့်ရှိနေတုန်းပေါ့ကွာ ဝေဠုဝတီ မင်းသမီးရဲ့ စံနန်းဆောင်နဲ့ တစ်ရာ့ရှစ်တောင်ပြည့် စေတီကြီးကို သမိုင်းတွင် အောင် ငါ တည်ဆောက်သွားချင်တယ်"

"ဝုန်းခနဲ ကုန်းထလိုက်တဲ့ နန်းနွယ်ကြောင့် ဆရာကြီး အရိယနှင့်မောင်ရွှေးမှာ မျက်လုံးပြူးမျက်ဆန်ပြူးကုန်ကြပါတယ်။

"လူတစ်ယောက်ရဲ့ စိတ်ကို ပြောင်းလဲသွားစေလောက်တဲ့ အထိ အဆောက်အဦတစ်ခုကို ဆောက်လုပ်လို့ ရတယ်ပေါ့"

သူ့ အမေးစကားကြောင့် မောင်ရွှေး ကြောင်သွားတယ်၊ ဆရာကြီးကတော့ ....

"ရတာပေါ့၊ အရွယ်အစား၊ အထားအသို၊ စိတ်ဓာတ်အဟုန်တင်မကဘူး တခြားပညာရပ်တွေပါ, ပေါင်းစပ်ထည့်သွင်းလို့ ရတယ်၊ ကိုယ်အသုံးပြုတဲ့ အချိုးအစား မှန်ကန်လေ တိကျလေ ....အစွမ်းထက်လေပဲ"

စကားတစ်ခွန်းကို ပြတ်သားစွာ ဆိုမိလိုက်ပါတယ်။

တစ်ခွန်းတည်းပါ ....

"ကျွန်တော့်ကို ဗိသုကာအတတ် သင်ပေးပါဆရာကြီး၊ ဆရာကြီးနဲ့ အတူ ဝေဠုဝတီ စံနန်းဆောင်ကို ကျွန်တော် ဆောက်လုပ်ပါရစေ"

ဟိုး ....အတိတ်ကို မျှော်ကြည့် လိုက်စမ်းကွယ်

သူတို့ တွေ

သိပ်တော်ခဲ့ကြတယ်။

(d )

"အရင်ဆုံးပြောရမှာ ကတော့ ဘက်ညီမှုအကြောင်းပဲ၊ လောကမှာ ဘက်ညီမှု အမျိုးမျိုးရှိတယ်ကွ၊ အားလုံးကို ပြည့်ပြည့်စုံစုံ သဘောပေါက်ဖို့ ဆိုရင်တော့ အချိန်အတော် ပေးရလိမ့်မယ်၊ ဒါဟာလည်း လုပ်ရင်းကိုင်ရင်းနဲ့ သဘောပေါက် နားလည်သွားမယ့်အရာပါ၊ လောလောဆယ်အတွက်တော့ ဘက်ညီမှုဆိုတာ ဟိုဘက်ဒီဘက် တူညီမှုလို့ ပဲ နားလည်ထားလိုက်"

"ဟုတ်ကဲ့"

"ငါတို့ တွေမှာ ဘက်ညီမှုကို အလှအပအဖြစ် ရှုမြင်တတ်တဲ့ သဘောရှိကြတယ်၊ အဲဒါ ဘာကြောင့်လဲဆိုတော့ အခြေခံကျတဲ့ သဘာဝနိယာမများ ဟာ ဘက်ညီမှုအပေါ်မှာ အခြေခံထားလို့ ၊ မင်းကို ဥပမာပေးမယ် ...."

ဆရာကြီး အရိယမှာ စကားကို ခဏရပ်လိုက်တယ်၊ ပေးရမယ့် ဥပမာအတွက် စဉ်းစားသွားပုံလည်း ရပါတယ်၊ ပြီးတော့မှ ...

"လှပတဲ့ မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာ၊ ဥပမာ ယမင်းသူဇာရဲ့ မျက်နှာ ဆိုပါတော့ .... သူ့မျက်နှာကို နှာခေါင်းပေါ် အလယ်တည့်တည့်ကနေ ဖြတ်ပြီး စိတ်ကူးနဲ့ ထောင်လိုက်မျဉ်းတစ်ကြောင်း ဆွဲကြည့်လိုက်၊ မျက်နှာရဲ့ လက်ဝဲဘက်ခြမ်းဟာ လက်ယာဘက်ခြမ်းနဲ့ အချိုးအစားရော ပုံသဏ္ဍာန်ပါတူညီနေတာ တွေ့ရလိမ့်မယ်၊ မျက်နှာတင်ပဲလားဆိုတော့ မဟုတ်ဘူး ၊ သူ့ခန္ဓာကိုယ် အချိုးအစားဟာလည်း ဒီအတိုင်းပဲ၊ အဲဒါကြောင့် လှတာ ...၊ အဲလိုမဟုတ်ပဲ မျက်နှာရဲ့ လက်ဝဲခြမ်းမှာ အမာရွတ်ကြီးတစ်ခု ဒါမှ မဟုတ် အသားပိုလုံးကြီးတစ်ခု ရှိနေမယ်ဆိုရင် ယမင်းသူဇာ လှနိုင်ပါဦးမလား"

"ဟင့်အင်း....."

သူ ခေါင်းယမ်းလိုက်မိတယ်။

"နောက်တစ်ခု၊ စားပွဲပေါ်က ဒီပန်းအိုးလေးပဲ ဆိုပါတော့၊ ပန်းအိုးကို စား ပွဲ အ လ ယ် မှာ မထားပဲ ညာဘက်စွန်းကို ရွှေ့လိုက်မယ်ကွာ၊ သေချာကြည့်ကြည့်စမ်း မင်းစိတ်မှာ ဘယ်လိုခံစားရလဲ၊ ဘဝင်ပဲမကျသလို ....စားပွဲကပဲ တစ်ခြမ်းစောင်းနေသလို .... တစ်ခြမ်းပဲ လေးနေသလို ....မခံစားရဘူးလား"

သေချာကြည့်မိတော့ ဟုတ်သလိုပါပင် ....။

"ကဲ ....

ဒီတော့ ပန်းအိုးကို စားပွဲအလယ်မှာ ပဲ ထားလိုက်မယ် ....၊

ပန်းအိုးဟာ စားပွဲရဲ့ အလယ်မှတ် ပြန်ဖြစ်သွားတဲ့ အတွက် စားပွဲခုံ ဟိုဘက်စွန်းနဲ့ ဒီဘက်စွန်း ညီသွားတယ်၊ ကြည့်လို့ လည်း ကောင်းသွားတယ်၊ ဒီသဘောအတိုင်းပဲကွ ...လှပတင့်တယ်တဲ့ အရာဝတ္ထုတိုင်းအတွက် မရှိမဖြစ် အခြေခံလိုအပ်ချက်တစ်ခုက ဘက်ညီခြင်းပဲ"

နန်းနွယ် ခေါင်းညိတ်မိလိုက်ပါတယ်။

"လောကကို အလှဆင်ဖို့ ကြိုးစားနေတဲ့ ဗိသုကာတို့ အတွက် ဘက်ညီမှုဟာ အလွန်မှ အရေးကြီးတယ်၊ အထူးသဖြင့် ကြီးကြီးမားမား ခန့်ခန့်ထည်ထည် အဆောက်အဦတိုင်းအတွက် ဘက်ညီမှုဟာ မပါမဖြစ်ပဲ"

"ဘက်ညီမှုမပါရင် ဘာဖြစ်နိုင်လဲ ဆရာကြီး"

"အန္တရာယ် သိပ်ကြီးတာပါ၊ ဘက်ညီမှု ကျိုးပျက်ခဲ့ရင် ရလဒ်ဟာ ဘယ်လိုမှ မကောင်းနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဘက်ညီမှုကျိုးပျက်ခြင်းဟာ လူတွေရဲ့ မူလစိတ် မူလသဘောနဲ့ ဆန့်ကျင်နေလို့ ၊ လူဆိုတာမျိုးက မျှတတာ ...ညီညွတ်တာကိုပဲ နှစ်သက်တယ်၊ တစ်ဖက်စောင်းနင်း ဖြစ်တာကိုဘယ်သူမှ မကြိုက်ကြဘူး၊ တစ်ဖက်စောင်းနင်းဖြစ်ခဲ့ရင် ဒါဟာ မတရားမှုဖြစ်သွားပြီ၊ မတရားမှုကို ဖြေရှင်းဖို့ နှစ်ဦးနှစ်ဖက် ညီမျှမှုကို ဖြစ်စေချင်လို့ ဘက်မလိုက်တဲ့ တရားစီရင်ရေးစံနစ်ကို ကြိုးစားတူဆောင်နေကြတာပေါ့၊ ဒါတွေက ဘက်ညီတာကိုကြိုက်တဲ့ လူ့ သဘောရဲ့ မျက်မြင်သက်သေတွေပဲလေ ...."

နန်းနွယ် သဘောချစ၌းစားလိုက်မိတယ်၊ ဟုတ်ပါတယ် ... ဘက်ညီခြင်းဟာ လောကရဲ့ အမှန်တရားပါပဲ။

"အကယ်၍ များ မင်းပြောသလို ဘက်ညီမှု မရှိတော့ရင် အရင်ဆုံးလောကလူတွေရဲ့ စိတ်တွေ ပျက်စီးသွားလိမ့်မယ်၊ စိတ်ဓါတ်တွေ ပျက်စီးမှ တော့ ကမ္ဘာလောကကြီးဟာလည်း တဖြည်းဖြည်း ပျက်စီးသွားဖို့ ပဲ ရှိတော့တာပေါ့"

"ဩော် ....ဒါဆို ဘက်ညီခြင်း မညီခြင်းက လူတွေရဲ့ စိတ်ကို ပြောင်းလဲပစ်နိုင်တဲ့ သဘောပေါ့ ...."

"စားပွဲပေါ်က ပန်းအိုးက သက်သေပဲလေ ...."

သတင်းကောင်းပါပဲ၊ ဘက်ညီမှု ကျိုးပျက်ခြင်းက စိတ်ကို ပြောင်းလဲသွားစေနိုင်တယ်တဲ့ ။

***

"နောက်တစ်ခုက အရောင် ...."

".. ... ... ... ...."

"အရောင်ကို ပေါ့ပေါ့လေး ၊ ဆတွေးနဲ့ ...အထင်မသေးနဲ့ ၊ အရောင်ဆိုတာ ဘာသာစကားတစ်ခု.ဆက်သွယ်မှုတစ်ရပ်ပဲ၊ အရောင်ကပြောတဲ့ သတင်းအချက်အလက်တွေကို နေ့စဉ်နဲ့ အမျှ ငါတို့ ရရှိနေကြတယ်၊ ပြီးတော့ အရောင်က ငါတို့ ကို ခံစားချက်တွေ ပေါ်ထွန်းစေတယ်"

"ဟုတ်ကဲ့ ...."

"နောက်ပြီး စကားလုံးတွေ ဘာသာစကားတွေ မသုံးပဲ ....ကိုယ့်ရဲ့

လူတစ်ကိုယ်လွတ်ရဲ့ ကျဉ်းကျဉ်းလေး တည်ဆောက်တယ်၊ အလင်းဝင်ပေါက်လည်း မရှိသလိုအလင်းလည်း ပေးမထားလို့ ပိန်းပိတ်အောင် မှောင်နေပါလိမ့်မယ်။အအ

ခ န်း ထဲ မှာ တစ်ခုတည်းသော စားပွဲကုလားထိုင် ရှိနေပြီး မျ က် နှာ ချ င်း ဆို င် မှာ ကြမ်းပြင်မှ နေ ခေါင်မိုးထိမြင့်သော တင်းပုတ်ထမ်းထားဟန် ရုပ်တုကြီးတစ်ခု ရှိနေပါလိမ့်မယ်၊ ယမင်းသူဇာဟာ မီးအိမ်ကိုဆွဲလို့ ပျော်ပါးခွင့်ရသူ အမျိုးသားကို အခန်းတွင်း ခေါ်လာရပါမယ်၊ ပြီးလျှင် စားပွဲမှာ ထိုင်စေပြီး ရုပ်တုရဲ့ လက်မှာ မီးအိမ်ကို ချိတ်ဆွဲပေးရမယ်။

ထိုအခါ မော့ကြည့်သူတစ်ယောက်ရဲ့ အမြင်မှာ ....တင်းပုတ်ထမ်း၍ ငုံ့ကြည့်နေသော ခန်းလုံးပြည့် ရုပ်တုမည်းမည်းကြီး၊ ရဲရဲနီနေသော မျက်လုံး၊ ဟထားသော ပါးစပ်၊ နိမ့်ရာအရပ်မှ အပေါ်သို့ လျှံတက်နေသော မီးအိမ်ရဲ့ အလင်းပြတ်သားမှု ....အရိပ်ကျမှုတွေနဲ့ အချိုးအစား ပျက်ယွင်းမှု၊ ရှိရင်းစွဲရုပ်တုကို မီးအလင်းဖြင့် စွမ်းအားပိုကြီးစေမှု.....။

ရုပ်တုကြီး သွန်းလုပ်စဉ်မှာ နန်းနွယ်ဘက်မှ အသုံးပြုခဲ့သည့် ကိုယ်၊ နှုတ်၊ စိတ် ....အမူအရာသုံးပါး။

ထိုအရာတွေနဲ့ သာ ပေါင်းစပ်လိုက်ပါလျှင် ....

လက်ဘက်ရည် တည်ခင်းပြီးနောက်.....စကားအလိမ္မာဖြင့် ယမင်းသူဇာ ထွက်သွားပါလျှင် ...

အ ခ န်း တွ င်း မှာ သူကောင်းသားတွေ တစ်ဦးတည်းသာ ကျန်နေခဲ့ပါလျှင်..... ...

အတွက် ယုံကြည်မယ်လို့ လည်း ထင်ပါတယ်၊ သူလိုချင်တဲ့ အချက်တွေက တစ်ခုပြီးတစ်ခု ပေါ်ထွက်လာနေတယ်လေ ....။

"ထပ်ပြောရရင်တော့ အရောင်တွေက သူတို့ ရဲ့ စိတ်နေစိတ်ထားနဲ့ ပ တ် ဝ န်း ကျ င် ပေါ် မှာ အများကြီး အကျိုးသက်ရောက်မှုရှိတယ်၊ အေးစက်နေတဲ့ အခန်းကို နွေးထွေးသွားအောင် အရောင်နဲ့ လုပ်နိုင်သလို ပူလောင်နေတဲ့ အခန်းကို အေးသွားအောင်လည်း အရောင်နဲ့ လုပ်နိုင်တယ်"

နန်းနွယ် ရင်ခုန်နေရပြီ၊ သူ့ ခံစားမှုကို လှုပ်နှိုးတဲ့ အပိုင်းတွေကိုရောက် လာပြီလေ။

"အပူရောင် အအေးရောင်တော့ သိတယ်မလား"

"ဟုတ်ကဲ့ ... အနီ၊ အဝါ၊ လိမ္မော်က အပူရောင်ဖြစ်ပြီး ...အစိမ်း၊ အပြာ၊

ခရမ်းက အအေးရောင်တွေပါ"

ဆရာကြီးက ခေါင်းကိုညိတ်တယ်။

"အရောင်တွေနဲ့ ပတ်သက်ပြီး အထူးခြားဆုံးတစ်ခုကတော့ အပူရောင်နဲ့ ဆွဲတဲ့ ရုပ်ပုံတွေဟာ ကြည့်ရှုသူအနီးကို တိုးကပ်လာနေသလို ခံစားရပြီး ...အအေးရောင်နဲ့ ဆွဲတဲ့ ရုပ်ပုံတွေကတော့ နောက်ဆုတ်သွားစေသလိုခံစားရတာပဲ ...."

နန်းနွယ် စိတ်ထဲမှာ ပြောလိုက်မိရဲ့ ။

"အဟင်း ....ကွေ့ကြပြီပေါ့ ..."

* * *

"ပြီးတော့ အလင်း"

"......"

"အလင်းဆိုတာ အရောင်တွေနည်းတူပဲ အရေးကြီးတယ်၊ အထူးသဖြင့် အရောင်တွေ စွမ်းအားကြီးလာအောင် (သို့) စွမ်းအားလျော့သွားအောင် ပြုလုပ်ပေးနိုင်တယ်၊ အလင်းဟာလည်း ကိုယ်လိုချင်တဲ့ အလှအပကိုယ်ပေးချင်တဲ့ ခံစားမှု ပီပီပြင်ပြင် ပုံပေါ်လာဖို့ စနစ်တကျ အသုံးပြုရတဲ့ ပစ္စည်းတစ်မျိုးပေါ့ ၊ အလင်းမှာ ပုံမှန် နေ့အလင်းနဲ့ ဖန်တီးဖြစ်ပေါ်လာတဲ့ အလင်းဆိုပြီး နှစ်မျိုးရှိတယ်၊ ငါတို့ ဆောက်လုပ်မယ့် စံနန်းဆောင်ကြီးအတွက်တော့ ဖန်တီးဖြစ်ပေါ်လာတဲ့ အလင်း ....ဥပမာ မီးအိမ်၊ မီးတိုင်၊ မီးလင်းဖို၊ ချိတ်ဆွဲမီးပုံး စတာတွေကို အများအားဖြင့် အသုံးပြုရလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ပြည့်တန်ဆာတစ်ဦးရဲ့ စံနန်းဆောင်ဆိုတာ ...နေ့အခါထက် ညအခါမှာ ပိုအသက်ဝင်နေတတ်လို့ ...."

ဒီစကားကတော့ သူ့ နှလုံးကို ဆောင့်သွားစေပါတယ်၊ ဒါပေမဲ့လည်း အားတင်းထားမိတယ်၊ ဒီနည်းတွေ အသုံးပြုပြီးတော့ပဲ ယမင်းရုပ်လေးကို ကာကွယ်ရမှာ လေ ....၊

"ပြီးတော့ အရိပ်၊ အရိပ်ဟာလည်း အလင်းနည်းတူ စိတ်ခံစားမှုကို ကောင်းကောင်း လှုံ့ဆော်မှုပေးနိုင်တဲ့ အရာတစ်ခု၊ အလင်းနဲ့ အရိပ် မျှတနေမှ သာ ပုံရိပ်တစ်ခုက လှပတင့်တယ်နေနိုင်တယ်၊ အလင်းများ သွားရင် အမြင်စူးနိုင်သလို ...အရိပ်များ ရင်တော့ ခြောက်ခြားမှုကို

ပိုစေနိုင်တယ်၊ အဲဒါကြောင့် အလင်းနဲ့ အရိပ်ကို အချိုးကျနအောင် သတိထားရမယ်"

"ဪ..."

နောက်တစ်ချက် ထပ်တွေ့ပြန်ပါပြီ။

"အရိပ်အကြောင်းကို ပြောဖို့ အတွက် အလင်းလွှတ်ဝတ္ထုနဲ့ အလင်းပိတ်ဝတ္ထုဆိုတာကို အရင်ပြောရမယ်၊ ဝတ္ထုတစ်ခုဟာ အပူရှိန်ပြင်းတဲ့ အခါ(သို့) ရုပ်ပိုင်းအပြောင်းအလဲတချို့ ဖြစ်ပေါ်လာတဲ့ အခါမှာ အလင်းကို ထုတ်လွှတ်ပေးတယ်၊ ၎င်းဝတ္ထုကို အလင်းလွှတ် ဝတ္ထုလို့ ခေါ်တယ်၊ ကိုယ်ပိုင်အလင်းလွှတ်ရင် ကိုယ်ပိုင်အလင်းလွှတ်ဝတ္ထု၊ ကိုယ်ပိုင်အလင်း မလွှတ်တာကိုတော့ အလင်းပိတ်ဝတ္ထုပေါ့၊ ဒါပေမဲ့ ကိုယ်ပိုင်အလင်းမလွှတ်တဲ့ ဝတ္ထုမျိုးကိုလည်း ငါတို့ မြင်တွေ့နေရတယ်၊ အဲဒါ ဘာကြောင့်လဲဆိုတော့ ကိုယ်ပိုင်အလင်းလွှတ် ဝတ္ထုတစ်ခုက လွှတ်လိုက်တဲ့ အလင်းရောင်ဟာ သူ့ကိုထိပြီး ပြန်ထွက်လာလို့ ၊ အရိပ်ဆိုတာ အလင်းလွှတ်ဝတ္ထုနဲ့ နံရံကြားမှာ အလင်းပိတ်ဝတ္ထုကိုထားခြင်းဖြင့် နံရံမှာ ပေါ်လာတဲ့ အရာပဲ ...၊ သဘောပေါက်တယ်မလား"

"မပေါက်မရှိပါဘူး၊ ဆီမီးတိုင်နဲ့ နံရံကြားမှာ ပန်းအိုးကိုထားရင် ပန်းအိုးအရိပ် နံရံမှာ ပေါ်လာတဲ့ သဘောပါပဲ"

"ဒါပေမဲ့ တကယ်ဆောက်လုပ်တဲ့ အခါ မီးတိုင် ၊ မီးအိမ် ချိတ်ဆွဲတဲ့ အခါ အရိပ်မများ အောင် သတိပြုပါ၊ ပြည့်တန်ဆာတစ်ဦးရဲ့ စံနန်းဆောင် ဖြစ်လေတော့ အရိပ်နည်းပြီး အလင်းရောင်ပြည့်ပြည့်နဲ့ ကြည်နူးနေစေဖို့ လိုတယ်"

"ဟုတ်ကဲ့ ...."

သူ့ရဲ့ အသံ တကယ်များ တိုးတိမ်မိနေသလား။

* * *

"ကျွန်တော် တစ်ခုလောက် မေးလို့ ရမလား"

"မေးလေ ...."

"ဆရာကြီး ပြောသွားတဲ့ ထဲမှာ မနူဟာဘုရားကျောင်းကြီးကို တည်ဆောက်တုန်းက ဆောက်လုပ်သူဟာ အရွယ်အစားရယ် ...အထားအသိုရယ် ...ခံစားမှုစိတ်ဓာတ်အဟာ နှ်ရယ်ကို အချိုးညီညီ ပေါင်းစပ်အသုံးပြုသွားတယ်လို့ ပြောခဲ့တယ်နော် ...."

"ဟုတ်တယ်လေ ..."

"အရွယ်အစားနဲ့ အထားအသိုကို ကျွန်တော်နားလည်တယ်၊ ခံစားမှုစိတ်ဓာတ်အဟာ နှ်ဆိုတာကို နားမလည်ဘူး ဖြစ်နေတယ်"

"ဒါကတော့ ရှင်းပါတယ်၊ တည်ဆောက်နေစဉ် ကာလတစ်လျှောက် မ င်း စိ တ် ထဲ မှာ စဉ်ဆက်မပျက် လှုံ့ဆော်ပွားများ နေရမယ့် စိတ်စေတနာပေါ့၊ ဥပမာ ...မင်းက စံနန်းဆောင်ရဲ့ ရှေ့မျက်နှာစာကို တာဝန်ယူ ဆောက်လုပ်နေတယ် ဆိုပါစို့ ၊ လာရောက်ကြည့်ရှုသူပရိသတ် ...လည်ပတ်သူဧည့်သည် တွေရဲ့ မျက်လုံးမှာ စံနန်းဆောင်ကို ဘယ်လိုမြင်စေချင်တာလဲ၊ လှပခန့်ညား လိုက်တာဆိုတဲ့ အမြင်မျိုးကို ပေးချင်တာလား၊

တည်ငြိမ်အေးချမ်းလိုက်တာ ဆိုတဲ့ ခံစားမှုကို ရစေချင်တာလား၊ ဒါမှ မဟုတ် စံနန်းဆောင်ကို မြင်ရုံနဲ့ ဝေဠုဝတီ မင်းသမီးရဲ့ အလှအပအားလုံးကို ဖောက်ထွင်းမြင် သွားရလောက်တဲ့ အထိ စေ့ဆော်တဲ့ စိတ်ခံစားမှုမျိုးကို ပေးချင်တာလား၊ မင်းပေးချင်တဲ့ ခံစားမှုကို အရင်ဆုံး မင်းစိတ်ထဲမှာ မွေးဖွားပါ၊ ပြီးရင် စံနန်းဆောင် စတင် ဆောက်လုပ်တဲ့ အချိန်ကနေပြီး ဆုံးတဲ့ အချိန် အထိ အဲဒီခံစားမှုကို ပျောက်ပျက်မသွားစေပဲ ဆတက်ထမ်းပိုး တိုးပွားလာအောင် လုပ်ပါ၊ စည်ပင်သထက် စည်ပင်လာအောင် လှုံ့ဆော်ပါ၊ အဲဒီအခါမှာ မင်းရဲ့ စိတ်အစဉ်ဟာ ထင်မှတ်မထားတဲ့ တန်ခိုးစွမ်းအားတွေနဲ့ မင်းရဲ့ ခန္ဓာကိုယ်ကို ခိုင်းစေလိမ့်မယ်၊ မင်းလုပ်သမျှ ကိုင်သမျှတွေဟာ မင်းစိတ်က ထွက်ပေါ်လာတဲ့ ခံစားမှု ဇောအရှိန်တွေ ဖြစ်လိမ့်မယ်၊ အဲဒီအတိုင်း လုပ်ဆောင်သွားရင် ပြီးဆုံးတဲ့ တစ်နေ့ ကြည့်မြင်သူတွေရဲ့ စိတ်ထဲမှာ မင်းပေးချင်တဲ့ ခံစားမှု ရောက်တဲ့ နေ့ပဲ"

"ဩော်..."

တော်တော် အဆင့်မြင့်လွန်းသွားတယ် ထင်မိတယ်။

"ခံစားမှုကို မွေးဖွားလာတာဖော့ ဟုတ်ပါတယ်၊ အဲဒါကို တိုးပွားသထက် တိုးပွားအောင် လုပ်ဖို့ ကျတော့ ...."

"အကြိမ်ကြိမ် ရွတ်ဆိုခြင်းနည်းကို အသုံးပြုနိုင်တယ်"

"ဗျာ ... အကြိမ်ကြိမ် ရွတ်ဆိုခြင်းနည်း....."

"ဟုတ်တယ် ...."

* * *

"စကားလုံးတွေမှာ စွမ်းအားရှိတယ်ဆိုတာကို သိလား ...."

ခေါင်ယမ်းပြမိလိုက်ပါတယ်။

"တကယ်ပဲ စွမ်းအားရှိတယ်၊ နည်းစနစ်တကျ အကြိမ်ကြိမ် ရွတ်ဆိုလေ စွမ်းအားတက်လေပဲ၊ ဒါကတော့ ငါတို့ လောကီပညာရပ်နဲ့ သက်ဆိုင်တဲ့ နည်းလမ်းတွေပေါ့ ၊ ဥပမာ ဆိုပါတော့ကွာ ...မင်းက အရာဝတ္ထုတစ်ခုကိုမဖြစ်မနေ ရယူချင်နေတယ် ဆိုပါစို့ ၊ ရှင်ဘုရင်ကိုယ်တော်တိုင် ချီးမြှင့်မယ့်ဆုတံဆိပ်တော်ပဲ ဆိုပါတော့၊ အဲဒီဆုတံဆိပ်ကို ရရှိနိုင်ဖို့ မင်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ကြိုးစားပြီးသွားပြီ၊ ဒါပေမဲ့ ဘယ်လိုမှ မရနိုင်ဘူးဖြစ်နေတယ်၊ မင်းအတွက်လည်း အဲဒီဆုကို မဖြစ်မနေ ရမှ ကိုဖြစ်မှာ ၊ အဲလိုဆိုရင်မင်းဘာဆက်လုပ်မလဲ"

နန်းနွယ် အနည်းငယ် စဉ်းစားသွားရပါတယ်။

"ရနိုင်မယ့်နည်းလမ်း ထပ်ရှာရမှာ ပေါ့"

"ဒါပေါ့ နည်းလမ်းထပ်ရှာရမှာ ပေါ့၊ အထူးသဖြင့် နည်းလမ်းပြောင်းသင့်ရင် ပြောင်းရမယ်၊ ဘယ်လိုနည်းလမ်းလဲဆိုတော့ မမြင်ရတဲ့ နည်းလမ်း"

"မမြင်ရတဲ့ နည်းလမ်း"

"ဟုတ်တယ် ....ရှေ့မှာ မင်းလုပ်ခဲ့တာတွေက သူသူငါငါ လုပ်နိုင်မျက်စိနဲ့ မြင်နိုင်တဲ့ နည်းလမ်းတွေလေ၊ အခုက မမြင်နိုင်တဲ့ နည်းလမ်းကိုပြောင်းပြီး လုပ်ရမှာ ၊ ဘယ်လိုနည်းလမ်းလဲဆိုတော့

စိတ်စွမ်းအားနဲ့ ကိုယ်လိုချင်တာကို တောင်းယူတဲ့ နည်းလမ်း၊ မခက်ပါဘူး ...ကာယကံ၊ ဝစီကံ၊ မနောကံ .... အထူးသဖြင့် အမူအရာသုံးပါးနဲ့ ကိုယ်လိုချင်တာကို သက်သက်သာသာ တောင်းယူရမှာ "

"........................."

"ဘယ်လိုတောင်းရမလဲဆိုတော့ ...အရင်ဆုံး မင်းရဲ့ စိတ်ထဲမှာ လိုချင်တဲ့ ဆုတံဆိပ်ကို ဖန်ဆင်းရမယ် ....ပုံဖော်ရမယ်၊ ကိုယ်လိုချင်တာဟာ ဘယ်လိုဆုတံဆိပ်မျိုးလဲ၊ ဗိသုကာအတတ်မှာ ထူးချွန်လို့ မင်းတရားကြီး ချီးမြှင့်တဲ့ ဆုတံဆိပ်မျိုးလား၊ ဒါမှ မဟုတ် မင်းတတ်မြောက်ထားတဲ့ ပန်းချီပုံဆွဲအတတ်မှာ ထူးချွန်လို့ ချီးမြှင့်ခံရမယ့် ဆုတံဆိပ်မျိုးလား၊ အဲဒါကို စိတ်ကူးထဲမှာ အတိအကျ ပုံဖော်ထားရမယ် ...အာရုံပြုထားရမယ်၊ ဘယ်လောက်ထိ အာရုံပြုရမလဲဆိုတော့ စားခြင်း၊ သွားခြင်းမှ လာခြင်း၊ နေ ထို င် ခြ င်း တွေ ထဲ မှာ ပါအဲဒီအာရုံကို မပြတ်ဖြစ်နေရမယ်၊ စိတ်အမူအရာကို အသုံးပြုတဲ့ အခါမှာ ခဏပန်း မရဘူး၊ စိတ်ထဲမှာ စဉ်ဆက်မပြတ် ကိုယ်အလိုရှိတဲ့ ဆုတံဆိပ်ကိုထင်မြင်မှန်းဆနေခြင်း ....အလိုရှိနေခြင်းဟာ စိတ်အမူအရာပဲ၊ ပြီးရင် နှုတ်အမူအရာနဲ့ ရရာရကြောင်း အကြိမ်ကြိမ် ရွတ်ဆိုပွားများ ရမယ် ...

"ငါဟာ ရွှေနန်းရှင် မင်းတရားကြီး ကိုယ်တော်တိုင် ချီးမြှင့်တဲ့ ဆုတံဆိပ်ကို ရရှိရမယ်၊ မရလို့ မဖြစ်ဘူး၊ ရကိုရရမယ်၊ မင်းတရားကြီး ကိုယ်တော်တိုင်ကလည်း စိတ်ပါလက်ပါ ချီးမြှင့်ရမယ်၊ မကြာခင် အ ချိ န် အ တွ င်း မှာ ငါ ဆုတံဆိပ်ရရှိတော့မယ် ....မကြာတော့ဘူး ...ရတော့မယ်" စသဖြင့်ပေါ့ ....အကြိမ်ကြိမ် ဈေးဆော်နေရမယ်၊

အဲဒီစကားလုံးတွေဟာ အားတွေပဲ၊ တန်ခိုးသိဒ္ဓိတွေပဲ၊ မင်းအလိုရှိရာကို ဆောင်ကြဉ်းပေးနိုင်မယ့် စွမ်းရည်ထူးတွေပဲ။သူတို့ ကို ပေါ့ပေါ့လေးမတွေးနဲ့ ၊ မင်းရဲ စိတ်အစဉ်မှာ ကြည်လင်ပြတ်သားနေလေ .... အားဖြည့်နေလေ ....အစွမ်းထက်လေပဲ၊

နောက်ဆုံးတစ်ခုကတော့ ကိုယ်အမူအရာ၊ သူကတော့ ရှင်းပါတယ်၊ မင်းဆုတံဆိပ်ကို လိုချင်နေတယ်မလား၊ ဆုတံဆိပ်ရရှိနိုင်မယ့် အလုပ်အကိုင်အခွင့်အလမ်းတွေကို လုံးလုံးအားမလျော့သောစိတ်နဲ့ ဆက်လက်လုပ်ကိုင်နေရမယ်၊ ဆုတံဆိပ်ကြီး ရရှိပိုင်ဆိုင်ပြီးသွားတဲ့ ကိုယ်ဟန်အနေအထားမျိုးနဲ့ ကို ယုံယုံကြည်ကြည်နဲ့ လုပ်ရမှာ ၊ ဒီလို အမူအရာသုံးပါး ထိထိမိမိပေါင်းစည်းမိသွားရင်တော့ ....သေချာပါတယ် မင်းအလိုရှိရာတွေ မကြာခင် ဖြစ်လာပါလိမ့်မယ် "

" ဩော် ...."

အဆန်းတော့ အဆန်းပါလား၊ နည်းနည်းလေးများ စိတ်ကူးယဉ်ဆန်နေမလား ....။

သူ့ အတွေးကို ဆရာကြီးအရိယ ရိပ်မိသွားပုံရပါတယ်။

"ဘာလဲ မင်းက မဖြစ်နိုင်ဘူးထင်လို့ လား၊ မဖြစ်နိုင်ဘူး ထင်နေသ၍ တော့ တကယ်လည်း ဖြစ်လာမှာ မဟုတ်ဘူး ကွ၊ စိတ်ကို နိုင်းစေတဲ့ အလုပ်တွေဟာ အင်မတန်မှ ဆန်းကြယ်တယ်၊ သူဟာ ယုံ ကြ ည် မှု အ ပေါ် မှာ ရာခိုင်းနှုန်း တော်တော်များများကို အခြေခံထားတယ်၊ ငါကိုယ်တိုင်လည်း မင်းတရားကြီး ချီးမြှင့်တဲ့ ရွှေတံဆိပ်ကို ဒီနည်းနဲ့ ပဲ ရရှိခဲ့တာ၊ အကျဉ်းထောင်က လွတ်ခဲ့တာလည်း ဒီနည်းပဲဆိုပါတော့"

"အကျဉ်းထောင်ကလွတ်တာ"

"အမှန်ပေါ့ ကွာ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က အလုပ်မှာ အကိုင်မှား တစ်ခုကြောင့် ငါ ထောင်နန်းစံခဲ့ရသေးတယ်၊ စိတ်ဆင်းရဲလိုက်တာမှ မပြောပါနဲ့ ၊ အသက်ရှင်နေရတာကိုက ဝဋ်ကြွေးတစ်ခုလို ထင်မြင်မိနေတာ၊ အဲဒီမှာ ထောင်ကလွတ်ချင်လွန်းလို့ အကြိမ်ကြိမ်ရွတ်ဆိုတဲ့ နည်းကိုသုံးပြီး ကြိုးစားတယ်၊ အစပိုင်းတော့ အရာမထင်ဘူး၊ အရာမထင်ဆို ငါ့စိတ်ဓါတ်တွေက စုစည်းလို့ မရအောင် ကျိုးပျက်နေတာကိုး၊ ဒါနဲ့ ပဲ စိတ်ဓါတ်အားပြည့်အောင် တစ်စုတစ်စည်းထဲနဲ့ တန်ခိုးစွမ်းအားတစ်ခုလို ထက်မြက်အောင် အရင်ဆုံး ကြိုးစားရတယ်၊ ဒါဟာလည်း ငါတို့ လောကီနည်းလမ်းတွေထဲက တစ်နည်းပါပဲ၊ သိဒ္ဓိဓါတ်ကို မွေးမြူတဲ့ ဖြတ်လမ်းနည်းလို့ တောင် ပြောလို့ ရတယ်၊ ငါတို့ စားသမျှ သောက်သမျှတွေမှာ ထမင်းစားတယ်ဆိုရင် လည်း .ငါ အခုစားနေတာဟာ ထမင်းမဟုတ်ဘဲ စကြဝဠာကြီးထဲက တန်ခိုးသိဒ္ဓိဓါတ်များ ဖြစ်တယ်လို့ ရွတ်ဆိုတယ်၊ စားပြီးတော့ ဗိုက်ပြည့်သွားတဲ့ အခါမှာ လည်း ငါ့ခန္ဓာကိုယ်ထဲမှာ တန်ခိုးသိဒ္ဓိဓါတ်တွေ ပြည့်သွားပြီလို့ ယုံကြည်လိုက်တယ်၊ ထမင်းစားမှ မဟုတ်ဘူး ....ဘာစားစား အဲဒီ့အတိုင်းပဲ။ ရေသောက်ရင်လည်း အတူတူပဲ၊ သိပ်မကြာပါဘူး ...တစ်စစီ ကွဲပျက်နေတဲ့ ငါ့စိတ်ဓါတ်တွေ သိသိသာသာကို စုစည်းကျစ်လျစ်လာတယ်၊ ငါ့နလုံးသားထဲမှာ လည်း မမြင်ရတဲ့ စွမ်းအားတစ်ခု ကိန်းအောင်းလာနေတယ်လို့ ခံစားရတယ်၊ ကိုယ့်အိတ်ကိုယ် ပြင်ဆင်ပြီးတဲ့ နောက်မှာ အချုပ်မှ လွတ်ရာလွတ်မကြောင်း နှုတ်အမူအရာနဲ့ အကြိမ်ကြိမ် ရွတ်ဆိုခြင်းနည်းကို အသုံးပြုတော့တယ်ဆိုပါတော့ ...၊ ငါ့စိတ်ထင် ရက်ပေါင်းခြောက်ဆယ်ထက် မပိုခဲ့ဘူး၊ ထောင်ထဲမှာ နှစ်ချီပြီးနေရမယ့်

လူတစ်ယောက်ဟာ ရွှေနန်းရှင်မင်းတရားကြီးရဲ့ သက်တော်လေးဆယ်ပြည့် သနားငဲ့ညှာလွှတ်လပ်ခွင့်ထဲမှာ ပါဝင်လာခဲ့တယ်"

"အံ့ဩစရာပဲ"

သူ့နှုတ်မှ တိုးတိုးထွက်သွားမိတာပါ၊ ဆရာကြီး အရိယကတော့ နှုတ်ခမ်းကို ဟန်ပါပါတွန့်ကွေးရင်း ပြုံးနေလေရဲ့ ။

"မန္တဟာမင်းကြီး၊ သူ ရဲ့ ကောင်းမှုတော်စေတီကြီးကို တည်ဆောက်စဉ်က သူအသုံးပြုခဲ့တဲ့ နည်းလမ်းတွေဟာ အခု ငါပြောတဲ့ နည်းလမ်းတွေနဲ့ ထပ်တူညီချင်မှ တူညီလိမ့်မယ်၊ ဒါပေမဲ့ ဒီ န ည်း လ မ်း တွေ ပေါ် မှာ အခြေခံစားတယ်ဆိုတာတော့ သေချာပြောရဲတယ်"

နန်းနွယ် သက်ပြင်းရှည်ကြီးကို ချမိလိုက်တယ်။

"အခု ဆရာကြီးပြောတဲ့ နည်းလမ်းတွေကိုသုံးပြီး အဆောက်အဦတစ်ခုကို ဆောက်လုပ်မယ်ဆိုရင် အဲဒီအဆောက်အဦက တကယ်ပဲ ထူးခြားမှာ လားဟျာ"

"မင်းကို ငါ ဥပမာတစ်ခုပေးမယ်၊ သစ်ကိုင်းပေါ် နားနေတဲ့ ငှက်တစ်ကောင်ဟာ သစ်ကိုင်းကိုနင်းပြီး ထပျံသွားတယ်ဆိုပါစို့ ....အဲဒီသစ်ကိုင်းဟာ ငြိမ်ပြီး ကျန်ခဲ့မလား ....လှုပ်ပြီး ကျန်ခဲ့မလား"

"လှုပ်ပြီး ကျန်ခဲ့မှာ ပေါ့"

"ဘယ်လောက်လှုပ်ပြီး ကျန်ခဲ့မလဲ"

"ဒါကတော့ ငှက်အသုံးပြုသွားတဲ့ အားအပေါ်မှာ မူတည်မှာ ပေါ့ ၊ သစ်ကိုင်းကို အားများများ နဲ့ နင်းရင် များများ လှုပ်ကျန်ခဲ့မယ်၊

အားနည်းနည်းနဲ့ နင်းရင်တော့ နည်းနည်းပဲ လှုပ်ကျန်ခဲ့မှာ ပေါ့ ...."

"အဲဒါအဖြေပဲလေ၊ အဓိကက ကိုယ့်ဘက်က အားပြည့်နေဖို့ သာလိုတာပဲ"

*****

(၉)

ဒီလိုနဲ့ ပဲ ဝေဠုဝတီ စံနန်းဆောင်သစ်ကြီး ဆောက်လုပ်မှုမှာ ဆရာကြီး အရိယနဲ့ အတူ နန်းနွယ်ဆိုတဲ့ လူတစ်ယောက်ဟာ တစ်တပ်တစ်အားပါဝင်လာခဲ့ပါတယ်၊ အစပိုင်း ရက်တွေကတော့ သူ့ အတွက် သင်ယူသူသက်သက်သာ ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ သိပ်မကြာပါဘူး ...

ဘဝအဆက်ဆက် လိုက်ပါလာခဲ့တဲ့ လွယ်လင့်တကူ တတ်မြောက်သော ပါရမီက ဒီနေရာမှာ လည်း သူ့ကို အထောက်အကူ ပြုလာတယ်လေ၊ဆရာကြီး အရိယ လုပ်ကိုင်ပုံတွေကို ကြည့်တယ်၊ ဦးနှောက်နဲ့ နာယူမှတ်သားတယ်၊ နှလုံးသားနဲ့ ဆရာကြီး အရိယနေရာမှာ ခံစားတယ်၊ ပြီးတော့ ....ကိုယ့်အမြင်၊ ကိုယ့်အတွေး ကိုယ့်အသိနဲ့ ပေါင်းပြီး လက်တွေ့လုပ်ကြည့်တယ် ထိုအခါမှာ သူ့ရဲ့ လက်ရာတွေက တစ်မျိုးတစ်မည် ထူးခြားလာပါတယ်။

နောက်ပိုင်းရက်တွေမှာ သူဟာ ဝေဠုဝတီ နန်းဆောင်သစ်ကြီးအတွက် ပူးပေါင်းလုပ်ဆောင်သူတစ်ယောက်

ဖြစ်မှန်းမသိ ဖြစ်လာခဲ့တယ်၊ထို့ထက် နောက်ပိုင်းကျသော ရက်တွေမှာ တော့ ဆရာကြီး အရိယကိုယ်တိုင် အံ့ဩချီးမွမ်းယူရတဲ့ ဗိသုကာကောင်းတစ်ယောက်အဖြစ်သို့ နန်းနွယ် ရောက်ရှိလာခဲ့ပါပြီ။

ဩကာသ လောကကြီးကတော့ သူ့ရဲ့ လုပ်ငန်းဆောင်တာတွေကိုအပျက်အယွင်းမရှိ ပုံမှန်လုပ်ဆောင်နေကျအတိုင်း လုပ်ဆောင်နေလျက်ပါ၊မိုးလင်းတယ် ....မိုးချုပ်တယ် ...ပြီးတော့ အသူရိန်နေမင်းကြီးကို တစ်ပတ်ပတ်တယ်၊ တစ်ပတ်ပြည့်ပြီးတိုင်း ပြည့်ပြီးတိုင်း သူ့ရဲ့ လုပ်ရပ်တာဝန်တွေကိုပုခုံးထမ်းတင်လို့ ဆထက်ထမ်းပိုးတိုးပြီး ထမ်းရွက်တယ်၊ ဒီအခါမှာ သဘာဝဆိုပြီး ဖြစ်ပေါ်လာပါတယ်။ သဘာဝကိုချစ်ရင် သဘာဝကလည်း ငဲ့ညှာတယ်၊ မုန်းရင်တော့ ဒဏ်ခတ်တတ်ပါတယ်၊ သဘာဝကို ဆန့်ကျင်မှန်းမသိ ဆန့်ကျင်နေသူတွေ လည်း ရှိပါတယ်၊ သူတို့ အတွက်တော့ ရလဒ်က သိပ်ကောင်းလှတယ် မထင်ပါဘူး၊ အထူးသဖြင့် ခန္ဓာက မဆန့်ကျင်လိုသော်လည်း စိတ်က ဆန့်ကျင်နေတတ်တဲ့ အခါမျိုးမှာ ပါ။

နောက်ပိုင်းညတွေမှာ ဆရာကြီး အရိယ အိပ်ခန်းဆီမှ ကျောက်ဆစ်သံတွေ ခပ်စိပ်စိပ်ဆိုသံ ကြားလာရတယ်။

ဝေဠုဝတီ စံနန်းဆောင်သစ်ကြီးမှာ လည်း ခပ်စိပ်စိပ် ဆောက်လုပ်မှုကြောင့် ရုပ်လုံးပေါ်သထက် ပေါ်လာပါပြီ။

တစ်ရက် ဆရာကြီး အရိယက သူ့ကို တစ်ဦးတည်း ခေါ်တွေ့ လာတယ်။

ထိုရက်ဟာ သူ့ရဲ့ ဇာတာပုံထက်ဝယ် လဂ်သခင် (၁၀)တန့်မှာ ရပ်သွားသောရက်ဖြစ်သလို ဆရာကြီး အရိယအတွက်မှာ တော့ ....

အိပ်စက်ခြင်းက ဒုက္ခပေး၍ မျှော်လင့်ချက်ကို လက်လွှဲလိုက်ရသော ရက်တစ်ရက်လည်း ဖြစ်ခဲ့ပါတယ်။

* * *

"ဆရာကြီး နေမကောင်းဘူးလား"

သူ့ကို ကြောင်ငေးငေးကြည့်နေရာမှ စကားသံကြောင့် သတိဝင်သွားသလို မျက်တောင်ကို နှစ်ချက်သုံးချက် ပုတ်ခတ်တယ်။

"ငါလား ....၊ အေး ...ကောင်းပါတယ်ကွာ"

"ကောင်းတယ်သာဆိုတယ် ဆရာကြီးပုံစံက ငူငူငိုင်ငိုင်နဲ့ ၊ ကျွန်တော် သတိထားမိနေတာ ကြာပြီ၊ ဆရာကြီး ကြည့်ရတာ အရင်လို မဟုတ်ဘူး ၊

မျက်တွင်းတွေလည်း ကျနေတယ်၊ အသားအရေတွေလည်း ခြောက်ကပ်ပြီး တော်တော်လည်း ပိန်သွားတယ်"

သူ့ တင်မြင်ချက်ကြောင့် ဆရာကြီး အရိယက ကိုယ့်ကိုယ်ကို ပြန်ကြည့်ရဲ့ ။

"ပင်ပန်းလို့ ဖြစ်ပါလိမ့်မယ်"

"ညဘက်တွေ ဆရာကြီး ဘာလို့ မအိပ်တာလဲ"

"အိပ်ပါတယ်ကွ ...."

"မအိပ်ပါဘူး .... ဆရာကြီးအခန်းက ကျောက်ဆစ်သံတွေ ညတိုင်းလိုလို ကြားနေရတဲ့ ဥစ္စာ"

ဆရာကြီးမှ သက်ပြင်းရှည်ကြီးတစ်ခုကို ချတယ်၊ နောက်ပြီး ဘဝင်မကျသလိုလည်း ခေါင်းရမ်းပါတယ်။

"ငါ အခက်တွေ့နေတာလည်း အဲဒီကိစ္စပါပဲကွာ၊ အိပ်ရေးမဝတဲ့ ရက်တွေ အခုနောက်ပိုင်း တော်တော်များ သွားပြီ"

"ကျွန်တော် ရိပ်မိပါတယ်....."

"ငယ်ရွယ်စဉ် အချိန်တုန်းကဆို တော်တော်ကိုမှ အိပ်လို့ ကောင်းခဲ့တာ၊ အခု အိပ်စက်ခြင်းနဲ့ ပတ်သက်ပြီး ငါ့မှာ ရောဂါတစ်ခု စွဲကပ်နေတယ်ကွယ် "

"ဘာရောဂါလဲ"

"ညဘက်တွေ ယောင်ယောင်ထပြီး အိပ်မက်နဲ့ ကျောက်ဆစ်နေမိတဲ့ ရောဂါ .... နှစ်ရှည်လများ လုပ်လာခဲ့တဲ့ အလုပ်ကြောင့်ပဲ မသိစိတ်မှာ စွဲပြီး ညအချိန်တွေမှာ ပြန်ပြန်ပေါ်လာသလား မသိပါဘူး၊ တချို့တွေတော့ အိပ်နေလျက်နဲ့ ပဲ ယောင်ပြီး လမ်းထလျှောက်တာတို့ ရေထသောက်တာတို့ ဖြစ်တတ်တာ ကြားဖူးတယ်၊ ငါမှ အတူးအဆန်းကွယ် ....ယောင်ပြီး ညသန်းခေါင် ကျောက်ဆစ်နေမိတယ်၊ ဘယ်လောက်ထိကြာပြီး ဘယ်အချိန်အိပ်ပျော်သွားသလဲ မသိဘူး၊ မနက်နိုးရင် ထွင်းထုလက်စ ကျောက်စကျောက်နတွေပဲ တွေ့ရတယ်၊ ကျန်တာ ဘာမှ မမှတ်မိတော့ဘူး၊ တစ်ရက်နှစ်ရက်ဆိုရင် ကိစ္စမရှိဘူးပေါ့ ကွယ်၊ အခုက ရက်ဆက်လာတော့ အသက်အရွယ်နဲ့ မခံနိုင်တော့ဘူး"

"ဒီလောက်တောင် ခံစားနေရတာ ဆရာကောင်း သမားကောင်းနဲ့ မပြဘူးလား ဆရာကြီးရယ်"

"ပြပါ့ကွယ် ...၊ နို့ပေမဲ့ မသက်သာပါဘူး၊ နောက်ပြီး တစ်ရာရှစ်တောင်ပြည့် စေတီကြီးအတွက်ရော ဝေဠုဝတီ စံနန်းဆောင်အသစ်အတွက်ရော တာဝန်ယူထားရတာဆိုတော့ ....သူတို့ ညွှန်သလို စိတ်အေးလက်အေး မနားရတာလည်း ပါတယ်၊ အဲဒီအတွက်ပဲ အခု မင်းကို ခေါ်လိုက်ရတာပေါ့"

"ဟုတ်ကဲ့ ....ပြောပါ ဆရာကြီး"

"အခုဆို ငါတို့ ဆောက်လုပ်နေတဲ့ စံနန်းတော်ကြီးက အခြေခံအဆောက်အုံ ပြီးလုတဲ့ အဆင့်ကို ရောက်နေပြီ၊ မကြာခင် ရက်ပိုင်းအတွင်းအရေးကြီးတဲ့ အစိတ်အပိုင်းတွေကို ကိုင်တွယ်ရတော့မယ်၊ ဥပမာဆိုပါတော့ကွာ ....စံနန်းဆောင်ကြီးကို ဆက်လက်ဆောက်လုပ်ဖို့ အတွက် ငါ မဟုတ်ဘဲ မင်းကို တာဝန်ပေးမယ် ဆိုပါတော့၊ အဲလိုဆိုရင် မင်း ဦးဆောင်ဆောက်လုပ်မယ့် စံနန်းဆောင်ကြီးဟာ အများ နဲ့ မတူ တမူထူးခြားနေအောင် ....မင်းရဲ့ လက်ရာ မင်းရဲ့ စိတ်ကူးတွေ ခေတ်အဆက်ဆက် တည်တံ့နေနိုင်အောင် ....ဘယ်လိုမျိုး စိတ်ကူးအဆန်းတွေကို ထည့်သွင်းအသုံးပြုဖြစ်မလဲ"

ရုတ်ခြည်းထွက်လာတဲ့ မေးခွန်းကြောင့် ခေတ္တခဏတော့ နှုတ်ဆိတ်သွားရပါတယ်။

"ဥပမာကွာ စံနန်းဆောင် ဝင်ဝင်ချင်း ခန်းမကျယ်ကြီးကို ဧည့်ခန်းမဆောင်အဖြစ် ငါတို့ သတ်မှတ်ထားကြတယ်မလား၊ အဲဒီ ဧည့်ခန်းမဆောင်ကြီးကို ဘယ်လိုစိတ်ကူးတွေနဲ့ တည်ဆောက်ပြီး

....ဘယ်လိုအလှဆင်မလဲ"

ဒါကတော့ သိပ်မခက်လှပါဘူး၊ စိတ်ထဲမှာ အကြိမ်ကြိမ် တည်ဆောက်ပြီးသား ခန်းမကျယ်ကြီးပဲလေ၊ ပုံကြမ်းပင် နှလုံးသားရဲ့ ထောင့်တစ်နေရာမှာ ရေညှိတက်နေခဲ့တာ ကြာပေါ့.....။

နန်းနွယ် နှုတ်ခမ်းကို မသိမသာ ဖိကိုက်လိုက်ရင်း

"အရင်ဆုံး လက်အုပ်ချီထားဟန်ရှိတဲ့ ယမင်းသူဇာရဲ့ ပုံတူရုပ်တုတစ်ခုကို သွန်းလောင်းမယ်၊ အဲဒီရုပ်တုဟာ ဘက်ညီမှု ...ခေါက်ချိုးညီမှုတွေနဲ့ လှပတင့်တယ်နေရမယ်၊ အဲဒီရုပ်တုကို ခန်းမကျယ်ကြီးရဲ့ အလယ်တည့်တည့်မှာ ထားမယ်၊ ပြီးရင် ရုပ်တုရဲ့ ဘေးဘယ်ညာနဲ့ အရှေ့ဘက်နံရံတို့ မှာ အလင်းဝင်ပေါက်တွေ ဖောက်မယ်၊ ဒါပေမဲ့ နံရံတစ်ခုချင်းဆီမှာ ရှိနေမယ့် အလင်းဝင်ပေါက်တွေဟာ တစ်ဖက်နဲ့ တစ်ဖက် အကွာအဝေး အနိမ့်အမြင့် တူညီကြမှာ တော့ မဟုတ်ဘူး ၊ ဘာကြောင့်လဲဆိုတော့ ဝင်ပေါက်တွေကတစ်ဆင့်ဝင်လာမယ့်အလင်းတွေဟာ ရုပ်တုကို စကားပြောနေမှာ ဖြစ်လို့ ပဲ၊ ပြီးရင် ....အဲဒါကပဲ တစ်ရက်တာအတွက် ယမင်းသူဇာရဲ့ အချိန်ခွဲဝေမှုပုံစံ ဖြစ်နေမှာ မလို့ ...."

"စိတ်ဝင်စားစရာပဲ"

"တောင်ကုန်းကို ကျောကပ်ထားတဲ့ ကျွန်တော်တို့ စံနန်းဆောင်ကြီးရဲ့ အနေအထားအရ နေရဲ့ အလင်းရောင်ဟာ ရုပ်တုရဲ့ ဘယ်ဘက်နံရံဆီကနေ စတင်ထွက်ပေါ်လာပါလိမ့်မယ်၊ နံရံတွေရဲ့ အောက်ဖက် - အရပ်ဆီမှ အစဉ်အလာအားဖြင့် မကျဉ်းလွန်း မကျယ်လွန်းတဲ့ အပြောက်အမွှမ်း အလှအပတွေနဲ့ တန်ဆာဆင်ထားတယ်၊ ဘက်ညီသော

ပြတင်းတံခါးပေါက်ရှိနေပါလိမ့်မယ်၊ ဒါပေမဲ့ အဲဒါတွေဟာ အလင်းဝင်ဖို့ သက်သက်သာဖြစ်ပြီးဘာသာစကား မရှိပါဘူး၊ အလင်းမှ ပြောမယ့် ဘာသာစကားဟာ ပြတင်းကံခါးတွေရဲ့ အပေါ်ဘက်အရပ်မှာ ရှိနေမယ့် ဟာစ်ခုတည်းစီသော အလင်းဝင်ပေါက်ကသာ ဖြစ်ပါတယ်၊ နေလုံးဟာ အရှိန်တစ်ခုနဲ့ မြင့်တက် လာပြီးနောက် အလင်းဝင်ပေါက်ရှိရာကို ရောက်လာမယ်၊ နေလုံးက ထွက်ပေါ်လာမယ့် အလင်းဟာ ဝင်ပေါက်ကိုဖြတ်ပြီး ယမင်းသူဇာရုပ်တုရဲ့ ခြေအစုံမှာ လာဦးခိုက်ပါလိမ့်မယ် ....၊

အဲဒီအချိန်ဟာ ဝေဠုဝတီ မင်းသမီးလေးရဲ့ လမ်းလျှောက်ထွက်ချိန်သာ ဖြစ်ပါတယ်၊ ယောက်ျားသားတွေကို ညစဉ်မပျက် ဖျော်ဖြေပေးနေရတဲ့ ပြည့်တန်ဆာတစ်ဦးအတွက် အဓိက လိုအပ်တာသည် အဆောင်အယောင်အခန်းအနားတွေအပြင် ကျန်းမာရေးပါ၊ ကျန်တဲ့ ဆေးဝါးတွေ သမားတော်တွေ အနီးကပ်ရှိနေသော်လည်း တစ်ရက်မှာ အနည်းဆုံး တစ်ကြိမ်တော့ ကိုယ်လက်လှုပ်ရှားမှု လိုအပ်ပါလိမ့်မယ်၊ အဲဒီအတွက် နေရဲ့ အလင်း သူမခြေအစုံကို ဦးခိုက်ချိန်ဟာ သူမအတွက် လမ်းလျှောက်ထွက်ချိန်.ကိုယ်လက်လှုပ်ရှားချိန်သာ ဖြစ်ပါတယ်"

"အင်း ....ဆက်ပါဦး ...."

"အလျှင်တစ်ခုနဲ့ ဆက်လက်ထွက်ခွာလာမယ့် နေလုံးဟာ ....ဘယ်ဘက်နံရံကိုကျော်ပြီး စံနန်းဆောင်နဲ့ မျက်နှာချင်းဆိုင်အရပ်ကို ရောက်ယာပါလိမ့်မယ်၊ အဲဒီအခါမှာ နေလုံးဟာလည်း အတော်အတန် မြင့်တက်သွားပြီဖြစ်တဲ့ အတွက် အရှေ့ဘက်နံရံမှာ ရှိနေမယ့် အလင်းဝင်ပေါက် ဟာလည်း သင့်တင့်တဲ့ အမြင့်တစ်နေရာမှာ

ရှိသွားပါပြီ၊ ပြီးရင် ဝင်ပေါက်ကို ဖြတ်ကျော်ပြီး ကျရောက်လာမယ့် အလင်းစုဟာလည်း ယမင်းသူဇာရုပ်တုရဲ့ ခြေအစုံပေါ်မှာ ရှိမနေတော့ပါဘူး၊ ချိမိုးထားတဲ့ သူမရဲ့ လက်အုပ်အစုံပေါ်မှာ ရောက်သွားပါပြီ၊ ဒီအချိန်ဟာ ဝေဠုဝတီမင်းသမီးရဲ့ ညှိတွေ့ချိန်သာ ဖြစ်ပါတယ်၊ ဇာတ်ဆရာက ဘယ်လိုပဲ ကြိုးကိုင်ထားပါစေ .... ရွှေနန်းရှင် မင်းတရားကြီးချမှတ်တဲ့ အမိန့်တော်မှာ ယမင်းသူဇာနဲ့ တစ်ညတာ ပျော်ပါးခွင့်ရရှိမယ့် အမျိုးသားကို ဆုံးဖြတ်မယ့် အခွင့်အာဏာဟာ ယမင်းသူဇာ ထံမှာ သာရှိပါတယ်၊ ယမင်းသူဇာ နှစ်သက်သဘောကျမှ သာ တစ်ညတာ ပျော်ပါးခွင့်ကို ရရှိပါလိမ့်မယ်၊ အဲဒီအတွက် ညှိတွေ့ချိန်ထားပြီး အခွင့်ပန်လာတဲ့ အမျိုးသားတိုင်းကို ယမင်းသူဇာ လေ့လာဆုံးဖြတ်နိုင်ဖို့ လိုပါတယ်"

"ဩော် ...."

"ညှိတွေ့ ချိန်ပြီးရင်တော့ ကျန်တဲ့ အချိန်တွေဟာ ယမင်းသူဇာ ချိုးရေတော်သုံးဖို့ ၊ စားတော်သုံးဆောင်ဖို့ ၊ အနားယူဖို့ စတဲ့ အချိန်တွေသာဖြစ်ပါတယ်၊ တစ်နေ့တာအတွက် အရေးကြီးဆုံးအချိန်က ပြည့်ပြည့်ဝဝအနားယူပြီး ဦးနှောက်ကြည်လင်နေမယ့် ညနေခင်း အချိန်မှာပါ၊ သူ့ အလုပ်သူ့ဝတ္တရား ကျေပွန်တဲ့ နေလုံးဟာလည်း အဲဒီအချိန်အခါမှာ လက်ယာဘက်နံရံကို ရောက်လာပါပြီ၊ ဝင်ပေါက်က ကျရောက်လာမယ့် အလင်းစုဟာ ယမင်းသူဇာရဲ့ ဦးခေါင်းတည့်တည့်ကို စိုက်စုလင်းချင်းနေပါလိမ့်မယ်၊ ဒါဟာ လက်ရှိဘဝကို အင်မတန်မှ ရှုံမုန်းသော ယမင်းသူဇာအတွက် အရေးကြီးသော ခမ္မစာပေတွေကို လေ့လာရမယ့် အချိန်ပါ"

"ဘာအတွက်လဲ"

"ဓ မ္မ ထဲ မှာ ကောင်းမြတ်သော တရားတွေရှိနေပါတယ် ....၊ ဘဝနေနည်းထိုင်နည်းတွေ ရှိနေပါတယ်၊ နောက်ဘဝကောင်းဖို့ အတွက် ယခုဘဝမှာ ကျင့်ကြံနေထိုင်ရမယ့် နည်းလမ်းတွေ ရှိနေပါတယ်၊ လက်ရှိဘဝမကောင်းရခြင်းရဲ့ အကြောင်းချင်းရာတွေကိုလည်း ပြန်ပြောင်းရှာဖွေဖို့ သင်ခန်းစာယူဖို့ အတွက် အခွင့်အရေးတွေ ရှိနေပါတယ်၊ အဲဒီအတွက်အလင်းစု ဦးခေါင်းတည့်တည့်ရောက်ချိန်ဟာ သူမရဲ့ ဦးနှောက်နဲ့ နှလုံးသားအတွက် အရေးအကြီးဆုံးအချိန်သာ ဖြစ်ပါတယ်"

ဆရာကြီးရဲ့ မျက်လုံးအစုံမှာ မြင့်တက်သွားရဲ့ ၊ ပြီး ဦးခေါင်းကို တစ်ချက်ချင်း ခပ်လေးလေးညိတ်ရင်း ...

"အခန်းကိုရော ဘာအရောင်သုတ်မယ်လို့ စဉ်းစားထားလဲ"

"အစိမ်းရောင်နုနုကိုသုံးမယ်"

"ရည်ရွယ်ချက်က ...."

"ရောက်လာသူမှန်သမျှကို အေးချမ်းစေချင်လို့ ပါ"

"အစိမ်းရောင်ဆိုတာ "အဆိပ်ရဲ့ အဓိပ္ပာယ်တစ်မျိုးလေ၊ ရန်ငြိုးကြီးအမုန်းပွားတာ၊ ကိုယ်ကျင့်သိက္ခာ ဖောက်ပြန်ပျက်ယွင်းတာ၊ ကြောက်ရွံ့ခြင်း မနာလိုဝန်တိုခြင်းတွေရဲ့ အမှတ်သင်္ကေတလည်း မဟုတ်ဘူး လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အစိမ်းရောင်ဟာ ဒွိသဘောကို ဆောင်ထားပါတယ်၊ ဆရာကြီး ပြောတာတွေက အစိမ်းရောင်ရဲ့ ဂုဏ်သတ္တိများ ဖြစ်သလို .... အမြဲစိမ်းလန်းခြင်း၊ အမြဲရှင်သန်ခြင်း သဘောကိုလည်း တစ်ဖက်တစ်လမ်းက ဖော်ပြနေပါတယ်၊ ပြီးရင်

တည်ငြိမ်အေးချမ်းခြင်း၊ ငယ်ရွယ်နုပျိုခြင်း၊ ပေါ့ပါးသွက်လက်ခြင်း၊ မေတ္တာဂရုဏာထားခြင်း၊ စိတ်ဓာတ်မြင့်တက်ခြင်း သဘောတွေလည်း ပါဝင်လို့ အစိမ်းရောင်ကို ရွေးချယ်အသုံးပြုခြင်း သာ ဖြစ်ပါတယ်"

"အစိမ်းဆိုတာ ဒီသဘောဆောင်နေလို့ ရောက်လာတဲ့ သူတွေက အစွန်းနှစ်ဖက်လုံး ခံစားသွားရရင်ရော ...."

"အဲဒီအတွက်တော့ နှုတ်အမူအရာနဲ့ ထပ်လောင်းပုံဖော်ရမှာ ပေါ့ ၊ ဧည့်ခန်းဆောင်ကို ကျွန်တော် တည်ဆောက်နေစဉ်တစ်လျှောက် 'ရောက်လာသူအပေါင်း နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ" ဆိုတဲ့ စကားကို အကြိမ်ကြိမ် ရွတ်ဆိုနေမယ်လေ ........။

ပြီးရင် စိတ်အမူအရာမှာ အပြည့်အဝနေမယ်၊ နှုတ်အမူအရာနဲ့ စဉ်ဆက်မပြတ် ရွတ်ဆိုမယ်၊ ကိုယ်အမူအရာနဲ့ လည်း ခန္ဓာကိုယ်က ရှိသမျှအားတွေကို အကုန်သုံးပြီး စေတနာအပြည့်နဲ့ တည်ဆောက်မယ်၊ ဒါဆိုကျွန်တော့်ရဲ့ ဧည့်ခန်းဆောင်ကြီးက သူမတူတဲ့ ခံစားချက်တွေနဲ့ အေးချမ်းတင့်တယ်နေမှာ ပါ"

ဒီတစ်ကြိမ်လည်း ဆရာကြီး အရိယမှာ သူ့ကိုကြည့်ပြီး အကြောင်းသား သွားပြန်ပါတယ်၊ ဒါပေမဲ့ ဆရာကြီးရဲ့ မျက်လုံးတွေက မြင်ရခဲတဲ့ ပုံစံမျိုးနဲ့ တစ်ခန်းတစ်နား တောက်ရှူးနေတယ်.....။

ထွက်လာတဲ့ စကားကတော့ တစ်ခွန်းတည်းပါ ...။

"အံ့ဩစရာပဲ"

ပြီးတော့ မေးခွန်းတစ်ခုလည်း တစ်ဆက်တည်းဆိုသလို ထွက်ပေါ်လာတယ်။

"ထပ်ဖြည့်ချင်တာ ရှိသေးလား"

"တစ်ခုပဲ ...ပစ္စည်းအထားအသိုနဲ့ ပတ်သက်ပြီး ဘက်ညီမှုကို နေ ရာ တို င်း မှာ မသုံးချင်ဘူး၊ တချို့နေရာတွေမှာ ဘက်ညီမှုကို စနစ်တကျ ချိုးဖောက်ချင်တယ်"

"ဘာကြောင့်လဲ"

"ယမင်းသူဇာရဲ့ စိတ်အစဉ်ကို ဖော်ပြချင်လို့၊ ဒီနေရာ ....ဒီအရပ်မှာ ဝေဠုဝတီ မင်းသမီးအဖြစ် နေရတဲ့ ဘဝကို ယမင်းသူဇာ မပျော်ပိုက်ဘူးလေ။ အဲဒီအတွက် သူမရဲ့ ခံစားမှုကိုလည်း တစ်စွန်းတစ်စလေးဖြစ်ဖြစ် ဖော်ပြပေးချင်တယ်၊ ဒါမှ နှောင်းလူတွေ ယမင်းသူဇာ သမိုင်းကို လေ့လာတဲ့ အခါ .... အဆောင်အယောင် အခမ်းအနားနဲ့ မင်းသမီးတစ်ပါးလို နေရသော်လည်း ဒီဘဝကို သူမ လုံးလုံးမပျော်ပိုက်ကြောင်း သိခွင့်ရမှာပေါ့ ၊ ထူးကဲတဲ့ ပါရမီဆိုတာ မြတ်သော မိန်းမတွေအတွက် အသုံးမတည့်လှကြောင်း သိစေချင်တာလည်း ပါပါတယ်"

စကားဆုံးတော့ ဆရာကြီးမှာ ခေါင်းတဆတ်ဆတ်ညိတ်ပြီး သက်ပြင်းရှည်ကြီးကို ချပါတယ်။ အပြင်မှာ နေပြင်းပြင်းပူနေပါပြီ၊ တစ်အောင့်နေဆို တစ်ရာ့ရှစ်တောင်ပြည့် စေတီကြီး တည်ထားမှု လုပ်ငန်းခွင်ကနေ မောင်ရွှေထမင်းစားပြန်လာတော့မယ်။

သက်ပြင်းနဲ့ အတူ ဆရာကြီး အရိယရဲ့ ပါးလျှချောက်ကပ်နေသော ခန္ဓာ ကိုယ် မှာ လည်း သူမတူအောင် ငြိမ်ကျသွားပါတယ်၊ တစ်စုံတစ်ရာ အပေါ် မှာ အလေးနက် စဉ်းစားနေဟန်ဖြစ်တာမို့ စကားသော်လည်းကောင်း ... ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုသော်လည်းကောင်း သူမလုပ်ရဲပါဘူး။ ထို့နောက်မှာ ဆရာကြီးဆီက ဒုတိယအကြိမ်မြောက် သက်ပြင်းရှည်ကြီးကို

ထပ်ကြားရတယ်။ ပြီးတော့ ...

"ငါ စေတီကြီးဘက်ကိုပဲ အာရုံပြုတော့မယ်ကွယ်"

" ... ... ... ... .... "

"နန်းဆောင်သစ်တည်ဆောက်မှုကို မင်းပဲ တာဝန်ယူလိုက်တော့...."

*****

(f)

"ရောက်လာသူအပေါင်းနှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

"ရောက်လာသူအပေါင်း.... ...နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

"ရောက်လာသူအပေါင်း ....နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

"ရောက်လာသူအပေါင်း .... နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

"ရောက်လာသူအပေါင်းနှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"

အုတ်တစ်ခါစီတိုင်း သံလျက်တစ်ခါ ချတိုင်း သူ အကြိမ်ကြိမ် ရွတ်ဆိုနေမိတယ်၊ ဘာပဲဖြစ်ဖြစ်ပါ .... ကောင်းသောရည်ရွယ်ချက်နဲ့ ရောက်လာသည် ဖြစ်စေ .... မကောင်းသော ရည်ရွယ်ချက်နဲ့ ရောက်လာသည် ဖြစ်စေ၊ ရောက်လာသမျှ လူအပေါင်းကိုတော့ အေးချမ်းစေချင်မိတာ အမှန်ပါ၊ ဒါဟာ ဧည့်သည် တွေအပေါ် အိမ်ရှင်က

ထားရှိရမယ့် ဝတ္ထုရားတစ်ခုဖြစ်သလို ... ဓည့်ခန်းဆောင်ဆိုတဲ့ အမည်နာမအောက်မှာ ရှိနေတဲ့ တာဝန်တစ်ခုလည်း ဖြစ်ပါတယ်။

ပြီးတော့ နံရံတွေရဲ့ အောက်ဘက်အရပ်ဆီမှာ ဘက်ညီမှုကို အခြေခံပြီး ပြတင်းတံခါးများကို ဆောက်လုပ်တယ်၊ ပြတင်းတံခါး ပတ်ပတ်လည်မှာတော့ အလွန်တရာမှ ပဟေဠိဖြစ်ဖွယ်ကောင်းတဲ့ ခြူးပန်းခြူးနွယ်တွေကို ပုံဖော်ပါတယ်၊ ဒါပေမဲ့ အဲဒါဟာ သာမန်မြင်နေကျ ပန်းကနုတ်မျိုးတွေ မဟုတ်ပါဘူး၊ သူ့ရဲ့ ယိမ်းနွဲ့ပုံ ...ပါးလျသွယ်ပျောင်းပုံတွေက ပန်းကနုတ် ဆိုတာထက်ပိုကာ ဇာတ်မင်းသမီးလေးတစ်ယောက် ကကြိုးဆင်နေဟန် ယိမ်းနွဲ့ကခုန်တဲ့ ဘက်ကို ပိုနေပါတယ်၊ သေသေချာချာကြည့်လေ ထင်ရှား လာလေပါပဲ ....။

ဒီအတွက်တော့ ပုံဖော်သူ နန်းနွယ်အတွက် ဝမ်းစာက လိုတာထက်ပိုနေတယ်လေ၊ အဆောလတ်မြို့မှာ ရှိနေတဲ့ သူ့အိပ်ခန်းမှာ တောင် ယမင်းသူဇာ ကကြိုးဆင်နေဟန် ပန်းချီပုံတွေ မနည်းမနော ကျန်နေရဲ့ မဟုတ်လား.....။

ပြီးတဲ့ နောက်မှာ ဆရာကြီး အရိယ အကူအညီနဲ့ လက်အုပ်ချီပြီးမတ်တတ်ရပ်နေဟန် ” ယမင်းသူဇာ ပုံတူရုပ်တုကို သွန်းလောင်းပါတယ်၊ ရုပ်တုရတော့ .... ခန်းမကြီးရဲ့ အလယ်တည့်တည့်မှာ အောက်ခံအခင်းကို အရင်တည်ဆောက်တယ်၊ ထိုအပေါ်မှ မှ ရုပ်တုကိုတင်တော့ ဘေးဘယ်ညာ ခေါက်ချိုးညီမှုတွေနဲ့ ခန်းမကျယ်ကြီးမှာ ကျက်သရေရှိလွန်းပါရဲ့ ၊ ယုံယုံကြည်ကြည် သက်ဝင်သွန်းလောင်းခဲ့တဲ့ ရုပ်တုဖြစ်လေတော့ သက်ရှိလူတစ်ဦးအလားတောင် ထင်မှတ်မှားရပါတယ်။

ထိုအရာများ ပြီးတဲ့ နောက်မှာတော့ အရေးကြီးတဲ့ အပိုင်းက စတင်လာပါပြီ၊ အလင်းရောင် ကျရောက်ဖို့ အတွက် နေလုံးရဲ့ အလျင် .... အနိမ့်အမြင့်ကို ချင့်တွက်ပြီး ဝင်ပေါက်တွေကို ဖောက်လုပ်ရတာပေါ့၊ ရည်ရွယ်ချက်မတူလို့ နံရံတစ်ခုချင်းဆီမှာ ရှိနေမယ့် အလင်းဝင်ပေါက် အကွာအဝေးတွေဟာလည်း မတူပါဘူး၊ အမှားခံလို့ မရတဲ့ အတွက် ရည်ရွယ်ချက် ပုံဖော်စေလိုတဲ့ ဆန္ဒကိုလည်း နည်းနည်းလေးမှ အားမလျော့ခဲ့ဘူး၊ ဒါဟာ ယမင်းသူဇာအပေါ်မှာ ထားတဲ့ သူ့ရဲ့ စစ်မှန်သော စေတနာပါ၊ ထိုစေတနာ မှန်သ၍ သူ့ရဲ့ ချင့်တွက်နေရာချထားမှု ဟာလည်း ခေတ်ကာလ ဘယ်လိုပဲပြောင်းပြောင်း မှန်ကန်ကာ နေပါလိမ့်မယ် ....။

ထို့ နော က် မှာသတ်မှတ်သော ရည်ရွယ်ချက် ပေါက်မြောက်ရန်အတွက် ခန်းမကြီး တစ်ခုလုံးအား အစိမ်းနုရောင်ကို ရွေးချယ်သုတ်လိမ်းပါတယ်၊ ပြတင်းလိုက်ကာတို့ အတွက် အစိမ်းရဲ့ အိမ်နီးချင်း မိတ်ဖက်ရောင်ဖြစ်သော အပြာနုရောင်လေးကို ရွေးချယ်တပ်ဆင်တယ်၊ ထို့အတွက် အရောင်တွေရဲ့ သဘောတရားအရ ဧည့်ခန်းဆောင်ဟာ အစဉ်သဖြင့် အေးမြနေပါလိမ့်မယ်။

တိုးဝင်လာသော လတ်ဆတ်သည့် လေအရှိန်နဲ့ အပြာရောင်လိုက်ကာစလေးတွေဟာ တလူလူ လွင့်နေလိမ့်မယ်၊ ရောက်လာသူအပေါင်းအတွက် အေးစိမ့်သော အရသာကို ခံစားရလိမ့်မယ်။

ထိုအရာတွေ ဘာမှ မရှိတော့ဘူး ဆိုရင်ရော ....

ဘာမှ မရှိလည်း စိတ်အမှုအရာ၊ နှုတ်အမှုအရာ၊ ကိုယ်အမှုအရာတို့ကြောင့် သက္ကရာဇ်တွေ ဘယ်လောက်ပြောင်းပြောင်း အေးချမ်းနေမှာ

ပါပဲ။

ဒါဟာ ယမင်းသူဇာအပေါ်ထားတဲ့ သူ့ရဲ့ စေတနာနဲ့ သစ္စာလေ … …

***

ချိုးရေသုံးဆောင်အတွက်တော့ ရေစိမ်ကန်ရဲ့ အပေါ်ဘက် မျက်နှာကြက်ဆီမှာ ပန်းချီကားကြီးတစ်ချပ် လိုပါလိမ့်မယ်၊ မြင့်မားသော အရပ်တစ်ခုဆီမှ တသွင်သွင်စီးကျနေမယ့် ရေတံခွန်ပုံစံ ပန်းချီကားကြီးတစ်ချပ်ပါ၊ ရေမှုန်ရေမွှားတွေက ပတ်ဝန်းကျင်ကို တဖွားဖွားလွင့်စဉ်နေမယ်၊ သစ်ကိုင်းထက်မှာ ငှက်လေးတွေ နားနေမယ်၊ လိပ်ပြာလေးတွေက ဟိုမှ သည် မှ ဝဲပျံနေကြမယ်။

ထိုပန်းချီကားကို ရေစိမ်အနားယူရင်း မော့ကြည့်နေမည့်သူကယမင်းသူဇာ ကိုယ်တိုင်ပါ၊ ကြည့်နေရင်းနဲ့ ရေတံခွန်က လွင့်ပျံလာမယ့်ရေမှုန်ရေမွှားတွေက သူမခန္ဓာကိုယ်ကို တစိမ့်စိမ့် လာထိနေသလို ခံစားရလိမ့်မယ်၊ ငှက်ကလေးတွေရဲ့ တေးသီသံကို ကြားလာရလိမ့်မယ်၊ လိပ်ပြာလေးတွေက သူမနံဘေးမှာ ပျံဝဲနေကြလိမ့်မယ်၊ ဟိမဝန္တာတောအနံ့က ပန်းပေါင်းစုံ မွှေးရနံ့တွေကိုပါ အလျှင်းသင့်ရင် သူမ ခံစားရနိုင်ပါတယ်။

ထို့အတွက်တော့ အလွန်တစ်ရာမှ မွှေးပျံ့သော ပန်းကလေးတွေရေစိမ်ကန်ရဲ့ ပတ်ပတ်လည်မှာ ရှိနေဖို့ လိုပါတယ်၊ ပွင့်ဖတ်လေးတွေကလည်း ရေမျက်နှာပြင်ထက် တရိပ်ရိပ် မျောပါနေပါလိမ့်မယ်၊ သူမရဲ့ နူးညံ့သောလက်ချောင်းလေးတွေနဲ့

ထိုပွင့်ဖတ်လေးများကို တို့ ထိကြည့်လိမ့်မယ်၊ စိတ်လိုလက်ရရှိခဲ့ရင် လက်ခုပ်လေးနဲ့ ခပ်ရင်း တသင်းသင်း မွှေးကြူ ခွင့်တောင် ရရှိနိုင်ပါတယ်။

ချိုးရေသုံးတော်ဆောင်အတွက်ကတော့ သူမ လန်းဆန်းလတ်ဆတ်နိုင်ဖို့ အရေးသာ အဓိကပါ၊ ရေကန်မှ တက်လျှင်တက်ချင်း သူမ အားအသစ်တွေနဲ့ အသစ်တစ်ဖန် ပြန်လည်ရှင်သန်နိုင်ရမယ်လေ။

* * *

ပြီးတော့ စားတော်သုံးဆောင်...

အနီရောင်ဟာ နှလုံးခုန်နှုန်းကို မြန်စေတယ်တဲ့ ၊ အစာခြေဖျက်နိုင်မှုနဲ့ ဆာလောင်မွတ်သိပ်မှုကို အားပေးတယ်တဲ့ ၊ အစားအသောက် ပျက်သူများ ၊ အစာစားလိုစိတ် နည်းသူများ အနေနဲ့ အနီရောင်အဝတ်ကို ဝတ်ဆင်၍ အနီရောင်စားပွဲခင်းတွင် ပြင်ဆင်စားသုံးပါက စားကောင်း သောက်ကောင်းပါလိမ့်မယ်တဲ့ ။

ဒီလို အဓိပ္ပာယ်တွေအရ စားတော်သုံးဆောင်ကို အနီရောင်ရှိသော အရာအများ စုနဲ့ တန်ဆာဆင်ဖို့ လိုအပ်လာပါတယ်၊ လူ့သဘော လူ့သဘာဝဆိုတာက အအိပ်ပျက်ရင် အစားပျက်တယ်လေ ...၊ ပြည့်တန်ဆာလောက် အအိပ်ပျက်မည့်သူကို ဒီကမ္ဘာလောကကြီးအတွင်း ဘယ်လိုရှာရှာ ရှာလို့ တွေ့လိမ့်မယ် မထင်ပါဘူး။

အဲဒီအတွက် ကျန်းမာရေးနဲ့ ခန္ဓာကိုယ်အားအင်အရ ဝေဠုဝတီမင်းသမီးလေး စားကောင်းသောက်ကောင်းနေဖို့ လိုအပ်လှပါတယ်။

* * *

စံနန်းဆောင်ရဲ့ အောကဘက်အတွက် အရေးကြီးသော နောက်တစ်ခန်းကတော့ နံ့သာဆောင်တော်ပါ၊ ထိုအခန်းကတော့ လက်အဝင်ဆုံးနဲ့ အားအထည့်ရဆုံးပါပဲ၊ နံ့သာဆောင် ဆိုတာနဲ့ အညီ တိုးဝင်မိတဲ့ အချိန်တိုင်းမှာ ပန်းဝတ်မှုံတွေ လွှမ်းခြုံပေးထားနိုင်ဖို့ လိုတယ်လေ၊ ထိုအရာတွေ ပြီးစဉ်မှာ တော့ အပေါ်ထပ်အတွက် ပထမဦးဆုံး ဖြစ်တည်လာတာက အနားယူဆောင်(သို့)လေသာဆောင်တော်ပါ။

စိတ်ရဲ့ လွတ်လပ်မှုကို ပေးချင်လို့ အနားယူဆောင်ကို အမိုးအကာမထားပါဘူး၊ တံခါးဖွင့်လိုက်တာနဲ့ ဟင်းလင်းပြင်ထဲ ရောက်သွားသလိုမျိုးရရှိခံစားရပါလိမ့်မယ်၊ ပြီးတော့ တောတောင်ရဲ့ လှပစိမ်းလန်းမှု လတ်ဆတ်မှုတို့ ကို တိုက်ရိုက်ထိတွေ့ရလိမ့်မယ်။ သေချာပါတယ်။

သူမ နှစ်သက်ပါလိမ့်မယ်။

* * *

လက်ဖက်ရည် သုံးတော်ဆောင်...

ဒီအဆောင်ကတော့ အရေးကြီးတဲ့ အခန်းကဏ္ဍကို ရောက်လို့လာခဲ့ပါပြီ၊ အကြောင်းက ဝေဠုဝတီ စံနန်းဆောင်မှာ ရှိနေမယ့် အဆောင်ဆောင်အသီးသီးအနက်မှာ လက်ဖက်ရည် သုံးတော်ဆောင်နဲ့ အိပ်ခန်းဆောင်ဆိုတာက သက်ဝင်လှုပ်ရှားလာမယ့် အဆောင်တော်တွေလေ။

သဘာဝတရားအရ ဝေဠုဝတီမင်းသမီးနဲ့ တစ်ညတာ ပျော်ပါးခွင့်ရမယ့် မည်သည့်အမျိုးသားကိုမဆို မင်းသမီးလေးက ဤ အ ဆော င် တော် မှာ အရင်ဆုံး လက်ဘက်ရည်နဲ့ တည်ခင်းဧည့်ခံရပါမယ်၊ ပြီးမှ သာ အိပ်ခန်းဆောင်ကို ကူးပြောင်းရမှာ ဖြစ်ပါတယ်၊ ဒီလိုဆိုတော့ ဝေဠုဝတီ မင်းသမီးလေးရဲ့ ညအချိန်တွေကို ကာကွယ်ပေးနိုင်ဖို့ အရေးအတွက် ဤအဆောင်တော်မှ သာ စတင်ရတော့မည်လေ။

နန်းနွယ်ဖြစ်စေချင်သော ခံစားမှုတွေ ဖြစ်ပေါ်လာဖို့ အထူးသဖြင့်ယမင်းသူဇာနဲ့ မသက်ဆိုင်စေပဲ လာရောက်ပျော်ပါးသူ အမျိုးသားများ သာထိရှုစေဖို့ ....စိတ်အမူအရာ၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာတွေနဲ့ အချိုးညီညီအံသွီးချရပါလိမ့်မယ်။

ကြောက်လန့် ချောက်ချားသွားစေနိုင်မယ့် စိတ်ခံစားမှုတွေကို အိပ်ခန်းဆောင်မရောက်ခင် ဤဆောင်မှ ပင် စတင်၍ အစပျိုးပေးရပါလိမ့်မယ်။

မနုဟာမင်းကြီးရဲ့ နည်းကို လိုအပ်ရင် အသုံးပြုရမှာ ပါပဲ၊ တည်ဆောက်စဉ် တစ်လျှောက်မှာ လည်း တကယ်ပဲ အသုံးပြုခဲ့ပါတယ်၊ မွမ်းကျပ်ပိတ်လှောင်မှုကို တိုက်ရိုက်ခံစားစေချင်လို့ အခန်းကို

လူတစ်ကိုယ်လွတ်ရဲ့ ကျဉ်းကျဉ်းလေး တည်ဆောက်တယ်၊ အလင်းဝင်ပေါက်လည်း မရှိသလိုအလင်းလည်း ပေးမထားလို့ ပိန်းပိတ်အောင် မှောင်နေပါလိမ့်မယ်။အ

ခ န်း ထဲ မှာ တစ်ခုတည်းသော စားပွဲကုလားထိုင် ရှိနေပြီး မျ က် နှာ ချ င်း ဆို င် မှာ ကြမ်းပြင်မှ နေ ခေါင်မိုးထိမြင့်သော တင်းပုတ်ထမ်းထားဟန် ရုပ်တုကြီးတစ်ခု ရှိနေပါလိမ့်မယ်၊ ယမင်းသူဇာဟာ မီးအိမ်ကိုဆွဲလို့ ပျော်ပါးခွင့်ရသူ အမျိုးသားကို အခန်းတွင်း ခေါ်လာရပါမယ်၊ ပြီးလျှင် စားပွဲမှာ ထိုင်စေပြီး ရုပ်တုရဲ့ လက်မှာ မီးအိမ်ကို ချိတ်ဆွဲပေးရမယ်။

ထိုအခါ မော့ကြည့်သူတစ်ယောက်ရဲ့ အမြင်မှာ ....တင်းပုတ်ထမ်း၍ ငုံ့ကြည့်နေသော ခန်းလုံးပြည့် ရုပ်တုမည်းမည်းကြီး၊ ရဲရဲနီနေသော မျက်လုံး၊ ဟထားသော ပါးစပ်၊ နိမ့်ရာအရပ်မှ အပေါ်သို့ လျှံတက်နေသော မီးအိမ်ရဲ့ အလင်းပြတ်သားမှု ....အရိပ်ကျမှုတွေနဲ့ အချိုးအစား ပျက်ယွင်းမှု၊ ရှိရင်းစွဲရုပ်တုကို မီးအလင်းဖြင့် စွမ်းအားပိုကြီးစေမှု.....။

ရုပ်တုကြီး သွန်းလုပ်စဉ်မှာ နန်းနွယ်ဘက်မှ အသုံးပြုခဲ့သည့် ကိုယ်၊ နှုတ်၊ စိတ် ....အမှုအရာသုံးပါး။

ထိုအရာတွေနဲ့ သာ ပေါင်းစပ်လိုက်ပါလျှင် ....

လက်ဘက်ရည် တည်ခင်းပြီးနောက်.....စကားအလိမ္မာဖြင့် ယမင်းသူဇာ ထွက်သွားပါလျှင် ...

အ ခ န်း တွ င်း မှာ သူကောင်းသားတွေ တစ်ဦးတည်းသာ ကျန်နေခဲ့ပါလျှင်.... ...

အခါတစ်ပါးဝယ် ရှုတစ်ဦးသည် ကျွဲကျွဲထက်အောင်

ကြွယ်ဝသွားခဲ့၏။

အခါတစ်ပါးဝယ် ရှုတစ်ဦးသည် စုန်းစုန်းမြုပ်အောင်

ဆင်းရဲသွားခဲ့၏။

အခါတစ်ပါးဝယ် အကြွင်သူသည် မိမိကိုယ်ကို

အသတ်ခံ၊ သဲ အဖြစ် ဖန်တီးခဲ့၏။

အခါတစ်ပါးဝယ် မိမိကိုယ်ကို အရောင်ဖြစ်စေခဲ့၏။

အလင်းဖြစ်စေခဲ့၏။ စိတ်ဓာအဟုန် ဖြစ်စေခဲ့၏။

မိမိနှလုံးသည်းပွတ်ကို ထုတ်ယူကာ

ရုပ်တုနှင့် နံရံဆေးပန်းချီများတွင် ထည့်သွင်းပူဇော်ခဲ့၏။

ထိုသို့ဖြင့် အခါတစ်ပါးဝယ် စံနန်းဆောင်သည်

အပြီးသတ်ခဲ့တော့၏။

ထုရိုက်မှုတို့ အဆုံးသတ်လေပြီ၊ ဆောက်နှင့် လက်ရိုက်ကို ချပြီးပြီးချင်း တစ်ကိုယ်လုံးရှိ တောင့်တင်းနေသော အကြောအချဉ်များ ဆတ်ခနဲပျော့ကျသွားတာကို အရိယ . ခံစားမိလိုက်တယ်၊ ချက်ချင်းဆိုသလိုပဲ ယိုင်နဲ့ သွားသော ခန္ဓာကိုယ်ကြောင့် နံရံကို လက်ထောက်ကာ ထိမ်းလိုက်ရပါတယ်။

ခေါင်းတွေ တရိပ်ရိပ် မူးနေတယ်၊ အမြင်တွေလည်း ချာချာလည်နေတယ်၊ အဲဒါကြောင့် မျက်လုံးကိုမှိတ်ပြီး တည်ငြိမ်အောင် အရင်ဆုံး ထိန်းလိုက်ရတယ်၊ ရင်တွင်းမှာ လည်း တလှိုက်လှိုက် မောလာတယ်လေ၊ ဒါမျိုးဖြစ်နေတာ ဘယ်နှညတိုင်ပြီလဲတောင် သူ ရေမရတော့ပါဘူး။ ။

အနည်းငယ် တည်ငြိမ်လာတော့ နံရံကို လက်ထောက်ထားလျက်မှ ပင် မျက်လုံးကို ဖွင့်ကြည့်တယ်၊ ပြင်ပ အလင်းရောင်တချို့ သူ့အခန်းထဲကိုဝင်ရောက်နေပါပြီ၊ , ,, ဒါပေမဲ့ ဆီမီးတိုင်တွေတော့ လှိုင်လှိုင်ထွန်းထားဆဲပါ၊ပြီးတော့ စားပွဲပေါ်မှာ လောလောလတ်လတ် ထွင်းထုထားသော ကျောက်စာတစ်ချပ် ရှိနေတယ်။

အရိယ သက်ပြင်းကို ချလိုက်ပါတယ်၊ ယခုညလည်း အရင်ညတွေက အတိုင်းပါပဲလား၊ အိပ်ရာမှ ယောင်ထပြီး အိပ်မက်နဲ့ ကျောက်ဆစ်နေခဲ့ပြန်ပြီလေ။ ဒါပေမဲ့ အရင်ညတွေနဲ့ မတူတာက ထွင်းထုဆဲ ကျောက်စာမှာ ယခုညတွင် အဆုံးသတ်သွားခဲ့ပါပြီကော။

ခြေလှမ်းကို မှန်အောင်ထိန်းရင်း ကျောက်စာချပ်ရှိရာဆီ အရှိယ တိုးသွားလိုက်တယ်။ ရှေ့ဆုံးစာကြောင်းသည် ကား

"အခါတစ်ပါး၀ယ် လူတစ်ဦးသည် ကျိုကျိုတက်အောင် ကြွယ်ဝသွားခဲ့၏ "

ဒါဟာ မည်သူ့ကို ရည်ညွှန်းသော နိမိတ်ပါလဲ၊ နံရံမှာ စီထောင်ထားသော ကျောက်စာတစ်ချပ်တိုင်းအတွက် နားမလည်နိုင်မှုသည် က ယခုထက်တိုင် မပြီးဆုံးနိုင်သေး။ နောက်တစ်ကြောင်းမှာ က ....

"အခါတစ်ပါး၀ယ် အကြင်သူသည် မိမိကိုယ်ကို အုတ်ခဲ၊ သဲ အဖြစ်ဖန်တီးခဲ့၏ "

ဒီစာကြောင်းအတွက်တော့ သူ ပြုံးမိသွားပါတယ်၊ အကြင်သူသည် ဆိုတာ မည်သူ့ကိုရည်ညွှန်းမှန်း ယခုလိုအချိန်မှာ အထွေအထူး စဉ်းစားနေစရာ မလိုတော့ဘူးလေ။

"အချစ်"ဆိုတာရဲ့ အနောက်မှာ ရှိနေသော ကာကွယ်ပေးလိုစိတ်ကိုလည်း သူ သဘောပေါက်ပါတယ်။

ထို့အတွက်ကြောင့်လည်း ခွင့်ပြုပေးခဲ့မှု အလုံးစုံအတွက် သူ နောင်တမရ။

နှလုံးအိမ်မှ ပီတိကို ခံစားရင်း ....ပြတင်းတံခါးရှိရာသို့ အရှိယတရွေ့ရွေ့ လျှောက်လှမ်းသွားလိုက်တယ်။ ပြီးတော့ ပြတင်းတံခါးကို ဖြည်းညင်းစွာ ဖွင့်လိုက်ပါတယ်။

အ ပြ င် လ မ်း မ ထ က် ဆီ မှာ ဝတ်ကောင်းစားလှကိုယ်စီဖြင့် မြို့သူမြို့သားများ လှုပ်ရှားသွားလာနေကြတယ်။

ခေတ္တခဏတော့ မျက်မှောင်ကြုတ်သွားမိရဲ့ ....။

ထူးထူးခြားခြားပါလား။

ပြီးမှ ရက်စွဲတစ်ခုက သူ့ ခေါင်းတွင်းကို ထိုးထွင်းဝင်ရောက်လာတယ်။

"သြော် ....ဝေဠုဝတီ နန်းဆောင်သစ်ဖွင့်ပွဲတောင် ရောက်ခဲ့ချေပြီပဲ"

*****

# အပိုင်း (၅)

## V

"အခါတစ်ပါးဝယ် လူတစ်ဦးသည် စုံးစုံးမြုပ်ပ်အောင် ဆင်းရဲသွားခဲ့၏ ...၊ အဲဒါ ...ဘယ်သူ့ကို ပြောတာလဲဟင် အဘိုး"

ကျောက်စာကိုင်ပြီး ကြည့်နေရာမှ မေးလိုက်သော စစ်ညီအမေးကို အဘိုးကျေးသာညိုက ....

"ဘယ်သူရှိရမလဲကွယ် ...ဇာတ်ဆရာ သောင်းတန်ပေါ့၊ ရန်သူမျိုး ငါးပါးအနက်မှာမှ မီးဘေးဒဏ်ကို သူတစ်အိမ်ထဲ ခံစားလိုက်ရတယ်၊ သူ့ရဲ့ ငွေကြေးဥစ္စာတွေ ပိုင်ဆိုင်မှုအထောက် အထားတွေ အကုန်ပါသွားခဲ့တယ်"

"ဪ .... "

"ကျောက်စာထဲကအတိုင်း အပြင်မှာ တကယ်ပဲ ဖြစ်လာခဲ့တာပေါ့"

"ဖြစ်တာပေါ့ ...၊ ဖြစ်ဆို ဆရာကြီး အရိယဆိုတာ သာမန်ပုဂ္ဂိုလ်တစ်ဦးမှ မဟုတ်တာ၊ ရုပ်စွမ်းအား စိတ်စွမ်းအားကို အပြင်းအထန် အားထုတ်ထားသူဟစ်ဦး ဖြစ်လေတော့ သူ့မသိစိတ်က

ထွက်လာတဲ့ အကြောင်းအရာတွေက အမိန့်ဒီဂရီများ လိုပါပဲ၊ မလွဲမသွေ ဖြစ်လာရတာ"

စစ်ညီ အံ့သြမှုအပေါင်းနဲ့ သက်ပြင်းကိုသာ ချလိုက်မိပါသည်။

စိမ့်မှာ လည်း ထိုအတိုင်း၊ မန်နေဂျာ သက်ဦးမှာ တော့ အိမ်နံရံကို ကျောမှီလျက် အဘိုးကျေးသာညို ပြောသမျှကို စိတ်ဝင်တစား နားထောင်နေသည်။

"ထူးတော့ ထူးဆန်းတယ်နော်၊ နန်းနွယ်တို့ နေပြည်တော် စရောက်တဲ့ ရက်မှာ ပဲ ဆရာကြီး အရိယလည်း ယောင်နိုးပြီး အိပ်မက်နဲ့ ကျောက်ဆစ်နေမိတဲ့ ကိစ္စက သူတို့ နှစ်ဦးကြားမှာ မမြင်ရတဲ့ ဆက်သွယ်မှုတွေများ ရှိနေတာလား....."

"အများကြီး ရှိနိုင်တာပေါ့ ၊ အခုမှ စတွေ့ဖူးကြပေမဲ့ အရင်ဘဝတွေက ဘယ်လောက်များ ရင်းနှီးပတ်သက်ခဲ့ကြဘူးလဲမှ မသိတာ၊ အဲဒါကြောင့်လည်း နန်းနွယ် ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ ....နောက်ဆုံး ဆရာကြီး အရိယဆီ ပြန်ရောက်ခဲ့တာပဲလေ၊ ဒါပေမဲ့ နန်းနွယ်တို့ နေပြည်တော် စရောက်တဲ့ ရက်မှ ဆရာကြီးက အိပ်မက်နဲ့ ကျောက်ဆစ်ခဲ့တာတော့ မဟုတ်ပါဘူး၊ အရင်ကတည်းက အဲ့ရောဂါ စွဲကပ်နေခဲ့တာပါ"

" သြော် ... ..."

"စိမ့် တစ်ခုလောက် မေးလို့ ရမလား အဘိုး"

"မေးလေ ...."

"ဘာလို့ အဘိုးက အဲဒီအကြောင်းတွေ သိနေတာလဲဟင်၊ ပြီးတော့ဆရာကြီး အရိယ ရေးထွင်းခဲ့တဲ့ ကျောက်စာတွေက ဘာလို့

အဘိုးဆီမှာ ရှိနေတာလဲ"

အဘိုးကျေးသာညိုက သဘောတကျပြုံးရဲ့ .....။

"မောင်ရွေးဆိုတာကို မင်းတို့ အမှတ်ရဦးမှာ ပေါ့"

"ဆရာကြီး အရိယရဲ့ တပည့် မောင်ရွေးလား"

"ဟုတ် ...ဟုတ်ပ၊ အဲဒီမောင်ရွေးဆိုတာ ကျုပ်တို့ အဘိုးရဲ့ အဘိုး လေ"

"အဘိုးရဲ့ ....အဘိုး"

"ဟုတ်တယ် ....၊ ကျေးသာညို ဆိုတဲ့ ကျုပ်ဟာ ဆရာကြီး အရိယရဲ့ တပည့် ပန်းရန်ဆရာ မောင်ရွေးရဲ့ ငါးဆက်မြောက် မျိုးဆက်ပဲ"

အကုန်လုံး ပါးစပ်ဟောင်းလောင်း ပွင့်သွားကြသည် ။ လုံးဝ ထင်မှတ်မထားပါချေ။

"ဟုတ်တယ် အဲဒါကြောင့်လည်း ဝေဠုဝတီ စံနန်းဆောင်ကြီးရဲ့ နောက်ကွယ်က အကြောင်းအရာတွေနဲ့ ဆရာကြီး အရိယ ရေးထွင်းခဲ့တဲ့ ကျောက်စာချပ်တွေကို ငါတို့ မျိုးနွယ်စုရဲ့ အမွေအနှစ်အဖြစ် ရရှိခဲ့တာပေါ့၊ ရတုန်းကတော့ ကျောက်စာတွေက အချပ်ရေ စုံမှာ ပေါ့ကွယ်၊ ဒါပေမဲ့မျိုးဆက် တစ်ခုနဲ့ တစ်ခု အကူးအပြောင်းကာလ ...နေရာဌာန အပြောင်းအရွှေ့ကာလတွေမှာ တဖြည်းဖြည်း ပျောက်သွားခဲ့တာ၊ အခု ငါ့လက်ထက်မှာ ဒီတစ်ချပ်အပါအဝင် စုစုပေါင်း လေးချပ်လားပဲ ကျန်တော့တယ်၊ ဆရာကြီးအရိယ ပထမဆုံး ရေးထွင်းခဲ့တဲ့ ကျောက်စာရယ်၊ ဒီတစ်ချပ်ရယ်၊ နောက်ဆုံးရေးထွင်းသွားခဲ့တဲ့ နှစ်ချပ်ရယ် ..."

"အဲဒါတွေက ဘယ်မှာ လဲဟင်၊ ကျွန်တော်တို့ ကြည့်လို့ ရမလား"

အဘိုးကျေးသာညို့က အိမ်နောက်ဖက်တွင် ချက်ပြုတ်နေသော သမီးဖြစ်သူကို အော်ကာပြောတယ်။

"အဲပန်းရေ .... ဆရာကြီးရဲ့ ပထမဆုံးကျောက်စာကို အဘအိပ်ရာခေါင်းရင်းက ယူလာခဲ့ပါကွယ်"

မကြာလိုက် ...၊ အလျားနှစ်ပေ အနံတစ်ပေခွဲခန့်ရှိမည်ထင်သော ကျောက်စာတစ်ချပ်ကို ပိုက်ပြီး မအဲပန်းမှာ အိမ်ရှေ့ခန်းဆီ ရောက်လာပါ၏။

လက်တွင်းရောက်လာသော ကျောက်စာချပ်ကို အဘိုးကျေးသာညို့က တယုတယ ပွတ်သပ်ကိုင်တွယ်ပြီး ....

"ရော့ ....."

* * *

ထိုထိုသောအရပ်သို့ အကြွင်သူသည်

အဓိဋ္ဌာန်၏ ငြိမ်သက်ခြင်းမျိုးဖြင့်

ရောက်လာခဲ့သည်။

အညစ်အကြေးသုံးပါးဖြင့် စည်ပင်သော

လောကက သူ့အား ဆီးကြိုနေသည်။

သူသည်... အမှောင်ကို နှစ်သက်သူမဟုတ်၊

သို့သော် ကပ်ကမ္ဘာမှ အစေအပါး အရိပ်မည်းများက

သူ့ရုပ်နှင့်ခန္ဓာကို မှောင်စေတော့မည်။

အကြွင်သူသည် အပါယ်လေးပါးကို လိမ့်မှာသော်ငြား...

တဆုံးဆုံးချင်း မှတ်ချက်ပြုမိသည့် စကားတစ်ခုသည် ကား ....

"ဩော် တကယ့် အတိအကျပါပဲလား"

အဘိုးကျေးသာညိုက ပြုံး၏။

"ဆရာကြီး အရိယ နောက်ဆုံးရေးထွင်းသွားခဲ့တဲ့

ကျောက်စာနှစ်ချပ်ဆိုတာရော အဘိုး"

"ရှိတယ်"

အဘိုးကျေးသာညိုက ဘုရားစင်နှင့်ကပ်လျက် နတ်စင်လေးရှိရာဆီလှမ်းကြည့်သည် ။ ထို့နောက် ကြမ်းပြင်ကို အားပြုကာရပ်ရင်း နတ်စင်ရှိရာဆီသွားကာ အရာတစ်ခုကို ယူလာပေးသည် ။

အနှစ်နှစ်အလလက ထွန်းညှိထားမှုကြောင့် ဖယောင်းသားတို့ ထုတက်နေပြီဖြစ်သော အလျားနှစ်ပေ အနံတစ်ပေခွဲခန့်ရှိ ကျောက်ပြားတစ်ချပ်ဖြစ်ပါသည် ။ အဘိုးက ဖယောင်းသားကင်းရာ အောက်ဖက်ခြမ်းကို လက်ဖြင့်ညင်သာစွာ ပွတ်သပ်ရင်း ....

"ဒါ ဆရာကြီး အရိယ နောက်ဆုံးထွင်းထုသွားတဲ့ ကျောက်စာနှစ်ချပ်ထဲက တစ်ချပ်ပဲ"

လက်ထဲရောက်ရောက်ချင်းမှာပဲ စစ်ညီ၊ စိမ့်နှင့် သက်ဦးတို့ သုံးဦးသားကျောက်စာကို အလုအယက် ဖတ်ရှုလိုက်ကြသည် ။ မြင်မြင်သမျှသော ကျောက်ထက်အက္ခရာတို့ သည် ကား ...

"ဟာ ..."

ဟင် ..."

"ဘုရား ....ဘုရား"

စာဆုံးဆုံးချင်းပဲ စစ်ညီနှုတ်မှ မေးခွန်းတစ်ခု လှစ်ခနဲ ထွက်သွားသည် ။

"ဒါ ...ဒါဆို စံနန်းဆောင်သစ်ကြီးမှာ ဝေဠုဝတီ မင်းသမီးနဲ့

ပျော်ပါးခွင့်ရသူအားလုံးက ဒီကျောက်စာထဲမှာ ရေးထားတဲ့ အတိုင်း ...
..."

"ဖြစ်တာပေါ့ ...၊ အဲလိုဖြစ်အောင်လည်း နန်းနွယ်ကိုယ်တိုင်က စနစ်တကျ တည်ဆောက်ခဲ့တာကိုး ...."

* * * * *

VI

ရ င် ထဲ မှာ ပြင်းရှပူလောင်ကာနေတယ်၊ မီးအိုးကြီး ထည့်လွယ်ထားရသလို ....မီးညွန့်တွေပဲ မျိုချထားရသလို သူ့တစ်ကိုယ်လုံး ရှိန်းရှိန်းထကာနေပါတယ်၊ ခန္ဓာကိုယ်ထဲမှာ ဘာတွေပြောင်းလဲပြီး ဘာတွေပျက်စီးကုန်ပြီလဲမသိတော့ပါဘူး။

" သိနေတာတစ်ခုက ဝေဠုဝတီ မင်းသမီးလေးရဲ့ အိပ်ခန်းဆောင်ကို သူတစ်ဦးတည်း ဆောက်လုပ်နေတာပါ၊ လက်ဖက်ရည် သုံးတော်ဆောင် ပြီးဆုံးသွားကတည်းက သူ အိမ်မပြန်ဖြစ်တော့ဘူး၊ ဆရာကြီး အရိယနဲ့ လည်း မတွေ့ဖြစ်တော့ဘူး၊ ဒီအခန်းကြီးကသာ သူ့ဘဝ ...သူ့ အသွေးအသား ဖြစ်နေတယ်လေ။

ယမင်းရုပ်လေးရဲ့ ချစ်လှစွာသော အိပ်ခန်းဆောင်က ရောက်လာသူ အပေါင်းအတွက် ရင်သပ်ရှုမောနေစေရမယ်၊ အံ့တကြိတ်ကြိတ် စုတ်တသပ်သပ် ဖြစ်နေရမယ်၊ အလွန်တစ်ရာမှ ရနိုင်ခဲသော ခံစားမှုအပေါင်းတွေ လှုပလှိုက်မောနေစေရမယ်၊ ဒါပေမဲ့ ဒါဟာ သာမန်လာရောက်လည်ပတ်သူအထူးသဖြင့် အရိပ်အစွန်းကင်းသော စိတ်ထားဖြူစင်သူတွေ အတွက်သာဖြစ်ပြီး၊ ယမင်းရုပ်လေးနဲ့ ညရေးညတာပျော်ပါးဖို့ စိတ်ယုတ်စိတ်ညံ့နဲ့ ရောက်လာသူတွေ အတွက်မှာ တော့ ....

"အဟင်း ...တွေ့ကြပြီပေါ့လေ"

လူတချို့မှာ ဘ၀နှစ်မျိုး ... မျက်နှာနှစ်ဖက် ရှိနေတတ်ကြတယ်တဲ့ ၊ လူကြီးလူကောင်း ဆန်သော အပေါ်ယံမျက်နှာနဲ့ ....တကယ့်အတွင်းစိတ်ပုပ်သဏ္ဌာန်တို့ နဲ့ လူပ်ရှားပျော်ပိုက်နေတတ်တဲ့ ပကတိမျက်နှာ၊ အပေါ်ယံမျက်နှာမှာ ထိန်းချုပ်ထားသမျှ ဘောင်ခတ်ထားသမျှ လိမ်လည်ထားသမျှ အားလုံးကိုပကတိမျက်နှာမှာ သူတို့ ဖွင့်ထုတ်ပစ်တတ်ကြတယ် ...။ ပတ်ဝန်းကျင်ရဲ့ လေးစားမှုကို အပေါ်ယံဘ၀မှာ ခံယူပြီး တကယ့်ဘ၀မှာတော့ မိမိကိုယ်တိုင်ရဲ့ ကျေနပ်မှုကို ရှာယူကြတယ်၊ အပေါ်ယံဘ၀ကို ထင်သာမြင်သာရှိတဲ့ အချိန်မှာ အသုံးပြုပြီး ...နောက်ကွယ်က ဘ၀ကိုတော့ အမှောင်ထဲမှာ ထုတ်ပြတတ်ပါတယ်။

ကြောက်ဖို့ လည်း ကောင်းလှသလို သံဝေဂရစရာလည်း ကောင်းလွန်းလှတယ်၊ အလိမ်တကာ့ အလိမ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်လိမ်မိနေတာက ကြောက်ဖို့ အကောင်းဆုံးပဲလေ။

သူ မလိမ်ပါဘူး ....၊ ယမင်းရုပ်လေးကို အရင်က ချစ်ခဲ့သလို အခုလည်း ချစ်နေဆဲပါပဲ၊ သူမရဲ့ ညအချိန်တွေကို လွန်ခဲ့သော အတိတ်ဆီကကာကွယ်ဖို့ ကြိုးစားဖူးသလို ယခုလည်း ကြိုးစားနေဆဲပါပဲ၊ သူ့မှာ မျက်နှာနှစ်ဖက်မရှိဘူး၊ အလင်းထဲမှာ ယမင်းသူဇာကို ချစ်ခဲ့သလို အမှောင်ထဲရောက်တော့လည်း ချစ်မြဲချစ်နေလျက်ပါပဲ၊ ပိုမှောင်လေ ပိုချစ်ဖို့ ကြိုးစားလေဆိုတဲ့ မြဲမြံမှုကို သူသိပ်သဘောကျတယ်လေ။ ။

ဒါပေမဲ့ သူတည်ဆောက်ခဲ့တဲ့ စံနန်းဆောင်ကြီးကိုတော့ ထိုစောင့်စည်းမှုတွေကို ခွာချထားရတယ်၊ မဟုတ်ရင် သူ့ အတွက်နဲ့

ကျန်တဲ့ သူတွေ ထိခိုက်သွားနိုင်တယ်လေ၊ သူ့ နှလုံးသားနဲ့ ဦးနှောက်ထဲက ရှိသမျှစွမ်းအားတွေကို ညှစ်ထုတ်ပြီး ဒီအိပ်ခန်းဆောင်ကို မျက်နှာနှစ်ဖက်ရှိအောင် ကြိုးစားထားတယ် (သို့) သိုးရေခြုံတဲ့ ဝံပုလွေဖြစ်အောင် အားထုတ်ထားတယ်။ စိတ်ထားဖြူစင်သူတွေရဲ့ အမြင်မှာ အလွန်တစ်ရာမှ လှပသက်ဝင်နေပါလိမ့်မယ်၊ ဒါပေမဲ့ ....

"တအားလှတယ် ...."

ရပ်ကြည့်နေရာမှ ယမင်းရုပ်လေးရဲ့ ဘယ်ဘက်နားသယ်စပ်မှာ အရောင်လေးတစ်ရောင် ထပ်ထည့်ချင်လာတယ်၊ ဒါနဲ့ ပဲ စုတ်တံကိုကိုင်လို့ နံရံကြီးအနီး လျှောက်သွားလိုက်တယ်၊ လို အ ပ် သော နေ ရာ မှာ ခရမ်းရောင်ဖျော့ဖျော့လေးကို ရေးတို့ပြီးသွားတော့ နောက်ပြန်ဆုတ်ပြီး ကြည့်မိပြန်တယ်။

"ရပြီး ...."

ရ င် ထဲ မှာ လွယ်ပိုးထားတဲ့ အလုံးကြီးတစ်လုံးလည်း လွတ်ကျသွားသလို ပေါ့ပါးသွားရတယ်၊ နံရံဆေးရေးပန်းချီကားကြီးတွေ ,, ဒီနေရာ ဒီစုတ်ချက်မှာ အဆုံးသတ်သွားပါပြီ။ ။

ကကြိုးဆင်နေတဲ့ ယမင်းရုပ်လေးက သူ့ကိုပြုံးကာ ကြည့်နေတယ်၊ နံရံအပြည့်နီးနီး ရှိနေတာမို့ ကြည့်ရတာ ခမ်းနားလွန်းလှရဲ့ ၊ ပြီးတော့ အေးချမ်းလွန်းလှရဲ့ ၊ ငြိမ်းအေးမှုကို ရရှိအောင်လည်း ယမင်းရုပ်လေးရှိနေတဲ့ ခြေရင်းဘက်နံရံတစ်ခုလုံးကို အအေးရောင်များသာ အသုံးပြုထားတယ်လေ၊

ဒါကလည်း ရည်ရွယ်ချက်ရှိပါတယ်။

အအေးရောင်နဲ့ ဆွဲတဲ့ ရုပ်ပုံတွေရဲ့ သဘောသဘာဝက ကြည့်ရှုသူအနီးကနေ တဖြည်းဖြည်း ဝေးသွားသလို ခံစားရစေတယ်လေ၊ ညစ်နွမ်းတဲ့ ရည်ရွယ်ချက်နဲ့ အခန်းထဲရောက်လာသူ ပုဂ္ဂိုလ်ဟာ နံရံအပြည့်ဆွဲထားတဲ့ ယမင်းသူဇာရဲ့ ပုံတူပန်းချီကားကိုကြည့်ပြီး ...ပထမ ...လှလိုက်တာလို့ ခံစားရမယ်၊ ပြီးလျှင် ကြည့်နေရာကနေ ယမင်းသူဇာမှာ သူနဲ့ ဝေးဝေးသွားသလိုစိတ်မှာ ခံစားနေစေရမယ်။

ဟုတ်ပါတယ် ...တကယ်လည်း ဝေးရပါလိမ့်မယ်၊ အဲဒီအတွက်လည်း ရှေ့မှာ ဆွဲထားပြီးသား ရုပ်ပုံတွေက တာဝန်ယူပါလိမ့်မယ်။

အိပ်ခန်းလေးရဲ့ ခေါင်းရင်းဘက်နံရံမှာ တောင်ပံကိုဖြန့်လို့ ထိုးသုတ်ဟန် သိမ်းငှက်ကြီးတစ်ကောင် ရှိနေပါတယ်၊ ညာဘက်ခြမ်းမှာ တော့ လည်ဆံမွေးကိုခါလို့ မာန်ဖီကိုက်ခဲမည့်ဟန် ခြင်္သေ့ကြီးပါ၊ လ က် ဝဲ ဘ က် ခြ မ်း မှာ တော့ ရန်သူပြေးရာနောက် မပြတ်လိုက်လံဖွေ့သတ်မယ့် ဦးချိုစုံ နွားကြီးတစ်ကောင် ရှိနေတယ်၊ ယမင်းသူဇာ ရုပ်ပုံနဲ့ ပေါင်းရင် အိပ်ခန်းဆောင်ရဲ့ နံရံလေးခုမှာ တစ်ဖက်တစ်ရုပ်ကျစီနဲ့ ပေါ့ "

ယမင်းသူဇာဟာ လူကိုကိုယ်စားပြုပြီး လူဟာ ရေဓါတ်ကို ကိုယ်စားပြုပါတယ်၊ နွားကတော့ မြေဓါတ်၊ သိမ်းငှက်သည် လေဓါတ်နဲ့ ခြင်္သေ့ကြီးမှာ မီးဓါတ်ကို ကိုယ်စားပြုကြပါတယ်၊ ဒါဟာ ....မြေ၊ ရေ၊ လေ၊ မီး အခြေခံဓါတ်ကြီးလေးပါးဖြစ်သလို ဓါတ်ကြီးလေးပါးရဲ့ အရှိန်အဝါကို ကူးစက်

ရယူလိုက်ခြင်းလည်း ဖြစ်ပါတယ်။

ပန်းချီပုံလေးပုံအနက် ယမင်းသူဇာ ရုပ်ပုံတစ်ခုကိုသာ အအေးရောင်နဲ့ ရေးဆွဲထားပြီး ကျန်ရုပ်ပုံများကိုတော့ အပူရောင်ကိုသာ သီးသန့်အသုံးပြု ရေးဆွဲထားပါတယ်၊ ရေးဆွဲစဉ်တလျှောက် ယမင်းရုပ်လေးကိုကာကွယ်ဖို့ ဆိုတဲ့ စိတ်အမူအရာမှာ အတိအကျနေပြီး နှုတ်အမူအရာနဲ့ လည်း မပြတ်ရွတ်ဆိုခဲ့တယ်၊ ဒါပေမဲ့ ရုပ်ပုံတစ်ခုနဲ့ တစ်ခု အသုံးပြု ရွတ်ဆိုနည်း

တွေတော့ မတူဘူးပေါ့လေ၊ နောက်ပြီး စိတ်အစဉ်မှာ မပြတ်ဖြည့်တင်းထားတဲ့ စွမ်းအားကိုလည်း အသုံးပြုလို့ ပေါ့ ။

နွားရုပ်ပုံ

မိုးအဆုံး မြေအဆုံး လိုက်ရမည်။

ရာဂတဏှာရဲ့ အကျိုးအပြစ်ကို သိသည် ထိ ဖွေ့သတ်ရမည်။

မရုပ်တန့်ရ၊ ရာဂကင်းငြိမ်းသူနှင့် စိတ်ထားဖြူစင်သူများကို

မထိခိုက်စေရ။

သိမ်းငှက်ရုပ်ပုံ

မိုးအဆုံး မြေအဆုံး လိုက်ရမည်။

ရာဂတဏှာရဲ့ အကျိုးအပြစ်ကို သိသည် ထိ ထိုးသုတ်ရမည်။

မရပ်တန့်ရ၊ ရာဂကင်းငြိမ်းသူနှင့် စိတ်ထားဖြူစင်သူများကို

မထိခိုက်စေရ။

ခြသေ့်ရုပ်ပုံ

မိုးအဆုံး မြေအဆုံး လိုက်ရမည်။

ရာဂတဏှာရဲ့ အကျိုးအပြစ်ကို သိသည် ထိ မာန်ဖီကိုက်ဖြတ်ရမည်။

မရပ်တန့်ရ၊ ရာဂကင်းငြိမ်းသူနှင့် စိတ်ထားဖြူစင်သူများကို

မထိခိုက်စေရ။

ထိုစကားတို့ ကို ရုပ်ပုံတစ်ခုချင်းစီအလိုက် နှုတ်အမူအရာနဲ့ အပြည့်အဝ နေထိုင်ခဲ့ပါတယ်၊ ကိုယ်အမူအရာနဲ့ လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ရေးဆွဲထားခဲ့တယ်။

သူ့ရဲ့ ကိုယ်စွမ်းအား၊ စိတ်စွမ်း အားနဲ့ စေတနာတို့ စနစ်တကျပေါင်းစုံသွားတဲ့ အခါ လိုအပ်လာတဲ့ အချိန်အခါတစ်ခုမှာ ထိုရုပ်ပုံတွေ အသက်ဝင်လာပါလိမ့်မယ်။

ပြီးလျှင် သူနိုင်းသည့်အတိုင်း အတိအကျ လုပ်ကြလိမ့်မယ်။

***

ပန်းချီပုံများ ပြီးစဉ်မှာ နောက်ထပ် အရေးကြီးတာတစ်ခုက ရုပ်သေးရုပ်လေးများကို ကြိုးရှည်တပ်ပြီး အခန်းရဲ့ မျက်နှာကျက်မှာ ချိတ်ဆွဲဖို့ ပါ၊တခြားအရုပ်တွေလည်း မဟုတ်ပါဘူး၊ ဇာတ်ပွဲသုံး အရုပ်တွေဖြစ်တဲ့ ဇော်ဂျီရုပ်၊ ဘီလူးရုပ်၊ စစ်သူကြီးရုပ်၊ မှူးမတ်ရုပ်၊ သူငယ်တော်ရုပ်၊ မင်းသမီးရုပ်စတာတွေကို အခန်းရဲ့ နေရာအနှံ့မှာ ချိတ်ဆွဲပါမယ်။

လေသာပြတင်းကို ဖွင့်လိုက်တဲ့ အခါ အပြင်မှ ဝင်လာသော လေရှိန်အေးအေးနဲ့ အရုပ်လေးတွေ လှုပ်ရှားကခုန်နေပါလိမ့်မယ်၊ လှည့်ပတ်အသက်ဝင်နေပါလိမ့်မယ်။

ပြီးလျှင်တော့ အိပ်ခန်းဆောင်ကြီး တစ်ခုလုံးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကို ရောက်လို့ လာခဲ့ပါပြီ။ ဝေဠုဝတီ မင်းသမီးလေ အိပ်စက်အနားယူနိုင်ရန် သလွန်ညောင်စောင်း သွန်းလုပ်ဖို့ အတွက်ပဲ ဖြစ်ပါတယ်၊ ထို့အတွက် တခြားမင်းသမီးများ လို တန်ဖိုးကြီး ကျွန်းသစ်ကို ထွင်းထုသွန်းလုပ်ဖို့ မရည်ရွယ်ပါဘူး၊ ကျောက်သားကို အသုံးပြုပြီးတော့ပဲ အများ နဲ့ မတူတမူထူးခြားအောင် ကြံဆောင်ဖို့ ရည်ရွယ်ထားတယ်။

ဒါမှ လည်း အုတ်တစ်ခါစီ သံလျက်တစ်ချက်အချမှာ ကိုယ်နှုတ်စိတ်အမူအရာကို ထဲထဲဝင်ဝင် ထည့်သွင်းအသုံးပြုနိုင်မယ်လေ၊ အဲဒီအတွက်ကတော့ အနည်းငယ် ခက်ခဲလှပါတယ်၊ အကြောင်းက စိတ်အစဉ်ကို နှစ်မျိုးခွဲပြီး အသုံးပြုမှာ ဖြစ်တဲ့ အတွက်ကြောင့်ပါ။

ပထမတစ်ခုကတော့ ဝေဠုဝတီမင်းသမီး (သို့) သူ့ရဲ့ ယမင်းရုပ်လေး ဤသလွန်ညောင်စောင်းထက်ဝယ် ချမ်းသာစွာ အိပ်စက်အနားယူနိုင်ဖို့

ဖြစ်ပြီး နောက်တစ်ခုအတွက်မှာ တော့ ဆန့်ကျင်ဘက်သဘောဆောင်ပါတယ်၊ စိတ်အစဉ်နှင့် နှုတ်ထွက်စကားကိုလည်း တိတိကျကျ အသုံးပြုနိုင်ဖို့ လိုအပ်ပါတယ်။

"ဤသလွန်ညောင်စောင်းထက်ဝယ် ဝေဠုဝတီ မင်းသမီးလေး ချမ်းသာစွာ အိပ်စက်အနားယူနိုင်ပါစေ... ..."

"ဤသလွန် ညောင်စောင်းထက်ဝယ် ဝေဠုဝတီ မင်းသမီးလေးချမ်းသာစွာ အိပ်စက်အနားယူနိုင်ပါစေ ...."

"ဤသလွန် ညောင်စောင်းထက်ဝယ် ဝေဠုဝတီ မင်းသမီးလေးချမ်းသာစွာ အိပ်စက်အနားယူနိုင်ပါစေ ...",

ကောင်းမြတ်သော စိတ်ထားနဲ့ နှုတ်အမူအရာမှာ အတိအကျ ရွတ်ဆိုပါတယ်၊ ပြီးလျှင် တစ်ဆက်တည်းအနေနဲ့ ထိုစိတ်နဲ့ နှုတ်ထွက်စကားကို မေ့ပစ်လိုက်ပြီး ...

"ဝေဠုဝတီနှင့် ပျော်ပါးဖို့ ကြံဆောင်သူ မည်သူ မဆို ...သလွန်ထက်ဝယ် ကျောချလိုက်သည် နှင့်...ငရဲကြီးရှစ်ထပ်မှ အလျှံညီးညီး တောက်လောင်သော မီးသားများကဲ့သို့ ပူလောင်ခြင်းကို ခံစားရပါစေ"

* * *

သူအကြိမ်ကြိမ် ရွတ်ဆိုခဲ့တာပါ၊ အဲဒီအတွက်ကြောင့်ပဲလားတော့ မသိပါဘူး ...သံလျက်ကိုင်ထားတဲ့ လက်မှာ အားတစ်ခု ကပ်ပါပြီး မမြင်ရတဲ့ ဆွေတော်မျိုးတော်အပေါင်းတွေနဲ့ သလွန်ညောင်စောင်းကို သူ တည်ဆောက်ခဲ့တယ်လေ ....။

လက်ဘက်ရည် သုံးတော်ဆောင်ထဲမှာ ချောက်ချားစပြုလာမယ့် သူကောင်းသားဟာ ရဲရွေတော်တစ်ဦးရဲ့ ပင့်ဖိတ်မှုကြောင့် အိပ်ခန်းဆောင်ထဲကို ယောင်လည်လည် ရောက်လာပါလိမ့်မယ်၊ ထို အ ခါ မှာ ချိန်သားကိုက်ထွန်းညှိထားတဲ့ မီးတိုင်များ နဲ့ အိပ်ခန်းဆောင်ရဲ့ လှပခန့်ညားမှုကို ရင်သပ်ရှုမော တွေ့ရပါလိမ့်မယ်။

အသင့်ရှိနေမယ့် ဝေဠုဝတီ မင်းသမီးလေးက သလွန်ညောင်စောင်းကို ဇာတင်းတိမ်ကာရံလို့ အထဲမှာ ခေတ္တခဏ လဲလျောင်းအနားယူထားသင့်ကြောင်းနှင့် အရှင်ကို အလုပ်ကျွေးပြုရန် ကိုယ်လက်သန့်စင်ဦးမည်ဖြစ်ကြောင်းပြောဆိုကာ အခန်းတွင်းမှ ထွက်သွားပါလိမ့်မယ်။

ထိုအခါ တစ်ဦးတည်း ကျန်နေမည့် သူကောင့်သားဟာ မင်းသမီးလေးပြောသလို သလွန်ညောင်စောင်းထက်ဝယ် အနားယူကောင်း ယူနိုင်ပါတယ် (သို့)နံရံပတ်ပတ်လည်မှ ဆွဲထားသော ပန်းချီပုံများကို ကြည့်ပြီးအံ့သြတကြီးလည်း ဖြစ်နေနိုင်ပါတယ်၊ အထူးသဖြင့် ခြေရင်းဘက် နံရံမှာ ရှိသော ကကြိုးဆင်နေဟန် မင်းသမီးလေးကို ကြည့်ပြီးတော့ပါ။

ဒါပေမဲ့ ကြည့်နေရင်းနဲ့ မင်းသမီးလေးဟာ သူ့ အပါးမှ ဝေးဝေးသွားသလို ခံစားရပါလိမ့်မယ်၊ ပြီးလျှင်တော့ တခြားနံရံတွေကို ဆက်မကြည့်တော့ပဲ(ကြည့်ကောင်းကြည့်နိုင်ပါတယ်)

သလွန်ညောင်စောင်းရှိရာ ဇာတင်းတိမ်တွင်းသို့ ဝင်သွားပါလိမ့်မယ်၊ ညောင်စောင်းထက်ဝယ် ထိုင်ပြီး မင်းသမီးလေးထွက်ပေါ်လာမည့် တံခါးပေါက်ရှိရာဆီ တအံ့နွေးနွေးနဲ့ စောင့်မျှော်နေလိမ့်မယ်၊ အတွေ့ထူးတဲ့ မင်းသမီးနဲ့ မကြာခင် ပျော်ပါးရမယ့် အရေးကိုတွေးပြီး ရင်တွေခုန်နေပါလိမ့်မယ်။ ။

ထိုခဏမှာပဲ သူ့အကြည့်တွင်းသို့ ဝင်လာမည်က အရိပ်များ ပါ၊ ချိတ်ဆွဲထားသော အရုပ်များက နောက်ကျောမှာ ထွန်းထားမယ့် မီးတိုင်အလင်းကြောင့် ဇာတင်းတိမ်ပေါ်ဝယ် အရိပ်များ အဖြစ် ကွက်ကွက်ကွင်းကွင်းပေါ်လာပါတော့မယ်။

ဘီလူးရုပ်၊ ဇော်ဂျီရုပ်၊ စစ်သူကြီးရုပ် ....။

ကံကောင်းလို့ လေငြိမ်လျှင် ထိုအရိပ်များမှာ သလွန်ညောင်စောင်းပတ်ပတ်လည်တွင် ရပ်ပြီး သူ့ကို ကြည့်နေပါလိမ့်မယ်၊ ကံဆိုးလို့ လေတိုက်လျှင်တော့ ဇာတင်းတိမ်ထက်ဝယ်မှာ ပြေးလွှားလှုပ်ရှားလာပါတော့မယ်။

တချို့မှာ ဘယ်ညာပြေးလွှားလိုက် ....။

တချို့လည်း နီးလာလိုက် ....ဝေးသွားလိုက်၊

ပြီးလျှင်တော့ ....

* * *

အချွေးအသားတို့ ကျိုကြဲကျိုကြဲ ပုဇေတ္တံ့။

ခြသေ့်မင်း ဟိန်းသံကို ကြားရစေတ္တံ့။

မြေဓါသခင် အရှင်ဖွားသည်

ဦးခွိုက်စုံဖြင့် ဒေ့သထလေတ္တံ့။

ဇကာမင်းသည် သုတ်ထိုးလေတ္တံ့။

ခြသေ့်သည် ပြင်းသောအဟုန်ဖြင့်

ကိုက်ခဲ ဖျက်ဆီးလေတ္တံ့။

ရာဂအမျှော်ဖိုးသူသည်

မုဒေခါတ်ကြီးလေးပါးမှ မလွတ်ကင်းသ၍

ဒုက္ခကော်ကလော်ပြုမှုကို..

ပြီးဆုံးသည်မရှိ ခံနေရမည်၊

တဏှာရာဂ၏ အကျိုးအပြစ်ကို သိခဲ့သည့်

တစ်စန့်....

VII

"အား ... ...."

"ပူတယ် ....ပူတယ် ....ပူတယ် ...."

စိုးကျော် သလွန်ညောင်စောင်းပေါ်မှ "ဝုန်းခနဲ လိမ့်ဆင်းလိုက်၏။ ကျောပြင်တစ်ခုလုံးက ဆီအိုးထဲ ထည့်အကြော်ခံလိုက်ရသလို ကျိုက်ကျိုက်ဆူအောင် ပူလောင်ကာသွားသည်။

ဘောင်းဘီကို ကမန်းကတန်း ဆွဲတင်ရင်း သလွန်ညောင်စောင်းအား သရဲသဘက်သဖွယ် ကြည့်လိုက်မိသည့်ခဏ ....

"ဝေါင်း ...."ခနဲ ခြင်္သေ့ဟိန်းသံကြီးက နားစည်ကွဲမတတ် အနီးကပ် ထွက်ပေါ်လာလေတော့သည်။

"ဟာ ....ခြင်္သေ့ကြီး ...ခြင်္သေ့ကြီးနံ့ရုံထဲက ခြင်္သေ့ကြီး"

စိုးကျော် အကြောက်အကန် နံ့ရုံပြေးကပ်လိုက်စဉ်မှာ ပဲ ပြင်းထန်သော အားတစ်ခုနဲ့ ဝှေ့ခတ်လိုက်သည့် ဦးချိုတစ်ဖက်သည် ကား ....

စိုးကျော် ကြမ်းပေါ်သို့ လွင့်စဉ်ကျသွားသည် ။ ထိတ်လန့်တကြား လှည့်ကြည့်တော့ နောက်တစ်ကြိမ် ဆောင့်ဝှေ့ရန် အပြင်းလာနေသည့် နီညိုရောင် နွားကြီးတစ်ကောင် ...

အသံနဲ့ အတူ နံရံဆီသို့ စိုးကျော် လွင့်စဉ်ကာထွက်သွားသည် ။ နံရိုးတွေ ကျိုးကြေကုန်ပြီလား မသိ၊ စိုးကျော် ဘာမှ စဉ်းစားမနေတော့ ....ရှိသမျှ အားကိုသုံးကာ သွေးရူးသွေးတန်းဖြင့် အခန်းထဲမှ ပြေးထွက်ခဲ့လိုက်တော့သည် ။ ဒါပေမဲ့ ...

"ခွပ် ....ခွပ် ... ...ခွပ် ...."

ထပ်မံကြားလာရသည့် ခွာသံများ ...

"လုပ် ...လုပ်ကြပါဦး၊ ကျွန်တော့်ကို နွားကြီး လိုက်ဝှေ့နေတယ်၊

လုပ်ကြပါဦး ...နွားကြီး.... နွားကြီး"

ထင်မှတ်မထားသော အမြင်အာရုံနဲ့ သွေးပျက်သွားမှုတွေကြောင့် လှေကားမှ ပြေးအဆင်းတွင် ခြေချော်ကာ အောက်သို့ ဒလိမ့်ကောက်ကွေး ပြုတ်ကျသွားသည် ။

ဦးခေါင်းကိုင့်၍ အားမာန်အပြည့်ဖြင့် လိုက်လာနေသော နွားကြီးမှ လွဲပြီး သူ့မျက်လုံးတွင်းမှာ ဘာမှ မမြင်တော့ ....

"နွားကြီး ....လုပ်ကြပါဦး"

နွားကြီး သူ့အနီး ရောက်လာတော့မည်၊ ဟုတ်သည် ....နွားကြီး သူ့အနီး ရောက် လာပြီး သူ့ကို ဝှေ့သတ်တော့မည်၊ ခန္ဓာကိုယ်မှ နာကျင်မှုအလုံးစုံကို ကျိတ်မှိတ်ခံရင်း စိုးကျော် ထပြေးရပြန်သည် ။ ဒါပေမဲ့ စံနန်းဆောင်အပြင် ရောက်စဉ်မှာပဲ ထင်မှတ်မထားသော ဖြစ်ရပ်တစ်ခုသည် ကား ....

"ဝေါင်း....."

ဟူသော ဟိန်းသံကြီးနှင့်အတူ အပေါ်ထပ်ဆီမှ

သွားစွယ်များကိုဖြရင်း သူ့ လည်ကုပ်သို့ ခုန်အုပ်လိုက်သော ကိုက်ခဲမှုတစ်ခု ....

စိုးကျော် မထိန်းနိုင်တော့ပဲ မြေပေါ် နှစ်ပတ်သုံးပတ် လိမ့်ဆင်းသွားပါသည် ။ လည်ကုပ်မှာ လည်း သွေးတွေ ဖွေးခနဲ ရဲသွားသည် ။

"အား မလုပ်ပါနဲ့ ၊ ကျွန်တော် ကြောက်ပါပြီ ...မလုပ်ကြပါနဲ့ ဗျာ၊ ကျွန်တော် ကြောက်ပါပြီ"

လည်ပင်းကို လက်ဖြင့်အုပ်ကိုင်လျက် သူရူးတစ်ယောက်လို စိုးကျော် အော်နေမိတော့သည် ။ ထိုခဏမှာ ပဲ အိမ်ဝမှ ပြေးထွက်လာသော နွားနိကြီး၏ ခြေသံ ၊ ခုံးထလာသော ခြသေ့်ကြီး၏ လည်ဆံမွေးများ ၊ ပြီးတော့ .......

ပြီးတော့ .......

သွေးစက်စက် ကျနေလျက်မှ ....

"မလုပ်ကြပါနဲ့ ဗျာ .... ကျွန်တော် ကြောက်ပါပြီ၊ နောက် မလုပ်တော့ပါဘူး"

"ဝေါင်း"

"အား ...."

စိုးကျော် ပြေးသည် ။ ပြေးရင်းနဲ့ တောင်းပန်စကားတွေ သွေးရူးသွေးတန်း အော်ပြောသည် ။

သူ မှားခဲ့ချေပြီ။

ဝေဠုဝတီ ရုပ်ပုံရှေ့ သလွန်ပေါ်ထိုင်ရင်း သူ တစ်ကိုယ်ရေ

လိင်ဖျော်ဖြေမိခဲ့ပြီ။

သလွန်ညောင်စောင်းပေါ် လှဲအိပ် ကျောချမိခဲ့ပြီ။

သူ မည်သို့ လွတ်အောင်ပြေးရမည်နည်း။

ထိုခဏမှာ ပဲ တောင်ပံခတ်သံ တဖျတ်ဖျတ်ကို ကြားလိုက်ရပါ၏။

"ဟင် ...."

မော့ကြည့်မိတော့ စူးရဲသော မျက်လုံးတွေနဲ့ သူ့ဆီ ဦးတည်ပျံသန်း

လာနေသည့် သိမ်းငှက်ကြီးတစ်ကောင် ....

"ဂိုး ...."

"အား....."

* * *

VIII

"ကြောက်စရာကြီးနော် ...."

စိမ့်က ကျောက်စာကို ဖတ်နေရာမှ ရင်ဘတ်ကိုဖိရင်းပြောသည်။

"နန်းနွယ်က အဲ့လောက်တောင် အငြိုးကြီးတယ်တဲ့ လား"

"အငြိုးကြီးတယ်ဆိုတာထက် ယမင်းသူဇာကိုချစ်တာ ....၊ နောက်ပြီးတဏှာရာဂတွေ ကာမဂုဏ်အာရုံ တွေအပေါ်မှာ ခါးခါးသီးသီး ရွံမုန်းမိနေတာလည်း ပါမှာ ပေါ့"

"ကျောက်စာထဲကအတိုင်း ဆိုရင်တော့ ယမင်းသူဇာနဲ့ ပျော်ပါးဖို့ ကြိုးစားသူမုန်သမျှက ဓါတ်ကြီးလေးပါးထဲမှာ ရှင်သန်နေသ၍ လွတ်မြောက်မယ် မထင်ဘူးနော်" , ,

"မလွတ်ဘူး၊ သူတို့ ရဲ့ စိတ်နဲ့ အမြင်အာရုံကို စက္ကန့်မလပ်အောင် ထိုးနှက်တိုက်ခိုက်ခြင်း ခံခဲ့ရတာ၊ တချို့ဆို ရူးသွားတယ်၊ တချို့ဆို အကြောက်လွန်ပြီး သေသွားတယ်၊ တချို့လည်း ပြေးရင်းလွှာရင်းနဲ့ အလှမ်းမတော်လို့ ကျိုးပဲ့တာတွေ တောင်စောင်းတောင်ကုန်းပေါ်က လိမ့်ကျတာတွေ၊ မြစ်ထဲရေကန်ထဲ ပြေးဆင်းသွားတာတွေနဲ့ ဒုက္ခိတတွေ ဖြစ်သွားကြတယ်၊ အဲဒီထဲကမှ ရှားရှားပါးပါး တစ်ယောက်တလေတော့ အမြင်မှန်ရပြီး သက်သာရာရခဲ့ပါတယ်"

"ဩော် ...."

မျက်နှာငယ်လေးနဲ့ နားထောင်နေရာမှ စိမ့်မှာ သက်ပြင်းမောကိုချသည် ။

"အဲလောက်ထိ ဖြစ်ခဲ့တာဆိုတော့ ဝေဠုဝတီ စံနန်းဆောင်ကြီးကို သံသယ မဝင်ကြဘူးလား"

သက်ဦးစကားက မေးသင့်သော မေးခွန်းတစ်ခုရယ်ပါ။

အဘိုးကျေးသာညိုက ....

"သံသယမဝင် ခံနိုင်ရိုးလားကွာ၊ ဒီလောက် ဟိုးလေးတကျော် ဖြစ်ကြတာ သံသယ ဝင်တာပေါ့ ...၊ ဝင်လို့ လည်း မြို့တော်ဝန်ကိုယ်တိုင် စံနန်းဆောင်ကြီးကို လာရောက်စစ်ဆေးတယ်လေ၊ ဒါပေမဲ့ သူတို့ က ဘာ ဖြ စ် မှာ လဲ ....ယမင်းသူဇာနဲ့ ပျော်ပါးရအောင် လာကြတာမှ မဟုတ်တာ ...၊ အဲတော့ ရောက်လာသူအပေါင်းက သံသယဖြစ်စရာ ဘာမှ မတွေ့တဲ့ အပြင် နန်းဆောင်ကြီးရဲ့ ရင်သပ်ရှုမောဖွယ် ခံစားမှုကို ချီးကျူးပြီးသာ ပြန်သွားကြတယ်၊ နောက်ပြီး ယမင်းသူဇာ အပါအဝင် ရံရွေဖော်အပေါင်းလည်း အဲမှာ နေကြတာပဲ ...ဘာမှ မှ မဖြစ်ကြတာ၊ ယမင်းသူဇာဆို အိပ်ခန်းဆောင့်ဂူ သလွန်ပေါ်မှာ ညစဉ်မပြတ် အိပ်စက်ခဲ့တာပဲ၊ သူဆို အလွန်တစ်ရာမှ အိပ်စက်လို့ ကောင်းပြီး ....ရောက်လာသမျှ အမျိုးသားတွေက ငရဲမီးနဲ့ အမြိုက်ခံရသလိုပူလောင်တယ်ဆိုတော့ သူကိုယ်တိုင်တောင် ပဟေဠိတစ်ပုဒ်လို ဖြစ်နေခဲ့တာ ... ..."

"အင်းပေါ့ နော် အကုန်လုံး အံ့သြနေကြမှာ ပေါ့"

"တစ်ခုတော့ရှိတယ်၊ လက်ဖက်ရည် သုံးတော်ဆောင်နဲ့

ပတ်သက်လို့ တော့ သံသယ ဝင်မိကြတယ်၊ ဒါပေမဲ့လည်း မပြောပလောက်ပါဘူး၊ အကျိုးအပြစ်ထက် အုံချီးဖွယ်တွေက ပြောမကုန်နိုင်အောင် များ နေတာကိုး"

စစ်ညီ ဦးခေါင်းကိုသာ ယောင်ယောင်လေး ညိတ်လိုက်မိသည်။

ဟုတ်မှာ ပါလေ ....

ဒီလောက်တော့လည်း ရှိမှာ ပေါ့ ....။

"ဒါနဲ့ နန်းနွယ်နဲ့ ယမင်းသူဇာကရော ပြန်မဆုံကြတော့ဘူးလား"

အဘိုးကျေးသာညိုက သက်ပြင်းကိုချရင်း ဦးခေါင်းကို လေးလေးယမ်းသည်။

"စံနန်းဆောင် တည်ဆောက်စဉ် ကာလတစ်လျှောက်နဲ့ ဖွင့်ပွဲ နေ့ တွေ မှာ ယမင်းသူဇာကို ထွက်တွေ့ဖို့ ဆရာကြီး အရိယကိုယ်တိုင် တိုက်တွန်းပါတယ်၊ ဒါပေမဲ့ နန်းနွယ် သွားမတွေ့တော့ဘူး၊ အရင်ကတည်းက သူ့ရည်ရွယ်ချက်က ပိုင်ဆိုင်နိုင်ဖို့ ဆိုတာထက် ကာကွယ်ပေးဖို့ ကိုပဲ ဦးတည်ထားတဲ့ ဥစ္စာ၊ ယမင်းသူဇာ ကိုယ်တိုင်ကလည်း သံပျဉ်မင်းသားကိုသာ မေတ္တာသက်ဝင်မှန်း သူသိထားတယ်လေ၊ အဲဒါကြောင့် ဟိုအရင်ကအတိုင်းပဲ အဝေးကသာ ငေးနေမိတော့တယ်၊ နောက်ပြီး ....သူ့ပုံစံကလည်း မပြုပြင်မထိန်းသိမ်း ဖြစ်သလိုနေ ဖြစ်သလိုစားဆိုတော့ တစ်ချိန်က အဆောလတ်သူဌေးလေး နန်းနွယ်ဆိုတောင် ဘယ်သူမှ မရိပ်မိကြတော့ပါဘူး"

"သူ့ ရည်ရွယ်ချက် အောင်မြင်တယ်လို့ ပြောရမှာ ပေါ့ နော်"

"အတိအကျပေါ့၊ ကိုယ်၊ နှုတ်၊ စိတ် အမူအရာသုံးမျိုးရယ်

...စေတနာရယ် ....ယမင်းသူဇာအပေါ် ချစ်ခင်တဲ့ စိတ်ရယ်ကို ပေါင်းစပ်လိုက်တော့ သူဖြစ်စေချင်တဲ့ ရည်ရွယ်ချက်က အဲဒီအချိန်မှာ တင် မပျက်ဘူး ၊ ခေတ်အဆက်ဆက်တိုင်အောင် အစွန့်ရှည် တည်တံ့နေတော့တာပေါ့"

ထို အ ချိ န် မှာ ပဲ ရွာလမ်းမထက်ဆီမှ သံကုန်ဟစ်အော်သံတစ်ခုကိုကြားလိုက်ရသည် ။

"နွားကြီးပို့....နွားကြီး .... ကျွန်တော့်ကို လိုက်ဝှေ့နေတယ်ဗျို့....လုပ်ပါဦး"

"စိုးကျော် ..."

လွှတ်ခနဲ အသံထွက်သွားသည် ကား မန်နေဂျာသက်ဦး၊ သူတို့ အားလုံးလည်း ခေါင်းထောင်သွားသည် ။

"ဟာ ....ခြသေ့်ကြီး ခုန်အုပ်တော့မယ်၊ ကျွန်တော့်ကို ခုန်အုပ်တော့မယ်၊ ပြေးလာနေပြီ ....ပြေးလာနေပြီ၊ အာ ...မလုပ်ပါနဲ့ ကြောက်ပါတယ်၊သိမ်းငှက်ကြီးရယ်၊ ကျွန်တော့်ကို မလုပ်ပါနဲ့ ဗျာ ...."

သွေးရူးသွေးတန်း အော်ဟစ်ရင်း အိမ်ရှေ့မှ ဖြတ်ပြေးသွားသောစိုးကျော်ကို မြင်လိုက်ရတော့

"အင်း ....ဒီကလေးတော့ အိပ်ခန်းဆောင်ထဲမှာ အမှားတစ်ခုခု လုပ်ခဲ့မိပြီ ထင်တယ်ကွယ်"

အဘိုးကျေးသာညို စကားအဆုံး မန်နေဂျာ သက်ဦးမှာ တစ်ဦးတည်း အော်ဟစ်ပြေးလွှားသွားသော စိုးကျော်နောက်သို့ ပြေးလိုက်သွားပါသည် ။

"နွားကြီး ...အနီရောင်နွားကြီး၊ ကျွန်တော့်ကို သတ်တော့မယ်၊

ကယ်ကြပါဦးဗျာ ....ကယ်ပါဦး၊ ကျွန်တော် နောက်မလုပ်တော့ပါဘူး၊ နောက်မလုပ်တော့ပါဘူးဗျာ"

"အား ...."

မျက်မြင်ဒိဋ္ဌ ကြုံလိုက်ရသော အချေအနေကိုကြည့်ပြီး စစ်ညီနှင့်စိမ့်မှာ မနေနိုင်တော့ ...

"နောက် ...နောက် ဘာတွေဆက်ဖြစ်လဲဟင် ...၊ ဝေဠုဝတီ စံနန်းဆောင်ကြီး ဘာဆက်ဖြစ်သွားလဲ၊ ဘုရားကြီးရော ပြီးသွားပြီလား၊ နန်းနွယ်နဲ့ ယမင်းသူဇာရော"

အလျှင်စလို ထွက်သွားသော အမေးစကားများ မဆုံးခင် ....

"ဘုရားကြီးက ပြီးသွားတယ်၊ ဒါပေမဲ့ ထီးတင်ခွင့် ကြုံမသွားဘူး"

"ဟင် ....ဘာဖြစ်လို့ လဲ"

"အဲဒီကာလမှာ ပဲ နန်းတွင်းထဲမှာ အရေးအခင်းကြီး ဖြစ်ခဲ့တယ်၊

ကျွန်ယုံတွေ သစ္စာဖောက်မှုကြောင့် ဥဿာဘမိဖုရားနဲ့ သံပျဉ်မင်းသားတို့ ရဲ့ အကြံအစည်ကို အိမ်ရှေ့စံတို့ ဘက်က ရိပ်မိပြီး လက်ဦးမှု ရယူလုပ်ကြံနိုင်ခဲ့တယ်၊ နန္ဒသူမင်းသားလေး အဆိပ်ခတ် အသတ်ခံလိုက်ရတယ်"

"ဟယ် ....ဘုရားဘုရား"

ဥဿာဘမိဖုရားလည်း သစ္စာရှိ အမှုထမ်းအချို့နဲ့ လွတ်မြောက်အောင် တိမ်းရှောင်ပေမဲ့ မအောင်မြင်ခဲ့ပါဘူး၊ မိုးမိတ်အရပ်မှာ ပဲ တိမ်းရှောင်ထွက်ပြေးသူအားလုံး လက်စတုံးခံလိုက်ရတယ်၊ သံပျဉ်မင်းသားလည်း သူ့နောက်ပါ တပ်ရင်းအချို့နဲ့ ခုခံဖို့

ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ တစ်ဖက်ကလက်ဦးမှု ရယူပြီး အသာစီးရသွားတော့ ထွက်ပြေးခွင့်တောင် မသာခဲ့ဘူး၊ အိမ်ရှေ့စံ ကိုယ်တော်ရှေ့မှာတင် လက်ရဖမ်းဆီးမိခဲ့တယ်၊ နောက်ဆုံးတော့ ကွပ်မျက်ခံလိုက်ရတာပါပဲ"

စစ်ညီ စုတ်သတ်လိုက်မိရဲ့ ၊ အာဏာမက်မောသူတို့ ရဲ့ ဇာတ်သိမ်းကမလှနိုင်ကြပါလား။ ။

"သံပျဉ်မင်းသား ကွပ်မျက်ခံလိုက်ရပေမဲ့ပြဿနာက ငြိမ်မသွားခဲ့ဘူး၊ ပဒေသရာဇ်တွေရဲ့ ထုံးစံက ကျူပင်ခုတ် ကျူငုတ်မကျန်လေ၊ အဲလိုဆိုတော့ တော်လှန်ပုန်ကန်လိုသူ သွေးသောက်စာရင်းကို လိုက်ကြတယ်၊ အဲဒီစာရင်းဟာလည်း ယမင်းသူဇာဆီမှာ ရှိမှန်း သိသွားကြတယ်၊ ဒီနေရာမှာ မိန်းမတွေရဲ့ အချစ်သွေးက သိပ်ရဲတယ်ကွယ်၊ ဘယ်လိုစစ်မေးမေး သွေးသောက်စာရင်း ဖွက်ထားရာအရပ်ကို ယမင်းသူဇာ ထုတ်မပြောခဲ့ဘူး"

"ဘုရားရေ ..."

"အဲတော့ .... အဲတော့ ....ဘာဆက်ဖြစ်လဲဟင်"

အလောတကြီးမေးလိုက်သော စစ်ညီအမေးကို အဘိုးကျေးသာညိုက အေးဆေးသော အမူအရာနဲ့ နှုတ်ခမ်းကို ပြုံးယောင်ပြုရင်း ...

"အဲဒါရဲ့ အဖြေက နောက်ဆုံးကျန်တဲ့ ကျောက်စာချပ်မှာ အားလုံး ရှိနေတယ်..... ..."

စစ်ညီ "ဝုန်း"ခနဲ ထရပ်လိုက်တော့၏။ အဘိုးကျေးသာညိုအပေးကို

မစောင့်နိုင်တော့ ဘုရားစင်ရှိရာသို့ အလျင်အမြန်သွားရင်း ဖယောင်းချက်တွေ ပေပွနေသော ကျောက်စာကို လှမ်းယူလိုက်ပါသည်။

ပြီး ကျောဘက်ခြမ်းရှိရာကို လှန်ကြည့်လိုက်တော့ ....

စာဆုံးဆုံးချင်း စစ်ညီတစ်ကိုယ်လုံး တောင့်မတ်ကာသွား၏။ ချက်ချင်းပင် ကျောက်စာချပ်အား စိမ့်လက်တွင်းသို့ ထိုးပေးရင်း တဲအိမ်ပေါ်မှ ပြေးဆင်းမည်ပြုတော့ ....

"ကို ....ဘယ်လဲ ...."

စစ်ညီ အဖြေပေးလိုက်တာက ...

"စံနန်းဆောင်ကြီးဆီ ...."

*****

IX

"ဒုန်း ....ဒုန်း ...ဆရာကြီး ....ဆရာကြီး အရိယ"

မောင်ရွှေ အခန်းတံခါးကို တဒုန်းဒုန်းထုရင်း အော်ခေါ်လိုက်မိတယ်၊ ဒါပေမဲ့ အထဲကနေ တုံ့ပြန်သံကို မကြားရပါဘူး။

"ဆရာကြီး ကျွန်တော် မောင်ရွှေပါ၊ တံခါးဖွင့်ပါဦး"

"ဒုန်း ....ဒုန်း"

ဆူညံသံများကြောင့် တစ်ဖက်ခန်းမှာ ရှိနေတဲ့ နန်းနွယ်လည်း နိုးလာရပါတယ်။

"မောင်ရွှေ ဘာဖြစ်လို့ လဲ"

"ခုချိန်ထိ အခန်းထဲက ဆရာကြီး ထွက်မလာသေးလို့ "

"အိပ်များ ပျော်နေတာလား"

"အဲဒါတော့ မဖြစ်နိုင်ဘူး၊ ဒီလောက် နေမြင့်အောင်ထိ ဆရာကြီးတစ်ခါမှ မအိပ်ဖူးဖူး၊ ကျွန်တော့်စိတ်ထင် ညဘက် အလုပ်လုပ်တာတွေများ ပြီးအထဲမှာ တစ်ခုခုဖြစ်နေပြီ ထင်တယ်"

နန်းနွယ် စိုးရိမ်ကာ သွားရတယ်၊ တစ်ချိန်က ဆရာကြီးပြောဖူးသောစကားများကလည်း နားတွင်းမှာ ပဲ့တင်ထပ်ကာလာရတယ်၊

"အိပ်ရေးမဝတဲ့ ရက်တွေ အခုနောက်ပိုင်း တော်တော်များ နေပြီတဲ့ "

ဒီပုံအတိုင်းဆို မဖြစ်ချေတော့ နန်းနွယ် တူးရှင်းတစ်ခုကို အလျှင်အမြန်ယူကာ တံခါးကို ကလန့်ကာဖွင့်လိုက်တယ်၊ အထဲရောက်တော့ ပွင့်နေသော ပြတင်းတံခါးတစ်ချပ်ကလွဲပြီး သူတို့ ထင်သလို မဟုတ်ခဲ့၊ ဆရာကြီးအရိယလည်း အခန်းထဲမှာ ရှိမနေခဲ့။

"ဆရာကြီး ....ဆရာကြီး"

မောင်ရွှေးကတော့ တကြော်ကြော်ဟစ်ခေါ်ရင်း တွေ့လိုတွေ့ငြားရှာဖွေတယ်၊ သို့ သော် ရှိမနေတော့၊ ပြတင်းတံခါးပေါက်ကနေ ဆရာကြီးအရိယ တစ်နေရာ ထွက်သွားခဲ့ပါပြီ။ ဒါပေမဲ့ ဆရာကြီးမှာ သူ့အစားစိတ်ဝင်စားဖွယ်တွေကို အခန်းထဲမှာ ချန်ထားရစ်ခဲ့တယ်။

"ဒါ ဘာတွေလဲ"

အလုပ်စားပွဲပေါ် စီတင်ထားသော ကျောက်စာချပ်များကို နန်းနွယ်ယူကြည့်လိုက်မိတော့ ....၊

"ဒါ ဆရာကြီး ရေးထွင်းစသွားတဲ့ ကျောက်စာတွေလား ...."

"ဟုတ်တယ်၊ ဒါ ဆရာကြီးရဲ့ ကျောက်စာရေးထွင်းဟန်ပဲ"

မောင်ရွှေးက အတည်ပြုလာတယ်။

"ညတိုင်း ကျောက်ဆစ်သံကြားနေရတာ ဒါတွေလုပ်နေတာလား"

"ဟုတ်လိမ့်မယ်၊ ကျွန်တော်တို့ က အသံပဲ ကြားရတာလေ၊ ဆရာကြီးက သူ့အခန်းထဲဝင်တာ ကြိုက်တာ မဟုတ်ဘူး ၊ သူ ဘာလုပ်လဲ စပ်စုတာလည်း မကြိုက်ဘူး ...."

နန်းနွယ် နိုးစပ်ရာ ကျောက်စာတစ်ချပ်ကို ဖတ်ကြည့်လိုက်တယ်၊

ထိုအခါမှာ ပဲ သူ့ နှလုံးသွေးတို့ ဆူပွက်ယိမ်းထိုးသွားလေရဲ့ ....

"ဒါ ...ဒါတွေက ...."

ကျောက်စာချပ်ထဲမှာ သူ့ရဲ့ ဖြတ်သန်းမှုတွေ တစ်စွန်းတစ်စ ရှိနေတယ်၊ ပြီးတော့ အကြင်သူသည် ဆိုတဲ့ နာမ်စားကား ...

"ဒါ နောက်ဆုံးထွင်းသွားတဲ့ ကျောက်စာပဲ"

ကျောက်မှုန်စများကို လက်ဖြင့်သပ်ရင်း မောင်ရွှေးက ဆိုလာတယ်၊ နန်းနွယ် ကပျာကယာ ယူဖတ်ကြည့်လိုက်တော့ ....

"ဘုရားရေ ...."

အိုးထိန်းစက်ပေါ် ရပ်လိုက်မိသကဲ့သို့ သူ့ အမြင်အာရုံတွေ ချာချာလည်သွားခဲ့ပါပြီ၊ ဒါဟာ နိမိတ်တစ်ခုလား၊ ကျောက်စာကိုဖတ်ပြီး မောင်ရွှေးကိုယ်တိုင်လည်း မျက်လုံးပြူးကာသွားတယ်။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"ကယ်ရမှာ ပေါ့ ...၊ ယမင်းသူဇာကို ကယ်ရမယ်၊ ယမင်းသူဇာကို အမြန်ဆုံး သွားကယ်ရမယ်၊ မောင်ရွှေး မင်း ဆရာကြီး နောက်ကိုလိုက် ....

ဆရာကြီးကိုရှာ၊ ယမင်းသူဇာဆီ ငါသွားမယ်"

နန်းနွယ် အားကုန်သုံးကာ အိမ်တွင်းမှ ပြေးထွက်ခဲ့လိုက်တော့တယ်။

ယမင်းရုပ်လေးကို ကာကွယ်ပေးလိုမှု တစ်ခုကလွဲပြီး သူ့ အသိနဲ့ အာရုံမှာ ဘာမှ ရှိမနေတော့ ....

X

နန်းနွယ် ပြေးနေတယ် ....ယမင်းရုပ်လေးရှိရာအရပ်ဆီ၊ ယမင်းရုပ်လေးကို ကာကွယ်ပေးလိုမှု စိတ်ဇောအဟုန်တွေနဲ့ ကိုယ့်ရဲ့ ဝင်သက်ထွက်သက်ကိုပင် သတိမရတော့အောင် အားကုန်သုံးပြီး ပြေးနေတယ်။

"သူဇာ ကျွန်တော် လာနေပြီနော် ...မကြောက်နဲ့ ၊ သူဇာဘာမှ မဖြစ်စေရဘူး၊ ကျွန်တော်လာနေပြီ ...."

စိ တ် မှာ ပြောနေတာလား၊ နှုတ်ကပဲ ရေရွတ်နေတာလား မသဲကွဲတော့ ....

ထိုထိုသော ကာလမှာ ပင် ဝေဠုဝတီ စံနန်းဆောင်သစ်ကြီးရဲ့ လေသာဆောင် အရပ်ဆီမှာ တော့.....

"ဝုန်းခနဲ ဆောင့်တွန်းလိုက်သော အရှိန်ကြောင့် လေသာဆောင်ကြမ်းခင်းပေါ် သူမ ခွေလဲကျသွားတယ်၊ လက်ပြင်တစ်လျှောက်ဆီမှ စူးအောင့်သွားမှုကို အံကြိတ်ခံရင်း အသက်ကိုသာ သူမ ပြင်းပြင်းရှူထားမိပါတယ်၊

ခန္ဓာကိုယ် နေရာအနှံ့မှာ လည်း ရိုက်နှက်နှိပ်စက်ထားမှုကြောင့် သွေးခြင်းခြင်းနီနေပြီး လက်နှစ်ဖက်မှာ လည်း နောက်ပြန်ကြိုး တုပ်ထားသဖြင့် လုံးလုံးလှုပ်ရှားမရ။

ထိုစဉ်မှာပဲ အာဏာပါးကွက်သားထက် ရုပ ညှံ့ သော မျက်နှာနဲ့ ရဲမက်တစ်ဦး တံခါးဝမှ ထွက် လာပြီး ....။

"ကဲ ...ဘယ်လိုလဲ ပြည့်တန်ဆာ၊ နင့်လင်တော်မောင် သံပျဉ်မင်းသားထားခဲ့တဲ့ ပေစာရွက်လိပ် ဘယ်မှာ ဖွက်ထားလဲ"

"ကျွန်မ မသိဘူး"

ချက်ချင်းပဲ တင်းမာခက်ထန်နေသော မျက်နှာမှာ ကောက်ကျစ်မှုတို့ အစားထိုး ဝင်ရောက်သွားပြီး ...။

"ဩော် နင်က ခုချိန်ထိ လင်တော်မောင်ကို ကာကွယ်ပေးနေတုန်းပေါ့ ....ဟုတ်လား ...."

ရဲမက်က လက်တစ်ဖက်နဲ့ သူမဆံပင်တွေကို ဆွဲယူပြီး မျက်နှာကိုမော့စေတယ်။ ပြီးတော့ နောက်လက်တစ်ဖက်နဲ့ အားကုန်သုံးကာ ပါးကိုရိုက်ချလိုက်တယ်။

"ဖြောင်း ...."ခနဲ အသံနဲ့ အတူ ယမင်းသူဇာရဲ့ ခန္ဓာကိုယ်မှာ ကြမ်းခင်းပေါ် နှစ်ပတ်သုံးပတ် လိမ့်ထွက်ကာသွားတယ်၊ နှုတ်ခမ်းမှ သွေးတွေကမေးစေ့ပေါ် ထိန်းမနိုင်စွာ လျှံကျကုန်တယ်၊ ရပါတယ် ....

ဒီလောက်က စာမဖွဲ့လောက်ပါဘူး။

မောင်တော့်အပေါ် ပေးထားတဲ့ ကတိက နာကျင်မှုတွေအားလုံးထက်ပိုပြီး တန်ဖိုးရှိနေတယ်လေ၊ နှုတ်ခမ်းကိုဖိကိုက်ရင်း တစ်ချိန်က ပေးခဲ့တဲ့ ကတိတို့ ကို မေ့မသွားအောင် စိတ်မှာ အကြိမ်ကြိမ် ဆောက်တည်လိုက်တယ်။

"မောင်တော်အတွက် အရေးကြီးတယ်ဆို ဒီပေရွက်လိပ်လို နှမတော်အသက်နဲ့ လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်"

ပြီးတော့ "ဟက်ခနဲ တစ်ချက်ရယ်မိသွားတယ်၊ ခံစားနေရတဲ့ ဝေဒနာတွေ ယူပစ်သလို ပျောက်သွားသည့် အလားပါပဲ။

ရဲမက်က တံတွေးကို ကျစ်ခနဲထွေးရင်း အနီးကပ် ရောက်လာပြန်ကာ

"ဖြေစမ်း ပြည့်တန်ဆာ၊ ပေစာရှက်လိပ် ဘယ်မှာ လဲ၊ နင့်လင်တော်မောင် သစ္စာဖောက် သံပျဉ်လည်း ငါတို့ ကွပ်မျက်လို့ ကံတော်ကုန်ရှာပြီ ....။

ဒါကို နင်က ဘယ်သူ့ အားကိုးနဲ့ အသည်းမာနေရတာတုန်း.....ဟင် ..."

"ကျွန်မ သိပါတယ်၊ အဲဒီအတွက်ကြောင့်ပဲ မောင်တော့်အပေါ်ပေးထားတဲ့ ကတိကို ကျွန်မ စောင့်သိနေတာ"

"ဖြောင်း....."

နောက်တစ်ကြိမ် လိမ့်ထွက်သွားပြန်တယ်၊ ရဲမက်က မလှမ်းမကမ်းမှာ ရပ်ကြည့်နေသော သူ့ ရောင်းရင်းများ ဘက်လှည့်ကာ ဂုဏ်ယူသလို အော်ပြောရဲ့ ....။

"ရောင်းရင်းတို့ ရေ၊ ဒီမိန်းမကတော့ အသားနာလို့ မဝသေးဘူးထင်ရဲ့ ဗျာ"

"ဟုတ်ပ ကိုရင်ရယ်၊ ကျုပ်ဖြင့် ကိုယ်တော်လေး အမိန့်နဲ့ သာ လာရကာယ်၊ သူကအဆင်း သူ့အလှကို ကြည့်ပြီး ရိုက်နှက်ဖို့ မပြောနဲ့ လက်ဖျားနဲ့ တောင် မတို့ ရက်ပါဘူးဗျာ၊ သွေးအလိမ်းလိမ်းကြားမှာ တောင် ကြည့်ပါဦး ...

အလှလေးက မပျက်ဘူးဗျို့...အပာက်ဟက် ...."

"ထိန်းပါကိုရင်ရယ်၊ ဒီစကားတွေက အများကြားရင်ဖြင့် မသင့်တော်ပါဘူး၊ ကဲ ....ကိုရင်ဩ ....ကိုယ်တော်လေး အမိန့်အတိုင်း လုပ်စရာရှိတာသာ ဆက်လုပ်ပါတော့၊ ကျုပ်တို့ မှာ က တခြားတာဝန်များ လည်း ရှိသေးရဲ့ လေဗျာ"

ဒုတိယလူ စကားဆုံးတော့ ကိုရင်ဩဆိုသည့် နှ ပ် စ က် လ က် စ ရဲ မ က် မှာ ယမင်းသူဇာအား ဆံပင်ဆွဲ၍ ဒူးထောက်ထိုင်စေရင်း ....

"ဒီ မှာ ပြည့်တန်ဆာ၊ ကျုပ်တို့ အခုလာတာ အာဏာဖီဆန်သူ သေဒဏ်ပြန်စေဆိုတဲ့ အိမ်ရှေ့စံကိုယ်တော်လေးရဲ့ အမိန့်နဲ့ နော် .... မင်းကိုကျုပ်တို့ အချိန်မရွေး ကွပ်မျက်ပစ်နိုင်တယ်"။

ရဲမက်စကားကြောင့် သူမ မဲ့ပြုံးတစ်ခု ပြုံးမိသွားရဲ့ ...၊

"မင်းကို ကျုပ် နောက်ဆုံးအကြိမ်မေးမယ် ...၊ သံပျဉ်ကိုယ်တော်ပေးခဲ့တဲ့ သွေးသောက်စာရင်းကို ကျုပ်တို့ လက် အပ်မလား မအပ်ဘူးလား"

နှုတ်ခမ်းကိုက်ထားလျက်မှ ပင် ဦးခေါင်းက အလိုလို မော့သွားတယ်၊

ပြီးတော့ ....။

"ရှင်တို့ လုပ်စရာရှိတာသာ လုပ်ပါလေ၊ ကျွန်မကတော့ မောင်တော်အပေါ် ပေးထားတဲ့ ကတိစကားကို ဒီဘဝတင် မဟုတ်ဘူး ၊ နောက်ဘဝအထိဆက်လက်ထမ်းရွက်ဖို့ အသင့်ပဲ"

ရဲမက်ရဲ့ အံသွားကြိတ်သံကို ကြားလိုက်ရတယ်၊ အသက်ရှူသံလည်း ပြင်းထန်လာသလို ရင်ဘတ်ကြီးလည်း နိမ့်မောက်သွားပါတယ်။

"ကောင်းပြီလေ၊ ဒီလောက်တောင် ဖြစ်လှတာ မင်းလိုမိန်းမ သေဖို့ပဲကောင်းတယ်"

ရဲမက်က သူ့မဆံပင်ကိုဆွဲရင်း လေသာဆောင်အစွန်းသို့ တရှတ်တိုက် ဆွဲခေါ်သွားပါတယ် ...၊ ဦးရေပြားတစ်ခုလုံး ကျွတ်ထွက်သွားသလားတောင် ထင်လိုက်ရတယ်၊ အမျိုးသမီးတစ်ယောက် နှိပ်စက်ခံနေရမှုကို အရသာခံကြည့်နေတဲ့ သူရောင်းရင်းဟွေလည်း နောက်မှ လိုက်ပါလာတယ်။

အမိုးစွန်းရောက်စဉ်မှာ ဆွဲထားတဲ့ ဆံပင်ကို လွှတ်ချရင်း ...

"ကဲ ...ကိုရင်တို့ ၊ ကျုပ် သူ့ကို ဘယ်လိုသတ်ရမလဲဗျ၊ ဒီကနေပဲတွန်းချလိုက်ရမလား၊ ဒါမှ မဟုတ် ကျုပ်နဲ့ ပဲ စီရင်လိုက်ရမလား"

"ကျွမ်းကျင်ရာနဲ့ သာ လုပ်ပါလေ၊ ကိစ္စတုံးဖို့ သာ အဓိကပဲလေဗျာ"

ကိုရင်ဩဆိုသူက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ဆောင်ကိုဆွဲထုတ်လိုက်ပါတယ်။

"အင်း ....ဒီပနီတိုင်းက ယောကျ်ားသားတွေတော့ ကျုပ်ကို မလိုမုန်းထားတော့မှာ ပဲဗျာ၊ ဘယ့်နှယ် အတွေ့ အာရုံ ထူးလှချည်ရဲ့ ဆိုတဲ့ ရှားရှားပါးပါးမိန်းမကိုမှ ကျုပ်က သတ်ပစ်လိုက်တာကိုး၊ ဟား ....ဟား ....

ဒါပေမဲ့လည်း ကျုပ်နာမည်က ပြောစမှတ်တွင် ကျန်ခဲ့မှာ ဆိုတော့ ....အင်း .... အမုန်းခံရကျိုးလည်း နပ်ပါရဲ့ ဗျာ၊ ကဲကဲ ....အချိန်လင့်ချေမယ်၊ လုပ်စရာရှိတာသာ လုပ်ကြဦးစို့ ...."

ရဲမက်က ဆောင်စားကို နေမှာ ထောင်ကြည့်တယ်၊

အသွားက နေရောင်အောက်မှာ တဖျတ်ဖျတ် လင်းနေပါတယ်၊ ကြည့်နေရင်းနဲ့ နဂါးတစ်ကောင် ကွန့်မြူးလာသလိုပါပဲ၊ ပြီးတော့ ယမင်းသူဇာအနီးကို လျှောက်ရင်း ဒူးထောက်ထိုင်ချလိုက်တယ်။

ထို့နောက်မှာတော့ သူမရဲ့ ဘယ်ဘက်ပခုံးကိုကိုင်လို့ ဆောင်ဓားကိုရင်ဝမှာ တေ့လာပါတယ်၊ အေးစက်မှုနဲ့ အတူ ချွန်ထက်သော အသွားဖျားက အပေါ်အကျီကိုဖောက်လို့ အသားကိုစူးနစ်လာတယ်။

သူမ ပြုံးလိုက်မိသလား။

"ကဲ ...ပြည့်တန်ဆာရေ၊ ဘုရားတရားကို အာရုံပြု၊ နောင်ဘဝမှာ လဲဒီလိုဘဝမျိုး ထပ်ရပါစေဆုတောင်း ....ဟား ....ဟား ...."

အံကိုဖိကြိတ်ရင်း ကိုရင်ညြမျက်လုံးတို့ တစ်စုံတစ်ရာ ပူးကပ်ခံလိုက်ရသလို ပြူးလာတယ်၊ ပြီးတော့ ....။

"စိတ်ချလက်ချသာ သွားပေတော့ ပြည့်တန်ဆာရေ၊ နင့်ဘုရားကြီးကို ငါတို့ ထီးဆက်တင်ပေးမယ် ....ဟလား"

ထိုးသွင်းလိုက်သော အားတစ်ခုကြောင့် ဓားသွားက အသားကို ဖောက်ကာ ဝင်သွားတယ်။

သူမခန္ဓာကိုယ်လည်း ဆတ်ခနဲ တစ်ချက်တုန်သွားတယ်။

"အတွေ့ အာရုံ ကောင်းလွန်းသူလေးရေ၊ သွားပေတော့ဟေ့ ....သွားပေတော့ ...."

သွေးတွေ ပွက်ခနဲ အန်ကျလာတယ်၊ တစ်ဆက်တည်းဆိုသလိုမျက်လုံးတွေ ပြာဝေကုန်တယ်၊ အရောင်တွေ

ရှိနေပေမဲ့မသဲကွဲတော့ဘူး။

သေတာဆန်းသလား ....

ကိုယ့်ကိုယ်ကိုယ် မေးကြည့်တော့ တန်ဖိုးနည်း ပုစ္ဆာတစ်ပုဒ်လို အဖြေကိုကြည့်ပြီး ပြုံးမိလိုက်သေးတယ်။

မောင်တော်တောင် ကံတော်ကုန်ရှာပြီပဲ၊ မောင်တော်ရှိရာအရပ် လိုက်ခွင့်ရတာကိုက ကံထူးသူတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ သူတို့ ကိုသိစေချင်လိုက်တာ ...

ထို စ ဉ် မှာ ပဲ အာခေါင်ခြစ် ခေါ်သံတစ်ခုက ခြံဝဆီမှ ထွက်ပေါ်လာတယ်။

"သူဇာ....."

* * *

အခါတစ်ပါးဝယ်...

ဝေဠုဝတီခေါ် တွင် မင်းသမီးဖေဟ်သည်

နန်းပလ္လင်မြော်ကိုး သားကောင်းအမျိုးသို့

မေတ္တာသက်ဝင် အချစ်ကြီး ချစ်ခင်လိမ့်မည်။

သားကောင်းအမျိုးသည် ဖွဲ့ဝက်အခါသော

အမှုတစ်ခုကို ပြုလုပ်လိမ့်မည်။

ထိုအမှုကို မင်းသမီးသည် မိမိအသက်ထက်မျှ

တန်ဖိုးထား၍ ကာကွယ်လိမ့်မည်။

ထိုအမှုကြောင့်ပင် လက်ဦးသူတို့၏

ကွပ်မျက်ခြင်းကို မင်းသမီး ခံရလိမ့်မည်။

မင်းသမီးသည် ထိုဝေဒနာကြောက်ရွံ့ခြင်း

အလျှင်းမရှိ...။

ကပ်ကမ္ဘာများစွာတိုင်အောင် ထိုအမှုကို

ဖွဲ့ဝက်အပ်စွာ စောင့်ထိမ်းသွားလိမ့်မည်။

ဝေဝါးနေလျက်မှ အသံကြားရာအရပ်ကို လမ်းကြည့်မိလိုက်တယ်၊

ဝန်းခြံဝမှာ လူတစ်ယောက် .... ဒူးထောက်ကာ ထိုင်နေတယ် ....။

တလှိုက်လှိုက်မောနေပုံက ယူဇနာရာချီ ခဲ့ရသလိုမျိုး ....။

မုတ်ဆိတ်မွေး၊ ပါးပြင်မွေးများ နဲ့ ဆံပင်မှာ ဖွာလန်ကြဲလို့ ....

သူ ....ဘယ်သူလဲ....။

ဘာကြောင့် သေအုံ့ဆဲဆဲ သူ့မနာမည်ကို ခေါ်လိုက်တာလဲ၊

ပျို့တက်လာသော သွေးများကို အန်ထုတ်ရင်း အာရုံစိုက်ကြည့်မိတော့ ....

"သူဇာ ...."

ဒီတစ်ကြိမ် ခေါ်သံမှာ တော့ သူ့မနာစည်သို့ စီးဝင်ရောက်သွားခဲ့ပြီး ....

ခေါ်သံမှာ မေတ္တာတွေပြည့်နေတယ်။

မချိတင်ကဲဖြစ်မှု၊ ဝမ်းနည်းမှုတွေ ရာနှုန်းပြည့် ပါဝင်နေတယ်။

ပြီးတော့ ကရုဏာနဲ့ ချစ်ခြင်းတရားတွေ ပေးစု နေတယ်။

ကာကွယ်ပေးလိုမှုတွေကတော့ အင်ပြည့်ပြည့်ပေါ့ ....

ယမင်းရုပ်လေးခန္ဓာကိုယ်မှ လိပ်ပြာလေးတစ်ကောင် ထွက်ခွာသွားသလိုလို မြင်လိုက်ရတယ်။

နား တွ င်း မှာ တစ်ချိန်က ဆိုင်းလက်သံလေးများ လို ကြားယောင်လာတယ်၊ ပြီးတော့ ရင်းနှီးခဲ့ဖူးသော သီချင်းတစ်ပုဒ်လို နှလုံးတွင်းမှာ အလိုလိုဆိုလိုက်မိတယ်။

"ခွဲရတော့မယ်... ...ချစ်သူရယ် ....တဲ့ ။

ဟော ...သူရှိရာအရပ်သို့ စံအိမ်တော်တွင်းမှ ရဲမက်များ ပြေးလာနေကြပြီ။

ယမင်းရုပ်လေးရှိရာကို နောက်ဆုံးအကြိမ် လှမ်းကြည့်မိတော့ရင်တွင်းမှ စကားတစ်ခွန်းက အလိုလို ထွက်ကျလာတယ်။

"အချစ်ဆိုတာ ကာကွယ်ပေးလိုမှု တစ်ခုဖြစ်ကြောင်း နောင်းလူတို့ သိပါစေလေ ...."

ဘာကြောင့်မှန်းမသိ သူ့ဦးခေါင်းတို့ သည် လည်း အလိုလို စိုက်ဆင်းသွားခဲ့ပြီ။

* * *

ထိုသို့ဖြင့် အကြင်သူသည်
အချစ်လွန်၍ သတ်စရာမလိုပဲ
သေဆုံးသွားခဲ့သည် ။

# XII

"ဒီနေရာပဲ ..."

စစ်ညီစကားကြောင့် နောက်တွင် ရပ်နေသော စိမ့်မှာ ခေါင်းညိတ် အတည်ပြုလိုက်မိသည် ။

"စိမ့် ခံစားရလား"

"ခံစားရတယ်၊ သူ ဒီနေရာမှာ ပဲ သေဆုံးသွားခဲ့တာ"

"ဟုတ်တယ်၊ အခု ကိုယ်တို့ ရပ်နေတဲ့ နေရာမှာ ပဲ ..."

သူတို့ နှစ်ဦးသား စံနန်းဆောင်ရှေ့ နေရာတစ်ခုမှာ ရပ်နေမိကြ၏။ ပတ်ဝန်းကျင်မှ အားတစ်ခုက နှစ်ဦးလုံး၏ စိတ်အစဉ်ပေါ်သို့ တိတိပပသက်ရောက်နေသည် ။ အထူးသဖြင့် ရပ်နေရာ မြေသားအတွင်းနက်နက်ထဲမှ အရှိန်ဝါတစ်ခုသည် သူတို့ ခန္ဓာကိုယ် သွေးစီးကြောင်းအတွင်းသို့ တိုက်ရိုက် သဘောမျိုး ကူးလူးဆက်ဆံနေသည် ။

"လေသာဆောင်ဆီ ကြည့်ကြည့်စမ်း စိမ့် ...၊ ဘာခံစားရလဲ"

စိမ့်က လေသာဆောင်ရှိရာ အရပ်ဆီသို့ တွေတွေ ငေးငေးလေးလှမ်းကြည့်သည် ။ ပြီးတော့ ...

"တစ်မျိုးပဲ ...၊ ဝမ်းနည်းတယ် .... ယူကျုံးမရဖြစ်တယ်၊ ပြီးတော့ ချစ်တယ်"

စ ကား အ ဆုံး မှာ စိမ့်၏ လက်ဖဝါးနုနုကို စစ်ညီ ကိုင်တွယ်ဖျစ်ညှစ်လိုက်မိသည် ။ စိမ့်က တအံ့တသြဖြင့်

"သူ့ အချစ်တွေက ခုချိန်ထိ ရှင်သန်နေတုန်းပဲနော်"

စစ်ညီ ပြုံးလိုက်မိပါတယ်၊ ပြီးတော့ စကားတစ်ခွန်းကို တိုးတိုးဆိုလိုက်သည် ။

"သစ်ကိုင်းကို အားနဲ့ ဖိနင်းခဲ့လို့ နေမှာ ပေါ့ကွယ်၊ သူ အကောင်းဆုံး ချစ်ပြသွားခဲ့တယ် ...."

* * *

XIII

နွေလေရူးက သူတို့ အဆောလတ်မြို့လေးကို ဟိုမှ သည် မှ တိုးဝှေ့ကျီစယ်ကာနေတယ်၊ မကျည်းပင်တန်းတို့ ဆီမှ ဖြတ်မောင်းသွားသော စပါးကျီလှည်းတို့ ၏ တရှိန်ရှိန်မြည်သံများကိုလည်း ကြားနေရတယ်။

လှ ည်း တ န်း နော က် မှာ တထောင်းထောင်းထကျန်ခဲ့သော

ဖုန်လုံးများကိုကြည့်ရင်း သတိုးနွယ်တစ်ယောက် တစ်စုံတစ်ယောက်ကို သတိရကာနေပါတယ်။

"သတိုးနွယ် ....မင်း သခင်လေးကို သတိရနေတာမလား"

သက်ပြင်းလေးကို သတိုးနွယ် မသိမသာချလိုက်ရင်း ....

"အေးကွာ ....ခုလိုရာသီဆို ငါ သခင်လေးကို သိပ်လွမ်းတာ၊ ဘာလို့များ သခင်လေး ငါတို့ ဆီ ပြန်မလာလဲ မသိဘူးနော်"

သာအောင် ပေါ့ပေါ့လေး ပြုံးမိသွားတယ်။

"လာ မှာ ပါကွာ ...မပူပါနဲ့ ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သခင်လေး ငါတို့ ဆီ သေချာပေါက် ပြန်လာမှာ ပါ၊ သူသိပ်ချစ်ရတဲ့ မမလေး ယမင်းသူဇာကို အဆုံးစွန်သော ကာကွယ်မှုတွေ ပေးပြီးသွားခဲ့ရင်ပေါ့ ...."

* * *

တကယ်တော့ ... ...

အချစ်ဆိုတာ ခန္ဓာကို ပူလောင်စေတဲ့

ရာဂမီးတွေနဲ့ လုံးလုံးမပတ်သက်ကြောင်း ....၊

ပြီးတော့...

ကာကွယ်ပေးလိုမှု တစ်ခုသာဖြစ်ကြောင်း...

နှောင်းလူတွေနဲ့ များ ဆုံတွေ့ခွင့်

ရခဲ့လျှင် ...

သိုးဆောင်း

မြန်မာစံတော်ချိန် နံနက် လေးနာရီ

သုံးဆယ့်နှစ်မိနစ် ရှိပါပြီခင်ဗျာ။

ကိုးကား

- ဘိုးလှိုင် (အနုစိတ်သိသမျှရုပ်လောက)

-တက္ကသိုလ်နန္ဒမိတ် (မိန်းမသုတေသန)၊

ဒေါက်တာမောင်မောင်နှင့် (အခြေပြုရူပဗေဒ - အတွဲ၃)

ဦးစံသာအောင်

ဦးသစ်လွင်စိုး (အရောင်သဘောတရား)

တွဲဖက်ပါမောက္ခ(ပန်းချီ)

*****